စိတ်ကူးချိုချိုအနုပညာ

# တောင်ပံမဲ့ငှက် လေထဲပျော်

## မောင်ထွန်းသူ

စာရေးသူ၏ ပင်ကိုရေး လူငယ်ဘဝနှင့်စရိုက်ပွဲ့ဝတ္ထုတိုပေါင်းချုပ်



စိတ်ကူးချိုချိုစာအုပ်

# တောင်ပံမဲ့ငှက်လေထဲပျော်

ပင်ကိုရေးလူငယ်ဘဝနှင့်
စရိုက်ဖွဲ့ဝတ္ထုတိုပေါင်းချုပ်

## မောင်ထွန်းသူ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အမ်အက်စ်အို
၂၀၀၅ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၄ ၀ ၀ ၀ ကျပ်

တောင်ပံမဲ့ငှက်လေထဲပျော်
မောင်ထွန်းသူ - ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ပထမအကြိမ်၊ ၂၀၀၅၊
စာမျက်နှာ ၃၇၇ မျက်နှာ၊ ၁၃ စင်တီ x ၂၀·၅ စင်တီ
(၁) တောင်ပံမဲ့ငှက်လေထဲပျော်

ပထမအကြိမ်

# မာတိကာ


- တောင်ပံမဲ့သည့် ငှက်ငယ်များအတွက်
  စာရေးသူအမှာ ... က
- တောင်ပံမဲ့လျက် လေထဲပျော်အတွက်
  စာရေးသူအမှာ ... ဆ

၁။ အမိမဲ့သား ... ၁
၂။ ဝက်ကုတ် ... ၂၃
၃။ သားကောင် ... ၄၄
၄။ တောင်ပံမဲ့လျက် လေထဲပျော် ... ၆၅
၅။ ရွာကျော် ... ၉၆
၆။ ရွာကျော်၏ ရွာကျော် ... ၁၂၃
၇။ စိုးမရ ... ၁၄၉
၈။ ရွှပိုးစိန် ... ၁၇၀
၉။ မာလာကျိုး ... ၁၉၈

**၁၀။ စီးရိုး စီးရိုး သုည** ၂၂၅
၁၁။ အိမ်ပြေး ၂၄၀
၁၂။ ဆင်ကြီး ၂၆၀
၁၃။ တစ်ဆယ့်သုံးနှင့် သုံးရာနှစ် ၂၇၁
၁၄။ လာရာလမ်း လွမ်းမိပါရဲ့ ၂၉၅
၁၅။ ကြမ္မာရဟတ် ၃၂၁

❑

# တောင်ပံမဲ့သည့် ငှက်ငယ်များအတွက်
# စာရေးသူ၏အမှာ

"မောင်ထွန်းသူ" ဟူသော ကလောင်အမည်ဖြင့် ပထမဆုံးပုံနှိပ်ထုတ်ဝေခဲ့သည့်စာအုပ်မှာ 'တောင်ပံမဲ့သည့်ငှက်ငယ်များ' ဖြစ်သည်။ ထိုစာအုပ်ကို ၁၉၈၀ ခုနှစ်တွင် စာပေဗိမာန်မှ ထုတ်ဝေခဲ့ခြင်းဖြစ်၍ ပင်ကိုရေးဝတ္ထုတို ခုနစ်ပုဒ်ပါဝင်ခဲ့သည်။ ထိုစာအုပ်သည် ကျွန်တော့်အား လူသိများ အောင်တွန်းအားပေးခဲ့သည့် စာအုပ်ဟုဆိုလျှင် မှားနိုင်အံ့ မထင်ပါ။

ထိုစဉ်က ကျွန်တော်သည် ပင်ကိုရေးဝတ္ထုတို၊ ဝတ္ထုရှည်နှင့် ဆောင်းပါးတွေ အများကြီးရေးမည်ဟု စိတ်ကူးရှိခဲ့သည်။ အထူးသဖြင့် ကိုယ့်ဘဝလမ်းခရီးတွင် ကိုယ်ကြုံခဲ့ရသည့် ဖြစ်ရပ်များနှင့် လူများကိုအခြေခံ၍ "ဝတ္ထုရှည်ကြီးများ" ရေးလိုက်မည်ဟုပင် စဉ်းစားခဲ့ဖူးသည်။ ထိုအချိန်က ကျွန်တော်နှစ်သက်ရာ နိုင်ငံခြားဝတ္ထုနှစ်ပုဒ်ကို ဘာသာပြန်ထားခဲ့ပြီး ဖြစ်သော်လည်း ကျွန်တော့်အတွက် ဖြစ်လာလိမ့်မည်ဟု မမျှော်လင့်ခဲ့ပါ။

ကံကောင်းလွန်း၍လား သို့မဟုတ် ကံဆိုးလွန်း၍လားမသိ။ကျွန်တော်

သည် လူမှုဒုက္ခသည်များအား ကူညီစောင့်ရှောက်ပေးရသည့်အရာရှိတစ်ယောက်ဘဝသို့ ရောက်ခဲ့ရ၏။ ထိုစဉ်က ကျွန်တော့်လုပ်ငန်းတည်ရာလောကသည် လူ့အဖွဲ့အစည်းတစ်ခု၏ အနိမ့်ကျဆုံးသော လောကများဖြစ်သည်။

ထိုစဉ်က ကျွန်တော့်ဘဝသည် အရာရှိတစ်ယောက်အနေဖြင့် အထင်အမြင်အကြီးခံရသည့်အနေအထား၌ မရှိပါ။ အာဏာရှိပါမှ သို့မဟုတ် အခွင့်အရေးပေးနိုင်မှ 'အရာရှိ' ဟုထင်သော ကျွန်တော်တို့ လူ့အဖွဲ့အစည်းတွင် ကျွန်တော်သည် မတွင်ကျယ်လှပါ။ လူရာလည်းမဝင်ပါ။ သို့တစေလည်း ကျွန်တော်ကတော့ ကိုယ့်ဘဝကိုယ် ပျော်ပါသည်။ ကျွန်တော်သင်ယူလာခဲ့ရသည့် လူမှုသိပ္ပံဘာသာရပ်များမှ သိခွင့်ရလာခဲ့သည်များကို အခြေခံ၍ (Social Case Work) ခေါ် နည်းပညာကိုသုံးကာ လူမှုဒုက္ခသည်တစ်ဦး၏ဘဝနှင့် ပတ်ဝန်းကျင်ကို ခွဲခြမ်းစိတ်ဖြာပြီး ကူညီစောင့်ရှောက်ပေးရသည့်အလုပ်တွင် အလွန်စိတ်ဝင်စားခဲ့ပါသည်။

အမှန်တော့လည်း လူမှုဒုက္ခသည်များ၏ဘဝကို တစေ့တစောင်းမျှလေ့လာသိရှိခွင့်ရခြင်းသည် စိတ်ဝင်စားစရာ၊ သနားစရာကောင်းသည်နှင့်အမျှ သင်ခန်းစာယူစရာ၊ တရားရစရာများကိုလည်း သိရှိနားလည်မှုရခဲ့သည်။ အထူးသဖြင့် အကြောင်းအမျိုးမျိုးကြောင့် လူမှုပြဿနာများနှင့်ရင်ဆိုင်နေကြရရှာသော လူမှုဒုက္ခသည် ကလေးသူငယ်များနှင့် လူငယ်များ၏ဘဝသည် ပို၍စိတ်ဝင်စားစရာကောင်းပြီး ပို၍ကိုယ်ချင်းစာစရာကောင်းသည်ဟု ထင်ပါသည်။

ထိုအထင်ကြောင့်လည်း ကျွန်တော်သည် ကလေးသူငယ်နှင့် လူငယ်တို့၏လောကတွင်းသို့ ရောက်သွားသည့်အခါ သူတို့ဘဝများကို အလေးအနက်ထား၍ လေ့လာခဲ့သည်။ လေ့လာ၍ ရခဲ့သမျှကိုလည်း တစ်နေ့နေ့တစ်ချိန်ချိန်တွင် ဘာသာရေးတွင် အားသန်သလောက် လူမှုရေးတွင် အားနည်းလွန်းလှသော ကျွန်တော်တို့ လူမျိုးများအာရုံဝင်စားလာအောင် တင်ပြမည်ဟု စိတ်ကူးရှိခဲ့သည်။

ထိုစိတ်ကူးကို ၁၉၄၇ ခုနှစ်တွင်စတင်၍ အကောင်အထည်ဖော်ခဲ့ သည်။ ကျွန်တော် တွေ့ခဲ့ရသည့် လူငယ် ၇ ဦးအကြောင်းကို ရေးသားခဲ့ ၏။



ကျွန်တော်ကံကောင်းသည်ဟု ဆိုရမည်ထင်၏။ ထိုစာမူသည် ၁၉၈၀ ခုနှစ်နိုဝင်ဘာလထဲတွင် "တောင်ပံမဲ့သည့်ငှက်ငယ်များ" အမည်ဖြင့် စာပေဗိမာန်မှ ထုတ်ဝေခဲ့သည်။

ထိုစဉ်က ကျွန်တော့် "အမှာစာ" တွင် "ကျွန်တော်လေ့လာသိရှိထားသည့် 'လူငယ်ခုနစ်ဦး၏အဖြစ်' ကို တင်ပြလိုက်ပါသည်။ တကယ့်ဖြစ်ရပ်များအပေါ် ဖြည့်စွက်ကာ ဖတ်ချင်စဖွယ်ဖြစ်အောင် အားထုတ်ထားပါသည်။ ဤနိုင်ငံ၏ကလေးနှင့် လူငယ်တို့၏အရေး၌ စိတ်ဝင်စားမှု တိုးတက်လာသည်ဆိုပါမူ ကျွန်တော်ရေးရကျိုးနပ်ပြီ' ဟု ရေးခဲ့ပါသည်။

ထိုစဉ်က စာပေဗိမာန်မှ အခမဲ့ထုတ်ဝေခဲ့သည့် "စာအုပ်သတင်းလက်ကမ်းစာစောင်တွင် 'တောင်ပံမဲ့သည့် ငှက်ငယ်များ' နှင့်ပတ်သက်၍–

**"တောင်ပံကို အားမပြုနိုင်သော ငှက်ငယ်များ၏ အပျံမလှနိုင်သောအဖြစ်ကို 'မောင်ထွန်းသူ' က လက်ရာမြောက်စွာ မှတ်တမ်းတင်ထားသည်။ အပေါင်၏ ဘဝခရီးကို အနီးကပ်လေ့လာခွင့်ရခဲ့သူဖြစ်ပါသည်။ စေတနာလည်း အပြည့်ပါသည်ဟု ဆိုနိုင်ပါသည်။**

**"လူ့အဖွဲ့အစည်းတစ်ရပ်၌ သက်ငယ်ဆိုးသွမ်းမှုမှာ မိဘတို့၏ အိမ်ထောင်ရေးလော...။ လောင်းကစားလော၊ အရက်သေစာလော၊ ပတ်ဝန်းကျင်လော၊ ဗီဇသဘာဝလော၊ ကမ္ဘာသကာပင်လော...။ လော ပေါင်းများစွာကို ကြမ်းတမ်းသော သူတို့ဘဝများမှ အဖြေထုတ်ယူနိုင် ကြမည်။**

**"လူတိုင်းတွင် မိဘစိတ် ရှိတတ်ကြသည်။ ဤဝတ္ထုများကိုဖတ်၍ တစ်စွန်းတစ်စ၊ တစ်ဆုပ်တစ်ခဲ၊ စေတနာမှန်နိုင်ကြလျှင် မေတ္တာငတ်သော ငှက်ငယ်များစွာတို့ တောင်ပံဝင့်၍ လေဟုန်စီးနိုင်ကြပေလိမ့်မည်" စသည်ဖြင့် သုံးသပ်ထားခဲ့သည်။**

၂၂–၆–၈၁ ရက်နေ့ထုတ် 'ကြေးမုံသတင်းစာ' ၏ 'စာကြေးမုံ' ခန်းတွင် ကြီးမောင် (ဆရာဌေးဥဒေါင်း) က –

**"သနားစဖွယ် ကလေးသူငယ် ၇ ဦး၏ ကြောင်းရပ်ခုနစ်ခုကို တင်ပြထားသော မှတ်တမ်းဝတ္ထုခုနစ်ပုဒ်ဖြစ်သည်။ တကယ့်ဖြစ်ရပ်များကို ဖတ်ချင့်စဖွယ် ပြုပြင်ရေးသားထားသောကြောင့်**

'မှတ်တမ်းဝတ္ထု' ဟု ဆိုရမည်။ အားလုံးကောင်းသည်။ တွယ်ရာမဲ့ လူငယ်တို့၏ ဘဝကို စာနာစိတ်ပေါ်လာစေနိုင်သော ဖြစ်ရပ်များ ဖြစ်သည်" ဟု ဝေဖန်ထားခဲ့လေသည်။

ထို့နောက် ၂၀-၂-၈၁ ရက်နေ့စွဲဖြင့် စာတိုက်မှ စာတစ်စောင်ရောက် လာသည်။ စာရေးဆရာ ဒါရိုက်တာဦးသုခထံမှာစာဖြစ်၏။ ဆရာဦးသုခ က သူ့စာတွင်-

"ကောင်ပံမဲ့သည့်ငှက်ကလေးများ" ကို မနေ့ကမှ အစအဆုံးဖတ်ပြီး ပါသည်။ ရေးသားတင်ပြပုံရော၊ အကြောင်းအရာရော အလွန်စိတ်ဝင်စား သနားကြင်နာ ဆင်ခြင်စရာတွေ ခံစားရပါသည်။

"အထူးသဖြင့် အဖြစ်တစ်ခုစီအပေါ် ထင်မြင်ချက်အမှာနိဒါန်းကလေး များက သူတို့တစ်တွေကို ကယ်တင်စောင့်ရှောက်နိုင်အောင် (ဆွေးနွေး) ထားတာမျိုး တွေ့ရပါသည်" စသည်ဖြင့် ရေးသားထားလေသည်။

ကျွန်တော့်အတွက် "အားတက်ဖွယ်ရာများ" ဖြစ်သည်။ ဤကြားထဲ မှပင် ထိုစာအုပ်ထဲမှ ဝတ္ထုတိုအချို့ကို ဘာသာပြန်ထားမိသည့် ရုရှားအမျိုး သားတစ်ဦးက ကျွန်တော့်ထံမှ ခွင့်ပြုချက်တောင်းခံရန် လာရောက်စုံစမ်း သွားသည်ဟူသော သတင်းထွက်လာသည်။ ကျွန်တော်နှင့် ထိုရုရှားတွေ့ ဆုံခွင့်မရလိုက်ပါ။

တကယ်တော့ ကျွန်တော်သည် "ပင်ကိုရေးဝတ္ထုတို ခုနစ်ပုဒ်" ဖြင့် စာပေနယ်တွင် ခြေချခဲ့သူဟု ဆိုနိုင်စရာရှိ၏။ ပင်ကိုရေးများဖြင့် 'စာပေ ဘဝခရီး' ကို ဆက်လျှောက်မည်ဟုလည်း တာစူထားသူဖြစ်သည်။ သို့ပါ လျက်နှင့်ပင် ကျွန်တော်၏ဘာသာပြန်ဝတ္ထု 'ရဲတိုက်' (The Citadel၊ A.J. Cronin)စာအုပ်က ပေါက်ပေါက်ရောက်ရောက် ဖြစ်သွားသည့်အခါ ပင်ကို ရေးများနှင့် ကျွန်တော်သည် အနေဝေးသလို ဖြစ်သွားခဲ့ရလေသည်။

စာပေဗိမာန်ထုတ် 'တောင်ပံမဲ့သည့် ငှက်ငယ်များ' ကို နှစ်သက်ခဲ့သူ များက ထိုစာမျိုးကို ထပ်မံရေးသားရန် တိုက်တွန်းခဲ့ကြသည်။ အထူး သဖြင့် အလေးအနက်ထား၍ စဉ်ဆက်မပြတ် တိုက်တွန်းခဲ့သူမှာ "ဖြစ်ရပ် မှန်မဂ္ဂဇင်း၊ တာဝန်ခံအယ်ဒီတာ ဆရာနီလေးမောင်" ဖြစ်သည်။ ဤသို့ ဖြင့် ကျွန်တော်သည် ၁၉၉၃ ခုနှစ်အတွင်းမှစ၍ ဝတ္ထုတိုကလေးများ စ



ရေးသည်။ တဖြည်းဖြည်းနှင့် ဝတ္ထုတို ၁၆ ပုဒ်ခန့် ရှိလာခဲ့၏။

ယခုဤစာအုပ်တွင် ထိုဝတ္ထုတိုများထဲမှ ၆ ပုဒ်ကိုယူ၍ ထည့်သွင်း ထားသည်။ ယင်းဝတ္ထုတိုများသည်လည်း ကလေးသူငယ်နှင့် လူငယ်များ ၏ဘဝကို ရေးဖွဲ့ထားသည့် ဝတ္ထုများပင်ဖြစ်သည်။ ယင်းဝတ္ထုများကို ဖတ် လိုက်သည့်အခါ ဖုံးကွယ်ထား၍မရနိုင်သော လူမှုပြဿနာများကို အထင် အရှားမြင်ရမည်ဖြစ်သည်။

ကမ္ဘာပေါ်တွင် မည်သည့်နိုင်ငံ၌မဆိုလူမှုရေးအနိဋ္ဌာရုံများသည် ရှိစမြဲ။ စီးပွားရေးဖွံ့ဖြိုးတိုးတက်သည်ဖြစ်စေ၊ မတိုးတက်သည်ဖြစ်စေ လူမှု အနိဋ္ဌာရုံကတော့ ရှိသည်။ များခြင်းနှင့်နည်းခြင်းသာ ကွာမည်ဖြစ်၍ လူမှု ရေးအနိဋ္ဌာရုံ လုံးဝကင်းစင်သောနိုင်ငံဟူ၍ကား ဤကမ္ဘာပေါ်၌ လုံးဝရှိ လိမ့်မည် မဟုတ်။

လူမှုရေးပြဿနာဆိုသည်မှာ ဖုံးကွယ်ထားချင်၍ မရပါ။ ဖုံးကွယ်ထား ကောင်းသည့်အရာလည်း မဟုတ်ပါ။ ဖုံးကွယ်ထား၍လည်း မဖြစ်နိုင် ပါ။ ဖုံးကွယ်ထားလိုက်လျှင်ပြဿနာ၏အကြောင်းရင်း၊ပြဿနာ၏ပမာဏ စသည်များကို သိရတော့မည်မဟုတ်။ သို့ဆိုလျှင် ထိုလူမှုပြဿနာကို ကျွန်တော်တို့ ဘယ်နည်းဘယ်ပုံဖြေရှင်းကြရပါမည်နည်း....။

ဤစာအုပ်တွင်ပါရှိသည့် လူငယ်ဇာတ်ကောင်များသည် အသက်ထင် ရှားရှိခဲ့သူများဖြစ်သည်။ သူတို့၏ဖြစ်ရပ်များမှာလည်း အမှန်တကယ် ဖြစ်ခဲ့ပျက်ခဲ့သည့် ဇာတ်လမ်းများပင်ဖြစ်သည်။ ယင်းဇာတ်လမ်းများထဲ တွင် စာရေးသူ၏ စိတ်ကူးဉာဏ်ဖြင့် ဖန်တီးပေါင်းစပ်ထားမှု ပါဝင်လျက် ရှိပါသည်ဟူ၍ကား ဝန်ခံရပါလိမ့်မည်။

မည်သို့ပင်ဖြစ်စေ အကြောင်းအမျိုးမျိုးကြောင့် လူမှုပြဿနာများနှင့် ရင်ဆိုင်နေကြရရှာသည့် 'လူမှုဒုက္ခသည်များ' ၏ဘဝသည် သနားစရာ ကောင်းသည်နှင့်အမျှ တရားကျစရာလည်း ကောင်းပါသည်။ သို့ဖြစ်ရာ-

ဤဝတ္ထုတိုများကို ဖတ်မည်ဆိုပါက 'ဒါမျိုးတွေ မရှိဘူး' ဟူသော အမြင်ဖြင့် မဖတ်စေချင်ပါ။ ကမ္ဘာပေါ်ရှိ မည်သည့်လူ့အဖွဲ့အစည်း၌မဆို ဒါမျိုးတွေရှိနေသည်။ ဖြစ်နေသည်။ နောင်ကိုလည်း ဒါမျိုးတွေရှိနေလိမ့် ဦးမည်၊ ဖြစ်နေလိမ့်ဦးမည်ဟူသော 'ရင့်ကျက်သည့်အမြင်' ဖြင့်သာ ဖတ်

ကြစေချင်သည်။

သို့ပါမှလည်း မိမိတို့မွေးဖွားရာ၊ မိမိတို့နေထိုင်ရာ လူ့အဖွဲ့အစည်းအတွင်းမှ လူတို့၏လူမှုရေးအခြေအနေမှန်များကို သိရှိနားလည်ကာ ထိုလူမှုရေးပြဿနာရပ်အားလုံးကို မှန်မှန်ကန်ကန် ဖြေရှင်းနိုင်လိမ့်မည်ဟု ထင်ပါသည်။

မောင်ထွန်းသူ

❑

# တောင်ပံမဲ့လျက် လေထဲပျော်အတွက် စာရေးသူ၏အမှာ

(၁)

**"တောင်ပံမဲ့လျက် လေထဲပျော်"** ဟု အမည်ပေးထားသော ဤစာအုပ်တွင် ကျွန်တော်၏ ပင်ကိုယ်ရေးဝတ္ထုတို (၆) ပုဒ် ပါရှိပါသည်။ ဤဝတ္ထုတိုအားလုံးသည် ဆရာနီလေးမောင်၏ 'ဖြစ်ရပ်မှန်မဂ္ဂဇင်း' ၌ လစဉ်နီးပါးမျှပါရှိခဲ့သော ဝတ္ထုတိုများဖြစ်သည်။ ဖြစ်ရပ်မှန်တွင်ပါခဲ့သည်ဟု ဆိုခြင်းကြောင့် **'မှူခင်းဝတ္ထုတိုများ'** ဟု ယူဆခဲ့ပါမူ မှားပါလိမ့်မည်။ ဤဝတ္ထုတိုများသည် မှုခင်းဝတ္ထုတိုများမဟုတ်ပါ။ ကလေးသူငယ်နှင့် လူငယ်လူရွယ်များ၏ တကယ့်အဖြစ်အပျက်များကို အခြေခံ၍ စာရေးသူ၏ စိတ်ကူးဖြင့် ဖန်တီးတည်ဆောက်ထားသော 'ဘဝသရုပ်ဖော်ဝတ္ထုတိုများ' တစ်နည်းအားဖြင့် 'မှတ်တမ်းဝတ္ထုတိုများ' ဖြစ်ပါသည်။

အကြောင်းသင့်လာသဖြင့် ကျွန်တော်ကြုံခဲ့ရသည့်အကြောင်း ကလေးများကို ပြောပြချင်မိပါသည်။ ကျွန်တော်သည် ဖခင်နှင့် မိခင်တို့၏ ကျေးရွာ

ကြောင့် စာရေးခြင်းတွင် ဝါသနာကြီးခဲ့သူဖြစ်၏။ စာကို တကယ်တမ်းစတင်ရေးခဲ့သည့်နှစ်မှာ ၁၉၄၇ ခုနှစ်ဖြစ်သည်။ ထိုနှစ်တွင် ကျွန်တော် ပျဉ်းမနားမြို့ အစိုးရအထက်တန်းကျောင်း အမှတ် (၁) တွင် ပညာသင်ကြားနေသည်။ ထိုနှစ်တွင် ကျောင်းသား၊ ကျောင်းသူအများစု၏ တာဝန်ပေးချက်အရ 'ကျောင်းသားလက်ရေးစာစောင်မဂ္ဂဇင်း' နှင့် တစ်ပတ်တစ်ကြိမ်ထုတ် 'နံရံကပ်သတင်းစာစောင်' တို့တွင် တာဝန်ခံအယ်ဒီတာလုပ်ခဲ့ရသည်။

အယ်ဒီတာဟူသော အတတ်ပညာကို တတ်ကျွမ်း၍ လုပ်ရခြင်းမဟုတ်ပါ။ တာဝန်အရလုပ်ရခြင်းသာဖြစ်၏။ ထို့ကြောင့်လည်း ကျွန်တော်သည် ကိုယ်ဖတ်ဖူးသမျှ ဗဟုသုတ အတွေ့အကြုံမဖြစ်စလောက်နှင့် အယ်ဒီတာလုပ်ခဲ့ရသည်။ ထိုခေတ်က 'ရှုမဝရုပ်စုံမဂ္ဂဇင်း' သည် ခေတ်ဦးမဂ္ဂဇင်းဖြစ်သည့်အားလျော်စွာ ကျောင်းသားမဂ္ဂဇင်းကို ရှုမဝမဂ္ဂဇင်းပုံစံမျိုးဖြစ်လာအောင် ကျွန်တော်တို့ အားထုတ်ခဲ့ကြ၏။ မဂ္ဂဇင်းအပြင်အဆင်လုပ်ရာ၌ ကျွန်တော့်အား များစွာအကူအညီပေးခဲ့သော 'အောင်သင်းကလေး' ကို ကျွန်တော်မမေ့နိုင်သေးပါ။

ထိုစဉ်က မဂ္ဂဇင်း၌ပါခဲ့သော ကျွန်တော်၏ 'မေချစ်တဲ့မောင်' ဝတ္ထုရှည်နှင့် နံရံကပ်စာစောင်မှ 'ဆရာ' ဝတ္ထုတိုများကို ကျောင်းသား၊ ကျောင်းသူအများစုက နှစ်သက်လက်ခံခဲ့ကြသဖြင့် မိမိကိုယ်မိမိ အထင်ကြီးကာ ခြေထောက်များ ထောက်ခဲ့မိပါသေးသည်။ ယခုအချိန်တွင် ပြန်တွေးမိသည့်အခါ ပြုံးမိပါသည်။ ကျွန်တော့်အပြုံးသည် 'ရှက်ပြုံးလား၊ ကြည်နူးပြုံးလား၊ လွမ်းပြုံးလား' ဆိုသည်ကို ခွဲခြား၍မရပါ။

ကျွန်တော့်အဖေသည် စာဖတ်ဝါသနာကြီးသည်။ အင်္ဂလိပ်အစိုးရ၏ ဝန်ထမ်းတစ်ယောက်ဖြစ်သော်လည်း မျိုးချစ်စိတ်ကြီးမားသူဖြစ်သည်။ ကျွန်တော်သိနားလည်ခဲ့ရသည့်အတိုင်း ပြောရမည်ဆိုပါက အဖေသည် အပေါ်ယံရွှေမှုန်ကြဲ အထဲကနောက်ချေးခံထားသည့် မျိုးချစ်စိတ်သမားတစ်ဦး မဟုတ်ပါ။ ရင့်ကျက်ကျယ်ပြန့်သောအသိဖြင့် ချစ်သည့် 'မျိုးချစ်တစ်ဦး' ဖြစ်သည်။

အဖေသည် ကျွန်တော့်အား ဆရာဝန်ဖြစ်စေချင်သည်။ အကယ်၍ ဆရာဝန်မဖြစ်ပါက 'သတင်းစာဆရာ၊ စာရေးဆရာ' ဖြစ်စေချင်သည်။ ကျွန်တော့်ညီကျတော့ 'မင်းက သချ်ာတော်တယ်၊ အင်ဂျင်နီယာလုပ်' ဟု ဆိုသည်။



အမေ့စကားကို ကျွန်တော်မမေ့သေးပါ။ အဖေက တို့လူမျိုးက တန်ခိုးနဲ့ဩဇာအာဏာကို သိပ်မက်တယ်။ မင်းစိတ်စိုးစိတ်၊ ဘုရင်စိတ်ကလည်း သိပ်ကြီးတယ်။ ဒါကြောင့် သူများကို အာဏာပြနိုင်တဲ့ အရေးပိုင်တို့၊ ရာဇဝတ်ဝန်တို့၊ ဝန်ထောက်တို့ပဲ လုပ်ချင်ကြတယ်။ ဆရာဝန်တို့၊ အင်ဂျင်နီယာတို့ဖြစ်ဖို့ လုံ့ဝမကြိုးစားချင်ကြဘူး။ သတင်းစာဆရာ၊ စာရေးဆရာ အလုပ်တွေကျတော့ အာဏာလည်း မရှိ၊ ထမင်းလည်းမဝလို့ လုပ်ချင်ဖို့ဝေးရော၊ စိတ်ကူးထဲကတောင် မထည့်ကြဘူး' ဟု ပြောခဲ့ဖူးပါသည်။

အမှန်အတိုင်း ပြောရမည်ဆိုလျှင် ကျွန်တော်ကိုယ်တိုင်ကလည်း ဆရာ ရွှေလင်းယုန် (ဂျာနယ်ကျော်ဦးချစ်မောင်) ၏ 'သူ' ဝတ္ထုထဲမှ ဒေါက်တာမြင့်မောင်လို ဆရာဝန်မျိုးဖြစ်လိုသဖြင့် အားထုတ်ခဲ့ပါသေးသည်။ သို့သော်လည်း အခြေအနေက မပေးသဖြင့် အရှုံးပေးခဲ့ရ၏။ ထိုစဉ်က ကျွန်တော်သည် ကိုယ်ဖြစ်ချင်တာ မလုပ်ရသဖြင့် ကိုယ့်ဘဝကိုယ် မကျေမနပ် ဖြစ်ကာ မျက်ရည်ကျမိခဲ့ပါသေးသည်။

၁၉၅၅ ခုနှစ်တွင် ကျွန်တော်သည် ကျောင်းမှထွက်ကာ အရာရှိပေါက်စဖြစ်လာသည်။ ဘာ့ကြောင့်မှန်းတော့ မသိပါ။ ကျွန်တော်သည် အရာရှိဘဝကို မက်မောတွယ်တာခြင်းမရှိခဲ့ပါ။ သို့ပါလျက်နှင့်ပင် ပတ်ဝန်းကျင်ဖိအားများကို မလွန်ဆန်နိုင်သဖြင့် အနှစ်အစိတ်ကျော်မျှ ဝန်ထမ်းဘဝတွင် နေခဲ့ရသည်။ ထိုကာလအတွင်း ဝန်ထမ်းဘဝမှထွက်ရန် သုံးကြိမ်ကြိုးစားခဲ့သည်။ မဖြစ်မြောက်ခဲ့ပါ။ ထိုစဉ်က 'ငါဝန်ထမ်းဘဝကထွက်ရင် ဘာလုပ်စားမလဲ' ဟု မိမိကိုယ်မိမိ မေးခဲ့သည်။ ကျွန်တော့်တွင် စာရေးဆရာ အလုပ်မှ တစ်ပါးအခြားနှစ်သက်သော အလုပ်ကိုမမြင်ခဲ့ပါ။

ဤသို့ဖြင့် ကျွန်တော်သည် ၁၉၆၀ ခုနှစ်မှစ၍ စာရေးသည့်အလုပ်ကို ကြိတ်လုပ်ခဲ့သည်။ ကျွန်တော်ကြိတ်၍ ရေးခဲ့သည်များမှာ ပင်ကိုရေးဝတ္ထုတိုများသာဖြစ်သည်။ မူလစိတ်ကူးကလည်း ပင်ကိုရေးဝတ္ထုတိုများနှင့် ဝတ္ထုရှည်ကြီးများမှ တစ်ပါး အခြားဘာကိုမှ မရေးလိုပါ။ သို့သော်လည်း ထိုအချိန်က အကြောင်းသင့်လာသဖြင့် နိုင်ငံခြားဝတ္ထုကြီးနှစ်ပုဒ်ကို ကြားပေါက်ဘာသာပြန်ထားခဲ့၏။ ဝန်ထမ်းဘဝမှ ထွက်သည့်အခါ လိုရမယ်ရ သုံးနိုင်ဖို့ ရည်ရွယ်ပြီးလုပ်ကိုင်ထားခဲ့သည့် ကြိုတင်ပြင်ဆင်မှုများ ဖြစ်ပါ

သည်။

ကျွန်တော်ရေးထားသည့်စာမူများကို စာအုပ်များဖြစ်လာရန် ကြိုးစားသည့်အခါ ဆင်မပြေပါ။ စာပေကို အလွန်ချစ်၊ အလွန်မြတ်နိုးလှပါသည် ကြွေးကြော်နေသူများထံကိုလည်း ချဉ်းကပ်ခဲ့သည်။ တစ်ဦးက ကျွန်တော့်အား အထက်စီးနှင့် ဆက်ဆံကာ လှန်လွှတ်လိုက်သည်။ နောက်တစ်ဦးကတော့ ကျွန်တော့်စာမူများကို တခြားလူနာမည်ဖြင့် ထုတ်ချင်သည်။ နောက်တစ်ဦးကတော့ ရဲတိုက်ဘာသာပြန်ကို လက်ဖက်ရည်ဖိုးလောက် ငွေနှင့်ဝယ်ကာ မြန်မာမှုပြု၍ ထုတ်လိုသည်။

စာပေနယ်မှ လူတချို့၏ မနာလိုဝန်တိုမှုများ၊ သေးသိမ်မှုများနှင့် မဖွယ်မရာပြုမှုများကို မြင်တွေ့ကြားသိခဲ့ရသောကျွန်တော်သည် ထိုလောကအတွင်းသို့ ဝင်၍မဖြစ်ပါ မလားဟု သံသယဝင်ကာ များစွာစိတ်ပင်ပန်းခဲ့ရ၏။

အခက်အခဲတွေ အများကြီးကြားမှပင် ကျွန်တော်၏ပထမဆုံးစာအုပ် 'တောင်ပံမဲ့သည့် ငှက်ငယ်များ' သည် ၁၉၈၀ ခုနှစ်တွင် ထွက်လာခဲ့သည်။ ပင်ကိုရေးဝတ္ထုတိုခုနစ်ပုဒ်ကို စုစည်းထားသည့် ဝတ္ထုတိုပေါင်းချုပ်ဖြစ်သည်။ ထိုစာအုပ်သည်ကျွန်တော့်အတွက် 'အားဆေးတစ်ခွက်' ဟု ဆိုနိုင်ပါသည်။ ထိုစာအုပ်မှ ပထမဆုံး ကျွန်တော်ရရှိခဲ့သည့် အကျိုးကျေးဇူးမှာ စာမူခ ရရှိခြင်းဖြစ်သည်။

ထိုအချိန်က ကျွန်တော်သည် ပင်စင်ရဖို့ အားထုတ်နေဆဲဖြစ်သည်။ ကျွန်တော့်ဇနီးခများလည်း ခုနစ်ယောက်မြောက်သမီးငယ်ကို မွေးဖွားခါနီးဖြစ်သည်။ လက်ထဲတွင် ငွေကြေးအလုံအလောက်မရှိ၍ သောကများနေရချိန်ဖြစ်၏။ ယင်းအခြေအနေတွင်မှ စာမူခငွေ ခုနစ်ထောင်နီးပါးမျှ ရရှိလိုက်ရာ (ထိုစဉ်က ငွေခုနစ်ထောင်သည် နည်းနည်းနောနောငွေ မဟုတ်ပါ)။ ကျွန်တော်တို့ မည်မျှလောက်အထိ ဝမ်းသာခဲ့ရသည်ကို ပြောမပြနိုင်ပါ။

ထိုစာအုပ်မှ ကျွန်တော်ရရှိခဲ့သည့် ဒုတိယအကျိုးကျေးဇူးမှာ ၂၀–၂–၈၁ ရက်နေ့စွဲဖြင့် စာရေးဆရာဒါရိုက်တာ ဦးသုခထံမှ စာတစ်စောင် ရောက်လာခြင်းဖြစ်သည်။ ဆရာ ဦးသုခက သူ့စာတွင်–

'တောင်ပံမဲ့သည့်ငှက်ငယ်များကို မနေ့ကမှ အစအဆုံးဖတ်ပြီး



ပါသည်။ ရေးသားတင်ပြပုံရော အကြောင်းအရာရော အလွန်စိတ်ဝင်စား၊ သနားကြင်နာ ဆင်ခြင်စရာတွေ ခံစားရပါသည်။

'အထူးသဖြင့် အဖြစ်တစ်ခုစီအပေါ် ထင်မြင်ချက်အမှာ နိဒါန်းကလေးများက သူတို့တစ်တွေကို ကယ်တင်စောင့်ရှောက်နိုင်အောင် (ဆွေးနွေး) ထားတာမျိုး တွေ့ရပါသည်။

စသည်ဖြင့် ရေးသားထားသည်။

ထို့နောက်တစ်ဖန် ၂၂–၆–၈၁ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာကြေးမုံမှ ဆရာဦးကြီးမောင် (ငွေဥဒေါင်း) က –

'သနားစဖွယ်ကလေးလူငယ်ခုနစ်ဦး၏ ကြောင်းရပ်ခုနစ်ရပ်ကို တင်ပြထားသော မှတ်တမ်းဝတ္ထု ခုနစ်ပုဒ်ဖြစ်သည်။

'အားလုံးကောင်းသည်။ တွယ်ရာမဲ့လူငယ်တို့၏ဘဝကို ပေါ်ပေါက်လာစေနိုင်သော ဖြစ်ရပ်များဖြစ်သည်' စသည်ဖြင့် ဝေဖန်ထားသည်။

ကျွန်တော့်အတွက် 'အားတက်ဖွယ်ရာများ' ဖြစ်သည်။ ဤကြားထဲမှာပင် နောက်ထပ်သတင်းတစ်ခုကို ရလာပြန်သည်။ ထိုစာအုပ်ထဲမှ ဝတ္ထုတချို့ကို ရုရှားဘာသာပြန်ဆိုထားမိသည့် ရုရှားအမျိုးသားတစ်ဦးက ကျွန်တော့်ထံမှ ခွင့်ပြုချက် တောင်းခံရန် သက်ဆိုင်ရာသို့ လာရောက်စုံစမ်းခဲ့သည်။ ယင်း သက်ဆိုင်ရာမှ ပုဂ္ဂိုလ်တစ်ဦးက ကျွန်တော့်လိပ်စာကို သူတို့မသိဟု ပြောလိုက်သဖြင့် ထိုရုရှားနှင့် ကျွန်တော်တွေ့ဆုံခွင့်မရတော့ပါ။ ယနေ့အထိ သူ့နာမည်ကိုပင် ကျွန်တော် မသိလိုက်ရပါ။

ကျွန်တော် အဓိကထား၍ ပြောလိုသည့်စကားမှာ ကျွန်တော်သည် ပင်ကိုရေးဝတ္ထုများနှင့် စာပေနယ်သို့ ခြေချခဲ့သူဖြစ်ပါသည်။ ပင်ကိုရေးများဖြင့် ခရီးဆက်မည်ဟုလည်း တာစူထားခဲ့သူဖြစ်သည်။ သို့ပါလျက်နှင့် ကျွန်တော် ဘာသာပြန်ထားသည့် 'ရဲတိုက်' (A. J. Cronin၊ The Citadel) စာအုပ်က ပေါက်ပေါက်မြောက်မြောက်ဖြစ်သွားသည့် ကျွန်တော်သည် ဘာသာပြန်သူအဖြစ်သို့ ရောက်သွားခဲ့ရပါသည်။

ဤသည်မှစ၍ ကျွန်တော်၏နယ်သည် 'ကျဉ်း' သလိုဖြစ်သွားခဲ့ရ၏။ ပင်ကိုယ်ရေးဝတ္ထုတိုကလေးများ သွားပို့သည့်အခါတိုင်းလိုလို မဂ္ဂဇင်းအယ်ဒီ

တာတို့က 'ဆရာ့ဆီက ဘာသာပြန်ပဲလိုချင်တယ်' ဟု ပြောကြားသည်။ ကျွန်တော့်စိတ်ထဲတွင် ရှက်သလိုလို ဘာလိုလို ခံစားခဲ့ရပါသည်။ သို့သော်လည်း တာဝန်ခံအယ်ဒီတာဟု အမည်ခံထားသူ၏ အဆုံးအဖြတ်ကို အသာငြိမ်၍ လက်ခံရုံမှတစ်ပါး တခြားကျွန်တော်ဘာများတတ်နိုင်ပါမည်နည်း။

*

## (၂)

ရှားရှားပါးပါးရှိလွန်းလှသည်ဟုဆိုရမည်ထင်ပါသည်။ ကျွန်တော့် ထံမှ ပင်ကိုရေးဝတ္ထုတိုများလိုချင်သည်ဟု ပြောသူတစ်ဦးပေါ်လာသည်။ ထိုသူကား '**ဖြစ်ရပ်မှန်မဂ္ဂဇင်း၊ တာဝန်ခံအယ်ဒီတာ ဆရာနီလေးမောင်**' ဖြစ်သည်။ သူသည် ကျွန်တော်နှင့် ဆုံမိသည့်အခါတိုင်း ပင်ကိုရေးဝတ္ထုတိုများရေးဖို့ တိုက်တွန်းသည်။ သူ့ဘက်မှ အလွန်အလေးအနက်ထားပြီး တိုက်တွန်းနေမှန်းသိလာရသည့်အခါ ဝတ္ထုတိုများကို ရေးဖြစ်လာသည်။ ဆရာနီလေးမောင်ကလည်း လစဉ်နီးပါးမျှ သုံးခဲ့သည်။

ဤနေရာတွင် ဆရာနီလေးမောင်အကြောင်းကို မပြောဘဲမနေနိုင်သဖြင့် ပြောရပါဦးမည်။ သူနှင့်ကျွန်တော်သည် အသက်အရွယ်ကြီးခါမှ သိသူများဖြစ်သည်။ သူသည် စာရေးခြင်းအလုပ်တစ်ခုတည်းဖြင့် ရုန်းကန်လှုပ်ရှားနေရသည့် ကျွန်တော့်ဘဝကို နားလည်သူဖြစ်၏။ အားကိုးအားထားပြုနိုင်လောက်သည့် သားကြီးနှစ်ယောက် ၇ လမျှသာခြားပြီး ဆုံးပါးသွားသည့်အခါမှ ကျွန်တော်၏ ရုန်းကန်လှုပ်ရှားရမှုများသည် ပို၍ကြီးမားလာသည်ကို သူ သတိထားမိဟန်တူသည်။

သူသည် ကျွန်တော့်အဖြစ်ကို မြင်ရုံမျှမက နားလည်မှုရှိသည်။ ကိုယ်ချင်းစာပုံလည်းရ၏။ သူနှင့် ကျွန်တော် သိကျွမ်းခင်မင်လာခဲ့ရသည့် (၃)(၄) နှစ်အတွင်း သူသည် ကျွန်တော်၏ အားနည်းချက်ကို မြင်သည်။ ထိုအားနည်းချက်ကို တခြားလူတွေမြင်သလို 'အပြစ်' ဟု မမြင်ခဲ့ပါ။ ကျွန်တော့်အပေါ်၌ လူနှင့်စာကိုတန်ဖိုးထားသည့် အမြင်မျိုးနှင့်သာ ဆက်ဆံခဲ့ပါသည်။ ယင်းဆက်ဆံမှုများအတွက် ဆရာနီလေးမောင်အား ကျွန်တော် အလွန်ကျေးဇူးတင်ကြောင်း ဖော်ပြလိုပါသည်။ ထို့ပြင်လည်း သူသည်



ကျွန်တော်၏ ဤဝတ္ထုတိုများကို တစ်စုတစ်စည်းတည်း ဖြစ်စေလိုသည်။ ဤအတွက်လည်း သူသည် ကြိုးပမ်းအားထုတ်ပေးခဲ့ပါသည်။ သူ၏အားထုတ်မှုကြောင့်ပင် ကျွန်တော်သည် 'မိတ်ကောင်းစာအုပ်တိုက်'နှင့် ဆုံမိကာ ကျွန်တော့်ဝတ္ထုတိုများသည် စာအုပ်အဖြစ်သို့ ရောက်ခဲ့ရပါသည်။ ဤအတွက် ဆရာနီလေးမောင်ကိုရော စာအုပ်တိုက်ကိုပါ များစွာကျေးဇူးတင်ပါသည်။

ဤစာအုပ်တွင် ဝတ္ထုတို(   )ပုဒ် ပါဝင်သည်ဟု ကျွန်တော်ပြောခဲ့ပြီး ဖြစ်ပါသည်။ ယင်းဝတ္ထုတိုများသည် 'ဘဝသရုပ်ဖော်ဝတ္ထုတိုများ ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ပြောရလျှင် 'မှတ်တမ်းဝတ္ထုတိုများ' ဖြစ်ပါသည်။ လူမှုရေးသိပ္ပံဘာသာရပ်တွင် (Social Case Work) ဟုခေါ်သော လူမှုရေးမှတ်တမ်းလုပ်ငန်းရှိသည်။ ယင်းအလုပ်မှာ လူတစ်ယောက်၏ ဘဝဇာတ်ကြောင်းနှင့်ပြဿနာရပ်များကို စုံစမ်းလေ့လာပြီး အဖြေရှာရခြင်းဖြစ်သည်။ ယင်းလုပ်ငန်းရှုထောင့်မှ ကြည့်မည်ဆိုပါက 'မှတ်တမ်းဝတ္ထုတိုများ' ဟု ခေါ်လိုက်ခြင်းသည် မှားနိုင်အံ့မထင်ပါ။

ကမ္ဘာပေါ်တွင် မည်သည့်နိုင်ငံ၌မဆို လူမှုရေး အနိဋ္ဌာရုံများသည် ရှိစမြဲဖြစ်သည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်သည်ဖြစ်စေ၊ မတိုးတက်သည်ဖြစ်စေ၊ လူမှုအနိဋ္ဌာရုံကတော့ ရှိသည်။ အရှိများခြင်းနှင့် နည်းခြင်းသာ ကွာမည်ဖြစ်ပါသည်။ လူမှုရေးအနိဋ္ဌာရုံများနှင့်ကင်းသောနိုင်ငံဟူ၍ကား ဤကမ္ဘာပေါ်၌ လုံးဝမရှိပါ။

လူမှုရေး ပြဿနာဆိုသည်မှာ ဖုံးကွယ်ထားချင်၍မရပါ။ ဖုံးကွယ်ထားစကောင်းသည့်အရာလည်း မဟုတ်ပါ။ ဖုံးကွယ်ထား၍လည်း မဖြစ်ပါ။ ဖုံးကွယ်ထားလိုက်လျှင် ပြဿနာ၏ အကြောင်းရင်း၊ ပြဿနာပမာဏစသည်များကို သိနိုင်တော့မည်မဟုတ်ပါ။ ယင်းတို့ကို မသိလျှင် ထိုလူမှုပြဿနာကို ကျွန်တော်တို့ ဘယ်ပုံဘယ်နည်းဖြေရှင်း ကြပါမည်နည်း။

ယခု ဤဝတ္ထုတိုများတွင် ပါဝင်သည့်လူငယ်ဇာတ်ကောင်များသည် အသက်ထင်ရှားရှိခဲ့သူများ ဖြစ်သည်။ သူတို့၏ဇာတ်လမ်းများမှာလည်း အမှန်တကယ်ဖြစ်ခဲ့သည့် ဇာတ်လမ်းများပင် ဖြစ်သည်။ ယင်းဇာတ်လမ်းများထဲတွင် စာရေးသူ၏ စိတ်ကူးဉာဏ်ဖြင့် ဖန်တီးပေါင်းစပ်ထားမှုများ

ပါဝင်လျက်ရှိသည်ကိုတော့ ဝန်ခံရပါလိမ့်မည်။

မည်သို့ပင်ဖြစ်စေ အကြောင်းအမျိုးမျိုးကြောင့် လူမှုပြဿနာများနှင့် ရင်ဆိုင်နေကြရရှာသည့် လူမှုဒုက္ခသည်များ၏ ဘဝသည် သနားစရာ ကောင်းပါသည်။ တရားကျစရာလည်း ကောင်းပါသည်။

နိဂုံးချုပ်အနေဖြင့် ကျွန်တော့်အား တစ်ခုတော့ ပြောခွင့်ပြုစေချင်ပါ သည်။

ဤဝတ္ထုတိုများကိုဖတ်မည်ဆိုပါက 'ဒါမျိုးတွေ မဖြစ်ရဘူး၊ မရှိရဘူး' ဟူသောအမြင်ဖြင့် မဖတ်စေချင်ပါ။ မည်သည့်လူအဖွဲ့အစည်း၌မဆို ဒါမျိုးတွေ ရှိတတ်သည်။ ဖြစ်တတ်သည်။ အခုလည်း ဖြစ်နေသည်။ နောင်ကိုလည်း ဖြစ်နေလိမ့်ဦးမည်ဟူသော ရင့်ကျက်သည့်အမြင်ဖြင့်သာ ဖတ်စေချင်ပါသည်။ သို့မှသာလျှင် မိမိတို့နေထိုင်ရာ လူ့အဖွဲ့အစည်း၏ လူမှုရေးအခြေအနေမှန်များကို သိရှိနားလည်ကာ ထိုလူမှုရေးပြဿနာများ ကို မှန်မှန်ကန်ကန် ဖြေရှင်းနိုင်လိမ့်မည်ဟု ထင်ပါသည်။

မောင်ထွန်းသူ

❑

# အမိမဲ့သား

ကျွန်တော်နှင့် တွေ့ချိန်တွင် ဤသူငယ်၏အသက်မှာ ၁၉ နှစ်ရှိနေ ပြီဖြစ်သော်လည်း နှလုံးရောဂါ၏ဒဏ်၊ အာဟာရပြည့်ဝအောင် မစားမ သောက်ခဲ့ရသည့်ဒဏ်တို့ကြောင့် ပိန်ကြုံချည့်နဲ့လှပါသည်။ အသားအရေ ကလည်း ဖြူဖပ်ဖြူရော်နိုင်လှ၏။ လေဖြတ်ခံခဲ့ရခြင်းကြောင့် ဘယ်ဘက် လက်မှာ ခပ်ကပ်ကပ်ဖြစ်နေပြီး ဘယ်ခြေထောက်မှာ ဆာတာတာဖြစ်နေ ပါသည်။ မျက်နှာမှအစ တစ်ကိုယ်လုံးကျောက်ပေါက်မာများဖြင့် ပြည့်နေ ရုံမျှမက ရင်ဘတ်တွင်ခွဲစိတ်ထားသည့် အမာရွတ်ကြီးကလည်း နည်း နည်းနောနော မဟုတ်ပါ။

သူဖြတ်သန်းခဲ့ရသည့်ဘဝက ကြမ်းတမ်းလှသဖြင့် သူ့ရုပ်မပေါ် အောင် ဖြစ်နေသည်ဟုပင် ယူဆပါသည်။ အများနှင့်မတူဟူသော အယူ အဆကြောင့် စိတ်အားကလည်း ငယ်နေသည်။ သူ၏ချီးကျူးစရာကောင်း သော ဝါသနာလေးတစ်ခုမှာ ငယ်စဉ်က မတောက်တခေါက် သင်ခဲ့ရသည့် ပညာလေးဖြင့် စာရေးစာဖတ်ဝါသနာပါခြင်း။

ကျွန်တော်၏ဖခင်မှာ ဦးလူတင်ဖြစ်၍ မိခင်မှာ ဒေါ်ခင်ညွန့်ဖြစ်ပါ သည်။ ကျွန်တော့်ဖခင်ရော မိခင်ပါ မြန်မာစစ်စစ်များ ဟုတ်မည်မထင်ပါ။

ကရင်သွေးပါသည်ဟု ထင်ပါသည်။

ကျွန်တော့်အဖေသည် အမေနှင့်မရမီက အိမ်ထောင်တစ်ဆက်ရှိခဲ့၍ သားတစ်ယောက်ရခဲ့ဖူးပါသည်။ အဖေသည် ပထမအိမ်ထောင်နှင့်ကွဲပြီး သူ့သားကိုခေါ်ကာ အိမ်မှဆင်းလာသည်ဟု ဆိုပါသည်။ သူခေါ်လာသည့် သားကို သူမမွေးပါ။ သူနှင့်အတူထားပြီး ဝဲဒေါင့်ရွာမှ ကိုလူကလေးဆိုသူ အား ပေးပစ်သည်ဟု ပြောကြပါသည်။

အဖေသည် အရကမသောက်တတ်ပါ။ စကားအလွန်နည်းပြီး နေပုံ ထိုင်ပုံမှာ မြဲစိစိနိုင်လှပါသည်။ အလုပ်ကိုလည်း လက်ကြောတင်းအောင် မလုပ်ပါ။ ခပ်ပေါ့ပေါ့နေတတ်သည့် စိတ်ထားရှိပါသည်။ လူပုံကြည့်လျှင် ဖျင်းမည့်ပုံမျိုးမဟုတ်ပါ။

အသားညိုညို၊ အရပ်အမောင်းခပ်ပြတ်ပြတ်၊ ဂင်တိုတိုပုံနှင့်အား ကောင်း မောင်းသန်တစ်ဦးဖြစ်ပါသည်။ မျက်နှာက မာကျောကျောနှင့် ပြုံးခဲ ရယ်ခဲလှပါသည်။ အများက ကျွန်တော့်အဖေသည် ရက်စက်လွန်း သည်။ အကြင်နာတရား ခေါင်းပါးလွန်းသည်ဟု ပြောကြပါသည်။ အများ၏ပြော စကားသည် မှန်ပုံရပါသည်။ ကျွန်တော့်အဖေသည် သားတစ်ယောက်ဖြစ် သော ကျွန်တော့်အပေါ်၌ ပြတ်ပြတ်တောက်တောက် နိုင်လွန်းလှပါသည်။

*

(၁)

"အမိမဲ့သား ရေနည်းငါး" ဟူသော စကားကို ကြားဖူးကြပါလိမ့်မည်။ ထိုစကားသည် ကျွန်တော့်အတွက် တမင်သက်သက် ရည်စူး၍များ ပြောခဲ့ လေသလားဟု ထင်မိပါသည်။ ကျွန်တော်သည် အမိမဲ့သားတစ်ယောက် ဖြစ်ပါ၏။ အမိမဲ့သားဖြစ်သည်နှင့်အညီ လူ့လောကအလယ်တွင် မျက်နှာ ငယ်လှပါသည်။

အလွန်ရေနည်းသော အိုင်ထဲတွင် နေရရှာသောငါးသည် ရွှံ့နှံ့ကြား ထဲဝယ် အမြဲတစေ လူးလွန့်လူးလှုပ်ရှားနေရသကဲ့သို့ ကျွန်တော်လည်း ခက်ခဲ ကျဉ်းမြောင်းလှသော လူ့လောကဝယ် ကျွန်တော့်ဘဝသည် တည်ငြိမ်မှု ဟူ၍ လုံးဝမရှိပါ။ ကျွန်တော်စိတ်ထင်ပြောရလျှင် ကျွန်တော်သေခါမှပင်



ကျွန်တော့်ဘဝသည် တည်ငြိမ်မည်ထင်ပါ၏။

*

(၂)

ကျွန်တော့်အမည်မှာ 'ကျော်ထွန်း' ဖြစ်ပါသည်။ အမေကပေးခဲ့သည့် နာမည်လား၊ အဒေါ်ကပေးခဲ့သည့် နာမည်လား ကျွန်တော်မသိတော့ပါ။ အဖေပေးခဲ့သည့် နာမည်မဟုတ်တာတော့ သေချာပါသည်။

သုံးဆယ်မြို့ မြစ်ကျိုးရွာသည် ကျွန်တော်၏ဇာတိဖြစ်ပါသည်။ မြစ် ကျိုးရွာသည် အိမ်ခြေ ၁၅၀ ခန့်ရှိ၍ တစ်ရွာလုံးလိုလို တံငါလုပ်ငန်းဖြင့် အသက်မွေးကြပါသည်။ ကျွန်တော့်စိတ်ထင်ပြောရလျှင် ကိုင်းလုပ်သူ သုံး လေးဦးသာ ရှိပါလိမ့်မည်။

မြစ်ကျိုးရွာအနီးတွင် လှိုင်မြစ်ရှိပါသည်။ လှိုင်မြစ်၏ တစ်ဖက်ရှိ လက်ပံကုန်း၊ ညောင်ကုန်း၊ ဓမြင်းကုန်းစသောရွာများမှာ ကရင်၊ မြန်မာ ရောနှောနေသော ရွာများဖြစ်ပါသည်။ ကျွန်တော်တို့ရွာ၏ပတ်ဝန်းကျင်ရှိ ဘုရားကုန်း၊ လက်ပံကုန်း၊ ဝဲဒေါင့်၊ ညောင်ကုန်းစသော ရွာများမှာလည်း ကရင်မြန်မာရောနှောနေထိုင်ကြသော ရွာများဖြစ်ပါသည်။ ကျွန်တော် သိသမျှပြောရလျှင် ကျွန်တော်တို့နယ်ပယ်တစ်ဝိုက်တွင် ကရင်နှင့်မြန်မာ သည် ခွဲခြား၍မရပါ။ အားလုံးရောနှောနေထိုင်ကြသဖြင့် သွေးချင်းရော နှောကြပါသည်။

အမေ့ကိုတော့ ကျွန်တော်ကောင်းကောင်း မမှတ်မိပါ။ ဝိုးတိုးဝါးတား ဖြစ်နေပါသည်။ အမေသည် အသားဖြူ၍ရုပ်ရည်မှာ ရွက်ကြမ်းရေကျို နေပေလိမ့်မည်ဟုပင် ခန့်မှန်းရပါသည်။ ကျွန်တော်မှတ်မိသလောက်ဆို လျှင် အမေသည် ကျွန်တော့်ကိုအလွန်ချစ်ပါသည်။ သူသွားလေရာ ခါး ထစ်ခွ၍ ခေါ်သွားလေ့ရှိပါသည်။

ကျွန်တော်ကလည်း အမေကိုအလွန်ချစ်ပါသည်။ သို့သော် ကျွန်တော့် ကို ချစ်လှသောအမေသည် ကျွန်တော်နှင့်ကြာကြာမနေရပါ။ ကျွန်တော် လူမှန်းသူမှန်းကောင်းကောင်း မသိတတ်ခင် ကျွန်တော့်ကိုစွန့်ခွာသွားခဲ့ ပါသည်။

ထိုအချိန်ထိုကာလကို ကျွန်တော်မမေ့သေးပါ။

ထိုအချိန်က ကျွန်တော် ငါးနှစ်သားခန့်ရှိနေပါပြီ။

ထိုနေ့ကို ကျွန်တော်မမေ့နိုင်ပါ။

အမေက ကျွန်တော်အား ရေချိုးပေးရန် ဖိုးခေါင်မြစ်ဆိပ်သို့ ခေါ်သွားပါသည်။ နောက်မှလိုက်လာသောအဖေသည် ချက်ချင်းရေမချိုးသေးဘဲ မြစ်ကမ်းပါးမှထိုင်ကာ ကျွန်တော်တို့သားအမိ ရေချိုးနေသည်ကို ကြည့်နေပါသည်။ တစ်ခါတစ်ရံ အမေနှင့်လှမ်း၍ စကားပြောပါသည်။

ဒက်–ဒက်–ဒက်။

ဒိုင်း–ဒိုင်း။

အုန်း....။

သေနတ်သံများ အဆက်မပြတ်ပေါ်လာပါသည်။ ရွာထဲမှလား၊ ရွာပြင် မှလား၊ ဘယ်ဆီကမှန်း မသိပါ။

ဝီ–ဝီ–ဝီ။

ဒက်–ဒက်–ဒက်။

ကျွန်တော်တို့ ခေါင်းပေါ်မှ လေယာဉ်ပျံသံ၊ လေယာဉ်ပျံအသံနှင့် တစ် ဆက်တည်း တရစပ်ပစ်လိုက်သည့် စက်သေနတ်သံ။

အမေသည် ထိတ်လန့်တကြားနှင့် သူ့လက်ထဲမှ ကျွန်တော့်ကိုအဖေ့ဆီသို့ လှမ်းပေးသည်။ ကျွန်တော်အဖေ့လက်ထဲသို့ လွတ်လွတ်ကျွတ်ကျွတ် မရောက်မီကလေးမှာပင် အမေသည် ဆတ်ခနဲတွန့်ကာ နောက်သို့ လန်ကျသွားပါသည်။ အမေမြစ်ကမ်းပါးမှနေ၍ ကျသွားသည်မှာ တလိမ့်ခေါက်ကွေး။ ကျွန်တော်ကြည့်လိုက်တော့ အမေသည် မြစ်ဆိပ်ရေစပ်တွင် မှောက်လျက်ကလေး။ ထိုနေ့ကို ကျွန်တော်မမေ့နိုင်ပါ။ ထိုနေ့သည် ကျွန်တော် ချစ်သော အမေ ကျွန်တော့်ကိုအပြီးအပိုင် စွန့်ခွာသွားသည့်နေ့ဖြစ်ပါ၏။

*

(၃)

အမေမရှိတော့သည့်အချိန်မှစ၍ ကျွန်တော်သည် 'အမိမဲ့သား' ဖြစ်လာသည်။ ထိုအချိန်မှစ၍ ကျွန်တော့်ဘဝသည်လည်း တည်ငြိမ်မှု မရှိတော့ပါ။



အမေ မရှိသည့်အခါ အဖေက ကျွန်တော့်အား ထိန်းသိမ်းစောင့်ရှောက်မည့်သူမရှိဟုဆိုကာ တစ်ရွာထဲနေသူနှမ ဒေါ်ငယ်ပုထံ ပို့သည်။ အဒေါ်ယောက်ျား ဦးညာကြီးမှာ ကောင်းကောင်းမာသူမဟုတ်သဖြင့် အဒေါ်က သမီးအကြီးနှင့်တွဲ၍ အလုပ်လုပ်ရသည်။

ကျွန်တော်သည် ဦးညာကြီး၊ ဒေါ်ငယ်ပုနှင့် ငါးနှစ်သားလောက်မှစပြီး အတူနေခဲ့ရသည်။ ဦးညာကြီးက သဘောကောင်း၍ အဒေါ်လုပ်သူကလည်း ကျွန်တော့်ကို ချစ်ခင်ပုံရပါသည်။ သို့သော်လည်း သူတို့၏သမီးအကြီး မဒေါင်းရွှေကတော့ ကျွန်တော့်ကိုမျက်နှာကြောတည့်ပုံ မရပါ။ သိပ်ပြီးခင်ခင်မင်မင် မရှိလှပါ။ အဖေကလည်း ပေါ်မလာပါ။

ကျွန်တော့်အသက် ငါးနှစ်မပြည့်မီမှာပင် အဖေနောက်ထပ်မိန်းမတစ်ယောက်ယူသည်ဟု ကြားရပါသည်။ အဖေနှင့်ပတ်သက်၍ တစ်ဆင့်စကား၊ တစ်ဆင့်သတင်းသာ ကြားရပါသည်။ အဖေ့မျက်နှာကိုတော့ မမြင်ရ၊ မတွေ့ရပါ။ တစ်ခါတစ်ရံ လာလိုလာငြား အဖေ့ကိုမျှော်မိပါသည်။ မပေါ်လာပါ။ အဖေမလာတော့လည်း အဒေါ်ကိုသာ အားကိုးပြုရပါသည်။ အဒေါ်ယောက်ျားဦးညာကြီးကို အဖေလိုတွယ်တာရပါသည်။ ဦးညာကြီးကလည်း မျက်နှာသာပေးသဖြင့် နေရသည်မှာ ပျော်စရာလိုလိုပင် ဖြစ်ပါသည်။

သို့သော် မကြာလိုက်ပါ။ ကျွန်တော်ခုနစ်နှစ်အရွယ်တွင် ဦးညာကြီး ကွယ်လွန်ပါသည်။ ဦးညာကြီး မရှိတော့သည့်နောက်တွင် ကျွန်တော့် အဒေါ်မှာ အားကိုးစရာမရှိတော့ပါ။ သူ့သမီးအကြီး မဒေါင်းရွှေကတော့ ကရင်အမျိုးသားစောမောင်အေးဆိုသူနှင့် အိမ်ထောင်ကျကာ ရိုးကြီးရွာ ရောက်နေပါသည်။ တံငါလုပ်ငန်းဖြင့် ချောင်ချောင်လည်လည် ရှိနေသည် ဟုလည်း သတင်းကြားရပါသည်။

အဒေါ်မှာ မဒေါင်းရွှေမှတစ်ပါး အားကိုးစရာမရှိတော့သဖြင့် သမီးနှင့်သားမက်များရှိရာ ရိုးကြီးရွာသို့ ရွှေ့ခဲ့ပါသည်။ အဒေါ်မှတစ်ပါး အားထားစရာမရှိသော ကျွန်တော့်မှာလည်း မဒေါင်းရွှေတို့ထံ လိုက်လာခဲ့ရသည်။

*

(၄)

"သူ့အဖေဆီပြန်ပို့လိုက်ပေါ့ အမေရယ်၊ ကိုယ့်ဝမ်းမှ အနိုင်နိုင်ဖြစ်နေ

ရတဲ့အထဲ အလကားဒုက္ခရှာနေတယ်။ ကျုပ်တို့တော့ လက်မခံနိုင်ဘူးတော်ရေ့၊ အမေ့ကောင်လေးကို အမေ့ရှာပြန်ရင် ခေါ်သာသွားပေတော့"

မဒေါင်းရွှေက သူ့ဝသီတိုင်း ကျယ်ကျယ်လောင်လောင်နှင့် ပြောနေသည်။ အဒေါ်ကတော့ အဝေးသို့ငေးမောနေပေသည်။ သူ၏မျက်နှာမှာ တစ်စုံတစ်ခုသောကိစ္စအတွက် ဝေခွဲ၍မရသည့်ပုံမျိုးဖြစ်နေ၏။ ကျွန်တော်ကတော့ ထုံးစံအတိုင်း မီးဖိုချောင်ထဲတွင် ကုပ်နေသည်။

"ဖြစ်နိုင်ရင်တော့ ထားခဲ့ချင်သေးတယ် ဒေါင်းရွှေရယ်၊ ကြာကြာလည်း မထားပါဘူးအေ။ သူ့အဖေနဲ့လည်း ငါစကားပြောကြည့်ပါဦးမယ်။ ညည်းပြောသလို သူ့အဖေဆီ ပြန်ထားဖို့တော့ ပြောရမှာပေါ့။ သူ့အဖေက ခေါ်ထားမယ်ဆိုရင် အမေချက်ချင်းပြန်ခေါ်ပါ့မယ်။ တကယ်လို့ သူ့အဖေဆီအဆင်မပြေရင်လည်း ငါလည်းပြန်ခေါ်ပါ့မယ်"

အဒေါ့်အသံမှာ ခပ်တိုးတိုးဖြစ်သည်။ ကြည်ကြည်လင်လင် မရှိလှ။ တုန်ယင်ခြောက်ကပ်နေလေသည်။ ကျွန်တော်ထရံပေါက်မှ ချောင်းကြည့်လိုက်သည်။ အစ်မ မဒေါင်းရွှေသည် တင်ပျဉ်ခွေထိုင်နေသည်။ သူ့ပေါင်ကြားတွင် ကလေးငယ်က အိပ်ပျော်လျက်ရှိ၏။

"ညဉ်းတို့က လောလောဆယ်လက်တိုလက်တောင်း ရတာပေါ့အေ၊ အမေ ကြာကြာမထားဘူးဆိုတာ ယုံပါ။ ဆက်ဆက်ပြန်ခေါ်ပါ့မယ်"

"ကျုပ်တို့မှာလည်း သိပ်ပြီးချောင်လည်တာ မဟုတ်တော့ ကျုပ်တော့ မထားချင်ဘူး"

ထိုအခိုက်တွင် စောမောင်အေးပြန်ရောက်လာသည်။ စောမောင်အေးမှာ ရိုးသား၍သဘောကောင်းသူဖြစ်ပြီး စကားလည်းနည်းလှသည်။ သူရောက်လာခိုက်တွင် မဒေါင်းရွှေ၏စကားကို နားစွန်နားဖျားကြားလိုက်ပြီး ဘာပြောနေကြသည်ကိုလည်း ရိပ်မိဟန်တူ၏။ သူသည်ကွပ်ပျစ်တွင် ဝင်ထိုင်လိုက်ရင်းက "ဘာဖြစ်နေကြတာလဲ" ဟု မေးသည်။

"ကျော်ထွန်းကိစ္စပါ"

ဟု အဒေါ်က ဖြေသည်။

စောမောင်အေးသည် ဆေးပေါ့လိပ်တိုကို သုံးလေးချက်မျှ ဆက်တိုက်ဖွာလိုက်ပြီး ချောင်းတဟွတ်ဟွတ်ဆိုးနေသည်။ သူလည်း မဒေါင်းရွှေအား



မျက်စောင်းတစ်ချက် ထိုးကြည့်သည်။

"ဒေါင်းရွှေက မကတ်သင့်တဲ့ဟာကျရင် ကတ်ချင်တယ်။ ဟိုကောင်လေးကို ထားချင်ရင်သာ ထားခဲ့၊ ခင်ဗျားတို့ ပြန်ခေါ်နိုင်တဲ့အချိန်ကျမှ ပြန်ခေါ်ပေါ့ဟ။ အဆင်မပြေလို့ ပြန်မခေါ်နိုင်လည်း အရေးမကြီးပါဘူး၊ သူ့ကိုတံငါဖြစ်အောင် သင်ပေးထားရင် တစ်ဝမ်းတစ်ခါးတော့ ရှာစားနိုင်မှာပါ"

ဤသို့ဖြင့် ကျွန်တော့်ပြဿနာသည် ပြေလည်သွားပါသည်။ အဒေါ်သည် နောက်တစ်ရက်နှစ်ရက်အကြာတွင် ကျွန်တော့်အား လိမ်လိမ်မာမာနေရန် ဆုံးမပြီး မြစ်ကျိုးရွာသို့ပြန်သွားပါသည်။ ကျွန်တော့်မှာတော့ ရင်ကျိုးကျန်ခဲ့ရပါသည်။ အဒေါ်မရှိကတည်းက ကျွန်တော့်မှာ နားနားနေနေနေရသည်မရှိ။ မနက်ဆိုလျှင် ဘုန်းကြီးကျောင်းမှ တုံးခေါက်သံနှင့်အတူနိုးရသည်။ မနိုးလျှင် မဒေါင်းရွှေ၏အဆဲအဆို၊ အဆူအပူ၊ အကြိမ်း အမောင်း၊ အရိုက်အနှက်ခံရမည်။

အိပ်ရာမှနိုးလျှင် ရေနွေးအိုးတည်ရမည်။ ရေနွေးစပ်ရမည်။ ပြီးတော့ မဒေါင်းရွှေ၏သားငယ်ကို သူ့အမေမနိုးမီထိန်းထားရမည်။ မဒေါင်းရွှေ မှာ အလွန်အအိပ်ကြီးသည်။ မနက်ဆို နေကြီးမြင့်မှ ထတတ်သည်။ အပျင်းကလည်းထူသည်။ သူအပျင်းထူသော်လည်း ကျွန်တော့်ကိုတော့ အနားမနေရအောင် ခိုင်းတတ်သည်။

သူအိပ်ရာမှနိုးလျှင် ယမန်နေ့ညနေပိုင်းက အသင့်ခူးထားသည့်ကန်စွန်းရွက်တောင်းကိုထမ်း၍ မြစ်ကျိုးရွာသို့ သွားရောင်းရသည်။ ရိုးကြီးရွာနှင့်မြစ်ကျိုးရွာမှာ သုံးမိုင်ခန့်ဝေးသဖြင့် ကန်စွန်းရွက်တောင်းနှင့် သွားရသည်မှာ ပင်ပန်းလှသည်။ လမ်းကလည်း ချောမွေ့လှသည်မဟုတ်။ ချောင်းတွေမြောင်းတွေကို ဖြတ်ရပါသေးသည်။

ဤမျှလောက် ပင်ပန်းသည့်ကြားမှပင် မြစ်ကျိုးရွာသွားသည့် အချိန်ကလေးတွင် ကျွန်တော့်မှာ ပျော်ရွှင်မြူးတူးရသည်။ အမြဲတစေ ကြောက်လန့်နေရသည့် မဒေါင်းရွှေ၏မျက်ကွယ်တွင် ရောက်နေသဖြင့် စိတ်လက်ပေါ့ပါး၍ လွတ်လပ်လှသည်။ တစ်လမ်းလုံးခုန်ပေါက်၍ ဆော့ကစားသွားပါသည်။ လမ်းပေါ်မှ ရွှံ့တွေ၊ ခဲတွေကောက်လိုက်၊ လမ်းဘေးဝဲယာရှိ ကျွန်တော်ပစ်ချင်သည့်အရာများကို ပစ်လိုက်လုပ်သွားပါသည်။ တစ်ခါ

တစ်ရံ ကန်စွန်းရွက်တောင်းကိုချ၍ ဖား၊ ငါးနှိုက်သည့်အခါ နှိုက်ပါသည်။

မြစ်ကျိုးရောက်သည့်အခါ အဒေါ်အိမ်ဝင်၍ ခဏတစ်ဖြုတ်နားပါသည်။ အဒေါ်ကတော့ သူ့သမီးမဒေါင်းရွှေလို မဟုတ်ပါ။ ကျွန်တော်ရောက်လျှင် ထန်းလျက်ကလေး၊ မုန့်ပဲသရေစာကလေးများ ကျွေးတတ်သည်။ တစ်ခါတလေတော့လည်း ဟင်းကောင်းကလေးနှင့် ထမင်းကျွေးတတ်သည်။

တစ်ရက်တွင် မြစ်ကျိုးမှအပြန် မိုးကလည်း သဲသဲမဲမဲ ရွာလျက်ရှိသည်။ ချောင်းတွေမြောင်းတွေ၊ ရိုးတွေထဲ ရေတိုးချိန်ဖြစ်သည်။ ကျွန်တော်သည် ဖြတ်နေကျမို့ "ကိုထူးရိုး" ကို ခပ်ရဲရဲပင် ဖြတ်ကူးပါသည်။ သည်လိုကဘယ်လိုဖြစ်သွားမှန်းမသိပါ။ ခြေထောက်အောက်ကို မထောက်မိသဖြင့် ထောက်မိလိုထောက်မိငြား စမ်း၍ထောက်ကြည့်ရာမှ ရေနစ်ပါလေတော့သည်။ ကန်းစွန်းရွက်တောင်းမှာလည်း လက်ထဲမှ လွတ်ထွက်သွားကာ ရေစီးထဲ မျောပါသွားသည်။

ကျွန်တော်သည် ရေထဲတွင် ယက်ကန်ယက်ကန်နှင့် ရုန်းကန်လှုပ်ရှားရင်းက ရေထဲမျောပါသွားပြီးနောက် ကမ်းစပ်မှချုံပုတ်တစ်ခုကို လှမ်းဆွဲလိုက်သဖြင့် ရေနစ်၍သေရမည့်ဘေးမှ လွတ်သွားပါသည်။ တောင်းကတော့ဘယ်ဆီရောက်သွားမှန်း မသိပါ။ ကြောက်လန့်ထူပူကာ တစ်ကိုယ်လုံးတုန်နေသဖြင့် ကန်စွန်းရွက်တောင်းကိုပင် သတိမရပါ။ အိမ်ရောက်လျှင်တောင်းမပါလာကောင်းလားဟုဆိုကာ မဒေါင်းရွှေက ရိုက်ပါသည်။ သူကရိုက်လေ ကျွန်တော်ကအော်ငို၊ သူကလည်း ကျွန်တော်အော်လေ ရိုက်လေ၊ ရိုက်လေ အော်လေ။

မည်မျှကြာအောင် ရိုက်နေသည်မသိပါ။ စောမောင်အေးရောက်လာ၍ဆွဲမှပင် အရိုက်ရပ်ပါတော့သည်။ ကျွန်တော့်တစ်ကိုယ်လုံး အရိုးတွေကအပြိုင်းပြိုင်းထနေသည်။ အမိမဲ့သားဘဝသည် အလွန်ရင်နာစရာကောင်းလှပါ၏။ ထိုညက ကျွန်တော့်အမေကို အလွန်သတိရမိသည်။ အမေသာရှိလျှင် ယခုလိုဖြစ်မည်မဟုတ်ဟုတွေးပြီး ငိုမိပါသေးသည်။ အဖေ့ကိုတော့စိတ်နာလှပါသည်။

*



(၅)

စောမောင်အေးကိုယ်တိုင်လိုက်ပို့၍ ကျွန်တော်မြစ်ကျိုးရွာသို့ ပြန်ရောက်ခဲ့ပါသည်။ အဒေါ်မှာ ဦးဘိုးမြဆိုသူ မုဆိုးဖိုတစ်ယောက်နှင့် အိမ်ထောင်ကျနေပါပြီ။ ဦးဘိုးမြနှင့် ကျွန်တော့်အဒေါ်မှာ သက်တူရွယ်တူလောက်ရှိပါသည်။ ဦးဘိုးမြသည် ကျွန်တော့်ကို အရောမဝင်ပါ။ နည်းနည်းကလေးမှ စိတ်ဝင်စားသည့် လက္ခဏာမပြပါ။ တကယ်တော့ သူကကျွန်တော့်ကိုမကြည်ဖြူပါ။ သူမကြည်ဖြူမှန်းသိလေ ကျွန်တော်မပျော် လေဖြစ်ရပါသည်။

ထိုအချိန်တွင် ကျွန်တော်၏အသက်မှာ ၁၃ နှစ်ရှိနေပါပြီ။ ကလေးဘဝကတည်းက သူတစ်ပါး၏မျက်ရိပ်မျက်ခြည်ကိုကြည့်၍ နေခဲ့ရသောဘဝမို့ ဦးဘိုးမြ၏အရိပ်အကဲကို ကျွန်တော်သိပါသည်။ ကျွန်တော်နှင့်ဦးဘိုးမြတာရှည်နေ၍ ဖြစ်မည်မဟုတ်ပါ။

ကံအားလျော်စွာပင် ဦးဘိုးမြ၏ပထမအိမ်ထောင်နှင့် ရသည့်သားမှမွေးသော မြေးမောင်ငယ်နှင့် ရင်းနှီးလာပါသည်။ မောင်ငယ်က သူ့အဘိုးထံလာလည်ရင်းမှ ခင်မင်လာခြင်းဖြစ်ပါသည်။ မောင်ငယ်က ကျွန်တော့်ကို အလွန်ခင်ပါသည်။ သူ့အဖေမှာ သူငယ်ငယ်ကတည်းက မြွေကိုက်၍သေသွားသဖြင့် သူ့အမေမုဆိုးမနှင့်နေပါသည်။သူတို့မောင်နှမနှစ်ယောက်စလုံးက ကျွန်တော့်ကိုချစ်ကြပါသည်။ မောင်ငယ်တို့မှာလည်း အလွန်ဆင်းရဲကြပါသည်။ မအေကလည်း ကောင်းကောင်းမမာသဖြင့် သိပ်ပြီးမလုပ်နိုင်မကိုင်နိုင်ရှာပါ။ မောင်ငယ်ခမျာ ဘုန်းကြီးကျောင်းတွင်ကပ်၍နေရှာပါသည်။

ကျွန်တော့်အဖေသည် မြစ်ကျိုးရွာ၌ ရှိနေသော်လည်း ကျွန်တော့်ကိုလုံးဝလာမတွေ့ပါ။ လမ်း၌ဆုံမိကြသောအခါတွင်လည်း မခေါ်ပါ။ မသိသလိုလုပ်ကာ ရှောင်သွားတတ်ပါသည်။ ဘယ်လို အဖေပါလိမ့်။

"အဖေ ငါ့ကိုဘာ့ကြောင့် ဒီလောက်မုန်းတာပါလိမ့်" ဟု တစ်ခါတစ်ရံတွေးမိပါသည်။ အဒေါ်ကတော့ "နင့်အဖေဟာ လူမဟုတ်ဘူးဟဲ့ တိရစ္ဆာန်" ဟု ပြောပါသည်။ အဖေ့ဘက်က ဆွေမျိုးတွေကတော့ ရံဖန်ရံခါကြုံကြိုက်လျှင် ခေါ်ကြသော်လည်း သိပ်ပြီးဟက်ဟက်ပက်ပက် မရှိလှပါ။ မြစ်ကျိုးရွာ

တွင် နေရသည်မှာ အားငယ်လှပါသည်။ မျက်နှာလည်း ငယ်လှပါသည်။

တစ်ရက်တွင် မောင်ငယ်ကခေါ်ရာ ဘုန်းကြီးကျောင်းသို့ လိုက်သွားပါသည်။ ဘုန်းကြီးဦးဝိမလက "ဘယ်ကလဲ၊ ဘယ်သူ့သားလဲ" ဟု မေးရာမှ ကျွန်တော့်အကြောင်းကို သိသွားပါသည်။ ဦးဝိမလက "အသက် ၁၃ နှစ် ကျော်ပြီ၊ စာမတတ်ဘူး။ မင်းဘဝက ဆိုးလှချည်လား၊ ငါ့မွေးစားမယ်၊ ကျောင်းမှာပဲနေရမယ်၊ နေမလား" ဟု မေးပါသည်။ ကျွန်တော်က နေပါမည် ဟု ဖြေလိုက်သည်။ အမှန်တကယ်လည်း နေချင်လှသည်။ မောင်ငယ် စာဖတ်တတ်ပါလျက် ကျွန်တော်စာမဖတ်တတ်သေးပါ။ ကျွန်တော်စာတတ်ချင်လှပါပြီ။

ဘုန်းကြီးဦးဝိမလက ကျွန်တော့်အဖေကို ခေါ်ခိုင်းလိုက်ရာ လိုက်လာပါသည်။ ကျွန်တော့်ကိုမြင်သောအခါ မျက်နှာထားတစ်မျိုး ဖြစ်သွားပါသည်။ ဘုန်းကြီးက ကျွန်တော့်အားစွန့်ပစ်ရကောင်းလားဟု ကြိမ်းမောင်းခံရလိမ့်မည်ဟု ထင်ဟန်တူပါသည်။ ဘုန်းကြီးက မဆူမပူ၊ မကြိမ်း မမောင်းပါ၊ "မင်းသားကို ငါမွေးစားမလို့ သဘောတူသလား" ဟု မေးရာ အဖေက သဘောတူကြောင်း ပြောပါသည်။ ဤသို့ဖြင့် ကျွန်တော်သည် ဘုန်းတော်ကြီးဦးဝိမလ၏ မွေးစားသား ဖြစ်လာခဲ့ရပါသည်။

*

(၆)

ဘုန်းကြီး၏ မွေးစားသားအဖြစ် ကျွန်တော့်ဘဝမှာ သာတောင့်သာယာရှိသလိုလို ဖြစ်လာသည်။ ကောင်းကောင်းစားရပြီး အထိုက်အလျောက်လည်း ဝတ်ရသည်။ စာလည်း သင်လာရသည်။ သို့ပါသော်လည်း ကျွန်တော်၏ မွေးစားဖခင်ဦးဝိမလမှာ စိတ်တိုလွန်းလှ၊ ဒေါသကြီးလွန်းလှပါသည်။ သူ့စိတ်နှင့် အခန့်မသင့်လျှင် တွေ့ကရာနှင့်ကောက်၍ ပေါက်တတ်၊ ရိုက်တတ်သည်။ ရိုက်ပြန်တော့လည်း သက်သက်ညှာညှာ မဟုတ်ပါ။ အဆမတန်အောင်ရိုက်တတ်ပါသည်။

ကျွန်တော့်ကို သုံးလေးကြိမ် ရိုက်ဖူးသဖြင့် သူ့လက်ရာကို ကောင်းကောင်းကြီးသိပါသည်။ တစ်ကြိမ်အရိုက်ခံရလျှင် လေးရက်ကြာမျှ လမ်းမလျှောက်နိုင်ပါ။ ကျွန်တော့်အနေဖြင့် အရိုက်ခံရမည်ကို ကြောက်သဖြင့် လုပ်မှားကိုင်မှား မဖြစ်အောင် အမြဲသတိထားနေရသည်ဖြစ်ရာ အကြောက်နှင့်ယှဉ်နေရသော ဘဝဖြစ်ပါသည်။ သိပ်ပြီးမလွတ်လပ်ပါ။ အမြဲတစေ ကျိုးလန့်စားစား ဘဝမျိုးဖြစ်ပါသည်။



တစ်နှစ်ခန့်အကြာတွင် ဘုန်းကြီး၏မယ်တော်ဒေါ်လှကြီးဆိုသူ ကျောင်းသို့ရောက်လာသည်။ ဘယ်မြို့ဘယ်ရွာကလာသည်ကို မမှတ်မိတော့ပါ။ မယ်တော်ကြီး နာတာရှည်ရောဂါစွဲကပ်နေသဖြင့် ဆေးကုရန် သားဘုန်းကြီးထံသို့ ရောက်လာခြင်းဖြစ်ပါသည်။ မယ်တော်ကြီးရောက်လာသည့်ရက်မှစ၍ ကျွန်တော့်တွင် အားချိန်၊ ကစားချိန်ဟူ၍ မရှိတော့ပါ။ စာသင်ချိန်၊ စာအံချိန်ပင် မရတော့ပါ။ အချိန်ရှိသမျှ လူမမာအနီးတွင် ထိုင်၍ စောင့်ပြီး လိုသမျှ ခိုင်းသမျှ လုပ်ပေးရပါသည်။ နေ့ခင်းနေ့လယ်တွင်လည်း ကောင်းကောင်းမနားရ၊ ညကျတော့လည်း ကောင်းကောင်းမအိပ်ရ။

မယ်တော်ကြီးရောက်လာပြီးမှ ဘုန်းကြီးကျောင်းသို့ အမျိုးသမီး တစ်ယောက်အဝင်အထွက်များလာသည်။ အမျိုးသမီးမှာ မခင်မြဆိုသူဖြစ်၍ အသက်သုံးဆယ်ခန့်ရှိပြီး အသားညိုညို၊ ကိုယ်လုံးကိုယ်ပေါက်ခပ်တောင့်တောင့်၊ မျက်လုံးပြူးပြူး၊ နှာခေါင်းပြားပြား၊ နေထိုင်ပုံက ကလက်တက်တက်၊ ပျံတံတံ။

မခင်မြသည် မယ်တော်ကြီးအတွက် မနက်တိုင်း ယာဂုလာပို့သည်။ သူယာဂုလာပို့လျှင် လူမမာအနီး၌ ထိုင်နေသည်ကနည်း၍ ဘုန်းတော်ကြီးအခန်းထဲ၌သာ အချိန်ကုန်သည်က များသည်။ ဘုန်းကြီးက မခင်မြကို မျက်နှာသာအလွန်ပေး၍ မခင်မြကလည်း ဘုန်းကြီးနှင့်စကားပြောလျှင် မျက်စောင်းကလေးချိတ်လိုက်၊ နှုတ်ခမ်းကလေးစူလိုက်၊ လက်သီးဆုပ်ကလေးနှင့် ထုလိုက် လုပ်လာပါသည်။ သူတို့နှစ်ယောက် အနေအထိုင်ပျက်ခြင်းကို မယ်တော်ကြီးက ရိပ်မိသဖြင့် တစ်ရက်တွင် သားဘုန်းကြီးအားခေါ်၍ သတိပေးသည်ကို ကြားရပါသည်။

"သတိထား မောင်ပဥ္စင်း။ အိုးချင်းထားတော့ အိုးချင်းထိသတဲ့၊ ကြိုးချင်းထားတော့ ကြိုးချင်းငြိသတဲ့၊ မိန်းမဖျက်ရင် ပြည်ပျက်သတဲ့။ မောင်ပဥ္စင်းနေပုံထိုင်ပုံ မဟုတ်ဘူး"

"ဟာ ဒကာမကြီးကလည်း မဟုတ်တာ၊ ကျုပ်တို့က ရိုးရိုးပါ"

ဘုန်းကြီးက ဘယ်လိုပင်ရိုးရိုးပါဟု ဆိုခဲ့သော်လည်း မယ်တော်ကြီး ကွယ်လွန်ပြီး တစ်လ၊နှစ်လအကြာတွင် ဦးဝိမလသည် လူဝတ်လဲလိုက်ကာ မခင်မြနှင့် ညားကြလေသည်။ မခင်မြနှင့်ညားသည့်အချိန်မှစ၍ ဘုန်းကြီး ဦးဝိမလသည် ဦးကျော်ထူးဖြစ်လာသည်။ ဦးကျော်ထူးနှင့် မခင်မြမှာ အသက်ဆယ်နှစ်ခန့်ကွာသဖြင့် ဘာမဆို မခင်မြအလိုသို့သာ လိုက်ရသည်။ မခင်မြမကြိုက်တာဆိုလျှင် ဦးကျော်ထူးမလုပ်ရဲ။ မခင်မြက သေဆိုသေ၊ ရှင်ဆိုရှင်။

ဤလိုအခြေအနေမျိုးတွင် ကျွန်တော်၏မွေးစားဖခင် ဘုန်းကြီးလူထွက်ဦးကျော်ထူးသည် ကျွန်တော့်အတွက် အားကိုးနိုင်သည့် လူမဟုတ်တော့ပေ။ ဦးကျော်ထူးက အိမ်မှာအဖော်အလှော်ရအောင် ကျွန်တော့်ကို ခေါ်ထားပါရစေဟုပြောရာ မခင်မြက မလိုဟုဆိုသည်။ ရွာထဲတွင် သူ့အဖေရင်းရှိပါလျက် အိမ်ပေါ်တင်၍ အပိုသက်သက်ကျွေးထားရလျှင် ဝန်ထုပ်ဝန်ပိုး တက်သည်ဟု ပြောသည်။

ကျွန်တော်လည်း အားကိုးအားထားမရှိ။ အဒေါ်ထံသို့လည်း မပြန်ချင်။ ဘုန်းကြီးကျောင်းမှာ ဆက်နေဖို့ကလည်း မလွယ်။ အဖေကလည်း ပြန်ကြည့်သည်မဟုတ်။ နောက်ဆုံးတွင် သူငယ်ချင်းမောင်ငယ်က ခေါ်သဖြင့် သူတို့အိမ်သို့လိုက်နေရလေသည်။

*

(၇)

မောင်ငယ်တို့အိမ်တွင် သူ့အမေဒေါ်ငြိမ်း၊ သူ့နှမ မပန်းနှင့်မောင်ငယ်တို့သုံးဦးရှိရာ ကျွန်တော်ရောက်သွားတော့ လေးဦးဖြစ်လာသည်။ ကျွန်တော့်အနေဖြင့် အားမနာလျှာမကျိုးထိုင်စားနေ၍ မဖြစ်သဖြင့် မောင်ငယ်နှင့်အတူ 'ကွန်လှေပဲ့ကိုင်' လုပ်သည်။ ကွန်လှေဆိုသည်မှာ ကွန်ပစ်သည့်လှေကို ခေါ်ခြင်းဖြစ်သည်။ ကွန်လှေတစ်စီးတွင် လူနှစ်ဦးပါသည်။ ဦးကနေသူကို 'ဦးစီး' ဟုခေါ်၍ ဦးစီးလုပ်သူက လှေဦးမှရပ်၍ ကွန်ပစ်ရ၏။ ပဲ့ကိုင်နေသူမှာ "ပဲ့ကိုင်" ဖြစ်၍ သူ့အလုပ်မှာ ဦးစီးကွန်ပစ်ရာ၌ ချောမောအောင် ပဲ့ကိုင်ပေးရသည်။



ညနေလေးနာရီခန့်တွင် အင်းထဲဆင်း၍ တစ်ညလုံးလုပ်ရသည်။ နောက်တစ်နေ့ မနက်လေးနာရီခန့်ကျမှ အင်းထဲမှပြန်တက်ရသည်။ အင်းထဲမှရသမျှ ငါးများကို ချိန်ပြီးသော် အမောပြေတစ်မှေးအိပ်စက်ရသည်။ အိပ်သည်ဆိုရသော်လည်း ကြက်အိပ်ကြက်နိုးသဘောမျိုးဖြစ်၏။ ကြာကြာအိပ်၍မဖြစ်။ မနက်ငါးနာရီသာသာလောက်တွင် ကွန်ပစ်ပြန်ဆင်းရသည်။ နေ့ခင်းဆယ့်နှစ်နာရီထိုးခါမှပင် အင်းထဲမှပြန်တက်ပြီး ကွန်ဆေးနေလှန်းလုပ်ကာ ထမင်းစားရသည်။ ပြီးတော့ တစ်ရေးတစ်မောအိပ်။ ညနေသုံးနာရီခွဲလောက်ကျတော့ ထပြီးရေမိုးချိုးပြီး ကွန်ဖာရသည်။ ကွန်ဖာပြီးသည်နှင့်တစ်ပြိုင်နက် တစ်ကျော့တစ်ဖန်ကွန်ပစ်ပြန်ဆင်းရပြန်လေသည်။

တကယ်တော့ ကွန်လှေပဲ့ကိုင်အလုပ်မှာ ပင်ပန်းလွန်းလှပါသည်။ အိပ်ကောင်းခြင်း မအိပ်ရ။ စားကောင်းခြင်း မစားရဆိုသည့် အလုပ်မျိုးဖြစ်ပါသည်။ အဆိုးဆုံးမှာ တစ်နေ့လုံး၊ တစ်ညလုံးရေထဲတွင် သွားလာလှုပ်ရှားရခြင်းဖြစ်ပါသည်။ ကောင်းကောင်းမစားရ၊ ကောင်းကောင်းမနေရသည့် ဘဝတွင် ကျင်လည်ခဲ့ရသောကျွန်တော့်မှာ ကျန်းမာရေးကမကောင်းလှပါ။ အသက်အရွယ်နှင့် မလိုက်အောင် သေးကွေးကြုံလှီလှပါသည်။

ကျွန်တော့်ကျန်းမာရေးနှင့် ကွန်ပစ်အလုပ်မှာ မအပ်စပ်သော်လည်း ကျွန်တော်မတတ်နိုင်ပါ။ ဤအလုပ်မှတစ်ပါး အခြားဘာအလုပ်မျှမရှိသည့် ဒေသတွင် ဤလုပ်ငန်းသာလျှင် ထမင်းတစ်လုပ်မှန်မှန်စားရမည်ဖြစ်သည် မဟုတ်ပါလား။

ကွန်လှေပဲ့ကိုင်အလုပ်ဖြင့် တစ်လခြောက်ဆယ်ကျပ်ရသဖြင့် တောနေတောစားဘဝတွင် လုံလောက်ပါသည်။ အနေကြာလာတော့လည်း ပဲ့ကိုင်အလုပ်သာမဟုတ်။ ရံဖန်ရံခါ ဦးစီးအလုပ်ကိုပါဝင်၍ လုပ်ပါသည်။ လုပ်စတွင် အလွန်ပျော်ခဲ့မိပါသည်။ လက်မစီးကွန်ခေါ် ကွန်ကြဲပစ်လိုက်၍ ငါးကြင်းလုံး၊ ငါးအုံတုံ၊ ငါးမျက်ဆန်နီ၊ ငါးပတ်စသော ငါးကြီးများရလျှင် အလွန်အားရသကဲ့သို့ ကွန်စိပ်ပစ်၍ ငါးဘဲ၊ ငါးသန်ချိတ်စသော ငါးသေး၊ ငါးနုပ်များ တစ်မြုံကြီးရလာလျှင်လည်းအလွန်ပျော်ခဲ့မိပါသည်။

ကွန်အလုပ်ဖြင့် သုံးနှစ်ခန့်နေခဲ့ရာ မြစ်ကျိုးရွာတစ်ဝိုက်ရှိ အင်းများတွင် ကျွန်တော်မရောက်ခဲ့ဖူးသည့် အင်းမရှိ။ တစ်ကြိမ်တွင် ဟသ်ာတမြို့ထဲမှ ဒူးယားအင်းကိုပင် ရောက်ခဲ့ပါသည်။ အလုပ်က ပင်ပန်းလွန်း၍ စိတ်ညစ်လှပါသည်။ ဘယ်လောက်ပင်စားစား ကျွန်တော့်တွင်ဝလာသည် မရှိ။ ပိန်ကြုံချည့်နဲ့လျက်သာရှိသဖြင့် ကျွန်တော့်ဘဝ ကျွန်တော်စိတ်ပျက်လာသည်နှင့်အမျှ နေထိုင်ရသည်မှာ အလွန်အားငယ်လှပါသည်။

အမှန်တော့ ကျွန်တော့်ဘဝသည် စိတ်ပျက်အားငယ်နေ၍ဖြစ်သည့် ဘဝမဟုတ်ပါ။ ကျွန်တော့်ဘဝကို ကျွန်တော်သာ ဖန်တီးရမည်ဖြစ်ရာ အသက်နှင့် ကိုယ်မြဲနေသမျှတော့ ရုန်းကန်လှုပ်ရှားရမည်ဖြစ်ပါသည်။

တစ်နှစ်သော မိုးဦးကျကွန်ပစ်လုပ်ငန်းနားချိန်တွင် ကျွန်တော်နှင့် မောင်ငယ်တို့မြစ်ကျိုးရွာသို့ ပြန်လာခဲ့ကြသည်။ မြစ်ကျိုးရောက်တော့ ထုံးစံအတိုင်း မောင်ငယ်တို့အိမ်မှာပင်နေသည်။ ဘယ်သူ့ထံကိုမျှ မသွား။ သွားစရာလည်းမရှိ။ သွားချင်စိတ်လည်းမရှိ။ ကျွန်တော့်ဘဝသည် နိမ့်ကျသောဘဝမို့ နင်းခင်း၍ လျှောက်လိုသူသာများသည်ဟု ထင်သည်။ ထိုအထင်ကြောင့်လည်း ဘာသာလဝါနေခြင်းဖြစ်သည်။

တစ်ညတွင် မွေးစားဖခင်ဦးကျော်ထူးသည် ကျွန်တော်နေသည့် မောင်ငယ်တို့အိမ်သို့ ရောက်လာသည်။ သူ့ကိစ္စတစ်ခုနှင့် ရန်ကုန်သွားမည်။ ရောင်းစရာပစ္စည်းများ သယ်စရာရှိ၍ ကျွန်တော့်အားအဖော်အဖြစ် လိုက်စေချင်သည်ဟု ပြောပါသည်။ ကောင်းကောင်းနေမကောင်း၍ မလိုက်ချင်သော်လည်း ရန်ကုန်သို့ရောက်ဖူးချင်၍ လိုက်လာခဲ့ပါသည်။

ဦးကျော်ထူးယူလာသည့်ပစ္စည်းများမှာ သူကျောင်းထိုင်ဘုန်းကြီးဘဝတုန်းက စုဆောင်းထားသည့် ပန်းကန်၊ သက်န်း၊ ဖျာစသောပစ္စည်းများဖြစ်ပါသည်။ ဒလမြို့ရှိ သူ့အသိ ဘုန်းကြီးကျောင်းတစ်ကျောင်းတွင် တည်းပါသည်။ ရောက်သည့်ညမှာပင် ကျွန်တော်ဖျားပါသည်။ အကြီးအကျယ်ဖျားခြင်းဖြစ်၍ လူမှန်းသူမှန်းပင် မသိပါ။ ဦးကျော်ထူးက ဆေးတိုက်သော်လည်း ကူဖော်လောင်ဖက်ရလိုရငြား ခေါ်လာသူက ဖျားနေသဖြင့် ဒေါပွလျက်ရှိပါသည်။ ကျွန်တော့်အပေါ် မကျေမနပ်ဖြစ်ကာ တဖျစ်တောက်တောက်နှင့် ပြော၍မဆုံး၊ အပြစ်တင်၍မဆုံး ဖြစ်နေပါသည်။



သုံးရက်ကြာတော့လည်း အဖျားက မသက်သာပေ။ ကျွန်တော်ဖျားပြီဆိုကတည်းက ဒေါပွနေပြီဖြစ်သော ဦးကျော်ထူးသည် နောက်တစ်ခေါက်မှ ကျွန်တော့်အား ခေါ်မည်ဆိုကာ ဘုန်းကြီးကျောင်းတွင် ထားခဲ့ပြီး ရွာသို့ပြန်သွားလေတော့သည်။

ဦးကျော်ထူး ပြန်လာမည့်ရက်ကို တမျှော်မျှော်နှင့်စောင့်ပါသော်လည်း ပေါ်မလာပါ။ ကျွန်တော် ဘာလုပ်ရပါမည်နည်း။ မြစ်ကျိုးလည်း မပြန်ချင်ပါ။ မြစ်ကျိုးမပြန်လျှင် ကျွန်တော်ဘယ်မှာနေမည်နည်း။ ဒလဘုန်းကြီးကျောင်းမှာတော့ ကပ်မနေချင်။ သည်သို့ဆိုလျှင် ကျွန်တော် ဘယ်မှာနေမည်နည်း။ သို့သော်–

တစ်နေ့သောမနက်တွင် ဦးကျော်ထူးပေးထားခဲ့သော ငွေတစ်ဆယ်နှင့် ဒလမှ ရန်ကုန်သို့ကူးခဲ့ပါသည်။

*

## (၈)

ရန်ကုန်တွင် ကျွန်တော်မသွားတတ် မလာတတ်ပါ။ ဘတ်စ်ကားပင် မစီးတတ်သဖြင့် ခြေဦးတည့်ရာလျှောက်သွားပါသည်။ ဘယ်နေရာတွေ ရောက်နေမှန်းလည်း မသိပါ။ နောက်ဆုံးလျှောက်ရတာမော၍ ဘုရားတစ်ဆူ၏ ရင်ပြင်တော်ပေါ်၌ ခဏတစ်ဖြုတ်နားပါသည်။ မုန့်ဝယ်စားရင်း မုန့်သည်အား 'ဘာဘုရားခေါ်လဲ' ဟုမေးကြည့်ရာ ဗိုလ်တထောင်ဘုရားဟု ပြောပါသည်။

ဗိုလ်တထောင်ဘုရားပေါ်တွင် နားနေရင်းမှပင် ကျွန်တော်၏ရှေ့ရေးကို စဉ်းစားတွေးတောမိပါသည်။ ရွာပြန်မည်လား၊ ရန်ကုန်မှာနေမည်လား။ ကျွန်တော်စဉ်းစား၍ မရပါ။ ထိုစဉ်မှာပင် ကျွန်တော့်အနီးသို့ ကျွန်တော်နှင့် သက်တူရွယ်တူ လူရွယ်တစ်ယောက်ကပ်လာပြီး ကျွန်တော့်အား အကဲခတ်သလို ကြည့်နေပါသည်။ နောက်တော့ ကျွန်တော်နှင့် မနီးမဝေးတွင် ဝင်ထိုင်သည်။ အသားက ညိုညစ်ညစ်၊ မျက်စိမှေးမှေး၊ နှာခေါင်းကြီးကြီး၊ သွားခေါခေါ၊ အရုပ်က ဆိုးရသည့်အထဲ ဆံပင်က ရှည်လိုက်သေးသည်။ ဝတ်ထားသည့်အင်္ကျီနှင့် ဘောင်းဘီများမှာလည်း ကြေးအထပ်ထပ်နှင့်။

"မင်း လိပ်ကန်ဘက် မသွားဘူးလား"

သူကစ၍ စကားပြောပါသည်။

"မသွားဘူး၊ လိပ်ကန်က ဘယ်နားမှာလဲ"

"ဟိုဘက်မှာလေကွာ။ မင်းရန်ကုန်က မဟုတ်ဘူးထင်တယ်၊ ဒီဘုရားကို တစ်ခေါက်မှမရောက်ဖူးဘူးလား"

"အေး၊ ရန်ကုန်ကို အခုမှရောက်ဖူးတာ။ ငါကသုံးဆယ်က မင်းက ရန်ကုန်ကပဲလား"

"ဟုတ်တယ်၊ ငါနေတော့ သာကေတမှာ နေတယ်။ မင်း ရန်ကုန်မှာ ဘယ်နားနေတာလဲ"

ကျွန်တော်အမှန်အတိုင်းဖြေရမည်လား၊ သူ့ကို တစ်ချက်အကဲခတ်ရပါသေးသည်။

"ငါ ဒလဘုန်းကြီးကျောင်းမှာ ခဏနေတယ်၊ အခုအဲဒီက လာတာ"

"လာကွာ၊ လိပ်ကန်ဘက်သွားရအောင်"

လိပ်ကန်ဘေးဟွင်ထိုင်၍ စကားပြောကြပြန်သည်။ သူက ကျွန်တော့်အကြောင်းမေး၍ ကျွန်တော်ကသူ့အကြောင်းမေးသည်။ သူ့နာမည် စိန်ထွေး၊ အသက် ၁၃ နှစ်၊ သူ့အဖေက ဦးဘတင်၊ အမေက ဒေါ်မြိုင်။ အဖေက ရုံးကားမောင်း၍ လစာက တစ်ရာရသည်။ သူကျောင်းနေခဲ့ဖူးသော်လည်း မကြာခဏ ကျောင်းပြေးသဖြင့် စတုတ္ထတန်းပင် မအောင်ခဲ့။ ခုဆို အိမ်ကထွက်ပြေးနေသည်မှာ ခြောက်လခန့်ရှိပြီး ပထမအကြိမ် ပြေးစဉ် က သူ့အမေလိုက်ခေါ်သဖြင့် အိမ်ပြန်လိုက်သွားသည်။ သုံးလေးရက်နေပြီး သူ့အဖေကရိုက်၍ခေါ်ရသည်။ အိမ်ပြန်ရောက်ပြန်သည်။ ၁၀ ရက်လောက်နေတော့ ပြေးခဲ့ပြန်သည်။ ယခုတစ်ကြိမ်ကျတော့ အိမ်မှလိုက်မလာတော့။

သူ့အဖြစ်မှာ ကျွန်တော့်အဖို့ အံ့သြစရာကြီး ဖြစ်နေသည်။ အဖေရော အမေပါရှိလျက် ဘာကြောင့်အိမ်မှာမနေချင်ရသနည်း။ အဖေနှင့်အမေတို့က မချစ်လို့လား၊ သူ့အပြောတော့ အဖေကရော အမေကပါ သူ့ကိုချစ်ကြသည်။ သူ့ကို ပညာတတ်စေချင်ကြသည်။ လိမ်မာစေချင်ကြသည်။ အနို့ ဘာကြောင့် သူ အိမ်ကထွက်ပြေးနေရသနည်း။ သူ့အဖြေကတော့ ရှင်းရှင်းလေးပင်။



"ငါ အိမ်မှာကို မနေချင်တော့ဘူး။ စိတ်ညစ်တယ်။ ဒါ့ကြောင့် ပြေးတာ"

ကျွန်တော့်အဖို့တော့ စိန်ထွေးနှင့်တွေ့ရသဖြင့် အစစအရာရာအဆင်ပြေသွားသည်။ လောလောဆယ် ကြုံနေရသည့် ပြဿနာများပြေလည်သွားသည်။ စိန်ထွေးပြောသည့်အတိုင်း သူနှင့်အတူနေ၍ သူလုပ်သလို လုပ်သွားလျှင် နေစရာထိုင်စရာလည်း ရမည်။ စားစရာ သောက်စရာလည်းရမည်။ အစစအရာရာ အဆင်ပြေမည်။ သို့ဆိုလျှင်။

ကျွန်တော်သည် သူနှင့်အတူနေ၍ သူလုပ်သလို လုပ်သွားရန် ဆုံးဖြတ်လိုက်ပါသည်။

*

## (၄)

ရွာမှာမောင်ငယ်နှင့်နေစဉ်တုန်းကတော့ ကွန်ပစ်၍ ငါးတွေဖမ်းရသည်။ ရလိုက်သည့်ငါးတွေ တပုံတပင်။ အခုစိန်ထွေးနှင့်ကျတော့ ကီလီဈေးတစ်ပိုက်တွင် ငါးလိုက်ခိုးရသည်။ ရတော့ တစ်ကောင်နှစ်ကောင်၊ ဘေးကမြင်သွားလျှင် အဖမ်းအဆီးခံရမည်။ အရိုက်အနှက်အကန်အကြောက် ခံရမည်။ အဆင်မသင့်လျှင် အချုပ်ခန်းထဲ ရောက်သွားနိုင်သဖြင့် သတိကြီးစွာထား၍ ခိုးရသည်။ လူလစ်မှသာ နှိုက်လို့ရသည်။ တစ်ခါနှိုက်ပါမှ ရသည့်ငါးက တစ်ကောင်နှစ်ကောင်။ အများဆုံးရပါမှ လေးငါးကောင်ထက်မပို။

ခိုးလို့ရလာသည့် ငါးများကို နီးရာကြုံရာဖောက်သည်များထံ သွားရောင်းသည်။ တစ်ခါတစ်ရံတွင် ဗောတံတားအထက်တွင်ထိုင်၍ ရောင်းသည်။ ရလာသည့်ငွေဖြင့် စားကြသောက်ကြ၊ ပွဲကြည့်ကြ၊ ရုပ်ရှင်ကြည့်ကြ။ အတွေ့အကြုံရင့်ကျက်နေသော စိန်ထွေးသည် ကျွန်တော့်အား "ငါးခိုးနည်း" သင်ပေးသည်။ သူကတော့ ဈေးဝယ်များထံမှ ရရာပစ္စည်းများ အလစ်သုတ်ခြင်း၊ ကြယ်သီး၊ ဆွဲကြိုးဖြတ်ခြင်းစသည်များကိုလုပ်သည်။ အိပ်တော့ ဗောတံတားအောက်၌ အိပ်ကြသည်။

တစ်ခါတစ်ရံတွင် ကျွန်တော်တို့သည် ဘုရားပွဲများရှိရာသို့သွား၍

လစ်သလိုကြဲ့သလို အကြံအဖန်လုပ်ကြသည်။ စိန်ထွေးသည် လက်ရဲဇက်ရဲရှိလှ၏။ အိမ်မောကျနေသူများထံမှ ငွေနှိုက်ယူခြင်း၊ ပစ္စည်းဖြုတ်ယူခြင်းစသည်များကို လုပ်သည်။ ပွဲဈေး လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်နှင့် အခြားဆိုင်များမှ ရရာပစ္စည်းများကို 'တို' သည်။

ကျွန်တော်ကတော့ စိန်ထွေးလုပ်သလို မလုပ်ရဲပါ။ သူလုပ်သမျှကြည့်ရုံမြင်ရုံ၊ အတုခိုးရုံမျှသာ ရှိပါသည်။ အကြံအဖန်လုပ်၍ အဆင်ပြေပြေ မပြေပြေပွဲနှင့်ရုပ်ရှင်ကိုတော့ကြည့်သည်။ ပိုက်ဆံမရှိလျှင် ထရံကိုဖြဲ၍ ဝင်လိုသည်။ ရုံထဲရောက်တော့ ဇာတ်ပွဲကိုကြည့်၊ လစ်လျှင်တို၊ အိပ်ချင်လျှင်အိပ်။

တစ်ညတွင် ကျွန်တော်တို့သည် ဆူးလေဘုရားပွဲသို့သွား၍ ရွှေမန်းပွဲကြည့်ကြသည်။ ညနာရီပြန်တစ်ချက်ခန့်တွင် စိန်ထွေးသည် ပက်လက်ကုလားထိုင်နှင့် ပွဲကြည့်နေသူများ၏ နောက်နား၌ရပ်နေရာမှ အိပ်နေသူတစ်ဦးထံမှ ဆွဲကြိုးကိုဖြုတ်သည်။ အမှန်တော့ ပက်လက်ကုလားထိုင်ပေါ်မှမိန်းမသည် အိပ်မောကျနေခြင်းမဟုတ်၊ မှိန်းနေခြင်းမျှဖြစ်သဖြင့် စိန်ထွေး၏လက်ကို ဖမ်းဆွဲထားပြီး အော်ဟစ်အကူအညီတောင်းသည်။

ဘေးမှလူများက စိန်ထွေးအား ဝိုင်းဖမ်းကြသည်။ စောစောက စိန်ထွေးနှင့်အတူတူရပ်နေသည်ကို သတိထားမိခဲ့သူများက ကျွန်တော်အား လက်ညှိုးထိုးပြပြီး 'ဒီကောင်လည်း ပါတယ်' ဟု ပြောသဖြင့် ကျွန်တော့်ကိုပါ ဝိုင်းဆွဲထားကြသည်။ တချို့ကဝင်၍ လက်သီးနှင့်ထိုးကြသည်။ နရင်းအုပ်ကြသည်။ လက်သီးတစ်ချက်သည် ကျွန်တော့်နှာခေါင်းကိုထိသဖြင့် သွေးတွေထွက်ကျလာသည်။ ရင်ဘတ်တစ်ခုလုံး သွေးတွေနှင့်စိုရွှဲကာ မြင်မကောင်းဖြစ်နေပါသည်။

ထိုညက ကျွန်တော်တို့သည် ကျောက်တံတားရဲစခန်းရှိ အချုပ်ထဲ၌ အိပ်ကြရသည်။ ကျွန်တော်ကရဲများအား ငိုယိုပြီး တောင်းပန်သည်။ စိန်ထွေးကလည်း 'နောက်ကိုဘယ်တော့မှ မလုပ်တော့ပါဘူး' ဟု အမျိုးမျိုးကျိန်တွယ်ပြီးပြောသည်။ ရဲများက ကျွန်တော့်အား သနားကြဟန်တူသော်လည်း စိန်ထွေးအပေါ်မှာတော့ ယုံကြည်ကြဟန်မတူပါ။

"အေး ကောင်းပြီ၊ ဒီတစ်ခါ မင်းတို့ကိုလွှတ်လိုက်မယ်။ ဟို အကောင်



လေးနော်။ မင်း သတိထား၊ မင်းက 'ငတို' ရုပ်။ နောက်တစ်ခါဆိုရင် ထောင်ထဲရောက်သွားမယ်" ဟု လူဆိုးထိန်းတစ်ဦးက သတိပေးပြီးပြန်လွှတ်ပေးလိုက်ပါသည်။

ထိုနေ့မှစ၍ ကျွန်တော်သည် စိန်ထွေးနှင့်တွဲနေရမည်ကို ကြောက်လာသည်။ သို့သော်လည်း ကျွန်တော့်ဘဝသည် အမှီအခိုကင်းမဲ့၍မရ။ သူနှင့်ပင်ဆက်၍တွဲနေရပါသည်။ သူကလည်း ကောင်းရှာသည်။ ကျွန်တော့်အားနေရာတိုင်းကို ခေါ်မသွား၊ သူရလာလျှင် ကျွန်တော့်အား လာခေါ်သည်။ စားချင်တာကျွေးသည်။ တစ်ခါတလေ သုံးစွဲဖို့ပင် ငွေပေးတတ်ပါသည်။

တစ်ညတွင် စိန်ထွေးနှင့်ကျွန်တော် ရုပ်ရှင်သွားကြည့်ကြသည်။ မင်းသားရွှေဘပါဝင်သည့် 'ဝရမ်းပြေးဘိုးသိန်း' ဇာတ်ကားဖြစ်သည်။ ရုပ်ရှင်ကြည့်လို့ကောင်းနေတုန်းမှာပင် ကျွန်တော်နေမကောင်းသလိုဖြစ်လာ သည်။ ပြန်ချင်သော်လည်း စိန်ထွေးကိုခေါ်မရ၍ ပေပြီးထိုင်နေရသည်။ ကျွန်တော်တို့ အိပ်နေကျဗောတံတားအောက်ရောက်တော့ ညဆယ့်တစ်နာရီထိုးနေပြီ။

ညနာရီပြန်တစ်ချက်အချိန်ခန့်တွင် ကျွန်တော်နိုးလာသည်။ကျွန်တော်၏ ညာဘက်လက်မှာ လှုပ်၍မရတော့ပါ။ စိန်ထွေးကိုနှိုး၍ ပြောသည့်အခါ စိန်ထွေးကကျွန်တော့်အဖြစ်ကိုကြည့်ပြီး ကီလီဈေးမှအလုပ်သမားများနှင့်ချေးသည်များကို ခေါ်လာပါသည်။ လူကြီးများက ခေါင်းဆောင်၍ ကျွန်တော့်အား သုံးဘီးကားနှင့် ဆေးရုံကြီးအရေးပေါ်ဌာနသို့ ပို့ကြသည်။ အရေးပေါ်ဌာနတာဝန်ကျဆရာဝန်က ကျွန်တော်အားစမ်းသပ်စစ် ဆေးပြီး ဆေးရုံတက်ရမည်ဟု ဆိုပါသည်။ ဤသို့ဖြင့် ကျွန်တော်သည် ဆေးရုံကြီးသို့ ရောက်ခဲ့ရပါတော့သည်။

*

(၁၀)

မိမရှိ ဖမရှိ ဆွေမျိုးမရှိ တစ်ကောင်ကြွက်ဖြစ်နေသော ကျွန်တော်အား ဆရာဝန်၊ ဆရာမများက သနားကရုဏာထားကြသည်။ စေတနာမေတ္တာအပြည့်အဝထား၍ ဆက်ဆံကြသည်။ သူတို့နှင့်တွေ့ခါမှပင် လောကကြီးမှာ ဆိုးသူတွေရှိသလို ကောင်းသူတွေလည်း ရှိပါသေးကလားဟု တွေးမိ

ပါသည်။

ဆေးရုံပို့သည့်ညက စိန်ထွေးသည် ဆေးရုံအထိ လိုက်လာပါသည်။ ကျွန်တော့်လက်ထဲသို့ ငွေနှစ်ရာကျော်ထည့်ပေးသွားသည်။ လေးငါးဆယ် ရက်ခန့်ကြာတော့ သူတစ်ခေါက်ရောက်လာသည်။ ကျွန်တော်နှင့်မတွေ့ပါ။ ဆေးရုံရှိ ဆရာမတစ်ယောက်မှတစ်ဆင့် ငွေသုံးရာကျော် ပေးသွားသည်။ ထို့နောက်တော့ လုံးဝပေါ်မလာတော့ပါ။ သူမလာ၍လည်း အပြစ်တင်လို့ မဖြစ်ပါ။ သူ့ခမျာမှာလည်း သူ့အကြောင်းနှင့်သူ အိမ်ပြေးလုပ် နေခြင်းဖြစ်ရာ သူ့တစ်ဝမ်းတစ်ခါးအတွက် အမြဲလှုပ်ရှားရုန်းကန်နေရသူ ဖြစ်ပါသည်။

အမှန်ပြောရလျှင် စိန်ထွေးသည် ကျွန်တော့်အပေါ် အထိုက်အလျောက် သံယောဇဉ်ရှိရှာသည်။ သူနှင့်တွဲနေခဲ့ရသည့် ငါးလခန့်အတွင်းသူ့ကြောင့်သာ ကျွန်တော်ဝဝလင်လင်စားခဲ့ရခြင်းဖြစ်၏။ သူ့အကြံအဖန်ကောင်း၍ အဆင်ပြေလျှင် ကျွန်တော့်ထံရောက်အောင်ပြန်လာပြီး အတူတူသွား၊ အတူတူစားရမှ ကျေနပ်သူဖြစ်လေသည်။

စိန်ထွေးတစ်ယောက် မလာတော့၍ ကျွန်တော့်မှာအားငယ်စရာမရှိတော့ပါ။ ကျွန်တော့်ပတ်ပတ်လည်တွင် လူနာတွေ၊ ဆရာမတွေ အများကြီးရှိပါသည်။ လူနာတွေကဆိုလျှင် ကျွန်တော့်ကိုဝိုင်း၍ကျွေးကြမွေးကြ၊ အကျႌလုံချည်ကအစ ပေးကြပါသည်။ ဆေးရုံပေါ်ရောက်မှ ကျွန်တော့်မှာ အခြေအနေတိုးတက်ကာ စိတ်ချမ်းသာရတော့မလိုဖြစ်နေပါသည်။ ဆရာဝန်ကြီးက ကျွန်တော့်ရောဂါမှာ နှလုံးရောဂါဟု ပြောပါသည်။ ကျွန်တော့်ရောဂါကို ခွဲစိတ်ကုသမှသာ ပျောက်နိုင်မည်ဟုလည်း ဆိုပါသည်။ သို့သော်လည်း ကျွန်တော့်ကျန်းမာရေးက ချို့တဲ့လွန်းသဖြင့် အားရှိအောင် ကျွေးရမွေးရ ပြုစုကုရဦးမည်ဟု သိရသည်။

ကျွန်တော်ဆေးရုံပေါ်၌ နားနေခဲ့ရသည်မှာ သုံးလတိတိကြာသည်။ ထိုသုံးလအတွင်း ဝဝစား၍ ကောင်းကောင်းနားခဲ့ရပါသည်။ ဘုန်းကြီးကျောင်းတုန်းက စာသင်ခဲ့ရသဖြင့် စာမတောက်တခေါက်ဖတ်တတ်ခဲ့ရာ ဆေးရုံပေါ်မှ ဟိုစာအုပ်ဆွဲဖတ်၊ သည်စာအုပ်ဆွဲဖတ်နှင့် စာတော်တော်ဖတ်တတ်လာသည်။ ဝတ္ထုတွေကိုပင် စွဲလာသည်။ ဆရာဝန်၊ ဆရာမတွေနှင့် လူနာတွေကလည်း ကျွန်တော်စာဖတ်ချင်အောင် အားပေးသမှုပြုကြပါသည်။



သုံးလလွန်သော် ကျွန်တော့်အားခွဲပါသည်။ ခွဲစိတ်ပေးသည့်ရက်ကို ကျွန်တော်မမေ့သေးပါ။ ကျကျနန မှတ်ထားပါသည်။ ထိုနေ့မှာ ၁၉၆၇ ခုနှစ်၊ မေလ ၁၅ ရက်ဖြစ်၍ ခွဲပေးသူမှာ ဆရာဝန်ကြီးဒေါက်တာဦးခင်မောင်သော်ဖြစ်ပါသည်။

ကျွန်တော့်နှလုံးရောဂါကို ခွဲစိတ်ကုသပေးပြီးသည့်နောက်တွင် ဆေးရုံပေါ်၌ သုံးလခန့်နေခဲ့ရပါသည်။ မိဘဆွေမျိုး မရှိခြင်းကြောင့် ဆေးရုံကြီးမှတစ်ဆင့် ကြည့်မြင်တိုင် နာတာရှည်ရောဂါကုဆေးရုံသို့ ပို့ပေးပါသည်။ ဆေးရုံအုပ်ကြီးမှာ ဆရာဝန်ကြီးဒေါက်တာဦးဖေခင်ဖြစ်ရာ အလွန်သဘောကောင်းပါသည်။ ကျွန်တော်သည် နာတာရှည်ဆေးရုံတွင် သုံးနှစ်ကြာနေခဲ့ရာ စားမှုသောက်မှု၊ နေမှုထိုင်မှုများ အဆင်ပြေပါသော်လည်း ပျင်းလှပါသည်။ တစ်ခုတော့ ကောင်းပါသည်။ ထိုသုံးနှစ်အတွင်း ကျွန်တော် ဝတ္ထု၊ မဂ္ဂဇင်းတွေ အများကြီးဖတ်နိုင်ခဲ့ပါသည်။ ကျွန်တော့်အနေဖြင့် စာတိုကဗျာတိုကလေးများရေးသည့် စာရူးကဗျာရူးတစ်ဦးပင် ဖြစ်လာခဲ့သည်။

နောက်ပိုင်းတွင် ကျွန်တော့်အား ဆေးလူမှုဆက်ဆံရေးဌာနစိတ်မှ သာရောက်ဆက်သွယ်ပြီး အသေးစိတ်မေးမြန်းစုံစမ်းကာ ကျွန်တော့်ဖခင်နှင့်အဆက်အသွယ်ရရန် ဆောင်ရွက်ကြပါသေးသည်။ ကျွန်တော့်အဖေအကြောင်း ကျွန်တော်ကောင်းစွာ သိပါ၏။ ကျွန်တော့်အဖေလောက်အသည်းမာသူသည် ဤလောက၌ ရှိနိုင်အံ့မထင်ပါ။ ရွာတွင်နေစဉ်က လမ်းမှာ ဗျက်နှာချင်းဆိုင်တွေ့ပါလျက် မခေါ်မပြောဘဲ ရှောင်ကွင်းသွားတတ်သော ကျွန်တော့်အဖေသည် ရန်ကုန်မြို့နာတာရှည်ဆေးရုံပေါ်တွင် နှလုံးရောဂါဖြင့် တော်လက်ဖြစ်နေသော ကျွန်တော်အား တကူးတကအပင်ပန်းခံပြီး လာ၍ ကြည့်ပါမည်လော။

ကျွန်တော် မထင်ပါ။ အဖေလာလိမ့်မည်ဟု မတွက်ပါ။ ကျွန်တော့်အဖေလည်းမလာပါ။

*

(၁၁)

ဆေးလူမှုဆက်ဆံရေးဌာန၏ အကူအညီဖြင့် ကျွန်တော်သည် သမိုင်း

ကျိုက်ဝိုင်းဘုရားလမ်းရှိ မသန်မစွမ်းဆေးရုံသို့ ပြောင်းခဲ့ရပါသည်။ လေဖြတ်ထားသဖြင့် ကောင်းစွာမလှုပ်နိုင်မရှားနိုင်ဖြစ်နေသော ကျွန်တော်၏ ညာဘက်လက်နှင့် ညာခြေထောက်များကို သန်စွမ်းအောင်ကုသခံရပါသည်။ ဆရာဝန်ကြီး ဒေါက်တာလှဖေသည် နှုတ်မချိုသော်လည်း လူနာအပေါ်တွင် စေတနာကရုဏာအပြည့်ထားသူဖြစ်ပါသည်။

မသန်မစွမ်းဆေးရုံတွင် ကြာကြာမနေခဲ့ရပါ။ ခြောက်လခန့်သာ ကြာမည်ထင်ပါသည်။ ကျွန်တော်၏ခြေနှင့်လက်များမှာ ယခင်ကနှင့်စာလျှင် များစွာလှုပ်ရှားလို့ရလာပြီဖြစ်ပါသည်။ ဆရာဝန်ကြီး ဒေါက်တာလှဖေမှတစ်ဆင့် ပညာသင်စခန်းတစ်ခုသို့ ရောက်ခဲ့ရပြီး စာအုပ်ချုပ်သင်တန်းတက်ခဲ့ရပါသည်။ ပြင်းထန်သော နှလုံးရောဂါဒဏ်ခံနေရသဖြင့် ခပ်ယဲ့ယဲ့ဖြစ်နေသော ကျွန်တော့်အဖို့ သိပ်ပြီးပင်ပင်ပန်းပန်း မလုပ်ရသောစာအုပ်ချုပ်သင်တန်းသာလျှင် အသင့်လျော်ဆုံးဖြစ်ပါသည်။

ယခုဆိုလျှင် ကျွန်တော်စာအုပ်ချုပ်ပညာကို တတ်နေပါပြီ။ အသက်မွေးမှုအတွက် ပညာတစ်ခုရခဲ့ပြီဖြစ်သော်လည်း ထိုပညာဖြင့် ကျွန်တော့်ဘဝကို ကျွန်တော်ကျောင်းနိုင်ပါမည်လော။ ကျွန်တော်အမြဲတစေတွေးပါသည်။ တွေးလိုက်တိုင်းလည်း ရင်လေးလှပါသည်။ ကျွန်တော်အား ဖိစီးနှိပ်စက်လျက်ရှိသော နှလုံးရောဂါသည် ကျွန်တော့်၏ဘဝလမ်းကြောင်းပေါ်တွင် အလွန်ကြီးမားသောအဟန့်အတားကြီးတစ်ခုသဖွယ် မားမားမတ်မတ်ရပ်လျက်ရှိနေပါသည်။

ကျွန်တော်သည် အမိမဲ့သားဖြစ်လာရသောဘဝကို နာကြည်းလှပါ၏။

❑

# ဝက်ကုတ်

လူတိုင်းကသူ့ကို ဝက်ကုတ်ဟုခေါ်ကြသဖြင့် ကျွန်တော်ကလည်း ဝက်ကုတ်ဟုပင် ခေါ်ပါသည်။ ဝက်ကုတ်သည် အရုပ်ဆိုးလှသည်။ သူ့ကိုမြင်လျှင် "အသားမည်းမည်း သရဲနှင့်တူသည်" ဟူသောစကားကို သတိရချင်စရာ ကောင်းပါသည်။ ရုပ်မလှသော်လည်း သဘောကတော့ မဆိုးရှာပါ။ သည်းခံစိတ်လည်း ရှိသည်။

ဝက်ကုတ်သည် ငြိမ်ငြိမ်ဆိမ်ဆိမ်မနေတတ်ပါ။ သူ့လက်များနှင့်သော်လည်းကောင်း၊ အရာဝတ္ထုတစ်ခုခုနှင့်သော်လည်းကောင်း နီးရာစားပွဲ၊ ကုလားထိုင်ခုံတန်းစသည်များကိုခေါက်၍ ဆိုင်းတီးနေတတ်သည်။ သူ့အပေါင်းအသင်းများက သူ့ကို "လက်ဆိုင်း၊ ပါးစပ်ဆိုင်း တီးတဲ့နေရာမှာ ဝက်ကုတ်ဗိုလ်ပဲ။ သူသေရင် ဆိုင်းငှားစရာမလိုဘူး။ သူ့ဆိုင်းနဲ့သူ စရိတ်ငြိမ်းသွားမှာ" ဟု ဆိုကြသည်။

အမှန်တော့ ဝက်ကုတ်သည် ဆိုးချင်သူမဟုတ်ပါ။ သူက မဆိုးချင်သော်လည်း သူ့မိသားစုပတ်ဝန်းကျင်က ဆိုးနေသဖြင့် သူ့ဘဝအဆင်မပြေ

ဖြစ်နေသည်ဟုပင် ယူဆပါသည်။ သူသည် သူ့မိခင်ကိုသနားကြောင်း မကြာခဏထုတ်ဖော်ပြောပြတတ်သည်။ သူ့မိခင်ကို ကျွန်တော်တွေ့ဖူးပါသည်။ သူ့မိခင်မှာ အလွန်ရိုး၊ အလွန်အေ၍ စကားမှလည်လည်ပတ်ပတ် မပြောတတ်ပါ။

ယခင်ကတော့ ဝက်ကုတ်တစ်ယောက် အိမ်သို့မကြာခဏ ပေါက်လာတတ်သော်လည်း ယခုမလာသည်မှာ ကြာပါပြီ။ သူရထားသည့်အလုပ်ကလေးနှင့် အတည်တကျမှ ရှိပါလေစဟုစိတ်ပူမိပါသည်။ ဝက်ကုတ်တစ်ယောက် ဘာမှမဖြစ်ပါစေနှင့် အဆင်ပြေပါစေဟု ကျွန်တော်ဆုတောင်းနေပါသည်။

*

(၁)

ကျွန်တော့်အဖေက မှည့်ထားသည့်နာမည်မှာ 'လှပို' ဖြစ်ပါသည်။ သို့သော်လည်း မည်သူကမျှ 'လှပို' ဟု မခေါ်ကြပါ။ သူငယ်ချင်းတွေကရော ညီအစ်ကိုမောင်နှမတွေကပါ "ဝက်ကုတ်" ဟု ခေါ်ကြပါသည်။ ကျွန်တော်ဆိုဗီယက်ပြန် ဦးမောင်မောင်ဆပ်ကပ်ထဲလိုက်စဉ်က ဝက်ဝံအကုတ်ခံရသည်ကိုအကြောင်းပြု၍ ဝက်ကုတ်ဟုခေါ်ကြခြင်းဖြစ်ပါသည်။

ဝက်ကုတ်ဟူသောအမည်ကို မည်သူကစ၍ပေးလိုက်မှန်းမသိပါ။ အတူနေကျောင်းသားထဲမှ တစ်ဦးဦးကစ၍ ခေါ်လိုက်ခြင်းဖြစ်ပါလိမ့်မည်။ ခေါ်စကတော့ ကျွန်တော်ရှက်လည်းရှက်၊ စိတ်လည်းဆိုးသဖြင့် ခေါ်သူများကို ဆဲမိပါသည်။ မခံချင်၍ဆဲပြန်တော့လည်း လက်သီးနှင့်ဝိုင်းထိုးကြသဖြင့် မဆဲဝံ့တော့ပါ။ နောက်တော့ နားယဉ်လာပါသည်။ နားယဉ်လာသည်နှင့်အမျှ ဝက်ကုတ်ဟူသောအမည်သည်လည်း တွင်လာပါလေတော့သည်။

*

(၂)

ကျွန်တော့်အဖေ ကိုခင်မောင်နှင့် အမေမအေးခတို့နေခဲ့သည့် တလိုင်း



ရွာသည် ဟင်္သာတမြို့နှင့် မဝေးကွာလှပါ။ လူကြီးများ ပြောစကားအရဆိုလျှင် နှစ်မိုင်ခန့်သာ ဝေးပါသည်။

ကျွန်တော့်အဖေသည် လက်သမားလိုလို၊ လယ်သမားလိုလို၊ လယ်ကူလီအလုပ်လိုလိုနှင့် ယောင်ခြောက်ဆယ်သမားဖြစ်ပါသည်။ မည်သည့်အလုပ်ကိုမျှ လက်ကြောတင်းအောင် မလုပ်ပါ။ အပေါင်းအသင်းများနှင့် ရွာတကာလှည့်၍ ကြက်တိုက်၊ အရက်သောက်နေသည်က များပါသည်။ လူပေလူတေတစ်ယောက်မို့ သူလိုလူစား လူဆိုးများကမူ သူ့အားခင်မင်ကြပါသည်။

အဖေသည် အကျင့်မကောင်းရသည့်အထဲ အရုပ်ကလည်း ဆိုးလှပါသည်။ သူ့အသားရောင်မှာ ကပ္ပလီက အဖေခေါ်ရလောက်အောင် နက်မှောင်နေပါသည်။ သူ့ကိုမြင်လိုက်လျှင် မီးသွေးခဲကို သတိရကြပါလိမ့်မည်။

အရုပ်ဆိုးအကျည်းတန်ရသည့်အထဲ သူ့မျက်နှာက မာကျောလွန်းသဖြင့် လူအများက ချဉ်ကြသည်မှာ အဆန်းမဟုတ်ပါ။ သူ့မျက်နှာထားမှာ လူအများက သူ့လုပ်စာထိုင်စားနေသည့်ပုံမျိုးဖြစ်ပါသည်။

အမေမအေးခမှာ အဖေလိုအရုပ်မဆိုးပါ။ အသားဖြူ၍ မျက်လုံးပြူးပြူး နှာတံမပေါ့တပေါ်၊ မျက်ခုံးကောင်းကောင်းနှင့် မျက်နှာသွယ်၍ နှုတ်ခမ်းပါးပါးဖြစ်ပါသည်။ အမေသည် အဖေ့ကိုချစ်၍ယူခဲ့ခြင်းမဟုတ်ပါ။ အမေတို့မှာရွာထဲတွင် အဆင်းရဲဆုံးဖြစ်ရာ လူဆိုးလူမိုက်တစ်ဦးဖြစ်သော အဖေက နိုင်ထက်စီးနင်းပြု၍ယူခဲ့ခြင်းဖြစ်သည်ဟု သိရပါသည်။

အမေသည် အလွန်အေး၍ အလွန်ရိုး၊ အလွန်အပါသည်။ တစ်နေ့လုံးနေ၍မှ စကားတစ်ခွန်းပြည့်အောင်မပြောရန် ဝန်လေးသူဖြစ်ပါသည်။ အဖေ့ကိုကြောက်လိုက်ရပုံမှာလည်း စိတ်ပျက်စရာကောင်းလောက်အောင်ပင်ဖြစ်ပါသည်။ အမေ့ဘဝမှာ အဖေက သေဆိုသေ၊ ရှင်ဆိုရှင် နေရသည့်ဘဝဖြစ်ပါသည်။ သို့ပါလျက်နှင့်လည်း အကြောင်းမရှိ အကြောင်းရှာကာ နိုက်တတ်နက်တတ်ပါသေးသည်။

အမေ့အဖြစ်ကိုကြည့်၍ ကျွန်တော့်ညီလှချိုကပြောလေ့ရှိသော စကားတစ်ခုရှိပါသည်။

"တို့ အမေဟာ ဝဋ်ဆိုက်နေတာကွ" တဲ့။

ကျွန်တော်ဉာဏ်မီသလောက်စဉ်းစားကြည့်တော့ လူချို၏စကားသည် မှန်သလိုလိုပင်။ ဤမျှလောက်ကြောက်ပြီး ဤမျှလောက် အနှိပ်အစက်ခံနေရခြင်းမှာ ဝဋ်ဆိုက်နေခြင်းမှမဟုတ်လျှင် တခြားဘာအကြောင်းကြောင့်များ ဖြစ်နိုင်ပါမည်နည်း။

*

(၃)

တလိုင်းစုမှာနေကြစဉ်က ကျွန်တော်တို့မှာ ညီအစ်ကိုမောင်နှမသုံးဦးသာရှိသည်။ ကျွန်တော်က အကြီးဆုံးသား၊ ကျွန်တော့်အောက်တွင် ညီလူချိုနှင့် နှမ မကြည်ခင်...။ သုံးယောက်စလုံး အမေ၏ကြင်နာယုယမှုကို ရခဲ့ကြသော်လည်း အဖေထံမှမူ ရက်စက်မှုကိုသာ ရခဲ့ကြသည်။

ရွာတွင်နေစဉ်က ကျွန်တော့်အသက်မှာ ၁၀ နှစ်ခန့်ရှိပြီဖြစ်ရာ အဖေလုပ်သမျှကို မှတ်မိနေသည်။ အဖေအရက်မသောက်သည့်ညဟူ၍မရှိ။ အဖေက အမေ့ကို မဆဲသည့်ည၊ မရိုက်သည့်ညဟူ၍မရှိ။ ညတိုင်းသောက်၍ ညတိုင်းဆဲ၊ ညတိုင်းရိုက်သည်။ အဖေက ရိုက်ပြီဆိုလျှင် အမေက ဘာတစ်ခွန်းမျှပြန်မပြောရဲ။ အော်၍ပင် မငိုရဲ၊ ကျွန်တော့်အဖေ၏ အမေ ကျွန်တော့်အဘွားသာမရှိလျှင် ကျွန်တော့်အမေသည် အဖေရိုက်တာနှင့် သေမည်ထင်ပါသည်။

ကျွန်တော့်အဘွားသည် ကျွန်တော့်မျက်စိထဲတွင် တကယ့်သူရဲကောင်းကြီးဖြစ်ပါသည်။ အိမ်ချင်းကနီးသဖြင့် အဖေက အမေ့ကိုရိုက်ပြီဆိုလျှင် ရောက်လာပြီး ကျွန်တော့်အဖေကို တားသည်။ အေးအေးဆေးဆေးတား၍ မရလျှင် အဖေ၏ပါးနားကိုရိုက်၍တားသည်။ အဖေသည် အဘွားကျတော့ ပြန်မလုပ်။

အဘိုးကတော့ ကျွန်တော့်အဖေကို အော့ကြောလန်ပုံပေါ်သည်။ ခေါ်လည်းမခေါ်၊ အဖက်လုပ်၍လည်း စကားမပြော။ အဖေ့ကိုမြင်လျှင် ဝေးရာမှကွင်း၍ တော်ရာသို့ ရှောင်ထွက်သွားတတ်လေသည်။

တစ်နေ့တွင် အဖေအစောကြီး ပြန်ရောက်လာသည်။ အရက်သောက်



လာပြီဖြစ်သော်လည်း များများသောက်ခဲ့ပုံ မပေါ်သေး။ အိမ်ရှေ့ဝါးကွပ်ပျစ်ပေါ်၌ထိုင်ကာ တစ်စုံတစ်ခုကို စဉ်းစားနေဟန်ရှိသည်။ အိမ်ရှေ့လမ်းမဘက်သို့လည်း မျှော်မျှော်ကြည့်သည်။ သူ့မျက်နှာတွင် တစ်စုံတစ်ခုသောကိစ္စအတွက် စိတ်မအေးသည့် အရိပ်အရောင်များ ယှက်သန်းနေသည်။

ခဏအကြာတွင် အိမ်ရှေ့မှခေါ်သံကြားရ၏။

"ဟေ့....ခင်မောင်....ခင်မောင်...။ ပုန်းမနေပါနဲ့ကွာ။ ထွက်ခဲ့ပါ။ မင်းမလာရင် တို့လာရလိမ့်မယ်" အဖေက တုံ့ပြန်ခြင်းမပြုဘဲ ငြိမ်နေသည်။

"ဟေ့ကောင်...ခင်မောင်။ ငါ့ကို ဒီလိုလုပ်လို့မရဘူးကွ။ သိရောပေါ့ကွာ...."

ကြိမ်းမောင်းရင်း လူနှစ်ယောက်ဝင်လာသည်။ နှစ်ယောက်စလုံး အတော်မူးနေကြသဖြင့် သူတို့ကိုယ်သူတို့ပင် မဟန်နိုင်။ ဒယီးဒယိုင်ဖြင့် လေးကွက်သိုင်းနင်း၍ ဝင်လာခြင်းဖြစ်သည်။ တစ်ယောက်က ကိုမြ၊ နောက်တစ်ယောက်က ကိုသာဖိုး။ နှစ်ဦးစလုံး လူဆိုးလူမိုက်တွေချည်း ဖြစ်သဖြင့် အမေနှင့်ကျွန်တော်တို့မှာ ကြောက်ကြောက်နှင့်ကုပ်နေရသည်။

"ဟေ့...ခင်မောင်၊ မင်းယောကျ်ားမဟုတ်ဘူးလား။ ပြောပြီးသားကိစ္စကို ဘာလို့ရှောင်ရတာလဲ။ ခွေး...မသား"

ကိုမြက စပြောသည်။ ကိုသာဖိုးကလည်း အဖေ့ရှေ့တွင် ခါးထောက်၍ရပ်ကာ "မင်းတော်တော် လူလည်လုပ်တဲ့အကောင်ပါလား...ကွ။ တို့ကို ဒီလိုလုပ်လို့မရဘူးဆိုတာ မင်း သိသားနဲ့ကွာ။ ဟား...ဟား...ဟား" ဟု အော်ကြီးဟစ်ကျယ်ပြောသည်။

"ငါ မလိုက်နိုင်ပါဘူးကွာ၊ ကနေ့ည သွားစရာရှိလို့ပါ။ ဘယ်လိုမှ အောက်မေ့ကြပါနဲ့"

"ဒီလိုလုပ်လို့ ဘယ်ရမလဲကွာ။ ဟေ့ကောင်ထ၊ သွားမယ်" ကိုဖိုးသာက အဖေ့ကိုခေါ်သည်။

"တိုင်ပင်တုန်းကတော့ပါပြီး လုပ်တော့မယ်ဆိုမှ မင်းကရှောင်ဖယ်ရှောင်ဖယ်နဲ့။ ငါ...မသား အခုထ၊ မလိုက်ရင်အသိပဲ"

ကိုမြကလည်း ကြိမ်းသည်။ ပြောပြောဆိုဆို ခါးနောက်တွင် ထိုးထားသည့်ဓားကိုဆွဲထုတ်၍ လက်တစ်ဖက်ဖြင့် ကိုင်ထားပြီး ကျန်တစ်ဖက်ဖြင့်

အဖေ့လက်မောင်းကိုဆွဲ၍ဆွဲ၍ ဆောင့်သည်။ ကိုသာဖိုးကပါ တစ်ဖက်သောလက်မောင်းကို ဝင်၍ဆွဲပြန်သည်။

သူတို့သုံးယောက် ထွေးလုံးရစ်ပတ်ဖြစ်နေသည်ကို ကျွန်တော်မြင်နေရသည်။ သူတို့ကဆွဲ အဖေကရုန်း၊ နောက်ဆုံးတွင် အဖေလွတ်သွားသဖြင့် ထပြေးသည်။ သူတို့က နောက်မှလိုက်သည်။ အိမ်နောက်ဖက် ရောက်သော် အဖေမှောက်ရက်လဲကျသွားသည်။ ကံအားလျော်စွာပင် ရေထည့်သည့် စဉ့်အိုးကြီးနှစ်လုံးကြားတွင် အဖေညပ်နေလေသည်။

ကိုမြက လက်ထဲမှဓားဖြင့်ခုတ်သော်လည်း အဖေ့ကိုမထိ၊ ကိုသာဖိုးက ဘယ်ကရလာမှန်းမသိသည့် ပေါက်ပြားဖြင့်ခုတ်ရာ စဉ့်အိုးကိုသာထိပြီး အဖေလွတ်သွားပြန်လေသည်။

အဖေသည် အိမ်ပေါ်သို့ပြေးတက်လာပြီး ထရံမှာချိတ်ထားသည့်ဓားကိုဆွဲကာ ကိုသာဖိုးနှင့်ကိုမြတို့ တက်အလာတွင်ဆီး၍ခုတ်သည်။ အပေါ်မှကြိုစောင့်ပြီးမှ ခုတ်ခြင်းဖြစ်၍တစ်ကြောင်း၊ အမူးလွန်နေသူများဖြစ်၍ တစ်ကြောင်း ကိုမြနှင့်ကိုသာဖိုးတို့မှာ အဖေ့ကိုမယှဉ်နိုင်ကြပါ။

ထိုအချိန်တွင် အိမ်နားနီးချင်းတွေ ရောက်လာကြပြီ၊ အဘွားနှင့်သူ့သားတွေ၊ ချွေးမတွေလည်း ရောက်လာကြပြီး ကိုမြနှင့်ကိုသာဖိုးမှာ အိမ်ရှေ့ကြမ်းပြင်တွင် ကျွမ်းထိုးမှောက်ခုံလဲပြိုလျက် ရှိကြလေသည်။

စာရင်းချုပ်လိုက်တော့ ကိုမြမှာ နားရွက်တစ်ဖက်နှင့် လက်တစ်ဖက်ပြတ်သွားသည်။ ကိုသာဖိုးမှာ မျက်နှာတွင်တစ်ချက်၊ ခေါင်းတွင်တစ်ချက်၊ ပခုံးတွင်တစ်ချက် ဒဏ်ရာရသည်။ အဖေ့မှာ လက်မောင်း၌ဒဏ်ရာတစ်ချက်ရသည်။

အဖေသည် လူတွေရောက်လာသည်နှင့်တစ်ပြိုင်နက် အိမ်နောက်ဖေးပေါက်မှဆင်း၍ လစ်လေတော့သည်။ သူ့လက်ချက်ကြောင့် ကိုသာဖိုးနှင့်ကိုမြတို့ အသက်မသေသော်လည်း ရုပ်ပျက်ဆင်းပျက်ဖြစ်ကုန်ကြသည်။ သူတို့နှစ်ဦးမှာ တကယ်ဆိုးသည့် လူမိုက်များဖြစ်ပါသည်။ သူတို့အစ်ကိုတွေ၊ ညီတွေကလည်း အလွန်ဆိုးသည့် လူမိုက်များပင်ဖြစ်ရာ ဤရန်စသည် ဘယ်တော့မှ အေးမည့်ရန်စ မဟုတ်ပါ။ တစ်နေ့နေ့တွင် အဖေ့ကိုအသေလုပ်ကြမည်မှာ သေချာပါသည်။



သူတို့ဘက်က ရဲမတိုင်ပါ။ ရဲမတိုင်ခြင်းမှာ အကြောင်းရှိမည်ထင်ပါသည်။ သူတို့နှစ်ယောက်နှင့်အဖေတို့ တိုင်ပင်ကြသည်ဟူသောကိစ္စသည် တရားဥပဒေနှင့် မလွတ်မကင်းသည့် ကိစ္စတစ်ခုဖြစ်လိမ့်မည်ဟုပင် အများအထင်ကြေးပေးကြပါသည်။ နောက်ပြီး ထိုအချိန်က ကျွန်တော်တို့နယ်တွင် ကရင်သူပုန်များ လှုပ်ရှားစပြုချိန်ဖြစ်၍ တော်ရုံတန်ရုံကိစ္စဆိုလျှင် မြို့ပေါ်သို့မရောက်တော့ပါ။

ထိုညက ပျောက်သွားသောအဖေသည် လေးလငါးလခန့်ကြာမှ ပြန်ရောက်လာတော့သည်။ ရောက်လာတော့လည်း နေ့ခင်းမဟုတ်။ ညကြီးမင်းကြီးအချိန်မတော် တိတ်တဆိတ်ပြန်ရောက်လာခြင်း ဖြစ်ပေသည်။

"အေးခတို့ကို လာခေါ်တာအမေ၊ ကျုပ်ရွာမှာနေလို့ကတော့ ဘယ်နည်းနဲ့မှ ဖြစ်မှာမဟုတ်တော့ဘူး။ ဟိုကောင်တွေရန်က အေးမှာမဟုတ်တဲ့အတူတူ တခြားပြောင်းတော့မလို့"

အဖေက ဒါပဲပြောသည်။

အဘွားကတော့ ငိုပါလေသည်။

ရှိစုမဲ့စု အဝတ်အစားကလေးများကို ထုပ်ပိုးပြီး ညတွင်းချင်းပင် ရွာမှထွက်ခဲ့ကြသည်။

တလိုင်းစုရွာသည် ကျွန်တော်တို့မိသားစု၏ နောက်ဘက်အမှောင်ထဲတွင် ကျန်ရစ်ခဲ့လေသည်။

*

## (၄)

ဘုမသိဘမသိနှင့် ကျွန်တော်တို့မိသားစု ရန်ကုန်သို့ရောက်လာခဲ့ကြသည်။

ကန်တိုမင်ပန်းခြံအနီးမှ ကွက်သစ်တစ်ခုထဲရှိ အဖေငှားထားသည့် အိမ်တစ်အိမ်တွင် နေကြရသည်။ ထိုစဉ်က ကျွန်တော်တို့နေခဲ့သည့်ကွက်သစ်မှာ ယခုနဝရတ်ရိပ်သာနေရာတွင်ဖြစ်ပါသည်။ ရောက်စတွင် အဖေကခန်းရုံလုပ်သည်။ နောက်တော့ လက်သမားပါလုပ်သည်။

ရန်ကုန်ရောက်တော့လည်း အဖေ၏အချိုးမှာမပြောင်းပါ။ ညနေအလုပ်

ကပြန်လာလျှင် အပေါင်းအသင်းများနှင့် အရက်သောက်လာပြီး ညပိုင်းကျတော့ ထုံးစံအတိုင်း အမေ့ကိုရန်လုပ်ကာ ရိုက်ပါသည်။ အဖေက အမေ့ကို မတရားသဖြင့် နှိပ်စက်သည်ဟု အိမ်နီးနားချင်းကယူဆကြသဖြင့် တစ်ညတွင် လူတစ်စုနှင့်အကြီးအကျယ် ရန်ဖြစ်ကြပါသည်။

ပထမတော့ "ငါ့မိန်းမ ငါရိုက်တာ ဘာဆိုင်လဲ၊ ရိုက်ရုံတင်မကဘူး သတ်ပစ်မယ်...ဟေ့" ဟု အဖေက အိမ်ပေါ်မှနေ၍ ဓားကြိမ်းကြိမ်းသည်။ အိမ်အောက်မှ လူစုကလည်း "ဟေ့အကောင်....မင်းမတရား လုပ်နေတာ တို့ကြည့်မနေနိုင်ဘူးကွ။ မင်းသတ္တိရှိရင် အောက်ဆင်းခဲ့စမ်း၊ အမှုန့်ဖြစ်အောင်လုပ်ပစ်မယ်။ မင်းဒီလိုသာ လုပ်နေရင် တို့ရပ်ကွက်ထဲမှာ မနေနဲ့၊ ပြောင်း" ဟု အော်ကြပါသည်။

ရပ်ကွက်လူကြီးများက ဖြန်ဖြေသဖြင့် ရန်ပွဲပြီးသွားသော်လည်း တချို့က မကျေနပ်ပါ။ "ဒီလိုပဲ ဆက်လုပ်နေမယ်ဆိုရင်တော့ ဒီအကောင်ကို အရပ်ထဲမှာ မထားပါနဲ့" ဟု အရပ်လူကြီးများကို ဝိုင်းပြောကြပါသည်။ အရပ်လူကြီးများကလည်း ညတွင်းချင်းပင် အဖေနှင့်ဆွေးနွေးကြရာ အဖေက "ကျွန်တော်နောင်ကို ဘယ်တော့မှ မရိုက်တော့ပါဘူး" ဟု ကတိပြုပါသည်။

အဖေသည် သူကတိပြုထားသည့်အတိုင်း အမေ့ကို မရိုက်တော့ပါ။ သို့သော်လည်း အဖေ့မှာ သူမူးလာလျှင် တစ်စုံတစ်ယောက်ကိုတော့ ရိုက်ရမှကျေနပ်ဟန်တူပါသည်။ ညဘက်အိမ်ပြန်ရောက်လာလျှင် ကျွန်တော့်ကိုဖြစ်စေ၊ ကျွန်တော့်ညီကိုဖြစ်စေ အကြောင်းတစ်ခုခုရှာ၍ လက်သီးနှင့် မျက်ခွက်ကိုပိတ်ထိုးခြင်း၊ ဆံပင်ဆွဲပြီး ပါးရိုက်ခြင်း စသည်များ လုပ်လာပါသည်။ ကျွန်တော်တို့ငိုလျှင် သူ့အရိုက်ကပို၍ကြမ်းလာတတ်သဖြင့် မငိုရဲပါ။ အံကြိတ်၍ တင်းခံကြရပါသည်။

အရပ်ကတိုက်တွန်းသဖြင့် ကျွန်တော်နှင့်လှချိုကို ကွက်သစ်မူလတန်းကျောင်းတွင် ကျောင်းအပ်ပါသည်။ ကျွန်တော်က ၁၃ နှစ်၊ လှချိုက ၁၁ နှစ်။ သူငယ်တန်းမှာ နေရပါသည်။ ကလေးတွေကြားထဲ ကျွန်တော့်အရပ်က မိုးထိုးနေသဖြင့် ရှက်လှပါသည်။ ထို့ကြောင့် အပ်ပြီးစတွင် ကျောင်းမပျက်သော်လည်း နောက်ပိုင်းတွင် ကျွန်တော်ကျောင်းမှန်မှန်မတက်ပါ။



ကျောင်းပြေးနေသည်က များပါသည်။

ကျွန်တော်ကျောင်းပြေးတော့ လှချိုကလည်း ပြေးပါသည်။ ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက်မှာ ကျောင်းတက်ရက်ကနည်းပြီး ကျောင်းပြေးရက်ကများလွန်းသဖြင့် နောက်ဆုံးတွင် ကျောင်းမှလက်မခံတော့ပါ။ ကျောင်းမှလက်မခံနိုင်တော့ဟု သိရသည့်နေ့က အဖေရိုက်ပုံမှာ ကြောက်ခမန်းလိလိဖြစ်ပါသည်။

ကျွန်တော်တို့နှစ်ယောက်အား ကျကျနနကြိုးနှင့်တုပ်ပြီးမှ စိမ်ပြေနပြေ ရိုက်ခြင်းဖြစ်၏။ မျက်ခွက်ကိုလက်သီးနှင့် ပိတ်ထိုးလိုက်၊ တုတ်နှင့်ရိုက်လိုက် ထင်သလိုစည်းလွတ်ဝါးလွတ်ရိုက်ခြင်းဖြစ်ပါသည်။ အမေခများ ဝင်မပြောရဲသော်လည်း ကျွန်တော်တို့နှစ်ယောက်အဖြစ်ကိုကြည့်ကာ ငိုရှာပါသည်။ ကျွန်တော်တို့အိမ်နားမှ ဦးပါကြီးဆိုသူလာ၍မပြောလျှင် တစ်ညလုံးရိုက်လိမ့်မည် ထင်ပါသည်။

အဖေရိုက်ပုံနှင့်ပတ်သက်၍ လူတိုင်းက မကျေနပ်ကြပါ။ ရိုက်ပုံရိုက်နည်း စည်းကမ်းမဲ့လွန်းသည်ဟု အပြစ်တင်ကြပါသည်။ သူတို့ပြောတာလွန်သည်ဟုမထင်ပါ။ အဖေရိုက်ပုံမှာ ကြောက်စရာကောင်းလှပါသည်။ သူမကြိုက်တာ တွေ့ရမြင်ရသိရလျှင် တွေ့ကရာနှင့်ကောက်ရိုက်ခြင်းဖြစ်ပါသည်။ တစ်ခါတစ်ရံကိုင်ပေါက်တတ်ပါသည်။ ကျွန်တော့်ညီ လှချိုသည် အဖေ့ကိုကြောက်လည်းကြောက်၊ မုန်းလည်းမုန်းပါသည်။

ကျွန်တော်တို့နေသည့် ကွက်သစ်မှာ ကျူးကျော်ရပ်ကွက်ဖြစ်သဖြင့် ဖျက်ပေးရသည့်အခါ အားလုံးသာကေတမြို့သစ်သို့ ရွှေ့ခဲ့ရပါသည်။ သာကေတရောက်တော့ ကျွန်တော်ရော လှချိုပါ ကျောင်းမနေတော့ပါ။ အိမ်မှာလည်း ကလေးငယ်နှစ်ယောက်တိုးလာသဖြင့် စားအိုးကြီးလာပြီဖြစ်ရာ ကျွန်တော်တို့ပါ ထွက်၍ရှာရပါတော့သည်။

ကျွန်တော်က ကမ်းနားသို့သွား၍ သဘော်ပစ္စည်းအတင်အချလုပ်ပါသည်။ အလုပ်သမားခေါင်းသိလျှင် အရိုက်ခံရမည်စိုး၍ သိသိသာသာမလုပ်ရဲပါ။ အလစ်တွင်ဝင်၍လုပ်ရခြင်းဖြစ်ပါသည်။ တစ်နေ့တစ်ဆယ်၊ ဆယ့်ငါးကျပ်တော့ ရပါသည်။ ကျွန်တော့်မနက်စာ တစ်နပ်တွက်နှင့် လက်ဖက်ရည်ဖိုး၊ ဆေးလိပ်ဖိုးနုတ်လိုက်လျှင် လေးငါးရှစ်ကျပ်လောက်

ကျန်ပါသည်။ ကျန်တာကို အမေ့ပေးလိုက်သည်။

အဖေကတော့ အလုပ်ကောင်းကောင်းမလုပ်ပါ။ တစ်ခါတစ်ရံ အလုပ်ပေးသူက ပေးပါလျက်နှင့် သူတောင်းသည့် အခနွှန်းမရဟုဆိုကာ မလုပ်ပါ။ အလုပ်မှန်မှန်မလုပ်သော်လည်း အရက်တော့ မှန်မှန်သောက်ပါသည်။ ညနေဆိုလျှင် အမေကအလိုက်သိစွာနှင့် အရက်ဖိုးပေးရပါသည်။ မပေးလျှင်ဆဲ၍ရိုက်တတ်ပါသည်။

ဝင်ငွေကမမှန်တော့ ကျွန်တော်တို့ မိသားစုမှာ ဆင်းရဲကြပ်တည်းလှပါသည်။ အိမ်တွင်ကြွေးကများ၊ ကလေးငယ်များက မမာနှင့် လုံးချာလည်နေသော်လည်း အဖေကတော့ သူ့မူအတိုင်းပင် သောက်လိုက်အိပ်လိုက်၊ အပေါင်းအသင်းများထံသွားလည်လိုက်၊ စိတ်အခန့်မသင့်လျှင် အမေနှင့် ကျွန်တော်တို့ကို ရိုက်လိုက်နှင့်သာ အချိန်ကုန်လေသည်။

လှချိုတစ်ယောက်ကလည်း သူသွားချင်တာသွား၍ လုပ်ချင်တာ လုပ်နေပါပြီ။ မနက်ဆို အစောကြီးထ၍ထွက်သွားပြီး ညမိုးချုပ်မှ ပြန်လာတတ်သည်။ တစ်ခါတစ်ရံ ပြန်မလာပါ။ တစ်ခါတစ်ရံ အမေ့ကိုငွေနှစ်ဆယ်အစိတ်ပေးရုံမျှမက ကလေးတွေကိုပါ မုန့်ဖိုးတစ်ကျပ်နှစ်ကျပ် ပေးတတ်ပါသည်။ အင်္ကျီ၊ လုံချည်အသစ်များ ဝယ်ဝတ်သည်ကိုလည်း တွေ့ရပါသည်။ သူဘာတွေ လုပ်နေလေသနည်း။

တစ်ညတွင် လှချိုတစ်ယောက် ရှစ်နာရီထိုးလောက်မှ ပြန်ရောက်လာရာ အဖေနှင့်ဆုံမိကြသည်။ အဖေက မူးမူးနှင့်ခေါ်ရာ လှချိုက မလာပါ။ အဖေက နှစ်ကြိမ်သုံးကြိမ်ခေါ်၍မရလျှင် ရေနွေးအိုးနှင့် ကောက်ပေါက်သည်။ လှချိုကိုမထိ။ အဖေက "မင်းက ငါ့ကိုအာခံတယ်ပေါ့လေ...၊အေး ခင်မောင့်အကြောင်း သိရစေမပေါ့" ဟုဆိုကာ ထင်းချောင်းတစ်ချောင်းကိုင်ပြီး လှချိုဆီသွားပါသည်။ လှချိုက အကပ်မခံဘဲ ထွက်ပြေးပါသည်။ အဖေကခိုင်း၍ ကျွန်တော်ထွက်လိုက်သော်လည်း သူ့ကိုမတွေ့၍ မိုးကောင်းဘုရားထဲညအိပ်ပြီး မနက်မှကျွန်တော်ပြန်လာပါသည်။ နောက်တစ်နေ့အဖေအပြင်သွားခိုက်တွင် လှချိုရောက်လာပြီး ကျွန်တော့်ကို ခေါ်ပါသည်။ ကျွန်တော့်အနေဖြင့် သနားသော်လည်း အမေ့ကိုစိတ်ပျက်လှပါပြီ။ အဖေနှင့်နေ၍တော့ ကျွန်တော်တို့ဘဝမှာ ကောင်းလာစရာမမြင်ပါ။



ဆိုးသည်ထက်သာ ဆိုးလာလိမ့်မည်ဟု ထင်မိပါသည်။

ထို့ကြောင့်လည်း လှချိုခေါ်ရာသို့ ကျွန်တော်လိုက်ခဲ့ပါတော့သည်။

*

(၅)

လှချိုကျက်စားသည့်နေရာများမှာ ဘူတာကြီး၊ ရုပ်ရှင်ရုံတစ်ဝိုက်နှင့် ဆီလီဈေးဖြစ်ပါသည်။ တစ်နေ့လုံးခြေဦးတည့်ရာသွားပြီး ရောက်သည့်နေရာတွင် လစ်သလိုအကြံအဖန်လုပ်သည်။ အလစ်သုတ်သည့်အခါ အသစ်သုတ်သည်။ ရလာသည့်ပစ္စည်းကို သူ့အသိများထံသွား၍ရောင်းချပြီး ရလာသည့်ငွေဖြင့် ကြုံရာထမင်းဆိုင်တွင် ဝင်စားကာ နီးရာရုပ်ရှင်ရုံတွင် ရုပ်ရှင်ဝင်ကြည့်သည်။ ညအိပ်ချိန်ကျတော့ ဘူတာကြီးဘက်ပြန်ပြီး ရထားတွဲများပေါ်တက်၍အိပ်သည်။ တစ်ခါတစ်ရံ မီးရထားရဲက ရထားတွဲများပေါ်၌ အိပ်သည့်လူများကို ဖမ်းသည့်အခါမျိုးတွင် အောင်ဆန်းကွင်းဘေးရှောင်ရိပ်ကျနေရာများတွင် ဝင်၍အိပ်လေသည်။

ဘူတာကြီးတွင် အိပ်ရာ၌ ညတိုင်းလိုလိုပင် စောစောစီးစီးမအိပ်ရပါ။ အနည်းဆုံး ညနာရီပြန်တစ်ချက်နှစ်ချက်မှ အိပ်ရသည်။ ထိုစဉ်က ခရီးသည်များသည် ဘူတာကြီးတစ်ဝိုက်၌ ညအိပ်ညဥ့်နေ နေတတ်ကြသဖြင့် သူတို့ အိပ်မောကျနေခိုက်တွင် လစ်၍ရနိုင်သမျှ လစ်ကြပါသည်။

လှချိုမှာ အတွေ့အကြုံများပြီဖြစ်၍ ဇက်ရဲလက်ရဲရှိနေပြီဖြစ်သော် လည်း ကျွန်တော့်အနေဖြင့် မရဲပါ။ ဘာလုပ်လုပ် လက်တွန့်လှပါသည်။ အထူးသဖြင့် လူ့အလစ်ဝင်၍ ယူရသည့်အလုပ်ကို ကျွန်တော်ကြောက်လှပါသည်။ လှချိုကတော့ "မလုပ်ရဲရင် မလုပ်နဲ့။ မင်းတစ်ယောက်တည်းနေရမှာ ပျင်းရင်တော့ ငါနဲ့လိုက်ခဲ့ မလိုက်ချင်ရင်လည်း အိပ်စရာနေရာတွေရှိတယ်၊ ငါပြပေးမယ်၊ မင်းအိပ်နေခဲ့ပေါ့" ဟု ပြောပါသည်။ သူပြောသလိုနေဖို့ကျတော့လည်း မဖြစ်ပါ။ သူကတော့ ရှာဖွေနေရပြီး ကျွန်တော်က သက်သောင့်သက်သာနှင့် ထိုင်နေရမည်ဆိုလျှင် တရားမည်မဟုတ်သဖြင့် ကျွန်တော်လုပ်တတ်သလောက်တော့ လုပ်ပါသည်။ ငွေများများရလာသည့်အခါမျိုးတွင် အမေ့ထံသွား၍ နှစ်ဆယ်မျိုး၊ အစိတ်မျိုး ပေးပါသည်။

တစ်ညတွင် လှချိုနှင့်အတူ ကိုရင်တစ်ပါး လိုက်လာပါသည်။ လှချိုက မိတ်ဆက်ပေးသဖြင့် ကိုရင် ဇာဂရဟု သိရပါသည်။ ဘယ်အရပ်၊ ဘယ်ဒေသ ဘယ်ကျောင်းကမှန်းတော့ မသိပါ။ ရထားတွဲပေါ်တွင် တုံးလုံးပက်လက်လှဲကာ သူတို့နှစ်ယောက်ဘာတွေတိုင်ပင်ကြသည် မသိပါ။ တတွတ်တွတ်နှင့် အကြာကြီးစကားပြောနေကြပါသည်။ ကျွန်တော်ကတော့ အိပ်ချင်လွန်း၍ အိပ်လိုက်ပါသည်။

မနက်ကျတော့ လှချိုကလမ်းဘေးကုလားဆတ္တာသည် တစ်ယောက်ထံတွင် ခေါင်းတုံးရိတ်ပါသည်။ ကျွန်တော်ကမေးတော့ ရယ်ကျဲကျဲနှင့် "အကြံအဖန် လုပ်မလို့ပါကွာ" ဟု ဆိုပါသည်။ ခေါင်းတုံးရိတ်ပြီးသည့်အခါ လမ်းထိပ်မှစောင့်နေသော ကိုရင်ဇာဂရထံပြန်ပြီး ကိုရင်ထံမှာ ပါလာသည့် သင်္ကန်းအပိုနှင့် ကိုရင်ဝတ်ပါသည်။ လှချိုဘာကြောင့် ကိုရင်ဝတ်သည်ကို နားမလည်သော်လည်း တစ်ခုခုအကြံအဖန်ရှိ၍ ဝတ်ခြင်းဖြစ်သည်ကိုတော့ သိပါသည်။

ထိုနေ့မှစ၍ ကျွန်တော့်ညီလှချိုသည် နေ့ဘက်တွင် ကိုရင်ဝတ်ဖြင့် ကိုရင်ဇာဂရပေးထားသည့် သပိတ်လုံးတစ်လုံးနှင့် ဈေးတကာအနှံ့သွားကာ အလှူခံပါသည်။ ဆွမ်းကွမ်းရောငွေပါ အလှူခံခြင်းဖြစ်၍ အတော်တွက်ခြေကိုက်ပါသည်။ နေ့ဖိုးညစာ စားစရာလည်းရ၊ သုံးဖို့စွဲဖို့ ငွေလည်းရသဖြင့် အတော်ဟန်ကျပါသည်။ လှချိုက ထုံးစံအတိုင်း ညဘက်ကျတော့ လူဝတ်ပြန်လဲကာ ဈေးတကာသွားပြီး ရရာပစ္စည်းများကို အလစ်သုတ်ပါသည်။

ကိုရင် ဇာဂရမှာ ကိုရင်အမည်ခံသော်လည်း အလစ်သုတ်သည့်နေရာတွင် စံပြုလောက်ပါသည်။ အနေအထိုင် ညစ်ပတ်ပုံမှာလည်း စံပြုလောက်သည်ဟုပင် ထင်ပါသည်။ သူ့တစ်ကိုယ်လုံးမှာ ကြေးအထပ်ထပ်နှင့် အနားမကပ်ချင်လောက်အောင်ပင် နံစော်နေပါသည်။

ကိုရင်ဇာဂရသည် အဆဲပုပ်ရာ၌လည်း နှစ်ယောက်မရှိပါ။ ယုတ်ယုတ်မာမာ၊ ညစ်ညစ်စုတ်စုတ် ရှာရှာဖွေဖွေ ဆဲတတ်သူဖြစ်ပါသည်။

တစ်နေ့တွင် ကိုရင်ဇာဂရပျောက်သွားပြီး သုံးလေးရက်ကြာမှ ပြန်ရောက်လာပါသည်။ သူ့လက်ထဲတွင် အထုပ်ကြီးတစ်ထုပ်ပါလာ၍ ဖွင့်



ကြည့်လိုက်ရာ သင်္ကန်းတွေဖြစ်ပါသည်။ ဘုန်းကြီးကျောင်းတစ်ကျောင်းက အလစ်သုတ်လာတာဟု ပြောပါသည်။

လှချိုက သင်္ကန်းတွေမို့ ဘယ်မှာသွားရောင်းရမည်ကို မသိကြောင်း စိတ်ပျက်လက်ပျက်နှင့် ပြောသော်လည်း ကိုရင်ဇာဂရက "ဝယ်တဲ့နေရာပါသိတယ်ကွ၊ မင်း...အဖော်လိုက်ခဲ့ပေ့" ဟု ခေါ်ပါသည်။ ဤသို့ဖြင့် သုံးယောက်သား ဘူတာကြီးထဲမှ ထွက်လာကြရာ အောင်ဆန်းကွင်းရှေ့အရောက်တွင် ဘုန်းကြီးတစ်စုက ဝိုင်းဖမ်းသဖြင့် မိသွားပါတော့သည်။

ဘုန်းကြီးများက ကိုရင်ဇာဂရကို အရအမိဖမ်းပြီး ကျွန်တော်တို့နှစ်ယောက်ကို သုံးလေးချက်စီရိုက်ကာ ရဲလက်အပ်မည်ဟု ပြောပါသည်။ နောက်တော့ သူတို့အချင်းချင်းတိုင်ပင်ပြီး ကျွန်တော်တို့နှစ်ယောက်ကို "နောက်မခိုးနဲ့၊ ခိုးတာမကောင်းဘူး" ဟုပြော၍ ပြန်လွှတ်လိုက်ပါသည်။

ကျွန်တော်လှချိုနှင့်နေရသည်ကို စိတ်ပျက်သွားပါသည်။ ရထားတွဲပေါ်တွင် အိပ်နေရင်းက အိမ်ကိုသတိရလာသဖြင့် လှချိုကိုပင် အသိမပေးတော့ဘဲ ထွက်လာခဲ့ပါသည်။ အောင်ဆန်းကွင်းရှေ့ရောက်တော့ ယောင်ချည်လည် ဖြစ်ရပြန်ပါသည်။

လှချိုနှင့်ဆက်နေရလျှင် ကောင်းမလား....၊ အိမ်ပြန်နေလျှင် ကောင်းလေလား....

ကျွန်တော် အတော်ကြာကြာ မဝေခွဲတတ်အောင် ဖြစ်နေပါသေးသည်။ နောက်ဆုံးကျမှ "အိမ်ပြန်နေဦးမယ်၊ အိမ်မှာအမေရှိနေသေးတာပဲ" ဟူသော အဖြေကိုရလေသည်။

*

(၆)

ကျွန်တော်အိမ်ပြန်ရောက်သည့်ညက အဖေအိပ်ပျော်နေပြီဖြစ်၍ အရိုက်မခံရသော်လည်း မနက်ကျတော့ အရိုက်ခံရပါသည်။ အားရအောင်ရိုက်ပြီးမှ ကြိုးတစ်ချောင်းနှင့်တုပ်ကာ တိုင်တွင်ချည်ထားပြီး တစ်နေ့လုံးထမင်းမကျွေးဘဲ အငတ်ထားပါသည်။

ညနေကျတော့ အဖေ့မိတ်ဆွေ ပန်းရန်သမားတစ်ယောက် ရောက်လာ

ပြီး အရက်သောက်ရင်းက ကျွန်တော့်အဖြစ်ကို မြင်သဖြင့် မေးပါသည်။

"ခင်ဗျားသား မဟုတ်လား၊ ဘာဖြုလို့ ကြိုးနဲ့ချည်ထားရတာလဲ"

"အိမ်က ထွက်ပြေးလို့ဗျ။ ခြေထောက်တွေ ရိုက်ချိုးထားရင် ကောင်းမလား ဒါမှမဟုတ် ခြေဖဝါးတွေ ဓားနဲ့ခွဲပြီး ဆားပက်ထားရင်ကောင်းမလားလို့ စဉ်းစားနေတယ်"

အဖေ့စကားကြားတော့ ကျွန်တော်ကျောစိမ့်သွားပါသည်။ အဖေ့မိတ်ဆွေကတော့ ပျက်လုံးကောင်းတစ်ခု ကြားရသည့်အလား တဟားဟားရယ်နေသော်လည်း အဖေကမရယ်ဘဲ ခပ်တည်တည်ကြီး လုပ်နေပါသည်။

အဖေ့မှာ ရက်စက်သူဖြစ်ရာ သူပြောသည့်အတိုင်း မလုပ်ဘူးဟု မပြောနိုင်ပါ။ လုပ်ချင်လျှင် ထလုပ်မည့်လူစားဖြစ်သဖြင့် ကျွန်တော့်မှာ ကြောက်လှပါသည်။

သို့သော် တော်ပါသေးသည်။ အဖေ့မိတ်ဆွေက...ကျွန်တော့်အား အိမ်မှ နောက်ထပ်မပြေးရန် ဆုံးမစကားပြောပြီး အဖေ့ကိုလည်း အလွန်အကျွံမရိုက်ရန်နှင့် ကြိုးဖြေပေးရန် ဖျောင်းဖျပေးပါသည်။ ပြောပါများတော့ လည်း အဖေကထလာပြီး ကြိုးဖြေပေးပါသည်။ သို့သော်လည်း ကြိုးဖြေ နေရင်းက ကျွန်တော့်မျက်ခွက်ကို သုံးလေးချက် ပိတ်ထိုးလိုက်ပါသေးသည်။ သူ့မိတ်ဆွေက "မလုပ်နဲ့....မလုပ်ပါနဲ့" ဟု အော်နေသည့်ကြားက လုပ်ဖြစအောင် လုပ်ခြင်းဖြစ်ပါသည်။

ကျွန်တော်အိမ်ပြန်ရောက်ပြီးနောက် သုံးလေးရက်လောက်နေတော့ "ဟေ့ကောင်...လှပို....မင်း ဆပ်ကပ်ထဲလိုက်မလား။ ထမင်းလည်း ကောင်းကောင်းစားရမယ်၊ လခလည်း ရမယ်" ဟု ပြောပါသည်။ အမှန်အတိုင်းပြောရလျှင် ကျွန်တော် မလိုက်ချင်ပါ။ အဖေ့ကိုကြောက်သဖြင့် လိုက်ချင်ပါသည်ဟု ဖြေလိုက်ပါသည်။ ဤသို့ဖြင့် ကျွန်တော်သည် ဆိုဗီယက်ပြန် ဦးမောင်မောင်ဆပ်ကပ်ထဲ ရောက်သွားပါသည်။

ဆပ်ကပ်ထဲရောက်တော့ ပထမ ခါးပျော့နိုင်အောင် သင်ပေးပါသည်။ နောက်တော့ တစ်ပတ်ကျွမ်း၊ စကြာကျွမ်းစသည့်ကျွမ်းထိုးပညာသင်ရပြီး စက်ဘီးစီးသင်ရပါသည်။ ကင်းမြီးကောက်ထောင်တတ်အောင်လည်းသင်ရပါသည်။ ဆပ်ကပ်ထဲတွင် ကျွန်တော့်ကို လူပြက်နေရာမှာ ထားပါသည်။



ဆပ်ကပ်ပိုင်ရှင်က ထမင်းကျွေး၍ အဝတ်အစားဆင်ပြီး ရက်သတ္တတစ်ပတ်မုန့်ဖိုးပေးပါသည်။ မုန့်ဖိုးမှာ တစ်ကြိမ်ပေးလျှင် ငါးကျပ်၊ တစ်ဆယ်ဖြစ်ပါသည်။

ဦးမောင်မောင်ဆပ်ကပ်ထဲတွင် လေးနှစ်ခန့်ကြာခဲ့ရာ မုံရွာ၊ မြင်းခြံ၊ ပခုက္ကူ၊ မိတ္ထီလာ၊ သာစည်၊ မန္တလေး၊ ကျောက်ဆည်စသော အညာဘက်မှ မြို့ကြီးများနှင့် ပဲခူး၊ မော်လမြိုင်၊ မုတ္တမ၊ မြောင်းမြ၊ ဖျာပုံ၊ ဒေးဒရဲ၊ ကျိုက်လတ်စသည့် မြစ်ဝကျွန်းပေါ်ဘက်မှ မြို့ကြီးများကိုသာမက ရှမ်းပြည်တောင်ပိုင်းမှ မြို့ကြီးတချို့ကိုပင် ရောက်ခဲ့ပါသည်။

တစ်နှစ်တွင် ကျွန်တော်တို့ ဆပ်ကပ်အဖွဲ့သည် ပြည်မြို့တွင်ကပြပြီး ပခုက္ကူမြို့သို့ ကူးပါသည်။ ပခုက္ကူမှနေ၍ ဆက်စရာမရှိတော့သဖြင့် ရန်ကုန်သို့ပြန်လာခဲ့ပြီး ကမ်းနားလမ်း တရုတ်ဘုံကျောင်းပွဲတွင်ပွဲဝင်ရန် စောင့်ဆိုင်းနေကြပါသည်။ ကျွန်တော်တို့ဆပ်ကပ်တစ်ဖွဲ့လုံး တရုတ်ဘုံကျောင်းတွင် အိပ်ကြရပါသည်။ ထိုညက မီးပျက်၍ ဘုံကျောင်းတစ်ဝန်းလုံး မှောင်မည်းမည်းဖြစ်နေရာ ကျွန်တော်တစ်ယောက်တည်း ဇာတ်ခုံအောက်တွင် ဝင်အိပ်ပါသည်။

ညသန်းခေါင်ကျော်လောက်တွင် ဆီးသွားချင်လွန်း၍ အိပ်ရာမှကမူးရှူးထိုးထသွားရာ အိပ်နေသည့်ဝက်ဝံကို ခလုတ်လိုက်မိပြီး ဝက်ဝံပေါ်မှောက်လျက် လဲပါတော့သည်။

ဇာတ်ခုံ၏အလယ်တိုင်တွင် ဘယ်အချိန်က ဘယ်သူလာပြီး ဝက်ဝံချည်ထားမှန်းမသိပါ။

ဝက်ဝံကလန့်ဖျပ်ပြီး ကျွန်တော့်ကိုကိုက်ရာ မလွတ်ပါ။ လူတွေနိုးလာကြပြန်တော့လည်း ဘယ်သူကမှ ဝင်မဆွဲရဲကြပါ။ ကြာလျှင်ကျွန်တော်သေမည်စိုး၍ ဘေးမှကြည့်နေသူများက ဝက်ဝံကိုသတ်မည်တကဲကဲလုပ်ကြပါသည်။ အဖွဲ့ထဲမှ လူတချို့က တောင်းပန်တားဆီးပြီး ဝက်ဝံထိန်းကို ရှာကြပါသည်။

ကံအားလျော်စွာပင် ဝက်ဝံထိန်းကိုအောင်မောင်းမှာ ကမ်းနားဖောတ်ဘားပေါ်ထိုင်၍ သူငယ်ချင်းတစ်ဦးနှင့် စကားပြောနေခိုက် သတင်းကြားသဖြင့် ပြန်ပြေးလာပါသည်။ ကိုအောင်မောင်းက ဝက်ဝံပါးစပ်ထဲ လက်

ထိုးထည့်ကာ ကျွန်တော့်ကိုဒူးနှင့် ဖယ်ထုတ်ပါသည်။

ဝက်ဝံပါးစပ်တွင်းမှ လွတ်လာပြီဖြစ်သော ကျွန်တော့်တွင် ခေါင်း၊ မျက်နှာ၊ ပခုံး၊ ရင်ဘတ်၊ ဆီးစပ်စသောနေရာများ၌ ဒဏ်ရာအတော်များများရထားပါသည်။ မျက်နှာကဒဏ်ရာမှာ အနာဆုံးမို့ အများဆုံးဟုပင် ထင်မိပါသည်။ ဝက်ဝံကိုက်သည့်ဒဏ်ရာများကြောင့် ကျွန်တော်ရန်ကုန် ဆေးရုံကြီးတွင် တက်နေရပြီး ဆေးရုံပေါ်တွင် တစ်လခွဲခန့်ကြာခဲ့ပါသည်။

ကျွန်တော်သည် အမေတူသားမဟုတ်ပါ။ အသားအရေမှစ၍ အဖေတူသားမို့ အလွန်အရုပ်ဆိုးသူဖြစ်ရာ ယခုဝက်ဝံကိုက်လိုက်သည့်ဒဏ်ရာကြောင့် ဖြစ်ပေါ်လာသော မျက်နှာပေါ်မှ အမာရွတ်ကြီးသည် တစ်သက်လုံး လူတောထဲမတိုးဝံ့အောင် ဖြစ်လာရပါတော့သည်။

ဒဏ်ရာပျောက်ကင်း၍ ဆေးရုံမှဆင်းလျှင် ဆပ်ကပ်ထဲက ခေါ်သော်လည်း ပြန်မလိုက်တော့ပါ။ အိမ်ပြန်ပြီး အေးအေးပင်နေပါသည်။

မည်မျှပင် အေးအေးနေချင်သော်လည်း နေ၍မရပါ။ အဖေကအလုပ်မရှိ၊ ရှိပြန်တော့ မှန်မှန်မလုပ်၊ အမေကလည်း ဘာမျှမလုပ်တတ်။ ကျွန်တော်ထွက်၍ အလုပ်ရှာပြန်တော့လည်းမရ၊ ဆင်းရဲကြပ်တည်းမှုဒဏ်ကို ခါးစီး၍ ခံနေရသဖြင့် ကြာတော့ စိတ်ညစ်လာသည်။

လှချိုတစ်ယောက် ဘယ်များရောက်နေသည် မသိ။

အမေကပြောတော့ အိမ်သို့မလာသည်မှာ သုံးလလောက်ရှိပြီတဲ့။

ဒီအကောင်ဝေးဝေးလံလံတော့ သွားလိမ့်မည်မဟုတ်။ ရန်ကုန်ထဲမှာပင် ကျက်စားနေပေလိမ့်မည်။

သူနှင့်တွေ့လျှင် သူ့ထံမှ အကြံကောင်းဉာဏ်ကောင်းများ ရနိုင်မလား။

အပြင်ဘက်တွင် မိုးသည်းသည်းတစ်ည၊ လေကြီးမိုးကြီးကျနေ၍ ကြောက်စရာကောင်းသည့်အမှောင်ထုကသာ မင်းမူလျက်ရှိပါသည်။

ကျွန်တော်သည်ပုဆိုးကိုခေါင်းမြီးခြုံ၍ အိမ်ပေါ်မှဆင်းလိုက်သည်။ ပြင်းထန်လှသောမိုးပေါက်များသည် ကျွန်တော့်မျက်နှာကို မညှာမတာ ပြေးလာရိုက်ခတ်လျက်ရှိသည်။

*



(၇)

လှချိုကိုရှာရန်မခက်ပါ၊ ဘူတာကြီးဘက်ရောက်သည်နှင့်တစ်ပြိုင်နက် သူနှင့်တိုက်ရိုက်မတွေ့ရသော်လည်း သူဘယ်မှာနေသည်ကို ခြေရာခံမိလေသည်။

သူ့အပေါင်းအသင်း စိန်လှအောင်က ကျွန်တော့်အား သူ့ထံသို့လိုက်ပို့သည်။ လှချို ယခုကျက်စားသည့်နေရာမှာ ကီလီဈေးဖြစ်သည်။

တစ်နေ့လုံး ဈေးမှာနေခြင်းမဟုတ်ဘဲ သူသွားလိုရာသွားနေပြီး ညကျမှပြန်လာသည်။ သူ့အိပ်ရာက ဇောတံတားတစ်ခုအောက်တွင် ဖြစ်လေသည်။

ကျွန်တော်နှင့်တွေ့တော့ သူ့မှာအတော်ကလေး ငွေပေါနေသည်။ မော်လမြိုင်သွားဖို့ စီစဉ်ထားသည်ဟုသိရ၏။ "ဘာလုပ်ဖို့သွားမှာလဲ" ဟု ကျွန်တော်ကမမေး။ မေးစရာလည်း မလိုဟုထင်သည်။ သူသွားလျှင် အလစ်သုတ်ဖို့သွားခြင်းသာ ဖြစ်ပေလိမ့်မည်။

လှချိုက စရိတ်ခံသဖြင့် ကျွန်တော်တို့နှင့်အတူ စိန်လှအောင်လိုက်လာသည်။ မော်လမြိုင်ရောက်တော့ လှချိုနှင့်စိန်လှအောင်တို့ကသာ အထုပ်ဖြစ်အောင် လုပ်နိုင်ပြီး ကျွန်တော်ကလူပိုတစ်ယောက်ဖြစ်ပေသည်။ ရက်ကြာလာတော့ လက်ထဲတွင်ငွေပြတ်လာသည်။ ကျွန်တော်ကလည်း ဆင်းအမို့ သူတို့အတွက် ကူဖော်လောင်ဖက်မရသဖြင့် ကျွန်တော့်ကို မုတ္တမဘက်မှာ တော်သလိုကြည့်နေရန် လှချိုကစီစဉ်ပေးပြီး သူတို့က မော်လမြိုင်မြို့ပေါ်မှာ ကပ်နေကြသည်။ ကျွန်တော့်မှာလည်း ပိုက်ဆံပြတ်၊ တစ်ခါတစ်ရံ အလုပ်သမားလုပ်ပြီး ထမင်းဖိုးဟင်းဖိုးရှာရသည်။ အခွင့်သာလျှင် ရရာပစ္စည်းလေးများ လစ်၍ရောင်းချစားသောက်ရလေသည်။

ကျွန်တော်သည် ခိုးသည့်ဖွက်သည့်အလုပ်တွင် သိပ်ပြီးဝါသနာမရှိလှပါ။ အကျိုးလည်း မပေးလှဟုထင်ပါသည်။ ဘယ်လောက်ပဲ လှချိုနှင့်တွဲ၍လုပ်လုပ် အမြဲကြောက်နေပါသည်။ "မိသွားမှဖြင့်...မိသွားမှဖြင့်" ဟူသောကြောက်စိတ်ဖြင့် လုပ်ရခြင်းဖြစ်၍ အဆင်မပြေသည်ကများပါသည်။

ကျွန်တော်မုတ္တမတွင် ဆက်မနေလိုတော့ပါ။ ရန်ကုန်သို့ ပြန်ချင်လှပါပြီ။ လှချိုတို့ကလည်း ပေါ်မလာကြပါ။ မော်လမြိုင်ဘက်လိုက်သွားပြီး

ခေါ်ရကောင်းနိုးနိုး ချိုတုံချတုံဖြစ်နေခိုက်မှာပင် လှချိုတို့ရောက်လာကြ သည်။ သူတို့မျက်နှာတွေ မြင်ရုံမျှဖြင့် သူတို့အကြံအဖန် တည့်လာမှန်း သိနိုင်ပါသည်။

ဘယ်လိုအကွက်ကောင်းတွေ့၍ ရလာသည်မသိ၊ သူတို့လက်ထဲတွင် ငွေတစ်ထောင်ကျပ်လောက် ပါလာသည်။ လှချိုပြ၍ ရွှေဆွဲကြိုးတစ်ကုံး လည်း မြင်လိုက်ရသည်။

မော်လမြိုင်မှ ရလာသည့် ငွေတစ်ထောင်ကျော်ကို ရထားပေါ်ရောက် တော့ သုံးယောက်ခွဲယူကြသည်။ လှချိုက တိုက်တွန်းသဖြင့် ရန်ကုန် ရောက်လျှင်ရောက်ချင်း အမေ့ထံသွား၍ ငွေလေးရာပေးခဲ့ပါသည်။

သည်တစ်ခေါက် ရန်ကုန်ပြန်အရောက်တွင် ကျွန်တော်တို့စားကျက် ပြောင်းကြသည်။ အိပ်သည့်နေရာကိုလည်း ယခင်ကလို တစ်သမတ်တည်း မထားတော့ပေ။ ဘူတာကြီးမှာ အိပ်သည့်အခါအိပ်၍ ကီလီဈေးတစ်ဝိုက် တွင်အိပ်သည့်အခါအိပ်ပြီး ရုပ်ရှင်ရုံများအောက် အိပ်သည့်အခါအိပ်သည်။ တစ်ခါတစ်ရံ လမ်းကြိုလမ်းကြား ဆိုင်ကြိုဆိုင်ကြားဝင်၍ အိပ်ကြသည်။

တစ်ည...။

မိုးကလည်း တစိမ့်စိမ့်နှင့်မို့ ကျွန်တော်တစ်ယောက်တည်း စောစော စီးအိပ်နေသည်။ လှချိုနှင့်စိန်လှအောင်တို့လာနိုးတော့ မိုးတိတ်နေပေပြီ။ လေကလည်း ထန်လွန်းသဖြင့် အပြင်ဘက်တွင် အအေးဓာတ်ကတော့ မလျော့သေးပါ။ ခပ်လှမ်းလှမ်းမှ နာရီသံချောင်းခေါက်သံနှစ်ချက်ကြားရ ပါသည်။

"ဘယ်သွားမလို့လဲကွ"

ကျွန်တော်က ခပ်တိုးတိုးမေးရာ လှချိုက "ဆိုင်ဖောက်မလို့" ဟု ဖြေပါ သည်။

"ငါမလိုက်ချင်ဘူးကွာ၊ အိပ်နေခဲ့တော့မယ်"

"မင်းကလည်းကွာ လိုက်ခဲ့စမ်းပါ၊ တို့လုပ်မှာပါ။ မင်းကလူသွားလူလာ ကြည့်ပေးရုံပါ" ဟု စိန်လှအောင်က စိတ်မရှည်သဖြင့် ဝင်ပြောပါသည်။

စိန်လှအောင်သည် လှချိုထက်အသက်ကြီးပြီး ဤအလုပ်မျိုးတွင် ဝါ ရင့်သူဖြစ်ရာ သူကပင်ခေါင်းဆောင်၍ လုပ်မည်ဖြစ်ပါသည်။



ကျွန်တော်ကတော့ စိတ်မပါလှပေ။ အေးလွန်း၍ အိပ်ချင်သည့်စိတ် သာရှိသည်။ သို့သော်လည်း ဖွတ်ခေါ်နေသဖြင့် မလိုက်၍မဖြစ်ပါ။ အအေး သက်သာစေရန် ပုဆိုးကိုခြုံပြီး လိုက်လာခဲ့ပါသည်။

ကျွန်တော်တို့ လမ်းထဲဝင်လာတော့ မိုးက တစိမ့်စိမ့်ရွာလာပြန်သည်။ သူတို့ဖောက်မည့်ဆိုင်သည် ရေဒီယို၊ ကက်ဆက်နှင့် လျှပ်စစ်ပစ္စည်းများ ရောင်းဝယ်ပြုပြင်သည့်ဆိုင်မှန်း ဆိုင်ရှေ့ရောက်မှပင် သိပါသည်။ စိန်လှ အောင်သည် ဖောက်ထွင်းဝိဇ္ဇာမဟုတ်သေးသော်လည်း ကျွမ်းကျင်သင့် သလောက်တော့ ကျွမ်းကျင်မှုရှိဟန်တူ၏။ မကြာမီပင် ဆိုင်ဖောက်ပြီး ဖြစ်သွားသည်။ အထဲတွင် ပစ္စည်းတွေအများကြီးရှိသော်လည်း များများ မယူပါ။ ရေဒီယိုသုံးလုံး၊ ဓာတ်မီးပူနှစ်လုံးနှင့် ကက်ဆက်လေးလုံးသာ ယူခဲ့ကြပါသည်။

လမ်းထဲမှပြန်ထွက်တော့ ဝင်လမ်းအတိုင်းမထွက်ဘဲ အခြားတစ်ဖက် မှထွက်ကြသည်။ လမ်းထိပ်ရောက်တော့ လမ်းမကြီးဘက်မှ ချိုးကွေ့ဝင် လာသည့်လူတစ်စုနှင့် တိုးနေပါသည်။

"ဟေ့ကောင်တွေ ရပ်...။ မင်းတို့လက်ထဲက ဘာထုပ်ကြီးလဲ၊ ပြစမ်း"

လူစုထဲမှ ရှေ့ဆုံးလူက အော်ပါသည်။ ကျွန်တော်တို့သုံးယောက် စလုံး တိုင်ပင်ထားသည့်အလား နောက်ဘက်သို့ပြန်ပြေးခဲ့ကြပါသည်။ "သူခိုး....သူခိုး..." ဟူသောအသံမှာ တစ်လမ်းလုံး ညံသွားပါသည်။

ဤတစ်ချီတွင် ကျွန်တော်တို့အတွက် ကံမလိုက်ပါ။ ကြံကြံဖန်ဖန် တစ်ဖက်မှလာသူတစ်စုက အော်သံကြောင့်ပြေးဝင်လာပြီး ရိုက်ကြနှက်ကြ ပါတော့သည်။

အထုပ်ပွေ့ထားသော စိန်လှအောင်နှင့် လှချိုတို့ကိုဖိ၍ရိုက်သဖြင့် နှစ်ယောက်စလုံးအလဲလဲအကွဲကွဲ ဖြစ်ကုန်ကြသည်။ ကျွန်တော်က လက် နှင့်ဆီး၍ခံသဖြင့် လက်မောင်းတွင်တစ်ချက်၊ ခေါင်းတွင်နှစ်ချက်ထိသည်။

ကျွန်တော်တို့နောက်မှ လိုက်လာသူများထဲမှ တစ်ဦးက "ဟေ့....ဟေ့ လက်လွန်ကုန်မယ်။ တော်ကြတော့၊ တော်ကြတော့" ဟုအော်၍သာ သက် သာခြင်းဖြစ်ပါသည်။ သူသာမအော်လျှင် အသေရိုက်ချင် ရိုက်ကြပါလိမ့် မည်။

ကျွန်တော့်ခေါင်းမှ သွေးများမှာ မျက်နှာပေါ်သို့စီးကျပြီးမှ အင်္ကျီပေါ် အထိ စီးဆင်းလျက်ရှိသည်။

ကျွန်တော့်မှာ ကြောက်လွန်း၍ တစ်ကိုယ်လုံးတုန်လျက်ရှိပါသည်။

ကျွန်တော်တို့အား ပန်းဘဲတန်း ရဲစခန်းသို့ပို့ရာ ရဲမှတစ်ဆင့် ဆေးရုံကြီးသို့ ပို့ပါသည်။ လှချိုနှင့်စိန်လှအောင်တို့မှာ ဒဏ်ရာအများဆုံးဖြစ်ပါသည်။

"မင်းတို့ကောင်တွေ သေမကုန်တာ အများကြီးကံကောင်းတယ်" ဟု ကျွန်တော်တို့အား ဆေးရုံပို့သည့်ရဲတပ်ကြပ်တစ်ဦးက မှတ်ချက်ချပါသည်။

ကျွန်တော်နှင့်လှချိုကို ကလေးသူငယ်တရားရုံးသို့ ပို့ပါသည်။ တရားရုံးမှ ကျွန်တော်တို့အား သင်တန်းကျောင်းတစ်ခုသို့ ပို့လိုက်ပါသည်။ စိန်လှအောင် တစ်ယောက်တော့ ထောင်ကျသွားသည်ဟု ကြားရပါသည်။

သင်တန်းကျောင်းရောက်ပြီး သုံးလေးရက်ခန့်အကြာတွင် လှချိုထွက်ပြေးပါသည်။ ကျွန်တော်ကတော့ ပြေးဖို့ စိတ်မကူးတော့ပါ။ သင်တန်းကျောင်းတွင် နှစ်စေ့အောင်နေတော့မည်။ ကျောင်းမှထွက်လျှင် အလုပ်တစ်ခုခုရှာ၍ လုပ်ကိုင်စားတော့မည်ဟု အခိုင်အမာ ဆုံးဖြတ်လိုက်ပါသည်။

*

(၈)

သင်တန်းကျောင်းတွင် သုံးနှစ်စေ့သောအခါ လွတ်ပါသည်။ လွတ်လျှင်လွတ်ချင်း အဖေ၊ အမေတို့ထံ ပြန်သွားရာ အဖေတို့မှာ သာကေတမှ အိမ်နှင့်မြေကိုရောင်းပြီး ဘောက်ထော်ဘက်ရွှေ့နေကြပြီ ဖြစ်ပါသည်။

ယခုတစ်ခေါက် အိမ်အပြန်တွင် အဖေကမရိုက်ပါ။ သူကမေး၍ ကျွန်တော်ကအကြောင်းစုံပြောပြသည့်အခါ ငြိမ်၍နားထောင်နေပါသည်။ ကျွန်တော့်စကားဆုံးမှ "နောက်ကောင်းကောင်းနေရင်နေ၊ မနေရင်ထောင်ကျမှာ ကျိန်းသေပဲ" ဟု ပြောပါသည်။

အိမ်ပြန်ရောက်ပြီး နောက်ရက်မှစ၍ ကျွန်တော်အလုပ်ရှာပါသည်။ အတန်းပညာလည်း မတတ်။ လက်မှုပညာလည်း မယ်မယ်ရရ ဘာမျှ



မတတ်သဖြင့် ဘာအလုပ်မျှမရပါ။

သုံးလခန့်ကြာတော့မှ နေ့စားလရှင်း မြူသန့်ရှင်းရေးအလုပ်ရပါသည်။ ဤအလုပ်တွင် လေးလခန့်တော့ လုပ်လိုက်ရသည်။ အမြဲဖွဲ့၍ လုပ်ရသော အလုပ်မျိုးမဟုတ်သဖြင့် လုပ်ချင်စိတ်မရှိပါ။ ခြောက်လလောက် အလုပ်လက်မဲ့ ဖြစ်နေပြန်သည်။ ထိုခြောက်လအတွင်း ကျွန်တော်ပလတ်စတစ်လိုက်ကောက်ရာ အဆင်ပြေလိုက်၊ မပြေလိုက်နှင့် လုံးချာလည်နေပါသည်။

ပလတ်စတစ်ကောက်သည့်အလုပ်ကို စိတ်ပျက်နေခိုက်မှာပင် ကံအားလျော်စွာ စိုက်ပျိုးရေးနှင့် မွေးမြူရေးခြံတစ်ခြံတွင် အလုပ်ရခဲ့ပါသည်။ အဖေ့မိတ်ဆွေတစ်ယောက်က ပြောပေး၍ရခြင်းဖြစ်ပါသည်။ ခြံရှင်က ကျွန်တော့်အား တစ်လတစ်ရာငါးဆယ် ပေးပါသည်။

ဤအလုပ်တွင် မြဲပါစေဟု ကျွန်တော်ဆုတောင်းမိသည်။ အလုပ်အကိုင်အတည်တကျနှင့်ဆိုလျှင် ကျွန်တော့်ဘဝသည် မတိုးတက်သည့်တိုင် ကောင်းလာနိုင်ပါမည်။ အကယ်၍ မမြဲဘဲ အလုပ်လက်မဲ့ဖြစ်ခဲ့သော်...

ကျွန်တော် မပြောတတ်သေးပါ။

❑

# သားကောင်

ကမ္ဘာမီးလောင်၍ သားကောင်ဖြစ်ခဲ့ရရှာသည့် ဤမိန်းကလေး၏ ဘဝမှာ သနားစရာကြေကွဲစရာကောင်းလှသည်။ အသားညိုစိမ့်စိမ့်၊ နှာတံပေါ်ပေါ်၊ မျက်လုံးမျက်ခုံးကောင်းကောင်း၊ နှုတ်ခမ်းပါးပါး၊ မျက်နှာသွယ်သွယ်နှင့် အလွန်ချောသည့် မိန်းကလေးတစ်ယောက်ဖြစ်သည်။ သွက်သွက်လက်လက်ချက်ချက်ချာချာနှင့် ဉာဏ်ရည်ဉာဏ်သွေးထက်မြက်ပုံရသော ဤမိန်းကလေးမျိုး အဖြစ်ဆိုးနှင့်ကြုံခဲ့ရသည်မှာ ရင်နာစရာကောင်းလှသည်။ ကျွန်တော် စုံစမ်းမေးမြန်းသည့်အချိန်က ကလေးမ၏အသက်မှာ ၁၅ နှစ်သာသာမျှသာ ရှိသေးသည်။

အိမ်ထောင်ရေးအဆင်မပြေမှုသည် အကျင့်ပျက်သက်ငယ်ဦးရေကို တိုးပွားစေသည့်အချက်တစ်ချက်ဖြစ်သည်ဟူသော စကားမှန်ကန်ကြောင်း ဤကလေးမ၏အဖြစ်က သက်သေခံလျက်ရှိပါသည်။

ကျွန်တော်တို့နိုင်ငံတွင် (Correctional Treatment)ခေါ် အကျင့်စာရိတ္တပြုပြင်ရေးဆိုင်ရာလုပ်ငန်းနှင့် (Rehabilitative services for Ju-



venile Delu quent)ခေါ် အကျင့်ပျက်သက်ငယ်များအတွက် ပြန်လည်ထူထောင်ရေးဆိုင်ရာလုပ်ငန်းများ ပီပီပြင်ပြင် မထွန်းကားသေးသဖြင့် ဤကလေးမသည် အကျင့်စာရိတ္တမှ ပြန်ကောင်းပါမည်လားဟု သံသယဖြစ်ခဲ့မိသည်။

ကံအားလျော်စွာပင် ဤကလေးမတွင် သူ့ကိုယ်သူပြန်လည်ကောင်းမွန်လာအောင် ပြုပြင်ချင်သော ဆန္ဒကလေးရှိသဖြင့် အကျင့်ကောင်း သောမိန်းကလေးတစ်ဦးဖြစ်လာခဲ့သည်။ သူ့ကံကလေးက ထောက်ပင့်ပြန်သဖြင့် သူ့ထက်အသက်ကြီးသော်လည်း သူ့အပေါ်ဂရုဏာထားသည့်ယောကျ်ားမျိုးနှင့်ဆုံမိကြသောအခါ သူ့ဘဝသည် သာယာချမ်းမြေ့လာရသည်။

*

(၁)

တချို့လူတွေက ကျွန်မ မကောင်းလွန်းလို့သာ ယခုလိုဖြစ်ရသည်ဟု ပြောကြပါသည်။ တချို့ကတော့ အမေ မလိမ်မာလို့သာ ယခုလို ဖြစ်ရသည်ဟုဆိုကြ၍ တချို့ကတော့ အဖေမိုက်လွန်းလို့သာ ယခုလိုဖြစ်ရသည်ဟုဆိုကာ အဖေ့အပေါ် အပြစ်ပုံချကြသည်။

အမှန်တော့ ဘေးလူများသည် ကျွန်မတို့၏အဖြစ်ကို မှန်မှန်ကန်ကန်သိကြသူများမဟုတ်ပါ။ တစ်စွန်းတစ်စကြားထားရသည်များကို အခြေခံ၍ သူတို့ထင်ရာမြင်ရာ သူတို့လိုရာကို ဆွဲပြောနေကြခြင်းသာဖြစ်ပါသည်။

ဘယ်သူတွေက ဘာပြောပြော၊ ဘာထင်ထင် ကျွန်မကတော့ ဂရုမစိုက်ပါ။ လောကတွင် ကိုယ့်အကြောင်းကိုယ်သာ အသိဆုံးဖြစ်ပါသည်။ ကိုယ့်မှာပြဿနာရှိလာလျှင် ကိုယ့်ဘာသာကိုယ် ဝေဖန်ဆုံးဖြတ်မှသာ အဖြေမှန်ရလိမ့်မည်ဟု ကျွန်မထင်ပါသည်။

ကျွန်မအနေဖြင့် အမေ့ကိုလည်း အပြစ်မတင်ရက်ပါ။ အဖေ့ကိုလည်း အပြစ်မဆိုချင်ပါ။ ကျွန်မကိုယ်ကျွန်မလည်း အပြစ်ရှိသည်ဟု မပြောချင်ပါ။

"ကမ္ဘာမီးလောင် သားကောင်ချနင်း" ဟူသောစကားကို ကြားဖူးကြ

လိမ့်မည် ထင်ပါသည်။ တကယ်တော့ ကျွန်မသည် ကမ္ဘာမီးလောင်၍ ချအနင်းခံရသည့် "သားကောင်တစ်ကောင်" သာဖြစ်သည်ဟု ဆိုချင်ပါသည်။

*

(၂)

ကျောင်းမှာတော့ကျွန်မကို 'မရင်မေ' ဟုခေါ်ကြ၍ အိမ်မှာတော့ အဖေချစ်စနိုးပေးထားသည့် "ပုစူးမ" ဟူသောနာမည်ကိုသာ အခေါ်များသည်။

ကျွန်မတို့အိမ်ထောင်သည် ဆင်းရဲသည့်အိမ်ထောင်မဟုတ်ပါ။ မိသားစုများသည့် အိမ်ထောင်တစ်ခုလည်း မဟုတ်ပါ။ အဖေ၊ အမေ၊ အစ်ကိုနှင့် ကျွန်မအားလုံးပေါင်းမှ မိသားစုလေးဦးတည်းသာရှိသဖြင့် ချောင်ချောင်လည်လည်စားနိုင်သောက်နိုင်သည့် အိမ်ထောင်ဖြစ်ပါသည်။

ကျွန်မအဖေကိုထွန်းမြိုင်သည် ရဲတပ်ကြပ်တစ်ဦးဖြစ်၍ ခေတ်ပညာအထိုက်အလျောက် တတ်သူတစ်ဦးလည်းဖြစ်ပါသည်။

ကျွန်မအဖေသည် လူချောလူလှတစ်ယောက် မဟုတ်သော်လည်း ရုပ်ရည်သန့်ပြန့်ယောကျ်ားပီသသူတစ်ဦးဖြစ်သည်။ အသားညိုသော်လည်း ကျက်သရေရှိသော ရုပ်မျိုးကို ပိုင်ဆိုင်သူဖြစ်သည်။

ကျွန်မအမေ မလှသွယ်မှာ မိန်းမချောတစ်ယောက်ဖြစ်ပါသည်။ မျက်လုံးမျက်ခုံးကောင်းသည်။ မျက်လုံးမျက်ခုံးကောင်းကောင်း၊ ကိုယ်လုံးကိုယ်ထည်သွယ်သွယ်လျလျတွင် ဖြူဝင်းသောအသားအရေက ဖြည့်စွက်ပေးထားသဖြင့် ထင်းကနဲနေအောင် ပေါ်လွင်သောရုပ်ရည်မျိုးဖြစ်သည်။

အမေသည် အဆင်းရှိသော်လည်း အရည်အချင်းကတော့ နည်းလှသည်။ အမေသည် စာမတတ်ပါ။ အကြားအမြင် ဗဟုသုတလည်း မရှိပါ။

အမေသည် ဖျာပုံနယ်မှဖြစ်၍ အဖေရဲသားဘဝ သင်္ဘောလုံခြုံရေးတာဝန်နှင့် သင်္ဘောလိုက်နေစဉ်က ဆုံမိခဲ့ကြခြင်းဖြစ်သည်။ အမေ၏ဘဝသည် မိဘမရှိ။ ညီအစ်ကိုမောင်နှမအရင်းအချာမရှိ။ တစ်ကောင်ကြွက်လို နေရသည့်ဘဝဖြစ်သည်။

အားကိုးအားထားနည်းလွန်းသဖြင့် နှစ်ဝမ်းကွဲအဒေါ်တစ်ယောက်ထံ



ရှိနေရသည်။ အဒေါ်မှဆိုးမချောလည်း သားသမီး ကျောထောက်နောက်ခံမရှိ၍ နေ့စဉ်သင်္ဘောဆိပ်ဆင်းကာ ဆီထမင်းနှင့် ငါးကြော်ရောင်းရသည့် အလုပ်လက်စားဖြစ်သည်။ အမေ့အဒေါ်သည် ဆင်းရဲရသည့်အထဲ ကျန်းမာရေးက မကောင်းသဖြင့် မကြာခဏ မမာမချာဖြစ်နေသည်။ အဒေါ်နေမကောင်းဖြစ်လျှင် အမေက ဆီထမင်းအိုးခေါင်းပေါ်ရွက်၊ သင်္ဘောဆိပ်သို့ ဆင်းရ၏။ ဤတွင် အဖေနှင့်တွေ့ကာ ညားခဲ့ကြခြင်းဖြစ်လေသည်။

ကျွန်မအဖေသည် အမေ့ထက် အသက်ဆယ်နှစ်ကျော်ကျော် ကြီးသည်။ ကျွန်မသိရသလောက်ဆိုလျှင် အဖေသည်အမေ့ကို အလွန်ချစ်သည်။ အလိုလည်း လိုက်သည်။ အမေကောင်းသည်ဟုထင်လျှင် ဘာလုပ်နေနေ မပြောပါ။ အမေကလည်း အဖေအလိုလိုက်သလောက် ဆိုးသည်ဟုမဆိုသာသော်လည်း စာမတတ်၊ ဗဟုသုတနည်းသဖြင့် ဖြစ်ပေါ်လာသည့် ချွတ်ယွင်းချက်များတော့ အမေ့မှာရှိနေသည်။

အမေသည် ရုပ်ရှင်ဆိုအသေအလဲ ကြိုက်တတ်သည်။ အမေရုပ်ရှင်မကြည့်သောနေ့ဟူ၍ မရှိသလောက်ဖြစ်နေသဖြင့် အမေရုပ်ရှင်ဝါသနာကြီးပုံမှာ တစ်ဆိတ်လွန်လွန်းသည်ဟုပင် ကျွန်မပြောချင်သည်။

အမေသည် ရုပ်ရှင်ကိုကြည့်ရာ၌ ဝါသနာကြီးသော်လည်း အိမ်မှုကိစ္စတွင် ဝါသနာမပါပါ။

အိမ်ကိုသန့်သန့်ပြန့်ပြန့် ထားဖို့လည်း စိတ်မဝင်စား၊ အဝတ်အစားတွေဆိုလျှင် ဟိုနားတစ်ထည် သည်နားတစ်ထည် အမြဲတစေပြန့်ကျဲလျက်ရှိတတ်သည်။ အမေသည် အဖေဘာကြိုက်တတ်သည်ကိုလည်း စိတ်မဝင်စားပါ။ အဖေ့ကို ဘယ်လိုပြုစုရမှန်းလည်း မသိပါ။ သိအောင်လည်း မကြိုးစားပါ။

ပို၍ဆိုးသည်မှာ ထမင်းဟင်းကို အချိန်နှင့်အခါနှင့် မချက်ခြင်းဖြစ်သည်။ အဖေက အလုပ်မှမောမောပန်းပန်းနှင့် ရောက်လာပြီဖြစ်သော်လည်း အိမ်မှာက ထမင်းဟင်းမကျက်သေးသဖြင့် မကြာခဏ ပြဿနာဖြစ်ရသည်။

"ဒီနေ့ တစ်ရက်တော့ ထမင်းဆိုင်မှာပဲ သွားစားလိုက်ပါဦး၊ ဟင်း

မကျက်သေးဘူး"

အမေ၏ လက်သုံးစကားက ဒါပဲဖြစ်သည်။ မကြာခဏဖြစ်ဖန်များတော့ အဖေ့ရင်ထဲသိပ်ပြီး ကျေနပ်ပုံမရပါ။ ဘာမျှတော့မပြောပါ။ မသာယာသောမျက်နှာဖြင့် အသာပင်ပြန်၍ထွက်သွားတတ်ပါသည်။

ဤအဖြစ်မျိုးမှာ တစ်ကြိမ်တည်းလည်းမဟုတ်၊ နှစ်ကြိမ်လည်းမဟုတ် မကြာခဏ ကြုံရတတ်သည်။

ဤလိုအဖြစ်မျိုးနှင့်ကြုံလာလျှင် အမေ့ကိုအလွန်အမင်း စိတ်ဆိုးတတ်သူမှာ ကျွန်မ၏အစ်ကို ကိုဝင်းလှိုင်ဖြစ်သည်။ အစ်ကိုသည် အမေရုပ်ရှင်အလွန်အကျွံကြည့်ခြင်းကိုလည်း မကြိုက်။ အိမ်မှာ ထိန်းထိန်းသိမ်းသိမ်းမရှိဘဲ စည်းမဲ့ကမ်းမဲ့ ဖြစ်နေခြင်းကိုလည်း သဘောမကျ။

အစ်ကိုသည် အမေနှင့်မကြာခဏ စကားများတတ်ပါသည်။ စကားများပြန်တော့လည်း အစ်ကိုကပင် အရှုံးပေးရပါသည်။ တစ်ခါတစ်ရံ အစ်ကိုသည် မကျေမနပ်ဖြစ်လွန်းသဖြင့် အဖေ့ကိုအပြစ်တင်စကားပြောတတ်သည်။

အမှန်တော့ ဤပြဿနာသည် သေးငယ်သည့်ပြဿနာမဟုတ်ပါ။ ဖွံ့မီးနှံ့တူသောပြဿနာတစ်ခုဖြစ်ပါ၏။ ဤပြဿနာကြောင့် ကျွန်မတို့ မိသားစု ပြိုကွဲရလိမ့်မည်ဟု ထိုစဉ်က ကျွန်မမထင်မိခဲ့။

*

(၃)

ကျွန်မ စတုတ္ထတန်းအောင်၍ ပဥ္စမတန်းရောက်သည့်နှစ်တွင် အဖေ့ဘက်မှ အခြေပျက်လာခဲ့သည်။ အရက်မသောက်တတ်သော အဖေသည် ညနေတိုင်းအရက်သောက်လာတတ်သည်။ အိမ်ကိုလည်း ယခင်ကလို မှန်မှန်မပြန်။ တစ်ခါတစ်ရံ ညဆယ်နာရီ၊ ဆယ့်တစ်နာရီထိုးမှ ပြန်လာတတ်သည်။

အမေ့အပေါ်မှာလည်း အရင်ကလို လိုက်လိုက်လဲလဲမရှိလှ။ စကားလည်းများများမပြော၊ ခေါ်တစ်ခွန်း မေးတစ်ခွန်းလောက်သာပြောပြီး အိပ်ရာဝင်တတ်သည်။



[illegible] အခြေပျက်သည့်အကြောင်းရင်းကို အမေနှင့်ကျွန်မတို့ ထမင်း[illegible] အပြင်မှပြန်ရောက်လာသောအစ်ကိုက အမေ့ကိုပြောသည်။

"[illegible] မိန်းမတစ်ယောက်ယူထားတယ်လို့ကြားတယ်။ အမေသိပြီး[illegible]"

"ဘယ်...မဟုတ်ကဟုတ်က၊ နင်ဘယ်ကကြားတာလဲ"

"ဘာမဟုတ်က ဟုတ်ကလဲ၊ အမေ ဘာများသိတာရှိလို့လဲ၊ အမေ[illegible]ရုပ်ရှင်ကြည့်ဖို့လောက်ပဲမဟုတ်လား။ မပြောချင်လို့နေတာ သိတာ[illegible]"

[illegible]သည် ခပ်တွေတွေ ခပ်ငေးငေးဖြစ်သွားသည်။

[illegible]ကိုသည် မခိုင်လုံဘဲနှင့် ပြောတတ်သူမဟုတ်။ သူ အသေအချာ[illegible]၍သာ ပြောခြင်းဖြစ်သည်။

"ဘယ်မိန်းမတဲ့လဲ၊ နင့်ကိုဘယ်သူပြောလဲ"

"[illegible]လက်ဆောင်းကုန်းထဲကလို့ ပြောတာပဲ။ နာမည်က မခင်ကြည်တဲ့။ [illegible]သိန်းကြီးတို့၊ ကိုလှမောင်ကြီးတို့ပြောတာပဲ။ သေချာတာကတော့ [illegible]တယ်၊ ဘာလဲအမေက မယုံဘူးလား"

[illegible]သည် စားလက်စထမင်းကို ဆက်မစားတော့ဘဲ ပန်းကန်ကိုယူ၍ [illegible]ဘက်သို့ ထွက်သွားသည်။ ကျွန်မလိုက်သွားတော့ အမေငိုနေ[illegible]။ ကျွန်မဘာပြောရမှန်းမသိပါ။ ပန်းကန်တွေ၊ အိုးတွေ ဆေးကြော[illegible]ပြီး အိမ်ရှေ့ခန်းသို့ ပြန်လာခဲ့ပါသည်။

အိမ်ရှေ့တွင် အစ်ကိုမရှိတော့ပါ။

ကျွန်မကတော့ အစ်ကိုစိတ်ညစ်လွန်း၍ စိတ်ပြေလက်ပျောက်ခဏ [illegible]ထွက်သွားသည်ဟု ထင်ခဲ့မိသည်။

တကယ်တော့ ကျွန်မထင်သလိုမဟုတ်ပါ။ အစ်ကိုသည် ထိုညက [illegible]ပြန်လာပါ။ နောက်ရက် နောက်ညများတွင်လည်း ပြန်မလာတော့[illegible] ဘယ်အရပ် ဘယ်ဒေသသို့ ထွက်သွားသည်မသိပါ။

ထိုညက ၁၂ နာရီထိုးမှ အဖေပြန်လာသည်။ ထိုအချိန်အထိ အမေနှင့် ကျွန်မတို့ မအိပ်နိုင်ကြသေး။ အမေက အစ်ကိုပြောသည့်ကိစ္စကိုမေးရာ [illegible] မငြင်းပါ။ ဝန်ခံပါသည်။

သည်တော့ အမေငိုသည်။ ထိုညမှစ၍ အဖေနှင့်အမေတို့၏ဆက်ဆံရေးမှာ တင်းမာလာသည်။ ညတိုင်းရန်ဖြစ်ကြသည်။ အဖေက အမေ့၏ ချွတ်ယွင်းချက်ကို ထောက်ပြသည်။ တစ်ယောက်အပေါ်တစ်ယောက် အကောင်းမမြင်၊ အကောင်းမထင်ကြတော့။

တစ်လခန့်ကြာလျှင် ကျွန်မတို့အိမ်သို့ အဖေပေါ်မလာတော့။ အမေ စုံစမ်းသည့်အခါ အဖေနယ်သို့ပြောင်းသွားကြောင်း၊ ပဲခူးနယ်ဘက်သို့ ပြောင်းသွားရာ သူ့နောက်မိန်းမ မခင်ကြည်ကိုပါ ခေါ်သွားကြောင်း သိခဲ့ရသည်။

အဖေသည် ကျွန်မတို့ကို လုံးဝမပြောဘဲ တိတ်တဆိတ်ကြိတ်ပြောင်းသွားခြင်းဖြစ်သည်။ ကျွန်မတို့အပေါ်တွင် အဖေသည် ဤမျှလောက် ရက်စက်လိမ့်မည်ဟု မထင်ခဲ့မိပါ။

အစ်ကို ကိုဝင်းလှိုင်ကလည်း ပေါ်မလာတော့ပါ။ အဖေနှင့်အစ်ကိုတို့သည် ကျွန်မတို့သားအမိအပေါ်တွင် ရက်စက်လွန်းလှပါ၏။ လျစ်လျူရှုလွန်းလှပါ၏။

အမေနှင့်ကျွန်မတို့ဘဝသည် အိပ်မက်ဆန်ဆန်ပင် ပြောင်းလဲခဲ့ရပါသည်။

*

(၄)

အဖေ၏စွန့်ပစ်ခြင်းကိုခံရပြီးနောက် လေးငါးလကြာအထိတော့ ကျွန်မတို့သားအမိ ဣန္ဒြေမပျက်နေနိုင်ကြသေးသည်။ လေးငါးလလွန်သော် အခြေယိုင်စပြုလာသဖြင့် စိတ်ဆင်းရဲရသည်။ လူတို့၏သဘာဝမှာ နားလည်ရခက်လှပါသည်။

အဖေရှိစဉ်တုန်းကတော့ ကျွန်မတို့ကို ခင်သူချစ်သူတွေ ဝိုင်းဝိုင်းလည်နေသော်လည်း ယခုအဖေမရှိတော့သည့်အခါတွင်မူ ဘယ်လိုနေ၍ ဘယ်လိုစားနေကြလဲဟု မေးမည့်သူပင်မရှိပါ။ နိမ့်လျှင်တစ်မျိုး၊ မြင့်လျှင်တစ်နည်း ဆက်ဆံတတ်ကြသည့် လူတို့၏ရက်စက်ယုတ်မာသောသဘာဝတစ်ခုကို ကျွန်မလက်တွေ့သိလာရသည်။



"မလှစုန်းမျိုး၊ မရှိခိုးနိုး" ဟူသောစကားမှာလည်း မှန်လှပေသည်။ ကျွန်မတို့မှာ ပြည့်စုံနေစဉ်က အမြဲမပြတ်ဝင်ထွက်သွားလာပြီး မောင်အောင်မမလုပ်ကာ ချေးခဲ့၊ငှားခဲ့သူများပင်လျှင် ကျွန်မတို့ကိုမြင်လျှင် ရှောင်ကြသည်။ ကျွန်မတို့က ချေးနိုးနိုး၊ ငှားနိုးနိုးသဘောမျိုး ထင်လာကြသည်။

ကျွန်မတို့မှာလည်း မပြည့်စုံတော့ ချေးငှားရမည့်အခြေမျိုး ဆိုက်လာသည်။ အမေကလည်း ဘာမျှမလုပ်တတ်။ တစ်ချိန်က ဈေးရောင်းဖူးသည်ဟုဆိုသော်လည်း လည်လည်ပတ်ပတ်ရှိသည်မဟုတ်။

ကျွန်မတို့သားအမိမှာ ကြည့်မြင်တိုင်၌ဆက်၍ မနေနိုင်တော့သဖြင့် ငှားထားသည့်အိမ်ကိုပြန်အပ်လိုက်ရသည်။ အိမ်အပ်လိုက်ရ၍ ပြန်ရလာသည့်စပေါ်ငွေအဖြစ်သုံး၍ ကြံတောသုသာန်အနီးရှိ ရပ်ကွက်ထဲတွင် အခန်းလေးတစ်ခု ငှားခဲ့သည်။ ကျန်ငွေသုံးရာကိုအရင်းပြု၍ ဈေးသည်လုပ်မည်ဟု အမေက ရည်မှန်းသည်။

ဈေးသည်လုပ်မည်ဟုသာ ဆိုသည်။ ဘာဝယ်ပြီး ဘယ်နေရာသွား၍ ဘယ်လိုရောင်းရမည်ကို မသိသေး။ သူပြောလူပြောဖြင့် လိုက်လုပ်၍ အရင်းပြုတ်သွားလျှင် ခက်ဦးမည်။

နောက်ဆုံးတွင် အခန်းနီးချင်း ဒေါ်မြနှင့် ဆက်သွယ်မိကာ ကီလီဈေးမှ ကုန်စိမ်းယူ၍ ကြည့်မြင်တိုင်ဈေးတွင် ရောင်းမည်ဟု အကြံရခဲ့သည်။

အမေသည် ကီလီဈေးမှ ဟင်းသီးဟင်းရွက်ယူရောင်းလိုက်၊ ငှက်ပျောသီးယူရောင်းလိုက်နှင့် ကြုံသလိုလုပ်ရသည်။ မြတ်သည့်အခါတွင်မြတ်၍ ရှုံးသည့်အခါတွင်ရှုံးသည်။ မြတ်သည့်အခါတွင် မသိသာလှပါ။ နေ့စဉ်စားသည့်အခါမှာတော့ အလွန်သိသာလှသည်။ တစ်နေ့ဆန်ဖိုး၊ ဆီဖိုးလောက်ပင် လက်ထဲမှာ မကျန်အောင်ဖြစ်ရသည်။

အမေသည် ကျွန်မကို ကျောင်းဆက်မထားနိုင်တော့ပါ။ ပဉ္စမတန်းအောင် ပညာသင်လက်စနှင့် ကျောင်းမှနုတ်လိုက်သည်။ ကျွန်မအနေဖြင့်လည်း ကျောင်းဆက်နေချင်စိတ် မရှိတော့ပါ။ သူများနည်းတူ မဝတ်ရ၊ မစားရသည့်ဘဝမျိုးနှင့် ကျွန်မကျောင်းမတက်ချင်ပါ။

ကျွန်မကျောင်းထွက်သည့်နေ့ကဆိုလျှင် အိမ်မှာတစ်ယောက်တည်း ကြိတ်၍ ငိုမိပါသည်။ အမေကတော့ ကီလီဈေးသွားနေ၍ ကျွန်မအဖြစ်ကို

မသိပါ။ ညနေအမေဈေးကပြန်လာတော့ အမေမရိပ်မိအောင် ဟန်မပျက်နေခဲ့ရပါသည်။

အမေ၏ရုပ်ရည်မှာလည်း ယခင်ကလို စိုစိုပြည်ပြည် မရှိတော့ပါ။ ပင်ပန်းသည့်စိတ်ကြောင့် ခြောက်သွေ့ကြမ်းတမ်းလာသည်။ အဝတ်အစားကိုလည်း ယခင်ကလိုပြောင်ပြောင်ရောင်ရောင် မဝတ်နိုင်သဖြင့် အမေ့ပုံပန်းမှာ ပို၍အိုစာသွားသည်။

ကျွန်မအမေ့ကို သနားသည်။

ကျွန်မဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင် ချလိုက်ပါ၏။

"အမေနှင့်အတူ ဈေးလိုက်ရောင်းမည်" ဟု။

*

(၅)

အမေနှင့်ဈေးလိုက်ချိန်မှစ၍ ကျွန်မသည် ကီလီဈေး၌သာ အချိန်ကုန်ရသည်။ အမေကလည်း သူ့အလုပ်နှင့်သူ ရှုပ်နေတတ်သဖြင့် ကျွန်မဘယ်လိုနေ၍ ဘာတွေလုပ်နေသည်ကို မသိပါ။

ကီလီဈေးရောက်စတော့ ကျွန်မဘာမျှနားမလည်ပါ။ အပေါင်းအသင်းလည်းမရှိပါ။ အနေကြာလာတော့လည်း အပေါင်းအသင်းများလာသည်နှင့်အမျှ ကီလီဈေး၏အထာကိုပါ မြင်လာသိလာနားလည်လာပါသည်။

ကျွန်မ၏ရင်းနှီးလာသည့် ခင်ခင်သီ၊ မေမေလှ၊ သန်းသန်းရီ၊ အေးအေးမာတို့သည် ကျွန်မနှင့်သက်တူရွယ်တူများဖြစ်ကြသည်။ သူတို့လည်း မိခင်များနှင့်ပါလာသူများပင် ဖြစ်ပါသည်။ သူတို့ဘာလုပ်နေကြပါသနည်း။

သူတို့သည် ရရာပစ္စည်းခိုးကြသည်။ လွယ်လွယ်ရလျှင် နှိုက်ကြသည်။ လစ်လျှင်လစ်သလို မဟုတ်တာမှန်သမျှ လုပ်ကြသည်။ ခိုး၍နှိုက်၍ ရလာပြန်တော့လည်း ဝယ်မည့်သူတွေက တစ်ပုံကြီး။ ချက်ချင်းသွားရောင်းပြီး ရလာသည့်ငွေကို ထင်သလိုတစ်ထိုင်တည်းနှင့် အကုန်သုံးလိုက်ကြသည်။



ဒါတွေကို မြင်ပါများတော့ ကျွန်မအဖို့ ရိုးလာသည်။

ကျွန်မကိုယ်တိုင်ပင် ရရာလွယ်ရာကို ခိုးတတ်လာသည်။ ရလျှင် ချက်ချင်းရောင်းပြီး ငွေကိုအမေ့အားပေးသည်။ ကျွန်မအတွက် မုန့်ဖိုးပဲ နေ့စဉ်ကျပ်သုံးကျပ်တော့ ချန်ထားသည်။

ကျွန်မဘယ်လိုနည်းနှင့် ငွေရလာသည်။ ဘယ်နေရာကရလာသည်ကို အမေမသိဘဲနှင့်တော့ နေမည်မဟုတ်ပါ။ သိမည်သာ ဖြစ်ပါသည်။

သို့သော် အမေကဘာမျှမပြောပါ။ ပထမတစ်ကြိမ် နှစ်ကြိမ်ငွေပေးတော့ အမေ့မျက်နှာမှာ သာယာမှုမရှိပါ။ တစ်စုံတစ်ခုပြောသည့် ဟန်မျိုးပေါ်နေသည်။

ပြောတော့မလိုလိုနှင့် မပြောပါ။

နောက်ကျတော့လည်း ကျွန်မပေးသမျှကို ယူပါသည်။ အမေ့ခမျာ ...ဘာစေဆိုသလို စားဖို့နှင့်ရင်းဖို့က လိုနေသည်မဟုတ်ပါလား။

*

(၆)

အမေသည် ဈေးသည်ဘဝနှင့် လော်ရင်းနှစ်လျက်ရှိသည်။

တစ်ညတွင် ထမင်းစားပြီးစ ကျွန်မနှင့်အမေတို့ မောမောနှင့်တုံးလုံး ...လက်လှဲနေခိုက် လူကြီးတစ်ယောက် ရောက်လာသည်။ အသက်က ...ဆယ်လောက်ရှိပြီ။ အသားမည်းမည်း၊ မျက်စိမှေးမှေး၊ ဗိုက်ရွှဲရွှဲနှင့် ...ခေါင်းလုံးရှိဆံပင်တို့က ဖွေးဖွေးလှုပ်ဖြူနေပြီ။

မျက်နှာကဖြဲစပ်စပ်နှင့် အပိုးမသေသည့် မျက်နှာမျိုး။

ထိုလူကြီးလာသည်ကို ကျွန်မစမြင်၍ အမေကိုပြောရသည်။ အမေက ...ကသီလှဲနေရာမှ ထသည်။ သူ့ကိုမြင်တော့ မျက်နှာပျက်သွားသည်။

"ဪ... ဦးသာဒင် လာထိုင်။ ဘယ်ကလှည့်လာလဲ"

"နင်မလာတာကြာလို့ ဈေးဘက်က အပြန်ဝင်လာတာပါဟာ၊ ဪ ...ဟိုဟာနှင့်သမီးလား"

"ဟုတ်တယ် ကျွန်မသမီး၊ ကျွန်မပြောပြောနေတာ သူပေါ့။ ဟဲ့... သမီးရင်မေ ဆေးလိပ်သွားဝယ်ပါဦး"

ကျွန်မထိုင်ရာမှ မထသေးမီ ဦးသာဒင်က တားသည်။

"ဟဲ့ ကောင်မလေး မသွားနဲ့၊ ငါ့မှာ ဆေးလိပ်ပါတယ်။ နင့်သမီးက ကြီးလှပကောလားဟဲ့"

သူ၏ပြောပုံဆိုပုံကြည့်ပုံများကို ကျွန်မမကြိုက်ပါ။ မကြိုက်သော်လည်း အမေနှင့်ရင်းနှီးနေ၍ အထိုက်အလျောက်နေရသည်။ စိတ်ထဲက မပါသော်လည်း ကျွန်မပြုံးပြလိုက်ရသည်။

အမေနှင့်ဦးသာဒင်တို့ကတော့ စကားဆက်ပြောနေကြသည်။ ခပ်တိုးတိုးနှစ်ကိုယ်ကြား ပြောခြင်းမျိုးဖြစ်၍ ဘာမျှမကြားရသော်လည်း ငွေရေးကြေးရေးကိစ္စပင်ဖြစ်မည်ဟု ကျွန်မထင်သည်။ ခဏကြာတော့ "နင် မနက်ဖြန်ညနေတော့ ဆက်ဆက်လာခဲ့ဦး။ မလာဘဲတော့ မနေနဲ့"ဟုပြောကာ ပြန်သွားလေသည်။

အမေသည် ကျွန်မမျက်နှာကို တစ်ချက်လှမ်းကြည့်ပါသည်။

"ဒီလူကြီးဘယ်ကလဲအမေ၊ ရုပ်ကြီးက ကြောက်စရာကြီး"

"ကြံတော သုသာန်ထဲကပါ သမီးရယ်၊ သူက ငွေတွေ ဘာတွေချေးတယ်"

"အမေနဲ့ ဘယ်တုန်းကသိကြတာလဲ"

"မကြာသေးပါဘူးအေ၊ ဒေါ်မြက တစ်ဆင့်သိတာပါ"

ကျွန်မမေးရန် သင့်မသင့် ချိန်ဆနေပါသေးသည်။ သိချင်စိတ်ပြင်းပြလွန်းသဖြင့် မမေးဘဲလည်း မနေနိုင်ပါ။

"အမေကော သူ့ဆီက ငွေယူထားသေးလား"

"အေး...နည်းနည်းပါးပါး ယူထားတာရှိတယ်"

"နည်းနည်းပါးပါးဆိုတာက ဘယ်လောက်များလည်း အမေရယ်"

"ညည်းသိတော့ကော ဘာလုပ်နိုင်မှာလဲအေရယ်၊ မများပါဘူး သုံးရာလောက်ရှိမှာပါ"

"အတိုးကော ဘယ်လောက်ပေးရမလဲဟင်"

"အစိတ်တိုးပါအေ၊ ပစ္စည်းထားနိုင်ရင်တော့ နှစ်ဆယ်တိုးပေးရတယ်"

"အတိုးက ငွေတစ်ရာအစိတ်ဆိုတော့ ငွေသုံးရာဆိုလျှင် အတိုး ၇၅ ကျပ်။ နည်းနည်းနောနော မဟုတ်ပါကလား"



အမေ့အတွက် ကျွန်မရင်လေးလှပါသည်။

အမေ့မျက်နှာတွင် ဆွေးမြည့်နာကြည်းသည့်အသွင်သည် ထင်ဟပ်လျက်ရှိသည်။ အမေသည် အပြင်ဘက်အမှောင်ထုဆီသို့ကြည့်ကာ တွေဝေငေးမောလျက်ရှိသည်။

*

(၇)

အမေ ဘယ်လောက်ပင် ဖုံးထားဖိထား ကျွန်မအနေဖြင့် အခြေအနေများကို ရိပ်မိပါသည်။ အရင်းရော အတိုးပါ မပေးမဆပ်နိုင်သေးသည့်အမေသည် ဦးသာဒင်၏အလိုကို လိုက်နေရဟန်တူသည်။

ဦးသာဒင်ကလည်း ဤကိစ္စမျိုးတွင် စားနေကျကြောင်ပါး ဖြစ်ပါလိမ့်မည်၊ တကယ်တော့ သူသည် လူကောင်းတစ်ယောက် မဟုတ်ပါ။ ကြံ[illegible]သုသာန်ဝင်းအတွင်း တဲထိုးနေပြီး မကောင်းမှုဒုစရိုက်နှင့် အသက်မွေးနေသူဖြစ်ကြောင်း သိရပါသည်။ သူသည် အရက်ပုန်း၊ ဆေးခြောက်[illegible]သည်များရောင်းခြင်း၊ ခိုးရာပါပစ္စည်းများ ဝယ်ယူလက်ခံခြင်း၊ ငွေတိုးချေးခြင်းစသည်များကိုလုပ်သည်။ တစ်ချိန်ကဆိုလျှင် သူသည်ခြေလက်တို့တွင် အဝတ်စုတ်များပတ်ကာ ကိုယ်ရေပြားရောဂါသည်လိုလို၊ ခြေလက်အင်္ဂါမသန်သူလိုလိုဟန်ဆောင်ကာ တောင်းစားခဲ့ဖူးသည်ဟုပင် တချို့က ပြောကြသည်။ ဟုတ်မဟုတ်တော့ မသိပါ။

မည်သို့ပင်ဖြစ်စေ အမေ့မှာတော့ ပင့်ကူအိမ်ကို တိုးဝင်မိသည့်ယင်ကောင်သဖွယ် ဦးသာဒင်လက်ထဲမှ မရုန်းနိုင်၊ မလှုပ်နိုင်အောင် ဖြစ်လျက်ရှိသည်။ အမေသည် ဦးသာဒင်၏လက်ခုပ်အတွင်းမှ ရေ ဖြစ်နေပါပြီ။

ဦးသာဒင်ခေါ်လျှင် အမေမသွားဘဲ မနေရဲပါ၊ သွားရပါသည်။ တစ်ခါတစ်ရံ ညကြီးမင်းကြီး အချိန်မတော်မှ လာခေါ်တတ်သည်။ သူလာခေါ်သည့်အချိန်မှာ ညဆယ့်တစ်နာရီ၊ ဆယ့်နှစ်နာရီ၊ နာရီပြန်တစ်ချက်ဆို တော့ ကျွန်မအမေ့အတွက် စိတ်မအေးဖြစ်ရပါသည်။

ကျွန်မအဖေ့ကို သတိရမိသလို အစ်ကိုဝင်းလှိုင်ကိုပါ တမ်းတမိသည်။ ပြီးတော့ အဖေနှင့်အစ်ကိုနှစ်ဦးစလုံးကို ဒေါသဖြစ်မိသည်။ နာကြည်းမိ

သည်။

တစ်နေ့တွင်–

အမေဖျားနေသဖြင့် ဈေးမထွက်နိုင်။ ကြည့်မြင်တိုင်ဈေးထဲမှ ကြွေး
ရှင်ကလည်း မနက်တစ်ခေါက်၊ နေ့ခင်းတစ်ခေါက် အကြွေးလာတောင်းနေ
သည်မှာ တပူပူ တဆူဆူ။

ညနေခင်းကျတော့ အမေက ကျွန်မကိုဦးသာဒင်ထံ လွှတ်လေသည်။
ကျွန်မက မသွားချင်။ အမေကချော့၍ လွှတ်သည်။

"သွားလိုက်စမ်းပါ သမီးရယ်။ သူတစ်ယောက်ပဲ ကူညီမယ့်သူရှိတာ
မအေးခင်ကြီးက ညနေတစ်ခေါက် လာဦးမှာအေ့။ သူ့ငွေက မပေးမဖြစ်
လို့ပါ"

ကျွန်မ စူစူအောင့်အောင့်နှင့် အိမ်မှထွက်လာခဲ့ပါသည်။

သုသာန်ထဲရောက်တော့ ဟိုမေးသည်မေးနှင့် ဦးသာဒင်အိမ်သို့ရောက်
သွားသည်။ သုသာန်ထဲတွင် သူ့ကိုမသိသူ မရှိပါ။

"ဟဲ့...ရင်မေ၊ ဘာလဲ။ လာ အိမ်ပေါ်တက်ခဲ့၊ အပေါက်မှာ ရပ်မနေနဲ့"

ကျွန်မအိမ်ပေါ်တက်ခဲ့သည်။ "အမေက ငွေသုံးဆယ်ချေးလိုက်ပါဦး
တဲ့။ အရေးတကြီး ပေးစရာရှိလို့ပါတဲ့"

ဦးသာဒင်မျက်နှာမှာ ခပ်တည်တည်။ ယခင်တွေ့ရသလို စပ်ဖြဲဖြဲ
မဟုတ်၊ သူ့ပါးစပ်မှ အရက်နံ့က တထောင်းထောင်း ထနေပေသည်။

"နင့်အမေ...အခုအိမ်မှာလား"

"ဟုတ်တယ်၊ အမေဖျားနေလို့ ကျွန်မကို လွှတ်လိုက်တာ"

သူသည် ထိုင်ရာမှထကာ ဟိုဟာယူ းလို သည်ဟာယူမလိုလုပ်လိုက်
ပြန်ထိုင်ကာ ရေနွေးကြမ်းငှဲ့လိုက်လုပ်နေပြီးမှ အခန်းထဲသို့ ဝင်သွားပါ သည်။

"သြော်....အရေးထဲကျမှ ဖြစ်ပြန်ပြီ။ ဟဲ့ရင်မေ လာစမ်းခဏ" ကျွန်မ
ကတော့ ရိုးရိုးသားသားပင် ထင်မိပါသည်။

အခန်းထဲရောက်တော့ သေတ္တာတစ်လုံးနားတွင် ထိုင်နေသည်။ လက်
ထဲတွင် သော့တွဲတစ်ခုနှင့်...

"ရော့...ဖွင့်စမ်းဟယ်၊ ဒီသေတ္တာက တစ်ခါတလေ ဒီလိုပဲကြောင်ချင်
တယ်"



ကျွန်မက သူ့လက်ထဲမှ သော့ကိုယူ၍ သေတ္တာကိုဖွင့်နေပါသည်။
ဦးသာဒင် အခန်းတံခါးပိတ်လိုက်သည်ကို မသိပါ။ သူ ကျွန်မနား
ထိုင်လိုက်မှ မော့ကြည့်လိုက်မိပါသည်။

သူသည် ကျွန်မ၏ပါးစပ်ကို သူ့လက်ဝါးကြီးဖြင့် တအားပိတ်လိုက်
ပါသည်။ ကျွန်မ အကြောက်အကန်ရုန်းပါသည်။ အော်ရန်ကြိုးစားပါ သည်။
ခွန်အားချင်းမမျှသဖြင့် မရပါ။

ကျွန်မဆုံးရှုံးခဲ့ရပါပြီ။

အိမ်ပြန်ရောက်တော့ တစ်ဆယ်တန်သုံးရွက်ကို အမေ့လက်ထဲထည့်
ကျွန်မငိုပါသည်။ ဖြစ်သမျှအကြောင်းကို အမေ့အား ပြောပြပါသည်။

အမေကလည်း ကျွန်မအားဖက်၍ ဝမ်းနည်းပက်လက် ငိုပါသည်။

အမေကရဲတိုင်မည်ဟုလည်း ပြောသည်။ အခုချက်ချင်း ဦးသာဒင်ထံ
သွားမည်ဟုလည်း ဆိုသည်။ လက်တွေ့ကျတော့ ချီတုံချတုံဖြစ်လျက်ရှိ
၏။ လုပ်ရဲဟန် မတူပေ။

ကျွန်မ တစ်ညလုံး အိပ်မပျော်ခဲ့ပါ။

ကျွန်မမျက်စိထဲတွင် အဖေ့မျက်နှာ၊ အမေ့မျက်နှာ၊ အစ်ကို့မျက်နှာ၊
ပြီးတော့ ဦးသာဒင် မျက်နှာကြီး။

"မငိုပါနဲ့ဟယ်၊ ငါချစ်လို့ပါ။ နင်တို့ အဲဒီငွေသုံးဆယ်ကိုလည်း ပြန်
မပေးနဲ့တော့။ နင့်အမေကိုပြောပြကြားလား"

လူယုတ်မာကြီး ဦးသာဒင်၏အသံ.....

ကျွန်မဘာလုပ်ရမည်နည်း။

ကျွန်မ ဘယ်ပြေးရပါမည်နည်း။

ကျွန်မသေသွားလျှင် ကောင်းလေမည်လား။

အမေနဲ့အစ်ကိုရယ် ကျွန်မကို ကယ်ပါဦး။

ကျွန်မအိပ်ရာမှထ၍ အမေမသိအောင် တံခါးကိုဖွင့်သည်။ အပြင်
ဘက်မှာတော့ အမှောင်နှင့်မည်းမည်း။

ထိုညက ကျွန်မအိမ်မှထွက်တော့ မနက်လေးနာရီ သံချောင်းခေါက်
သံကြားရသည်။ ကီလီဈေးရောက်တော့ ငါးနာရီခွဲလောက်ရှိပေပြီ။

"ဟဲ့ကောင်မ ရင်မေ၊ နင်ဘယ်သူနဲ့ အိပ်ပြီးထလာတာလဲဟဲ့"

ငါးတန်းထဲရောက်လျှင် အေးအေးမာက ဆီး၍နှုတ်ဆက်သည်။

ကျွန်မက ဒေါသဖြစ်ဖြစ်နှင့် အေးအေးမာ၏ပါးကို တအားကုန်ပိတ်၍ရိုက်လိုက်မိသည်။ အေးအေးမာသည် ကျွန်မရိုက်သည့်အရှိန်ကြောင့် နောက်သို့ခြေပစ်လက်ပစ် လဲကျသွားသည်။

အေးအေးမာကကျွန်မကိုဘာမျှပြန်မလုပ်သော်လည်းပါးစပ်ကအယုတ္တအနတ္တဆဲပြီး ယုတ်ယုတ်မာမာတွေ ပြောသည်။ ငိုသည်။ လူတွေဝိုင်းအုံလာသဖြင့် ကျွန်မထွက်လာခဲ့ပါသည်။ သံကုန်ဟစ်နေသည့် အေးအေးမာအသံကတော့ လူ့သူလေးပါးကြား၍ မကောင်းပါ။

ထိုနေ့မှစ၍ ကျွန်မအိမ်မပြန်ပါ။ အမေလိုက်ရှာနေသည်ကို သိသော်မြင်သော်လည်း အတွေ့မခံဘဲ ရှောင်ပုန်းနေလိုက်ပါသည်။ နေ့ခင်းကီလီဈေးတွင်နေပြီး ညကျတော့ သန်းသန်းရီနှင့်သူတို့အိမ် လိုက်အိပ်ပါသည်။ တကယ်တော့ သူတို့အိမ်မှာလည်း ကျွန်မဘဝမလုံခြုံပါ။

သန်းသန်းရီ၏ပထွေးမှာ သင်္ဘောကြီးကုန်တင်ကုန်ချအလုပ်သမားဖြစ်သည်။ အရက်အလွန်သောက်၍ စရိုက်ကလည်း အလွန်ကြမ်းသည်။ သန်းသန်းရီ၏အမေမှာ လင်ကိုအလွန်ကြောက်ရသူဖြစ်ရာ နေရာတကာတွင် လင့်မျက်နှာရိပ် မျက်နှာကဲကိုကြည့်၍ လင့်အကြိုက်လိုက်နေရသူဖြစ်သည်။

ပထွေးဖြစ်သူက သန်းသန်းရီအား ကြည့်ပုံရှုပုံ၊ဆက်ဆံပုံများမှာ နည်းနည်းကလေးမှ ရိုးသားသည့်ပုံမပေါ်ပါ။ ကျွန်မလိုက်သွားသည့်ညကဆိုလျှင် သန်းသန်းရီ၏ပထွေးက ကျွန်မအပေါ် စေတနာရေစီးကမ်းပြိုလိုက်နေပုံမှာ ကြောက်စရာပင် ကောင်းလှပါသည်။ ကျွန်မကို မျက်ထောင့်နီနီကြီးနှင့် ခိုး၍ခိုး၍ကြည့်နေသည်ကိုလည်း ကျွန်မသတိပြုမိပါသည်။ သူ့မျက်လုံးများတွင် တဏှာအခိုးအငွေ့များနှင့် ဖုံးလွှမ်းနေပါသည်။

သန်းသန်းရီ၏အမေသည် ကျွန်မလိုက်လာသည်ကို လုံးဝနှစ်မြို့ဟန်မရှိပါ။ သူ့ယောကျ်ားရန်ကို ကြောက်နေပုံရပါသည်။ သူတို့အိမ်တွင် ကျွန်မကြာကြာနေ၍ မဖြစ်မှန်းသိသဖြင့် နှစ်ညသာ အိပ်ခဲ့ပါသည်။

ကျွန်မ စဉ်းစားရပြန်ပါပြီ။

“အမေ့ထံပြန်လျှင် ကောင်းလေမလား”



ကျွန်မမှာ အမေ့ထံမှတစ်ပါး သွားစရာနေရာမရှိပါ။

ကျွန်မအမေ့ထံ ပြန်သည်။

အမေ့ထံပြန်ရောက်တော့ ဦးသာဒင်နှင့် မကင်းပြန်ပါ။

သူက ကျွန်မကိုချော့မော့ပြီး တစ်ကြိမ်ပေါင်းသင်းပြန်ပါသည်။ ဒီတစ်ကြိမ်မှာတော့ “ရော့၊ နင်စားချင်တာသုံးဖို့” ဟု ဆိုကာ ငွေနှစ်ဆယ်ပေးသဖြင့် ကျွန်မယူထားလိုက်ပါသည်။

နောက်တစ်ကြိမ်တွင် သူကချော့မော့ပြီး သူ့အိမ်ပေါ်မှာပင် လူကြီးတစ်ယောက်နှင့် လွှတ်ပေးသည်။ ထိုလူကြီးက ငွေလေးဆယ်ပေးသွားပါသည်။ ဦးသာဒင်က “ဘယ်လောက်ရလဲ” ဟု မေးသဖြင့် ကျွန်မလက်ထဲမှ ဆယ်တန်လေးရွက်ကိုပြပါသည်။ “ငါ့ကိုတစ်ဆယ်ပေး” ဟုပြောကာ ကျွန်မလက်ထဲမှ တစ်ဆယ်တန်တစ်ချပ်ယူလိုက်ပါသည်။

ဦးသာဒင်သည် ဤမျှအထိ ယုတ်မာရက်စက်သူ ဖြစ်ပါသည်။ နောက်တစ်ကြိမ်တွင် တရုတ်တစ်ယောက်နှင့် လွှတ်ပေးပြန်သည်။ တရုတ်ထံမှ ငွေငါးဆယ်ရသည်။ ဦးသာဒင်က နှစ်ဆယ်ယူပါသည်။

ရသမျှငွေကို အမေ့အားပေးရာ အမေကဘယ်ကရလဲ၊ ဘာလုပ်လို့ရတာလဲဟုပင် မမေးပါ။ ပထမအကြိမ် ကုလားထံမှရသည့်ငွေပေးစဉ်ကတော့ ကျွန်မမျက်နှာကို အငေးသားကြည့်ကာ မလုံမလဲဖြစ်ပုံပေါ်သော်လည်း ဒုတိယအကြိမ်ပေးတော့ အမူအယာမပျက်တော့ပါ။

*

(၈)

ကျွန်မဘဝသည် နှစ်စပြုပါပြီ။

သို့သော်လည်း ကျွန်မကံကောင်းသည်ဟု ဆိုရမည်ထင်ပါသည်။

တစ်ညတွင် ကျွန်မတို့ကို ဦးသာဒင်က သူ့အိမ်သို့ခေါ်၍ မီးပုံးများလုပ်ခိုင်းပါသည်။ သီတင်းကျွတ်မီးထွန်းပွဲတွင် ရောင်းရန်လုပ်ခြင်းဖြစ်ပါသည်။ ကျွန်မတို့သားအမိ မီးပုံးများလုပ်နေခိုက် ရပ်ကွက်ထဲမှ မည်သူတိုင်သည်မသိ၊ ရဲနှင့်အရပ်လူကြီးများက ဝင်ဖမ်းရာ ဦးသာဒင်၏အိမ်ပေါ်တွင် ပျော်ပါးနေကြသည့်ယောကျ်ားနှစ်ယောက်နှင့်ခင်သန်းဝင်း၊

အနွယ်ဆိုသူတို့ကို လက်ပူးလက်ကြပ်ဖမ်းမိပါသည်။

ထိုညက ကျွန်မတို့သားအမိရော၊ ကျွန်မတို့နှင့်အတူ မီးပုံးလုပ်နေကြသည့် ခင်စောညွန့်၊ အန္တ၊ မစောမြင့်တို့ပါ ရဲစခန်းသို့ လိုက်သွားရပါ သည်။ အမှန်တော့ ကျွန်မတို့အားလုံးမှာ ဦးသာဒင်က ဆင်ကျုံးသွင်းသလို ကျုံးသွင်းပြီး ခိုင်းစားခြင်းခံနေရသူများဖြစ်ပါသည်။ ဦးသာဒင်မှာ "ခေါင်း" ပင်ဖြစ်ပါသည်။

ရဲစခန်းရောက်၍ စစ်ဆေးမေးမြန်းတော့ အမေ့ရင်သည် ပွင့်ပါလေတော့သည်။

"ကျွန်မမိုက်လို့ ကျွန်မသမီးကလေးပါ ဒုက္ခရောက်ရပါတယ်ရှင်။ ကျွန်မ မိုက်တာပါ၊ ကျွန်မကိုသတ်ကြပါ။ ကျွန်မမှာ ကြပ်တည်းလွန်းလို့ ဖြစ်ရတာ ရင်နာလွန်းလို့ပါ၊ ကျွန်မကို သတ်ကြပါ"

အမေသည် ဆောက်တည်ရာမရအောင်ဖြစ်ကာ ငိုယိုလျက်ရှိသည်။ ဟန်လုပ်ခြင်းမဟုတ်ပါ။ အမှန်တကယ်ပင် ယူကျုံးမရဖြစ်ကာ စိတ်ထိခိုက်နေခြင်းဖြစ်ပါသည်။

ဦးသာဒင်ကတော့ ထုံးစံအတိုင်း သူလွတ်ရာလွတ်ကြောင်းအတွက် ငွေနှင့်ပေါက်ရန် ကြိုးစားပါသေးသည်။

ဒီတစ်ကြိမ်တော့ သူ့ကြိုးစားမှုမှာ အရာမထင်ပါ။ တရားရုံးမှ သူ့ကို အလုပ်နှင့်ထောင်ဒဏ် ခုနစ်နှစ်ချလိုက်ပါသည်။

*

(၉)

အသက် ၁၆ နှစ် မပြည့်တပြည့်မျှသာရှိသေးသော ကျွန်မကို တရားရုံးမှ စေတနာ့ဝန်ထမ်း အမျိုးသမီးစောင့်ရှောက်ရေးဂေဟာသို့ ပို့လိုက်ပါသည်။ ဂေဟာမှအုပ်ချုပ်သူ အမျိုးသမီးများသည် သဘောကောင်းကြရှာပါသည်။ ကျွန်မတို့အပေါ် စေတနာလည်းထားကြပါသည်။ အထူးသဖြင့် ကျွန်မ၏အဖြစ်ကို ကြားသိရသည့်အခါ စုတ်တသပ်သပ်ဖြစ်ကြသည်။ ဂေဟာမှ ကျွန်မအား အသက်မွေးပညာအဖြစ် စက်ချုပ်ပညာကို သင်ကြားပေးသည်။



ကျွန်မအဖို့တော့ ဂေဟာရောက်ကတည်းက ကျွန်မဘဝကိုပြုပြင်သွားရန် အခိုင်အမာ ဆုံးဖြတ်ထားပါသည်။ ကျွန်မ၏အတိတ်က ဖြစ်ခဲ့သမျှအရာတွေကိုကြိုးစား၍မေ့ပျောက်ထားပါသည်။ မည်မျှပင် မေ့ဖို့ကြိုးစားပါသော်လည်း ဦးသာဒင်၏မျက်နှာကြီးကတော့ တစ္ဆေခြောက်သလို ခြောက်လှန့်လျက်ရှိပါသေးသည်။

ကျွန်မအနေဖြင့် ဂေဟာတွင် နေရသည်မှာ စိတ်ချမ်းသာသော်လည်း အပြင်လောကတွင် တစ်ယောက်တည်းကျန်ရစ်ခဲ့ရရှာသော အမေ့အတွက်ဆိုတော့ စိတ်မအေးနိုင်ဖြစ်ရပါသည်။

အမေတစ်ယောက်အရင်ဘဝဟောင်းကိုပဲ ပြန်ရောက်နေလေမလား။ ကောင်းရောင်းကောင်းဝယ် အလုပ်ကိုမှ လုပ်ပါလေစ။

ဤသို့သောကြောင့်ကြစိတ်ဖြင့် ကျွန်မမှာ အနေမဖြောင့်လှပါ။ ကျွန်မဂေဟာရောက်ပြီး အဖေလာသည်။ မျက်နှာမကောင်းလှပါ။ ကျွန်မတို့အဖြစ်ကို သူအားလုံးသိပြီးနေပေပြီ။

အဖေက ကျွန်မသူနှင့်လိုက်နေမည်ဆိုလျှင် သက်ဆိုင်ရာတရားရုံးသို့ ပြန်လည်အုပ်ထိန်းခွင့်လျှောက်ထားပြီး ခေါ်သွားမည်ဟုပြောသည်။

ကျွန်မစဉ်းစားရပြန်သည်။

အဖေတစ်ယောက်တည်းဆိုလျှင် အကြောင်းမဟုတ်ပါ။ အခုတော့ အဖေ့မှာ ယောက်ျားနှင့် သားသမီးတွေနှင့် ဖြစ်နေပြီ။ ကျွန်မလိုက်နေလျှင် မိထွေးနှင့် အဆင်မပြေခဲ့သော်။

ကျွန်မ ဆုံးဖြတ်လို့ ရလာပါသည်။

"သမီးအမေနဲ့ပဲ တစ်သက်လုံးနေမယ်လို့ ဆုံးဖြတ်ထားတယ်အဖေ၊ သမီးအမေ့ကို တစ်ယောက်တည်းမထားခဲ့ရက်ဘူး"

ကျွန်မစကားကြားတော့ အဖေက စိတ်ဆိုးဟန်တူသည်။

"နင့်အမေက ဘယ်လောက်များ ကောင်းလို့လဲ၊ နင့်အမေလောက် မိုက်တဲ့မိန်းမဟာ နင့်အမေ တစ်ယောက်ပဲရှိတယ်" ဟု ဆိုသည်။

ကျွန်မနှုတ်ကမပြောသော်လည်း ကျွန်မရင်တွင်းကတော့ ပြောနေမိပါသည်။

"အဖေကကော ဘယ်လောက်များ ကောင်းလို့လဲ"

ထိုတစ်ခေါက်သည် အဖေနှင့်နောက်ဆုံးအကြိမ်တွေ့ခြင်းရခြင်းဖြစ်သည်။ အမေကတော့ ကျွန်မထံမပြတ်လာသည်။

တစ်နေ့တွင်...

အမေသည် ဝမ်းသာစရာကောင်းသည့်သတင်းတစ်ခုကိုယူကာ ကျွန်မထံ ရောက်လာပါသည်။

"ညည်းအစ်ကို ပြန်ရောက်လာပြီ၊ အမေနဲ့အတူပြန်နေလိမ့်မယ်။ အမေတို့ စမ်းချောင်းဘက်မှာ အိမ်ရှာနေတယ်၊ ငှားပြီးတော့ရွှေ့ကြမလို့"

အစ်ကိုပြန်ရောက်လာပြီ၊ အမေနှင့်အတူနေမည်ဟူသောသတင်းသည် ကျွန်မအဖို့ တန်ဖိုးမဖြတ်နိုင်သည့် သတင်းဖြစ်ပါသည်။ ကျွန်မအနေနှင့် အမေ့စားဝတ်နေရေးအတွက် ပူပင်စရာမလိုတော့ပြီ...။

"သမီးတို့အကြောင်းတွေ အစ်ကိုသိရောပေါ့နော်"

"သိတယ်၊ ဒါပေမဲ့ ညည်းအစ်ကိုက အမေကိုတော့ အပြစ်တင်တာပေါ့။ ညည်းအဖေမရှိတဲ့နောက် အိမ်မှာသူရှိသင့်တာတဲ့။ သူမရှိလို့ အခုလိုဖြစ်ရတာတဲ့။ သူ့အပြစ်ပါတဲ့"

ကျွန်မဝမ်းသာရပြန်ပါသည်။

အမေပြောသလိုဆိုလျှင် အစ်ကိုသည် ပုံနှိပ်တိုက်တစ်တိုက်တွင် အလုပ်ရနေပြီ၊ အလုပ်ရှင်သဘောကောင်းရုံမျှမက အစ်ကို့အပေါ် ယုံကြည်စိတ်ချသဖြင့် သူ့လုပ်ငန်းများကို အစ်ကို့လက်၊ အစ်ကိုခြေဖြစ်အောင် သင်ကြားပြသပေးပြီး လွှဲပေးထားသည်ဟုဆိုသည်။ သည်လိုဆိုတော့လည်း အစ်ကို့အခြေအနေသည် အားတက်ဖွယ်ရာကောင်းသည့် အခြေအနေမျိုးပင်ဖြစ်သည်။

အမေပြန်သွားပြီးနောက် တစ်ပတ်ခန့်အကြာတွင် ဂေဟာသို့အစ်ကိုရောက်လာသည်။ သူနှင့်အတူ သူ့အလုပ်ရှင်ဦးထွန်းနိုင်ပါလာသည်။ ဦးထွန်းနိုင်သည် အသက် ၃၀ နီးပါးရှိပြီး သဘောကောင်းသည့်ပုံမျိုးဖြစ်ပါသည်။ ဦးထွန်းနိုင်က ဂေဟာသို့တစ်ခါမျှမရောက်ဖူး၍ ကြုံတုန်းကြုံခိုက်ဝင်၍လေ့လာခြင်းဖြစ်သည်ဟု ပြောပါသည်။

အစ်ကိုက ကျွန်မကိုအားပေးစကားပြောသလို ဦးထွန်းနိုင်ကလည်း အားမငယ်ဖို့၊ လိမ်လိမ်မာမာနေဖို့ ပြောပါသည်။

ဦးထွန်းနိုင်၏အကြည့်မှာ ကျွန်မအပေါ်သနားကရုဏာရှိသည့် အကြည့်



မျိုးဖြစ်ပါသည်။ သူ့အကြည့်မျိုးကို ကျွန်မတစ်ကြိမ်တစ်ခါမျှ မမြင်မတွေ့ခဲ့ဖူးပါ။ သူ့အကြည့်ကြောင့် ကျွန်မရင်ဖိုခဲ့ရပါသည်။

ထိုနောက်တော့ အစ်ကိုသည် ကျွန်မထံသို့ တစ်လနှစ်ကြိမ်၊ သုံးကြိမ်အောက်မနည်း လာတတ်သည်။ အစ်ကိုလာတိုင်း ဦးထွန်းနိုင် ပါလာတတ်၏။ တစ်ခါတစ်ရံတွင် ဦးထွန်းနိုင်တစ်ယောက်တည်းလာတတ်ပါသည်။

ဘာကြောင့်ရယ်မသိ။ ကျွန်မရင်ထဲတွင် ဦးထွန်းနိုင်ကို ခင်မင်ကြည်ညိုသောစိတ်၊ အားကိုးအားထားပြုလိုသောစိတ်များ လှိုက်လှိုက်လှဲလှဲဖြစ်ပေါ်ချက်ရှိသည်။ သူနှင့်ကျွန်မ ထိုင်၍စကားပြောနေလျှင် ကျွန်မဘဝသည် [illegible]နေသလို ခံစားနေရပါသည်။

ကျွန်မ တစ်သက်တာတွင် တစ်ကြိမ်တစ်ခါမျှ မပေါ်ခဲ့ဖူးသေးသည့် ခံစားမှုတစ်ရပ်သည် ကျွန်မရင်ထဲဝယ် ကိန်းအောင်းစပြုလာပါပြီ။

ကျွန်မ ဦးထွန်းနိုင်ကို ချစ်မိပါပြီ။

အရင်က ကျွန်မဘယ်သူ့ကိုမျှ ယခုလိုစိတ်မျိုးနှင့် ယခုလိုအချစ်မျိုး မထားခဲ့ဖူးပါ။ ယခုတော့ဖြင့် ကျွန်မဦးထွန်းနိုင်ကို နှစ်နှစ်ကာကာ ချစ်မိပါပြီ။

ဦးထွန်းနိုင်အကြည့်မှာလည်း ရိုးသားသည့်အကြည့်မျိုးမဟုတ်ပါ။ သူ ကျွန်မအပေါ် သံယောဇဉ်ဖြစ်နေပြီဟူသော အရိပ်လက္ခဏာကို အထင်အရှားပြနေပါသည်။

*

(၁၀)

သို့သော်...

ကျွန်မသည် သန့်ရှင်းစင်ကြယ်သူတစ်ဦး မဟုတ်ပါ။

ကျွန်မကိုသူခွင့်လွှတ်နိုင်ပါမည်လား...

အမေတို့ထံ ကျွန်မပြန်ရောက်ပြီး သုံးလခန့်အကြာတွင် ဦးထွန်းနိုင်၏ သူ့သဘောထားကို ဖွင့်ဟပါသည်။

"မရင်မေအကြောင်းကို အစ်ကိုကြီး အားလုံးသိပါတယ်။ မရင်မေ အပြစ်မှမဟုတ်ဘဲ၊ မရင်မေကို အစ်ကိုကြီးခွင့်လွှတ်ပါတယ်။ မရင်မေကို

တွေ့ကတည်းက အစ်ကိုကြီးချစ်ခဲ့မိတယ်၊ သနားလည်း သိပ်သနားတယ်။ အစ်ကိုကြီးဘက်ကတော့ အားလုံးစဉ်းစားပြီးပါပြီ။ မရင်မေဘက်ကသာ စဉ်းစားဖို့လိုတာပါ။ အစ်ကိုကြီးကတော့ မရင်မေသဘောတူရင် မရင်မေကို လက်ထပ်ချင်တယ်"

ဦးထွန်းနိုင်သည် ရိုးသား၍ လူကြီးလူကောင်းပီသသည်။ ဦးထွန်းနိုင်လိုလူမျိုးကို ကျွန်မကံကောင်းလွန်း၍သာ တွေ့ရခြင်းဖြစ်သည်ဟု ကျွန်မယုံကြည်သည်။ သူ့လိုလူမျိုးကို ကျွန်မငြင်းလျှင် ကျွန်မလောက်မိုက်သူ ဤလောကတွင် ရှိတော့မည်မဟုတ်ပါ။ ကျွန်မလည်း ငြင်းပယ်ရန်စိတ်မကူးပါ။ သူ့ကိုတွေ့စတည်းက သူ့အပေါ်ချစ်ခင်အားကိုးလိုသောစိတ်သည် ကျွန်မနလုံးသား၌ အခိုင်အမာဖြစ်ပေါ်တည်ရှိခဲ့ပြီးဖြစ်ပါ၏။

ဦးထွန်းနိုင်နှင့် ကျွန်မတို့လက်ထပ်ခဲ့ကြပါသည်။

ကျွန်မဦးထွန်းနိုင်ကို အဖေလိုတစ်မျိုး၊ အစ်ကိုကြီးလိုတစ်မျိုး၊ ချစ်ဦးသူလိုတစ်မျိုး၊ လင်ယောကျ်ားလိုတစ်မျိုး မြတ်နိုးတွယ်တာခဲ့ပါသည်။

ကျွန်မအမေ မှားခဲ့သည့်အမှားမျိုးကို ကျွန်မတို့အိမ်ထောင်၌ မဖြစ်လာအောင်လည်း ကျွန်မသတိထားသည်။

ယခုတော့လည်း ကျွန်မ၏ဘဝသည် သာယာစိုပြည်၍ တည်ငြိမ်အေးမြလှပါသည်။ သားကလေးနှစ်ယောက်နှင့် ပျော်ရွှင်ချမ်းမြေ့သော အိမ်ရှင်မတစ်ဦးဖြစ်နေပါပြီ။

❑

# တောင်ပံမဲ့လျက် လေထဲပျော်

တွေ့စက သူ့ကို ကချင်လေးတစ်ယောက်မှန်း မသိပါ။ ကရင်စပ်လား၊ [illegible]စပ်လားဝေခွဲ၍မရခဲ့ပါ။ အနေအထိုင်အေး၍ စကားအလွန်နည်း[illegible] စိတ်ဝင်စားခဲ့မိပါသည်။ သူနှင့်စကားပြောကြည့်တော့မှကချင်မှန်း သိလာရပါသည်။

ဤကချင်လေးမှာ ငယ်ငယ်ရွယ်ရွယ်နှင့် မိဘမဲ့ဖြစ်ခဲ့ရသော်လည်း [illegible]နှင့်အစ်မ၏ ချစ်ခင်ကြင်နာမှု၊ ယုယမှု၊ ပြုစုစောင့်ရှောက်မှုကို [illegible]ဖြင့် သူ့ဘဝပျက်မသွားဘဲ တည်ငြိမ်မှု ရှိခဲ့ပါသည်။ နောက်ပိုင်း [illegible]တို့သဘာဝအလျောက် ဝတ်ချင်စားချင်သောစိတ်ကိုမထိန်းနိုင်မှုနှင့် [illegible]င်းအသင်းတို့၏ သွေးဆောင်မှုကြောင့် မပြုသင့်သောအမှုတစ်ခုကို [illegible]ခြင်းဖြစ်ပေသည်။

ဤသူငယ်၏အဖြစ်မှာ အဖြစ်မှန်အတိုင်းတင်ပြထားခြင်းဖြစ်ပါသည်။ စိတ်ကူးယဉ်ပြီးချဲ့ထွင်ရေးသားထားသည့် အချက်အလက်များ မပါ

ပါ။ သူတောထဲရောက်သွားခြင်းမှာ လူဆိုးသူခိုး ဖြစ်ချင်သောစိတ်၊ ပြည်ထောင်စုကြီးကို ပြိုကွဲပျက်စီးစေလိုသောစိတ်စေတနာမျိုးဖြင့် ရောက်သွားခြင်းမဟုတ်ပါ။ ငယ်ရွယ်သူပီပီ အစဉ်းစားအဆင်ခြင်ကင်းမဲ့စွာဖြင့် လုပ်မိလုပ်ရာလုပ်သည့်သဘောမျိုးသာ ဖြစ်ပါသည်။

ယခုတော့လည်း ဤကချင်လေးမှာ တပ်မတော်၏သားကောင်းတစ်ယောက် ဖြစ်နေပါပြီ။ အတွေးအခေါ် အယူအဆများမှာလည်း ယခင်ကနှင့်မတူအောင် တိုးတက်လာသည်ကို တွေ့ရပါသည်။ "တိုင်းပြည်အတွက် တိုက်ရင်းခိုက်ရင်း သေသွားတာလည်း ကောင်းသောသေခြင်းပါပဲ ဆရာ။ မသေပြန်တော့လည်း ကျွန်တော့်ရွာပြန်ပြီး ရပ်ရွာတိုးတက်အောင် လုပ်ရမှာပေါ့" ဟု သူတစ်ခေါက်လာစဉ်က ပြောသွားပါသည်။

*

(၁)

ကျွန်တော့်အမည်မှာ "စိုးနောင်" ဖြစ်ပါသည်။ စိုးနောင်ဟု ခေါ်သော်လည်း ကျွန်တော်ဗမာမဟုတ်ပါ။ ကျွန်တော်သည် ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးဖြစ်ပါသည်။

ကျွန်တော်၏အမည်မှာ "ခွန်နောင်" ဖြစ်ပါသည်။ မြစ်ကြီးနားမြို့နယ် "ဘူတဲရွာ" သည် ကျွန်တော့်ဖွားရာ ဇာတိချက်မြှုပ်ရွာဖြစ်ပါသည်။

မှန်ပါသည်။

ကျွန်တော်နှင့်ပတ်သက်၍ သူငယ်ချင်းတွေပြောနေကြသည့်သတင်းများမှာ အားလုံးလိုလို အမှန်ချည်းဖြစ်ပါသည်။ တစ်ချိန်က ကျွန်တော်သည် မျက်စိလည်လမ်းမှားကာ ကျွန်တော်နှင့်မအပ်စပ်သည့်ဘဝတစ်ခုထဲသို့ ရောက်သွားခဲ့ဖူးပါသည်။

ဘာကြောင့် ကျွန်တော်မျက်စိလည် လမ်းမှားခဲ့ရပါသနည်း။

အကြောင်းရှိပါသည်။

ထိုအကြောင်းကို ကျွန်တော်ပြောပြပါရစေ။

*



(၂)

ဘူတဲရွာသည် အိမ်ခြေ ၂၀၀ နီးပါးရှိသော ရွာကြီးတစ်ရွာဖြစ်သည်။ တစ်ရွာလုံး ကချင်လူမျိုးချည်းဖြစ်၍ တောင်ယာလုပ်ငန်းဖြင့် အသက်မွေးကြသည်။ မြစ်ကြီးနားနှင့် ဘူတဲရွာမှာ ကားလမ်းပေါက်သည်။ ကားလမ်းမှာ မြစ်ကြီးနားမြို့မှ ချမ်းရွာအထိ ကတ္တရာလမ်းမကြီးဖြစ်၍ လမ်းကောင်းသော်လည်း ချမ်းရွာမှဘူတဲရွာအထိတော့ မြေနီလမ်းဖြစ်သဖြင့် လမ်းမကောင်းပါ။

ကျွန်တော်တို့ရွာမှ မြစ်ကြီးနားအရောက် ကားခ ၁၂ ကျပ် ပြား ၆၀ ပေးရသည်။ ကုန်ပစ္စည်းတင်ခပေါ့၍ မယူပါ။ ကားများမှာ သုံးတန်ကားဆောင်းကြီးဖြစ်၍ ပိုင်ရှင်များမှာ မြစ်ကြီးနားမြို့ပေါ်မှဖြစ်သည်။

တစ်နေ့လျှင် မြစ်ကြီးနားမြို့မှနေ၍ မနက်ခုနစ်နာရီတစ်စီး၊ ရှစ်နာရီတစ်စီး၊ ဆယ်နာရီတစ်စီး မော်တော်ကားသုံးစီးထွက်၍ ဘူတဲရွာတွင်ညအိပ်ပြီး မနက်ပြန်ထွက်သည့်ကားများမှာ သုံးစီးပင်ရှိသည်။

နံနက်ခုနစ်နာရီခန့် ဘူတဲရွာမှထွက်လျှင် မွန်းလွဲပိုင်းသုံးနာရီခန့်တွင် မြစ်ကြီးနားသို့ရောက်သည်။

ကျွန်တော်တို့ရွာသည် တောင်ခြေရွာဖြစ်သဖြင့် လှပသောရွာတစ်ရွာဖြစ်ပါသည်။ ရွာအနီးတွင်ရှိသော "ခေါက်လန်ရှုဖူးတောင်" သည် ရွာအလှကိုပို၍လှအောင် ရွာ၏ကျက်သရေကို ပို၍ကျက်သရေရှိအောင် အလှဆင်လျက်ရှိပါသည်။

ရွာသူရွာသားများသည် ပဲ၊ ပြောင်း၊ နှမ်း၊ ခဝဲ၊ ဘူး၊ သခွား၊ ဂျုံ၊ လိမ္မော်၊ အစ်တော်စသောသီးနှံများ စိုက်ပျိုးကြသည်။ စိုက်ပျိုးရေးနှင့်တွဲ၍တစ်ဖက်မှ မွေးမြူရေးကိုပါ လုပ်ကြ၏။ အများဆုံးမွေးမြူကြသည့် တိရစ္ဆာန်များမှာ ကြက်နှင့်ဝက်ဖြစ်သည်။

ကျွန်တော်တို့ရွာတွင် ဈေးကောင်းရတတ်သည့် အင်ကြင်းပန်းကိုလည်း စိုက်ကြသည်။ အင်ကြင်းပန်းစိုက်ရသည်မှာ လက်ဝင်လှ၏။ အပင်ငယ်တစ်မျိုးဖြစ်၍ နွယ်ဖြင့်တက်သောကြောင့် စင်လုပ်ပေးရသည်။ အပွင့်မှာ အဖြူရောင်ဖြစ်၍ အလွန်လှ၊ အလွန်မွှေးပါသည်။

အပွင့်ပွင့်လျှင် အရွက်တစ်ရွက်ခံ၍ပွင့်သည်။ အညှာတိုတို၊ အပွင့်သေး

သေး၊ ခရေပန်းပွင့်သာသာမျှရှိသည်။ အရွက်ကလည်း အပွင့်လိုခပ်သေး သေးဖြစ်သည်။

အင်ကြင်းပန်းကို တစ်နှစ်မှတစ်ကြိမ်သာ စိုက်နိုင်ပါသည်။ ဆောင်း ဦးပေါက်ဆိုလျှင် အင်ကြင်းပန်းစိုက်ပါပြီ။ ဆောင်းတွင်းတစ်တွင်းလုံး အင်ကြင်းပန်းတွေ ဖွေးဖွေးလှုပ်နေအောင် ပွင့်သည်။ ဆောင်းကုန်သည်နှင့် တစ်ပြိုင်နက် အင်ကြင်းပန်းများ အသက်ကုန်ပြီဖြစ်သည်။

မျိုးစေ့တော့ထားခဲ့သည်။ ထိုအစေ့များကိုပင် နောက်တစ်နှစ်အတွက် မျိုးစေ့အဖြစ် ဆက်၍သုံးကြရပါသည်။

အင်ကြင်ပန်းကို အကိုင်းလိုက်ဖြတ်၍ ရောင်းရပါသည်။ တစ်ကိုင်း လျှင်အရှည်ခြောက်လက်မခန့်ဖြတ်ပါသည်။ မြစ်ကြီးနားမြို့ပေါ်ရောက် သွားလျှင် အင်ကြင်ပန်းတစ်ကိုင်းသည် ပြားသုံးဆယ်၊ သုံးဆယ့်ငါးပြား အထိရပါသည်။

ကျွန်တော်တို့ဘက်တွင် လူကတယုတယ စိုက်ပျိုးယူရသော အင် ကြင်းပန်းအပြင် အခြားအင်ကြင်းပန်းတစ်မျိုး ရှိပါသေးသည်။ ၎င်းသည် အလေ့အကျပေါက်၍ ပိတောက်ပင်၊ ခရေပင်ကြီးများလို အပင်ကြီးမျိုးဖြစ် ၏။ တောင်ပေါ်နေရာတိုင်းလိုလိုတွင် အင်ကြင်းပင်များကို တွေ့နိုင်ပါ သည်။

ဆောင်းဦးပေါက်လျှင် အင်ကြင်းပန်းများ ဖူးကြပွင့်ကြပါသည်။ အပွင့် ၏အရောင်မှာ အဝါရောင်ဖြစ်၍ အဆုပ်လိုက်အခဲလိုက်ပွင့်ပါသည်။ မြေပြန့် က ပိတောက်ပန်းနှင့်တူသယောင်ယောင်ရှိပါသည်။ နွေပေါက်လာလျှင် အပွင့်မပွင့်တော့ပါ။

ကျွန်တော်တို့ရွာတွင် ခရစ်ယာန်ဘာသာဝင်များပါသည်။ ဗုဒ္ဓဘာသာ ဝင်နှင့် နတ်ကိုးကွယ်သူများရှိသော်လည်း မများလှပါ။ အနည်းငယ်မျှ သာရှိပါလိမ့်မည်။

တောင်ယာအလုပ်သည် လွယ်ကူသက်သာသည့်အလုပ် မဟုတ်ပါ။ မိုးဦးမကျမီ နွေရာသီဝင်ပြီဆိုကတည်းက တောင်စောင်းများပေါ်ရှိ သစ် တောများကို ခုတ်ထွင်ရှင်းလင်းရသည်။ ထို့နောက် မီးရှို့ရ၏။ ပြီးတော့မှ ပေါက်တူးနှင့်မြေဆွထားရသည်။



မိုးကျလာသည်နှင့်တစ်ပြိုင်နက် ပဲတောင့်ရှည်၊ ဗိုလ်စားပဲ၊ ပဲစင်းငုံနှင့် [illegible]သည့်သီးနှံများကိုစတင်၍ စိုက်ပျိုးရပါသည်။ ဆောင်းဦးပေါက်တွင် သခွား၊ ဖရုံ၊ ဘူးနှင့် အင်ကြင်းပန်းများ စိုက်ပျိုးရပါသည်။

တောင်ယာခင်းတစ်ခင်းလျှင် ဧကသုံးလေးရာထက် မနည်းရှိမည်ထင် ပါသည်။ ယာခင်းများမှာ တစ်ခင်းနှင့်တစ်ခင်း ဆက်စပ်နေကြပါသည်။ ခေါင်လန်ရှုဖူးတောင်ပေါ်မှတက်၍ကြည့်လျှင် ရှုမျှော်မဆုံးနိုင်သော ယာခင်း များကိုမြင်ရသည်မှာ ကျက်သရေရှိလှပါသည်။

လူတိုင်းကိုယ့်ယာခင်းကို ခြံစည်းရိုးခတ်ထားရသည်။ ခြံအဝင်တွင် ခဏတစ်ဖြုတ်နားရန်၊ နေရန်အတွက် အဝင်တဲတစ်လုံးထိုးထားရ၏။ ယာ ခင်းအလယ်တွင် ထိုးရသည့်တဲများမှာ ညအိပ်စောင့်ရန်ဖြစ်သည်။

ယာခင်းကို ညအိပ်စောင့်သူမထား၍မဖြစ်ပါ။ ယာခင်းများရှိရာသို့ ဝက်၊ ရှဉ့်၊ မျောက်စသောတိရစ္ဆာန်တွေ အုပ်လိုက်သင်းလိုက်ဝင်၍ ဖျက် ဆီးတတ်ပါသည်။ ဂျုံခင်းဆိုလျှင် ဆင်အုပ်ဝင်တတ်ပါသည်။ ယာခင်းထဲ ဝင်သည့် မျောက်ကြီးများ အဆမတန်ကြီးလှပါသည်။

ယာခင်းအဝင်ဝရှိ အဝင်တဲ၏ တံစက်မြိတ်တွင် ဝါးကလတက်များကို ကြိုးနှင့်ချည်ထားပါသည်။ ဝါးကလတက်များတွင် ချည်ထားသည့် ကြိုးစ များကို ယာခင်းအလယ်ရှိတဲမှ ကြိုးနှင့် ဆက်ထားရပါသည်။ ဆက်ထား သည့်ကြိုးစကို လူအိပ်သည့်အိပ်ရာနားမှာ ထားရပါသည်။

တိရစ္ဆာန်များဝင်လာပြီဆိုလျှင် အိပ်ရာထဲမှနေ၍ ကြိုးကိုဆွဲပေးရ သည်။ ဆွဲလိုက်တိုင်း အဝင်တဲပေါ်ရှိ ကလတက်များဆီမှ "ဂလုပ်… ဂလုပ်…ဂလုပ်" ဟူသော မြည်သံဆူဆူညံညံထွက်လာသည့် ကလတက် သံကြောင့် တိရစ္ဆာန်များလန့်ဖျပ်ကာ ထွက်ပြေးကြလေသည်။

ဝါးကလတက်များကို ဝါးပိုးဝါးကြီးများခုတ်၍ လုပ်ထားခြင်းဖြစ်ပါ သည်။ ဝါးကလတက်တစ်ခု၏အရှည်မှာ နှစ်ပေခန့်ဖြစ်ပါသည်။ ထိပ် နှစ်ဖက်ကို အဆစ်ပိတ်ထားပြီး သစ်သားတုတ်တစ်ချောင်း ဝင်သာအောင် ဘေးနှစ်ဖက်ကို အပေါက်ဖောက်ရပါသည်။ ထိုအပေါက်မှတစ်ဆင့် ကြိုး နှင့်ချည်ထားသော သစ်သားတုတ်ကို ဝါးလုံးထဲသွင်းပြီး တဲတံစက်မြိတ်တွင် ဆွဲလျက်ချိတ်ရခြင်းဖြစ်ပါသည်။

မနက်လေးနာရီဆိုလျှင် အလုပ်လုပ်နိုင်သော အရွယ်အတိုင်း တောင်ယာထွက်ကြသည်။ ယာခင်းထဲခြေချမိချိန်မှစ၍ လူတိုင်းအလုပ်နှင့်လက်မပြတ်ကြတော့ပေ။ တစ်နေကုန်တစ်နေခန်းပင် ပေါင်းသင်မြေဆွအလုပ်ကို ကုန်းရုန်း၍လုပ်ကြပေသည်။ ညနေငါးနာရီထိုးလောက်မှ ညစောင့်ကိုထားခဲ့ပြီး ရွာသို့ပြန်ကြရသည်။

ဤအလုပ်မှာ ကျွန်တော်တို့ရွာသူရွာသားများ၏ နေ့စဉ်အလုပ်ဖြစ်ပါသည်။ ပေါက်တူးပေါက်ပြား မနိုင်သေးသည့်ကလေးများမှတစ်ပါး လူတိုင်းအလုပ်လုပ်ကြရပါသည်။ ဘယ်သူမှ အားအားယားယား မနေနိုင်ကြပါ။

လက်ကြောတင်းအောင် အလုပ်မလုပ်လိုသူသည် ကျွန်တော်တို့ရွာတွင် ထမင်းတစ်လုပ်စားဖို့ ခက်လှပါ၏။

*

(၃)

တခြားရွာသားများလိုပင် ကျွန်တော့်အဖေ "ဇော်နန်း" သည် တောင်ယာသမားဖြစ်ပါသည်။ အဖေသည် အလွန်အလုပ်လုပ်သူဖြစ်သည့်အားလျော်စွာ သူအားနေသည့်အချိန်ဟူ၍ မရှိသလောက်ပင်။

ညဆိုလျှင် ယာထဲမှာစောင့်၍အိပ်ရပါသည်။ မနက်ဆိုလျှင် အမေ၊ အစ်မနှင့် ကျွန်တော်တို့မရောက်မီ အစောကြီးထပြီး ယာခင်းထဲတွင် လုပ်စရာရှိသမျှကို လုပ်နှင့်ပါသည်။ ကျွန်တော်တို့ရောက်သွားသည့်အခါတွင်လည်း သူလုပ်စရာရှိတာကို အဆက်မပြတ်လုပ်နေတတ်ပါသည်။

အဖေ့အနေဖြင့် မလုပ်၍လည်းမဖြစ်ပါ။ ကျွန်တော့်အမေ "ဂျာတောင်" မှာ ကောင်းစွာမမာသဖြင့် သိပ်ပြီးပင်ပင်ပန်းပန်း မလုပ်နိုင်ကြပါ။ ကျွန်တော့်အစ်မ "ကော့ဖန်" မှာလည်း အသက်ငယ်သေးသဖြင့် ကူဖော်လောင်ဖက်သိပ်မရပါ။ လူလားမမြောက်သေးသည့် ကျွန်တော့်ကို အားကိုး၍လည်း ရနိုင်သည်မဟုတ်။ ကျွန်တော်တို့မိသားစုတွင် တကယ်အလုပ်လုပ်နိုင်သည့်လူမှာ အဖေတစ်ဦးတည်းသာ ရှိပါသည်။

တစ်ခါတစ်ရံတွင် အဖေသည် ကျွန်တော်တို့ကို ယာခင်းမှာထားခဲ့ပြီး



အမဲလိုက်ထွက်တတ်သည်။ အမဲလိုက်ထွက်ရာ၌လည်း အဖေသည် အဖော်မပါ။ သူ့ဘာသာသူ လုပ်ထားသည့် ဒူးလေးကိုထမ်းကာ တစ်ယောက်တည်းထွက်သွားတတ်၏။ ဒါကလည်း ကျွန်တော်တို့ရွာရှိ လူအများ၏ သဘာဝအလေ့အထတစ်ခု ဖြစ်ပါသည်။

အဖေအမဲလိုက် ထွက်သည့်အခါ ချေ၊ သမင်၊ ဆတ်၊ ဝက် စသည့် သားကောင်များကိုသာရွေး၍ ပစ်တတ်သည်။ မျောက်ကိုမပစ်ပါ၊ မျောက်ကတော့ ယာထဲမှာပင် ရနိုင်ပါသည်။ မျောက်ကို ဒူးလေးနဲ့ ပစ်စရာမလိုပါ။ ခြံစည်းရိုးတစ်လျှောက် တွင်းတူးပြီး ဝါးညှောင့်တွေမြှုပ်ထား၊ မျောက်ကျွလာသည့်တွင်းထဲကျ၊ ညှောင့်စူး၊ မသေမရှင်တွေဖမ်း၍သတ်လျှင် မျောက်သားစားရပါသည်။

အဖေသည် အမဲလိုက်ထွက်တိုင်း ပျားဖွပ်လာတတ်သည်။ ပျားအုံကတည်း တောထဲမှာပေါလှပါသည်။ ပျားရည်မှာ ငွေရသဖြင့် သွားရင်းဟန်ချလုပ်ခြင်းဖြစ်ပါသည်။

ယာထွက်သီးနှံများကို အဖေကိုယ်တိုင်ပင် မြစ်ကြီးနားမြို့သို့ သွားရောင်းပါသည်။ တစ်ခါတစ်ရံတော့ ကသာဘက်သို့ သင်္ဘောနှင့်သွား၍ ဆားနှင့်လဲခြင်း၊ အခြားအသုံးလိုသည့်ပစ္စည်းများနှင့် လဲခြင်းပြုလုပ်ပါသည်။

တစ်ရက်တွင် ထုံးစံအတိုင်း ကျွန်တော်တို့သားအမိသုံးယောက် အဖေရှိရာယာတဲသို့ ရောက်သွားကြပါသည်။ အဖေက...ပေါင်းရှင်းနေရာမှ ကျွန်တော်တို့လာတာမြင်တော့ နားလိုက်ပါသည်။ သူသိပ်ပြီးနေမကောင်းဟုလည်း ပြောပါသည်။

နေ့ခင်းကျတော့ အမေတားနေသည့်ကြားမှပင် ဒူးလေးကို ထမ်းကာ တောလိုက်ထွက်သွားပါသည်။ မိုးချုပ်ချိန်အထိ ပြန်မရောက်လာသဖြင့် ကျွန်တော်တို့အားလုံး စိတ်ပူကြပါသည်။

ကျွန်တော်တို့ရွာပြန်ရောက်တော့ အမေက ရွာသားများကို အကြောင်းစုံပြောပြရာ ညတွင်းချင်းထွက်ရှာကြပါသည်။ မတွေ့ပါ။

နောက်တစ်ရက် ဆက်ရှာကြရပြန်ပါသည်။ မတွေ့ပါ။ နောက်တစ်ရက် ဆက်၍ရှာကြပြန်သည်။

တွေ့ပါ၏။

အဖေသည် ခေါင်လန်ရှုဖူးတောင်ပေါ် အထက်တစ်နေရာတွင် ကျား ကိုက်ခံရ၍ သေဆုံးနေပါသည်။

အဖေ့လက်နှစ်ဖက်မှာ ကျားစားသွားပြီဖြစ်၍ မရှိတော့ပါ။

အဖေ့အလောင်းကို ဝါးထမ်းစင်ဖြင့် သယ်ယူလာပြီး ရွာမှာပင် မြှုပ် လိုက်ကြပါသည်။

*

(၄)

အဖေမရှိတော့သည့်နောက်တွင် ကျွန်တော်တို့သားအမိသုံးယောက် ကိုယ့်အားကိုယ်ကိုး၍ လုပ်ကိုင်စားကြပါသည်။ အဖေထားပစ်ခဲ့သည့် လက်ငုတ်လက်ရင်း တောင်ယာလုပ်ငန်းကို မစွန့်နိုင်ကြပါ။ ကောင်းစွာ မကျန်းမာသည့်ကြားမှပင် တောင်ယာအလုပ်ကို အမေကဦးစီးပါသည်။

ကျွန်တော်က တောင်ယာခင်းတွင် ညအိပ်၍ အမေနှင့်အစ်မက မနက် လာ၊ ညနေပြန်ကြပါသည်။ တောင်ယာထွက်သီးနှံများကို မြစ်ကြီးနားသို့ သွား၍ ရောင်းချသည့်အလုပ်ကိုတော့ အစ်မကော့ဖန်ကလုပ်ပါသည်။

ကော့ဖန်၏အသက်မှာ ၁၈ နှစ်၊ ၁၉ နှစ်ခန့်ရှိပြီဖြစ်၍ သွားနိုင်လာ နိုင်သည့်အရွယ်၊ စဉ်းစားချင့်ချိန်နိုင်သည့်အရွယ်ဟု ဆိုရပါမည်။

အဖေမရှိသဖြင့် ကသီလင်တဖြစ်သွားသည်မှာ မှန်သော်လည်း ဆိုး ဆိုးဝါးဝါးတော့မဖြစ်ပါ။ သားအမိသုံးယောက် တာဝန်ခွဲ၍ လုပ်ကိုင်လာ ကြသည့်အခါတွင် အဆင်ပြေလာပါသည်။ ရွာသူရွာသားများကလည်း တတ်နိုင်သလောက် အကူအညီပေးကြပါသည်။

အစ်မကော့ဖန်သည် မြစ်ကြီးနားသို့ ငါးရက်တစ်ကြိမ်လောက်ရောက် သည်ဖြစ်ရာ ရောက်တိုင်း ကချင်သေနတ်ကိုင်တပ်ရင်း (၃) မှ တပ်ကြပ် "ဂျေခေါင်" နှင့် ဆုံမိကြသည်။ ဂျေခေါင်သည် အစ်မထံမှပစ္စည်းဝယ် သောဖောက်သည်ဖြစ်လေသည်။

ပထမတော့ ရိုးရိုးသားသားခင်ကြခြင်းဖြစ်၏။ ကြာတော့ ရိုးရိုးသား သားထက်ပိုလာကြသည်။ "ဂျေခေါင်" က အစ်မကိုချစ်ရေးဆိုသည်။ အစ်



ကောလက်ခံသည်။ အစ်မက အမေ့ကိုချက်ချင်းဖွင့်မပြောပေမဲ့ အမေက တော့ သိလေသည်။

ဂျေခေါင်သည် အစ်မနှင့်ရွာသို့လိုက်လည်လေ့ရှိပါသည်။ သူလာ လည်သည့်အခါတွင်လည်း ကျွန်တော်တို့တောင်ယာအထိလိုက်ကာ လုပ် စရာရှိတာများကို လုပ်ပေးတတ်ပါသည်။ ကျွန်တော့်အနေဖြင့် ခင်မင်သော စိတ်၊ အားကိုးအားထားပြုလိုသောစိတ် အမြဲတစေဖြစ်ပေါ်မိပါသည်။

ဂျေခေါင်သည် ကျွန်တော်တို့လို တောင်ပေါ်သားလူရိုးလူကောင်း တစ် ယောက်ဖြစ်သည်။ ဂျေခေါင်လို လူတစ်ယောက် ကျွန်တော်တို့မိသားစုထဲ တွင် ရှိနေမည်ဆိုလျှင် မည်မျှကောင်းလေမည်နည်း။

ဂျေခေါင်သည် ကျွန်တော့်မိသားစု၏ အခြေအနေကို သိနေသည့်အား လျော်စွာ အစ်မကိုချစ်ရုံမျှမက သနားဟန်တူပါသည်။ အမေနှင့်ကျွန်တော် အပေါ်တွင်လည်း သံယောဇဉ်ရှိပုံရပါသည်။

တစ်ကြိမ်တွင် ဂျေခေါင်သည် တပ်မှခွင့်သုံးရက်ယူပြီး လာလည် သည်။ တစ်နေ့ခင်းလုံး တောင်ယာထဲမှာနေ၍ အမေ၊ အစ်မတို့နှင့် အလုပ် လုပ်သည်။ ညကျတော့ ကျွန်တော်နှင့်အတူ ယာထဲမှာ အိပ်သည်။ သူနှင့် အတူ မျောက်ထောင်၊ ပျားဖွပ်၊ တောလိုက်လုပ်ရသည်မှာ ပျော်စရာကောင်း လှပါသည်။

ယခုတစ်ခေါက်တွင် ဂျေခေါင်က အစ်မနှင့်သူမေတ္တာရှိနေပြီဖြစ်၍ လက်ထပ်ခွင့်ပြုရန် အမေ့အားဖွင့်ပြောပါသည်။ အမေကလည်း သဘော တူလိုက်ပါသည်။ ဂျေခေါင်က သူ့မိဘတွေပြန်ခေါ်လာပြီး ကျွဲငါးကောင် နှင့်ခေါင်ရည် သုံးစည် ကွမ်းဖိုးပေးပါသည်။ ကျွန်တော်တို့၏ ဓလေ့ထုံးစံ အရ သတို့သားက တတ်အားသရွေ့ ပေးရမည်ဖြစ်၍ ပေးခြင်းဖြစ်ပါသည်။

မင်္ဂလာမဆောင်မီ အကြိုတစ်ရက်ညနေပိုင်းတွင် သတို့သားဂျေခေါင် ၏ ပစ္စည်းများနှင့် သတို့သမီးအစ်မကော့ဖန်၏ ပစ္စည်းများကိုလဲကြသည်။ နောက်တစ်နေ့မနက်ကျတော့ ဘုရားရှိခိုးကျောင်းသွား၍ နှစ်ချင်းခရစ် ယာန်ဘာသာဝင်တို့ ထုံးစံအတိုင်း လက်ထပ်ကြသည်။

ယခုတစ်ခေါက်တွင် ဂျေခေါင်ကြာကြာမနေနိုင်ပေ၊ ခွင့်ရက်ကကုန် သွားပြီဖြစ်၍ လက်ထပ်ပြီးနောက်တစ်ရက်မှာပင် မြစ်ကြီးနားသို့ပြန်ရ၏။

သူပြန်တော့ အစ်မလိုက်ရတော့သည်။

အစ်မနှင့် တကယ်ခွဲရမည်ဆိုတော့ အမေက ဝမ်းနည်းပက်လက်ဖြစ်ကာ ငိုပါသည်။ ကျွန်တော်လည်း သူတို့နှင့်ရော၍ ရှိုက်ကြီးတငင်ငိုမိပါသည်။

တကယ်တော့ ကျွန်တော်တို့မှာ အပြေးအလွှားကြည့်ပါမှ သားအမိ သုံးယောက်သာရှိပါသည်။ အမေ့ခမျာ ကျန်းမာရေးက သိပ်မကောင်း၍ အစ်မကော့ဖန်ကိုသာ အားကိုးအားထားပြုနေရသူဖြစ်လေရာ ယခုလို ရာသက်ပန်ခွဲရမည်ဆိုတော့ ဝမ်းနည်းပက်လက်ဖြစ်ရရှာသည်။

မည်သို့ပင်ဖြစ်စေ...

အစ်မကို မလိုက်ပါနှင့်ဟု တားမြစ်၍ရမည်မဟုတ်ပါ။ တားမြစ်ပိုင်ခွင့်လည်း ကျွန်တော်တို့မှာ မရှိပါ။

အစ်မကော့ဖန်သည် အမေနှင့်ကျွန်တော်တို့ထက်ပို၍ ချစ်ရမည့်သူနှင့်တွေ့၍ လိုက်ပါရခြင်းဖြစ်ပါသည်။

*

(၅)

ယောကျ်ားရသွားပြီဖြစ်သော်လည်း အစ်မကော့ဖန်သည် ကျွန်တော်တို့နှင့် အဆက်အသွယ်မပြတ်ပါ။ မြစ်ကြီးနားမှနေ၍ မကြာခဏလာလည်ပါသည်။ သုံးရက်တစ်ခေါက်၊ ငါးရက်တစ်ခေါက်ဆိုသလို လာပါသည်။ လာတိုင်းအမေနှင့်ကျွန်တော့်အတွက် တိုတိုထွာထွာပစ္စည်းများ ဝယ်လာတတ်ပါသည်။

အစ်မက အဆက်အသွယ်မပြတ်သော်လည်း အမေ့မှာကတော့ အားကိုးရာမဲ့နေသည်မှာ အမှန်ပင်ဖြစ်သည်။

တောင်ယာလုပ်ငန်းကို သူကိုယ်တိုင်ဦးစီး၍မလုပ်နိုင်သလို ကျွန်တော်ကလည်း ငယ်သေး၍ ဦးစီးဦးဆောင်မပြုနိုင်ပါ။ အမေ့အနေဖြင့် တောင်ယာလုပ်ငန်းကိုလည်း မစွန့်ချင်ပါ။ ဤလုပ်ငန်းသည် ကျွန်တော်တို့၏ မိရိုးဖလာလုပ်ငန်းဖြစ်ပါသည်။ ဤလုပ်ငန်းကို စွန့်လွှတ်လိုက်လျှင် ကျွန်တော်တို့မှာ လုပ်စရာရှိတော့မည် မဟုတ်ပါ။

ဤသို့ဖြင့် အမေသည် နောက်ထပ်အားကိုးစရာတစ်ဦးရှာခဲ့ရပါသည်။



အမေ့၏ နောက်အိမ်ထောင်မှာ ကျွန်တော်တို့ရွာထဲမှ လူပျိုကြီး "ဖော်လ" ဆိုသူဖြစ်၍ လူရိုးလူကောင်း၊ သဘောကောင်း မနှောကောင်းတစ်ယောက် ဖြစ်ပါသည်။

ပထွေးဆိုပေမဲ့ ကျွန်တော့်ကို သားအရင်းလိုချစ်ခင်ရှာသည်။ တောင်ယာကို သူဦးစီးလုပ်လာတော့ သိသိသာသာ တိုးတက်လာပါသည်။ ကျွန်တော့်အဖို့မှာတော့ ဖော်လသည် အလွန်ချစ်ခင်အားကိုးရသော ပထွေးဖြစ်ပါသည်။

ဖော်လနှင့်အမေ အိမ်ထောင်ကျပြီးနောက် ခြောက်လ၊ ခုနစ်လခန့်ကြာတော့ ကျွန်တော့်ယောက်ဖဂျေခေါင်တို့တပ်သည် မကွေးမြို့သို့ပြောင်းရပါသည်။ ယောက်ဖနှင့်အစ်မတို့ လာနှုတ်ဆက်တော့ အမေနေမကောင်း၍ အိပ်ရာမှမထနိုင်ပါ။

အလွန်အလှမ်းဝေးသည့်ဒေသသို့ ရွှေ့ရမည်ဆိုတော့ အမေပို၍ စိတ်ထိခိုက်ဟန်တူပါသည်။

"ကျွန်တော်တို့ ဟိုရောက်ပြီး အနေအထိုင် အဆင်ပြေပြေချင်း အမေ့ကို ပြန်ခေါ်မယ်၊ ဟိုမှာ ဆေးကုရင်ပိုကောင်းမယ်။ ဆေးရုံကောင်းကောင်း၊ ဆရာဝန်ကောင်းကောင်းလည်းရှိတယ်။ ဒီမှာကြာရင် မကောင်းဘူး။ အမေ့ရောဂါက ဘာရောဂါမှန်းလည်း မသိဘူး၊ သိပ်ခက်တယ်"

ဂျေခေါင်က ပြောသွားပါသည်။

သိပ်ပြီးမကြာလိုက်ပါ၊

အစ်မတို့ပြောင်းသွားပြီး နှစ်လခန့်အကြာတွင် အမေဆုံးပါသည်။

အမေဆုံးတော့ ကျွန်တော်ရောပထွေးပါ အမေ့အနားတွင် မရှိကြပါ။ တောင်ယာထဲရောက်နေကြပါသည်။ ရွာမှလူလွှတ်ပြီး အပြောခိုင်းမှ သိရသဖြင့် အမြန်ပြန်ခဲ့ရပါသည်။

အမေသည် အိပ်ရာထဲတွင်လဲလျောင်းနေရာမှ တစ်စုံတစ်ခုယူရန် မီးဖိုဆောင်သို့သွားဟန်တူပါသည်။ အမေသည် မီးဖိုအခင်အထွက် တစောင်းလဲ၍ သေဆုံးနေခြင်းဖြစ်ပါ၏။

မြစ်ကြီးနားတွင်ရှိသည့် တပ်မှတစ်ဆင့် မကွေးတပ်သို့ အကြောင်းကြားရာ အစ်မနှင့်ယောက်ဖတို့ လိုက်လာကြပါသည်။

အမေ့အလောင်းမြေကျပြီးသော် အစ်မနှင့်ယောက်ဖတို့ ခေါ်ရာသို့ ကျွန်တော်လိုက်ခဲ့ရပါတော့သည်။

ဘူတဲရွာတွင် ကျွန်တော်အားကိုးစရာ၊ သံယောဇဉ်ဖြစ်စရာ လူမရှိတော့ပါ။ အဖေလောက်နီးပါးကောင်းပါသည်ဆိုသော ပထွေးဖော်လမှာလည်း တကယ်တော့ သွေးနီးသူမဟုတ်ပါ။

သို့ဖြစ်ရာ ကျွန်တော်ချစ်မြတ်နိုးသော ခေါင်လန်ရှုဖူးတောင်နှင့် ကျွန်တော်ချစ်မြတ်နိုးသော ဘူတဲရွာကို အပြီးအပိုင်ခွဲခွာခဲ့ရပါတော့သည်။

မကွေးရောက်တော့ တွေ့မြင်သမျှ၊ ကြားသိရသမျှတို့သည် ကျွန်တော့်အတွက် အံ့သြစရာတွေချည်းဖြစ်နေသည်။ ကျွန်တော့်အဖို့ အံ့သြစရာအကောင်းဆုံးဖြစ်နေသည့်အရာမှာ အခြားမဟုတ်ပါ။ ကျွန်တော့်အစ်မကော့ဖန်စာတတ်နေခြင်းပါတည်း။

. အစ်မသည် နေ့စဉ်စာဖတ်ပါသည်။ သူဖတ်နေသည့် စာအုပ်ကြီးတွေက အထူကြီးတွေ။ 'ဘာစာအုပ်တွေလဲ' ဟုမေးတော့ 'ဝတ္ထုစာအုပ်တွေပေါ့၊ ဖတ်လို့သိပ်ကောင်းတယ်' ဟု အစ်မက ပြောပါသည်။

ရွာမှာနေစဉ် အစ်မနှင့်ကျွန်တော်တို့ စာမသင်ခဲ့ပါ။ စာသင်ကျောင်းလည်းမရှိ၊ စာတတ်ဖို့ဆိုသည်မှာ အလွန်ဖြစ်နိုင်ခဲသည့်ကိစ္စတစ်ခု ဖြစ်ပါသည်။

ယခုတော့ အစ်မ စာတတ်နေပြီ။

အစ်မ ဘယ်လိုလုပ်ပြီး စာတတ်ခဲ့ပါလိမ့်။

ကျွန်တော့်ယောက်ဖသည် အစ်မကို အလွန်ချစ်သူဖြစ်ရာ အစ်မနှင့်မရခင်ကတည်းက အစ်မကိုစာသင်ပေးခဲ့သည်။ ကကြီးခခွေး၊ တစ်၊ နှစ်၊ သုံး၊ လေးမှစခဲ့သောအစ်မသည် လေးလမပြည့်မီ စာဖတ်တတ်လာသည်။

"ဂျေခေါင်...ခွန်နောင်ကို ကျောင်းထားပေးပါ၊ သူစာသိပ်တတ်ချင်နေတယ်"

ယောက်ဖက ကျွန်တော့်ကို တပ်တွင်းကျောင်းမှာထားပေးသဖြင့် ပထမတန်းမှစ၍ နေရသည်။

ကျွန်တော့်ယောက်ဖဂျေခေါင်သည် အလွန်သဘောကောင်းပါသည်။ အရက်မသောက်တတ်၊ ဖဲမရိုက်တတ်။ ရိုးရိုးအအသမားဖြစ်သည်။ အပျော်



အပါးဆိုလျှင် ဘာကိုမျှဝါသနာမပါပါ၊ ရုပ်ရှင်ကိုပင်ကြည့်တတ်သည်မဟုတ် ဝါသနာမရှိပါ။

ယောက်ဖသည် အလွန်ငွေစုပါသည်။ အိမ်စရိတ်ကို တစ်လရှစ်ဆယ်နှင့်လောက်အောင် သုံးခိုင်းပါသည်။ ထိုအချိန်က စရိတ်စကမကြီးသဖြင့် အစ်မ၏သားငယ်နှစ်ယောက်အပါအဝင် လူငါးယောက်ရှိသော ကျွန်တော်တို့အိမ်ထောင်မှာ တစ်လရှစ်ဆယ်နှင့် လုံလောက်အောင်စားနိုင်ပါသည်။

ယောက်ဖသည် သူစုထားသည့်ငွေများကို ရင်းနှီးသူများအား အတိုးနှင့်ချေးသည်။ ချေးထားသည့်စာရင်းကို အစ်မကကိုင်ပြီး လဆန်း၍ လစာထုတ်သည့်ရက်တွင် အစ်မကိုယ်တိုင်လိုက်၍ တောင်းရပါသည်။

အစ်မနှင့်ယောက်ဖတို့အိမ်ထောင်သည် သာယာချမ်းမြေ့မှုရှိသည်ဟု ဆိုနိုင်သည်။ သူတို့လင်မယားအကြီးအကျယ်ရန်ဖြစ်သည်ဟူ၍ တစ်ကြိမ်မျှမတွေ့ခဲ့ပါ။ တစ်ခါတစ်ရံ သဘောချင်းမတိုက်ဆိုင်၍ ကတောက်ကဆ များဘတ်ကြသည်မှလွဲ၍ အလွန်အကျွံဖြစ်သည်ဟု မရှိခဲ့ပါ။

ကျွန်တော် ပထမတန်းအောင်သည့်နှစ်တွင် မကွေးမှသရက်သို့ပြောင်းရွှေ့ရန်သည်။ သရက်ရောက်တော့လည်း တပ်တွင်းကျောင်းမှာပင် ဆက်၍နေရပါသည်။ သရက်ရောက်တော့ ကျွန်တော်ဒုတိယတန်းရောက်ပါပြီ၊ ဒုတိယတန်းစာမေးပွဲဖြေပြီးသည့်နှစ်တွင် ကျွန်တော့်ယောက်ဖ၏တပ်သည် ကရင်ပြည်နယ် ဘားအံမြို့သို့ ရွှေ့ရပါသည်။

ဘားအံရောက်တော့လည်း ယောက်ဖက မွေးမြူရေးစလုပ်သည်။ ဝက်မွေး၍မွေးမြူခြင်းဖြစ်၏။ ကျွန်တော်ကလည်း ယောက်ဖအလုပ်ကို ကူရပါသည်။

ကျောင်းအားရက် နေ့ခင်းနေ့လယ်တွင် ဝက်တွေကိုရေချိုးပေးရသည်။ နေ့စဉ်မှန်မှန်လုပ်သည့်အလုပ်ကတော့ ညနေကျောင်းဆင်း၍ အိမ်ပြန်ရောက်လျှင်ရောက်ခြင်း လွယ်အိတ်ကိုချိတ်ကာ ပိန်းရိုးထွက်ခုတ်ပြီး ကိုယ်တိုင်ဝက်စာကျိုပြီးလျှင် ကိုယ်တိုင်ပင် ဝက်စာကျွေးရသည်။

ဝက်စာကျွေးပြီးမှပင် ရေမိုးချိုးထမင်းစား၊ ညခုနစ်နာရီခန့်မှစ၍ စာကျက်သည်။

နေ့စဉ်နှင့်အမျှ ကလေးထိန်းရေခပ်ကတော့ လုပ်ရသည်။ အစ်မနှင့်

ယောက်ဖက ကျွန်တော့်ကို ချစ်ကြပါသည်။ အလိုလိုက်တန်သရွေ့လည်း လိုက်ကြသည်။ သို့သော် ယောက်ဖက နေရာတိုင်း အလိုမလိုက်၊ သူ ကောင်းသည်ဟုထင်သည့်ကိစ္စမျိုးတွင် အလိုလိုက်တတ်သော်လည်း သူ မကောင်းဟုထင်သည့်ကိစ္စမျိုးကျတော့ လုံးဝအလိုမလိုက်တတ်ပါ။

သူ့အမြင်အရ မကောင်းဟုထင်နေသည့်ကိစ္စကို ကျွန်တော်က အကောင်းဟုမြင်မိသည့်အခါမျိုးတွင် ကျွန်တော့်စိတ်ထဲဝယ် မခံချိမခံသာ ဖြစ်ကာ နာကြည်းသလိုခံစားရပါသည်။

အထက်တန်းကျောင်းမှာဆိုတော့ သက်တူရွယ်တူအပေါင်းအသင်း ကများလာသည်။ သူတို့ခေါ်၍ ရုပ်ရှင်ကြည့်သည့်အခါ ကြည့်မိသည်။ ယောက်ဖက ရုပ်ရှင်ကြည့်တာမကြိုက်၊ ရုပ်ရှင်ကြည့်ရကောင်းမလားဟု ဆိုကာ ဆူဆူပူပူမလုပ်သော်လည်း မကြိုက်သည့်အမူအရာကိုတော့ ပြ တတ်ပါသည်။

ကျွန်တော်ကလည်း ရုပ်ရှင်ဝါသနာအိုးတစ်ယောက်ဖြစ်မှန်းမသိဖြစ် လာခဲ့သည်။ ဆဋ္ဌမတန်းရောက်သည့်နှစ်ကျတော့ ကျွန်တော့်တွင်အပေါင်း အသင်းပို၍ များလာသည်။ သူတို့နှင့်သွားအတူလာအတူဖြစ်သည့်အခါ သူတို့နှင့်မတူသော ကျွန်တော့်ဘဝကို မြင်လာသည်။ ကျွန်တော်သည် သူတို့ဝတ်သလိုမဝတ်နိုင်၊ သူတို့စားသလို မစားနိုင်၊ သူတို့ဖြုန်းသလို မသုံးနိုင်။

ကျွန်တော်သူတို့လို နေချင်ပါ၏။ နေနိုင်ဖို့ကျွန်တော့်မှာ ကျော ထောက်နောက်ခံမရှိ၊ ငွေမရှိ။ သူတို့နှင့်ယှဉ်၍ စဉ်းစားလိုက်တိုင်း ကျွန် တော့်စိတ်တွေ သိမ်ငယ်လာရသည်။

ကိုယ့်ဘဝကိုယ် မကျေမနပ်သောစိတ်သည် ကျွန်တော့်ရင်ထဲဝယ် ကိန်းအောင်းစပြုလာပါပြီ။

အမှန်တော့ ကျွန်တော့်အခြေအနေသည် ဆိုးလှသည့်အခြေအနေမ ဟုတ်ပါ။ ကိုယ့်ဘဝကို တင်းတိမ်ကျေနပ်နိုင်လောက်သည့်အခြေအနေမျိုး ဖြစ်ပါသည်။ သို့ပါလျက်နှင့် ကျွန်တော်သည် ကိုယ့်ဘဝကိုယ် မကျေ မနပ်ဖြစ်လျက်ရှိပါသည်။ ကိုယ့်ဘဝကိုယ် မကျေနပ်သောစိတ်သည် ကျွန် တော့်အား ဒုက္ခပေးလိမ့်မည်ကိုကြိုတင်၍ မသိခဲ့ခြင်းသည် ကျွန်တော်၏



ဆော့ဝေမိုက်မဲမှုတစ်ရပ်ပင်ဖြစ်ပါ၏။

*

(၆)

ထိုနှစ်တွင် ကျွန်တော်ခြောက်တန်းမအောင်ပါ။ ကော့ဖန်ကကျွန်တော် ဆော့လို့ စာမေးပွဲကျသည်ဟု အပြစ်ဆိုပါသည်။

"နင့်ကို နှစ်စကတည်းက ငါသတိပေးသားပဲ၊ နင်က နင်ထင်တာ လုပ်ချင်နေတဲ့ကောင်ပဲ၊ ကျမှာပေါ့"

ဂျေခေါင်ကတော့ မဆူပါ။

"အယ်...ဒီနှစ်ကျတော့ နောက်နှစ်အောင်ရမှာပေါ့၊ တစ်နှစ်ကျတာ ဘာဖြစ်လဲ"

သည်စကားမျိုး ကြားရပြန်တော့ ယောက်ဖလုပ်သူ၏ သဘောထား ကြီးမှုကို အသိအမှတ်မပြုဘဲ မနေနိုင်ပါ။ လာမည့်နှစ်ရောက်လျှင် ပို၍ ကြိုးစားမည်ဟု စိတ်ပိုင်းဖြတ်လိုက်ပါသည်။

ကျောင်းပြန်မဖွင့်မီ ယောက်ဖဂျေခေါင် ကော့ကရိတ်မြို့သို့ရွှေ့ရပြန် သည်။ ယောက်ဖက ကျွန်တော့်အား ကော့ကရိတ် အ-ထ-က တွင် ဆက် ထားပါသည်။

ကော့ကရိတ်ရောက်တော့ ကျွန်တော့်ယောက်ဖမှာ အလုပ်တာဝန်များ လာပါသည်။ မကြာခဏ တိုက်ကင်းထွက်ရပြီး နယ်မြေလုံခြုံမှုအတွက် အရေးပေါ်ထွက်ရသည့်ခရီးကလည်း များလာသည်။ နယ်မြေက သိပ်ပြီး မအေးဆေးသဖြင့် သူ့မှာတာဝန်ကြီးသည်။

ကျွန်တော်ကတော့ ကော့ကရိတ်ရောက်မှ အပေါင်းအသင်းပို၍ စုံလာ သည်။ အထူးသဖြင့် တစ်တန်းတည်းသားတွေဖြစ်သော စောထူးစိန်၊ စော ဆေးလှ၊ စောဝီလျှံ၊ ခင်အောင်စိုးတို့နှင့် အလွန်ရင်းနှီးလာပါသည်။ သူတို့ အားလုံးယောက်မှာ ခြောက်တန်းနှစ်နှစ်ကျများဖြစ်၍ ကျောင်းတက်ရခြင်းကို စိတ်ပျက်နေသူများဖြစ်ရာ မကြာခဏကျောင်းပြေးပါသည်။

သူတို့နှင့်တွဲမိတော့ ကျွန်တော်ပါ ကျောင်းပြေးဖြစ်လာသည်။ တစ်ခါ တလေများ အိမ်မှထွက်လာပြီး ကျောင်းအနီးမှ အအေးဆိုင်တွင် တစ်နေ

ကုန်ထိုင်ကာ ကျောင်းချိန်ကုန်မှ အိမ်ပြန်ပါသည်။

“ခွန်နောင်...နင် အလကားကောင်ပဲ၊ ကျောင်းပြေးတယ်။ နင်ဒီလိုလုပ်နေရင် ဒီနှစ်လည်း စာမေးပွဲကျမှာပဲ”

အစ်မကော့ဖန်က ပူညံ့ညံလုပ်သည်။ ကျွန်တော်ကတော့ အစ်မက အလကားသက်သက်အာပူသည်ဟု ထင်သည်။

“နင့်ကို ဘယ်သူကပြောလဲ၊ ငါကျောင်းပြေးတယ်လို့....။ငါဘယ်တော့မှ ကျောင်းမပြေးဘူး”

“နင်အလကားကောင်၊ နင်ညာတယ်။ နင်ဘယ်တုန်းကညာဖူးသလဲ အခုညာနေပြီ၊ နင်အသုံးမကျတော့ဘူး။ နင်ကျောင်းပြေးတာကို အားလုံးသိတယ်။ နင့်သူငယ်ချင်းတွေကလည်းပြောတယ်၊ နင့်ဆရာမကလည်း ငါ့ကိုတိုင်တယ်။ နင်ဘာပြောချင်သေးလဲ”

“ငါတစ်ခါတလေကိစ္စရှိလို့ အပြင်သွားတာ၊ အဲဒါကျောင်းပြေးတာ မဟုတ်ဘူး”

“နင့်မှာ ဘာအလုပ်ရှိလို့ အပြင်သွားရတာလဲ၊ နင်ကျောင်းသားပဲ ကျောင်းတက်ဖို့ အလုပ်ပဲရှိတာမဟုတ်လား။ ငါဒီတစ်ခါတော့ မနေဘူး၊ ဖေခေါင်ကို ပြောရမှာပဲ”

“နင့်ဟာ နင်ပြောချင်တဲ့လူကိုပြော ငါဂရုမစိုက်ဘူး။ ငါကျောင်းပြေးချင်ပြေးမှာပဲ၊ နင်နဲ့ဘာမှမဆိုင်ဘူး”

“နင်အလကားကောင်၊ အသုံးမကျတဲ့ကောင်။ နင်ဘဝမေ့နေတယ်သိလား၊ နင့်ဘဝနင်မေ့နေတယ်။ နင်ဒုက္ခရောက်တော့မယ်သတိထား”

အစ်မနှင့်ကျွန်တော်တို့ အကြီးအကျယ်စကားများကြသည်။ ကျွန်တော်ကမလျှော့လေ ကော့ဖန်ကဒေါသကြီးလေ။ နောက်ဆုံး “ဒီလိုသာဆိုရင် နင်,တို့နဲ့မနေနဲ့” ဟူသော စကားတစ်ခွန်းပါလာသည်။

ကျွန်တော်က ထိုစကားတစ်ခွန်းကြောင့် ဆတ်ဆတ်ခါအောင် နာမိပါသည်။

“အေး...မနေဘူး မနေဘူး၊ နင်တို့နဲ့နေမှ ငါထမင်းစားရမှာမဟုတ် ဘူး”

စိတ်ပေါက်ပေါက်နှင့် အဝတ်အစားတွေယူကာ လွယ်အိတ်တစ်လုံးထဲထည့်ပြီး ထွက်လာခဲ့သည်။ ဒေါသအလျောက် ထွက်မယ့်သာထွက်လာ



သည် ဘယ်သွားရမှန်းမသိပါ။ ကျွန်တော့်မှာ သွားစရာနေရာလည်း မရှိပါ။

ခြေဦးတည့်ရာသွားရင်းက စောထူးစိန်ကို သတိရလာသဖြင့် သူတို့အိမ်ဘက်ထွက်လာခဲ့ပါသည်။ စောထူးစိန်နှင့် အဆင်သင့်ပင် တွေ့ရသည်။ သူ့ထံတွင် ခင်အောင်စိုးလည်း ရောက်နေသည်။

“ငါအစ်မနဲ့ ရန်ဖြစ်လာတယ်၊ ငါ့အစ်မက ငါ့ကိုနှင်ချတယ်။ ဒါကြောင့်ထွက်လာတာ”

“ဒါဖြင့်မင်းဘယ်သွားမလို့လဲ” ဟု စောထူးစိန်က မေးသည်။

“ငါလား...ဘယ်သွားရမှန်းမသိသေးဘူး၊ ရန်ကုန်သွားမလားလို့စဉ်းစားနေတယ်”

ခင်အောင်စိုးက တစ်စုံတစ်ခုကို စဉ်းစားသလိုလုပ်နေရာမှ...

“ငါ့လည်း အိမ်ကအမြဲဆူတယ်၊ စိတ်ညစ်နေတာကြာပြီ။ သောင်းကျန်းသူတွေဘက် ပြေးရင်ကောင်းမလားလို့ စဉ်းစားနေတယ်ကွာ” ဟု ဆိုပါသည်။

“သူတို့ထဲပြေးလို့ဖြစ်မလားကွ၊ တို့ကို ဆီးပြီးသတ်မှာပေါ့”

ကျွန်တော်က စိုးရိမ်မကင်းဖြစ်၍ မေးမိသည်။

“မသတ်ဘူးလို့ပြောတယ်ကွ၊ စောဝီလျံပြောတာတော့ သူတို့အဖွဲ့ထဲဝင်ရင် ဗိုလ်ဖြစ်တယ်တဲ့”

ခင်အောင်စိုးက တောခိုရန်သာ အားသန်နေသည်။

“ဟုတ်ပါ့မလားကွာ၊ တော်တော်ကြာ ဖမ်းထားပြီးမှသတ်ရင် ဒုက္ခဖြစ်ကုန်မှာ”

စောထူးစိန်ကလည်း ချီတုံချတုံ...

“ငါစောဝီလျံကို သွားခေါ်မယ်လေကွာ၊ သူ့ကိုမေးကြည့်တာပေါ့”

ကျွန်တော်တို့က ခေါင်းညိတ်သဖြင့် ခင်အောင်စိုးထွက်သွားပါသည်။ ခဏကြာတော့ စောဝီလျံနှင့် ပြန်လာပါသည်။

စောဝီလျံက...

“ငါလည်း ပြောသံကြားဖူးတာ ပြန်ပြောတာပဲကွဲ။ မသတ်ဘူးလို့ ပြောတာပဲ၊ ဗိုလ်ရာထူးပေးတယ်တဲ့”

ကျွန်တော်တို့ တစ်ယောက်တစ်ပေါက် ထင်ရာမြင်ရာတွေ ပြောကြ
သည်။ နောက်ဆုံးကျတော့ တောခိုကြရန် သဘောတူဆုံးဖြတ်ကြသည်။

ပြေးမည်ဆိုလျှင် ယခုမိုးချုပ်နေပြီ၊ ပြေး၍မဖြစ်တော့။ ယနေ့ည
ကျွန်တော်စောထူးစိန်နှင့်အိပ်၍ မနက်ကျတော့မှ အားလုံးစုပြီးထွက်ကြ
မည်။

ကျွန်တော်သည် ထိုညက ကောင်းစွာမအိပ်နိုင်ပါ။

ကျွန်တော်၏ စိတ်အာရုံတွင် ဒူးလေးကြီးထမ်း၍သွားလာလှုပ်ရှားနေ
သည့်အဖေ၊ မမာ၍ အိပ်ရာထဲလဲနေရှာသည့်အမေ၊ ဆီးနှင်းများဖုံးအုပ်နေ
သည့် ခေါင်လန်ရှူးတောင်၊ အဆုပ်လိုက်အခဲလိုက်ဖူးပွင့်နေကြသည့် အင်
ကြင်းပန်းများ၊ ကျွန်တော့်ကိုချိမ၍ ကားပေါ်တင်ပေးနေသည့် ပထွေးဖော်
လ၊ ပြီးတော့ အစ်မကော့ဖန်၊ ယောက်ဖဂျေခေါင်နှင့် သူတို့၏သားငယ်
များ...

အားလုံးကို ပြက်ပြက်ထင်ထင် မြင်နေပါသည်။

ခပ်ဝေးဝေးမှ ကြက်တွန်သံများ သဲ့သဲ့ကြားလာရသည်။ မြို့လယ်
ဘုန်းကြီးကျောင်းဆီမှ တုံးမောင်းခေါက်သံများသည် လေနှင့်အတူ ပါလာ
ပါသည်။

ကျွန်တော်သည် မေးခနဲ အိပ်ပျော်သွားသည်။

*

## (၇)

ညကတိုင်ပင်ထားသည့်အတိုင်း ကျွန်တော်တို့ လေးဦးသား ကော့
ကရိတ်မှ အစောကြီးထွက်ကြသည်။ ကော့ကရိတ် မြဝတီသွားလမ်းဘေး
အတိုင်း သွားကြခြင်းဖြစ်သည်။

လမ်းမကြီးပေါ်တက်၍ ပြောင်ပြောင်တင်းတင်း မသွားဝံ့ပါ။ ကား
လမ်းမကြီးဘေးရှိ ချုံနွယ်ပိတ်ပေါင်းများကိုခိုစ၍ သွားကြရသည်။ ဆယ့်
တစ်နာရီခန့်တွင် သင်္ကန်းညီနောင်ရွာသို့ရောက်ကြသည်။

သင်္ကန်းညီနောင်ရွာတွင် တစ်နာရီခန့်နားပြီး ခရီးဆက်ကြရာ ရွာတစ်
ရွာသို့ ရောက်ကြသည်။ ထိုရွာအမည်ကို ကျွန်တော်မမှတ်မိတော့ပါ။ ထို



ရွာသို့ရောက်သည့်အခါ ကျွန်တော်တို့အဖမ်းခံရပါတော့သည်။

"ကျွန်တော်တို့ အိမ်ကထွက်ပြေးလာတာပါ။ သူပုန်ထဲဝင်ချင်လို့ လာ
ကြတာပါ"

ကျွန်တော်တို့ကို ကြိုးနှင့်တုပ်နေခိုက် စောဝီလျံက ပြောပါသည်။

"မင်းကလား တို့ကိုသူပုန်လို့ခေါ်တာ"

ကျွန်တော့်အနီး၌ ခါးထောက်၍ရပ်နေသော ဆံပင်ရှည်ရှည်ပါးသိုင်း
မွေးထူလပျစ်နှင့်လူက ပြောပြောဆိုဆို စောဝီလျံကိုခြေထောက်ဖြင့် ကန်
လိုက်ပါသည်။

စောဝီလျံ၏နှာခေါင်းမှသွေးများ ရဲကနဲကျလာသည်။

"သူပြောတာမှားလို့ပါဗျာ၊ ကျွန်တော်တို့ အမှန်ပြောနေတာပါ၊ လိမ်
မပြောပါဘူး။ အိမ်ကပြေးလာတာပါ၊ တကယ်ပါ။ အဆင်သင့်ရင် ဗိုလ်
ကြီးတို့ထဲဝင်မလို့ပါ"

စောထူးစိန်က သက်သာရာရစေရန် အမြန်ဝင်ပြောလိုက်ပါသည်။

"တော်....တော်...ဒီစကားတွေ အခုမပြောနဲ့၊ ဟိုရောက်မှပြော။ စကား
သည်းကြည့်ပြော၊ သူပုန်လေးဘာလေးနဲ့" ဟု ပြောပါသည်။

ကျွန်တော်တို့ မလှုပ်ဝံ့ကြတော့ပါ။ အားလုံးမျက်နှာသေလေးတွေနှင့်
ငြိမ်ကုန်ကြပါသည်။ ကျွန်တော်တို့အထဲတွင် အနေအပျက်ဆုံးမှာ ခင်
အောင်စိုးဖြစ်ရာ သူသည်ကြောက်လွန်း၍ တစ်ကိုယ်လုံးတုန်နေရုံမက
ကြိတ်၍ပင်ငိုနေပါပြီ။

"ဟေ့ကောင်မငိုနဲ့...မင်းအခြောက်လား၊ ငါပါးရိုက်လိုက်ရ"

တစ်ဦးက လှမ်းငေါက်လိုက်တော့ ခင်အောင်စိုး ငြိမ်သွားသည်။

ကျွန်တော်တို့ကို ဖမ်းသည့်အဖွဲ့မှာ လူနှစ်ဆယ်ခန့်ရှိ၍ စောစောက
စောဝီလျံအားကန်ခဲ့သူမှာ သူတို့အဖွဲ့မှ တပ်ကြပ်တင်စိန်ဆိုသူဖြစ်ကြောင်း
သိရပါသည်။

ညနေလေးနာရီသာသာခန့်တွင် ထမင်းစားသောက်ပြီး ရွာမှထွက်ကြ
သည်။ တစ်ညလုံးနီးပါးမျှသွားရပါသည်။ လမ်းတွင် နှစ်ကြိမ်သုံးကြိမ်ခန့်
သာ နားရပါသည်။

ကျွန်တော်တို့ ဒေါနတောင်ခြေရှိ သူတို့စခန်းရောက်တော့ မိုးလင်း

နေပေပြီ။

ဒေါ်နတောင်ခြေရှိသူတို့စခန်းတွင် လူအင်အားသုံးရာခန့်ရှိ၍ သူတို့၏ တပ်ရင်းမှူးမှာ ဗိုလ်ခမ်းလူဆိုသူဖြစ်သည်။

ကျွန်တော်တို့ကို သူကိုယ်တိုင်စစ်ဆေးမေးမြန်းသည်။ သူမေးသည့် မေးခွန်းများမှာ နာမည်ဘယ်လိုခေါ်သလဲ၊ အသက်ဘယ်လောက်ရှိပြီလဲ၊ ဘယ်နှစ်တန်းအောင်သလဲ၊ ဘာကြောင့်ထွက်ပြေးလာတာလဲ၊ ဘယ်တုန်းက ပြေးလာသလဲ၊ သူတို့တပ်ထဲဝင်ရင် လက်ခံတယ်လို့ ဘယ်သူကပြောသလဲစသည်များဖြစ်၏။

သူကတော့ ကျွန်တော်တို့အပေါ် ကြမ်းကြမ်းတမ်းတမ်း မဆက်ဆံ ပါ။ ချော့ချော့မော့မော့၊ ပျော့ပျော့ပျောင်းပျောင်း ဆက်ဆံသည်။ သူပြောသည့်စကားများတွင် ကျွန်တော်တို့အား ဆွယ်တရားဟောသည့်သဘောများပါသလို ခြောက်လုံးလှန့်လုံးများလည်းပါသည်။

"မင်းတို့ကိုလက်ခံမယ်။ သစ္စာဖောက်ပြီးထွက်ပြေးမယ်တော့မကြံနဲ့၊ ဒီတစ်ဝိုက်မှာ တို့လူတွေချည်းပဲ။ ထွက်ပြေးရင် ပြန်မိမှာပဲ၊ ပြန်မိရင်တော့ မသက်သာဘူးသာမှတ်။ ထွက်ပြေးတဲ့လူဆိုရင် ပစ်သတ်ရမယ်ဆိုတဲ့ အမိန့်ကရှိပြီးသား။ သစ္စာမဖောက်ဘဲ တို့ခိုင်းတဲ့အတိုင်းလုပ်မယ်ဆိုရင် မင်းတို့ ကောင်းကောင်းစားရမယ်၊ ကောင်းကောင်းဝတ်ရမယ်"

ဗိုလ်ခမ်းလူက နိဂုံးချုပ်အနေဖြင့် ဒါပဲပြောပြီး ကျွန်တော်တို့လေးယောက်အား ဗိုလ်မှတ်ဆိတ်ဆိုသူထံ အပ်လိုက်သည်။ ဗိုလ်မှတ်ဆိတ်က ကျွန်တော်တို့လေးယောက်အား တပ်သားသစ်များအဖြစ် လက်ခံပါသည်။ ကျွန်တော်တို့ကို သုံးလတိတိစမ်းသပ် တာဝန်ပေးမည်ဟုလည်း ပြောပါသည်။

သုံးလအတွင်း ကျွန်တော်တို့ ဘာမှုထူးထူးခြားခြားမလုပ်ရ၊ မနက်စောစောစီးစီးထပြီး သေနတ်ပစ်လေ့ကျင့်ရ၍ ကျန်အချိန်များတွင် ထမင်းချက်၊ ရေခပ်၊ ထင်းခွဲစသည့်ဗာဟီရအလုပ်များကိုသာ လုပ်ရလေသည်။

ထိုသုံးလအတွင်း ခင်အောင်စိန်နှင့် စောဝီလျံတို့သည် ညတိုင်းလိုလို တိတ်တဆိတ်ကြိတ်၍ ငိုကြသည်။ "ဒီဘက်ကို ထွက်ပြေးလာမိတာမှားပြီ၊ ငါတို့အိမ်ပြန်ရောက်တော့မှာ မဟုတ်တော့ပါဘူး" စသည်ဖြင့် ပြောပါ သည်။



သူတို့ငိုတော့ ကျွန်တော်နှင့်စောထူးစိန်ပါ စိတ်ဓာတ်ကျ၍ စိတ်ညစ်ရသည်။ "ရောက်စမို့ပါကွာ၊ နောက်တော့ပျော်သွားမှာပါ" ဟု အားပေးရသော်လည်း ကျွန်တော်တို့ ကိုယ်တိုင်ကလည်း သူတို့ထဲရောက်တော့ အိမ်ပြန်ရောက်ဖို့မလွယ်တော့ဟုတွေးကာ ဝမ်းနည်းမိကြပါသည်။

သုံးလပြည့်တော့ ကျွန်တော်တို့လေးယောက်စလုံးကို "ဆက်ကြေးကောင်းအဖွဲ့" ထဲသွင်း၍ တာဝန်ပေးပါသည်။

ဆက်ကြေးတောင်းအဖွဲ့တွင် လူဆယ်ဦးရှိရာ အားလုံးလူငယ်တွေချည်းဖြစ်ပါသည်။ တပ်ကြပ်စောနပိုလီယံဆိုသူမှာ အသက်နှစ်ဆယ်ကျော်ဖြူသာရှိပါသေးသည်။ ကျွန်တော်တို့အဖွဲ့တွင် သူတစ်ဦးသာသေနတ်ကိုင်ရပါသည်။ ကိုင်ရသည့်သေနတ်က ခြောက်လုံးပြူးဖြစ်ရာ စောနပိုလီယံသည် ခြောက်လုံးပြူးခါးချိတ်၍ အလွန်ခြေဖျားထောက်လျက်ရှိပါသည်။

ကျွန်တော်တို့အဖွဲ့ ဆက်ကြေးတောင်းရန် တာဝန်ကျသည့်ကျေးရွာများမှာ သက်န်းညီနောင်ရွာ၊ မဲဓောက်ရွာ၊ ရေပူလမ်းခွဲရွာ၊ နောင်လုံရွာ၊ ဆီးလုံရွာ၊ လှိုင်းဘွဲ့ရွာနှင့် ဂျိုင်းရွာတို့ဖြစ်ပါသည်။

ဆက်ကြေးတောင်းတာဝန်ကို တပ်ကြပ်စောနပိုလီယံက တစ်လတစ်ကြိမ်ခွဲပေးသည်။ သုံးယောက်တစ်ဖွဲ့၊ တစ်ဖွဲ့လျှင် တစ်ရွာသွားရပါသည်။ ဒီလ စောထူးစိန်၊ စောဝီလျံနှင့် ကျွန်တော်တို့သုံးဦးအဖွဲ့က ဂျိုင်းရွာတာဝန်ကျလျှင် နောက်လကျတော့ နောင်လုံရွာ ကျချင်ကျပါသည်။

တာဝန်ပေးပုံမှာ အမှန်မရှိပါ။ ပုံသေသတ်မှတ်၍မပေးပါ။ ဘယ်ရွာတာဝန်ကျမည်ဟု ကြိုတင်၍မသိအောင် လုပ်ထားပါသည်။

ဆက်ကြေးမှာ တစ်ရွာလျှင်ရှစ်ရာမှ တစ်ထောင်၊ တစ်ထောင့်ငါးရာအထိရသည်။ တစ်ခါတစ်ရံ ငွေမယူဘဲ ဆန်စပါးယူ၍ တစ်ခါတစ်ရံကျတော့ ငွေရောဆန်ပါယူသည်။ ဆန်စပါးယူသည့်အခါတွင် ရွာမှလှည်းဖြင့်လိုက်ပို့ပေးရပါသည်။

ကျွန်တော်တို့ ဆက်ကြေးတောင်းထွက်သည့်အခါ သေနတ်တစ်လက်ထုတ်ပေးပါသည်။ သေနတ်မှာ ကာဘိုင်သေနတ်ခပ်သေးသေးဖြစ်၍ အကျည်တစ်တောင်သာသာခန့်ရှိသည်။ သေနတ်ပြောင်းနေရာမှ တစ်ချက်၊ သေနတ်ဒင်မှတစ်ချက် ချီးလိုက်လျှင်လွယ်အိတ်ထဲ ထည့်လို့ရသည်။

ဆက်ကြေးတောင်းထွက်တိုင်း ကာဘိုင်သေနတ်ကို ချိုးခေါက်ပြီး လွယ်အိတ်ထဲထည့်ထားရသည်။ ရှောင်တိမ်း၍ မရသည့်အခြေအနေမျိုးနှင့် ကြုံလာမှသေနတ်ကိုသုံးရမည်။ အကယ်၍ မရှောင်တိမ်းနိုင်သည့်တိုင်အောင် သေနတ်ကိုအလျင်စလိုမသုံးရ။ ဖွက်နိုင်လျှင် ဖွက်ထားခဲ့ရ မည်။ နောက်မှ ပြန်ယူစသည်ဖြင့်...

နပိုလီယံက ညွှန်ကြားထားပါသည်။ ကျွန်တော်တို့လူစု ဆက်ကြေးတောင်းထွက်ပြီဆိုလျှင် အရပ်ဝတ်အရပ်စားနှင့် နွားကျောင်းသားလိုလို၊ ဘာလိုလို အယောင်ဆောင်၍ ထွက်ရသည်။

တတ်နိုင်သမျှ ကျေးရွာသားလူငယ်များနှင့်တူအောင် ဝတ်ရသည်။ အကယ်၍ စစ်တပ်မှ တိုက်ကင်းစသည်များနှင့်တွေ့လျှင် ရွာသားဟန်ဆောင်နေကြရမည်ဟု ညွှန်ကြားထားပါသည်။ ဆက်ကြေးငွေရလာလျှင် တပ်ကြပ်စောနပိုလီယံမှတစ်ဆင့် အထက်သို့ပို့ပေးရသည်ဟု သိရသော်လည်း ဘယ်သူဘယ်ဝါထံ ပို့ပေးရမည်ကိုမူ အတိအကျမသိပါ။

ဘယ်နေရာမှာပဲဖြစ်ဖြစ် လူရိုးနှင့်လူညစ်သည် ရှိစမြဲဖြစ်ရာ အခုလည်း ကျွန်တော်တို့သည် လူရိုးလူကောင်းကိုရော၊ လူညစ်လူဆိုးကိုပါ ရင်ဆိုင်နေကြရပါသည်။

ဆက်ကြေးတောင်းရာ၌ မရိုးသားမှုများ ရှိသည်ကို တွေ့ရပါသည်။ ရွာကိုဆက်ကြေးခွဲတော့ တစ်ထောင်ဟုခွဲသော်လည်း ဗိုလ်ခမ်းလူကိုပေး တော့ ခုနစ်ရာသာပေး၍ သုံးရာကို ဗိုလ်မှတ်ဆိတ်က နှစ်ရာ၊ စောနပိုလီယံကတစ်ရာ စသည်ဖြင့် ခွဲဝေယူကြသည့်လုပ်နည်းလုပ်ဟန်များ ရှိပါသည်။

ကျွန်တော်တို့၏တပ်ကြပ် စောနပိုလီယံမှာ လူငယ်ပင်ဖြစ်သော်လည်း အလွန်လည်ပါသည်။ တော်ရုံတန်ရုံ လူကြီးလူရှုပ်တစ်ဦးပင် သူ့ကိုမီမည်မထင်ပါ။

အဝတ်အစားဆိုလျှင် ကောင်းပေ့ညွန့်ပေ့ဆိုသည့် မှောင်ခိုထည်များကိုသာ ကျော့နေအောင်ဝတ်သည်။ သေနတ်ကိုလည်း သူ့ခါးမှာဘယ်တော့မှ မချ။ ငါးသုံးလုံးစီးကရက်ကို ကာတွန်းလိုက်ထား၍ သောက်သူဖြစ်သည်။ မူးလျှင်ရမ်းတတ်ပြန်သည်။ အရက်ကျတော့လည်း နိုင်ငံခြားအရက်မှလွဲ၍ မသောက်ပါ။ ဒီကြားထဲ တစ်လနှစ်ကြိမ်ထက်မနည်း တစ်



က်နိုင်ငံနယ်စပ်သို့သွား၍ ပျော်ပါးလိုက်ပါသေးသည်။

အမှန်တော့ ဘယ်နေရာမှာပဲဖြစ်ဖြစ် ကိုယ့်လူသူ့လူခွဲ၍ မျက်နှာသာခြင်းနှင့် အခွင့်အရေးပိုပေးခြင်းစသည့်လုပ်ရပ်များသည် ရှိနေတတ်ည်ဖြစ်ရာ အခုလည်းစောနပိုလီယံအား ဗိုလ်ခမ်းလူကရော ဗိုလ်စောခကပါ အလွန်မျက်နှာသာပေးသည်။ ထို့ကြောင့်လည်း စောနပိုလီယံလုပ်နေနေ ဘယ်သူကမှ မပြောဝံ့ကြပါ။

စောနပိုလီယံသည် တစ်ဖက်သားအပေါ် အနိုင်ကျင့်တတ်သည်။ အာနှင့် လက်နက်ကိုအလွဲသုံးစားပြုကာ ရက်စက်ယုတ်မာချင်သည်။ စ်ဖက်သားဒုက္ခရောက်အောင် ချောက်တွန်းတတ်သည်။

ဤအကျင့်များရှိသော စောနပိုလီယံသည် ကျွန်တော်တို့နှင့် ဆက်ဆံ အဘယ်မှာပြေပြစ်ပါမည်နည်း။

ကျွန်တော်တို့သည် နေ့စဉ်အမျှ စောနပိုလီယံ၏ မောက်မာရိုင်းစိုင်း ဆက်ဆံမှုကိုခံရသည်။ အနိုင်အထက်ပြုမှုကိုခံရသည်။ ရန့်ရင်းကြမ်းမ်းစွာ ဆဲဆိုမှုကိုခံရသည်။ ဘာမဟုတ်သည့်အကြောင်းကလေးများနှင့် ရိုက်နှားရိုက်ခံရသည်။

သောင်းကြမ်းသူအဖွဲ့ထဲတွင်နေရသည့် ကျွန်တော်တို့ဘဝသည် အယ်မှာလျှင် သာယာပျော်မွေ့စရာ ကောင်းပါမည်နည်း။

*

(၈)

ကျွန်တော်တို့နေရသည့်စခန်းသည် အဝေးမှကြည့်လျှင် ဒေါနတောင် တည်ထားသောစခန်းဟု ထင်ရသည်။ အမှန်တော့ တောင်ခြေစခန်း တ်ပါ။ တောင်ခါးပန်းတွင်တည်ထားသည့် စခန်းဖြစ်သည်။ ကော့ က်မှ မြဝတီသို့သွားသည့်ကားလမ်းနှင့် သူတို့စခန်းမှာမနီးလှ၊ အ ဝေးကွာသည်ဟု သိရသည်။

စခန်းကို တောင်ခါးပန်းတွင် အမြင်ခံအထင်ခံ တည်ထားခြင်းမဟုတ် တောင်ခါးပန်းတစ်ဖက်ရှိ ချောက်ကြီးတစ်ခုအတွင်း တည်ထားခြင်း သည်။ ခနိမိုးထရုံကာ ဝါးတဲပေါင်းအလုံး ၄၀ ခန့်ရှိလေသည်။

စခန်း၏အရှေ့ဘက်တွင် လမ်းရွာဟုခေါ်သော ကရင်ရွာတစ်ရွာသည် ဒေါနတောင်ခြေတွင် ကပ်နေသည့်ရွာဖြစ်၏။ အိမ်ခြေ ၇၀ ကျော်မျှသာရှိ၍ ရွာသူရွာသားများသည် ခြံလုပ်ငန်းနှင့် တောင်ယာလုပ်ငန်းလုပ်ကြ သည်။

ကျွန်တော်တို့အားလပ်ချိန်တွင် လမ်းရွာသို့သွား၍ လည်လေ့ရှိပါ သည်။ စခန်းအနောက်ဘက်တွင် တောင်ငယ်တစ်လုံးရှိ၍ ယင်းတောင် ငယ်ကို ကျော်လိုက်လျှင် ဒေါနတောင်ချောင်းကို တွေ့ရမည်ဖြစ်သည်။ ကျွန်တော်မှတ်မိသမျှပြောရလျှင် ဒေါနတောင်ချောင်း၏အရှေ့ဘက်ကမ်းတွင် "ဘုရားသုံးဆူတောင်" ရှိပါသည်။ ထုံးဖြူဖြူနှင့် စေတီငယ်သုံးဆူသည် တောင်ထိပ်မှနေ၍ ဒေါနတောင် ပတ်ဝန်းကျင်ကို ရှုချင်ဖွယ်တင့်တယ်အောင် ဖန်တီးလျက်ရှိပါသည်။

စခန်းတွင် ဆေးခန်းတစ်ခုရှိသော်လည်း ဆရာဝန်တော့မရှိပါ။ တတ်ကျွမ်းသည့်သူနာပြုဆရာမများလည်း မရှိပါ။ သူတို့ဘာသာ လေ့ကျင့်သင်ကြားပေးထားသည့် ဆရာမလေးဦးသာရှိပါသည်။ လေးဦးစလုံး အရွယ်ကောင်းတွေဖြစ်ကြပါသည်။

သူတို့ဆီမှာ အနေကြာလာတော့လည်း ဆေးခန်းမှ ဆရာမလေးများနှင့် ကျွန်တော်တို့သည် ခင်မင်ရင်းနှီးလာကြသည်။ နော်ဖြူတီ၊ နော်လဲဝါး၊ နော်ရဲထာနှင့် နော်ဆေးဖောတို့ဖြစ်ပါသည်။ သူတို့ထဲတွင် ဇာသပြင်ရွာသူ နော်ရဲထာသည် ကျွန်တော့်မျက်စိထဲ၌ အလှဆုံးဖြစ်နေပါသည်။

ဆောင်းအကုန်နွေရာအကူးဆိုလျှင် ဒေါနတောင်တစ်ပိုက်သည် နေချင့်စဖွယ်တင့်တယ်သာယာလှပါသည်။ သာယာလှပသော ဤတောဤတောင် ဤရေမြေကိုငေးမောရင်းက ကျွန်တော့်ဇာတိ ဘူတဲရွာခေါင်လန်ရှုဖူးတောင်နှင့် တောင်ယာခင်းများသည် ကျွန်တော်၏စိတ်အာရုံတွင် ထင်ဟပ်လျက်ရှိပါသည်။

သြော်...လွမ်းမောရပါသော ကျွန်တော့်မွေးရပ်မြေသို့ ဘယ်သောကာလမှ ကျွန်တော်ပြန်ရောက်ပါမည်နည်း။ မရှင်သောနှလုံးကြောင့် သက်ပြင်းတစ်ချက် ချလိုက်သည်။

"ဟေ့စိုးနောင်...မင်းဘာဖြစ်နေတာလဲ၊ ငေးလှချည်လား"

စောထူးစိန်သည် ကျွန်တော့်အားငေးကြည့်နေပါသည်။



"ငါတော့ကွာ အဖေ၊ အမေတို့ကို သိပ်သတိရတာပဲ။ အမှန်အတိုင်းပြောရရင် ဒီမှာနေရတာက မကောင်းပါဘူးကွာ"

စောထူးစိန်က လှိုက်လှိုက်လှဲလှဲပြောသည်။

"ငါလည်းမင်းလိုပါပဲကွာ၊ ဒါပေမဲ့ ဘယ်လိုလုပ်ကြမလဲကွာ"

နှစ်ယောက်သား ငေးမောနေမိပြန်လေသည်။

"ပျင်းတယ်ကွာ...၊ ဒေါနတောင်ချောင်းဘက်သွားပြီး ရေကူးကြရအောင်"

ကျွန်တော်တို့ ရေလဲလုံချည်ပြန်ယူပြီး ဒေါနတောင်ချောင်းဘက်သို့ သွားခဲ့ကြသည်။ လမ်းတွင် ဆေးခန်းဘက်မှ ပြန်လာသော စောဝီလျံနှင့် တွေ့၍ သူပါလိုက်မည်ဆိုကာ လိုက်လာလေသည်။

"ဟေ့ကောင်တွေ နော်ရဲထာတို့လည်း ချောင်းဘက်သွားတယ်၊ ရေသွားချိုးတာတဲ့ကွ"

"သူတို့အားလုံး သွားကြတာလား"

"မဟုတ်ဘူးကွ...ဆေးခန်းမှာ နော်ဖြူတီနဲ့ နော်လဲဝါးကျန်ခဲ့တယ်"

စောထူးစိန်နှင့် စောဝီလျံတို့၏ခြေလှမ်းများ သွက်လာကြသည်။

ချောင်းဘက်အဆင်းတွင် ကျွန်တော်တို့မျှော်လင့်မထားသော ဖြစ်ရပ်တစ်ခုနှင့် တိုးနေသည်။

လူမှန်းသူမှန်းမသိအောင်မူးနေသည့် စောနပိုလီယံ...

နော်ရဲထာနှင့် ဗလုံးဗထွေးဖြစ်လျက်ရှိသည်။ နော်ရဲထာကရုန်း စောနပိုလီယံကဆွဲ၊ နော်ရဲထာခမျာထမိရင်လျားနှင့်...

နော်ဆေးဖောကတော့ သူတို့နှင့်မနီးမဝေးတွင် မှောက်လျက်လဲနေ၏။

ကျွန်တော်တို့ အပြေးအလွှားသွားကြပြီး စောနပိုလီယံကိုဝင်ဆွဲကြသဖြင့် သူ့လက်ထဲမှ နော်ရဲထာလွတ်သွားလေသည်။

"နင် ကောင်းတဲ့အကောင်မဟုတ်ဘူး၊ ငါဗိုလ်ခမ်းလူကို တိုင်မယ်"

နော်ရဲထာသည် နော်ဆေးဖောကိုပွေး၍ထူမရင်းက စောနပိုလီယံကို လှမ်းပြောသည်။

စောနပိုလီယံကတော့ ကျွန်တော်တို့ကို မာန်မဲသည်။

"မင်းတို့နဲ့ဘာဆိုင်လို့ ဝင်ဆွဲရတာလဲ"

ပြောပြောဆိုဆို ကျွန်တော့်မျက်နှာကို လက်သီးနှင့်လှမ်းထိုးသည်။ အမှတ်တမဲ့မို့ မိမိရရထိသဖြင့် ကျွန်တော်ဖင်ထိုင်လျက်လဲကျသွားသည်။ ကျွန်တော့်သွားတစ်ချောင်း နဲ့သွားသည်။ ပါးစပ်ထဲမှ ငန်ကျိကျိဖြစ်လာသဖြင့် ထွေးထုတ်လိုက်တော့ သွေးတွေ....

ကျွန်တော်ထူပူသွားပါသည်။

ဘာကိုမျှ မသိမမြင်တော့ပါ။

စောထူးစိန်တို့အား ထိုးကြိတ်နေသည့် စောနပိုလီယံကို ဝင်၍ထိုးမိပါသည်။

အတော်ကလေးမူးနေသော စောနပိုလီယံသည် ကျွန်တော့်ကိုမလှန်နိုင်ပါ။ ကျွန်တော့်လက်သီးများသည် သူ့မျက်နှာပေါ်သို့ မိုးသီးမိုးပေါက်ပမာ ကျနေပါသည်။

တပ်ကြပ် စောထူးဝါးတို့လူစုသာရောက်မလာလျှင် ဘယ်လောက်အထိ ဆက်ဖြစ်ကြမည်မသိပါ။ ယခုတော့ စောထူးဝါးရောက်လာပြီးဖျန်၍သာ လက်လွန်ခြေလွန်မဖြစ်ကြခြင်းဖြစ်ပါသည်။

စောနပိုလီယံက ကျွန်တော့်ကိုသေနတ်ဖြင့်ပစ်မည် တကဲကဲ လုပ်နေသဖြင့် စောထူးဝါးက သူ့သေနတ်ကို သိမ်းယူထားလိုက်ပါသည်။

အမှန်တော့ စောနပိုလီယံ၏ အလွန်ဖြစ်ပါသည်။

နော်ရဲထာတို့ ရေချိုးရာသို့လိုက်လာပြီး မူးမူးရူးရူးနှင့် ဗလက္ကာယပြုခြင်းဖြစ်၏။ ဝင်ဆွဲသူနော်ဆေးဖောကို ပါးရိုက်သည်။ လက်သီးဖြင့် ထိုးသည်။ ခြေဖြင့်ကန်သည်။ ပြီးတော့ ယုတ်ယုတ်မာမာဆဲသည်။

ဆေးခန်းမှဆရာမများအား စော်ကားခြင်းဖြစ်၍ တစ်ဖက်မှ မကျေမနပ်ဖြစ်လာလျှင် ပြဿနာကြီးလာနိုင်သဖြင့် အမှုကိုဗိုလ်ခမ်းလူကိုယ်တိုင် ညတွင်းချင်းစစ်ဆေးပါသည်။

မူး၍ရမ်းကားမှုနှင့် နော်ရဲထာအား ဗလက္ကာယပြုမှုအတွက် စောနပိုလီယံအားတပ်ကြပ်အဆင့်မှ တပ်သားအဆင့်သို့ ချလိုက်ပြီး စခန်းပြောင်းရမည်ဟု အမိန့်ချပါသည်။ ယခုည အမူးမပြေသေးသဖြင့် အချုပ်ထဲထားရမည်ဟု ညွှန်ကြားပါသည်။

ကျွန်တော့်ကိုတော့ အချုပ် ၁၂ ရက်ကျခံစေရမည်ဟု အမိန့်ချပါ သည်။



ဘာကြောင့် ကျွန်တော့်ကို အချုပ်ချရမည်ဟု ဆုံးဖြတ်ပါသနည်း။

ကျွန်တော်မသိပါ။

ကျွန်တော့်ဘက်က မှန်ပါလျက်နှင့် အချုပ်ခံရမည်ဆိုတော့ ကျွန်တော် မကျေနပ်ပါ။ လူမှန်လျှင် မတရားအပြုခံရသည်ကို မခံချင်တတ်သည်မှာ သဘာဝပင် မဟုတ်ပါလား။

သို့သော်လည်း ကျွန်တော်မပြောရဲပါ။ ပြောနေ၍လည်း ရမည့်ကိစ္စမဟုတ်သည့်အတွက် မပြောတော့ဟုပင် ဆုံးဖြတ်လိုက်ပါသည်။

တစ်ဖက်သောအချုပ်ခန်းထဲမှ စောနပိုလီယံကတော့ အမူးပြေသေးဟန်မတူပါ။ ကျွန်တော့်အား ယုတ်ယုတ်မာမာ ဆဲရေးတိုင်းထွာလျက်ပင်ရှိသည်။

"လူစွမ်းကောင်းလုပ်တဲ့ မအေ...စိုးနောင်၊ နင့်ကို ငါသတ်မယ် သတိသာထားပေတော့"

သူ၏ကြိမ်းဝါးသံကို ကျွန်တော်မကြားချင်ယောင်ဆောင်နေပါသည်။ ညဝက်ခန့်ကြာတော့ မူးမူးရမ်းရမ်းနှင့် အိပ်ပျော်သွားဟန်တူ၏။ သူ၏ ကျယ်လောင်သောဟောက်သံကို ကြားရသည်။

ကျွန်တော် မအိပ်နိုင်ပါ။

အချုပ်ခန်းနံရံကိုမှီ၍ထိုင်ကာ ရောက်တတ်ရာရာ တွေးနေမိသည်။ အမေ့ကို သတိရသည်။ အဖေ့ကို သတိရသည်။ ပြီးတော့ အစ်မကော့ဖန်နှင့်ယောက်ဖဂျေခေါင်။

မခံချင်စိတ်၊ ဝမ်းနည်းအားငယ်စိတ်၊ ယူကျုံးမရစိတ်တို့ဖြင့် ပြည့်သိပ်တင်းကျပ်နေသော ကျွန်တော့်ရင်သည် လှိုင်းထလျက်ရှိပေသည်။

ကျွန်တော်သည် မငိုစဖူး ရှိုက်ကြီးတငင်ငိုချလိုက်မိပါသည်။

*

## (၉)

အချုပ်ခန်းထဲတွင် ကျွန်တော်ဆယ်ရက်နေခဲ့ရ၏။ ထိုရက်များအ တွင်း စောထူးစိန်နှင့် စောဝီလျံတို့အဖွဲ့သည် အိန္ဒြကျေးရွာသို့ ဆက်ကြေး သွားတောင်းကြရသည်။ ရွာထဲတွင် စစ်တပ်မှတိုက်ကင်းရောက်နေသည်

ကို သူတို့မသိ၊ ခါတိုင်းလိုပင်ထင်၍ ဝင်နေကျအတိုင်း ဝင်သွားကြသည်။ စစ်သားများကိုမြင်တော့မှ လန့်ဖျပ်ပြီးပြန်ထွက်လာကြသည်။

စစ်တပ်တိုက်ကင်းက မသင်္ကာ၍ နောက်မှလိုက်လာပြီး ရပ်ခိုင်း သည်။ သူတို့ကရပ်မပေးဘဲ သေနတ်နှင့်ပစ်ပြီး ထွက်ပြေးကြသည်။ တိုက် ကင်းက နောက်မှလိုက်လာပြီး ပြန်လည်ပစ်ခတ်ရာ စောဝီလျံကျကျန်ရစ် ခဲ့လေသည်။

လွတ်မြောက်လာကြသည့် စောထူးစိန်နှင့် တင်သိန်းတို့မှာလည်း သူတို့လုပ်ပုံမဟုတ်၍ အခုလိုဖြစ်ရသည်ဆိုကာ အဆူအပူကြိမ်းမောင်းခံရသည်။ နောက်တစ်ကြိမ် သည်လိုအဖြစ်မျိုးဖြစ်လျှင် ပြင်းပြင်းထန်ထန်အရေးယူမည်ဟု သတိပေးခံရသည်။

ကျွန်တော်အချုပ်မှလွတ်တော့ ရုပ်ပျက်ဆင်းပျက်ဖြစ်ကာ ပိန်ချုံးနေသော စောထူးစိန်က ဖြစ်သမျှအကြောင်းကို ကျွန်တော့်အားဝမ်းနည်းပက်လက်နှင့် ပြောပြရှာပါသည်။

ကျွန်တော်တို့ ဘာလုပ်ကြရမည်နည်း။

ဖြစ်သမျှအကြောင်းအကောင်းချည်းပဲဟု သဘောထားကာ ရေစုန်မျော၍ နေကြမည်လော။

အချုပ်မှလွတ်လာပြီး သုံးလေးရက်ကြာတော့ ကျွန်တော်ဗိုလ်စောခပေါနှင့်တွေ့၍ စောဝီလျံနေရာတွင် ခင်အောင်စိုးကိုထားပေးရန် ပြောပါသည်။ သူကလည်း ရှောရှောရှူရှူပင် သဘောတူခွင့်ပြုပါသည်။

ကံအားလျော်စွာပင် ကျွန်တော်တို့အဖွဲ့ သင်္ကန်းညီနောင်ရွာသို့ သွား၍ ဆက်ကြေးတောင်းရန် တာဝန်ကျလာသည်။

ကျွန်တော့်စိတ်ကူး၊ ကျွန်တော့်အကြံအစည်ကို စောထူးစိန်နှင့် ခင်အောင်စိုးတို့အား ကြိုတင်ဖွင့်မပြောပါ။

သင်္ကန်းညီနောင်ရွာနှင့် ကော့ကရိတ်မြို့မှာ မဝေးလှပါ။ ကျွန်တော့်စိတ်ထင် ငါးမိုင်ခန့်သာဝေးမည်ဟု ထင်ပါသည်။

ခက်သည်က ကျွန်တော့်လွယ်အိတ်ထဲတွင် ပါလာသည့်ယမ်းတောင့်ငါးဆယ်နှင့် ကာဘိုင်သေနတ်။

ယူလာခဲ့လျှင် ကောင်းမည်လား၊

စွန့်ပစ်ခဲ့လျှင် ကောင်းမည်လား၊



မခေခွဲနိုင်ဘဲ ချီတုံချတုံဖြစ်မိပါသည်။

နောက်ဆုံးကျတော့ စွန့်ပစ်ရမှာ နမြောသော်လည်း မတတ်သာတော့ပါ။ မြို့အဝင် ချောင်းထဲသို့လွှင့်ပစ်ခဲ့ရပါတော့သည်။

ကော့ကရိတ်ရောက်တော့ ချက်ချင်းအိမ်မပြန်ရဲကြသဖြင့် မြို့လယ်ဘုန်းကြီးကျောင်းတွင် ဝင်၍ခိုကြပါသည်။

ဘုန်းကြီးကျောင်းရောက်မှပင် အိမ်ပြန်ရန်သင့်မသင့် တိုင်ပင်ကြပါသည်။ စောထူးစိန်နှင့် ခင်အောင်စိုးတို့ကတော့ အိမ်ပြန်မည်ဟုဆိုပါ သည်။ ကျွန်တော်ကတော့ အိမ်ပြန်လိုစိတ် မရှိပါ။

"မင်းလည်း အိမ်ပြန်ပေါ့ကွ၊ ဘယ်မှလျှောက်သွားမနေပါနဲ့တော့" ဟု ခင်အောင်စိုးက ပြောပါသည်။ စောထူးပေါကလည်း "ဟုတ်သားပဲကွာ၊ မင်းလည်းအိမ်ပြန်ပါ" ဟု တိုက်တွန်းပါသည်။

အိမ်ပြန်ဖို့သာပြောကြသော်လည်း ကျွန်တော်တို့သုံးယောက်စလုံး အိမ်ပြန်ဖို့ မဝံ့မရဲဖြစ်လျက် ရှိကြပါသည်။

ကျွန်တော်တို့ သောင်းကျန်းသူတွေဘက်မှ ထွက်ပြေးကြသည်ကို လူကြီးတွေသိထားနှင့်ကြလေမလား၊ အခုလို သူတို့နယ်မြေထဲမှ ပြန်လာသည်ကိုရော သိကြလေမလား။

အကယ်၍ သိခဲ့ပါမူ ကျွန်တော်ဆက်မတွေးရဲပါ၊ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်ကတော့ အိမ်မပြန်ဟု အခိုင်အမာဆုံးဖြတ်ပြီးပါပြီ။

မနက်ကျတော့ သင်္ကန်းညီနောင်ရွာမှရလာသည့် ဆက်ကြေးငွေရှစ်ရာကို ကျွန်တော်ခွဲပေးပါသည်။ သူတို့နှစ်ယောက် တစ်ယောက်ကို ၂၅၀ ကျပ်စီပေးပြီး ကျွန်တော်က ၃၀၀ ကျပ်ယူပါသည်။

"ငါအိမ်မပြန်သေးဘူးကွာ၊ ဒါကြောင့် ငွေပိုယူတာပါ။ မင်းတို့ကျေနပ်ကြတယ်နော်"

"ဟာကွာ...ကျေနပ်ပါတယ်။ ထပ်ယူချင်ယူပါဦး၊ မင်းလမ်းမှာလိုနေရင်ခက်မယ်။ ဒါနဲ့မင်းက ဘယ်သွားဦးမှာလဲ"

"ငါလား ငါဘယ်သွားရမှန်းမသိသေးပါဘူးကွာ၊ ရန်ကုန်တော့ ရောက်မှာသေချာတယ်"

ကျွန်တော်တို့ လမ်းခွဲကြပါသည်။

သူတို့နှစ်ယောက်ကတစ်လမ်း၊ ကျွန်တော်ကတစ်လမ်း။

*

## (၁၀)

ကျွန်တော်က ကော့ကရိတ်မှ ကျုံဒိုးအထိ ကားစီးသည်။ ကျုံဒိုးမှ မော်လမြိုင်သို့ သင်္ဘောစီးသည်။

မော်လမြိုင်မှာ တစ်ညအိပ်လိုက်သည်။

နောက်တစ်ရက် မုတ္တမဘက်ကူးသော မီးရထားစီးသည်။

ရန်ကုန်ဘူတာကြီးရောက်တော့ ကျွန်တော်အဖမ်းခံရသည်။ အမှုက လက်မှတ်မဲ့ရထားစီးမှု။

ကျွန်တော့်လက်ထဲတွင် ငွေနှစ်ရာကျော်ရှိပါလျက်နှင့် ကျွန်တော် လက်မှတ်မယူခဲ့မိပါ။

ရဲက ကျွန်တော့်အသက်မေးတော့ ၁၆ နှစ်ဟု မှန်းပြောလိုက်ပါသည်။ ကျွန်တော့်ကို ကလေးသူငယ် တရားရုံးသို့ ပို့ပါသည်။

ကျွန်တော်ပြောဆိုပုံ အလွဲလွဲအချော်ချော်ဖြစ်ကာ ရှေ့နောက်မညီခြင်း ကိုမသင်္ကာ၍လား မပြောတတ်ပါ။

ကျွန်တော့်အား သရက်မြို့ရှိ ဘော်စတယ်ကျောင်းသို့ ပို့လိုက်ပါသည်။

ဘော်စတယ်ကျောင်းတွင် သုံးနှစ်နေရမည်တဲ့။

ကျောင်းမှာနေစဉ်အတွင်း ယောက်ဖထံစာရေးရာ သူကိုယ်တိုင်တပ်မှ ခွင့်ယူပြီး လိုက်လာပါသည်။

သူ့ကျေးဇူးကြောင့် သုံးနှစ်မပြည့်မီ အပြင်လောကသို့ ကျွန်တော် ပြန်ရောက်ခဲ့သည်။ သူ့ကျေးဇူးကြောင့်ပင် ကျွန်တော်သည် အမြင်မှန်ရသူ တစ်ယောက်ဖြစ်လာသည်။

ယခုတော့...

ကျွန်တော်သည် သင်တန်းကျောင်းမှသင်ကြားပေးလိုက်သည့်အတတ် ပညာဖြင့် မော်တော်ယာဉ်စက်ပြင်ဌာနတစ်ခုတွင် အလုပ်လုပ်လျက်ရှိ သည်။ ရောက်လေရာအရပ်မှ ကျွန်တော်လွမ်းမောခဲ့ရသော မောမြေဘူတဲ ရွာကိုလည်း အလည်တစ်ခေါက်ရောက်ခဲ့ပြီးပြီ၊ တစ်နေ့နေ့တစ်ချိန်ချိန် တွင်



ကျွန်တော့်မွေးရပ်မြေသို့ပြန်၍ တောင်ယာလုပ်ငန်း၊ ခြံလုပ်ငန်းများ ဖြင့် အသက်မွေးမြူရင်း ရပ်ရွာဖွံ့ဖြိုးရေးကိုလုပ်မည်ဟုလည်း သန္နိဋ္ဌာန် ချပြီး ဖြစ်ပါတော့သည်။

❑

# ရွာကျော်

ရွာကျော်၏ အကျင့်စရိုက်မှာ နားလည်ရခက်သည်။ စာမတတ် ပေမတတ်နှင့် ဗဟုသုတနည်းရသည့်အထဲ မသန်မစွမ်းဖြစ်လာသောအခါ စဉ်းစားရခက်လောက်အောင် ဆိုးသွမ်းလာခဲ့သည်။

ဆိုဆုံးမပြန်တော့လည်း ငြိမ်ငြိမ်သက်သက်ပင် နားယူတတ်ပါသည်။ အပြစ်ပေးပြန်တော့လည်း အေးအေးဆေးဆေးပင် ခံယူတတ်ပြန်သည်။ သို့သော် သူစိတ်မထင်သည့်အခါ ထ၍ဆိုးတတ်၏။ သူဆိုးသည့်အခါတိုင်းလည်း တစ်ဖက်သားကို ထိခိုက်နစ်နာစေသည်သာ။

"ရွာကျော်ဟာ လူတွေကို မုန်းနေတဲ့သဘောရှိတယ်" ဟု သူ့ဆရာတစ်ဦးက ထင်မြင်ချက်ပေးဖူးသည်။ "ဟုတ်များ ဟုတ်လေမလား" ဟု ကျွန်တော်လေ့လာစူးစမ်းကြည့်ရာ မုန်းသင့်သလောက်တော့ မုန်းသည်ကို တွေ့ရသည်။ ဗီဇကြောင့်ဆိုးခြင်းဖြစ်သည်ဟု ပြောရန်မှာလည်း မလွယ်ပါ။ သူ့သူငယ်ချင်းတွေကတော့ "ဒီအကောင် သစ်ပင်ပေါ်က ကျကတည်းက ဖုတ်ဝင်သွားတာနဲ့တူတယ်။ ဒါကြောင့် သည်လောက်ဆိုးနေတာပေါ့"



ကြ နောက်ပြောင်ပြောကြပါသည်။

ရွာကျော်တစ်ယောက် ယနေ့အထိ လမ်းပေါ်မှာပင် ရှိပါသေးသည်။ ဘယ်တင်ချင်၍လည်း မရပါ။ ကျွန်တော့်ကိုမြင်လျှင် အဝေးကြီးက လစ်သွားတတ်ပါသည်။ မရှောင်နိုင်၍ တွေ့ပြန်တော့လည်း ကျွန်တော်မေးသမျှကို ခြေ၍ ပြောသမျှကို နားထောင်ပါသည်။ သို့သော် သူ့ကိုယ်သူ မပြုပြင်ဘဲ ပြုပြင်လိုစိတ်ရှိပုံမရပါ။ ရွာကျော်ကတော့ လမ်းပေါ်မှာပင်နေ၍ လမ်းပေါ်မှာပင် သေလိမ့်မည်ထင်ပါသည်။

*

## (၁)

ကျွန်တော်သည် အများနှင့်မတူ တစ်မူထူးခြားသူတစ်ဦးဖြစ်သည်။ လောကအလယ်တွင် လူရယ်လို့ဖြစ်လာပါက အဖေရှိရမည်ဖြစ်ပါသည်။ ကံကောင်းအကြောင်းမလှ၍ စောစောစီးစီး အဖေဆုံးပါးသွားသည့်တိုင်အောင် ဦးဘယ်သူဘယ်ဝါ၏သား စသည်ဖြင့် အဖေ့အမည်ကို အခိုင်အမာပြောနိုင်သည့် အခြေအနေမျိုးတော့ ရှိစမြဲဖြစ်ပါသည်။

ကျွန်တော့်မှာတော့ ထိုကဲ့သို့မဟုတ်ပါ။

ကျွန်တော့်မှာ အမေသာရှိ၍ အဖေမရှိပါ။ ကျွန်တော့်အဖေ ဘယ်သူဘယ်ဝါဟုလည်း မယ်မယ်ရရ မပြောနိုင်ပါ။ တကယ်တော့ ကျွန်တော်သည် အဖေမပေါ်ဘဲ မွေးလာသည့် သားတစ်ယောက်ဖြစ်ရာ ကျွန်တော်တို့ရွာမှမိန်းမကြီးတွေအပြောမျိုးနှင့်ပြောရလျှင် ကျွန်တော်သည်လင်ဆောင်မဖော်နိုင်သည့်မိခင်မှပေါက်ဖွားပြီး လူ့လောကထဲရောက်လာသည့်သူတစ်ယောက်ပါတည်း။

*

## (၂)

"နင့်အဖေဟာ ဘယ်သူဘယ်ဝါပဲတဲ့" ဟု အတိအကျမပြောနိုင်သော ကျွန်တော့်အမေ မနန်းပုံသည် ကျွန်တော့်ကိုတော့ ချစ်ရှာသည်။ မိခင်တို့ထွေရားအတိုင်း အများနှင့်တန်းတူရည်တူဖြစ်အောင် ကျွေးမွေးပြုစုစောင့်

ရောက်ခဲ့သည်။

ကျွန်တော် နားလည်သလောက်ပြောရလျှင် အမေသည် လူတကာ အထင်အမြင်သေးလောက်အောင်လော်လီသည့် မိန်းမစားတစ်ယောက်မ ဟုတ်ပါ။ မဟုတ်မခံဆတ်ဆတ်ကြဲ ပြောတတ်ဆိုတတ်သည့် အကျင့် စရိုက်ရှိသော်လည်း အနေအထိုင်မှာ ခပ်ရိုးရိုး၊ ခပ်အေးအေး ဖြစ်ပါသည်။

တစ်ခုတော့ရှိ၏။

အမေက ဆင်းရဲသည်။

အမေ၏အဖေ ကျွန်တော့်အဘိုးသည် လယ်မဲ့၊ ယာမဲ့၊ ပစ္စည်းမဲ့ဆင်း ရဲသားလယ်စာရင်းငှားတစ်ဦးဖြစ်သည်။ အမေ ဆယ်နှစ်သမီးအရွယ်တွင် ကျွန်တော့်အဘိုး ပိုးထိ၍ ဆုံးလေရာ သူ့မိခင်ကျွန်တော့်အဘွား၏ အရိပ် အာဝါသကိုခိုလှုံပြီး ကြီးပြင်းလာခဲ့ရသူဖြစ်ပါသည်။

. ကျွန်တော့်အမေ အရွယ်ရောက်ချိန်တွင် ကျွန်တော့်အဘွားမှာ ပန်းနာ ရောဂါကြောင့် အိပ်ရာမှ မထနိုင်တော့သဖြင့် အမေက ရရာအလုပ်ကိုလုပ် ၍ လုပ်ကျွေးသမှုပြုခဲ့ရသည်။ အမေသည် ပျံတံတံနဲ့တန့်တန့် မိန်းမစား မျိုးမဟုတ်သော်လည်း သားအမိနှစ်ယောက်တည်း အားကိုးရာမဲ့သည့်အခါ မျိုးတွင် အားကိုးရာကိုတော့ ရှာခဲ့မိဟန် တူပါသည်။

ကျွန်တော့်အမေ တွေ့ခဲ့သည့်လူကလည်း ကျောရရုံသက်သက်ကြံ သည့်လူစားမျိုးဖြစ်နေသည်။ အမေ့အပေါ် ရေနစ်သူ ဝါးကူနှစ်သည့်ပုံမျိုး ပြုမူသွားခဲ့သည်။

အမေ့တွင် ကိုယ်ဝန်ပေါ်လာတော့ ဖျက်ပစ်ဖို့ပြောကြသေးသည်ဟု ဆိုပါသည်။ "ဘယ်သူနဲ့ဖြစ်တာလဲ" ဟု မေးသူကမေးကြသည်။ အမေက တော့ ရှိလာသည့်ကိုယ်ဝန်ကို ဖျက်ဆီးခြင်းလည်းမပြု။ ဘယ်သူဘယ်ဝါ နှင့် ဖြစ်တာပါဟုလည်း ထုတ်ဖော်၍မပြောဘဲ လူအများ၏ကဲ့ရဲ့ရှုတ်ချမှု ကိုခံကာ ကျွန်တော့်အား မွေးဖွားခဲ့ပါသည်။

လူနည်းစုက အမေ့ကိုချီးမွမ်း၍ သနားဂရုဏာ သက်ကြသော်လည်း လူအများစုကတော့ အမေ့ကို ကဲ့ရဲ့ကြ၊ အပြစ်ဆိုကြ၊ ရှုတ်ချကြပါသည်။

အဘွားဆုံးတော့ ကျွန်တော့်အသက်မှာ ငါးနှစ်ကျော်ခြောက်နှစ်ထဲ ဝင်စဖြစ်သည်။ အဘွားရှိစဉ်က အမေအလုပ်သွားလျှင် အဘွားနှင့်နေရ



သဖြင့် ပြဿနာမရှိခဲ့သော်လည်း ယခုအဘွားမရှိသည့်အခါ ကျွန်တော့် ကိုယ့်ကျွန်တော် ထိန်းကျောင်းနေရသည်။

အမေ ကောက်စိုက်ထွက်သွားပြီဆိုလျှင် ကျွန်တော်နေချင်ရာနေ၊ သွား ချင်ရာသွား၊ လာချင်ရာလာ၊ လုပ်ချင်ရာလုပ်ဆိုသည့် ပေါက်လွှတ်ပဲစားဘဝ မျိုး ဆိုက်လာပါသည်။ ရွာထဲမှ ရွယ်တူအပေါင်းအသင်းများနှင့် ငါးနှိုက်၊ ငါးနှိုက်လုပ်သည့်အခါလုပ်၍ လေးခွတစ်ချောင်းနှင့်ကြက်ခိုးလိုက်၊ ကြက် ညှီးလိုက်နှင့် လက်ဆော့ခြေဆော့ အလုပ်များကိုလည်း လုပ်သည့်အခါ လုပ်တတ်လာပါသည်။

ရွာထဲရှိ မိဘအများစုက သူတို့သားသမီးများကို ကျွန်တော်နှင့်မပေါင်း စေ တားမြစ်ကြသည်။ တစ်ခါတစ်ရံ သူတို့သားများအား ထိုးကြိတ်ခဲ့၍ ညည်းကောင်း၊ ပစ္စည်းပျောက်၍လည်းကောင်း အမေ့ထံလာပြီး တိုင်သူများ က တိုင်ကြသဖြင့် စကားများရသည်များလည်း ရှိလာသည်။

အမေကလည်း ကျွန်တော့်အား ချော့ချည်တစ်ခါ ခြောက်ချည်တစ် လှည့် ဆုံးမပါသည်။ အမေဆုံးမချိန်တွင် ကျွန်တော်နောင်တရှိသလိုလို ရှိသော်လည်း အမေကွယ်သည်နှင့်တစ်ပြိုင်နက် ကျွန်တော်လုပ်ချင်တာ လုပ်မိသည်က များပါသည်။ တစ်နေ့တွင် ကျွန်တော့်ကို သံချောင်း၊ ထွန်း မြင့်နှင့်ပေါက်စတို့က ငါးပက်ဖို့ လာခေါ်သဖြင့် လိုက်သွားမိပါသည်။ ပက် ရသည့်ငါးများကို ဝေစုခွဲတော့ အဝေမတည့်ဖြစ်ကာ ကျွန်တော်နှင့်သံ ချောင်းတို့ စကားများကြသည်။

သံချောင်းနှင့်ကျွန်တော် တစ်ယောက်တစ်ခွန်းဆဲရာမှ တစ်ယောက် တစ်ချက်ထိုးကြကြိတ်ကြသည်အထိ ဖြစ်လာသဖြင့် ပေါက်စနှင့်ထွန်းမြင့် တို့က ဖျန်ဖြေကြပါသည်။ သံချောင်းက "သူတို့အမေ မနန်းပုံက လူတ ကာနဲ့အိပ်ပြီးမှ ဒီကောင့်ကို မွေးလာတာ၊ ပန်းစုံသားကွ" ဟု ပြောပါ သည်။

တခြားဘာတွေပြောပြော ကျွန်တော်ခံနိုင်သော်လည်း ဒီစကားမျိုးကျ တော့ မခံနိုင်ပါ။ လက်ထဲတွင်ရှိနေသည့် ဇလုံဟောင်းကြီးနှင့် သံချောင်း ၏ မျက်နှာကိုပြေး၍ခုတ်ရာ မျက်နှာတစ်ခုလုံး စုတ်ပြတ်သွားပါသည်။

အမေပြန်လာချိန်တွင် သံချောင်း၏အမေက အိမ်ရှေ့မှလာ၍ဆဲရာမှ အမေနှင့်ရန်ဖြစ်ကြပါသည်။ သံချောင်းရသည့် ဒဏ်ရာကလည်းများသဖြင့်

သူတို့ဘက်မှ မကျေမနပ်ဖြစ်ကာ သူကြီးကိုတိုင်ပါသည်။

သူကြီးအိမ်ရောက်တော့ သူကြီးဦးထူးက သံချောင်းမျက်နှာမှ ဒဏ်ရာများကိုအမေ့အားပြပါသည်။ ဒဏ်ရာများသည်ဆိုသောစကားမှာ ချဲ့ကား၍ ပြောခြင်းမဟုတ်ပါ။ အတော့်ကိုများပါသည်။ နဖူးမှ ဒဏ်ရာဆိုလျှင် ဟက်တက်ကြီးကွဲနေပါသည်။

အမေသည် သံချောင်းမျက်နှာမှ ဒဏ်ရာများကိုကြည့်ပြီးစိတ်မကောင်းဖြစ်ကာ ကျွန်တော့်ကိုရိုက်ပါသည်။ သံချောင်း၏အမေနှင့် သူကြီးကိုတောင်းပန်စကားပြောရုံမျှမက ကျွန်တော့်ကိုကြိုက်သလိုဆုံးမရန် သူကြီးထံ အပ်ပါသည်။

"အေးဟယ်...နန်းပုံရယ်၊ နင့်သားကလည်း ဆိုးလှချည်လား။ ထိန်းဦးဟဲ့...လွှတ်မထားနဲ့" ဟု သူကြီးက ညည်းညည်းညူညူ ပြောပါသည်။

"ဆိုးတာတော့ မပြောနဲ့၊ ဆဲတဲ့နေရာမှာလည်း နှစ်ယောက်မရှိဘူး။ ဆော့တဲ့နေရာမှာလည်း နှစ်ယောက်မရှိဘူး။ ဒီလိုဟာမျိုး မတွေ့ဖူးပေါင်တော့။ တကယ့် အော့ကြောလန်ပဲ"

သံချောင်းတို့အမေက မဲ့ကာရွဲ့ကာဖြင့် ဝင်ပြောလေသည်။

သံချောင်းအား ဖလုံနှင့်ခုတ်သည့်ကိစ္စအတွက် ကျွန်တော့်ကိုသူကြီးကရိုက်၍ ဆုံးမပါသည်။ ကျွန်တော့်ကို အလျားမှောက်စေပြီးမှ လက်ကနှစ်ယောက် ခြေကနှစ်ယောက်ကိုင်ကာ ရိုက်ခြင်းဖြစ်၍ အတော်နာပါသည်။

ရိုက်ပြီးသည့်အခါ ကျွန်တော်ကောင်းစွာ မထနိုင်၊ မထိုင်နိုင်ဖြစ်ရပါသည်။ အိမ်ရောက်တော့ အမေက နနွင်းလိမ်းပေးရင်း ငိုပါသည်။

"အောင်မောင်းရယ် လိမ်လိမ်မာမာ နေစမ်းပါဟယ်၊ ငါတော့ နင့်ကြောင့်ဒုက္ခပါပဲ" ဟုလည်းပြောသည်။

ကျွန်တော်ကတော့ သံချောင်းတို့အမေ၏ မျက်နှာကြီးကိုမြင်ယောင်နေပါသည်။

"ဘယ်က ကလေကချေကောင်မျိုးနဲ့ရပြီး မွေးလာတာမှန်းမသိဘူး။ ရိုင်းစိုင်းယုတ်မာလိုက်တာတော် တကယ့်တိရစ္ဆာန်စိတ်ပါပဲ။ ကျုပ်သားကို အသေလုပ်တာသိရဲ့လား အရပ်ကတို့ရဲ့"



ခုနှစ်သံချီ ဟစ်လိုက်သော သံချောင်းတို့အမေ၏အသံကြီးမှာလည်း ကျွန်တော့်နားထဲက မထွက်ပါ။

*

(၃)

"ဟဲ့...ဘယ်သူလဲ၊ နန်းပုံလား။ ဘာလဲဟဲ့။ နင့်သား ကျောင်းအပ်မလို့လား"

သံချောင်းနှင့်ရန်ဖြစ်ပြီး သုံးလေးရက်အကြာတွင် အမေက ငှက်ပျောတစ်ဖီး၊ ထန်းလျက်တစ်ထုပ်နှင့် ကျွန်တော့်အား ကျောင်းအပ်ပါသည်။ ဘုန်းကြီးက အမေ့ကိုလှမ်းမေးရင်း ကျွန်တော့်ကိုလည်း အကဲခတ်သလို တစ်ချက်စောင်း၍ ကြည့်ပါသည်။

"ဟဲ့...နင့်သားနာမည်က ဘယ်သူတဲ့တုန်း"

"အောင်မောင်းပါဘုရား"

"အေး...နင့်သားကတော့ ရုပ်ကျော်ရွာကျော် နာမည်ကြီးထဲကပဲ။ ငါ [illegible] လက်တောင်မခံချင်ဘူး"

"မှန်ပါ့ဘုရား၊ တပည့်တော်မလည်း ဆုံးမပါတယ်ဘုရား၊ ဆရာတော်လည်း ကြိုက်သလို ဆုံးမပါဘုရား။ တပည့်တော်မက စာမတတ်ရင် ပိုပြီး [illegible]သွားမှာ စိုးလို့ပါဘုရား"

"အေး....အေး၊ မလိမ္မာတာ ရှိရင်တော့ ဆုံးမရမှာပေါ့"

"ဟဲ့ အကောင် ရှေ့တိုးစမ်း။ မင်းကရုပ်ရည်ကတော့ ဘယ်ဆိုးလို့လဲ၊ သနားကမားပါကလား။ ဘာကြောင့် နာမည်ဆိုးထွက်အောင် လုပ်နေရပါ လိမ့်။ ငါ့ဆီမှာတော့ မဆိုးနဲ့နော် ကြားလား။ ငါကတော့ ဆော်မှာနော် သိရဲ့လား"

ကျွန်တော်က ဘာမျှပြန်မပြောဘဲ ငြိမ်နေပါသည်။

ထိုနေ့မှစ၍ ဘုန်းကြီးကျောင်းသားဖြစ်လာရသော ကျွန်တော့်အား ဘုန်းကြီးက ဘယ်တော့မှ အောင်မောင်းဟု မခေါ်ပါ။

"ဟဲ့ ရွာကျော် လာစမ်း၊ ထွေးခံ ကပ်လှည့်စမ်း"

"ဟဲ့ ရွာကျော် ကိုရင်သုမနကို သွားခေါ်စမ်း"

"ဟဲ့ ရှာကျော် သောက်ရေအိုးတွေ ရေဖြည့်စမ်း"

စသည်ဖြင့် ပြောတတ်ပါသည်။

ဘုန်းကြီးက ရှာကျော်ဟု အခေါ်များလာတော့ တစ်ကျောင်းလုံးရှိ ဦးပဥ္စင်း၊ ကိုရင်၊ ကျောင်းသားများကပါ 'ရှာကျော်' ဟူသောအမည်ကို နှုတ်ကျိုးလာကြပါသည်။ ဤသို့ဖြင့် ကျွန်တော့်မှာ "အောင်မောင်း" ဘဝမှ "ရှာကျော်" ဘဝသို့ ရောက်လာခဲ့ရပါသည်။

ဘုန်းကြီးက ကျွန်တော့်ကိုချစ်လည်းချစ် အလိုလည်းလိုက်ပါသည်။ ရိုက်သည့်အခါများတွင်မူ အပြစ်ရှိလျှင် ရှိသလို ရိုက်တတ်ပါသည်။

ဘုန်းကြီးကျောင်းသားဘဝနှင့် သင်ပုန်းကြီးမှအစ ပရိတ်ကြီးအဆုံး ဆယ်စောင်တွဲကုန်သည်အထိ သင်ရပါသည်။ ဂဏန်းအတွက်အချက် သင်ရပါသည်။ သင်ခဲ့ရသည်ကိုသာ ကျွန်တော်ပြောခြင်းဖြစ်သည်။ ဘာ စာကိုမှ ဟုတ်တိပတ်တိမဖတ်၊ မရေးတတ်ခဲ့ပါ။ စာအံချိန်ဆိုလျှင် အိပ် လျှင်အိပ်၊ မအိပ်လျှင် တိတ်တဆိတ်ကြိတ်၍ဆော့နေသည်က များပါ သည်။

ကျောင်းသားဘဝတွင် စာနှင့်ပတ်သက်၍ နာမည်မရခဲ့သော ကျွန်တော် သည် အစားနှင့်အကစားကျတော့ လူအများက အော့နှလုံးနာလောက် အောင် နာမည်ရခဲ့သည်။

အစားဝိုင်းစားပြီဆိုလျှင် နိုင်လိုမင်းထက်လု၍စားမှု စသည်တို့ကြောင့် ဦးပဥ္စင်း ဦးသူရိယက ထိပ်ကိုထိုးခဲ့၊ ခေါက်ခဲ့သည့်အကြိမ်မှာ မရေတွက် နိုင်ပါ။

ကစားသည့်နေရာတွင်လည်း ကျွန်တော်၏ကစားပုံ ကစားနည်းမှာ ကစားနေသည့်မတူ။ စည်းမဲ့ကမ်းမဲ့ ကမြင်းကြောထနေသည်နှင့်တူသည် ဟု ပြောကြပါသည်။

တစ်ကြိမ်တွင် ကျွန်တော်တစ်ယောက်တည်း ရေတွင်းပေါင်ပေါ် လှည့် ပတ်ပြေး၍ ရေတွင်းထဲသို့ ဇောက်ထိုးကျခဲ့ရာ ကံကောင်းလွန်း၍ ရေနစ် မသေခဲ့ခြင်းဖြစ်ပါသည်။ ရေတွင်းနှုတ်ခမ်းနှင့်ဆောင့်မိ၍ ခေါင်းကွဲရုံ လောက်သာ ဒဏ်ရာရခဲ့ပါသည်။

ကျွန်တော့်ကို မျက်နှာကြောမတည့်သော ဦးပဥ္စင်းဦးသူရိယကမူ



"မင်းကမြင်းပုံနဲ့ဆိုရင် ဘယ်နေ့မသာပေါ်မလဲမသိဘူး။ မသာပေါ်မှာတော့ သေချာတယ်၊ မသာပေါ်မှာဖြင့်လည်း မြန်မြန်ပေါ်လိုက်စမ်းပါ ရှာကျော် ရာ" ဟု မလိုတမာသံဖြင့် ပြောခဲ့ဖူးပါသည်။

အချင်းချင်းနိုင်လိုမင်းထက်ပြုမှုကြောင့်လည်း ဦးပဥ္စင်းက ကျွန်တော့် ကို မတည့်ပါ။

"မင်းဟာ အတော်အကျင့်ယုတ်တဲ့အကောင်ပဲ။ မင်းအမေလည်း မင်း လောက်အကျင့်ယုတ်ပုံမရပါဘူး၊ ဧကန္တ မင့်အဖေက အကျင့်ယုတ်ပုံပေါ် တယ်" ဟု မကြာခဏ ပြောဖူးပါသည်။

တစ်ရက်တွင် ဘုန်းကြီးရပ်ဝေးသို့ ကြွနေခိုက်တွင် ကျွန်တော်တို့ ကိုရင်ကျောင်းသားတစ်စု ကုလားခွေးရူးလိုက်တမ်း ကစားကြပါသည်။ ကုလားခွေးရူးလိုက်သည့်အခါ မြေကြီးပေါ်ပြေး၍ ပြေးသူကပြေး၊ လိုက် သူကလိုက်ရခြင်းဖြစ်ရာ ကျွန်တော်က သူများထက် အတတ်ဆန်းပြီး သစ် ထိပ်ခေါင်ဖျားအထိတက်၍ ပြေးရာမှ ခြေလွတ်လက်လွတ်ဖြစ်ကာ လိမ့်ကျ သွားတော့သည်။

သစ်ပင်ပေါ်က ကျကတည်းက ကျွန်တော်သတိမရပါ။

ကျွန်တော်သတိရ၍ ကြည့်လိုက်တော့ အိမ်ပြန်ရောက်နေပါသည်။ ကျွန်တော့်တစ်ကိုယ်လုံး နာကျင်ကိုက်ခဲလျက်ရှိပြီး အောက်ပိုင်းတစ်ပိုင်း ကိုမှာ လုံးဝလှုပ်မရတော့ပါ။

အားလုံးက သေတော့မည်ဟုထင်ထားရာမှ သတိရလာသည်ကို မြင် သောအခါ ရုတ်တရက် မယုံကြည်ကြပါ။ တချို့ကဖုတ်ဝင်သည်ဟု ထင် ကြသည်။

သူတို့ထင်မည်ဆိုကလည်း ထင်လောက်ပါသည်။ ကျွန်တော်လိမ့်ကျ သည့်သစ်ပင်မှာ အလွန်မြင့်သောအပင်ဖြစ်သဖြင့် အသက်ရှင်နိုင်ဖွယ်ရာ မရှိပါ။

"တခြားကောင်ဆိုရင် ပွဲချင်းပြီးသေမှာကွ၊ ဒီကောင်မို့ မသေတာ။ ဒီကောင်က ဒီတစ်ဘဝပဲ လူဖြစ်မယ့်အကောင်မဟုတ်လား။ သေခဲတာ ပေါ့" ဟု ဦးပဥ္စင်းကပြောကြောင်း နောင်တစ်ခါတွင် ကျွန်တော်ပြန်၍ ကြားရပါသည်။

မည်သို့ပင်ဖြစ်စေ ကျွန်တော်ကတော့ သေလောက်ပါလျက်နှင့် မသေခဲ့ပါ။ ဦးပဥ္စင်းဦးသူရိယပြောသလို ဒီဘဝသာ လူဖြစ်မှာမို့ မသေသလားတော့ မပြောတတ်ပါ။

အသက်မသေသော်လည်း ဒီတစ်ချီတော့ဖြင့် သေလုမြောပါး ခံရပါသည်။ လပေါင်းများစွာအိပ်ရာမှမထနိုင်ဖြစ်ကာနောက်ဆုံးတွင် ဟသ်ာတမြို့ဆေးရုံသို့သွား၍ ပြရပါသည်။

ဆေးရုံတွင် သုံးလမျှနေခဲ့ရပြီးနောက်တွင် ထိုင်နိုင်၊ လှုပ်ရှားလာနိုင်ပါသည်။ မတ်တတ်တော့ မရပ်နိုင်တော့ပါ။

အဘယ်မှာလျှင် မတ်တတ်ရပ်နိုင်ပါတော့မည်နည်း။

ကျွန်တော်၏ခြေထောက်နှစ်ဖက်စလုံးမှာ အကြောများသေကာ ကြက်ခြေခတ်လို တစ်ဖက်ပေါ်တစ်ဖက် ထပ်နေပြီဖြစ်သောကြောင့်ပါတည်း။

*

(၄)

ကျွန်တော်၏ အဖြစ်သည်သူများနှင့်မတူ တစ်မူထူးခြားသည့်အဖြစ်ဟု ဆိုရလိမ့်မည်ထင်ပါသည်။ ကျွန်တော့်ကို အမေမွေးလာစဉ်က သန်သန်စွမ်းစွမ်းဖြစ်ပါလျက်နှင့် ယခုသော် ခြေနှစ်ဖက်စလုံး သုံးမရသည့် ဒုက္ခိတဘဝသို့ ရောက်ခဲ့ရပေပြီ။

ကျွန်တော့်ခြေထောက်နှစ်ဖက်မှာ သေးသိမ်ကွေးကောက်ပြီး တစ်ခုပေါ်တစ်ခုထပ်၍နေသဖြင့် ကြည့်မကောင်း၊ မြင်မကောင်းဟုပင် ဆိုရပါသည်။ ခြေနှစ်ဖက်မသုံးနိုင်တော့သဖြင့် သမ်းသွားသည့်အခါ လက်နှစ်ဖက်နှင့်ထောက်၍ ထောက်၍ သွားရသည်။ ပထမသွားစက မြန်မြန်ဆန်ဆန်မသွားနိုင်သဖြင့် စိတ်ညစ်ရသော်လည်း ကြာလာတော့ လက်ဖဝါးတွေအသားမာဖြစ်ကာ အကြမ်းပတမ်းခံနိုင်လာသည်။ စိတ်ရှိသလောက် မြန်မြန်သွားနိုင်ရုံမျှမက ပြေးပင်ပြေးလာနိုင်လေသည်။

ကျွန်တော်၏ပုံပန်းမှာ အမြဲတစေ တင်ပျဉ်ခွေ၍ ထိုင်နေသည့်ပုံမျိုးဖြစ်သည်။ ဖြစ်စကဆိုလျှင် ကျွန်တော့်တင်ပါးများမှာ ပွန်းပဲ့သည့်ဒဏ်ရာများကြောင့် အဆီနှင့်ရဲရဲ။ မြေကြီးပေါ်ထောက်ရပါများသဖြင့် လက်ဖဝါးများတွင် ထိခိုက်မိ၍ ပေါက်ပြဲနေသည့်ဒဏ်ရာများကလည်း သွေးတရဲရဲ။



နောက်ပိုင်း အသားမာတွေ ဖြစ်လာတော့ ခံနိုင်ရည်ရှိလာလေသည်။

အမေကတော့ ကျွန်တော့်အတွက် ယူကျုံးမရဖြစ်ဟန်တူသည်။ ဆေးရုံမှဆင်းစက ကျွန်တော့်ကိုကြည့်၍ မကြာခဏငိုတတ်သည်။ ကျွန်တော့်ခြေထောက်တွေ ပြန်ကောင်းလာအောင် ကုသ၍ ရနိုင်လိမ့်ဦးမည်ဟူသောမျှော်လင့်ချက်လည်း ထားဟန်တူလေသည်။

ရွာသူရွာသား အများစုကတော့ ကျွန်တော်ယခုလိုဖြစ်ရသည့်အတွက် နည်းနည်းလေးမှ ဝမ်းနည်းကြဟန်မတူပေ။ ဝမ်းပင်သာကြဟန်တူ၏။ ကျွန်တော့်အမေအတွက်တော့ ဝမ်းနည်းစကားပြောကြသည်။

“နန်းပုံတစ်ယောက်တော့ ဒုက္ခပါပဲဟယ်။ တကယ့်သနားစရာပါပဲ။ ယောကျ်ားနဲ့ တွေ့ပြန်တော့လည်း သစ္စာမဲ့တဲ့အကောင်နဲ့တွေ့တယ်။ မွေးလာတဲ့သားကျတော့လည်း တကယ့်အယုတ်တမာသားမျိုးနဲ့တွေ့ရတယ်။ အင်းလေ...ဘဝကုသိုလ်ပေါ့ဟယ်”

ရွာထဲမှ မိန်းမကြီးတချို့က ဤစကားမျိုးကိုပြောကြလေသည်။ သူတို့စကားသည် ကျွန်တော့်အပေါ်၌မည်မျှလောက် မေတ္တာကင်းမဲ့ကြသည်ကိုဖော်ပြနေသည်။

သူတို့က ကျွန်တော့်အပေါ် မေတ္တာမရှိသလို ကျွန်တော်ကလည်း သူတို့အပေါ် မေတ္တာမထားနိုင်ပါ။ သူတို့တစ်တွေ ဘာပြောနေနေ ကျွန်တော်လုပ်ချင်တာလုပ်ပြီး ကျွန်တော်၏စိတ်သာယာမှုကို ရှာပါသည်။

ကျွန်တော်သည် လက်နှင့်ထောက်၍ သွားချင်တာ သွားပြီးကစားချင်သည့်နေရာတွင် ကျွန်တော်ကစားချင်သူနှင့် ကစားသည်။ ရန်ဖြစ်စရာရှိလျှင်လည်းဖြစ်လိုက်သည်။ ရန်ဖြစ်ပြီဆိုလျှင်တော့ကိုယ်ကလက်ဦးအောင်လုပ်နိုင်ဖို့သာ စဉ်းစားသည်။

လုပ်ပြီဆိုလျှင်လည်း ကိုယ့်ကိုပြန်မလုပ်နိုင်အောင် လုပ်ဖို့သာစဉ်းစားပြီးလုပ်သဖြင့် ခြေလွန်လက်လွန်ဖြစ်ရသည်ကများသည်။

ကျွန်တော်ယခုတစ်ခေါက်ရွာပြန်ရောက်ပြီးမှ ကျွန်တော့်ကြောင့် ထိပ်ပေါက်ခေါင်းကွဲဖြစ်ရသူ သုံးလေးဦးရှိပြီဖြစ်သည်။ ဖြစ်တိုင်းလည်း ကျွန်တော့်အစား အမေကတောင်းပန်ပြီး ခံရသည်။

ကျွန်တော့်ကိုတော့ ရိုက်မည်၊ နှက်မည်ဟု ကြိမ်းဝါးသော်လည်း လက်ထိလက်ရောက်မလုပ်ကြပါ။ အသက်ငယ်သည့်ပြင် မသန်မစွမ်းမို့ လုပ်ရခက်နေဟန် တူပါသည်။

ကျွန်တော်နှင့် သက်တူရွယ်တူကစားဖော်များသည် ကြာတော့ ကျွန်တော့်ကိုရှောင်လာကြသည်။ သူတို့ကရှောင်တော့ ကျွန်တော့်အနေဖြင့် ကာလသားအရွယ်လူလတ်ပိုင်းနှင့် ဝင်ရောသည်။ ဤသို့ဖြင့် ကျွန်တော်သည် ငယ်ငယ်ရွယ်ရွယ်နှင့် အရက်သောက်တတ်လာသည်။ ကြက်တိုက်တတ်လာလေသည်။ ဖဲရိုက်တတ်လာလေသည်။ နောက်ဆုံး ခိုးတတ်လာလေသည်။

ခိုးရာ၌ ဘာပစ္စည်းရရ ခိုးခြင်းဖြစ်ပါသည်။ ငွေနှင့်လဲ၍ရမည့်ပစ္စည်းမှန်သမျှခိုးရမည်ဟု ကျွန်တော်မြင်ထားသည်ဖြစ်ရာ အကျႌဟောင်း၊ လုံချည်ဟောင်းမှအစ ဖိနပ်အထိ ကျွန်တော်ခိုးသည်။

အမေကတော့ ပယောဂဆရာပင့်လာလိုက်၊ ဗိန္ဓောဆရာခေါ်လာလိုက်နှင့် အလုပ်ရှုပ်နေသလောက် ကျွန်တော်ကတော့ ရွာရိုးလျှောက်ကာ ထင်ရာစိုင်းလျက်ရှိလေသည်။

နောက်ဆုံးတွင် အမေက ဟသ်ာတဆေးရုံမှ ဆရာဝန်ပြောလိုက်သည့်စကားများကို သတိရလာသည်။

"ရန်ကုန်သွားနိုင်ရင်တော့ကောင်းမယ်။ ဟိုမှာမသန်မစွမ်းဆေးရုံဆိုတာရှိတယ်။ အဲဒီမှာသွားပြရင် တစ်ခုခုတော့ လုပ်ပေးမှာပဲ။ ခွဲစိတ်ပြီးကုပေးသင့်ရင်လည်း ကုပေးလိမ့်မယ်။ သွားပြနိုင်ရင်တော့ ခင်ဗျားသားအခြေအနေဟာ အခုထက်ကောင်းလာနိုင်တယ်"

သို့ဖြင့်မရှိမဲ့ရှိမဲ့စုထားသည့်ငွေစတွင် ဟိုကဒီကချေးငွေဖြင့် ပေါင်းစပ်ကာ သားအမိနှစ်ယောက် ရန်ကုန်မြို့သို့ ရောက်ခဲ့ရလေသည်။

"ခင်ဗျားသားခြေထောက်က သူ့သဘာဝအတိုင်း ကောင်းလာဖို့လမ်းကတော့ မရှိတော့ဘူး။ ဒါပေမဲ့ ခွဲစိတ်ကုသပြီး အားပြုကိရိယာတပ်ပေးလိုက်ရင်တော့ ထနိုင်မယ်။ လမ်းလျှောက်နိုင်မယ်"

မသန်မစွမ်းဆေးရုံမှ ဆရာဝန်ကြီးက ကျွန်တော့်ကိုစစ်ဆေးပြီး အခြေအနေအရပ်ရပ်ကို အမေ့အား ရှင်းပြသည်။ အမေကတော့ ဘာမှနားလည်



သူမဟုတ်ပေ။ 'ဆရာဝန်ကြီး ကောင်းသလိုသာစီစဉ်ပေးပါ' ဟု ပုံအပ်လေသည်။

ဆရာဝန်ကြီးက ကျွန်တော့်အပေါ် စေတနာထားရှာပါသည်။

"ဒီလိုဆိုရင် ခင်ဗျားသားကို ဒီမှာထားခဲ့၊ ခင်ဗျားရွာပြန်တော့။ ခင်ဗျားတို့မှာ ပိုက်ဆံလည်းရှိတာမဟုတ်ဘူး။ ဒီမှာခင်ဗျားနေလို့လည်း ဘာမှအကြောင်းထူးလာမှာမဟုတ်ဘူး။ ရွာပြန်ပြီး လုပ်စရာရှိတာသာလုပ်နေ၊ ကျုပ်တို့လိုရင် ခင်ဗျားဆီအကြောင်းကြားပြီးခေါ်မယ်။ ခင်ဗျားသားအတွက်တော့ ဘာမှမပူနဲ့"

ဆရာဝန်ကြီးက တိုတိုပြတ်ပြတ်ပဲပြောသည်။ အမေသည် ကျွန်တော့်ကိုထားခဲ့ပြီး နောက်ဆံတငင်ငင်နှင့် ရွာပြန်သွားလေသည်။

ကျွန်တော်သည် မသန်မစွမ်းဆေးရုံ၌ ရှစ်လကြာမျှ နေခဲ့ရပါသည်။ ထိုကာလအတွင်း ခွဲစိတ်ကုသခြင်းခံခဲ့ရ၍ လေ့ကျင့်ခန်းအမျိုးမျိုး လုပ်ခဲ့ပါသည်။ ပြီးတော့မှ ခြေထောက်တွင် အားပြုကိရိယာတပ်ပေးပါသည်။

ခွဲစိတ်ကုသပြီး၍ အားပြုကိရိယာတပ်လိုက်သော် ကျွန်တော့်ခြေထောက်တွေ ဖြောင့်ဖြောင့်တန်းတန်းဆန့်လို့ရလာသည်။ ထိုအခါတွင်မှ သက်ကိုင်အားပြုကိရိယာနှစ်ချောင်းအကူဖြင့်လမ်းလျှောက်လို့ရလေသည်။

အားပြုကိရိယာများမှာ အရှင်ဖြစ်ရာ လိုလျှင်တပ်၊ မလိုလျှင်ဖြုတ်လုပ်လို့ရသည်။ အားပြုကိရိယာတွေ ဖြုတ်လိုက်လျှင်တော့ ကျွန်တော့်ခြေထောက်များမှာ ဖြစ်စကနှင့် သိပ်ပြီးမထူးခြားသလိုပင်။ မူလအတိုင်းကွေးမြဲကွေးနေသဖြင့် လမ်းလျှောက်၍မရ။ လမ်းလျှောက်ချင်လျှင် ကျွန်တော့်နည်း၊ ကျွန်တော့်ဟန်ဖြင့် လက်နှစ်ဖက်ထောက်၍ လျှောက်ရလေသည်။

ဆရာဝန်ကြီးကခိုင်း၍ တပ်ဆင်ရသော်လည်း ကျွန်တော့်အနေဖြင့် အားပြုကိရိယာများကို မကြိုက်ပါ။ ကျွန်တော့်ဘာသာလက်နှင့်ထောက်၍ သွားရသည်က ပို၍မြန်ပြီး ပို၍ပေါ့ပါးသွက်လက်ကာ သက်သောင့်သက်သာရှိလှသည်ဟု ထင်ပါသည်။

ကျွန်တော်ဆေးရုံတက်နေစဉ်အတွင်း ကျွန်တော်၏နေပုံထိုင်ပုံစည်းကမ်းမရှိသဖြင့် မကြာခဏ ပြဿနာဖြစ်ရပါသည်။ ဆရာမတွေကဆိုလျှင်

ကျွန်တော့်ကို ဆေးရုံပေါ်၌ ကြာကြာမထားချင်ကြပါ။ ဆရာဝန်ကြီးက သည်းခံခွင့်လွှတ်နေ၍သာ လွှတ်ထားကြရခြင်းဖြစ်ပါသည်။

ကျွန်တော်သည် ညဆိုလျှင်ဆေးရုံမှလစ်ထွက်ပြီး လည်ချင်ရာလည်ပါသည်။ ရုပ်ရှင်ကြည့်သည့်အခါကြည့်၍ ဆေးရုံမှလစ်ထွက်ရင်း သိကျွမ်းလာသည့်အပေါင်းအသင်းများနှင့် အရက်သောက်ခြင်း၊ ဖဲရိုက်ခြင်းပြုသည့်အခါပြုသည်။

ကျွန်တော့်အပေါင်းအသင်းများမှာလည်း လူကောင်းများမဟုတ်ပါ။ တောပေလေလွင့်နေသည့် လူစားများဖြစ်ပါသည်။ အထူးသဖြင့် ဈေးကြို ဈေးကြား၊ လမ်းကြိုလမ်းကြား၊ ရုပ်ရှင်ရုံအောက်၊ ပလက်ဖောင်းပေါ် စသည့်နေရာများ၌ အိပ်သည့်လူတွေကများသည်။

ကံမကောင်းအကြောင်းမလှ၍လား မပြောတတ်ပါ။ ကျွန်တော့်မှာ ဤကဲ့သို့သော လူစားများနှင့်သာ အတွေ့များတတ်ပြီး သူတို့လိုလူစားမျိုးနှင့်သာ ခင်မင်ရင်းနှီးတတ်ပါသည်။ သူတို့လိုလူစားများကလည်း လက်နှစ်ဖက်ထောက်၍ ကုပ်ကုပ်ကုပ်ကုပ်နှင့် လာနေသော ကျွန်တော့်ကိုမြင်လျှင် သူတို့လိုလူစားဟုပင်ထင်ကြသည်။ အများစုကတော့ ကျွန်တော့်ကို သူတောင်းစားဟုပင်ထင်ကြသည်။ "မဟုတ်ပါဘူး" ဟု ဘယ်လိုကျိန်တွယ်ပြော၍မျှ မယုံကြပါ။

သူတို့နှင့်ရော၍ တေဖို့ပေဖို့အတွက် ကျွန်တော်ငွေဘယ်လိုရှာ၍ ဘယ်ကရနေပါသနည်း။

ကျွန်တော့်အဖို့ လွယ်လွယ်ကလေးရယ်ပါ။ ဆေးရုံပေါ်ရှိ ဘဝတူလူနာများ၏ ပိုက်ဆံ၊ အဝတ်အစား၊ အခြား အတိုအထွာပစ္စည်းများထဲမှ လွယ်ရာရရာကို လစ်လိုက်လျှင် ကိစ္စပြတ်ပါသည်။

ကျွန်တော့်အနေဖြင့် ဆရာဝန်၊ ဆရာမများ၏ ငွေနှင့်ပစ္စည်းများကိုလည်း ချမ်းသာမပေးပါ။ ဆေးရုံမှစောင်၊ ခြင်ထောင်စသည့်ပစ္စည်းများကိုလည်း လစ်လျှင်ယူပါသည်။

ပစ္စည်းများပျောက်ခြင်းနှင့်ပတ်သက်၍ ကျွန်ကော့်ကိုများစွာမသင်္ကာဖြစ်ကြပါသည်။ တစ်ခါတစ်ရံ၌ စစ်ဆေးမေးမြန်းခြင်းပြုသော်လည်း ကျွန်တော်က မှင်သေသေနှင့် ဖြောင်လိမ်ဖြောင်ငြင်းလုပ်သဖြင့် လွှတ် သည်က



များပါသည်။

တစ်ညတွင်မူ ညစောင့်ဆရာမနှင့် လူနာများက ကြိုတင်တိုင်ပင်ပြီး ချောင်းဖမ်းသဖြင့် ကျွန်တော်အမိခံရပါသည်။ လက်ထဲတွင်ပစ္စည်းများနှင့် မိထားခြင်းဖြစ်၍ ကျွန်တော်ဘာမျှမတတ်နိုင်ပါ။

သို့သော်လည်း ကျွန်တော့်တွင် အကြံအဖန်က အသင့်ရှိရာသဏ္ဍာန် လုပ်သရုပ်နှင့်တူအောင် ရှိုက်ကြီးတငင်ငိုယိုပြီး တောင်းပန်သဖြင့် ရဲစခန်းသို့မပို့ကြပါ။ မနက်ကျမှ ဆရာဝန်ကြီးထံ တင်ပြကြပါသည်။

"မင်း....ခိုးနေတယ်ဆိုတာ ငါသိတာကြာပြီ။ ဒါပေမဲ့ မပြောခဲ့ဘူး။ အခုတော့ ပြောရတော့မယ်။ မင်း ဒီအတိုင်း ဆက်လုပ်နေမယ်ဆိုရင် မင်းသွားတော့၊ တို့ဆေးရုံမှာ လက်မခံနိုင်ဘူး"

"ကျွန်တော် နောက်ကိုဘယ်တော့မှ မလုပ်တော့ပါဘူး။ ဒီတစ်ခါတော့ ခွင့်လွှတ်ပါ ဆရာကြီးရယ်"

ဆရာဝန်ကြီးက နောက်ဆုံးအကြိမ် သတိပေးရင်း ကျွန်တော့်ကို ခွင့်လွှတ်ပါသည်။ ကျွန်တော်ကလည်း ပေးထားသည့်ကတိအတိုင်းမလုပ်ဘဲ နေပါသည်။ လုပ်၍လည်းမဖြစ်ပါ။ ဒီတစ်ကြိမ်ဆိုလျှင် လူတွေကဝိုင်းရိုက်ပြီးမှ ရဲစခန်းပို့မည်ဟု ကြိမ်းနေကြပါပြီ။

ထိုကိစ္စဖြစ်ပြီး သုံးလေးရက်ခန့်အကြာတွင် ဟသ်ာတမြို့နယ် ဆရာဝန်ထံမှ မသန်မစွမ်းဆေးရုံဆရာဝန်ကြီးထံ စာတစ်စောင် ရောက်လာပါသည်။

စာမှာ....

"မသန်မစွမ်းဆေးရုံတွင် တက်ရောက်ကုသနေသည့် လူနာမောင်ရွှေကျော်၏မိခင်ဒေါ်နန်းပုံသည် အဖျားရောဂါဖြင့် ကွယ်လွန်သွားကြောင်း အကြောင်းကြားအပ်ပါသည်" ဟူ၍ပါသတည်း။

အမေသေပြီဆိုတော့ ကျွန်တော့်အဖို့ တွယ်ရာမဲ့လေပြီ။ ကျွန်တော်သည် ဝမ်းနည်းပက်လက်ဖြစ်ကာ ငိုမိပါသည်။

လောကကြီးတွင် ကျွန်တော့်ကိုတကယ်ချစ်သူမှာ ဤအမေတစ်ဦးတည်းရှိသည်ဖြစ်ရာ ယခုအမေရှိတော့ဟု သိလိုက်ရသောအခါ ကျွန်တော် ဆောက်တည်ရာမရတော့။

(၆)

"ကျွန်တော့်မှာ အမေကလွဲလို့ အားကိုးစရာ ဆွေမျိုးတစ်ယောက်မှ မရှိပါဘူး။ အခု အမေသေပြီဆိုတော့ ရွာပြန်လို့မဖြစ်တော့ပါဘူး။ ဆရာကြီးတတ်နိုင်ရင်ကူညီပါ။ ကျွန်တော် ရန်ကုန်မှာပဲနေလို့ရရင် နေပါရစေ"

ကျွန်တော်က ဆရာဝန်ကြီးအား ကျွန်တော့်အခြေအနေမှန်ကို ပြောပြပါသည်။

"အေး ငါလည်းသိထားတယ်။ မင်းအမေပြောသွားလို့ ငါ သိထားတာပါ။ ခက်တာက တစ်ခုပဲရှိတယ်။ တခြားတော့မဟုတ်ဘူး။ မင်းက အကျင့်မကောင်းဘူး။ အဲဒီအကျင့်ကိုမပြင်သမျှ မင်းဘယ်မှာသွားနေနေ အဆင်ပြေမှာ မဟုတ်ဘူး"

"ကျွန်တော်ပြင်ပါ့မယ် ဆရာကြီးရယ်။ ကျွန်တော်လည်း မကောင်းမှန်းသိလို့ မလုပ်တာကြာပါပြီ"

"ကောင်းပြီလေ၊ မင်းမကောင်းရင် မင်းခံပေါ့။ ငါကတော့ မင်းနဲ့သင့်တော်မယ့်ဌာနတစ်ခုကို ပို့ပေးမယ်။ အဲဒီမှာ ကောင်းကောင်းနေသွားရင် မင်းပညာလည်းရမယ်။ စားရေးနေရေးလည်း မပူရတော့ဘူး"

သို့ဖြင့် ကျွန်တော်သည် ပညာသင်စခန်းတစ်ခုသို့ ရောက်ခဲ့ပါသည်။ ကျွန်တော့်အတွက် စားဝတ်နေရေးမပူရ။ ကျွန်တော် ဝါသနာပါသည့်အသက်မွေးဝမ်းကျောင်းပညာတစ်ခုဖြစ်သော ပေါလစ်သုတ်ပညာကိုလည်း သင်ကြားရသည်။

သို့သော်လည်း ခက်နေသည်က ပြင်လို့မရနိုင်သည့် ကျွန်တော်၏ အကျင့်။

ကျွန်တော်သည် အတူနေချင်း ရန်စချင်သည်။ ရန်ဖြစ်ချင်သည်။ ရန်ဖြစ်လျှင်လည်း လက်စွမ်းပြကာ ရိုက်လိုက်၊ နှက်လိုက်ချင်သည်။

နောက်ပြီး ကျွန်တော်ပိုက်ဆံမသုံးဘဲ မနေနိုင်။ သုံးချင်ဖွဲချင်သည်။ အရက်ကလေးသောက်လိုက်၊ ရုပ်ရှင်လေးကြည့်လိုက်၊ ဖဲကလေးရိုက်လိုက် လုပ်ချင်သည်။ ဒါတွေကို မကောင်းမှန်းတော့ သိပါ၏။ ပြင်လို့ မရပါ။

တစ်နေ့....ညနေခင်းတွင် ကျွန်တော်သည် ထမင်းစားဆောင်ရှေ့ရှိ ကုလားထိုင်တစ်လုံးပေါ်၌ထိုင်ကာ နို့စို့နေသည့် ခွေးပေါက်စကလေးငါး



ကောင်ကို ကြည့်နေပါသည်။ ကြည့်နေရင်းကပင် စိတ်ထဲက မရိုးမရွဖြစ်လာသဖြင့် ခွေးကလေးများရှိရာသို့ သွားသည်။

ခွေးကလေးတစ်ကောင်ကို ကောက်ယူပြီး ကိုင်ပေါက်လိုက်ရာ ခဏချင်း ဆန့်ငင်ဆန့်ငင်ဖြစ်ပြီး သေသွားပါသည်။ နောက်တစ်ကောင်ယူပြီးလည်ပင်းညှစ်ရာ ချက်ချင်းလိုလိုပင် သေသွားပါသည်။

ထိုအခိုက်မှာပင် ကျွန်တော်နှင့်တစ်ခန်းတည်းနေသော ချစ်မောင်ပြေးထွက်လာပြီး...

"ဟေ့ကောင် ရွာကျော်၊ ဘယ်လိုလုပ်နေတာလဲကွ။ ရက်စက်လှချည်လား" ဟု အော်ပါသည်။

"ဆရာက ခွေးတွေမထားရဘူးလို့ပြောလို့ သတ်တာ။ ဘာဖြစ်လဲကွ၊ မင်းနဲ့ဘာဆိုင်လဲ"

ချစ်မောင်က ဒေါသဖြင့်ဆင်းလာရာ ကျွန်တော်က အနီးတွင်ရှိနေ သည့် ထင်းချောင်းနှင့်ချိန်၍ ပေါက်လိုက်ပါသည်။

လက်မှန်းကောင်းသဖြင့် သူ့ချိုစောင်းကို သွားမှန်ပါသည်။ မျက်နှာပေါ်တွင် သွေးများယိုစီးကျလာပါသည်။

ကျွန်တော်က နောက်တစ်ချက်ထပ်၍ပေါက်ရန်ပြင်ခိုက်တွင် ထမင်းချက်ဦးအောင်ဘော်ကြီးပြေးလာပြီး ဆွဲသဖြင့် မပေါက်လိုက်ရပါ။

ထိုကိစ္စကြောင့် ကျောင်းအုပ်က ကျွန်တော့်ကိုဆူပူကြိမ်းမောင်းပါသည်။ သူဆူနေတော့ ကျွန်တော်ငြိမ်ခံလိုက်ပြီး နောက်မလုပ်တော့ဟု ကတိပေးလိုက်ပါသည်။

"ဒါနောက်ဆုံးအကြိမ် သတိပေးခြင်းပဲ။ နောက်တစ်ကြိမ်ဆိုလျှင် မင်းကို ကျောင်းကထုတ်ပစ်မယ်"

ကျွန်တော် နောက်ထပ်ဘယ်သူနှင့်မျှ ရန်မဖြစ်တော့ဘဲ ကုပ်ကုပ်ရုပ်ရုပ်နေပြန်ပါသည်။

တစ်ဖက်တွင် ခြေငြိမ်သော်လည်း အခြားတစ်ဖက်တွင်တော့ မငြိမ်ပါ။ ကျွန်တော် ညတိုင်းလိုလိုလစ်ထွက်ပြီး မြို့ထဲသွား၍ ကျွန်တော့်အပေါင်းအသင်းများနှင့်တွေ့သည်။ကျွန်တော့်လက်ထဲပိုက်ဆံမပါသည့်တိုင်အောင် ပိုက်ဆံဖြစ်နိုင်သည့်ပစ္စည်းတစ်ခုခုတော့ ပါစမြဲ။

အပေါင်းအသင်းတွေ၏ ကောင်းမှုကြောင့် ကျွန်တော့်တွင် အတတ်ပညာနှစ်ခုကလည်း တိုးနေပါပြီ။ တစ်ခုသောအတတ်ပညာမှာ "ဆရာကြီးပင့်ခြင်း" ဖြစ်၍ ဒုတိယအတတ်ပညာမှာ "မိန်းမလိုက်စားခြင်း" ဖြစ်သည်။

ကျောင်းမှာတော့ ပစ္စည်းခဏခဏပျောက်သဖြင့် ပူညံပူညံ ဖြစ်လာသည်။ သူတို့ ပူညံပူညံဖြစ်ကာ သတိထားနေချိန်တွင် ကျွန်တော်က ကိုယ်ရှိန်သတ်ထားလိုက်သည်။ လစ်ပြန်တော့မှ တစ်ချီတစ်မောင်း ထလုပ်ရလေသည်။

တစ်နေ့သောနံနက်တွင် ကျွန်တော့်နည်းပြဆရာထံမှ ခွင့်တောင်းပြီး ဆေးရုံသို့ သွားပါသည်။ နေမကောင်း၍ ဆေးတောင်းရန်ဟု အကြောင်းပြခဲ့သော်လည်း အမှန်ကအကြံအဖန်လုပ်၍ သွားခြင်းသာဖြစ်ပါသည်။

ဆေးရုံရောက်တော့ အသိတွေနှုတ်ဆက်ရင်း ရလွယ်သည့်ပစ္စည်းများ နှိုက်လာခဲ့ရာ ငွေငါးဆယ်နှင့် လက်ပတ်နာရီတစ်လုံး ရခဲ့ပါသည်။ ညဆောင့်ဆရာမစားပွဲပေါ်မှ စားပွဲတင်နာရီတစ်လုံးပါ အဆစ်အနေဖြင့် လစ်လာခဲ့ပါသည်။ ကျွန်တော် ကျောင်းမပြန်တော့ပါ။ မြို့ထဲသို့တစ်ချိုးတည်း လစ်ခဲ့ပါသည်။ ကျွန်တော့်လက်ထဲတွင် လွယ်အိတ်တစ်လုံးသာ ပါလာပါသည်။

ထိုနေ့ညက ကျွန်တော်နှင့်အပေါင်းအသင်းများ သောက်ကြရှုကြ၊ မိန်းမနှင့်ပျော်ပါးကြပြီးအိပ်တော့ ကီလီဈေး၊ ဇောတံတားအောက်မှာ အိပ်သည်။

ကျောင်းကိုတော့ ကျွန်တော်မပြန်တော့ပါ။

ဆယ်ရက်ခန့်ကြာတော့ ကျွန်တော့်အပေါင်းအသင်းတစ်ဦးဖြစ်သော ဂန်ဒူးကြည်နှင့် ဆူးလေဘုရားပေါ်တွင် ဆုံမိကြသည်။ ဂန်ဒူးကြည်ဟု ခေါ်ခြင်းမှာ မိန်းမညဏ်များလွန်း၍ ခေါ်ခြင်းဖြစ်သည်။

ဂန်ဒူးကြည်မှာ "အလစ်သမား" တစ်ယောက်ဖြစ်သော်လည်း သူ့ကို အလစ်သမားမှန်းမသိအောင် ပိပိရိရိ နေတတ်ပါသည်။ ပါးစပ်က ဘုရား—ဘုရား၊ လက်ကတော့ ကားယားဆိုသည့် ကြောင်သူတော်ကြွက်သူခိုးတစ်ယောက် ဖြစ်ပါသည်။ ဝတ်ပုံစားပုံ၊ ပြောပုံဆိုပုံနှင့် နေပုံထိုင်ပုံမှာ တကယ့်ရှိုးအပြည့်နှင့် မင်းသားရုံးလောက်သူဖြစ်ရာ သူ့အကြောင်းမသိသူများက



သူ့ကိုအလစ်သမားဟု စွပ်စွဲဝံ့မည်မဟုတ်ပါ။

ကျွန်တော်က...

"ဒီမယ် ကြည်၊ အကွက်ကောင်းတစ်ခုရှိတယ်။ လုပ်ရဲရင်တော့ မှန်းပဲ"

ကြည် မျက်လုံး ကျယ်လာပါသည်။

"ဆိုစမ်းပါဦးဟ ခြေကျိုးရ၊ ဘယ်လိုအပေါက်ကောင်းလဲ။ လုပ်သင့်လုပ်ရမှာပေါ့"

သူတို့က ကျွန်တော့်ကို ခြေကျိုးတဲ့...

"ပြောမယ်လေကွာ...၊ ဒါပေမဲ့ မင်းက သူများကို ချောက်ချတတ်တဲ့အကောင်မို့ ကြိုပြီးသတိပေးထားရမှာပဲ။ မင်း...လုပ်မယ်ဆိုရင်လုပ်။ မင်းမလုပ်ရဲရင် ဟိုလူတွေ၊ ဒီလူတွေကိုတော့ သွားပြီးအာလူးမဖုတ်နဲ့"

"ဟာ...ငါ ဒါမျိုးမလုပ်ပါဘူးကွာ။ စိတ်ချပါ"

ကျွန်တော်က ကျွန်တော်နေခဲ့သည့် ကျောင်းမှသင်တန်းတစ်ခုကို အောက်လျှင် တန်ဖိုးငါးထောင်၊ ခြောက်ထောင်ဖိုးထက်မနည်းတန်သော ပစ္စည်းများရနိုင်ကြောင်း ပြောပြပါသည်။

ဂန်ဒူးကြည်သည် အတန်ကြာစဉ်းစားနေပြီးမှ "အကွက်ကတော့ တကယ့်အကွက်ကောင်းပဲကွ။ ဒါပေမဲ့ ငါနဲ့မင်းနဲ့ နှစ်ယောက်တည်းတော့ လုပ်လို့မဖြစ်ဘူး။ ဒါမျိုးက ခပ်လည်လည်ကောင်နဲ့တွဲပြီးကြံမှဖြစ်မှာ။ နေပါဦး တို့အထဲက ဘယ်သူနဲ့များ လုပ်ရင်ကောင်းပါလိမ့်" ဟုပြောပြီး ငြိမ်နေပါသည်။

"ဟော့...သိပြီ။ ငပွေးညာဏ်ဝင်းတို့၊ ပိန်ညှောင်အောင်သန်းတို့၊ မြေခွေးငပိုတို့နဲ့တိုင်ပင်ရင် ကောင်းမယ်ကွ"

ကျွန်တော်စဉ်းစားရပြန်ပါသည်။ သည်သုံးယောက်မှာ ကျွန်တော်တို့လောကတွင် သူ့အကျင့်နှင့်သူ ထင်ရှားသူများချည်းဖြစ်ပါသည်။

ငပွေးညာဏ်ဝင်းသည် မျက်နှာနှင့် တစ်ကိုယ်လုံးတွင် ပွေးကွက်တွေလို အကွက်ရှိသဖြင့် ငပွေးညာဏ်ဝင်းဟု ခေါ်ကြခြင်းဖြစ်ပါသည်။

ငပွေးညာဏ်ဝင်းသည် သူမြက်မြက်ကလေးရမည်ဆိုလျှင် သူတစ်ပါးကို ဒုက္ခမရောက်ရောက်အောင် ချောက်တွန်းတတ်သူဖြစ်ရာ ကျွန်တော်

တို့လောကတွင် သိပ်ပြီးပေါ်ပြူလာမဖြစ်သဖြင့် ကျွန်တော်စိတ်မချပါ။

ပိန်ညှောင်အောင်သန်းသည် အဆုတ်ရောဂါသည်ဖြစ်၍ လေပြင်းပြင်းတိုက်လျှင် လဲပြိုတော့မလောက် ပိန်သူဖြစ်ပါသည်။ ပိန်ရသည့်အထဲ အသားကမည်းပြာပြာ၊ ခြောက်ခန်းခန်းမို့ ကျက်သရေမရှိလှပါ။ လူပုံသေးနပ်သလောက် လေလုံးမိုးလုံးထွားတတ်သဖြင့် နှုတ်မလုံသူ ဖြစ်ပါသည်။

မြေခွေးငပိုသည် ခပ်ဝဝ၊ အသားနီစပ်စပ်၊ နှာခေါင်းချွန်ချွန်နှင့် ခံ့ညားသူဖြစ်ပါသည်။ အလိမ်အညာတွင် စံထားရသူဖြစ်သော်လည်း ဝမ်းတွင်းအကောက်ဉာဏ်များသဖြင့် ယုံကြည်ရသူမဟုတ်ပါ။

"ငါတော့ သုံးယောက်စလုံး မကြိုက်ဘူးကွာ"

ကျွန်တော်နှင့်ကြေည်တို့ ထပ်၍စဉ်းစားကြပြန်ပါသည်။

သို့သော် မရပါ။

"ငပွေးဉာဏ်ဝင်းနဲ့ ကိုက်ပါတယ်ကွာ။ ဒီကောင်က ဖောက်တတ်တယ် မဟုတ်လား။ တို့အထဲမှာလည်း လုပ်တတ်တဲ့အကောင်က အရှားသားကွ၊ သူနဲ့တွဲလိုက်ရင် လက်ပြတ်အောင်လှလည်း ပါလာနိုင်တယ်"

"ဘယ်က လက်ပြတ်အောင်လှလဲကွ"

ကျွန်တော်က လက်ပြတ်အောင်လှကို မသိ၍မေးပါသည်။

"ဟိုကောင်လေကွာ...၊ မင်းနဲ့ တစ်ခါကဆုံဖူးပါတယ်။ ရေမချိုးတဲ့ကောင်ဟာကွာ၊ ဘယ်တော့မှ ရေမချိုးဘူးလေ။ သူ့ကိုယ်မှာ ချေးအထပ်ထပ်နဲ့ တစ်ကိုယ်လုံးနံစော်နေလို့ တချို့က အပေါင်းအသင်းမလုပ်ကြဘူး"

ကျွန်တော် ရေးတေးတေးမျှသာ မှတ်မိပါသည်။ ဒီကောင်သည် ပိန်ညှောင်အောင်သန်းနှင့် အတွဲများသည်။ လူပုံချင်းကလည်း ခပ်ဆင်ဆင်။

"ငပွေး စိတ်ချရပါ့မလားကွာ၊ ဒီကောင်က သူများအပြစ်ဖြစ်အောင် ချောက်ချတတ်တဲ့အကောင် သစ္စာရှိတာမဟုတ်ဘူး။ တစ်လောက မကွေးဘက်သွားပြီး အတူတူလစ်လာတဲ့ပစ္စည်းတွေထဲက လက်စွပ်၊ ဆွဲကြိုးတွေ ယူလာလို့ သူတို့အဖွဲ့ထဲကကောင်တွေက သတ်မလို့လိုက်ရှာနေကြတယ်လို့ ကြားတယ်"

"သိပ်ပြီး စဉ်းစားမနေစမ်းပါနဲ့ ခြေကျိုးရာ၊ ဒီကောင်နဲ့ပဲ ကိုက်ပါတယ်



စိတ်ချရအောင် ငါလုပ်ပါမယ်။ ဒီကောင်က မြက်မြက်ရမယ်ဆိုရင် ငြိမ်ပါတယ်။ ပြီးတော့ ဒီကောင်က သိပ်ကြောက်တတ်တဲ့ကောင်ကွ၊ ခြောက်ထားရင်ကြောက်ပြီး ငြိမ်နေမှာပါ"

ဤသို့ဖြင့် ကျွန်တော်ပြောပြလိုက်သောကိစ္စသည်ည အကောင်အထည်ပေါ်လာသည်။

ထိုညက ကျွန်တော်တို့အဖွဲ့မှာ ဂန်ဒူးကြေည်၊ ငပွေးဉာဏ်ဝင်း၊ လက်ပြတ်အောင်လှ၊ ပိန်ညှောင်အောင်သန်းနှင့်ကျွန်တော်စုစုပေါင်းငါးယောက်။

ကျွန်တော်က လက်ထောက်ချသူမို့ ရှေ့ဆောင်လမ်းပြလုပ်ရသည်။ ဂန်ဒူးကြေည်၊ ငပွေးဉာဏ်ဝင်းနှင့် ကျွန်တော်တို့က အခန်းကိုဖောက်၍ လက်ပြတ်အောင်လှက ဘေးမှကူသည်။ ပိန်ညှောင်အောင်သန်းကအစောင့်လုပ်၍ လူသူလေးပါး အရိပ်အခြည် ကြည့်ပါသည်။

အပြင်တံခါးမကြီးကို ကြေည်က သူတတ်ထားသည့်ပညာဖြင့် မရအောင်ဖွင့်၍ ပွင့်သွားသည်။ အတွင်းရှိပစ္စည်းထားရာ အခန်းတံခါးကိုမူ မဖွင့်တော့ပါ။ တစ်နေရာမှနေ၍ သံဆန်ခါကို ကုလားအော်ဖြင့် ကလန့်၍ဖွင့်ပါသည်။ ကျွန်တော်ကိုယ်တိုင်ဖွင့်ခြင်းဖြစ်ရာ အတော်ကြီးအားစိုက်၍ဖွင့်မှ ပွင့်ပါသည်။

"ခြေသာကျိုးတာ အပေါ်ပိုင်းက တယ်သန့်တဲ့အကောင်ပါလားဟ"

ကျွန်တော်လုပ်နေသမျှကိုကြည့်နေသော ကြေည်က တီးတိုးလေသံဖြင့် ချီးမွမ်းစကား ဆိုပါသေးသည်။ အထဲကပစ္စည်းတွေ ထုတ်ယူဖို့ကျတော့ အားလုံးတာဝန်ယူကြရပါသည်။ ပစ္စည်းများ ထုတ်နေခိုက်တွင် ကျွန်တော်တစ်ယောက်တည်း ကျောင်းရုံးခန်းဘက်သို့ မှောင်ရိပ်ခို၍သွားကာ အစောင့်၏အခြေအနေကို အကဲခတ်ပါသည်။

အစောင့်အိပ်နေပုံမှာ အိပ်ဆေးမိထားသလား ထင်ရပါသည်။ တကယ့်ကုလားသေ ကုလားမော။ အစောင့်အိပ်မောကျနေသည်ကိုကြည့်ရင်း ကျွန်တော်လက်ယားလာသည်။ သံတုတ်ကောင်းကောင်းနှင့်ခေါင်းကိုရိုက်ခဲ့ရလျှင် တစ်ချက်တည်းနှင့် ပွဲချင်းပြီးသွားမည်ဟု တွေးမိသဖြင့် အသာပြန်လှည့်ခဲ့ပြီး ဂန်ဒူးကြေည်ထံမှ သံကုလားအော် တောင်းပါသည်။

"ဟော့ကောင်...သောက်ရေးထဲ မင်းက ဘာလုပ်ဦးမလို့လဲ။ ဒီတစ်

ခန်းတည်းတော်ပြီ၊ ထပ်မလုပ်နဲ့တော့ကွ"

"ဟုဘက်မှာ အကွက်ကောင်း တွေ့လာလို့ပါကွ၊ ပေးမှာသာပေးစမ်းပါ"

ဂန်ဒူးကြေည်က စိတ်ပျက်လက်ပျက်နှင့် သံကုလားအော်ပေးသည်။ ကျွန်တော်ထွက်လာတော့ ငပွေးနောက်မှ လိုက်လာပါသည်။

အစောင့်နားရောက်တော့ ကျွန်တော်ကရိုက်မည်လုပ်ရာ ငပွေးက ဖြူးတူးပြဲတဲဖြစ်ကာ ထိတ်လန့်တကြားနှင့် ကျွန်တော့်လက်ကို အတင်းဆွဲထားပါသည်။

"ဟော့ကောင် မလုပ်နဲ့ကွ၊ လူသတ်မှုဖြစ်မှာ။ ပစ္စည်းယူတာက အရေးကြီးတာမဟုတ်ဘူး။ လူသတ်မှုဆိုရင် အမှုကြီးပြီး အားလုံးဒုက္ခရောက်ကုန်မယ်။ ရဲလည်း မရအရလိုက်မှာ။ မလုပ်ပါနဲ့ သူငယ်ချင်းရာ"

သူကအတင်းဆွဲကာ တောင်းပန်နေသဖြင့် ကျွန်တော် လက်လျှော့လိုက်ပါသည်။

ကျွန်တော်တို့ ကျောင်းဝင်းထဲမှပြန်ထွက်တော့ သံချောင်းခေါက်သံ နှစ်ချက် ကြားရပါသည်။

ပစ္စည်းများကို မြောက်ဥက္ကလာပရှိ ငပွေးဥာဏ်ဝင်း၏အစ်မအိမ်တွင်ထားမည်။ ပြီးမှထုခွဲပြီး ရငွေခွဲယူမည်ဟု သဘောတူကာ လူစုခွဲလိုက်ကြပါသည်။

မနက်ကျတော့ ကျွန်တော်ဘယ်ကိုမျှမသွားပါ။ တစ်နေ့လုံး ဆူးလေဘုရားပေါ် တက်အိပ်နေပါသည်။ ညမိုးချုပ် ရုပ်ရှင်သိမ်းချိန်ကျမှ ဘုရားပေါ်မှဆင်းပြီး ဘုရင့်ရုံဘက် ထွက်ခဲ့ပါသည်။

မိန်းမ ဝါသနာကြီးသောကြေည်က မိန်းမတစ်ယောက်ခေါ်ထားမည်ဟုပြောသဖြင့် လာခဲ့ခြင်းဖြစ်ပါသည်။ ရုပ်ရှင်ရုံအောက်ရောက်တော့ ကြေည်ကို မတွေ့ပါ။

ကျွန်တော် ဟိုဟိုသည်သည် ကြည့်နေခိုက်မှာပင် ကျွန်တော့်နောက်ဘက်ဆီမှ "ဟော့ကောင် ရှာကျော် မပြေးနဲ့"ဟူသောအသံကြောင့် အသက်ထွက်တော့မတတ် လန့်သွားပါသည်။

လှည့်ကြည့်လိုက်တော့ ကျွန်တော့်ဆရာ ကျောင်းအုပ်ကြီးနှင့် ရဲများ။



ကျွန်တော့်ကို ရဲတစ်ယောက်က ချိုင်းမှမပြီး ကားပေါ်တင်ပါသည်။ ကားပေါ်ရောက်တော့ ကျောင်းအုပ်ကြီးက စ၍မေးပါသည်။

"ကဲ…ရှာကျော်၊ မင်းလုပ်ခဲ့သမျှ ပြောပေတော့။ ကွယ်မနေနဲ့ တို့ အားလုံး သိပြီးပြီ"

ကျွန်တော် ပထမကတော့ ငြင်းမည်ဟု စိတ်ကူးပါသေးသည်။

ကျွန်တော့်အကြံကို ရိပ်မိဟန်တူသော ရဲတစ်ယောက်က

"ဟော့ကောင် ပြော၊ အသားမနာချင်နဲ့"ဟု ဟောက်လိုက်သောအခါ ကျွန်တော် အနာမခံတော့ပါ။ လုပ်ထားသမျှကို ပြောပြလိုက်ပါသည်။

ကျွန်တော် ပြောသည့်အတိုင်းလိုက်ရာ ညတွင်းချင်းပင် ပစ္စည်းများ အကုန်ပြန်ရပြီး ငပွေးဥာဏ်ဝင်းမှတစ်ပါး အားလုံးကိုဖမ်းမိပါသည်။ သူ့ကိုတော့ မနက်လင်းမှ သာကေတမှ မိလာပါသည်။

ငပွေးဥာဏ်ဝင်းသည် အလွန်အကျင့်ယုတ်ပြီး သစ္စာမဲ့လွန်းလှပါ သည်။ သူ သက်သာလိုမှုအတွက် မဟုတ်တာတွေရော၊ ဟုတ်တာတွေပါ လျှောက်ပြောပါသည်။ ယခုဖောက်ထွင်းမှုကိုသာမက အခြားသောခိုးမှု၊ ဖောက်မှုများကိုပါ သူ ဂဃနဏ မသိဘဲနှင့် သိလေဟန်သိယောင်ကား လုပ်ကာ ကြေည်၊ ပိန်ညှောင်အောင်သန်းနှင့် လက်ပြတ်အောင်လှတို့ အပေါ် ပုံချပါသည်။

တချို့အမှုများကို ကြေည်တို့ သိပင်မသိကြပါ။ တကယ်မသိ၍ မသိဘူးဟုပြောသော်လည်း မရပါ။ ငပွေးဥာဏ်ဝင်းက ပြောထားပြီဟုဆိုကာ စစ်ပါသည်။ ငပွေး၏ စုတ်ပဲ့မှုကြောင့် ကြေည်တို့ခံနေရသည်ကို မြင်ရသောအခါ ဘဝတူချင်းအပေါ်ညစ်သည့် ဥာဏ်ဝင်းကို ကျွန်တော်ခွင့်မလွှတ်နိုင်ပါ။

ထိုညတွင် ကြေည်တို့သုံးယောက်ကို အချုပ်ခန်းထဲထည့်ထားပြီး ကျွန်တော်နှင့်ငပွေးဥာဏ်ဝင်းကို အပြင်တွင် ရဲအစောင့်နှင့်ထားပါသည်။

မျက်နှာက ဖြီးစပ်စပ်နှင့် အပိုးမသေဖြစ်နေသော ဥာဏ်ဝင်းကိုကြည့်ရင်းကြည့်ရင်း ကျွန်တော်၏ဒေါသကို ထိန်းမနိုင်သိမ်းမရ ဖြစ်လာပါ သည်။

ကျွန်တော်သည် ရဲအလစ်တွင် ဥာဏ်ဝင်း၏လည်ပင်းကို ဘယ်လက်ဖြင့်ညှစ်၍ တွန်းလှဲလိုက်ပါသည်။ အောက်ပိုင်းမသန်သဖြင့် ရှိသမျှအား

သည် အပေါ်တွင် စုနေသည်ဖြစ်ရာ ဉာဏ်ဝင်းသည် ကျွန်တော်၏လက်ထဲတွင် မအော်နိုင်၊ မလှုပ်နိုင် ယက်ကန်ယက်ကန်ဖြစ်လိုက် ရှိပါသည်။

ကျွန်တော်၏ ညာဘက်လက်သီးသည် ဉာဏ်ဝင်း၏မျက်ခွက်ပေါ်သို့ မနားတမ်းကျရောက်လျက် ရှိပါသည်။ စိတ်ရှိလက်ရှိ အားကုန်ထုတ်၍ ထိုးနေရခြင်းဖြစ်သဖြင့် ထိုး၍ကောင်းလှပါသည်။

အစောင့်ရဲက ဝင်ဆွဲသော်လည်း ပြုတ်တူနှင့်အညှပ်ခံထားရသလိုဖြစ်နေသော ဉာဏ်ဝင်းသည် ကျွန်တော့်လက်ထဲမှမလွတ်ပါ။ ရဲက ဆွဲနေသည့်ကြားမှပင် ကျွန်တော်က မရပ်မနား ထိုးနေပါသည်။ ရဲ သုံးယောက်ဝိုင်းဆွဲမှပင် ဉာဏ်ဝင်းတစ်ယောက် ကျွန်တော့်လက်ထဲမှ လွတ်သွားပါသည်။ သူ ကျွန်တော့်လက်ထဲမှလွတ်တော့ သတိမေ့နေပါသည်။ မျက်နှာတစ်ခုလုံးမှာ ရစရာမရှိအောင် စုတ်ပြတ်ဖူးယောင်နေပါသည်။ မျက်နှာတစ်ခုလုံး သွေးချင်းချင်း နီနေပါသည်။ သွားတွေလည်း ကျိုးကုန်ပါသည်။

ရဲများသည် ကျွန်တော်၏လက်သီးချက်များကို တအံ့တသြဖြစ်ကာ ပြောမဆုံးအောင် ရှိနေကြပါသည်။ ကျွန်တော့်ကို အစောင့်ရဲက တစ်ချက်၊ နှစ်ချက်ရိုက်ပြီး ကြေည်တို့ရှိရာ အချုပ်ခန်းထဲသို့သွင်းထားလိုက်ပါသည်။

ကျွန်တော်၏လက်ချက်ကြောင့် ဉာဏ်ဝင်းကို ဆေးရုံပို့ရသည်ဟု မနက်ကျမှ သိရပါသည်။

ကျွန်တော်တို့၏ဖောက်ထွင်းမှုကိစ္စမှာ ကျွန်တော်တို့ဖောက်ထွင်းခိုးယူခဲ့သည့်ကျောင်းမှ ကျောင်းအုပ်ကြီးက အတွင်းသိပါ၍သာအလွယ်တကူဝင်နိုင်ခြင်းဖြစ်သည်ဟုတွက်ပြီး ကျွန်တော့်အပေါ် မသင်္ကာဖြစ်ကာ ကျွန်တော့်နောက်သို့ ခြေရာကောက်၍ လိုက်ရာမှ ပေါ်ရခြင်းဖြစ်ပါသည်။

ယင်းဖောက်ထွင်းမှုကြောင့် ကျွန်တော်ထောင်ဒဏ်တစ်နှစ်အပြစ်ပေးခြင်းခံရပါသည်။ ကျွန်တော့်ဆရာကျောင်းအုပ်ကြီးက မသန်မစွမ်းဖြစ်သည့်ပြင် ယခင်က အကျင့်စာရိတ္တကောင်းသူတစ်ဦးဖြစ်၍ ယခုအကြိမ်သည် ပထမဆုံးအကြိမ် ပြစ်မှုကျူးလွန်ခြင်းဖြစ်သဖြင့် ထောက်ထားကာ သက်ညှာစွာဖြင့် စဉ်းစားပေးပါရန် တင်ပြခြင်းကြောင့် တစ်နှစ်သာ အပြစ်ပေးခြင်းဖြစ်သည်ဟု တရားသူကြီးက ပြောပါသည်။



ကျောင်းအုပ်ကြီးမှာ ကျွန်တော့်အပေါ် စေတနာကရုဏာ မပြတ်ရှာပါ။ နိုးထုတ်တိုင်း ခေါ်ယူတွေ့ဆုံပြီး ကျွန်တော်စားချင်တာဝယ်ကျွေးရုံမျှမက အားပစ်ခဲ့သည့်အားပြုကိရိယာများကိုပါ ယူလာပြီးပေးရှာသည်။

စီရင်ချက်ချသည့်နေ့တွင် ကျွန်တော့်အား ကျောင်းအုပ်ကြီးက မှာလိုက်သည့်စကားကို ကျွန်တော်မမေ့သေးပါ။

“ထောင်ထဲမှာ ကောင်းကောင်းနေ ရှာကျော်၊ မင်းလွတ်ရင်လည်း ကျောင်းကို ပြန်လာချင်တဲ့စိတ်ရှိရင်လာခဲ့။ ပြန်လာချင်တဲ့စိတ်ရှိအောင်လည်း ကြိုးစားပြီးမွေး၊ ပြန်လာချင်ရင်တော့ မင်းအကျင့်တွေကို ထောင်ထဲမှာ မြှုပ်ခဲ့ပေတော့”

*

(၇)

ကျွန်တော် ဘယ်ကိုသွားရပါမည်နည်း...

ထောင်ကထွက်သည့်နေ့တွင် ထောင်ဖူးဝရှေ့၌ထိုင်ကာ စဉ်းစားပါသည်။

ထောင်ထဲမှာတုန်းကလည်း သတိရတိုင်း စဉ်းစားမိသည့်မေးခွန်းဖြစ်ပါသည်။

ကျွန်တော် ဘယ်ကိုသွားရမှန်းမသိသဖြင့် ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်၍မရပါ။ “ခွေးပြီးကောက် ကျည်ထောက်စွပ်” ဟူသောစကားပုံကို သတိရမိပါသည်။

အမှန်အတိုင်းပြောရလျှင် ကျွန်တော်သည် အမြီးကောက်နေသည့် ခွေးပင်ဖြစ်ပါသည်။ နောက်ဆုံးတော့ ကျွန်တော့်ဆုံးဖြတ်ချက်မှာ လမ်းဟောင်းပေါ်ပြန်သွားရန်ပင် ဖြစ်ပါသည်။

ဒီတစ်ကြိမ်တော့ ဥပဒေနှင့်မကင်းသည့် အလုပ်မျိုးမလုပ်ချင်တော့ပါ။ ခိုးချင်၊ မဖောက်ချင်၊ မလစ်ချင်တော့ပါ။

သို့ဖြစ်လျှင် ကျွန်တော် ဘာလုပ်စားရပါသနည်း။

ကျွန်တော့်လက်ထဲက အားပြုကိရိယာများကိုမသုံးဘဲ လက်နှစ်ဖက်ကို ထောက်၍ထောက်၍သွားနေသော ကျွန်တော့်အား လမ်းသွားလမ်းလာ

များက စားစရာအစ ငွေစများပါ ပေးကြပါသည်။

ရလာသည့်ငွေကို အရက်သောက်၊ ဆေးရှူ၊ ဖဲရိုက်၊ မိန်းမလိုက်နှင့် ပင် ကုန်ပါသည်။ ထမင်းဖိုးဟင်းဖိုးနှင့် ဆေးလိပ်ဖိုးဆိုတာက သိပ်ပြီး ကုန်လှသည်မဟုတ်ပါ။ အစားအသောက်ဆိုလျှင် လဟာပြင်ဈေးလိုနေရာ တွင် စားကြွင်းစားကျန်များတောင်း၍ စားနိုင်သည်။

ကျွန်တော်၏အမိုက်သံသရာသည် ဆုံးနိုင်သေးအံ့မထင်ပါ။

တစ်နေ့သော နေ့ခင်းတွင် မဟာဗန္ဓုလပန်းခြံအနီး ပလက်ဖောင်း ပေါ်၌ထိုင်နေစဉ် ကိုယ်ရည်ပြားရောဂါသည်တစ်ဦးနှင့် ဆုံမိကြသည်။ လူ သွားလူလာပါးချိန်မို့ သူကပျင်းပျင်းနှင့် အကြောင်းမရှိအကြောင်းရှာပြီး ကျွန်တော့်ကို စကားစပြောသည်။

"မင်းကနေတော့ ဘယ်မှာနေတုန်း"

"ဒီလိုပဲ လျှောက်ပြီးနေတာပေါ့ဗျ။ ကြုံရာမှာနေတာပဲ၊ အိမ်မှမရှိတာ"

"ဒီလိုဆို တို့က တော်သေးတာပေါ့။ ဟီး....ဟီး ကြံတောသုသာန်မှာ နေတယ်ကွ၊ မင်း...လိုက်လည်ပါလား"

ကျွန်တော်က စကားမပြန်တော့။ သူကပင် ဆက်ပြန်သည်။

"ဘာလဲ မင်းက ရောဂါကူးမှာ ကြောက်လို့လား"

"မကြောက်ပါဘူးကွာ"

"အေးပါ ငါလည်း မင်းမျက်နှာမြင်တာနဲ့ အကဲခတ်မိပါတယ်။ မင်း က တော်ရုံနဲ့ကြောက်မယ့်ကောင် မဟုတ်ပါဘူး။ ငါနဲ့လိုက်လာပါလား ကွ"

"လိုက်မယ်လေ...၊ သွားရင်လည်း အခုသွားမယ်ဗျ"

"အေး...ကောင်းသားပဲ၊ သွားမယ်။ ငါလည်း မနက်ကရထားတာနဲ့ ဆိုရင် စားလောက်သောက်လောက်ပြီပေါ့ကွာ" (ယခုအခါကြံတော သုသာန်ရော တောင်းရမ်းစားသောက်သူများပါ မြို့တော်အတွင်း မရှိတော့ ပါ။)

သူနှင့်ကျွန်တော် လိုက်သွားပါသည်။ သူ့နာမည်ကိုတော့ ကျွန်တော် မပြောလိုပါ။ ကြံတောရောက်တော့ သူနှင့်အတူ အရက်သောက်ကြသည်။ ပြီးတော့ အမူးပြေအောင်ဟုဆိုကာ ဆေးရှူကြသည်။ ပြီးတော့...



"ဟေ့ကောင် ရှာကျော်၊ မင်း မိန်းမ ယူမလား"

"ဟာ...မယူချင်ပါဘူးဗျာ။ မိန်းမက အကောင်းလား၊ ခင်ဗျားလိုပဲ လား"

"အံမာ မင်းက တို့အထဲမှာ တို့လိုဟာပဲ ရမှာပေါ့ဟ။ တို့လိုဟာက လည်း တစ်မျိုးကောင်းပါတယ်ကွ။ ဟား....ဟား....ဟား"

သူရောကျွန်တော်ပါ အတော်မူးနေကြပြီဖြစ်သည်။ အတော်ကြီး အောက်ခြေလွတ်နေကြပြီ။

"သွားခေါ်ချည်လေ၊ ဘယ်မှာလဲ ခင်ဗျားမိန်းမ" သူက ကျိုးနင်းကျိုး နင်းနှင့် ထသွားသည်။ အတန်ကြာတော့ အမျိုးသမီးတစ်ယောက်နှင့် ပြန် ရောက်လာသည်။

"ကဲ...ရှာကျော်၊ မင့်အတွက် မိန်းမတဲ့။ မိကြည် ဒါငါ့သူငယ်ချင်း၊ ကောင်းကောင်းပြုစုလိုက်စမ်း"

ကျွန်တော် ထိုညက မိကြည်နှင့်ဇရပ်ပေါ်တွင် အတူအိပ်ကြသည်။ မိကြည်မှာ ခြေလက်များတိုနေပြီဖြစ်သော်လည်း မျက်နှာရုပ်အဆင်းအင်္ဂါ တော့မပျက်သေးပါ။ အသက် ၂၀ ရှိပြီဟု သူပြော၍ သိရပါသည်။ မနက် ကျွန်တော်အိပ်ရာမှနိုးတော့ မိကြည်က လက်ဖက်ရည်နှင့် နံပြားထောပတ် သုတ် ဝယ်ထားပါသည်။ သူနှင့်အတူ ပေါင်းသင်းနေထိုင်သွားမည်ဆိုလျှင် တစ်သက်လုံး ထိုင်စားနေပါ။ သူ ရှာကျွေးမည်ဟုလည်း ပြောနေပါသည်။

မဖြစ်နိုင်လွန်းသည့်ကိစ္စပါ။

"ငါ စဉ်းစားဦးမယ်ဟာ"

ကျွန်တော်က ဒါပဲပြောကာ ဇရပ်ပေါ်မှ ဖင်တရွတ်တွန်း၍ ဆင်းခဲ့ပါ သည်။

ဟိုလူကြီးကို ပြောပြတော့–

"မိကြည်ပြောတာ ကောင်းသားပဲကွ၊ မင်းက ခြေထောက်မှမသန် တာ။ ထိုင်စားနေရရင် မင်းသက်သာတာပေါ့။ မိကြည်မှာလည်း အဖော်ရ သွားတာပေါ့။ သူ့ခမျာ အဖော်မရှိရှာဘူး။ အဖော်ရှာနေတာ ကြာပြီ။ သူက အဖော်မရှိလို့ အဖော်ရှာနေတဲ့လူ၊ စောင့်ရှောက်မယ့်လူမရှိရင် သိပ်ပြီး ပျက်စီးသွားမှာစိုးရတယ်" ဟု ဆိုပါသည်။

ဩော်...သူတို့လောကတွင်လည်း ပျက်စီးမှာစိုးရိမ်သည့်အဖြစ်မျိုး တွေ ရှိပါသေးကလား။

ကျွန်တော် တွေးမိတွေးရာတွေးပြီး ငြိမ်နေမိသည်။

"အေးလေကွာ...မင်းစဉ်းစားဦးပေါ့။ မိကြည်ကတော့ သိပ်မဆိုးဘူး ဆိုတာ ငါ အာမခံရဲတယ်။ သူကလည်း မင့်ကို သနားနေတယ်ထင်ပါရဲ့။ တို့များကမ္ဘာမှာလည်း သနားတယ်၊ ကြင်နာတယ်၊ သစ္စာရှိတယ်ဆိုတာ တွေ ရှိပါသေးတယ်ကွာ။ ငါပြောတာ ယုံပါ။ တို့လည်း ရောဂါကြောင့်သာ လူအများနဲ့ မရောနိုင်တာပါ။ တကယ်တော့ တို့လည်းလူတွေပဲ မဟုတ်လားရှာကျော်ရာ"

သူ့လေသံနှင့် သူ့စကားများမှာ လှိုက်လှိုက်လှဲလှဲဖြစ်လွန်းသဖြင့် ကျွန်တော့်ရင်ထဲ ဝမ်းနည်းသလိုလို ခံစားရပါသည်။ ကျွန်တော် နဝေတိမ်တောင် ဖြစ်နေရပါသည်။ မိကြည်နှင့်နေလိုက်ရလျှင် ကောင်းလေမည်လော။

နောက်တော့ ကျွန်တော်မိကြည်ကိုပင် နှုတ်မဆက်တော့ဘဲ ကြံတောသုသာန်ထဲမှ ထွက်လာခဲ့ပါသည်။

တစ်လမ်းလုံး ကျွန်တော့်ကိုယ်ကျွန်တော် မသတီသောစိတ်၊ ရွံရှာစက်ဆုပ်သောစိတ်၊ အော့နလုံးနာသောစိတ်တို့သည် အပြင်းအထန်ဖြစ်ပေါ်လျက်ရှိပါ၏။

ကျွန်တော်ဘာကြောင့် ဤမျှလောက် ဆိုးတေမိုက်မဲနေရပါသနည်း။ ကျွန်တော် ဘာ့ကြောင့် ဤမျှလောက်အထိ ရန့်ရင်းကြမ်းတမ်းယုတ်မာရက်စက်နေရပါသနည်း။

ကျွန်တော့်စိတ်သည် လူစိတ်မှ ဟုတ်ပါလေစ။

ကျွန်တော် ရူးများနေပြီလား။

အတွေးပေါင်းများစွာသည် ကျွန်တော့်ဦးနှောက်ကို အပြင်းအထန် ရိုက်ခတ်လျက်ရှိလေသည်။

ကျွန်တော် ဘာလုပ်ရပါမည်နည်း။

❑

# ရှာကျော်၏ ရှာကျော်

ရှာကျော့်အကြောင်းကို ကျွန်တော်မှတ်တမ်းတင်ခဲ့စဉ်က ထိုစကားကို ကျွန်တော်ဆိုခဲ့ပါသည်။ ခိုင်လုံသော အထောက်အထားများရှိ၍ ဆိုခဲ့ခြင်းဖြစ်ပါ၏။ ထိုစဉ်က သင်တန်းကျောင်းဖောက်ထွင်းမှုဖြင့် ထောင်တစ်နှစ်ကျသွားခဲ့သော ရှာကျော်သည် တစ်နှစ်မပြည့်မီ လွတ်လာခဲ့သည်။ သူလွတ်လာပြီးသည့်နောက် သူနှင့်ကျွန်တော် ငါးကြိမ်တိတိ ဆုံမိခဲ့သည်။ ထီလီဈေးတစ်ဝိုက်တွင် နှစ်ကြိမ်၊ သိမ်ကြီးဈေးနားတွင်တစ်ကြိမ်၊ ဘူတာကြီးစကြံတံတားပေါ်တွင် နှစ်ကြိမ်ဖြစ်ပါသည်။ တွေ့လိုက်တိုင်း ပြုပြင်ပြောင်းလဲသွားသည့် အရိပ်လက္ခဏာကို မတွေ့ရပါ။

ထို့နောက်တွင်မူ သူ့ကို မတွေ့ရတော့ပါ။ တစ်ခါတစ်ရံ သတိရသည့်အခါတွင်လည်း "ရှာကျော်တစ်ယောက်တော့ လမ်းပေါ်မှာနေပြီး လမ်းပေါ်မှာပဲ သေသွားပြီထင်ပါရဲ့" ဟု တွေးမိပါသည်။ ဤသို့ဖြင့် သုံးနှစ်ကျော်၊ လေးနှစ်နီးပါးခန့် ကုန်လွန်သွားခဲ့ပြီးနောက် ၁၉၈၆ ခုနှစ်၊ ဒီဇင်ဘာလထဲတွင် လုံးဝမမျှော်လင့်ခဲ့သောရှာကျော်ကို ပန်းဆိုးတန်းလမ်းတစ်နေရာ၌

ပြန်တွေ့ခဲ့ရသည်။

သူသည် ယခင်ကလို စုတ်စုတ်ပြတ်ပြတ်မဟုတ်။ ဝတ်ကောင်းစားလှနှင့်ဖြစ်သည်။ ဆံပင်ကိုလည်း ကျော့နေအောင် ဖြီးထားသည်။ လူကလည်း အသားအရေ စိုပြည်ပြီးဝနေသည်။ အထူးခြားဆုံးမှာ အားပြုကိရိယာတပ်ထားခြင်းဖြစ်၏။ ဘယ်သောအခါမှ အားပြုကိရိယာမသုံးဘဲ လက်နှစ်ဖက်အားပြုပြီး လျှောက်သွားနေလေ့ရှိသော ရွာကျော်သည် ယခုတစ်ကြိမ်တွင်မူ အားပြုကိရိယာအကူအညီဖြင့် မတ်တတ်ရပ်လျက်ရှိပါသည်။

"ကျွန်တော် ကောင်းသွားပြီဆရာကြီး" ဟု သူကဆိုသည်။ "ကျွန်တော် မိန်းမရနေပြီ" ဟုပြောကာ သူ့အနီးမှ ကလေးငယ်ကိုလက်ဆွဲ၍ ရပ်နေသော မိန်းမငယ်တစ်ယောက်အား လက်ညှိုးထိုးပြသည်။ "ကျွန်တော် သာကေတမှာနေတယ်" ဟုပြောကာ သူ့နေရပ်လိပ်စာကို ပေးသည်။ "ဆရာကြီးမလာဘဲ မနေပါနဲ့၊ ဆက်ဆက်လာခဲ့ပါဦး" ဟုလည်း တသသမှာသည်။

တစ်ရက်တွင် ကျွန်တော် ရွာကျော့်ထံ ရောက်သွားခဲ့၏။ ယောက္ခမ၏ အိမ်ဘေးတွင် အဖီကလေးချ၍ သီးခြားနေထိုင်လျက်ရှိသောရွာကျော်သည် ကျွန်တော့်အား ကောင်းစွာဧည့်ခံပြုစုသည်။ ဆရာတပည့်နှစ်ယောက် ရှေးဟောင်းနှောင်းဖြစ်များကိုလည်း ပြောဖြစ်ခဲ့ကြသည်။ ဤသို့ဖြင့် ကျွန်တော်သည်ထိုနေ့က ရွာကျော့်အိမ်တွင် လတ်လတ်ဆတ်ဆတ်ကြက်သားဟင်းနှင့် ထမင်းတစ်နပ်စားခဲ့ရသည်။ အပြန်တွင် ကျွန်တော့်ရင်ထဲ၌ 'ရွာကျော်၏ရွာကျော်' သည် ပါလာခဲ့ပါသည်။

*

(၁)

## ကိုတေကြီး

သင်တန်းကျောင်း စတိုခန်းဖောက်ထွင်းမှုဖြင့် ထောင်ဒဏ်တစ်နှစ် အပြစ်ပေးခြင်းခံခဲ့ရသော ကျွန်တော်သည် ထောင်ထဲ၌ ကိုယ့်စိတ်ကိုယ်ထိန်းချုပ်ပြီး ကုပ်ကုပ်ရုပ်ရုပ် နေခဲ့ပါသည်။ ထောင်ဆိုသည်မှာ ကျွန်တော်



ထက်မိုက်၊ ကျွန်တော့်ထက်ဆိုးသူများ နေထိုင်ရာရပ်ကွက်တစ်ခုဟု သတ်မှတ်ထားသော ကျွန်တော်သည် ထောင်ထဲတွင် ခေါင်းမထောင် ခဲ့ပါ။

ထောင်သားများသည် လက်နှစ်ဖက်အားပြုပြီး သွားလာနေသော ကျွန်တော့်အား သနားကြသည်။ တချို့ကတော့ အံ့သြကြသည်။ "ကျိုးနေပေလို့သာပေါ့ကွာ၊ ကျိုးများမကျိုးရင် လူတောင်သတ်မယ့်ကောင်ပဲ" ဟု ပြောသူတွေရှိသလို "ဒီတစ်ခါ ထောင်ကလွတ်သွားရင် ကောင်းကောင်းနေတော့။ မင်းမှာ ကိုယ့်ခြေထောက်တွေပေါ်တောင် ကိုယ်ရပ်နိုင်တာမှမဟုတ်ဘဲ လူဆိုးသူခိုးလုပ်နေလို့ဖြစ်မလား" ဟု ဆုံးမသူတွေလည်း ရှိပါသည်။

ဆုံးမသူများထဲတွင် ကျွန်တော်တို့၏ အဆောင်ကိုင်လူကြီးကိုတေကြီးသည် ထိပ်ဆုံးကဖြစ်သည်။ သူ့နာမည်ရင်းမှာ ထွန်းမောင်ဖြစ်သော်လည်း ထောင်သားအားလုံးက ကိုတေကြီးဟု ခေါ်ကြပါသည်။

ကိုတေကြီးမှာ ဓားပြမှုနှင့် ထောင်ကျလာသူဖြစ်ပါသည်။ သူ့အရပ်မှာ ငါးပေရှစ်လက်မခန့်ရှိပြီး အသားမည်းမည်း၊ တုတ်တုတ်ခိုင်ခိုင်နှင့် အလွန်ထွားကျိုင်းသန်မာသူဖြစ်ပါသည်။ လူပုံက ကြောက်စရာကောင်းသော်လည်း အလွန်သဘောကောင်းသူဖြစ်ရုံမျှမက စိတ်ရှည်သည်းခံတတ်သူ ဖြစ်ပါသည်။

အဆောင်သားများကို ထိန်းသိမ်းရာ၌ သူသည်ပါးစပ်ဖြင့် သတိပေးဆုံးမသည်က များပါသည်။ "ခွေးသူတောင်းစား၊ သေသွားချင်သလား။ နောက်တစ်ခါ ဒါမျိုးလုပ်ရင် မင်း နာမယ်" ဟူသောစကားသည် သူ့အသုံးစကားဖြစ်သည်။ သူ သတိပေးနေသည့်ကြားမှ 'ကဲ' လာပါမူကား သူဒေါသကြီးတတ်သည်။ သူဒေါသထွက်လာပါကလည်း ကြောက်စရာအလွန်ကောင်းပါသည်။

ကျွန်တော် မမေ့သေးပါ။

ကျွန်တော်တို့အဆောင်တွင် မုဒိမ်းမှုဖြင့် ထောင်ကျနေသော ချစ်ဝင်းဆိုသူရှိသည်။ ချစ်ဝင်းမှာ ဘယ်သူနှင့်မှ မျက်နှာကြောမတည့်ပါ။ စကားပြောလျှင်လည်း အပေါစီးနှင့်ပြောတတ်ပြီး နိုင်မည်ထင်လျှင် အနိုင်ကျင့်ချင်တတ်သော ဉာဉ်ရှိပါသည်။ တစ်ညတွင် သူကကျွန်တော့်အား ခြေထောက်နှင့်လှမ်းကန်ပြီး "ဟေ့ကောင် ငကျိုး၊ ငါ့ကို ဇက်ကြောဆွဲပေး စမ်း"

ဟု ခိုင်းသည်။ ကောင်းကောင်းပြောလျှင် ကျွန်တော်လုပ်ပေးမည် ဖြစ်သော်လည်း ခြေနှင့်ကန်၍ပြောခြင်းဖြစ်သဖြင့် ကျွန်တော်လုပ်မပေးပါ။

"အံမာ...သောက်ကျိုးက ငါ့ကို အာခံချင်သလား၊ သူ့ပထွေးငတော ကျတော့ အမြဲနှိပ်ပေးပြီးငါ့ကျမှ..."

ပြောပြောဆိုဆို ကျွန်တော့်အား ခြေထောက်နှင့် သုံးလေးချက်ထပ် ကန်သည်။ မျက်နှာကို လက်သီးနှင့်သုံးလေးချက်ထိုးသည်။ ယုတ်ယုတ် မာမာ ဆဲရေးတိုင်းထွာသည်။ ပြဿနာသည် ကိုတေကြီးထံ ရောက်သွား ပါသည်။ ကိုတေကြီး ရှူးရှူးရှားရှား ဖြစ်လာသည်။ ချစ်ဝင်းအား မျက်လုံး ကြီးပြူး၍ကြည့်သည်။ "ဘာလဲကွ ဖာခေါင်း၊ မင်းက ငါ့ကိုစမ်းတာလား။ ဒါမျိုးတွေ မလုပ်ပါနဲ့လို့ ငါမင်းကိုသတိပေးထားရက်နဲ့ ဘာလို့ထပ်လုပ် ရတာလဲ" ဟု မေးသည်။

ချစ်ဝင်းက ဘာမှပြန်မပြောပါ။ ကိုတေကြီးအား မျက်စောင်းတစ်ချက် ထိုးကြည့်သည်။ ကိုတေကြီးသည် ဝုန်းခနဲခုန်ထလာပြီး ချစ်ဝင်း၏ကတုံး ကို လက်သီးနှင့်တအားထုလိုက်သည်။ ချစ်ဝင်းလဲကျသွားသည့်အခါ ကို တေကြီးက လည်ပင်းကိုတက်နင်းထားသည်။ ချစ်ဝင်းမှာ အသံပင်မထွက် နိုင်ပါ။ မျက်လုံးများ ပြူးထွက်လာသည်။ သူ့လျှာသည် ပါးစပ်အပြင်သို့ ထွက်လုထွက်ခင် ဖြစ်လာသည်။ ဘေးမှထောင်သားများကသာ အချိန်မီ ဝင်မဆွဲပါက ချစ်ဝင်းသည် ကိုတေကြီး၏ခြေထောက်အောက်တွင်အသက် ပျောက်ဖို့ ရှိပါသည်။

ထောင်ထဲ၌ နေရသည့်ကာလတစ်လျှောက်လုံးဘယ်သူကမှကျွန်တော့် အား မခိုင်းကြပါ။ လက်နှစ်ဖက်ထောက်ပြီး သွားနေရသော အရည်အ ချင်းကြောင့် အားလုံးက 'ဘေးမဲ့' ပေးထားကြသည်။ ကိုတေကြီးကပါ အကာကွယ်ပေးထားသလို ဖြစ်လာသည့်အခါ ပို၍အနေချောင်လာပါ သည်။ တစ်ခါတစ်ရံတွင် ကိုတေကြီးက ကျွန်တော့်အား အနှိပ်ခိုင်းတတ် သည်။ ထိုအခါမျိုးတွင် ကျွန်တော်က ကုလားထိုင်ပေါ်မှထိုင်၍ နှိပ်ပေးသည်။ သူက သမံတလင်းပေါ်တွင် ခြေဆင်းထိုင်ပြီး အနှိပ်ခံပါသည်။

"မင်း ထောင်ကလွတ်ရင် ကောင်းကောင်းနေကွ၊ မင်းက သူများနဲ့ တူတာမဟုတ်ဘူး။ မင်းကအကျိုး၊ မျောက်တောင်မှ လမ်းမလျှောက်နိုင်တဲ့



အကောင်၊ ထောင်ထဲရောက်တယ်ဆိုတာ လူကြားမကောင်းဘူး" ဟု ကိုတေကြီးက သူတတ်သမျှ၊ မှတ်သမျှ ဆုံးမစကားပြောလေ့ ရှိပါသည်။

*

(၂)

## နောက်တစ်ခေါက်မလာနဲ့

"ဟေ့ကောင် ငကျိုး၊ မင်း နောက်တစ်ခေါက် ပြန်မလာခဲ့နဲ့။ ကြား သား...ငါ ပြောတာ"

ကျွန်တော် ထောင်မှလွတ်သည့်နေ့က ကိုတေကြီးမှာလိုက်သည့် စကား ဖြစ်ပါသည်။ ကျွန်တော်က ခေါင်းညိတ်ပြခဲ့ပါသည်။ ပါးစပ်က ဘာတစ်ခွန်းမှ ပြန်မပြောခဲ့သော်လည်း စိတ်ထဲကတော့ "စိတ်ချပါ ဦးလေး ရေ၊ ကျုပ် ပြန်မလာတော့ပါဘူး။ ခင်ဗျားတို့နေရာက ကောင်းမှမကောင်း ဘဲ" ဟု ပြန်ပြောခဲ့ပါသည်။

ထောင်အပြင်သို့ ရောက်သည့်အခါ ကျွန်တော့်အား လာကြိုမည့်လူ တစ်ယောက်မှမရှိမှန်း သိနေပါလျက်နှင့် မျက်စိရှာမိပါသည်။ ရင်ထဲတွင် လည်း ဟာနေပါသည်။ အမေ့ကို သတိရသလိုလို ဖြစ်မိပါသည်။ ထို အတွေးဝင်လာသောအခါ ရင်ထဲတွင် လှိုက်လှိုက်လှဲလှဲ ခံစားရပါသည်။ ဘောပေလေလွင့်နေသော ကျွန်တော့်မျက်လုံးအစုံတွင် မျက်ရည်များဖြင့် ပြည့်လာပါသည်။

"မင်း ထောင်ပြင်ဘက်ရောက်ရင် ထောင်ကိုလုံးဝလှည့်မကြည့်နဲ့။ လှည့်ကြည့်ရင် ဒီအထဲကို ပြန်ရောက်လာတတ်တယ်" ဟု ကိုတေကြီးက ကျွန်တော့်အား မှာလိုက်သည်။ ထောင်ကို လှည့်မကြည့်မိအောင် ကျွန် တော်သတိထားလာပါသည်။ ထိုအခါကျမှပင် လှည့်ကြည့်ချင်စိတ်က ပြင်းထန်လာသဖြင့် များစွာကသိကအောက် ဖြစ်နေရပါသည်။ ကျွန်တော့် ကိုယ်ကျွန်တော် "နောက်လှည့်မကြည့်နဲ့၊ လုံးဝ လှည့်မကြည့်နဲ့" ဟု သတိ ပေးကာ အပြေးအလွှားလာခဲ့ရပါသည်။

ကျွန်တော်သည် ပုဆိုးဟောင်းတစ်ထည်ဖြင့် ထုပ်ထားသည့်အဝတ်

ထုပ်ကလေးကို ပခုံးတွင်ချိတ်လွယ်ကာ အင်းစိန်ဈေးကြီးရှေ့ လမ်းမကြီးအတိုင်း လက်နှစ်ဖက်ဖြင့် မြေကိုထောက်၍ ခပ်သုတ်သုတ် လျှောက်လာခဲ့သည်။ လမ်းသွားလမ်းလာများက ကျွန်တော့်အား ကြည့်ကြည့်သွားကြသည်။ ခြေထောက်များနှင့် လမ်းသွားနေကြသည့်လူအများကြားတွင် လက်နှင့်ထောက်၍ လမ်းလျှောက်နေသူဟူ၍ ကျွန်တော်တစ်ဦးတည်းရှိနေသည်မဟုတ်ပါလား။

ကျွန်တော့်လက်ထဲတွင် ကိုတေကြီးတို့ စုဆောင်းပေးလိုက်သည့် ငွေနှစ်ရာငါးဆယ်ခန့်ပါသဖြင့် ကျွန်တော်အားမငယ်လှပါ။ ထောင်ထမင်း၊ ထောင်ဟင်းနှင့် နပန်းလုံးခဲ့ရသော ကျွန်တော်သည် အစားအစာမျိုးစုံ၏ အနံ့များကို ရှူရသည့်အခါ သွားရည်တမြားမြား ဖြစ်လာသည်။ ကျွန်တော်သည် ဈေးထိပ်က မုန့်ဟင်းခါးဆိုင်တွင်ဝင်၍ ဘူးသီးကြော်နှင့် မုန့်ဟင်းခါးလေးပွဲ၊ ဘူးသီးကြော်တစ်ခု၊ ဘဲသွေးနှစ်ခုနှင့် အုန်းနို့ခေါက်ဆွဲတစ်ပွဲအားလုံးပေါင်းငါးပွဲကို တဝတပြဲ စားပစ်လိုက်သည်။

ဆိုင်ရှင်အဒေါ်ကြီးက ကျွန်တော့်အား လှမ်းလှမ်းကြည့်သည်။ သူ့စိတ်တွင် ကျွန်တော်သည် လူထူးလူဆန်းတစ်ယောက်ဖြစ်နေဟန်တူ၏။ စားသောက်ပြီး၍ ရေနွေးကြမ်းသောက်နေခိုက်တွင် အဒေါ်ကြီးက "မင်းက ဘယ်ကလာလို့ ဘယ်သွားမှာလဲ" ဟု မေးသည်။

"ကျွန်တော် ဟိုဘက်ကမ်းကပါ။ အင်းစိန်က အမျိုးတွေဆီ အလည်သွားမလို့ပါ"

"မင့်ခြေထောက်က ဘာဖြစ်တာလဲ"

"ငယ်ငယ်က လှည်းကြိတ်မိလို့ပါ"

"သြော်...ဖြစ်မှဖြစ်ရလေကွယ်၊ ကျွတ်...ကျွတ်...ကျွတ်"

ကျွန်တော်သည် ပိုက်ဆံပေးသည့်အခါ မုန့်ဟင်းခါးနှစ်ပွဲဖိုးသာယူသည်။ ကျွန်တော်က ဖွတ်ပေးသော်လည်း မရပါ။ "အဒေါ်က မင့်ကိုသနားလို့ ဒါနပြုတာပါကွယ်" ဟု ပြောပါသည်။ သူ၏ကရုဏာမကင်းသောအသံကြောင့် ကျွန်တော်မျက်ရည်စို့ရပါသည်။ ကျွန်တော်သည် အဒေါ်ကြီးအား ဦးသုံးကြိမ်ချပြီး ထွက်လာခဲ့ပါသည်။ "သာဓုကွယ်...သာဓု... သာဓု၊ ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေ" ဟူသော အဒေါ်ကြီး၏အသံသည်



ကျွန်တော့်နောက်က လိုက်လာပါသည်။

ထောင်ကျလာခဲ့ရခြင်းကြောင့်လားမသိ ကျွန်တော်မျက်ရည်လွယ်နေသည်။ အထူးသဖြင့် သနားကြင်နာသောလေသံသည် ကျွန်တော့်စိတ်ကို အလွန်ထိခိုက်စေခဲ့ပါသည်။ မည်သို့ပင်ဖြစ်စေ သံလမ်းကိုကျော်ဖြတ်လာခဲ့ပြီဖြစ်သောကျွန်တော်သည် ကိုယ့်ဘဝရှေ့ရေးအတွက် မစဉ်းစား၍မဖြစ်။

"ငါ ဘယ်ကိုသွားမလဲ၊ ဘယ်မှာနေမလဲ"

ကျွန်တော်သည် အင်းစိန်ဘူတာ၊ မီးရထားခုံးတံတားပေါ်၌ထိုင်ကာ စဉ်းစားနေသည်။ ကျွန်တော့်အဖို့ သွားစရာဟူ၍ နှစ်နေရာသာရှိသည်။ တစ်နေရာမှာ ကျွန်တော်အသက်မွေးဝမ်းကျောင်းပညာသင်ယူခဲ့ရသည့် သင်တန်းကျောင်း၊ နောက်တစ်နေရာမှာ အပေါင်းအသင်းဆိုးတွေ ကျက်စားသည့်ကီလီဈေး။

သင်တန်းကျောင်းသို့ပြန်လျှင် စားဝတ်နေရေးအတွက် မပူရ။ ပေါသစ်သုတ်၊ ကြိမ်ထိုးနှင့် စာအုပ်ချုပ်ပညာများ ဆက်လက်သင်ကြားရမည်။ သို့သော်လည်း စည်းနှင့်ကမ်းနှင့်နေရမည်။ အချိန်နှင့်သွား၊ အချိန်နှင့်စား၊ အချိန်နှင့်အလုပ်လုပ်ပြီး အချိန်နှင့်အိပ်ရမည်။ ထိုအချက်ကို တွေးလိုက်မိသည့်အခါ ရင်ထဲတွင် မွန်းကျပ်လာသည်။ မလွတ်လပ်လိုက်လေခြင်းဟု တွေးမိကာ စိတ်မောသွားသည်။

ထို့ပြင်လည်း ကျွန်တော်သည် သင်တန်းကျောင်းမှပစ္စည်းများကို ဖောက်ထွင်းခိုးယူခဲ့သူဖြစ်သည်။ ယင်းရာဇဝတ်မှုအတွက် ထောင်ကျထားသူလည်းဖြစ်၏။ နဂိုကမှ နာမည်ပျက်ရှိနေသောကျွန်တော့်အား အခြားကျောင်းသားများက ဆေးဖော်ကြောဖက်လုပ်ကြလိမ့်မည်မဟုတ်။ ကျွန်တော်အပိုင်အနိုင် ဆုံးဖြတ်လိုက်သည်။ သင်တန်းကျောင်းကိုတော့ ကျွန်တော်မပြန်၊ ကျွန်တော့်အဖို့ ရွေးစရာလမ်းသည် တစ်လမ်းတည်းသာ ရှိပါတော့သည်။

ကျွန်တော့်ရှေ့မှ ဖြတ်လျှောက်သွားနေသူအများစုသည် ကျွန်တော့်ရှေ့သို့ ကျပ်တန်နှင့် ငါးကျပ်တန်များ ချပေးသွားကြသည်။ ကျွန်တော့်အားတောင်းစားသူဟု ထင်နေကြဟန်တူပါသည်။ ကျွန်တော့်ပုံပန်းနှင့် အနေအထိုင်ကလည်း ထိုလိုလူမျိုးနှင့်တူနေသည်မှာအမှန်။ ကျွန်တော်

သည် မျက်စိအောက်၌ရောက်နေသည့် ငွေစက္ကူများကိုရေတွက်ကြည့်ရာ ခြောက်ဆယ့်ခုနစ်ကျပ်တိတိရှိသည်ကို တွေ့ရသည်။ ကျွန်တော်သည် ပိုက်ဆံများကို အိတ်ကပ်ထဲထိုးထည့်ပြီး တံတားပေါ်မှ ဆင်းလာခဲ့ပါသည်။

ထိုနေ့အဖို့ မနက်စာကို ဒံပေါက်ထမင်းစားသည်။ ဈေးထဲမှ လက်ဖက်ရည်သောက်ကာ နာရီဝက်ခန့်ထိုင်သည်။ ထို့နောက် ဈေးထဲလျှောက်ကြည့်သည်။ လွတ်လွတ်လပ်လပ် သွားချင်ရာသွား၍ လာချင်ရာလာနေရသဖြင့် စိတ်ချမ်းသာလှပါဘိခြင်း။ ကျွန်တော့်အတွက် မုတ်ဆိတ်ရိတ်သည့် ဂျူတ်နှင့်ဓား၊ လုံချည်တစ်ထည်နှင့် စွပ်ကျယ်တစ်ထည်ဝယ်သည်။

ခြေလက်ဆော့တတ်သည့် ဉာဉ်ဆိုးသည် ပြန်ပေါ်လာသည်။ ဈေးဆိုင်များကြားမှ ဖြတ်လျှောက်သွားတိုင်း ကျွန်တော့်လက်များသည် ယားနေသည်။ ထိုနေ့အဖို့ ကျွန်တော့်တွင် နေ့တွက်ကိုက်သည်ဟု ဆိုရပါမည်။ ဈေးထဲမှ ပြန်ထွက်လာချိန်တွင် ကျွန်တော့်အဝတ်ထုပ်ထဲ၌ ပါတိတ်တစ်ထည်၊ ပုဆိုးတစ်ထည်နှင့် ဖိနပ်တစ်ရန်ပါလာသည်။ ဈေးဝယ်များချိန်တွင် လက်မြန်ခြေမြန်နိုင်လှသော ကျွန်တော့်အဖို့ ဤပစ္စည်းများကို 'တို' ရသည်မှာ လွယ်ကူလှပါသည်။

ဗိုက်လည်းလေး၊ မျက်စိများကလည်း မှေးလာနေသဖြင့် ကျွန်တော်သည် မီးရထားခုံး၊ တံတားဆီသို့ ပြန်ခဲ့သည်။ တံတားအောက် ချောင်ကောင်းကောင်းတွင်ဝင်ကပ်ကာ အဝတ်ထုပ်ကိုခေါင်းအုံး၍ တစ်ရေးတစ်မောအိပ်သည်။ ညနေ နေဝင်ချိန်ကျမှ နိုးပါသည်။ ကျွန်တော့်အဖို့ အထူးတလည်ထပ်မံ၍ စဉ်းစားနေစရာမလိုတော့ပါ။ ကျွန်တော် ဆက်လျှောက်မည့်လမ်းကို ရွေးထားပြီးပြီ မဟုတ်ပါလော။

ကျွန်တော်သည် အဝတ်ထုပ်ကိုလွယ်ကာ ဟီးနိုးဘတ်စ်ကားဆိပ်သို့ လာခဲ့သည်။ လူပါးသဖြင့် ကားပေါ်တွင် ဖင်ထိုင်စရာ တစ်နေရာရသည်။ ကားခထုတ်ပေးသည့်အခါ လက်မှတ်ရောင်းသူက ကျွန်တော့်အား ခြေဆုံးခေါင်းဆုံးကြည့်ပြီး ပြုံးသည်။ ကျွန်တော်ကလည်း ပြန်၍ပြုံးပြလိုက်ပါသည်။

လမ်းတစ်ဖက်ရှိ ဓာတ်တိုင်များဆီမှ မီးလုံးများသည် လင်းလာကြ



သည်။ ကားပြတင်းမှ ဝင်လာနေသောလေသည် အေးလှပါဘိခြင်း။ နောက်တစ်ခဏမျှအကြာတွင် ဟီးနိုးကားကြီးသည် အင်းစိန်–ရန်ကုန် ကားလမ်းမကြီးပေါ်၌ အရှိန်ပြင်းစွာဖြင့် ပြေးသွားလျက်ရှိလေသည်။

*

## (၃)

### ခွေးပါးစပ်မှ နတ်စကား

ကျွန်တော့်ရောင်းရင်းအပေါင်းအသင်းများအား ရှာရသည်မှာ မခက်ပါ။ သူတို့၏နေရာကို ကျွန်တော်သိသည်။ အခုအချိန်ဆိုလျှင် ညောင်ပင်လေးဈေး ဗောတံတားအနီးတစ်ဝိုက်၌ သူတို့ရှိမည်။ တစ်ယောက်မဟုတ်တစ်ယောက်တော့ တွေ့မည်။ ကျွန်တော့်အထင်သည် မလွဲပါ။ ဗောတံတားဘေးတစ်နေရာ၌ ထိုင်နေသောပေစိနှင့် ငတိုးကိုတွေ့ရသည်။ ကျွန်တော့်ကို သူတို့မမြင်ပါ။ ကျွန်တော်သူတို့အနားကပ်သွားပြီး ကျောကိုပုတ်ခါမှ အလန့်တကြား လှည့်ကြည့်ကြသည်။

"ဟော...ခြေကျိုး၊ သူငယ်ချင်း နင် ထောင်ကလွတ်လာပြီလား"

ပေစိက အော်ကြီးဟစ်ကျယ်ပြော၍ ကြိုဆိုသည်။ ငတိုးက သူ့အားတံတောင်နှင့်တွတ်၍ "ဘာလဲ...ဘာထောင်က လွတ်လာတာလဲ။ သောက်သံပြဲကြီးနဲ့ ဘာပြုလို့ အော်နေရတာလဲ" ဟု သတိပေးသည်။

"ဟာ...ဟုတ်သားပဲ။ ငါ မေ့သွားတယ်" ဟု ရေရွတ်ကာ ပေစိက သူ့ပါးစပ်ကို လက်ဝါးနှင့်အုပ်ထားသည်။ ပေစိသည် စကားပြောလျှင် တိုးသအောင်မပြောနိုင်ပါ။ နှစ်ဦးစလုံး ကျွန်တော်ထောင်မှလွတ်လာသည့်အတွက် ဝမ်းသာနေကြသည်။ ချက်ချင်းပင် ငတိုးက ထိုင်ရာမှ ထရပ်သည်။ "ဝက်ပုပ်နဲ့အာလူးကို ငါသွားခေါ်ဦးမယ်။ မင်းတို့ ဒီကစောင့်" ဟု ပြောသည်။

ကျွန်တော်က "ဟေ့ကောင်...နေဦး၊ ငါ အလုပ်ဖြစ်လာတယ်" ဟု ပြောကာ အင်းစိန်ဈေးကြီးထဲမှ တိုလာခဲ့သောပစ္စည်းများကို ထုခွဲရန်ထုတ်ပေးလိုက်သည်။ "ခြေကျိုးကဖြင့် လက်ဖျားခါလောက်ပါသကွာ" ဟု ငတိုး

ကပြောပြီး ထွက်သွားပါသည်။

ထိုညက ကျွန်တော်တို့ငါးယောက်သည် ကျွန်တော်ထောင်မှလွတ်လာသည့်အထိမ်းအမှတ်အဖြစ် ကီလီဗောတံတားအောက်၌ စားပွဲ၊ သောက်ပွဲကျင်းပဖြစ်ကြသည်။ စောစောပိုင်းတွင် သူတို့သည် အလုပ်ခွင်ဝင်ကြသေးသည်။ သူတို့အလုပ်မှာ ကြုံရာကျရာနေရာများမှ ရသမျှပစ္စည်းများကို တိုကြခြင်းဖြစ်၏။ ကျွန်တော့်ကိုတော့ "ဒီတစ်ည နားဦး" ဟုပြောကာထားခဲ့ကြသည်။ ညရှစ်နာရီကျော် ကိုးနာရီနီးပါးခန့်တွင် ချိန်းထားသည့်အတိုင်း သူတို့လူစု ပြန်ရောက်လာကြပါသည်။

မြေကြီးပေါ်၌ ပုဆိုးစုတ်တစ်ထည်ခင်းကာ အပေါ်မှသတင်းစာစက္ကူများဖြန့်၍ ခေါက်ဆွဲကြော်၊ ထမင်းကြော်၊ အခေါက်ကင်၊ အသားကင်စသည်များကို အထုပ်လိုက်ဖြည်ပြီး ချထားသည်။ အရက်သုံးပုလင်းကိုတော့ တစ်လုံးကိုအလယ်မှာထောင်ပြီး ကျန်နှစ်ပုလင်းကိုဘေးနား၌ ချထားသည်။ ကိုယ့်နည်းကိုယ့်ဟန်နှင့် ပျော်ကြရသည့်ပွဲ ဖြစ်ပါသည်။

ကျွန်တော်တို့လူစုသည် အတင်းအဖျင်း၊ သတင်းစုံများ ပြောကြသည်။ ကျွန်တော်က သူတို့အား ထောင်အတွေ့အကြုံများ ပြောပြသည်။ အချုပ်ခန်းလောက်သာ ရောက်ဖူးသူများဖြစ်သဖြင့် ကျွန်တော်ပြောပြသမျှ ထောင်တွင်းဖြစ်ရပ်များသည် သူတို့အတွက် အထူးအဆန်းတွေချည်းဖြစ်နေပါသည်။

"ဟေ့...ခေါကျိုး၊ မင်း ဟိုကောင်မ တင်းတင်းရွှေကို မှတ်မိတယ်မဟုတ်လား"

"သင်းသင်းရွှေပါကွ"

"ငါကကော ဘာပြောနေလို့လဲ၊ တင်းတင်းရွှေလို့ ပြောနေတာပဲ"

"အေးပါ ငါကလည်း မင်းပြောတဲ့တင်းတင်းရွှေကိုပဲ ပြောတာပါပဲ။ ဟဲ...ဟဲ...ဟဲ"

ပေစိနှင့် ငတိုးအချီအချဖြစ်နေသဖြင့် ကျွန်တော်က "အေး...ငါ မှတ်မိတယ်။ သင်းသင်းရွှေ ဘာဖြစ်လို့လဲ" ဟု ကြားဖြတ်ပေးရပါသည်။

"ကောင်မလေး တနားပါတယ်။ ဟိုအလုပ်သမား မြမောင်လေ တကယ်အတည်လိုလိုနဲ့ ဗိုက်လည်းကြီးရော မယူတော့ဘူးကွ တိလား"



ကျွန်တော်မှတ်မိသည်။ သင်းသင်းရွှေမှာ ကီလီဈေးတွင် ညတိုင်းဘိန်းမုန့်ရောင်းရသည်။ အသက်မှာ ၁၆၊ ၁၇ ထက် မကြီးသေး။ မြမောင်ဆိုသူမှာ သင်္ဘောကုန်တင်ကုန်ချ အလုပ်သမားဖြစ်သည်။ အသက်မှာ လေးဆယ်ခန့်ရှိပြီး သားမယားလည်း ရှိဟန်တူပါသည်။ အမှန်အတိုင်းပြောရလျှင် ကျွန်တော်စိတ်မကောင်းဖြစ်ရ၏။ ကျွန်တော့်အမေ မနန်းပုံကို သတိရမိသည်။ အမေသည် ကျွန်တော့်အား လင်ကောင်မဖော်နိုင်ဘဲမွေးခဲ့သည်မဟုတ်ပါလား။

"တောက်"

ပြင်းထန်လွန်းသော တက်ခေါက်သံကြောင့် သူဟို့အားလုံး အံ့အားသင့်နေကြသည်။ မာလွန်းလှသော ကျွန်တော့်မျက်နှာကို နားမလည်နိုင်သည့်မျက်နှာထားများဖြင့် ကြည့်နေသည်။

"ဘာဖြစ်တာလဲ....ဟ၊ ခေါကျိုးရ" ဟု အာလူးက မေးသည်။

"ဘာမှ မဖြစ်ပါဘူးကွာ"

သူတို့အားလုံး ငြိမ်နေကြသည်။

"သင်းသင်းရွှေနဲ့ မင်းနဲ့များ ဖြစ်နေလို့လား" ဟု ငတိုးကမေးသည်။

"မဖြစ်ပါဘူးကွာ"

"ဒါဖြင့် ဘာပြုလို့လဲ"

"မြမောင်ဆိုတဲ့ ကောင်ကြီးကို ဒေါသဖြစ်လို့ပါ။ ကဲပါကွာ...ဒါတွေပြောမနေပါနဲ့။ စိတ်ညစ်စရာကောင်းပါတယ်"

အားလုံးငြိမ်ဆိတ်နေကြပြန်သည်။

"လောကကြီးမှာ ချင်းရဲတာ၊ ချမ်းသာတာ...တာနဲ့ မချိုင်ဘူးကွ၊ တိလား၊ ယုတ်မာတဲ့အကောင်ဟာ ယုတ်မာတာပဲ" ဟု ပေစိကပြောသည်။

"အံမယ်...ခွေးပါးစပ်က နတ်စကားထွက်လာပါလား" ဟု ငတိုးကပြောပြီးရယ်သည်။ လူဝသလောက် စကားအလွန်နည်းသောဝက်ပုပ်ကသူ့ထင်မြင်ချက်ကိုပေးသည်။

"အရူးက တစ်မူးသာသွားတာကွ"

*

## (၄)

### အခုလို မဖြစ်ပါရစေနဲ့

ထိုညက ကျွန်တော်ကောင်းကောင်းအိပ်မပျော်ပါ။ မှုးတူးမင်တင်ဖြစ်နေသည့်ကြားမှပင် မြမောင်၏မျက်နှာကိုသာ မြင်နေသည်။ အသားမည်းမည်း၊ မျက်စိပေါက်ကျဉ်းကျဉ်း၊ ပါးစပ်ပြဲပြဲ၊ နှာခေါင်းကြီးကြီး၊ ကျွန်တော့်အမြင်တွင် ရုပ်လက္ခဏာမကောင်းသည့်လူတစ်ယောက်ဖြစ်နေသည်။ စကားပြောလျှင်လည်း အာကျယ်အာကျယ်နှင့် လူတွင်ကျယ်လုပ်ချင်သူဖြစ်၏။

ဤအနီးတစ်ဝိုက်၌ ကျက်စားနေခဲ့သည်မှာ ကြာပြီဖြစ်သဖြင့် ကုန်ကင်ကုန်ချအလုပ်သမားအတော်များများကို ကျွန်တော်သိသည်။ အထူးသဖြင့် အသံကျယ်ကျယ် ကျယ်ကျယ်ဖြင့် အလုပ်သမားများအား ဆရာလုပ်နေတတ်သောမြမောင်ကို ကျွန်တော်ကောင်းကောင်းသိနေသည်။ သူ့မျက်နှာကိုမြင်ယောင်မိတိုင်း ကျွန်တော့်ရင်ထဲတွင် ဒေါသလှိုင်းသည် ပြင်းထန်စွာထကြွလှုပ်ရှားလျက် ရှိပါသည်။

ထင်းရှူးသေတ္တာစုတ်လေးပေါ် မုန့်ဗန်းတင်၍ ဈေးရောင်းနေသောဘိန်းမုန့်သည် သင်းသင်းရွှေကို မြင်ယောင်သည့်အခါ စိတ်ထိခိုက်မိ သည်။ သင်ကောင်မဖော်နိုင်ဘဲနှင့် ကလေးမွေးရမည့်ကိစ္စသည် ကြောက်စရာကောင်းလှပါသည်။ ကျွန်တော့်အမေ မနန်းပုံသည် အခုသင်းသင်းရွှေဖြစ်သလို ဖြစ်ခဲ့ရခြင်းဟု ကျွန်တော်နားလည်ထားသည်ဖြစ်ရာ စိတ်ထဲတွင်မခံချိမခံသာ ဖြစ်နေသည်။

အိပ်တစ်ဝက်နိုးတစ်ဝက်နှင့်ပင် မိုးလင်းသွားသည်။ ကျွန်တော်သည် ကမ်းစပ်ရှိ သမ္ဗန်ပေါ်တက်ကာ မြစ်ရေကိုလက်ခုပ်နှင့်ခပ်၍ မျက်နှာသစ်သည်။ ပလုပ်ကျင်းသည်။ ရေဆိုသည်မှာ တစ်ပိဿာရှိလျှင် သန့်သည်ဟု လူကြီးတွေ၏ဆိုစကားရှိထားသည် မဟုတ်ပါလား။ ကျွန်တော်သည် ပုဆိုးစဖြင့် မျက်နှာကိုသုတ်လိုက်ပြီး မြစ်ပြင်ကိုမျှော်ကြည့်မိသည်။

နေရောင်ကို မမြင်ရသေးပါ။ သို့သော်လည်း ဤဘက်ကမ်းသို့ လှော်ခတ်လာနေသော သမ္ဗန်များကိုတော့ မြင်နေရပြီ။ "ဟော့ကောင်...ငကျိုး"



ဟုသောခေါ်သံကြောင့် ကျွန်တော်လှည့်ကြည့်သည်။ ခါးထောက်ပြီး ရပ်နေသည့် ပေစိ။ ကျွန်တော်သမ္ဗန်ပေါ်မှ ဆင်းလာခဲ့ပါသည်။

လက်ဖက်ရည်ဆိုင်ထဲ ထိုင်မိကြသည့်အခါ ပေစိက တိုးတိုးကပ်ပြောသည်။ "ဟိုမှာမြင်လား...၊ မြမောင်ဆိုတာ အဲဒီအကောင်ပေါ့ကွ"

"အေးပါ၊ ငါ သိပါတယ်။ ဝင်လာကတည်းက ငါသူ့ကို မြင်ပါတယ်"

မြမောင်သည် အာကျယ်ပါကျယ်ဖြင့် စကားတွေ ဖောင်လောက်အောင်ပြောနေသည်။ သူ့အသံကို ကျွန်တော်နားမခံနိုင်အောင် ဖြစ်နေပါသည်။ သူ့အား ဓားတစ်လက်နှင့် တစ်ပိုင်းစီ၊ တစ်စစီဖြစ်သွားအောင် ခုတ်ပစ်ချင်စိတ်ပေါ်နေသည်။ သို့သော်လည်း ကျွန်တော်လုပ်နိုင်သည့်ကိစ္စ မဟုတ်ပါ။ ကျွန်တော်က အကျိုး၊ သူက အကောင်း။

လက်ဖက်ရည်သောက်အပြီးတွင် ပေစိနှင့်ကျွန်တော် လမ်းခွဲကြသည်။ ကျွန်တော်တို့ အလုပ်သည်တွဲလုပ်၍မရပါ။ ကိုယ့်နည်းနှင့်ကိုယ့်အချိန်အခါနှင့် အခြေအနေကိုကြည့်၍ လျင်မြန်သွက်လက်စွာ လှုပ်ရှားရသည့်အလုပ်များဖြစ်ပါသည်။ ကျွန်တော်သည် သံဈေးဘက်ထွက်လာခဲ့သည်။ သံဈေးအပြင်တန်းမှာ လူအလွန်စည်သဖြင့် လုပ်ရကိုင်ရသည်မှာ မချောင်ပါ။ ကာယကံရှင်က မမြင်မသိသည့်တိုင်အောင် ဘေးလူများက မြင်၍အော်လျှင် ပြေးပေါက်မှားတတ်ပါသည်။

ကျွန်တော်သည် အတွင်းဘက်ဈေးရုံအတွင်း၌ သုံးလေးပတ်ပတ်မိသောအခါ အကွက်ကောင်းတွေ့လာသည်။ တရုတ်မကြီးတစ်ယောက်၏ ဈေးခြင်းတောင်းထဲမှ ပိုက်ဆံအိတ်ကိုရလာခဲ့သည်။ ကျွန်တော့်အနေဖြင့် နောက်တစ်ကြိမ်ထပ်ဝင်၍ မဖြစ်တော့သဖြင့် ၁၈ လမ်းဘက်သို့ကူးကာ ကမ်းနားလမ်းသို့ ထွက်လာခဲ့သည်။ ကျွန်တော့်နောက်မှ အော်သံဟစ်သံများ ကြားရလေမလားဟု နားစွင့်လာသော်လည်း မကြားရပါ။

ကျွန်တော်သည် နန်းသီတာဆိပ်သို့ လျှောက်လာခဲ့ပြီး လူအသွားအလာရှင်းသော ကမ်းစပ်တစ်နေရာမှ ညောင်ပင်ကြီးအောက်၌ထိုင်သည်။ လွယ်အိတ်ထဲ လက်နှိုက်ပြီး ပိုက်ဆံအိတ်ထဲမှပစ္စည်းများကို ချလိုက်သည်။ ပိုက်ဆံအိတ်ကိုမူ ရေထဲသို့လွှင့်ပစ်လိုက်ပါသည်။ လွယ်အိတ်ထဲမှ ငွေစက္ကူများကို ပုဆိုးထဲထည့်ပြီး ရေကြည့်ရာ ငွေခုနစ်ရာကျော် ရှစ်ရာနီးပါး

ခန့်ရှိပါသည်။ ကျွန်တော့်အဖို့ နေ့တွက်စီသွားပြီ။ ဤငွေကို အနည်းဆုံးနှစ်ရက်တော့ ကောင်းကောင်းသုံးနိုင်သည်။ တစ်ခုတော့ ရှိပါ၏။ အရင်ကလို ကျားထိုးပစ်လျှင်တော့ တစ်နာရီပင် ခံမည်မဟုတ်။

ကျွန်တော်သည် ဘတ်စ်ကားစီးကာ မြေနီကုန်းသို့ လာခဲ့သည်။ လေဟာပြင်ဈေးတွင်ဝင်၍ ထမင်းစားသည်။ ဈေးထဲ၌ တစ်ပတ်နှစ်ပတ်မျှလှည့်အပြီးတွင်မှ ဝိဇယရုပ်ရှင်ရုံသို့သွားကာ ရုပ်ရှင်ဝင်ကြည့်ပါသည်။ ရုပ်ရှင်မှာ ကုလားကားဖြစ်၍ ဘာတစ်ခုမှ နားမလည်ပါ။ ကုလားထီးတွေရော၊ ကုလားမတွေရော၊ ကလေးတွေရော၊ အဘိုးအို၊ အဘွားအိုတွေပါ သီချင်းတဟိုဟိုဆိုပြီး ကခုန်နေကြသည်ကို မြင်နေရသည်။ ကျွန်တော့်ခေါင်းသည် မူးနောက်လာသည်။ ထို့နောက် မေ့ခနဲဖြစ်သွားပါသည်။ ရုပ်ရှင်ရုံမှ အမှိုက်လှဲသောအလုပ်သမားသာ လာမနိုးလျှင် ကျွန်တော်ထိုနေ့က ဝိဇယရုံထဲ၌ တစ်ညမျှ အိပ်ရမည်ဖြစ်ပါသည်။

ရုပ်ရှင်ရုံထဲမှ ထွက်လာသည့်အခါ ရွှေတိဂုံစေတီကို မြင်နေရသည်။ တစ်ခေါက်မှ မရောက်ဖူးသေးသဖြင့် ရင်ပြင်တော်ပေါ်သို့ တက်ခဲ့သည်။ ကျွန်တော့်အား "ပန်းဝယ်သွားပါဦးလား" ဟုခေါ်သည့် ပန်းသည်တစ်ဦးမှ မရှိပါ။ သို့သော်လည်း ကျွန်တော်သည် ဆိုင်တစ်ဆိုင်သို့ဝင်ကာ နှင်းဆီပန်းနှင့် ဖယောင်းတိုင်များဝယ်ခဲ့သည်။ အပေါ်ရောက်တော့ တခြားလူတွေ၏အတုကိုယူ၍ ဆီမီးထွန်းခြင်း၊ ပန်းထိုးခြင်းပြုလိုက်ပါသည်။

မြောက်ဘက်မုခ် ဘုရားရှေ့၌ ထိုင်နေသော်လည်း ကျွန်တော်ဘာလုပ်ရမည်မသိပါ။ ဩကာသလည်း အစအဆုံးမရ။ ငါးပါးသီလလည်း မဆိုတတ်။ ဘယ်လိုမျိုးတောင်းရမှန်းလည်း မသိ။ ဘုရား၏မျက်နှာတော်ကိုသာ စိုက်ကြည့်နေမိသည်။ နောက်ဆုံးတွင် "နောင်ဘဝကျရင် အခုလိုမဖြစ်ပါရစေနဲ့ဘုရား" ဟု ငိုးတိုးဆုတောင်းပြီး တောင်ဘက်မုခ်မှ ပြန်ဆင်းလာခဲ့ပါသည်။

လမ်းသင့်နေသဖြင့် လဟာပြင်ဈေးထဲဝင်ခဲ့သည်။ လူစည်ချိန်ဖြစ်၍ ကျွန်တော့်လိုလူစားအတွက် အလုပ်လုပ်လို့ အဆင်ပြေနိုင်စရာရှိနေသည်မဟုတ်ပါလား။ ကျွန်တော် လဟာပြင်ဈေးမှ သိမ်ကြီးဈေးဘက်အကူးတွင် လွယ်အိတ်ထဲ၌ ခိုတံဆိပ်ခေါက်ထီးတစ်လက် ပါလာခဲ့ပါသည်။ ကီလီ



ဈေးသို့ ကျွန်တော်ပြန်ရောက်သည့်အခါတွင်မူ ခုနစ်နာရီ ထိုးနေပါပြီ။

*

(၅)

## "ငါ ဘာလုပ်ရမလဲ"

ညပိုင်းက စောစောစီးစီး အိပ်ရာဝင်ခဲ့သောကျွန်တော်သည် ပူကလည်းပူ၊ အိုက်ကလည်းအိုက်၊ ခြင်ကလည်းကိုက်လွန်းသဖြင့် တစ်ရေးနိုးလာသည်။ ကီလီဈေးထိပ်ဘက်မှ သံချောင်းခေါက်သံနှစ်ချက်ကို ကြားလိုက်ရပါသည်။ ဆာသလိုလိုရှိသဖြင့် အနီး၌ချထားသော ကျွတ်ကျွတ်အိတ်ထဲမှ ကောက်ညှင်းထုပ်နှစ်ထုပ်ကိုယူစားပြီး ပုလင်းထဲမှရေကို တစ်ဝသောက်လိုက်သည်။ ပြန်၍အိပ်ချင်စိတ်မရှိတော့သဖြင့် တံတားအောက်မှထွက်ကာ တံတားပေါင်ကိုခုန်ဆွဲပြီး အပေါ်သို့တက်လာခဲ့ပါသည်။ ထို့နောက် ဆိပ်ခံဘောကြီးပေါ်သို့ ဆင်း၍ထိုင်နေပါသည်။

ကောင်းကင်ထက်၌ လသည် မြစ်ရေပြင်အောက်၌ နစ်မြုပ်ကာ တသက်လက် တောက်ပနေသည်။ လှိုင်းပုတ်သံသည် ညင်သာလှပါ၏။ ဘစ်ချက်ကစ်ချက်တွင် ဟိုနေရာသည်နေရာမှ ငါးပွက်သံများ ကြားရသည်။ တစ်ခါတစ်ရံတွင် ဈေးဘက်မှ လူသံသူသံများသည် လေနှင့်အတူ လွင့်မျောလာတတ်ပါသည်။ ကီလီသည် ညမအိပ်သော ဈေးတစ်ဈေးဖြစ်သည်မဟုတ်ပါလား။

ကျွန်တော်အမေ့ကို သတိရသည်။ အမေ့ကို လွမ်းသည်။ အမေ့ကို ဘမ်းတသည်။ "အမေသာရှိရင် ငါ အခုလိုဖြစ်မှာမဟုတ်ဘူး" ဟုလည်း တွေးမိသည်။ ရွာထဲမှ တခြားကလေးတွေနှင့်ရန်ဖြစ်၍ ကျွန်တော့်အား ရိုက်နှက်ပြီးသည့်အခါတိုင်း အမေသည် ဝမ်းနည်းပက်လက် ငိုတတ်သည်။ "နင် ငါ့ကို သတ်လိုက်ပါတော့လားဟဲ့" ဟုလည်း ငိုကြီးချက်မနှင့် ပြောတတ်သည်။ အမေ့ကို သနားနေမိပါသည်။ အမေ ရှိနေစဉ်တုန်းက မသနားဘဲ မရှိတော့ခါမှ သနားနေခြင်းသည် ဘာများအဓိပ္ပာယ်ရှိပါသနည်း။

ကျွန်တော့်စိတ်သည် သင်းသင်းရွှေထံသို့ ရောက်သွားသည်။ သင်းသင်းရွှေသည် ငယ်ငယ်ရွယ်ရွယ်နှင့် ဈေးထွက်ရောင်းကာ မိသားစုအား ပုပ်ကျွေးနေသူဟု ကျွန်တော်ကြားထားခဲ့ပါသည်။ ကျွန်တော့်အမေ မနန်း ုံနှင့် အခုသင်းသင်းရွှေ၏အဖြစ်သည် ခြားနားမှုရှိသည်ဟု ကျွန်တော် ထင်ပါ။ အကယ်၍ သင်းသင်းရွှေသည် သူ့ကိုယ်ဝန်ကို ဖျက်မချဘဲ ားမည်ဆိုပါက သူမွေးလာသောကလေးသည် ကျွန်တော်နှင့်ဘဝတူတစ် ယောက်ဖြစ်လာဖို့ ရှိပါသည်။

ကျွန်တော်သည် တွေးမိတွေးရာများကိုတွေးရင်း တစ်ခေါင်းလုံးနောက် ကျိရစ်ထွေးလာသည်။ စောစောက တည်ငြိမ်အေးဆေးနေသောစိတ်သည် ယောက်ယက်ခတ်ကာ လှုပ်ရှားလာသည်။ "ငါ ဘာလုပ်ရမလဲ၊ ငါ ဘာလုပ်ရမလဲ၊ ငါ ဘာလုပ်ရမလဲ" နောက်ဆုံးတွင် ကျွန်တော်သည် လွန်ခဲ့သောတစ်ရက်နှစ်ရက်ကတည်းက စိတ်ကူးထားသည့်အတိုင်း လုပ်တော့မည်ဟု ဆုံးဖြတ်လိုက်ပါသည်။

ကျွန်တော်သည် ချက်ချင်းပင် တံတားအောက်သို့ပြန်၍ ပစ္စည်းများကို လွယ်အိတ်ထဲထည့်သည်။ ခေါင်းအုံးအဖြစ်၊ ဖင်ထိုင်ခုံအဖြစ် သုံးနေသော အုတ်ခဲသုံးလုံးထဲမှ တစ်လုံးကိုယူ၍ တံတားအဆင်းထိပ်သို့ တက်လာခဲ့သည်။ တံတားသံဘောင်ကြားမှနေ၍ ပတ်ဝန်းကျင်ကို ကြည့်သည်။ လူသွားလူလာမရှိသေး။ တိတ်ဆိတ်မှောင်မည်းလျက်ရှိ၏။ ကျွန်တော် ခိုကပ်နေသည့်နေရာသည် လုံခြုံသောနေရာဖြစ်သည်။ မျက်နှာချင်းဆိုင်ဘက်မှ လာနေသူများကို ကျွန်တော်က ကောင်းစွာမြင်နိုင်သော်လည်း သူတို့က တော့ ကျွန်တော့်ကို ရုတ်တရက် မမြင်နိုင်ပါ။

ဘိုကလေးနှင့် မြောင်းမြဘက်မှ သင်္ဘောများသည် အစောကြီးဆိုက် ကတ်သည်ဖြစ်ရာ ကုန်တင်ကုန်ချ အလုပ်သမားများသည်လည်း ဤဆိပ် ကမ်းသို့အစောကြီးလာကြသည်။ တချို့ဆိုလျှင် ကီလီမှာပင် အိပ်ကြပါ သည်။ ကျွန်တော်လေ့လာသိရှိထားသလောက်ဆိုပါက မြမောင်သည် အစောကြီးလာလေ့ရှိသည်။ သူသည် အလုပ်သမားဂိုဏ်းခေါင်းဆောင် ဖြစ်သဖြင့် လူများထက်စော၍ လာလေ့ရှိသည်။ ကျွန်တော်မျှော်လင့်ထား သည့်အတိုင်း ကျွန်တော်လိုချင်သည့်အကွက်တော့ ဝင်လိမ့်မည်ဟု ယုံ



ကြည်ထားပါသည်။

အဝေးမှ နှစ်နာရီသံချောင်းခေါက်သံ ထွက်ပေါ်လာနေသည်။ တစ်ချက်၊ နှစ်ချက်၊ သုံးချက်၊ လေးချက်ဟ။ ကျွန်တော့်ရင်သည် တဒိတ်ဒိတ် ခုန်နေသည်။ ခြင်တွေကလည်း ကျွန်တော့်အား ဝိုင်းအုံနေကြသည်။ တစ်ချက်ရိုက်လိုက်လျှင် ကျွန်တော့်လက်ဖဝါးပြင်၌ မဲမဲလှုပ်နေကြပါသည်။ လောကတွင် ကျွန်တော်အမုန်းဆုံးသတ္တဝါသည် ခြင်ပင်ဖြစ်မည်ဟု ထင် ပါသည်။

ငိုက်မျဉ်းသလိုဖြစ်နေသော ကျွန်တော့်အာရုံထဲသို့ ဖျတ်ခနဲ အသိ ဝင်လာသည်။ ခပ်လှမ်းလှမ်းမှ လျှောက်လာနေသော လူနှစ်ယောက်။ ကျွန်တော့်မျက်လုံးများကို ပြူး၍ကြည့်သည်။ သွားဟန်လာဟန်ကို ကြည့် ခြင်းအားဖြင့် တစ်ယောက်သည် မြမောင်ဖြစ်ရမည်ဟု တွက်ပါသည်။ သို့သော်လည်း အဖော်တစ်ယောက်ပါနေသည့်အတွက် ကျွန်တော့်မှာ အခက်တွေ့နေရသည်။

လူနှစ်ယောက်သည် တံတားတစ်ဖက်ထောင့်သို့ ရောက်လာသည်။ မြမောင်ကို ကြည့်ရသည်မှာ ညကရေချိန်လွန်ထားသဖြင့် အမူးပြေသေး ဟန်မတူပါ။ သူသည် သူ့ဝသီအတိုင်း ပါလာသည့်လူကို အော်ကြီးဟစ် ကျယ်စကားပြောနေသည်။

"ဟေ့ကောင် အောင်ထူး၊ ဆီထမင်းနဲ့ပဲကို များများဝယ်ခဲ့ကြားလား၊ ငါပြောတာ။ ပြီးတော့ ဟို...ဒေါ်စိမ်းဆိုင်က အမဲကြော်ပါဝယ်။ နှစ်ယောက် စာနော် သိလား"

"ဟုတ်ကဲ့ပါ အစ်ကို"

အောင်ထူးဆိုသူသည် မြမောင်ပေးသော ငွေစက္ကူကိုလှမ်းယူကာ ထွက်သွားသည်။ ကျွန်တော်သည် မြမောင်၏အရိပ်အခြည်ကို သတိကြီး စွာထား၍ ကြည့်နေရပါသည်။ ကျွန်တော်ထင်ထားသည့်အတိုင်းပင် ဖြစ် သည်။ သူသည် တံတား၏ဘေးတစ်ဖက်ကမ်းထိပ်မှရပ်ကာ သေးပန်းနေ သည်။ ထို့နောက် မနီးမဝေး၌ ဝှက်ထားသည့်ထင်းရှူးသေတ္တာကိုယူလာ ပြီး တံတားထိပ်၌ထိုင်ကာ တံတားပေါင်ကို ခေါင်းနှင့်မှီပြီး ထိုင်နေသည်။ သူသည် မျက်စိများကို မှိတ်ထားသည်။

ကျွန်တော့်အတွက် ကောင်းလိုက်သည့်အကွက်။ ကျွန်တော်သည် ဖင်ခုထိုင်ထားသည့်အုတ်ခဲကိုယူ၍ ညာလက်နှင့် ဆ....ဆပြီး သူ့မျက်နှာသို့ ပေါက်ထည့်လိုက်သည်။ "အမယ်လေးဗျ" ဟူသော ကြောက်လန့်တကြား အော်သံကြီးထွက်လာပြီး ဘေးတစ်ဖက်သို့ လဲကျသွားသည်ကို မြင်လိုက်ရပါသည်။

ကျွန်တော်သည် အနီး၌အသင့်ချထားသည့် လွယ်အိတ်ကိုကောက်ကာ မြစ်ကမ်းစပ်သို့ အပြေးအလွှားဆင်းခဲ့သည်။ ရေစပ်အတိုင်း အရှေ့ဘက်သို့ထွက်၍ မီးရထားသံလမ်းကိုဖြတ်ပြီး အုတ်တံတိုင်းပေါ်ကျော်တက်ကာ လမ်းပေါ်သို့ ခုန်ဆင်းသည်။ ထို့နောက် အုတ်တံတိုင်းဘေးမှ ကပ်လျှောက်ကာ လသာလမ်းဘက်သို့ ကူးသည်။ မကြာမီမှာပင် ကျွန်တော်သည် သာကေတသွားသည့် ဘတ်စ်ကားပေါ်သို့ ရောက်သွားပါသည်။

*

(၆)

ဘဝရေစက်

ကျွန်တော်သည် သာကေတမြို့ (-------) ရပ်ကွက်ရှိ သူငယ်ချင်း လှအေးတို့အိမ်တွင် ခေတ္တမျှ ခိုကပ်နေသည်။ လှအေးမှာ ကျွန်တော်ထောင်မကျမီက ကီလီဈေး၌ ဆုံမိခဲ့သည့်တေဖော်တေဖက်တစ်ဦးဖြစ်၏။ သူ့အိမ်သို့ရောက်သည့်အခါ ပါလာသည့် ငွေသုံးထောင်ကျော်ထဲမှ ထောင့်ခြောက်ရာကို သူ့လက်အပ်ကာ "ခဏနေပါရစေ" ဟု ပြောသည်။ သူက ကြိုက်သလောက်နေဖို့ပြောကာ ငွေကို လက်မခံပါ။ ကျွန်တော်က ဖွတ်အတင်းပေးခါမှ လက်ခံသည်။

လှအေးမှာ ယခင်ကလို မဟုတ်ပါ။ လက်သမားအဖွဲ့တစ်ဖွဲ့တွင် အလုပ်လုပ်နေပြီဖြစ်သည်။ သူကိုယ်တိုင်ကလည်း ကျွန်တော့်အား "ငါ အရင်လိုမနေတော့ဘူး။ မင်း ထောင်ထဲရောက်နေတုန်းက ငါအချုပ်ထဲ ရောက်သွားသေးတယ်။ တစ်ခါတည်းနဲ့ လန့်သွားတယ်" ဟု ပြောပါသည်။

သူ့အမေဒေါ်မြိုင်သည် မုဆိုးမ ဖြစ်သည်။ သူ့ကို အလွန်ချစ်သည်။



သူသည် အစ်မနှစ်ယောက်ကြား၌ ကြီးပြင်းခဲ့ရသည်။ တစ်ဦးတည်းသောသားဖြစ်၏။ "ငါ တစ်ခုခုဖြစ်သွားရင် အမေ သေမှာကွ" ဟု သူကပြောသည်။ သူ့စကားကို ကျွန်တော်ယုံပါသည်။ သူတို့သားအမိကိုကြည့်ပြီး ကျွန်တော်အားကျရုံမျှမက ကျွန်တော့်အမေကို သတိရမိပါသည်။ ဘယ်လိုရေစက်ပါလာသည်မသိပါ။ အဘွားကြီးသည် ကျွန်တော့်ကိုချစ်သည်။ မစွမ်းမသန်ဖြစ်နေသည့်အတွက် အလွန်လည်းသနားသည်။ ကျွန်တော်လည်း အဘွားကြီးကို အလွန်ချစ်ခင်တွယ်တာမိခဲ့ပါသည်။

ကျွန်တော်ကီလီ၌ လုပ်ခဲ့သည့်ကိစ္စမှာ အလွန်မကောင်းသည့်ကိစ္စဖြစ်၏။ ကျွန်တော်သည် ဘာကိုပဲလုပ်လုပ် မဆင်မခြင် လုပ်တတ်သူဖြစ်ပြီး လုပ်ပြီးခါမှ နောင်တရတတ်သူ ဖြစ်ပါသည်။ အခုလည်း နောင်တရ၍မဆုံးပါ။ အကယ်၍များ ကျွန်တော်လုပ်သည်ကို သိသွားခဲ့ပါမူ ကျွန်တော်ထောင်ကျဦးတော့မည်မှာ မလွဲပါ။ ထောင်သို့ပြန်ရမည်ကိုတော့ ကျွန်တော်ကြောက်လှပါသည်။

ကျွန်တော်က နိုင်းသဖြင့် လှအေးသည် သူ့အလုပ်ကို တစ်ရက်ဖျက်ကာ ကီလီသို့ သွားပေးသည်။ လက်ထဲတွင် ငွေရှိနေပါလျက်နှင့် ပေစီတို့ထံ ငွေကြေးအကူအညီပေးရန် ပြောခိုင်းခြင်းဖြစ်၏။ လှအေးပြန်လာသည့်အခါ ပေစီတို့ပေးလိုက်သည့် ငွေခုနစ်ရာပါလာရုံမျှမက ကျွန်တော်သိလိုနေသည့် သတင်းများကိုပါရခဲ့သည်။

မြမောင်အား လူတစ်ယောက်က ချောင်း၍ အုတ်ခဲနှင့်ထုသဖြင့် နှာခေါင်းရိုးနှင့်သွားတွေ ကျိုးကုန်ကြောင်း၊ နဖူးလည်း ကွဲသွားကြောင်း၊ ဘယ်သူလုပ်သည်ကို မသိရသေးကြောင်း၊ မြမောင်မှာ လူမုန်းများသူဖြစ်၍ အလုပ်သမားများထဲမှ တစ်ယောက်ယောက်ကလုပ်သည်ဟု အများက ယူဆနေကြကြောင်း၊ မြမောင်မှာ ဆေးရုံမှမဆင်းရသေးကြောင်း စသည်တို့ကို ကြားသိခဲ့ရပါသည်။ ထိုသတင်းတွေ ကြားရပြန်တော့လည်း စိတ်မကောင်းဖြစ်ရပါသည်။

တစ်ညတွင် လှအေးနှင့် ကျွန်တော်သည် လမ်းထိပ်လက်ဖက်ရည်ဆိုင်၌ထိုင်ဖြစ်ကြသည်။ "ငါလည်း ဘာအလုပ်လုပ်ရမှန်း မသိတော့ပါဘူးကွာ" ဟု ကျွန်တော်က ညည်းမိပါသည်။ လှအေးသည် ကျွန်တော့်အားတစ်ချက်မျှ

နိုက်ကြည့်ပြီး မျက်နှာကိုတစ်ဖက်သို့လွှဲထားပါသည်။ ထို့နောက် သက်ပြင်းတစ်ချက် ချလိုက်ပါသည်။

"အေးကွာ...ငါလည်း မင်းအကြောင်း စဉ်းစားမိနေတာကြာပြီ။ တို့လည်း တွမ်တဲ့အလုပ်ကတော့ ဆက်လုပ်ဖို့မကောင်းဘူး။ တခြားသင့်ရာအလုပ်လေးတစ်ခုလုပ်ရင် ကောင်းမယ်လို့ထင်တာပဲ"

"ငါက မင်းလို သန်သန်စွမ်းစွမ်းမဟုတ်တော့ ခက်တယ်သူငယ်ချင်းရာ။ ငါ ဘာလုပ်စားရမလဲ"

လှအေးသည် ငြိမ်ဆိတ်နေသည်။ အတန်ကြာမှ–

"အေးကွာ...ဟုတ်တော့လည်း ဟုတ်တာပဲ။ ဒါပေမဲ့ တစ်ခုခုတော့ စဉ်းစားပြီး လုပ်ကြသေးတာပေါ့။ ငါလည်း စဉ်းစားမယ်။ မင်းလည်း စဉ်းစားပေါ့။ လောလောဆယ်တော့ တို့ဆီမှာပဲ နေပေါ့ကွာ။ အမေကလည်း မင်းကိုချစ်ပါတယ်" ဟု ပြောသည်။

ထိုညက အိပ်ရာဝင်တော့ ကျွန်တော့်ပြဿနာကို ကျွန်တော့်ဘာသာကျွန်တော်အဖြေရှာသည်။ မရပါ။ မစွမ်းမသန်တစ်ယောက်အား မည်သူကမှ ယုံကြည်စိတ်ချပြီး အလုပ်ပေးလိမ့်မည်မထင်ပါ။ ကျွန်တော်ကိုယ်တိုင်ကရော ဘယ်လိုအလုပ်မျိုးကို လုပ်ကိုင်နိုင်ပါမည်နည်း။ စဉ်းစား၍မရပါ။ ကျွန်တော့်အတွက် အဖြေသည် ရှာလေဝေးလေ ဖြစ်နေပါသည်။

*

## (၇)

## မင်းသေလိမ့်မယ်

နောက်နှစ်ရက်၊ သုံးရက်ခန့်အကြာတွင် ကျွန်တော်သည် စောစော စီးစီးအိပ်ရာမှထ၍ (      ) မြို့နယ်အတွင်းမှ (      ) ဈေးသို့ထွက်ခဲ့ သည်။ ညက ဉာဏ်မီသလောက်စဉ်းစားပြီး အကြံအဖန်လုပ်ရန် ထွက်လာခဲ့ခြင်းဖြစ်ပါသည်။ အလွန်လူစည်သောဈေးဖြစ်၍ အလုပ်လုပ်ရသည်မှာ ချောမောလိမ့်မည်ဟု ထင်မိပါသည်။

ဈေးရုံထဲ နှစ်ပတ်၊ သုံးပတ်ခန့်လျှောက်ကြည့်အပြီးတွင် ကျွန်တော်



သည် ဆိုင်တန်းထိပ်အထည်ဆိုင်မှ ပလေကပ်လုံချည်ကို ဖျတ်ခနဲကောက်ယူပြီး လွယ်အိတ်ထဲထည့်လိုက်သည်။ မျက်နှာချင်းဆိုင်မှ တရုတ်မကြီးက မြင်သွားသဖြင့် "ဟဲ့...ဟဲ့...စခိုးစခိုး"ဟု မပီကလာ ပီကလာဖြင့် ထအော်ပါသည်။

ရုတ်တရက် လန့်သွားသောကျွန်တော်သည် ပြေးပေါက်မှားသွားသည်။ ဆိုင်၏တစ်ဖက်ရှိ ကုန်စုံဆိုင်တန်းဘက် မပြေးမိဘဲ အထည်သည် တန်းကြားသို့ ပြန်ဝင်မိသည်။ မျက်နှာချင်းဆိုင်မှ လူတစ်ယောက် လဲကျသွားသည်။ ပြန်အထတွင် နောက်မှတစ်ယောက်က ကျောကိုခြေထောက်နှင့် ဆောင့်ကန်လိုက်သဖြင့် ပြန်၍လဲကျသွားပါသည်။ ကျွန်တော့်မျက်နှာပေါ်သို့ လက်သီးတစ်ချက် ကျလာသည်။ ချိုစောင်းတစ်ဖက်မှာလည်း ပူခနဲဖြစ်သွားသည်။

"ဟေး....ဟေး....တော်ကြတော့...တော်ကြတော့"

လူတစ်ယောက်၏ အော်သံကြားရသည်။ ကျွန်တော့်အနီးမှ လူများရှဲသွားသည်။ ကျွန်တော့်အား ဆွဲထူပေးနေသော လူကြီးတစ်ယောက်။ သူက ကျွန်တော့်အား ဆွဲထူနေရာမှ "ဟာ...မင်းက ခြေထောက်မသန်တဲ့ ကောင်ပါလား" ဟု ရေရွတ်သည်။ ကျွန်တော်က သူ့အားရှိခိုးပြီး "ကျွန်တော့်ကို ရဲစခန်းမပို့ပါနဲ့ ဦးလေးကြီးရယ်။ ကျွန်တော် တောင်းပန်ပါတယ်၊ ကျွန်တော် နောက်မလုပ်တော့ပါဘူး" ဟု တတွတ်တွတ် ပြောနေမိသည်။

မကြာခင် ဈေးရုံထဲသို့ ရောက်သွားသည်။ တစ်ယောက်တစ်ပေါက် ပြောဆိုနေကြသည်များကြားမှပင် ကျွန်တော်သည် ဦးအကြိမ်ကြိမ်ချ၍ ရှိက်ကြီးတငင်ငိုကြွေး၍ "နောက်မလုပ်တော့ပါဘူး၊ ကျွန်တော့်ကို ရဲစခန်းမပို့ကြပါနဲ့" ဟူသောစကားကိုသာ မရပ်မနားပြောနေမိသည်။ နောက်ဆုံးတွင် ကျွန်တော့်အား ခေါ်လာပေးသည့် လူကြီးလက်သို့ အားလုံးက ပြန်အပ်လိုက်ကြပါသည်။

ဦးထွန်းအောင်ဟုခေါ်သော ထိုလူကြီးသည် ကျွန်တော့်အားဈေးနှင့်မလှမ်းမကမ်းရှိ ဆေးခန်းသို့ခေါ်သွားပြီး ဒဏ်ရာများကို ဆေးထည့်ပေးသည်။ ချိုစောင်းမှ ဒဏ်ရာကိုကြည့်ပြီး ဦးထွန်းအောင်က "မင်း ကံကောင်းတယ်။ တုတ်နဲ့သာဆိုရင် မလွယ်ဘူး။ အခုဟာက ခုံဖိနပ်စောင်းနဲ့ခုတ်မိ

လို့ တော်သေးတာ" ဟု ပြောပါသည်။ ထို့နောက် ကျွန်တော့်အား လက်ဖက်ရည်ဆိုင်သို့ခေါ်သွားပြီး ကျွေးမွေးသည်။

"မင်း နောက်ကို ဒါမျိုးမလုပ်နဲ့တော့" ဟု သူက ဆုံးမသည်။ "မင်းမှာ ဟိုဘက်ဘဝတုန်းက မကောင်းခဲ့လို့ အခုဒီဘဝမှာ လူလာဖြစ်တာတောင် ခြေနှစ်ဖက်မသန်လို့ လူနဲ့မတူဘူး။ ခိုးတဲ့အလုပ်ဆိုတာ လူကောင်းတောင် မလွယ်ဘူး။ အခု မင်းက အကျိုးဖြစ်နေတော့ ဆယ်ခါခိုးရင် ရှစ်ခါတော့ မိမှာပဲ။ မိရင်လည်း ဝိုင်းပြီးအဘောခံရတာနဲ့ မင်းသေမှာပဲ"

ဦးထွန်းအောင်သည် ကျွန်တော့်အား လေးဘီးတစ်စီး ငှားပေးသည်။ ကားခကို သူကပင် စိုက်ပေးလိုက်သည်။ ကျွန်တော်ကထိုင်၍ ကန်တော့သည့်အခါ "အေး....အေး...သာဓု...သာဓု...သာဓု၊ နောက်ကို မခိုးနဲ့တော့။ တခြားဟာ လုပ်စား" ဟု ပြောသည်။ ကျွန်တော် အိမ်ပြန်ရောက်သွားသည့်အခါ လှအေး၏အမေသည် ရင်ပတ်စည်တီး ဖြစ်နေသည်။

"ကျွန်တော်က ပုဆိုးဝယ်မလို့ ကိုင်ကြည့်မိတာ၊ သူတို့က သူခိုးထင်ပြီးဝိုင်းရိုက်ကြတယ်" ဟု လိမ်ပြောသည်။ အမေမြိုင်ကတော့ ကျွန်တော်၏လုပ်ကြံဇာတ်ကို ယုံကြည်ရှာပါသည်။ ထိုစဉ်ကကျွန်တော့်အားမသကာသောမျက်နှာဖြင့် ကြည့်နေသူမှာ အမေမြိုင်၏သမီးလတ် မပြုံးဖြစ်ပါသည်။ သူ့မျက်နှာတွင် စိုးရိမ်မကင်းဖြစ်နေသည့်အရိပ်အငွေ့များလည်း ထင်ဟပ်နေပါသည်။

*

(၈)

## တခြားဟာ လုပ်စား

"နောက်ကို ခိုးမစားနဲ့တော့၊ တခြားဟာ လုပ်စား"

ဦးထွန်းအောင်က မှာလိုက်သော စကားဖြစ်ပါသည်။ သူမှာလိုက်သည့်အတိုင်း ကျွန်တော်အခြားအလုပ်တစ်ခုကို လုပ်စားသည်။ ထိုအလုပ်မှာ တောင်းစားသောအလုပ်ဖြစ်သည်။ ပထမသော် မြို့ထဲတွင် တစ်နေရာရာ၌ ထိုင်၍တောင်းသည်။ မကြာခဏ မျက်နှာသိများနှင့် တွေ့ခြင်း၊



အဖမ်းအဆီးခံရခြင်းနှင့် အိမ်မှအမေမြိုင်တို့ သိသွားမည်ကိုစိုးရိမ်ခြင်းစသည်တို့ကြောင့် အစွန်အဖျား မြို့နယ်များအတွင်းရှိ လူစည်ကားရာနေရာများသို့ ပြောင်းထိုင်ခဲ့သည်။ မင်္ဂလာဒုံ၊ မှော်ဘီ၊ တိုက်ကြီး၊ သန်လျင်၊ ခရမ်းသုံးခွသည်များမှာ ကျွန်တော်ရောက်သော နေရာများဖြစ်သည်။ တစ်ခါတစ်ရံ ပဲခူးအထိ သွားလေ့ရှိပါသည်။

အမေမြိုင်တို့ကိုမူ ကျွန်တော်နေထိုင်ခဲ့ဖူးသည့် သင်တန်းကျောင်း၌ ဂိတ်စောင့်အလုပ်ရသည်ဟု ပြောထားသည်။ ဤအတောအတွင်း မပြုံး၏ဆက်ဆံရေးသည် သိသိသာသာ ပြောင်းလဲလာခဲ့သည်။ ကျွန်တော် သူတို့အိမ်ရောက်စက စကားမပြောခဲ့သော မပြုံးသည် ကျွန်တော့်အား စကားပြောလာသည်။ တရင်းတနှီးတော့ မဟုတ်ပါ။ "ငါ့လိုခြေကျိုးကို ဘယ်မိန်းမကမှ စိတ်ဝင်စားမှာ မဟုတ်ဘူး" ဟူသော ခံယူချက်ရှိထားသည့် ကျွန်တော်သည် မပြုံးနှင့် စကားပြောခွင့်ရတိုင်း သူ့မျက်နှာကို မကြည့်ရဲပါ။

တကယ်တော့ ကျွန်တော်လုပ်နေသည့် အလုပ်ကလည်း ကောင်းသည့်အလုပ် မဟုတ်ပါ။ အလွန်အောက်တန်းကျပြီး ဂုဏ်ကျက်သရေမရှိဆုံးသောအလုပ်ဟု ထင်ပါသည်။ သို့သော်လည်း ကျွန်တော်မတတ်နိုင်ပါ။ လောလောဆယ်တွင် ဤအလုပ်မှတစ်ပါး အခြားလုပ်စရာက မရှိပါ။ ကိုယ်လုပ်နေရသည့် အလုပ်ကြောင့် မပြုံးနှင့်တွေ့တိုင်း မလုံစိတ်နှင့် သိမ်ငယ်စိတ်တို့၏ဒဏ်ကို ခံနေရပါသည်။

တစ်နေ့တွင် လှအေးက "မနက်ဖြန်ကျရင် မင်းအလုပ် မဆင်းနဲ့ကွာ။ မင်းနဲ့ငါ အရေးကြီးတဲ့စကား ပြောစရာရှိလို့" ဟုပြောသည်။ နောက်တစ်နေ့တွင် ကျွန်တော်နှင့်လှအေးတို့ မြောက်ဥက္ကလာပ မယ်လမုဘုရားသို့ ရောက်သွားကြသည်။ နှစ်ယောက်သား ဘုရားကန်တော့အပြီးတွင် တစ်နေရာ၌ ထိုင်မိကြပါသည်။ လှအေးသည် ရုတ်တရက် ဘာမှမပြောဘဲ အချိန်အတော်ကြာမျှ ငြိမ်ဆိတ်နေသည်။

"အမေ သဘောကောင်းတာ မင်းသိပါတယ်နော်" ဟု သူက စကားစသည်။

"အေး....ငါ သိပါတယ်"

"အမေက မင်းကို သူ့သားတစ်ယောက် ကောက်ရထားသလို ချစ်တာ

ကော မင်းသိတယ်မဟုတ်လား"

"ငါ သိပါတယ် သူငယ်ချင်းရာ။ မင်းတို့မိသားစုဟာ ငါ့ကျေးဇူးရှင်တွေပါကွာ"

လှအေးသည် ဆေးလိပ်ကိုမီးညှိပြီး ဖွာနေသည်။ "အေးကွာ...ဒီကိစ္စက ရှက်စရာတော့ မဟုတ်ပါဘူး" ဟု ပြောသည်။ "ဒီလိုကွာ...၊ ငါ့အစ်မမပြုံးကို အမေက မင်းနဲ့နေရာချထားပေးချင်တယ်တဲ့။ မင်းအတွက်ရော သူ့အတွက်ရော ကောင်းအောင်လို့တဲ့။ အမှန်အတိုင်းပြောရရင် ပထမတော့ ငါက သဘောမတူဘူးကွ"

"ငါကတော့ မင်းကို ပွင့်ပွင့်လင်းလင်းပဲ ပြောရမှာပဲ။ မင်းက ခိုးလားဝှက်လားလုပ်နေတဲ့ကောင်။ အစ်မက ခပ်တုံးတုံး၊ ခပ်အအရယ်။ ပြီးတော့ကွာ ဟိုဒင်း...မပြုံးက လင်ရဖူးတယ်။ ဒါပေမဲ့ သူ့ကိုခေါ်သွားတဲ့ကောင်က သုံးရက်ပဲပေါင်းပြီး လစ်သွားတာ။ အဲဒီတော့ မပြုံးက တစ်ခုလပ်။ မင်းစိတ်က သဘောကျချင်မှကျမယ်မဟုတ်လား။ ငါက အဲဒါတွေစဉ်းစားပြီး သဘောမတူခဲ့တာပါ"

"အခု သူ့ကိုခေါ်သွားတဲ့ကောင်က ဘယ်မှာလဲ"

"ဒီကောင် သဘော်ပေါ်က လိမ့်ကျလို့ သေသွားပြီ။ သူက တို့ရဲ့ခေါင်းရင်းက ဦးကြီးချစ်လှတို့အိမ် အလည်လာရင်းနဲ့ မပြုံးကို စော်ကားသွားတာပဲ။ အေးလေ...ဒါကတော့ ထားလိုက်ပါတော့။ ငါ မင်းအကြောင်းသိချင်လို့ နောက်ယောင်ခံပြီးလိုက်တာ။ သုံးကြိမ်ရှိသွားပြီ။ မင်း ဟိုအလုပ်တွေ မလုပ်တော့ဘူးဆိုတာတော့ ငါ သိတယ်။ ဒါပေမဲ့ အခုအလုပ်ကြီးကလည်း မနိပ်ဘူးကွာ"

"မကောင်းဘူးဆိုတာ ငါလည်း သိပါတယ် လှအေးရာ။ လောလောဆယ် ဘာလုပ်ရမှန်း မသိသေးတာနဲ့ လုပ်နေတဲ့သဘောပါ။ ငါ မပြုံးနဲ့အိမ်ထောင်ပြုပြီးရင်တော့...."

လှအေးက ကျွန်တော့်အား ဖျတ်ခနဲ လှည့်ကြည့်သည်။ "မင်း မပြုံးနဲ့နေရာချထားပေးရင် ယူမယ်ဆိုပါတော့။ ဟုတ်လား" ဟု မေးသည်။ ကျွန်တော်က ခေါင်းညိတ်လိုက်ပါသည်။

*



(၉)

## ဘဝသစ်သို့

မပြုံးနှင့် ကျွန်တော် အိမ်ထောင်ကျခဲ့သည်မှာ ရှစ်လကျော်ခဲ့ပြီ။ အခုအချိန်ထိ ကျွန်တော်သည် တောင်းစားသည့်အလုပ်ကို မစွန့်နိုင်သေး။ လှအေးက မကြာခဏ သတိပေးနေသော်လည်း ကျွန်တော်သူ့စကားကို နားမထောင်ခဲ့ပါ။ တစ်ညတွင်မူ အမေမြိုင်က ကျွန်တော့်အား လှမ်းခေါ်သည်။

"ဟဲ့သား...အောင်မောင်း၊ ဒီကိုလာစမ်း။ အမေ စကားပြောစရာရှိလို့"

ကျွန်တော် သူ့ရှေ့သို့ရောက်သွားသည်။ အမေမြိုင်သည် ကျွန်တော့်ကိုမကြည့်ဘဲ "မပြုံး ဘယ်သွားလဲ" ဟု မေးသည်။ "လှအေးက ဘာခိုင်းမလို့မှန်းမသိဘူး။ အပြင်ခေါ်သွားတယ်" ဟု ကျွန်တော်ကဖြေသည်။

"အေး...ကောင်းတယ်၊ ငါခိုင်းထားလို့ ခေါ်သွားတာ။ အမေက မပြောမဖြစ်လို့ပြောရတာလို့ သဘောထားပေါ့ကွယ်။ မင်း ဘာလုပ်နေတယ်ဆိုတာ လှအေးပြောလို့ အမေသိရတယ်။ မပြုံးတော့ မသိသေးဘူး။ သိသွားရင်လည်း မလွယ်ဘူးကွယ်။ ဒီကောင်မ ရှက်တာနဲ့သေမှာ"

ကျွန်တော် ဘာပြောရမည်မသိပါ။ ကျွန်တော်ကိုယ်တိုင်လည်း ရှက်စိတ်ဖြင့် မွန်ထူနေသည်။ ဦးခေါင်းကိုပင် မမော့ရဲပါ။

"အင်း မင်းကတော့ မသိသေးဘူးပေါ့လေ။ မိပြုံးမှာ ကိုယ်ဝန်ရှိနေပြီ"

"ဗျာ..."

"ဗျာ...မနေနဲ့၊ ကလေးရှိနေပြီ။ ဘာလေးမွေးလာမယ်ဆိုတာ ဘယ်သူမှ မပြောနိုင်ဘူး။ သားမွေးမွေး၊ သမီးမွေးမွေး သူ့အဖေက တောင်းစားတဲ့လူဆိုရင် ကောင်းပါဦးတော့မလား။ မွေးလာတော့မယ့် ကလေးမျက်နှာကိုကြည့်ပြီး မင်းအလုပ်ကို ရပ်လိုက်ပါတော့ကွယ်"

ကျွန်တော့်မျက်လုံးအစုံမှ မျက်ရည်များသည် ကြမ်းပေါ်သို့ ကျလာနေသည်။ ကျွန်တော့်နှုတ်မှ စကားလုံးများသည် အထစ်ထစ်၊ အငေါ့ငေါ့ ထွက်လာနေသည်။

"ကျွန်…ကျွန်…ကျွန်တော် မ…မ…မလုပ်တော့ပါ….ပါဘူးဗျာ….၊ အ…သေ…ဆိုးနဲ့ သေ….သေ….သေရပါစေ"

"မကျိန်ပါနဲ့ သားရယ်။ အမေ ယုံပါတယ်"

ထိုညက ကျွန်တော်မပြုံးကိုဖက်၍ ရှိုက်ကြီးတငင် ငိုမိပါသည်။ သူက "ဘာပြုလို့ ငိုနေရတာလဲ" ဟုမေးသည်။ "မပြုံးမှာ ကလေးရှိနေပြီဆိုတာ သိရလို့ပါ" ဟာ ကျွန်တော်က အဖြေပေးခဲ့သည်။ ထိုည၊ ထိုအချိန်မှစ၍ ကျွန်တော်သည် ဘဝသစ်တွင်းသို့ ကူးပြောင်းရောက်ရှိသွားခဲ့၏။ အခုဆိုလျှင် ကျွန်တော့်တွင် အိမ်ဆိုင်ကလေးနှင့် စာအုပ်ဆိုင်ကလေးများ ရှိနေပြီ။ အရုပ်ထဲလည်၍ ကုလားထိုင်ကြိမ်ထိုးခြင်းနှင့် ပေါလစ်သုတ်ခြင်းများကိုလည်း လုပ်နေပြီ။ အခါအခွင့်သင့်တိုင်း စာအုပ်ချုပ်လုပ်ငန်းကိုလည်း လုပ်နေပြီ။ မသန်မစွမ်းဆေးရုံသို့သွား၍ အားပြုကိရိယာများကိုလည်း တပ်ထားပြီးပြီ။ လမ်းသွားလျှင် လက်များနှင့်မသွားတော့။ ခြေထောက်များဖြင့်သွားနေနိုင်ပြီ။

ကျွန်တော့်ဘဝတွင် အားငယ်စရာဟူ၍ ဘာမှမရှိတော့။ ကျွန်တော်နှင့်အတူ ကျွန်တော့်ဇနီးမပြုံးနှင့် ကျွန်တော့်သား ချစ်ပြုံးတို့ရှိနေသမျှကာလပတ်လုံး။

❑

# စိုးမရ

စိုးမရအကြောင်းကို ကြားရလျှင် လူများစုက မယုံကြည်ပါ။ "ဒီလောက်တောင်ပဲလားဗျာ…ဟုတ်မှဟုတ်ရဲ့လား" ဟု တအံ့တသြပြောကြပါသည်။ "ဟုတ်လွန်းလို့ ခက်သည်" ဟု ကျွန်တော်က အဖြေပေးခဲ့ပါသည်။

ကျွန်တော်ကတော့ စိုးမရကို "စိတ်ပဋိပက္ခ" ဖြစ်နေရှာသည့် လူငယ်တစ်ဦးဟု သတ်မှတ်ထားပါသည်။ သူသည် မိဘကို ရိုသေရမည်၊ မြတ်နိုးရမည်၊ ချစ်ခင်ရမည်၊ ဘုရားနှင့်တစ်ဂိုဏ်းတည်း ထားရမည်ဟူသော ဘာသာတရား၏ အဆုံးအမကိုယုံကြည်သော၊ ယင်းအဆုံးအမခံ့တည်သော လူငယ်တစ်ဦးဖြစ်သော်လည်း သူ့မိခင်နှင့် ဖခင်တို့၏ လုပ်ပုံကိုင်ပုံများကို မကြိုက်ရာမှ သဘောထားချင်းမတိုက်ဆိုင်သည့်အခြေသို့ ဆိုက်ခဲ့ရသူဖြစ်သည်ဟု ဆိုချင်ပါသည်။

စိုးမရနှင့် သူ့မိဘများ၏ဆက်ဆံရေးကို လေ့လာကြည့်လျှင် လူကြီးမိဘများဘက်မှ သတိပြုရမည့်အချက်များကို မြင်ကြမည်ထင်ပါသည်။

ခေတ်တွေပြောင်းလာသည်နှင့်အမျှ လူငယ်တို့၏ စိတ်နေသဘောထား၊ အသိဉာဏ်ပညာစသည်များ ပြောင်းလဲလာသည်ဖြစ်ရာ သူတို့တစ်တွေနှင့် ဆက်ဆံရာ၌ ပေါ့ပေါ့တန်တန်သဘောထား၍မဖြစ်ဟု ထင်ပါသည်။ အပြောတစ်မျိုး၊ အလုပ်တစ်မျိုးဖြစ်လာလျှင်ပင် သူတို့က လူကြီးတွေအပေါ် အထင်အမြင်သေးသွားတတ်ကြပါသည်။ စိုးမရ၏အဖြစ်မှာ ဤသဘောပင်ဖြစ်မည်ဟု ကျွန်တော်ထင်ပါသည်။

*

(၁)

ပထမသော် ဘာကိုမျှ သဲသဲကွဲကွဲ မမြင်ရ။ ဝဲယာရှေ့နောက်ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မည်းနေသည်။ ကြာတော့လည်း မျက်စိကျင့်သားရလာသဖြင့် ဝိုးတိုးဝါးတား မြင်လာရ၏။

ကျွန်တော့်ရှေ့ ခပ်လှမ်းလှမ်းတွင် လူတစ်ယောက် ပက်လက်လန်ကာ ဦးထောင်ပေါင်ကားနှင့် အိပ်မောကျလျက်ရှိသည်။ သူ၏ဟောက်သံမှာ နားမခံသာအောင်ရှိသည်။ သူ့ထံမှလာနေသည့် အရက်နံ့ကလည်း နံလှသည်။

ကျွန်တော် ကြာကြာထိုင်မနေနိုင်၍ သမံတလင်းပေါ် ကျောခင်းလိုက်သည်။

နံလိုက်သည့် သေးစော်၊ ဟောင်ပုပ်နေလေသည်။

ကိုက်လိုက်သည့် ခြင်၊ ဖွဲနှင့်ဆုပ်၍ ပက်နေသလား ထင်ရသည်။

ထိုးလိုက်သည့် ကြမ်းပိုး၊ လက်မောင်းပေါ်တရွရွ တက်လာနေသဖြင့် မကြာခဏ ပွတ်သပ်ချနေရသည်။

ကျွန်တော် မအိပ်နိုင်ပါ။

အိပ်ချင်စိတ်လည်း မရှိပါ။

နာရီသံချောင်းခေါက်သံ ထွက်ပေါ်လာသည်။

ကိုးချက်...။

အစောကြီးရှိသေးသည်။ ကျွန်တော် အဘယ်မှာလျှင် အိပ်ချင်ပါမည်နည်း။



တခေါက်ခေါက်နှင့် လျှောက်လာနေသောခြေသံသည် အချုပ်ခန်းရှေ့ရောက်တော့ ရပ်သွားသည်။ ပြီးတော့ တံခါးဖွင့်သံ ကြားလိုက်ရသည်။

"ဟေ့...ချာတိတ်...ချာတိတ်၊ အိပ်နေပလားကွ။ အစောကြီးရှိသေးတယ်"

အသံနှင့်အတူ ကျွန်တော့်အနီးသို့ ရဲသားတစ်ဦး ရောက်လာသည်။

"ဟေ့...ချာတိတ် ထဦးကွ၊ မင့်အဘိုးကြီး ရောက်နေတယ်"

အိပ်ချင်ဟန်ဆောင်နေသော်လည်း မရပါ။ ရဲသားက ကျွန်တော့်ပခုံးကိုလှုပ်၍ နှိုးနေပြီဖြစ်၍ ထထိုင်လိုက်ရသည်။

"လာ...ဟေ့...ချာတိတ်၊ မင့်အဖေ ရောက်နေတယ်"

"အိပ်နေပြီ ပြောလိုက်ပါတော့ ဦးလေးရယ်"

ကျွန်တော့်စကားကြားတော့ ရဲသားက အံ့ဩဟန်တူသည်။

"ဘယ့်နှယ်ကွ၊ မဟုတ်သေးပါဘူး။ ဖအေလိုက်လာရင် မင်း ဝမ်းသာရမှာပေါ့။ ကိုင်း...လာကွာ...လာ"

ကျွန်တော် မလိုက်ချင်လိုက်ချင်နှင့်ပင် သူ့နောက်မှ ပါလာရသည်။

ကျွန်တော့်အဖေသည် စခန်းမှူးနှင့် ထိုင်၍စကားပြောနေသည်။ စခန်းမှူးကတော့ ကျွန်တော့်ကိုပြုံး၍ကြည့်လိုက်ပြီး "လာ...မောင်စိုးမရ ဒီမှာ ထိုင်" ဟု ပြောပါသည်။

ကျွန်တော်က မထိုင်ပါ။ "ရပါတယ် ဦးလေး" ဟုသာ ပြန်ပြောပြီး ရပ်မြဲရပ်နေပါသည်။

အဖေက ကျွန်တော့်ဘက် တစ်ချက်လှည့်ကြည့်သည်။ သူ့မျက်နှာက မကြည်မလင်၊ ခပ်အိုအို၊ ခပ်ဆိုးဆိုး၊ သုန်သုန်မှုန်မှုန် လုပ်ထားသည်။

"ကျွန်တော့်မှာ သားသမီး များများစားစားမရှိပါဘူး။ နှစ်ယောက်ပဲရှိတယ်။ ဒီကောင်က အငယ်၊ အဆိုးဆုံးပဲ။ မိဘဂုဏ်သိက္ခာကျအောင် လုပ်တဲ့နေရာမှာ နှစ်ယောက်မရှိဘူး။ စံပြုလောက်တယ်။ ကျွန်တော်တို့ မိသားစုထဲမှာတော့ သူဟာ သိုးမည်းတစ်ကောင်ပါပဲ ဦးကျော်ဟန်ရယ်၊ ကျွန်တော်တော့ သူ့အပေါ် တကယ်စိတ်ကုန်ပါတယ်ဗျာ"

ကျွန်တော့်အဖေက စိတ်ပျက်လက်ပျက်သံဖြင့် ညည်းတွားသည်။ စခန်းမှူးကြီးက စကားဖြေပြောပါသည်။

*"ဒီလိုလည်း မဟုတ်ပါဘူးအစ်ကိုကြီးရယ်။ ပြုပြင်ပေးရမှာပေါ့။ သူ*တို့အရွယ်တွေကတော့ ဒီလိုပါပဲ။ အပေါင်းအသင်းကြောင့် ဖြစ်ရတာနဲ့*တူပါတယ်*"

စခန်းမှူးကတော့ ကျွန်တော့်အဖေ၏ ရာထူးဂုဏ်ကိုထောက်၍ လိုက်လိုက်လျောလျော ပြောနေပါသည်။

"မဟုတ်သေးဘူး ဦးကျော်ဟန်၊ ဒီအကောင် အခုလိုလုပ်တာ ဒါနဲ့ပဲဆိုရင် လေးကြိမ်ရှိသွားပြီ။ ကျွန်တော်တို့ သိပ်ရှက်တယ်။ သူ့မှာ ဘာမှ ပူပန်စရာလည်းရှိတာမဟုတ်ပါဘူး။ မိဘက လိုလေသေးမရှိအောင် လုပ်ပေးထားတာပဲ။ ဒီကြားထဲက ထထလုပ်တော့ စိတ်ကုန်တာအမှန်ပဲ"

အဖေ့မျက်နှာသည် ကျွန်တော့်ဘက်သို့ လှည့်လာပြန်သည်။ ဒီတစ်ခါတော့ သူ့မျက်နှာတွင် ဒေါသရောင်လွှမ်းနေပေသည်။

"မင်းဟာ ဘယ်တော့မှ လိမ္မာမယ့်ကောင် မဟုတ်ဘူး။ ငါတို့ဆုံးမပေါင်းလည်းများပြီ။ မင်းထင်ရာ လုပ်တာပဲ။ ငါတို့ဂုဏ်သိက္ခာကို မင်းပဲလိုက်ဖျက်နေတာပဲ။ ငါတို့နဲ့ မနေပါနဲ့လို့ပြောတော့လည်း မသွားဘူး။ မင်းရဲ့စိတ်နေစိတ်ဓာတ်က သိပ်ပြီးအောက်တန်းစားဆန်တယ်၊ သိပ်ပြီးအဆင့်အတန်းနိမ့်တယ်။ ငါဖြင့်ကွာ မင့်မျက်နှာကို ကြည့်တောင်မကြည့်ချင်ဘူး"

စခန်းမှူးက စိတ်မကောင်းဟန်ဖြင့် အဖေ့ကိုကြည့်လိုက်၊ ကျွန်တော့်ကြည့်လိုက်။ ကျွန်တော်ကတော့ ပြုံးနေမိပါသည်။ ကျွန်တော့်အပြုံးသည် မလိုတမာပြုံးပါ။

"မကြည့်ချင်ရင် ခင်ဗျား ဘာလို့ လိုက်လာသေးလဲ"

ပါးစပ်မှ ဖွင့်မပြောသော်လည်း ကျွန်တော့်ရင်ထဲက ဒေါသတကြီး ပြန်ပြောနေပါသည်။ အဖေကတော့ ကျွန်တော်ပြုံးနေသည်မှာ သူ့ကိုမခန့်လေးစားလုပ်နေသည်ဟု ထင်သည်။

"မင်းက ပမာမခန့်နဲ့။ ဟင်း....မင်းလိုကောင်မျိုး ဘယ်တော့မှ၊ ကဲကွာ...တော်ပြီ။ ဒီတစ်ကြိမ်တော့ မင်းပြဿနာ မင်းဘာသာရှင်း။ ငါတို့မပါတော့ဘူး။ မင်းက မင်းကိုယ်မင်း"

ကျွန်တော်က သူ့စကားကိုဆုံးအောင် မစောင့်ပါ။ ချာခနဲလှည့်ပြီး



အချုပ်ခန်းဘက်သို့ ထွက်လာခဲ့ပါသည်။ စောစောက လာခေါ်သောရဲသားကြီး ကျွန်တော့်နောက်မှ အပြေးအလွှား လိုက်လာသည်။

"ချာတိတ်ကလည်းကွာ...၊ ကိုယ့်အဖေပဲဟာ ဒီလိုလုပ်တာ မကောင်းဘူးကွ"

"ကျွန်တော် မလုပ်ချင်ပါဘူး ဦးလေးရယ်။ ဒါပေမဲ့ မလုပ်လို့မဖြစ်လို့ လုပ်ရတာပါ။ ကျွန်တော် သူတို့နဲ့ကြာကြာစကားမပြောချင်ဘူး။ ကြာကြာပြောရင် မှားကုန်လိမ့်မယ်"

"ဟာကွာ...မင်းဟာကလည်း၊ မင့်အဖေရင်း မဟုတ်လားကွ"

ကျွန်တော်က ဟက်ခနဲ တစ်ချက်ရယ်လိုက်မိသည်။

"အဖေအရင်းပါ ဦးလေးရဲ့။ ရင်းသမှ သိပ်ရင်းတာပေါ့။ ရင်းလွန်းလို့ မျက်နှာချင်းကို ဆိုင်လို့မရဘူး"

ကျွန်တော် အချုပ်ခန်းထဲသို့ ပြန်ဝင်လာခဲ့ပြီး စောစောကလိုပင် ကျောခင်းလိုက်ပါသည်။

"မင့်အဖေအရင်း မဟုတ်လားကွ"

စောစောက ရဲသားကြီး၏အသံသည် ကျွန်တော့်နားထဲဝယ် ပဲ့တင်ထပ်လျက်ရှိလေသည်။

ကျွန်တော်နှင့် ကျွန်တော့်အဖေသည် ဘယ်တော့မှ မျက်နှာကြောမတည့်ကြပါ။ မျက်နှာချင်းမဆိုင်မိနှင့်၊ ဆိုင်မိသည်နှင့်တစ်ပြိုင်နက် ဘုနှင့်ဘောက် ဖြစ်ကြရပါသည်။

ဒါ့ကြောင့်မို့ တချို့က ဖအေရင်း၊ သားရင်းမဟုတ်ဟု ထင်ကြသည်။ ထင်ကြသူများကိုလည်း အပြစ်ဆို၍မဖြစ်ပါ။ ကျွန်တော်တို့ သားအဖနှစ်ယောက်၏ ဆက်ဆံရေးသည် ဖအေရင်း၊ သားရင်းနှင့်မတူပါ။

ကျွန်တော့်အနေဖြင့် အဖေ့ကိုမမုန်းပါ။ ကိုယ့်မွေးကျေးထားသည့်အဖေကို မုန်းရမည်ဆိုသည်မှာ အလွန်သဘာဝမကျသည့်ကိစ္စ ဖြစ်ပါသည်။ အမှန်အတိုင်း ဝန်ခံရမည်ဆိုလျှင်တော့ ကျွန်တော့်အနေဖြင့် ကျွန်တော့်အဖေကို မမုန်းပါဟုဆိုရသော်လည်း နှစ်နှစ်ကာကာတော့ မချစ်သည်မှာ အမှန်ဖြစ်ပါသည်။

ကျွန်တော်သည် ဆယ်တန်းကျောင်းသားဖြစ်ပြီး ဗုဒ္ဓဘာသာ မိဘများ

မှ ပေါက်ဖွားလာသူဖြစ်၍ ဘာသာတရား၏အဆုံးအမစကားများကို ကျွန်တော်ကြားဖူးပါသည်။ မိခင်နှင့်ဖခင်သည် အနန္တောအနန္တငါးပါးတွင် တစ်ပါးအပါအဝင်ဖြစ်သဖြင့် ရိုသေခြင်း၊ မြတ်နိုးခြင်း၊ ချစ်ခင်ခြင်းရှိရမည်ဟူသောသဘောကိုလည်း ကျွန်တော်လက်ခံထားသူဖြစ်ပါသည်။

သို့ပါသော်လည်း ကျွန်တော့်ရင်ထဲဝယ် အဖေကိုရော အမေကိုပါ နှစ်နှစ်ကာကာ ချစ်၍မရပါ။ မမုန်းသည်ကတော့ အမှန်ပါ။ ချစ်သင့်သလောက် ချစ်၍မရခြင်းသာ ဖြစ်ပါသည်။

ယခုလိုဖြစ်ရသည့်အတွက် ကျွန်တော်ဝမ်းနည်းလှပါသည်။ တစ်ခါတစ်ရံစဉ်းစားပြီး မျက်ရည်ကျမိသည့်အကြိမ်မှာ မနည်းပါ။ နောင်တကြီးစွာဖြစ်မိသည့်အကြိမ်ပေါင်းလည်း မရေတွက်နိုင်တော့ပါ။

ကိုယ့်အသိ၊ ကိုယ့်နောင်တဖြင့် ကိုယ့်စိတ်ကိုဆုံးမပြီး ပြုပြင်လိုက်သည့်အခါ ရလာပါသည်။ သို့သော် အမေ၊ အဖေတို့နှင့် မျက်နှာချင်းမဆိုင်မိသည့်အချိန်တွင်သာ ရခြင်းဖြစ်ပါသည်။ မျက်နှာချင်းဆိုင်မိသည်နှင့်တစ်ပြိုင်နက် အမေ၊ အဖေတို့နှင့် ကျွန်တော်၏ဆက်ဆံရေးသည် ပြင်းထန်မြဲပြင်းထန်နေပါသည်။

သူတို့ဘာပြောပြော ကျွန်တော် အကောင်းမထင်ပါ။ ကျွန်တော်ပြောသမျှကိုလည်း သူတို့က အကောင်းမြင်လိမ့်မည်မဟုတ်ဟုပင် ကျွန်တော်ထင်ပါသည်။

ကျွန်တော် ဘာ့ကြောင့် ဤသို့ဖြစ်ရပါလိမ့်။

ရဲစခန်းရှေ့မှ နာရီသံချောင်း ခေါက်သံများကြောင့် ကျွန်တော့်အတွေးမျှင်သည် ပြတ်သွားသည်။

တစ်ချက်....နှစ်ချက်...သုံးချက်....။

အားလုံးပေါင်း ဆယ့်နှစ်ချက်...။

ကျွန်တော် အိပ်ပျော်ချင်ပါသည်။

အိပ်၍မရပါ။

ဟိုတစ်ဖက်တွင် ခြေပစ်လက်ပစ်အိပ်နေသည့် အမူးသမားအချုပ်သားကတော့ ယောင်နေပါသည်။

"လူစိတ်မရှိတဲ့အကောင်တွေ၊ ကိုယ်ချင်းမစာကြဘူး။ နင်တို့ကို ငါ



သတ်မယ်"

သူ မမူးခင်က ဘာတွေများဖြစ်ခဲ့လေသည်မသိ။ အိပ်နေရင်း ယောင်နေသည့် စကားသံထဲမှာပင် ဒေါသသံပါနေသည်။

"လူစိတ်မရှိဘူး...တဲ့"

"ကိုယ်ချင်းမစာဘူး...တဲ့"

ကျွန်တော် အိပ်ပျော်အောင် ကြိုးစားပါသည်။ မရပါ။

ကျွန်တော့်စိတ်သည် အတွေးကမ္ဘာထဲဝယ် ချာချာလည်လျက် ရှိလေသည်။

*

(၂)

ကျွန်တော့်အဖေ ဦးခင်မောင်ကြည်သည် ရန်ကုန်တက္ကသိုလ်ကျောင်းထွက် ဝိဇ္ဇာဘွဲ့ရတစ်ဦးဖြစ်သည်။ သူ၏ဇာတိမှာ အညာဒေသ၏ မြို့နယ်တစ်နယ်အတွင်းရှိ ရွာတစ်ရွာမှ ဖြစ်သည်။ ရွာတွင်နေစဉ်က သူ့အမည်မှာ အောင်ဒွန်းဖြစ်ပါသည်။ မြို့ပေါ်အထက်တန်းကျောင်းရောက်ခါမှ 'ခင်မောင်ကြည်' ဖြစ်လာသည်ဟု ဆိုပါသည်။ ဒီထက်ပို၍ ရှင်းအောင်ပြောရလျှင် ကျွန်တော့်အဖေသည် တောမှာမွေး၍ တောမှာကြီးခဲ့ရသည့် 'တောသား' တစ်ဦးဖြစ်ပါသည်။ သို့သော် ကျွန်တော့်အဖေသည် သူတောသားတစ်ယောက် ဖြစ်ခဲ့ရခြင်းကို ဂုဏ်ငယ်သည်ဟု အထင်ရောက်နေသူဖြစ်သည်။ သူ့ကိုယ်သူ ဘယ်ရွာသားပါဟု ပြောရမှာ ဝန်လေးလှပါသည်။

ကျွန်တော့်အဖေ၏ဖခင် ကျွန်တော့်အဘိုး ဦးမင်းဒင်သည် အလွန်ရိုးသားသော ယာသမားကြီးတစ်ဦးဖြစ်၍ သားဖြစ်သူအား ခေတ်ပညာတတ်စေချင်သောစိတ်ဆန္ဒဖြင့် ယာအလုပ်ကို ကုန်းကျုံး၍လုပ်ကာ သူ့သားကိုတက္ကသိုလ်ပို့ခဲ့ခြင်းဖြစ်သည်ဟု သိရပါသည်။

ကျွန်တော့်အဖေနှင့် အမေတို့က ပြောပြ၍ သိရခြင်းတော့ မဟုတ်ပါ၊ အဖေနှင့်အမေတို့ ရန်ဖြစ်သည့်အခါတိုင်း အမေက အဖေ၏ငယ်ကျိုးငယ်နာများကို ဖော်သည့်အနေဖြင့် အဖေ၏မျိုးရိုးဇာတိကို ထုတ်ဖော်တတ်သဖြင့် တစ်စွန်းတစ်စ သိလာရခြင်းဖြစ်ပါသည်။ စပ်စုတတ်သော ကျွန်

တော်ကမေးရာမှ ကျွန်တော့်အမေ၏နှစ်ဝမ်းကွဲညီမ ကျွန်တော့်အဒေါ်လေးလေးမြင့်ပြောပြ၍ သိခဲ့ရခြင်းဖြစ်ပါသည်။

ကျွန်တော့်အဖေဘက်မှ အဘိုးနှင့်အဘွားတို့သည် ကျွန်တော့်အဖေထံသို့ အလည်အပတ်လာလေ့ မရှိ။ တစ်ခါသော် ခေါ်လွန်း၍လာလည်ကြရာ အလွန်ရိုး၊ အလွန်အ၍ အလွန်စကားနည်းကြရှာသော အဘိုးနှင့်အဘွားသည် ကျွန်တော့်အဖေနှင့်အမေတို့၏အနေအထိုင်ကိုကြည့်ကာ အနေခက်ကြရှာသည်။

အနေကျုံ့ရသည့်အထဲ ညတိုင်းအရက်သောက်၍ မူးရူးနေသော သားကိုကြည့်ကာ စိတ်ပျက်ကြသည်။ ညတိုင်းလိုလို ရန်ဖြစ်လေ့ရှိသော အဖေနှင့်အမေတို့ကိုကြည့်ကာ စိတ်ညစ်ကြရှာသည်။

တစ်နေ့တွင် အိမ်နှင့်အလှမ်းမဝေးလှသော ရုံးဘက်သို့လျှောက်သွားရင်းက အဘိုးသည် သူ့သားရုံးထိုင်နေသည်ကို ပြတင်းပေါက်မှချောင်း၍ကြည့်သည်။ သူ့သားက သူ့အဖေ၏ အသက်အရွယ်လောက်ရှိသည့်လယ်သမားကြီးတစ်ဦးအား မင်းတစ်လုံး၊ ငါတစ်လုံးသုံး၍ မောက်မောက်မာမာဆက်ဆံပြောဆိုနေသည်ကို ကြားရသည့်အခါ မျက်စိမျက်နှာပျက်ပျက်ဖြင့် အိမ်သို့ပြန်လာပြီး သူ့ဇနီးကို တိုးတိုးတိတ်တိတ်ကြိတ်၍ပြောကာ ရင်ထုမနာ ဖြစ်သည်။ နောက်တစ်နေ့မနက်ကျတော့ ဘယ်သူမှ တားမရ ပြန်ကြလေတော့သည်။

ထိုအချိန်မှစ၍ အဘိုးနှင့်အဘွားတို့ မပေါ်လာကြတော့သည်မှာ ကွယ်လွန်သည့်အချိန်ထိ ဖြစ်လေသည်။

ကျွန်တော့်အဖေသည် ဤကဲ့သို့သော အဖေမျိုးဖြစ်လေသည်။

ကျွန်တော့်အမေ ဝင်နီခင် (ခ) ဒေါ်မေမေခင်သည် တက္ကသိုလ်ဝင်တန်းအထိ နေခဲ့ဖူးသည်။ ရန်ကုန်အထိတက်၍ အင်္ဂလိပ်မယ်သီလရှင်ကျောင်းတွင် ကျောင်းအိပ်၊ ကျောင်းစားနေခဲ့ဖူးသဖြင့် အင်္ဂလိပ်စကားကိုနိုးနိုးခေါက်ခေါက် ပြောနိုင်သည်။ ပြီးတော့ အပြောအဆို၊ အနေအထိုင်၊ အစားအသောက် ဗိုလ်ဆန်ရမှ ကျေနပ်သူ၊ ဂုဏ်ယူသူဖြစ်သည်။

တော်ရုံလူကို သူနှင့်တူသည်တန်သည်ဟု မထင်။ ငွေကြေးချမ်းသာသောမိဘမှ ပေါက်ဖွားလာသည့် တစ်ဦးတည်းသောသမီးတို့၏ ထုံးစံ



အတိုင်း မာနတံခွန်လွှင့်ထူထားသူဖြစ်ပေသည်။

အမေသည် ဘယ်သူနှင့်ဆက်ဆံဆက်ဆံ သူက ကျော့ရမှ၊ အပေါ်စီးနေရမှ ကျေနပ်သူဖြစ်ရာ ပေါင်းသင်းဆက်ဆံရေးနယ်ပယ်တွင် မည်သူနှင့်မှုအဆင်မပြေဘဲ 'အော့ကြောလန်' ဖြစ်ရသည်မှာ အဆန်းမဟုတ်တော့ပေ။

“တောသားက လူပါးဝလို့၊ ငါ့ကြောင့် နင် လူမွေးလူတောင်ပြောင်နေတာဟဲ့...”

အမေသည် အဖေနှင့်ရန်ဖြစ်ပြီဆိုလျှင် ဤမျှအထိ ရင့်သီးသောစကားများကို အော်ကြီးဟစ်ကျယ် သုံးတတ်သူဖြစ်လေသည်။

ကျွန်တော့်အမေသည် ဤသို့သောအမေမျိုး ဖြစ်ပေသည်။

ကျွန်တော့်အဖေနှင့် အမေတို့ညားခဲ့ကြပုံမှာ မဆန်းလှပါ။ အုပ်ချုပ်ရေးဘက်တွင် အကြီးတန်းဝန်ထမ်းတစ်ဦးဖြစ်သောအဖေသည် အမေတို့မြို့သို့ ပြောင်းလာသည်။ သြဇာအာဏာရှိသောအဖေ့ကို မြို့မျက်နှာဖုံးလူကြီးများက “ဝန်ထောက်မင်း၊ ဝန်ထောက်မင်း” ဟုခေါ်ကာ လေးစားသမှုပြုကြသည်။ ထိုလူစုထဲတွင် မြေပိုင်ရှင်၊ စက်ပိုင်ရှင်တစ်ဦးဖြစ်သော ကျွန်တော့်အမေ၏အဖေ ကျွန်တော့်အဘိုး ဦးစံဝသည် အရင်းနှီးဆုံး ဖြစ်လာသဖြင့် အိမ်အဝင်အထွက်ရှိလာသည်။ ထိုအခါ အမေ့ကို အဖေကမျက်စိကျ၍ အမေကအဖေ့ကိုမျက်စိကျသည်။ ထိုအခါ လက်ထပ်ကြလေသည်။

အဖေနှင့်အမေတို့ ရန်ဖြစ်ကြပြီဆိုလျှင် အမေက “ရှင့်ကို ကျွန်မချစ်လို့ယူခဲ့တယ်များ ထင်နေသလား၊ ဝေးသေး” ဟု ပြောတတ်သကဲ့သို့ အဖေကလည်း “ဟေ့...ငါကလည်း မင်းကို ချစ်လို့ယူခဲ့တာမဟုတ်ပါဘူးကွ” ဟု မူးမူးရူးရူးအသံဖြင့် ပြန်၍ဆိုတတ်လေသည်။

ထိုအခါအမေက “ရှင် ကျွန်မကို ဘာ့ကြောင့်ယူခဲ့တယ်ဆိုတာ ကောင်းကောင်းကြီး သိပါတယ်တော်။ ထုတ်ပြောနေဖို့ မလိုပါဘူး” ဟု ပြန်၍ငေါ့တတ်၍ အဖေကလည်း “သိရင်လည်း ပြီးတာပဲကွာ” ဟု ပြန်၍ထေ့တတ်လာသည်။

သူတို့ချင်း တစ်ဦးနှင့်တစ်ဦး ချစ်လို့ယူခဲ့ခြင်းမဟုတ်ဟုဆိုလျှင် ဘာ့ကြောင့်များ ယူခဲ့ကြပါလိမ့်။

ကျွန်တော် စဉ်းစားခဲ့ဖူးပါသည်။ စဉ်းစား၍ မရခဲ့ပါ။

*

(၃)

ကျွန်တော့်အနေဖြင့် အဖေနှင့်အမေတို့အပေါ်တွင် ချစ်မြတ်နိုးသော စိတ်၊ ယုံကြည်အားကိုးသောစိတ်ဖြင့် ပျော်ပျော်ရွှင်ရွှင်နေခဲ့ရသည့်အချိန် များမရှိမဟုတ် ရှိခဲ့ပါသည်။

ကျွန်တော်ငယ်စဉ်မှစ၍ ကျွန်တော့်အဖေသည် ခရိုင်တစ်ခု၏ အကြီးဆုံးသောအရာရှိကြီး ဖြစ်လာသည့်အချိန်အထိ ကျွန်တော့်ဘဝသည် ပျော်စရာချည်းဖြစ်ခဲ့သည်ဟု ဆိုရပါလိမ့်မည်။

ကျွန်တော် သိရသလောက်ဆိုလျှင် အမေသည် အိမ်မှုကိစ္စနှင့်ပတ်သက်၍ ဘာမျှလုပ်သူတစ်ဦး မဟုတ်ပါ။ မီးဖိုချောင်ထဲဝင်၍ ချက်ဖို့ပြုတ်ဖို့နေနေသာသာ သူ့ခါးကထဘီကိုမှ ခေါက်သူမဟုတ်ပါ။ အပြင်မှပြန်လာလျှင် ထဘီကို ကွင်းလိုက်ချွတ်ပြီး ပုံထားခဲ့သူဖြစ်ပါသည်။

ခရိုင်တစ်ခု၏ အကြီးဆုံးသောအရာရှိကြီးဖြစ်သဖြင့် အိမ်တွင်ထမင်းချက်တစ်ဦး၊ ယာဉ်မောင်းတစ်ဦးနှင့် ဝေယျာဝစ္စလုပ်ဖို့ လူပိုတစ်ဦးအသင့်ရှိနေသည့်ကြားမှပင် အမေက သူ့အတွက် အဖော်အလျော်ရအောင်ဟုဆိုကာ သူနှင့်ညီအစ်မနှစ်ဝမ်းကွဲတော်သည့် ဒေါ်အေးအေးမြင့်ကို ခေါ်ထားသေးသည်ဖြစ်ရာ အမေ ဘာမှမလုပ်ဘဲ ဇိမ်နှင့်နေလို့ရပါသည်။

အမေသည် "ခြေမွေးမီးမလောင် လက်မွေးမီးမလောင်" ဟူသောစကားကို ဂုဏ်လုပ်ထားသူဖြစ်ရာ ကလေးနို့တိုက်ဖို့၊ ကျွေးဖို့၊ မွေးဖို့၊ ထိန်းကျောင်းဖို့ဆိုသည်မှာ သူ့အလုပ်မဟုတ်။ ကျွန်တော်ငယ်ငယ်က ငှားထားခဲ့ဖူးသည့် ကလေးထိန်းနော်အဲလူ၏အလုပ်ဟု ယူဆသူဖြစ်ပါသည်။ ဝယ်ဖို့ခြမ်းဖို့ ချက်ပြုတ်ဖို့ကျတော့ ထမင်းချက် ကိုကံသာကြီးအလုပ်၊ ကျွေးဖို့မွေးဖို့၊ သိမ်းဆည်းဖို့ကျတော့ ကိုလုံးအလုပ်၊ လျှော်ဖို့ဖွပ်ဖို့ သိမ်းဖို့ဆည်းဖို့ကျတော့ ဒေါ်အေးအေးမြင့်အလုပ်ဟု ယူဆထားသူ ဖြစ်ပါသည်။

အိမ်လည်ခြင်း၊ ဖဲရိုက်ခြင်း၊ ပျော်ပွဲစားထွက်ခြင်းနှင့် သူများအပေါ် ဆရာလုပ်ခြင်းတို့သာလျှင် အမေ၏အလုပ်များဖြစ်၍ ထိုအလုပ်များသည်



သာလျှင် အမေ့အတွက် အရေးကြီးသောအလုပ်များဖြစ်ပါသည်။ အမေ့အဘိဓာန်တွင် အလုပ်ဆိုသည်မှာ ဖဲရိုက်ဖို့၊ အိမ်လည်ဖို့၊ ပျော်ပွဲစားထွက်ဖို့နှင့် သူများအပေါ် ဆရာလုပ်ဖို့၊ ဗိုလ်ကျဖို့သာ ဖြစ်ပေသည်။

ထိုစဉ်က ကျွန်တော်တို့မိသားစုတွင် အဖေ၊ အမေ၊ အစ်မ၊ ကျွန်တော်နှင့်အဒေါ် ဒေါ်အေးအေးမြင့် အားလုံးပေါင်းမှ ငါးဦးမျှသာရှိပါသည်။ ကျွန်တော့်အစ်မ ခင်မေကြည်မှာ အသက် ၁၈ နှစ်ရှိပြီဖြစ်သော်လည်း တက္ကသိုလ်ဝင်တန်းမအောင်သေးသဖြင့် တတိယအကြိမ်ဖြေရန် ကျောင်းပြန်တက်နေချိန်ဖြစ်၍ ကျွန်တော်ကတော့ ရှစ်တန်းကျောင်းသားဘဝတွင် ပျော်၍ပါး၍ကောင်းတုန်းဖြစ်ပါသည်။

အမေနှင့် ညီအစ်မနှစ်ဝမ်းကွဲတော်သည့် ဒေါ်အေးအေးမြင့်ကို ကျွန်တော်တို့မောင်နှမက "လေးလေးမြင့်" ဟု ခေါ်ကြပါသည်။ လေးလေးမြင့်မှာ မိဘမဲ့တစ်ဦးဖြစ်၍ အဒေါ်အပျိုကြီးများနှင့် နေထိုင်ရာမှ ကျွန်တော်တို့အမေ အပြောကောင်း၍ ပျော်သလောက်နေမည်ဟုဆိုကာ ပါလာခြင်းဖြစ်သည်ဟု သိရပါသည်။

လေးလေးမြင့်သည် ခပ်အေးအေးနေတတ်၍ အလွန်စိတ်ရှည်ပါသည်။ သည်းခံသည့်နေရာတွင်လည်း သူမတူအောင် သည်းခံနိုင်စွမ်းရှိသည်ဟု အပြောများပါသည်။ အပြောအဆို၊ အနေအထိုင်ကလည်း သိမ်မွေ့ယဉ်ကျေးလှပါသည်။

အဖေ၊ အမေနှင့်မကပ်ရသော ကျွန်တော်သည် အချိန်ရှိသမျှ လေးလေးမြင့်နှင့်သာ အနေများသည်။ လေးလေးမြင့်ကလည်း ကျွန်တော့်ကို အလွန်အလိုလိုက်သည်။ ကျွန်တော့်အဖို့ လေးလေးမြင့်သည် အချစ်ဆုံးသောအဒေါ်တစ်ယောက်ဟုဆိုလျှင် မှားမည်မဟုတ်ပါ။

ကျွန်တော်တို့က လေးလေးမြင့်ကို ချစ်လှပါသော်လည်း အမေကတော့ လေးလေးမြင့်ကို ညီအစ်မတော်သည်ဟုပင် အသိအမှတ်ပြုပုံမပေါ်ပါ။ သူ့စိတ်တွင် လေးလေးမြင့်ကို အခိုင်းအစေသာသာလောက် သဘောထားဟန်တူသည်။ အမေက လေးလေးမြင့်ကို ပြောဆိုဆက်ဆံပုံမှာ မာကြောကြောနှင့် အထက်စီးနိုင်လှသဖြင့် ကျွန်တော်မကြိုက်ပါ။

ကျွန်တော်သာမဟုတ်၊ ထမင်းချက် ဦးကံသာကြီးကလည်း မကြိုက်

ပါ။ ဦးကံသာကြီးသည် လေးလေးမြင့်ကို ခင်မင်လေးစားသော်လည်း အမေ့ကိုမူ စိတ်ထဲက မုန်းဟန်တူပါသည်။ ထုတ်ဖော်၍မပြောသော်လည်း သူ့အပြုအမူများက ဖော်ပြနေပါသည်။

အဖေ့ဝါသနာကတော့ တစ်မျိုးဖြစ်သည်။ တစ်ခါတစ်ရံ အမေနှင့် လိုက်၍ ဖဲရိုက်တတ်သော်လည်း စွဲစွဲမြဲမြဲမဟုတ်ပါ။ တစ်ခါတစ်ရံ အမေ ပျော်ပွဲစားထွက်ရာသို့ လိုက်တတ်သော်လည်း အမေခေါ်၍သာလိုက်ခြင်း ဖြစ်ပါသည်။ အမေမခေါ်လျှင် ဘာသာလဝါနေခဲ့သည်က များပါသည်။

အဖေသည် အရက်ကြိုက်သူဖြစ်၍ အရက်ကလေးတမြမြသောက်ကာ စည်းစိမ်ခံတတ်သည်။ အဖေ့တွင် ညဉ်ဆိုးတစ်ခုတော့ရှိ၏။ အရက်မူးလာလျှင် ရမ်းချင်သူ။ သူ မူးလာပြီဆိုလျှင် နီးရာလူကို ထိကပါးရိကပါးပြောကာ ရန်စတတ်လေသည်။

သူ့တွင် တခြားသောဝါသနာတစ်ခုလည်း ရှိပါသည်။ ထိုဝါသနာမှာ အခြားမဟုတ်ပါ။ မိန်းမလိုက်စားတတ်သော ဝါသနာဖြစ်ပါသည်။ အဖေ မိန်းမ ဝါသနာပါသည်ကို အစကကျွန်တော်မသိသော်လည်း ဦးကံသာကြီးနှင့်ကိုလုံးတို့ တိတ်တဆိတ်ကြိတ်၍ ပြောသံကို ကြားရဖူးပါသည်။

"သူ တောသွားရင် ငါ မလိုက်ချင်ဘူး ငလုံးရာ။ သူတောထွက်တာက သူ့ရည်ရွယ်ချက်နဲ့သူထွက်တာ။ ရွာရောက်ရင် ငါက သူကြီးတွေကိုပြောပြီး မိန်းမရှာပေးရတယ်ကွ။ တစ်နေ့မဟုတ်တစ်နေ့ကျ လူတွေသိကုန်မှာ။ တစ်နေ့သိကုန်ရင် အားလုံးဒုက္ခများကုန်မှာ"

"အေး...ဗျာ၊ အဲဒီအကျင့်ကြီးကတော့ စိတ်ပျက်စရာပဲ။ ကျုပ်လည်း မလိုက်ချင်ပါဘူးဗျာ။ ကျုပ်က ခင်ဗျားလောက်တောင် လည်လည်ပတ်ပတ် ပြောတတ်တာမဟုတ်ဘူး။ ပိုဆိုးမှာပေါ့"

"တစ်နေ့ကလည်း ငါ့ကိုခေါ်ပြီး ပြောနေတယ်၊ ခရိုင်ရုံဝန်ရုံးက စာရေးမ မခင်ချောကို သိသလားတဲ့၊ ရမရစုံစမ်းပေးစမ်းကွာတဲ့။ ငါတော့ စိတ်ညစ်ပါတယ် ငလုံးရာ၊ အလုပ်ကထွက်ရင် ကောင်းမလားတောင် စဉ်းစားနေတယ်ဟေ့"

ဤစကားများသည် ကျွန်တော့်အဖေ၏ ဆိုးဝါးသောအကျင့်တစ်ခုကို အထင်အရှားဖော်ပြနေသည်ဟုပင် ယုံကြည်ပါသည်။



မည်သို့ပင်ဖြစ်စေ....

ထိုအချိန်က ကျွန်တော်အလွန်ပျော်ခဲ့ပါသည်။ အမေနှင့်အဖေတို့ ကျွန်တော့်အား ဂရုတစိုက်မပြုသော်လည်း အကြောင်းမဟုတ်ပါ။ ကျွန်တော့်အဖို့ လေးလေးမြင့်နှင့် ဦးကံသာကြီးရှိနေသဖြင့် သူတို့ကိုအဖော် လုပ်ရင်း ပျော်စရာ၊ ရွှင်စရာ၊ စိတ်ချမ်းမြေ့စရာများကို ရခဲ့ပါ၏။

ထိုပျော်ရွှင်သာယာမှုများသည် တစ်နေ့နေ့၊ တစ်ချိန်ချိန်တွင် ဆိတ်သုဉ်းသွားရလိမ့်မည်ဟု ကျွန်တော်မမျှော်လင့်ခဲ့ပါ။

သို့သော်...

တစ်နေ့သောည...

ထိုညကို ကျွန်တော် မမေ့နိုင်ပါ။ ထိုညသည် ကျွန်တော့်ဘဝ၏ သာယာချမ်းမြေ့မှုဟူသမျှကို ဆိတ်သုဉ်းရန်အစပြုသည့်ည...။

ထိုညက ကျွန်တော် မနိုးစဖူးတစ်ရေးနိုးလာသည်။ နိုးလာချင်းမှာ စကားပြောသံများကြောင့်ဟုပင် ထင်သည်။

"မလုပ်ပါနဲ့ အစ်ကိုကြီးရယ် မတော်ပါဘူး။ ကျွန်မ တောင်းပန်ပါရစေ၊ မမသိသွားရင် အားလုံးဒုက္ခဖြစ်ကုန်ပါလိမ့်မယ်"

ဒါက လေးလေးမြင့်အသံ...

"မင်းမမ မသိစေရပါဘူးကွယ်။ အစ်ကိုကြီး မင်းကိုချစ်လွန်းလို့ပါနော်၊ လိမ္မာပါတယ်ကွယ်"

ဒါက ကျွန်တော့်အဖေအသံ။

ကျွန်တော် အိပ်ရာပေါ်တွင် ငြိမ်၍ထိုင်ကာ နားစွင့်နေမိသည်။

"မဖြစ်ပါဘူးရှင်...၊ ကျွန်မ အစ်ကိုကြီးကို လက်မခံနိုင်ပါဘူး။ ပြန်ထွက်ပါ၊ သွားပါ။ တော်တော်ကြာ မမပြန်လာရင်"

"မလာသေးပါဘူးကွယ်။ မြင့်ကလည်းကွာ၊ အစ်ကိုကြီးကို ယုံပါ၊ အစ်ကိုကြီး တကယ်ချစ်လို့ပါ"

"အို...မလုပ်နဲ့၊ လွှတ်...လွှတ်။ ကလေးတွေ နိုးကုန်လိမ့်မယ် အစ်ကိုကြီး၊ ပြောမရရင် အော်လိုက်မယ်နော်"

"အော်ရဲရင် အော်ကွာ၊ အော်စမ်း...."

ရှန်းကန်လှုပ်ရှားသံများ၊ တွန်းထိုးသံများနှင့် ကန့်ကြောက်သံများ

းတော့–

"အမယ်...နင်က ငါ့ကိုပါးရိုက်တယ်ဟုတ်လား၊ အာဂကောင်မပါဘား။ ငါ့လိုလူကိုများ နင်က ဟင်း...."

ကျွန်တော် ဘာလုပ်ရမှန်းမသိ။ အစ်မခင်မေကြည်အခန်းဘက်ကတော့ ဘာသံမျှမကြားရ။ နိုးဟန်မတူပေ။ အဖေ့အသံက မူးနေသည့်အသံ။ အဖေသည် မူးလျှင်စည်းကမ်းမဲ့တတ်သည်။

"အမလေး...လုပ်ကြပါဦး"

လက်သီးနှင့်ထိုးသည့်အသံ၊ လေးလေးမြင့်၏ အော်သံကမဆုံး ဝူးဝါးဝါး မပီမသနှင့် ရပ်သွားသည်။

ကျွန်တော်ခုတင်ပေါ်မှ ခုန်ချလိုက်မိသည်။

ခုန်းခနဲ မြည်သွားသောအသံ၊ ပြီးတော့ တံခါးဖွင့်သံ၊ ပြေးလွှားသံ။ လေးလေးမြင့်အခန်းထဲ ကျွန်တော်ရောက်သွားတော့ လေးလေးမြင့်အကျီမှာ မြင်မကောင်းအောင် စုတ်ပြတ်နေသည်။ လေးလေးမြင့်က ကပျာကရာ ဆောင်နှင့်ဖုံးလိုက်သည်။

လေးလေးမြင့်သည် ကျွန်တော့်ကိုဖက်၍ ရှိုက်ကြီးတငင် ငိုကြွေးလျက်ရှိရှာသည်။ ကျွန်တော်၏ ပါးပြင်ပေါ်ဝယ် မျက်ရည်တို့ဖြင့် ဖုံးနေပါသည်။

မနက်ကျတော့ လေးလေးမြင့်က သူ့အဝတ်များကို သတိရ၍ ပြန်ပါရစေဟု အမေ့ထံ ခွင့်တောင်းသည်။

အမေက မပြန်ရဘူးဟုဆိုသည်။

"ကျွန်မ ခဏပြန်မှာပါ မမရယ်၊ အလွန်ဆုံး တစ်ပတ်လောက်ပဲ ကြာမှာပါ"

"မဖြစ်သေးပါဘူးအေ...၊ ညည်းကလည်း အရေးထဲရှုပ်လိုက်တာ။ ဟိုကဖြင့် သတိမှရပါလေစ၊ ညည်းက သည်းမနေစမ်းပါနဲ့"

ဘယ်လိုပဲပြောပြော အမေက ပြော၍မရပါ။

အမေကတော့ သူဘာမျှမလုပ်ခဲ့သလို ခပ်တည်တည်၊ ခပ်ငြိမ်ငြိမ်နှင့် ဣန္ဒြေမပျက်ရှိသည်။

ညကအဖြစ်ကို ဘယ်သူမျှမပြောနှင့်ဟု လေးလေးမြင့်က ပိတ်ထားသဖြင့် ကျွန်တော်မပြောပါ။ ပြော၍မဖြစ်သည်ကိုလည်း ကျွန်တော်နား



လည်ထားပါသည်။ ရင်ထဲကတော့ အဖေ့အပေါ် မကျေနပ်ပါ။ ရွံရှာစက်ဆုပ်သည့်စိတ်ကြောင့် အဖေ့မျက်နှာကိုပင် မကြည့်ချင်အောင် ဖြစ်လျက်ရှိပါသည်။

ဤကိစ္စသည် ဤမျှနှင့် ပြီးသွားလျှင် မည်မျှကောင်းပါမည်နည်း။

သို့သော် မပြီးပါ...။

မေ့လောက်သည့်အချိန်တွင် ဒုတိယအကြိမ် ပြန်၍ဖြစ်လာပြန်သည်။ ဒုတိယအကြိမ်ဖြစ်သည့်နေ့က ကျွန်တော်နှင့် ကြုံရခြင်းမဟုတ်ပါ။ ကျွန်တော့်အစ်မ ခင်မေကြည်နှင့် ဆုံမိကြခြင်းဖြစ်သည်။

ထိုနေ့က အစ်မသည် နေမကောင်း၍ ကျောင်းမှခွင့်နေ့တစ်ဝက်ယူပြီး အိမ်သို့ပြန်သွားပါသည်။ သူကတော့ အဖေရော အမေပါအိမ်တွင် ရှိကြမည်မဟုတ်။ အဖေက ရုံးတက်နေလိမ့်မည်၊ အမေကလည်းနေလိမ့်မည်။ အိမ်တွင် လေးလေးမြင့်တစ်ဦးသာရှိမည်ဟု ထင်ထားသည်။

အိမ်ပေါ်တက်သွားတော့မှ မဖျော်လင့်သောမြင်ကွင်းကြောင့် ထိတ်လန့်တကြား ဖြစ်ရသည်။

အိမ်ပေါ်တွင် အဖေနှင့်လေးလေးမြင့်တို့ ဝရုန်းသုန်းကားဖြစ်လျက်ရှိသည်။ အဖေက ဗလက္ကာရပြုသည်ကို လေးလေးမြင့်က ခုခံတွန်းလှန်လျက်ရှိသည်။ သူရောက်သွားတော့ အောင်မြင်လုနီးနီးအခြေမျိုး ဖြစ်သည်ဟုဆိုသည်။ သူ အချိန်မီရောက်သွား၍ အဖေ့လက်ထဲမှ လေးလေးမြင့်လွတ်သွားရခြင်းဖြစ်သည်ဟု သိရပါသည်။

အမေ့ကို မပြောပါနှင့်ဟု အဖေက ပိတ်သော်လည်းမရပါ။ အစ်မကတွေ့သမျှမြင်သမျှကို အမေ့အားပြောပြသည်။

ကျွန်တော်တို့က အဖေနှင့်အမေတို့၏ ရန်ပွဲကိုတထိတ်ထိတ်နှင့် မျှော်လင့်ထားကြပါသည်။ သို့သော်လည်း ကျွန်တော်တို့ မျှော်လင့်ထားသလိုဖြစ်မလာဘဲ လုံးဝမမျှော်လင့်သောအဖြစ်သာ ပေါ်ပေါက်လာရပါသည်။

ပထမတော့ အမေနှင့်အဖေတို့ အိပ်ခန်းထဲတွင် တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်ဖုံ ပူညံပူညံ ဖြစ်နေကြသည်မှာ တစ်နာရီကျော်ကျော်ခန့် ကြာသည်။

နောက်တော့ အမေထွက်လာသည်။ အမေ့မျက်နှာမှာ ကြောက်စရာ

ကောင်းလှ၏။

"ဟဲ့ကောင်မ...အေးအေးမြင့်၊ လာခဲ့စမ်း...ဒီကို"

လေးလေးမြင့်ခမျာ ကုပ်ကုပ်ရုပ်ရုပ်နှင့် ထွက်လာရှာသည်။

"ဟင်....လင်ခိုးမ၊ ကြောင်တောင်နှိုက်မ။ နင်က ငါ့လင်ကိုခိုးမလို့ပေါ့လေ။ ကျွေးမွေးထားတဲ့ကျေးဇူးတောင် မထောက်ဘူး၊ တယ်တော်တဲ့ကောင်မပါလား...ဟဲ့"

ပြောပြောဆိုဆို လေးလေးမြင့်၏ပါးကို ဘယ်ပြန်ညာပြန်ရိုက်သည်။ ခြေထောက်နှင့်ကန်သည်။ လေးလေးမြင့် လဲသွားတော့ ဖနောင့်နှင့်ပေါက်သည်။ ကျွန်တော့်အဖေက ထွက်လာပြီးဆွဲတော့မှ ပို၍ဆိုးလာသည်။

"အမယ်...ဟဲ့အကောင်ကြီး၊ နင်က နင့်မယားထိလို့ နာတယ်ပေါ့လေ။ ဆွဲလားဘာလားနဲ့...၊ ဟင်း...တဏှာရူးကြီး"

"တိုးတိုးပြောပါ မေရယ်၊ မင်းကလည်း..."

"မပြောနိုင်ဘူး...ဟဲ့...မပြောနိုင်ဘူး။ တကယ်ဆို ငါ့ယောကျ်ားကထတယ်ပဲထားပါဦးတော့ သူက ဆင်ခြင်ရမှာ။ အခုတော့ သူကမြှူဆွယ်တယ်"

ကျွန်တော့်အမေ ပါးစပ်မှ ယုတ်ယုတ်မာမာ၊ ရိုင်းရိုင်းစိုင်းစိုင်းစကားလုံးတွေ မကြားဝံ့မနာသာ ထွက်လာလေသည်။

အမှန်အတိုင်းဆိုလျှင် အပြစ်တင်ရမှာက အဖေ။ အခုတစ်ဖက်သတ်အပြောခံနေရသူက လေးလေးမြင့်။

ကျွန်တော် မခံနိုင်ပါ။

"မဟုတ်ဘူး မေမေ၊ လေးလေးမြင့် အပြစ်မဟုတ်ဘူး။ ဖေဖေ့အပြစ်ကျွန်တော်သိတယ်"

"ဟော့...စိုးမရ၊ မင်း ဝင်မပါနဲ့ ဒီကိစ္စ။ မင်း ဘာမှသိတာမဟုတ်ဘူး"

အဖေက ဝင်၍ဟန့်သည်။

"ကျွန်တော်သိတယ်။ ကောင်းကောင်း သိတယ်"

အမေက လက်မခံပါ။

"ဟဲ့...အကောင်၊ နင် ဘယ်လောက်နားလည်လို့ ဝင်ပြောနေရတာလဲ။ နင့်အဖေကို နင့်ကောင်မက လက်ခံပြီးလို့အားရမှ နင်တို့မြင်လို့ဟန်ဆောင်



နေတာ...ဟဲ့၊ သိရဲ့လား"

"မေမေ့ကို ဘယ်သူက ပြောသလဲ"

"နင့်အဖေက ပြောတယ်ဟဲ့။ နင့်အဖေက အကုန်ဝန်ခံပြီးပြီ၊ သူတို့ဖြစ်နေတာ ကြာပြီတဲ့"

"မဟုတ်ဘူးဗျ...မဟုတ်ဘူး။ အဲဒါ လိမ်တာ။ ဖေဖေလိမ်ပြောတာ။ အစ်မ...နင်မြင်တာ မေမေ့ကို မပြောပြဘူးလား"

အဖေက ကျွန်တော့်ထံလျှောက်လာပြီး ပါးကိုတစ်ချက်ပိတ်ရိုက်သည်။ တစ်ကိုယ်လုံး ပူထူသွားပါသည်။ "နင်က နင့်မယားထိလို့ နာနေသလားဟဲ့ စိုးမရရဲ့" ဟု အမေက အော်သည်။

ကျွန်တော် ဘာကိုမျှမမြင်တော့၊ မကြားတော့ပါ။

"ခင်ဗျားတို့ မတရားဘူး။ ခင်ဗျားတို့ ယုတ်မာတယ်။ ခင်ဗျားတို့ လိမ်တယ်"

ပါးစပ်ကလည်း ပြောသည်။ ကျွန်တော့်ရှေ့တွင်ရှိသည့် ကုလားထိုင်ကိုယူ၍ ပေါက်သည်။ စားပွဲတွေ တွန်းလှဲပစ်သည်။ မှန်ပြတင်းပေါက်တွေကို လက်သီးနှင့်ထိုးခွဲသည်။

အဖေက ဝင်၍ဆွဲရန် ကြိုးစားသည်။

"ခင်ဗျားကြီး ကျုပ်ကိုမထိနဲ့၊ ကျုပ်ကိုမထိနဲ့။ ကျုပ်နားကို ဘယ်သူမှ မလာနဲ့"

ထမင်းစားခန်းထဲဝင်၍ ကြောင်အိမ်တွေ တွန်းလှဲပစ်သည်။ စားပွဲပေါ်မှ ပန်းကန်တွေကိုယူ၍ ပေါက်ခွဲသည်။

တစ်အိမ်လုံး ဆူညံလျက်ရှိ၏။

အဖေ့အသံ၊ အမေ့အသံ၊ အစ်မအသံ၊ လေးလေးမြင့်အသံ၊ အပြင်မှနေ၍ အော်ခေါ်နေသည့် ကိုလုံးအသံ....

ကျွန်တော့်စိတ်သည် အမှောင်ကမ္ဘာထဲဝယ် ချာချာလည်လျက်ရှိလေသည်။

*

(၅)

ထိုနေ့ညက ကျွန်တော် ဦးကံသာကြီးတို့အိမ်ရောက်သွားတော့ ညဉ့်

နက်လှပေပြီ။ မှန်ကွဲများရှထားသဖြင့် လက်နှစ်ဖက်လုံး သွေးသံရဲရဲနှင့်ဖြစ်သည်။ ဦးကံသာတို့တစ်အိမ်သားလုံး ပြူးတူးပြဲတဲ ထိတ်လန့်တကြားဖြစ်ကုန်ကြ၏။

ကျွန်တော် စိတ်တိုစိတ်ညစ်နေမှန်းသိ၍ ထူးထူးထွေထွေ မမေးကြ။ "အိမ်မှာ ရန်ဖြစ်လာတာဖြစ်မှာပေါ့" ဟု သာမန်အားဖြင့် မှတ်ချက်ချကြသည်။ ဒဏ်ရာများကို ဆေးထည့်၍ ပတ်တီးစည်းပေးကြသည်။ နဖူးနှင့်ခေါင်းတွင် ဖူးရောင်ပေါက်ပြဲနေသည်များကို ကြပ်ထုပ်ထိုးပေးကြသည်။

ကျွန်တော်ကလည်း ပြောမကောင်းသည့်ကိစ္စမို့ တစ်လုံးမျှပင် ထုတ်မပြောတော့ပါ။ ရင်ထဲမှာ ခံစားနေရသမျှကို ထုတ်ဖော်၍မပြောရသဖြင့် ရင်ကတော့ နာလှပါသည်။

ဦးခင်မောင်ကြည်သည် ကျွန်တော့်အဖေ၊ ဒေါ်မေမေခင်သည် ကျွန်တော့်အမေ။

ကျွန်တော့်အဖေနှင့် အမေသည် ဘာ့ကြောင့်များ ဤမျှအထိ မတရားလုပ်ကြပါလိမ့်။ ဘာ့ကြောင့်များ ဤမျှအထိ လိမ်လည်လှည့်ဖြားကြပါလိမ့်။ ဘာ့ကြောင့်များ ဤမျှအထိ ယုတ်မာကြပါလိမ့်။

ကျွန်တော် မတွေးချင်သော်လည်း တွေးမိပါသည်။ မတွေးရဲသော်လည်း မဝံ့မရဲနှင့်တွေးမိပါသည်။ ထိုအတွေးများသည် ကျွန်တော့်ဦးနှောက်ကို ချောက်ချားအောင် ဖန်တီးလျက်ရှိပါသည်။

ကျွန်တော် အိမ်မပြန်၊ ကျောင်းမတက်ဘဲ ဦးကံသာတို့အိမ်တွင် ဆယ်ရက်နေခဲ့သည်။ ထိုရက်များအတွင်း အစ်မခင်မေကြည် နှစ်ကြိမ်လာ၍ အိမ်ပြန်လိုက်ဖို့ ခေါ်ပါသည်။ ကျွန်တော် မလိုက်ပါ။

လေးလေးမြင့်တစ်ယောက် အိမ်တွင်မရှိတော့ကြောင်း၊ ပြန်သွားပြီဖြစ်ကြောင်း ဦးကံသာထံမှ သိရပါသည်။ လေးလေးမြင့်အဖို့တော့ မပြန်၍လည်းမဖြစ်ပါ။ ပြန်မှသာ စိတ်အေးရမည့်အခြေအနေ ဖြစ်ပါသည်။

ဆယ်ရက်ပြည့်သည့်နေ့မှာပင် ကျွန်တော့်အမေက ကျွန်တော်၏ အတန်းပိုင်ဆရာကိုခေါ်၍ လိုက်လာပါသည်။ အရောတဝင် မနေတော့ပါ။ အဖေအမေတို့နှင့် မျက်နှာချင်းမဆိုင်မိအောင်တတ်နိုင်သမျှရှောင်ပါသည်။ အစ်မကိုတော့ ကျွန်တော်စကားပြောပါသည်။ ယခင်ကလို ဖက်လဲတကင်းတော့မနေပါ။

ကျွန်တော်နေရသည်မှာ တစ်စုံတစ်ခုလိုနေသလို ဖြစ်နေပါသည်။ ဤအတောအတွင်း နောက်ထပ်ရင်နာစရာတစ်ခုနှင့် ထပ်၍ကြုံရပြန်ပါသည်။ လေးလေးမြင့်ပြန်သွားပြီး နှစ်လခန့်အကြာတွင် ကျွန်တော့်အစ်မ ခင်မေကြည် လင့်နောက်လိုက်သွားခြင်းဖြစ်၏။ သူနှင့်တစ်တန်းတည်း သား တင်မောင်အေး ဆိုသူနှင့် လိုက်သွားခြင်းဖြစ်ပါသည်။

တင်မောင်အေးမှာ မြို့ပေါ်မှကျောင်းသားမဟုတ်ပါ။ မြို့အရှေ့ဘက် သုံးမိုင်ခန့်အကွာရှိရွာမှဖြစ်၍ ကျေးရွာလူချမ်းသာတစ်ဦး၏သားဖြစ်ပါသည်။ ကျွန်တော်နှင့်လည်း ခင်မင်နေသူဖြစ်၍ ပြောရခက်သည့်ကိစ္စတစ်ခုပင်ဖြစ်ပါသည်။

ခရိုင်တစ်ခုလုံးတွင် မင်းတစ်ပါးသဖွယ်ဖြစ်နေသော ကျွန်တော့်အဖေသည် တိုးတိုးတိတ်တိတ် ကြိတ်၍ရဲအဖွဲ့၏အကူအညီကိုယူကာ ရှာဖွေကြပါသည်။ နှစ်ရက်အကြာတွင် ပြန်မိလာပါသည်။

ယခုကိစ္စတွင် ကျွန်တော် ဝင်မပါတော့ပါ။

ကျွန်တော့်အဖေရော အမေပါ ဆတ်ဆတ်တုန်ဖြစ်နေကြသည်ကို ပွဲကြည့်ပရိသတ်တစ်ဦးအနေဖြင့် ကြည့်နေပါသည်။

ဆူလိုက်ပူလိုက်၊ ဆဲလိုက်ဆိုလိုက်လုပ်နေသည့် အမေ…။

သက်ပြင်းတရှူးရှူး အံတကြိတ်ကြိတ်၊ လက်သီးတဆုပ်ဆုပ်ဖြစ်နေသည့်အဖေ။

ဘယ်လိုပဲ ဖုံးဖိထားစေကာမူ သတင်းကတော့ နေရာအနှံ့ရောက်သွားပြီဖြစ်ရာ အရှက်ကတော့ ကွဲခဲ့ပြီဖြစ်ပါသည်။

အစ်မခင်မေကြည်ကို အမေ၏ဖခင်ရှိရာ….မြို့သို့ အမေကိုယ်တိုင်လိုက်ပို့ပြီး ထားခဲ့ပါသည်။

အစ်မကိစ္စနှင့်ပတ်သက်၍ ကျွန်တော့်သဘောထားမှာ အဖေအမေတို့နှင့်မတူပါ။ သူကြိုက်၍ လိုက်သွားပြီးမှတော့ ဘာမျှထပ်၍ လုပ်နေစရာမလိုဟုထင်သည်။ ပေးစားချင်ပေးစားလိုက်။ မတူဘူး၊ မတန်ဘူးထင်၍ မပေးစားလိုလျှင် ကိုယ့်သမီးကို နိုင်အောင်ထိန်း။ ဒါပဲရှိသည်ဟုကျွန်တော် ယူဆပါသည်။

အဖေနှင့်အမေတို့ကတော့ ထိုသို့မဟုတ်ပါ။ တစ်ဖက်သားနစ်နာ အောင် လက်စားချေကြပါသည်။ အတို့အထောင်လုပ်သူက အမေ။ အမေ တို့ထောင်ပေးသည့်အတိုင်း လိုက်လုပ်နေသူက အဖေ။

ကြားရသည့်သတင်းများမှာ စိတ်ချမ်းသာစရာ မရှိပါ။

တင်မောင်အေးကို ရဲအချုပ်တွင်ထားပြီး ညတိုင်းနှိပ်စက်ညှင်းပန်း ကြသည်တဲ့။ နှိပ်စက်သူများထဲတွင် အဖေက ခေါင်းဆောင်သည်တဲ့။

နှိပ်စက်နည်းများမှာလည်း ကြောက်ခမန်းလိလိ ရှိလှပါသည်။ ရိုက် သည်၊ မျက်ခွက်ကို လက်သီးနှင့်ထိုးသည်။

တစ်နေ့တွင် ကျွန်တော်နှင့်ဦးကံသာတို့ မြို့အရှေ့ဖျားကန်သို့ သွား ၍ငါးမျှားနေသည်။ ရင်ထဲတွင် စိတ်မချမ်းသာစရာတွေ အပြည့်ဖြစ်နေ သဖြင့် ကျွန်တော့်စိတ်မှာ မကြည်လှပါ။ မျက်နှာကလည်း မှုန်မှိုင်းနေ သည်။

ဦးကံသာက ကျွန်တော့်မျက်နှာကို ကြည့်ကွက်ကြည့်ကွက်နှင့် အကဲ ခတ်ရင်းမှ မရဲတရဲဖြင့် စကားစပြောသည်။

"အစ်ကိုကြီးတစ်ယောက်လည်း ထင်ရာလျှောက်လုပ်နေတယ်။ ဟို ကောင်လေးကိုလုပ်တာ တော်တော်လွန်နေပြီ။ ကောင်လေးမိဘတွေက မခံနိုင်လို့ ဟိုတိုင်သည်တိုင်လုပ်ရင် ဒုက္ခဖြစ်ကုန်မယ်"

ဦးကံသာ၏စေတနာကို ကျွန်တော် လေးစားပါသည်။ သို့သော် ကျွန်တော်မတတ်နိုင်သည့်ကိစ္စမို့ မပြောချင်။ "အေးအေးသာနေစမ်းပါ ဦးလေးရာ...၊ ဝင်မပါချင်စမ်းပါနဲ့" ဟု ပြောမိသည်။ ဦးကံသာကလည်း အလိုက်သိစွာပင် ငြိမ်နေပါသည်။

ညနေကျတော့ ကျွန်တော်ရဲစခန်းသွား၍ တင်မောင်အေးကို ကြည့်ပါ သည်။ စကားတော့ တစ်ခွန်းဆိုတစ်ခွန်းမျှ မပြောခဲ့ပါ။ သူ့မျက်နှာတစ်ခု လုံး ဖူးယောင်နေပါသည်။ အဆိုးဆုံးမှာ ဘယ်ဘက်မျက်စိဖြစ်၏။ မျက်စိ မှ ပြန်ကောင်းပါဦးမည်လားဟု စိုးရိမ်မိပါသည်။

ညရောက်လျှင် အဖေအမေတို့နှင့် ထမင်းစားပွဲတွင် ဆုံမိကြသည်။ ပြောသင့်မပြောသင့် ကျွန်တော်ချိန်ဆလျက်ရှိသဖြင့် ရုတ်တရက်ပြော မထွက် ပါ။ မပြော၍မဖြစ်သည့်အတူတူ မထူးပါဘူးဟု သဘောထားကာ ပြောရပါ



သည်။

"တင်မောင်အေးကို လုပ်ထားတာ သိပ်လွန်နေပြီ။ တော်လောက်ပြီ ထင်တယ်။ ကြည့်လည်းလုပ်ကြဦး"

အဖေက ကျွန်တော့်ကို စူးစူးရဲရဲကြည့်လိုက်ပြီး စားပွဲကိုလက်ဝါးနှင့် အားကုန်ရိုက်လိုက်ပါသည်။

"လုပ်တော့ ဘာဖြစ်လဲ။ မင်းနဲ့ ဘာဆိုင်လဲ။ ငါလုပ်ချင်လုပ်မယ်၊ မင်းဆရာလုပ်စရာမလိုဘူး။ လူကဖြင့် လက်မလောက်ရှိသေးတယ်၊ မ လောက်လေး မလောက်စားနဲ့၊ မိဘကို ခွာရာတိုင်းချင်တဲ့ကောင်"

ကျွန်တော့်ဒေါသကို မထိန်းနိုင်ပါ။ ထိုင်နေရာမှ ဝုန်းခနဲ ထရပ်လိုက် မိပါသည်။

"ခင်ဗျားကို ကျုပ် အကောင်းပြောတာ။ တင်မောင်အေးမိဘတွေက လည်း ခင်ဗျားတို့လိုလူတွေပဲဗျ။ မခံနိုင်လို့တိုင်ရင် ခင်ဗျားတို့ ပိုပြီး သောက် ရှက်ကွဲကုန်မယ်"

ကျွန်တော်သည် ကုလားထိုင်ကို တွန်းဖယ်ပြီး ထ လာခဲ့ပါသည်။ သူတို့နှစ်ယောက်မှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ မလှုပ် မယှက် ကျန်ခဲ့ကြသည်။

ဘာပဲဖြစ်ဖြစ် ကျွန်တော်ပြောပြီးသည့်နောက်တွင် တင်မောင်အေးကို မညှဉ်းတော့ပါ။ နှစ်ဦးနှစ်ဖက် ပြေလည်အောင်လုပ်ကြသည်ဟုတော့ ကြားသည်။ ဘာတွေဘယ်လိုလုပ်ကြသည်ကိုတော့ ကျွန်တော်မသိ။ မေး လည်းမမေး၊ သိလည်း မသိချင်။ တင်မောင်အေး မိဘများခမျာ တောက ဆိုတော့ ရိုးရိုးအေးအေးနှင့်ပင် ငြိမ်ခံလိုက်ကြဟန် တူပေသည်။

ကျွန်တော့်အဖို့တော့ နေ့စဉ်နှင့်အမျှ ပျော်သည်ဟု မရှိတော့ပါ။ အိမ် မှထွက်၍ ဝေးရာသို့ပြေးချင်လှသည်။ ဘယ်နေရာရောက်ရောက် ရောက် ချင်ရာရောက် ရှက်လွှင့်၍ ထွက်သွားလိုက်ချင်ပါ၏။

*

## (၆)

အဖေ ရန်ကုန်သို့ ပြောင်းရသည်။

ဌာနကြီးတစ်ခု၏ ညွှန်ကြားရေးဝန်ဆိုတော့ မူလရာထူးထက် အဆင့်တက်သွားသည်ဟု ဆိုရပါမည်။

ဌာနကြီးတစ်ခု၏ အကြီးဆုံးသော အရာရှိကြီးမို့ တန်ခိုးအာဏာကြီးလှသည်။ အခြေအရံလည်း ပေါသည်။ အခွင့်အရေးတွေကလည်း ယူတတ်လျှင် ယူတတ်သလို အများကြီးရနိုင်သည်။ အခွင့်အရေးဆိုလျှင် လက်မလွှတ်တမ်းရယူတတ်သော ကျွန်တော့်အဖေအတွက် အစစအရာ အဆင်ပြေလျက်ရှိလေသည်။

အမေကလည်း ရန်ကုန်ရောက်လျှင် တစ်ဖက်တစ်လမ်းက စီးပွားရေးလုပ်လာသည်။ ကုလားတွေ၊ တရုတ်တွေ၊ အရာရှိကြီးကြီးငယ်ငယ်တွေ၊ ဝန်ကြီးဝန်ကလေးတွေနှင့် ပေါင်းသင်းဆက်ဆံသည်။ အစ်မကိုလည်း အိမ်ထောင်ချထားလိုက်ကြသည်။

လူငယ်မျှသာဖြစ်သောကျွန်တော်ကတော့ သူတို့လုပ်သမျှကို တစ်ရေးတစ်မောင်းကြည့်၍ အကဲခတ်ရုံမျှသာ ရှိပါသည်။ ကျွန်တော့်မှာ ကောင်းသည်၊ ဆိုးသည်ဟု ပြောပိုင်ခွင့်မရှိပါ။

ကျွန်တော့်တွင် ထူးခြားသောပြောင်းလဲမှုတစ်ခုရှိလာသည်ကိုတော့ သတိပြုမိသည်။ ကျွန်တော်သည် အရင်ကနှင့်မတူပါ။ စိတ်တိုလွယ်၍ စိတ်မြန်လွန်းလှပါသည်။ ထစ်ခနဲဆိုလျှင် လက်လွန်ခြေလွန် လုပ်လိုက်ချင်သည့်စိတ်ရှိလာပါသည်။ ဤစိတ်ကြောင့် မကြာခဏ ပြဿနာဖြစ်လာရပါသည်။

ကျွန်တော်အိမ်မှာ ကပ်သည်မရှိပါ။ ကားတစ်စီးနှင့် ကျောင်းသွားလိုက်၊ ကျောင်းဆင်းလျှင် အိမ်ခဏဝင်၍ လုပ်စရာရှိသည်ကိုလုပ်၍ ချက်ချင်းပြန်ထွက်ကာ သူငယ်ချင်းတစ်ယောက်နှစ်ယောက်နှင့် ခြေဦးတည့်ရာ လျှောက်သွားလိုက်လုပ်နေသည်က များပါသည်။

ကျွန်တော့်မှာ စားလိုရာစား၊ ဝတ်လိုရာဝတ်၊ သွားလိုရာသွား၊ ထင်သလိုနေနိုင်သည့် အခြေအနေမျိုးပါ။ သို့သော် ကျွန်တော်မပျော်ပါ။

တစ်ခါတစ်ရံ အိမ်မှာနေပြန်လျှင်လည်း အမေနှင့် သူ့မိတ်ဆွေဆိုသူယောကျ်ားတစ်စု၏ အနေအထိုင်ကို မြင်တွေ့နေရသည်မှာ စိတ်ညစ်စရာကောင်းလှသည်။ အမေ၏ နေပုံထိုင်ပုံမှာ အသက်အရွယ်နှင့်မလိုက်အောင် ကလက်သည်ဟုထင်သည်။



တစ်ညတွင် ကြုံရပါသေးသည်။

အိမ်ကို အဝင်အထွက်များလွန်းသည့် အရာရှိပေါက်စအောင်ကျော်စိုးဆိုသူက အမေ့ကို ပွေ့ဖက်ထားသည်။ ကျွန်တော် အိမ်ပေါ်ထပ်တွင် မရှိဟုထင်၍ ဧည့်ခန်းထဲတွင် ထင်သလိုဖြစ်နေခြင်းဖြစ်ဟန်တူသည်။ ကျွန်တော်ဆင်းလာသောအခါ ခိုးထုပ်ခိုးထည်နှင့် အမိခံရသည့်လူတွေလိုဖြစ်နေကြသည်။

ကျွန်တော် ထွေထွေထူးထူး မပြောပါ။

အောင်ကျော်စိုးကို စိတ်ရှိလက်ရှိ ထိုးပစ်လိုက်သည်။ ဒီအကောင် ကျွန်တော့်ကို ပြန်မလုပ်နိုင်ပါ။ ကျွန်တော်ပြုသမျှ သူခံသွားရပါသည်။

အမေက "နင် နေရာတကာပါတယ်။ ခွေးသား...လူပါးဝလို့...ဟင်း...." ဟုဆိုသည်။

"ခင်ဗျား...ကျုပ်ကို ဘာမှမပြောနဲ့။ လင်ငုတ်တုတ်ရှိလျက်သားနဲ့ မျောက်ဇာတ်ခင်းနေတာကို အဖေက ကြည့်နေနိုင်ပေမဲ့ ကျုပ်မကြည့်နိုင်ဘူး၊ ရှက်တယ်။ ခင်ဗျား...အမေဖြစ်နေတာ သိပ်ကံကောင်းတယ်။ အမေသာမဟုတ်ရင် ခင်ဗျား....သေပြီသိလား"

ဒါပဲပြောပြီး ကျွန်တော်ထွက်ခဲ့ပါသည်။

ကျွန်တော့်ပတ်ဝန်းကျင်တစ်ခုလုံးသည် မှောင်ကြီးကျလျက်ရှိပါ၏။

ဤမှောင်ကြီးထဲမှ ရုန်းမထွက်နိုင်သေးသောကျွန်တော်သည် ကိုယ့်ဘဝကိုယ် မကျေနပ်တိုင်း ထင်ရာစိုင်းသည်။ ထင်ရာစိုင်းပြန်တော့လည်း မကြာခဏ ရဲစခန်းရောက်လိုက်၊ တရားရုံးရောက်လိုက်။

ကျွန်တော်ကျူးလွန်သည့်အမှုတွေက ထိုးမှု၊ ရိုက်မှု၊ ကားတိုက်မှု။

ယခုလည်း ရဲစခန်းရောက်ခဲ့ရပြန်ပြီ။ ကျွန်တော်ပြုခဲ့သည့်အမှုက ရိုက်မှု။

ကျွန်တော့်တွင် အလွန်ခင်သော သူငယ်ချင်းတစ်ဦးရှိသည်။ သူ့နာမည်က ထွန်းမြင့်ဦး။ ကိုးတန်းကျောင်းသား တစ်တန်းတည်းအတူနေသည့် သူငယ်ချင်း။

ထွန်းမြင့်ဦးက ကျော့မူယာဆိုသည့် ကျောင်းသူတစ်ဦးနှင့် သမီးရည်းစားဖြစ်သည်။ ကျော့မူယာမှာ ရုပ်ကလေးသနားကမားဖြစ်သော်လည်း ခပ်

ဖျံ့ဖျံ့၊ ခပ်နန့်နန့်အစားထဲကဖြစ်သဖြင့် သတိထားဖို့ ကျွန်တော်အကြိမ်ကြိမ် သတိပေးခဲ့ဖူးပါသည်။

"မင့်ငနှာမက ဖျံ့ကျတယ်နော်။ သတိထား"

ကျွန်တော့်စကားကို ထွန်းမြင့်ဦးက မယုံပါ။ ကျော့မှုယာက သူ့ကို မေတ္တာစစ်မေတ္တာမှန်ဖြင့် တကယ်ချစ်သည်ဟု ယုံကြည်ထားသည်။

ယုံကြည်မည်ဆိုလျှင်လည်း ယုံကြည်လောက်သည်။ ကျော့မှုယာသည် အပြောကောင်း၊ အရေးကောင်း။ ပြောလျှင်ရေးလျှင် ခံစားမှုအပြည့်နှင့် ဆိုတော့ ယုံမိပေလိမ့်မည်။

သူတို့ချင်း မကြာခဏ ချိန်းတွေ့ကြသည်။ တိရစ္ဆာန်ရုံ၊ အင်းလျား၊ ကန်တော်ကြီး စသည့်နေရာများသည် သူတို့စားကျက်များ၊ နောက်ပိုင်းတွင် အတင့်ရဲကာ တစ်ဆင့်တက်လာကြသည်။

မြောက်ဥက္ကလာပရှိ သူ့အဖေရုံးမှ ရုံးလုလင်တစ်ဦး၏ အိမ်သို့သွားကြသည်။ အိမ်ပေါ်နှစ်ယောက်တည်း လွတ်လွတ်လပ်လပ်တွေ့ရတော့ လွှန်လွှန်ကျူးကျူး ဖြစ်ကုန်သည်။

တတိယအကြိမ် ကျော့မှုယာက ချိန်းပြန်သဖြင့် သွားကြပြန်သည်။ ဒီတစ်ခေါက်တော့ ထွန်းမြင့်ဦးက အကူအညီတောင်းသဖြင့် ကျွန်တော့်ကားနှင့် လိုက်ပို့ခဲ့သည်။ အပြန်တွင် ကျွန်တော်မကြိုပါ။ သူတို့ကိုပို့ပြီး ထားခဲ့ပါသည်။

နောက်တစ်နေ့ကျတော့ သတင်းရသည်။ ထွန်းမြင့်ဦး အဖမ်းခံရသည်တဲ့။

ကျွန်တော်စုံစမ်းကြည့်တော့ ကျော့မှုယာ လူလည်လုပ်ခြင်းဖြစ်သည်ကို သိလာရပါသည်။

ထိုနေ့က ချိန်းတွေ့ပြီး နံပါတ် ၅ ဘတ်စကားဖြင့် ပြန်လာကြသည်။ ကျော့မှုယာက အချိန်ရှိသေး၍ ရွှေတိဂုံဘုရားဘက် သွားချင်သေးသည်ဟု ဆိုသဖြင့် ရေခဲဆိုင်မှတ်တိုင်မှာ ဆင်းကြသည်။

ထိုမှတ်တိုင်တွင် ဆင်းမိခြင်းသည် သူတို့နှစ်ယောက်အတွက် ကျား ရှေ့မှောက်လျက်လဲခြင်းပင်ဖြစ်သည်။ မြို့ထဲဘက်မှလာနေသော သူ့အဖေ ကားသည် သူတို့ရှေ့တွင်ရပ်လာပြီး ကျော့မှုယာကို ခေါ်သည်။ သက်ာ



ယန မကောင်းသောစကားကိုဆိုသည်။ ထိုအခါ ထွန်းမြင့်ဦး လစ်ရတော့သည်။

ကျော့မှုယာက အိမ်ရောက်လျှင် သူ့အဖေနှင့်အမေကို လံကြုပ်ဓာတ်ခင်းပြသည်။ သူက သူ့သူငယ်ချင်းမနှစ်ဦးနှင့် ရုပ်ရှင်ကြည့်ရန် ချိန်းထား၍အသွား သူငယ်ချင်းတစ်ယောက်၏ ကားနှင့်လာသော ထွန်းမြင့်ဦးနှင့် ဆုံမိကြသည်။ ထွန်းမြင့်ဦးက သူငယ်ချင်းမများအိမ်သို့ လိုက်ပို့ပေးမည် ဆို၍ လိုက်သွားရာ လိမ်ညာပြီး မြောက်ဥက္ကလာပမှ အိမ်တစ်အိမ်သို့ ခေါ်သွားသည်။ ဟိုရောက်တော့ ထွန်းမြင့်ဦးက ခြိမ်းခြောက်ပြီး ဗလက္ကာရပြုသည်။

အမှုစစ်သောအခါ ကျွန်တော်တရားရုံးသို့ ရောက်ပါသည်။

ကျော့မှုယာက သူ၏လံကြုပ်ဓာတ်ကို နိုင်နင်းအောင် ကပြသွားသည်။ ဒိုကာယိုကာနှင့် ပရိယာယ်မာယာများစွာသုံး၍ အကယ်ဒမီမင်းသမီးက အချီးပေးရလောက်အောင် အသုံးတော်ခံသွားသည်။

ကျွန်တော်၏သူငယ်ချင်း ထွန်းမြင့်ဦးခများတော့ မှန်တာချည်းပြောသည်။ လုပ်ကြံတာ တစ်ခုမျှမပါ။ သို့သော် ထွန်းမြင့်ဦး ရှုံးပါသည်။

မင်းသမီးက ပရိယာယ်မာယာများသည်။

အဖေနှင့်အမေက အသိုင်းအဝိုင်း ကောင်းသည်။ ငွေနှင့်အာဏာ အပြည့်ရှိသည်။

ဤသို့ဖြင့် ကျွန်တော့်သူငယ်ချင်း ထွန်းမြင့်ဦးတစ်ယောက် ထောင်ကျရပါလေတော့သည်။

ကျော့မှုယာတစ်ယောက် အရွယ်နှင့်မလိုက်အောင် မျက်နှာပြောင်တိုက်ပုံ၊ ရက်စက်ပုံတို့ကို ကျွန်တော်အံ့ဩမဆုံးအောင် ဖြစ်မိသည်နှင့်အမျှ အော့နှလုံးနာမိသည်မှာ အမှန်ပါ။

အော်...အခုခေတ်အချို့သော မိန်းကလေးများ သစ္စာမဲ့လွန်းလှသည်။ သူတို့လိုချင်တာရသွားလျှင် ပြီးပါရောလား။

ကျွန်တော် မခံချင်ပါ။ တွေးမိတိုင်း ကျော့မှုယာအပေါ် ဒေါသဖြစ်ရသည်။ မကျေမချမ်း ဖြစ်ရသည်။

တစ်နေ့ နေ့ခင်းတွင် ကျောင်းမှအပြန် လမ်းမှာဆုံမိကြရာ သူကချော

လက်ပြသဖြင့် ကျွန်တော်က ကားရပ်ပေးသည်။

"အကြွေလိုက်ပါရစေ" ဟု သူကဆိုသည်။ မည်မျှရှိ၍ မည်မျှ ကဲပါ သနည်း။

"နင့်လိုကောင်မျိုး ငါ့ကားပေါ်မတင်ဘူး" ဟု ပြောလိုက်ချင်သည့် စိတ် ဖြစ်လာသေးသည်။ နောက်တော့ အကြွေတစ်ခုရလာသည်နှင့် ဘာမျှ မပြောတော့ဘဲ တင်လာခဲ့ပါသည်။

"နင်လုပ်ပုံက သိပ်ပြီး မတရားဘူး။ ထွန်းမြင့်ဦးက တကယ်သနား စရာကောင်းပါတယ်ဟာ၊ နင့်ကို တကယ်ချစ်တာဟ"

"အဖေအမေတို့ကမှ သဘောမတူတာ၊ ဘယ်ဖြစ်မလဲ"

သူ့အသံက ခပ်တိုးတိုး။

ကျွန်တော် ဒေါသဖြစ်လာသည်။

"နင် အစက ဒါကိုထည့်မစဉ်းစားဘူးလား"

မဖြေပါ။

ကျွန်တော်ကားကို အင်းယားကန်၊ ကြက်ကျွန်းဘက်သို့ ခပ်ကြမ်း ကြမ်းကွေ့၍ ဝင်လိုက်ပြီး လူသူဝေးသည့် သစ်ပင်တစ်ပင်အောက်တွင် ရပ်လိုက်ပါသည်။

"ခဏဆင်းဦးဟာ...စကားပြောရအောင်"

ကျော့မူယာ ဆင်းလာသည်။ ကျွန်တော်က သူ့မျက်နှာကို တစ်ချက် ဖြတ်၍ရိုက်လိုက်သည်။ ခွေခနဲ ကျသွား၏။ ပြန်အထတွင် လက်ပြန်တစ် ချက် ထပ်ရိုက်လိုက်ပြန်သည်။

ကျွန်တော်သည် စိတ်ရှိလက်ရှိ ရိုက်ပစ်လိုက်ပါသည်။ သူက အော် သည်။ သူ့မျက်နှာကို လက်သီးနှင့် သုံးလေးချက်ထိုးလိုက်ပြန်သည်။ မလှ မပနှင့် နောက်ပြန်လဲကျသွားပါသည်။ အားရလိုက်သည့်ဖြစ်ခြင်း။

ခပ်လှမ်းလှမ်းမှ လူနှစ်ယောက် ပြေးလာသည်ကို မြင်လိုက်မှပင် ကား ပေါ် ကပျာကယာတက်ကာ မောင်းထွက်ခဲ့ပါသည်။

ဤကား ကျွန်တော် ယခုကျူးလွန်ခဲ့သည့်အမှု။ ကျော့မူယာကို ရိုက် ခဲ့ပြီးနောက် ကျွန်တော်ဘယ်ကိုမှ မသွားတော့ဘဲ အိမ်သို့တန်းပြန်သည်။ နေ့ခင်း နှစ်နာရီထိုးလောက်တွင် ရဲများရောက်လာပြီး ကျွန်တော့်ကိုခေါ်



သည်။

ဤသို့ဖြင့် ကျွန်တော်အချုပ်ခန်းထဲ ရောက်ခဲ့ရသည်။ ကျွန်တော်ပြု ခဲ့သည့်အမှုသည် မှန်သည်ဟု မပြောနိုင်သော်လည်း မှားပါသည်ဟုလည်း ကျွန်တော်ဝန်မခံလိုပါ။ မကောင်းမှန်းတော့ ကျွန်တော်သိပါသည်။ သို့ သော်ကျော့မူယာလို မိန်းကလေးမျိုးကို သည်လိုလုပ်မှ တရားနည်းလမ်း ကျမည်ဟု ထင်မိဆဲဖြစ်ပါသည်။

"ဒီမှာ ဆရာလေး၊ ဒီမှာ ဆေးလိပ်ကလေးများ မပါဘူးလား"

စောစောက အိပ်မောကျနေသော အမူးသမားပင် နိုးလေပြီ။ သူ ဘယ် အချိန်က ကျွန်တော့်နားရောက်နေသည်မသိပါ။ ကျွန်တော်က လှဲနေရာမှ ထ၍ ဂျာကင်အိတ်ထဲသို့ နှိုက်လိုက်သည်။ တော်ပါသေးရဲ့။ စီးကရက်တစ် ဘူး ပါသေးသည်။

"အကုန်လုံး ယူလိုက်တော့" ဟုဆိုကာ တစ်ဗူးလုံး ပေးလိုက်သည်။

"ကျေးဇူးပဲ ကျေးဇူးပဲ" ဟုဆိုကာ မီးခြစ်တောင်းနေပြန်ပါသည်။ သူ့ ထံမီးခြစ်ဘူးကို ပစ်ပေးလိုက်ပြီးနောက် ကျွန်တော်ပြန်၍လှဲလိုက်ပါသည်။

ကိုရွှေအမူးသမားကလည်း အလိုက်သိစွာပင် သူ့နေရာသူ ပြန်သွား ပါသည်။

ခပ်လှမ်းလှမ်းမှ ဘတ်စ်ကားသံများကို ကြားစပြုပြီ။

မကြာခင် လင်းတော့မည်ထင်၏။

"လင်းမှာဖြင့်လည်း မြန်မြန်လင်းပါတော့"

မနက်အစောကြီး ရဲသားတစ်ဦးရောက်လာပြီး အချုပ်ခန်းတံခါးကို ဖွင့်ကာ ကျွန်တော့်အား အပြင်သို့ထွက်ခွင့်ပြုသည်။ ညက တစ်ညလုံး မအိပ်ရ၍ မျက်လုံးများ ကျိန်းစပ်နေ၏။ အပြင်ရောက်တော့ အားရပါးရ အညောင်းဆန့်ပစ်လိုက်သည်။

ရုံးခန်းထဲတွင် စခန်းမှူးရောက်နေပြီး ကျွန်တော့်ကိုကြည့်၍ပြုံးနေ သည်။

"လာဟေ့...ထိုင်...ထိုင်၊ ဘယ့်နှယ်လဲ...မင်း ညကအိပ်လို့ရရဲ့လား"

"မရဘူး အန်ကယ်၊ တစ်ညလုံး မျက်စိကြောင်နေတယ်"

"အေး...မင်း ဗဟုသုတတိုးသွားတာပေါ့။ မင်းတို့စကားနဲ့ ပြောရရင်

အထာပေါက်သွားတာပေါ့။ အချုပ်ခန်းအရသာကို သိရောပေါ့။ ထောင်ဆိုရင် ဒီထက် ဆယ်ဆ၊ အဆနှစ်ဆယ် ဆိုးတယ်။ မင်း လုပ်ခဲ့တဲ့အမှုက ထောင်ကျနိုင်တယ်ကွ။ သိရဲ့လား"

ကျွန်တော် မဖြေချင်တော့ပါ။

"ညက မင်းလုပ်ပုံလည်း မကောင်းဘူး။ မင့်အဖေကို သိပ်အားနာတယ်။ မင်းလုပ်တာ ရိုင်းလွန်းတယ်။ သားသမီးအတွက် စိတ်ပူလို့ သူ့ ခများလိုက်လာတာပဲ။ မင်းက ဆီးပြီးကောင်းကောင်းမဆက်ဆံတော့ စိတ်ဆိုးရောပေါ့"

ဒီကိစ္စကိုလည်း ကျွန်တော် အချေအတင်ပြောမနေချင်၍ ငြိမ်နေလိုက်ပါသည်။

"အော်ကွာ...ငါမေ့နေတယ်။ မင်း ဆာလှရောပေါ့၊ မင်း စားချင်တာပြော"

ဒီလိုနေရာကျတော့လည်း အဖေ့မျက်နှာကြောင့် အဆင်ပြေခြင်းဖြစ်၏။ အဖေ့မျက်နှာသာမရှိလျှင် စားဖို့သောက်ဖို့မဆိုထားနှင့် အချုပ်ခန်းထဲကပင် ထွက်ရဦးမည်မဟုတ်။

ဒီလိုဆိုပြန်တော့လည်း အဖေ့ကို ကျေးဇူးတင်ရမည်။

ကျွန်တော်က ပေါင်မုန့်ထောပတ်သုတ်နှင့် လက်ဖက်ရည်မှာသည်။ စားသောက်နေခိုက်မှာပင် ကျွန်တော့်အစ်မနှင့် ယောက်ဖတို့ ရောက်လာသည်။

"ညကတည်းက တို့လိုက်လာမလို့။ ဖေဖေက မနက်မှ သွားကြဆိုတာနဲ့ မလာတာ။ နင်လည်းပဲ မိုက်လိုက်တာ အလွန်ပါပဲဟယ်။ လိမ်လိမ်မာမာနေပါတော့။ ဟိုကောင်မလေးဆီလည်း တို့ရောက်ခဲ့တယ်။ မျက်နှာတွေလည်းယောင်လို့၊ သွားတွေလည်း နဲ့သွားတယ် သိလား။ နင် လုပ်ပုံက လွန်ပါတယ်။ အားနာစရာကြီး"

ယောက်ဖကိုစိုးဝင်းက အခြေအနေအရပ်ရပ်ကို စခန်းမှူးအား ရှင်းပြသည်။

ကျွန်တော့်ဘက်မှ ကိုစိုးဝင်းနှင့်အစ်မတို့က အဖေနှင့်အမေတို့ကိုယ်စား ကျော့မှုယာ၏ အဖေနှင့်အမေတို့ထံ သွား၍တောင်းပန်စကားဆိုကြ



သည်။ ပထမတော့ လက်မခံ။ နောက်တစ်ကြိမ် အဖေရောအမေပါ လိုက်၍ တောင်းပန်ကြပြန်သည်။ တစ်ဖက်က အားနာလာသဖြင့် ကျေနပ်လက်ခံကြသည်။

"ဒီတစ်ခါတော့ မင်း အိမ်မပြန်နဲ့ဦးကွာ။ တို့နဲ့တစ်လှည့် လိုက်နေဦးဟုတ်လား။ လေးလေးမြင့်ကိုလည်း တို့ ကြေးနန်းရိုက်ပြီး ခေါ်ထားတယ်။ နက်ဖြန် သဘက်ဆို ရောက်လာမှာပဲ။ လေးလေးမြင့်က တို့နဲ့နေမှာပါ"

ကျွန်တော် ခေါင်းညိတ်လိုက်ပါသည်။

လေးလေးမြင့်တစ်ယောက် ယခုထိ အိမ်ထောင်မပြုသေးပါ။ သူ့အခေါ်တွေလို အပျိုကြီးဘဝ ရောက်နေပါပြီ။ လေးလေးမြင့် လာမည်ဆိုတော့လည်း တစ်မျိုးအားရှိစရာ ကောင်းပါသည်။

ကျွန်တော်တို့ တရားရုံးသို့သွား၍ အာမခံလုပ်သည်။ အာမခံရတော့ အစ်မတို့နှင့် ပြန်လိုက်လာခဲ့ပါသည်။

ယခုတစ်ကြိမ်တော့ ကျွန်တော် အိမ်မပြန်ပါ။ အိမ်ပြန်ချင်သည့် စိတ်လည်း မရှိသေးပါ။ အိမ်ပြန်၍လည်း ဖြစ်မည်မဟုတ်သေးပါ။

အစ်မတို့အိမ်တွင်နေပြီး လေးလေးမြင့်၏အဆုံးအမကို ရယူကာ ကျွန်တော့်ဘဝကို ပြန်လည်ပြုပြင် တည်ဆောက်ရပါဦးမည်။

ကျွန်တော်၏ 'အစိုးမရ' ဖြစ်နေသောစိတ်ကို 'အစိုးရ' လာအောင် ကြိုးစားရပါလိမ့်ဦးမည်။

ဒီတစ်ကြိမ်တော့ဖြင့် ရလိမ့်မည်ဟု ကျွန်တော်ယုံကြည်မျှော်လင့်နေပါ၏။

*

(၈)

ယခုတော့ဖြင့် စိုးမရတစ်ယောက် သူ့စိတ်သူ အစိုးရသွားပြီဟု ထင်ပါသည်။ သူသည် ဘွဲ့ရပြီးအလုပ်အကိုင်နှင့် ဖြစ်နေပေပြီ။ ချစ်သူနှင့် လက်ထပ်ကာ တစ်အိုးတစ်အိမ် ထူထောင်လျက်ရှိသည်။ မိဘများနှင့်လည်း အဆင်ပြေလျက်ရှိပြီး သူတွယ်တာသော လေးလေးမြင့်ကလည်း သူတို့နှင့်အတူနေကာ ကူညီစောင့်ရှောက်ပေးလျက်ရှိသည်။

❑

# ရှုပိုးစိန်

'ရှုပိုးစိန်' ဟု အမည်ပေးထားသော ဤသူငယ်မသည် အသက်ဆယ်နှစ်သမီးအရွယ်ကတည်းက ဘဝကို ရုန်းကန်လာခဲ့ရသူဖြစ်၏။ ထို့ကြောင့်လည်း သူသည် ဘဝအကြောင်းကို ကောင်းစွာသိမြင်နားလည်နေသော မိန်းကလေးတစ်ယောက် ဖြစ်လာခဲ့ခြင်းပေတည်း။

အကယ်၍သာ အခြေအနေပေးမည်ဆိုပါက သူ့အကြောင်းကို စနစ်တကျအခြေခံပြီး ရေးခွင့်ရလျှင် ဝတ္ထုရှည်တစ်ပုဒ်တော့ ကောင်းကောင်းဖြစ်နိုင်စရာ ရှိသည်။ သို့သော်လည်း ရေးခွင့်မရခဲ့ပါ။ ယခု ဤဝတ္ထုတိုသည် သူ့အကြောင်းကို တစေ့တစောင်း လှေ့လာတင်ပြထားခြင်းမျှသာ ဖြစ်သည်ဟုဆိုလျှင် ရနိုင်အံ့ထင်ပါသည်။

ထိုအချိန်အခါက ဤသူငယ်မ၏အမှုကိစ္စသည် တာဝန်ရှိပုဂ္ဂိုလ်များအား အလွန်ခေါင်းခဲစေခဲ့ပါသည်။ အကယ်၍ တာဝန်ရှိသူများအနေဖြင့် မေတ္တာစေတနာနှင့် ကရုဏာတရားများကို ရင်ဝယ်မပိုက်ဘဲ တာဝန်ကျေရုံသာ ဆောင်ရွက်ကြမည်ဆိုပါမူ ဤသူငယ်မ၏ဘဝသည် နစ်မွန်းသည်ထက် နစ်မွန်းသွားစရာ ရှိပါသည်။

မည်သို့ပင်ဖြစ်စေ ဤသူငယ်မသည် လူ့အဖွဲ့အစည်းအတွင်း၌ လူအများနှင့်ရောနှောနေထိုင်ကာ သူ့ဘဝကို သူ့ဘာသာသူ ပြန်လည်တည်



ဆောက်သွားနိုင်ခဲ့ပါသည်။ ဤသည်မှာ မေတ္တာစေတနာနှင့် ကရုဏာကို ရှေ့တန်းတင်ခဲ့ကြသော တာဝန်ရှိသူများအတွက် တွေးမိတိုင်း စိတ်ချမ်းသာကြည်နူးစရာကောင်းသည့် ကြိုးပမ်းမှုတစ်ရပ် ယူဆပါသည်။

*

(၁)

ကျွန်မရဲ့ခန္ဓာကိုယ်ထဲမှာ အဖေ့သွေးကများလို့ ထင်ပါရဲ့။ သိပ်ကိုထွားတယ်။ အဖေက လူကောင်ထွားတယ်။ ကျွန်မလည်း အဖေ့လိုပဲ လူကောင်က ခပ်ထွားထွား။ အသက်က ၁၄ နှစ်ဆိုပေမဲ့ ၁၇ နှစ်သမီးလို့ ထင်ရတယ်။ တချို့လူတွေက ကျွန်မအသက်ကိုပြောရင် မယုံသလိုဘဲ။ "နင့်ဟာ ဟုတ်ရဲ့လား" လို့ ပြန်မေးကြတယ်။ ကျွန်မက စိတ်ပေါက်ပေါက်နဲ့ ခုနှစ်တွေ၊ လတွေ၊ ရက်တွေ ရွတ်ပြလိုက်မှပဲ ငြိမ်သွားကြတယ်။

ကျွန်မဟာ အသားညိုစိမ့်စိမ့်။ နှာတံက မပေါ်တပေါ်။ မျက်ခုံးကထူထူ၊ မျက်လုံးက ပြူးပြူး။ မျက်နှာက သွယ်သွယ်၊ နှုတ်ခမ်းက သေးသေးပါးပါးဆိုတော့ မိန်းမချောတစ်ယောက်လို့ ဆိုရမှာပါ။ ကိုယ်လုံးကိုယ်ပေါက်ကတောင့်တောင့်၊ ရုပ်ကဖြောင့်ဖြောင့်ဆိုတော့ ယောကျ်ားတွေက စိတ်ဝင်စားကြပုံ ပေါ်ပါရဲ့။ ဒါကတော့ သူတို့သဘာဝမို့ ကျွန်မအပြစ်မဆိုပါဘူး။ ဒါပေမဲ့ နှမချင်း၊ သမီးချင်း မစာနာလူတွေကျတော့ ကျွန်မက အမြင်ကတ်တယ်၊ ရွံတယ်၊ မုန်းတယ်၊ အော့နလုံး သိပ်နာတယ်။

ကျွန်မတို့မှာ ကျွန်မအမေက ကျွန်မအဖေနဲ့ရပြီး မွေးထားတဲ့သားသမီးသုံးယောက်ပဲရှိတယ်။ ပထွေးနဲ့သားသမီးမရဘူး။ ကျွန်မအောက်မှာ ညီမလေးနဲ့မောင်လေးရှိတယ်။ အဲဒီအထဲမှာ ကျွန်မက အကြီးဆုံး။ ညီအစ်ကိုမောင်နှမတွေထဲမှာ အကြီးဆုံးဖြစ်ရတဲ့လူဟာ ခေါင်းဆောင်ပဲ။ ခေါင်းဆောင်ဆိုတာ အစစအရာရာ အနစ်နာခံရတယ်။ ကိုယ်ကျိုးစွန့်ရတယ်။ 'အတ္တ' ကိုသိပ်ပြီး ရှေ့တန်းတင်လို့မရဘူး။ ဒါဟာ ကျွန်မရဲ့ လက်တွေ့ဘဝက ပေးလိုက်တဲ့အသိပဲ။

ကျွန်မအဖေဟာ သိပ်ကိုသနားဖို့ကောင်းတယ်။ တချို့က အမေကိုဦးစားပေးပြီး ပြောနေကြတယ်။ ကျွန်မကတော့ အဲဒါကို တရားတယ်လို့

ခထင်ဘူး။ ဒီလောကမှာ ကျွန်မအဖေလို မိခင်စိတ်ရှိပြီး တာဝန်သိတတ်တဲ့ အဖေတွေ အများကြီးရှိမှာပါ။ အဲဒါကျတော့ ဘယ်လိုပြောကြမလဲ။

ကျွန်မအဖေဟာ မနက်အရုဏ်မတက်ခင် အိပ်ရာကထပြီး ဈေးသွားရတယ်။ ဈေးမှာ မြေဆွေးတို့၊ ဖွဲပြာတို့ သစ်ပင်ပန်းပင်တို့ ရောင်းတယ်။ ဆယ့်တစ်နာရီလောက် အိမ်ပြန်ရောက်တော့ ကပျာကယာရေချိုး၊ ထမင်းစားပြီး နောက်တစ်ဈေးကို ပြေးရပြန်တယ်။ ညနေ လေးနာရီလောက်ကျတော့ ပြန်ရောက်လာတယ်။ အိမ်မှာ ခဏပဲနေပြီး ညဈေးတန်းဘက်သွားရပြန်တယ်။ ရေခဲချောင်းသွားရောင်းတာ။ နွေရာသီဆိုရင် အဲဒါသူ့ရဲ့ပုံမှန်အလုပ်ပဲ။

ည ရှစ်နာရီခွဲ၊ ကိုးနာရီလောက်ကျတော့ သူ အိမ်ပြန်ရောက်တယ်။ ရေမိုးချိုးပြီး အရက်ကလေး တစ်စိတ်တစ်ပိုင်းသောက်တယ်။ အဖေ့မှာ ပြောစရာအပြစ်ဆိုလို့ အဲဒီတစ်ခုပဲရှိတယ်။ အရက်သောက်ပေမဲ့ ဆူဆူပူပူရန်လိုတဲ့ လူစားမဟုတ်ဘူး။ သောက်ပြီးရင် ထမင်းစားတယ်။ ဘာနဲ့ပဲကျေးကျေးစားတာ။ ပြီးရင် ကျွန်မတို့နဲ့ထိုင်ပြီး ခဏတစ်ဖြုတ်စကားပြောတယ်။ ပြီးရင် အိပ်တာပဲ။

ကျွန်မအဖေ့ကို သိပ်ချစ်တယ်။ သိပ်သနားတယ်။ သူ့ဘဝမှာ အားချိန်နားချိန်ဆိုလို့ လုံးဝမရှိရှာဘူး။ တစ်ခါတလေ မနက်ပိုင်းဈေးရောင်းပြီး အပြန်လမ်းမှာ ကြုံရာလူက ခြံရှင်းဖို့၊ မြောင်းတူးဖို့ ငှားပြန်ရင်လည်း ဝင်လုပ်တတ်တယ်။ ဒီကြားထဲကပဲ ညဘက်အလုပ်ပေါ်လာရင် ထွက်လုပ်ပြန်ရော။ သူ ရလာသမျှငွေကျတော့လည်း အမေ့လက်ထဲ အကုန်ထည့်တာ။

ကျွန်မအဖေဆုံးတော့ ကျွန်မအသက်က ကိုးနှစ်။ အပူရုပ်သလိုလိုဘာလိုလိုဖြစ်ပြီး အဖျားဝင်လာတယ်။ သုံးရက်ပဲကြာတယ်။ ဆုံးတာပဲ။ တချို့က ပြောကြတယ်။ “အဖေမရှိမှ အဖေတန်ဖိုးကိုသိကြတယ်” တဲ့။ ကျွန်မ အဲဒီအစားထဲမှာ မပါဘူး။ အဖေမသေခင် ကျွန်မ ငယ်ငယ်လေးကတည်းက အဖေတန်ဖိုးကို သိတဲ့ကောင်မပါ။

အဖေမရှိတော့ ပထမဆုံး ဈေးထွက်ရောင်းရတာအမေ။ မကြာခင်မှာပဲ ကျွန်မပါကျောင်းထွက်ပြီး ဈေးထွက်ရောင်းရတဲ့ဘဝကို ရောက်ခဲ့တယ်။



အမေက ပဲပြုတ်ရောင်းတယ်။ အရပ်ထဲ တစ်လမ်းဝင်တစ်လမ်းထွက်ကုန်ရင် အိမ်ပြန်၊ မကုန်ရင် ဈေးမှာသွားထိုင်ရောင်း။ ကျွန်မကတော့ ပဲပြုတ်နဲ့ကောက်ညှင်းပေါင်းကို မြောက်ဥက္ကလာပဈေးမှာ မနက်အစောကြီးသွားရောင်းရတယ်။ နောက်ပိုင်းကျတော့ ကောက်ညှင်းပေါင်းကို ညနေပိုင်းတစ်ကြိမ် ထွက်ရောင်းရတယ်။

ကျွန်မအဖေ ဦးစိန်ဆုံးပြီး တစ်နှစ်ခွဲလောက်ကြာတော့ ကျွန်မအမေ မသိန်းတင်ဟာ နောက်အိမ်ထောင်ပြုတယ်။ ဘယ်ကဘယ်လို တွေ့လာသလဲမသိပါဘူး။ တချို့ပြောတော့ ပန်းသည်မ မအေးတို့အုပ်စုက ကြားအောင်သွယ်လုပ်ပေးတာတဲ့။ အဲဒီသတင်းကြားတဲ့နေ့က အမေနဲ့ကျွန်မ ရန်ဖြစ်တယ်။ ကျွန်မ မအေးတို့အိမ်လိုက်သွားပြီး အခုလိုလုပ်တာ မကောင်းပါဘူးလို့ပြောတယ်။ ရန်တွေ့တယ်။

“နင့်အမေ ပင်ပန်းတာမကြည့်ရက်လို့ တို့က စေတနာနဲ့လုပ်ပေးတာပါ သင်းသင်းရယ်” တဲ့။ ကောင်းလိုက်တဲ့ စေတနာကြီး။ သူတို့ရှာပေးတဲ့ ကိုတူးဆိုတဲ့လူက အရက်သမား။ အမေနဲ့ရခါစတော့ မခုတ်တတ်တဲ့ကြောင်ကလေးပေါ့။ ရပြီးလို့ လေးငါးခြောက်လလည်းကြာရော သူ့ဇာတိရုပ်က ဖုံးမရတော့ဘူး။

ကိုတူးက အမေ့ထက် အသက်ငယ်တယ်။ သူ့အလုပ်က ပုဂ္ဂလိကပလတ်စတစ်စက်ရုံမှာ အလုပ်သမား။ သူ့အလုပ်နဲ့ သူ့လစာဟာ မဆိုးပါဘူး။

ဒါပေမဲ့ လူက လက်ကြောမတင်းဘူး၊ ခါးမချိုးချင်ဘူး၊ လူပျင်းလူပေါ့ စာရင်းထဲမှာ ပါနေတယ်။ အဲဒီတော့ ဘယ်သူဒုက္ခရောက်သလဲ။ အမေနဲ့ကျွန်မတို့ပဲပေါ့။ ပြီးတော့ ဒီလူက သူ့အလုပ်ရုံမှာ လောင်းကြေးထပ်ပြီး ကျားထိုးတယ်။ မျောက်ပန်း (ခေါင်းပန်း) လှန်တယ်။ အဲဒီတော့ သူရတဲ့လစာဟာ လောင်းကစားကြွေးဆပ်နေရတာနဲ့ပဲ အိမ်ကိုအပြည့်အဝပါတယ်လို့ မရှိဘူး။ ညနေကျရင် မူးရူးပြီး ဟင်းမကောင်းတော့ ‘ဂျီတိုက်’။

နောက်တစ်မျိုးဆိုးတာက ကျွန်မရဲ့ပထွေးဟာ စိတ်နေစိတ်ဓာတ်သိပ်ညံ့တယ်။ စိတ်ဓာတ်ဆိုတာက ဆင်းရဲတာ၊ ချမ်းသာတာ၊ ပညာတတ်တာ၊ မတတ်တာနဲ့ မဆိုင်ဘူးလို့ထင်တယ်။ ညံ့တဲ့လူဟာ ညံ့တာပဲ။ တချို့

မိန်းမကြီးတွေများ တစ်ကိုယ်လုံးမှာ ဝတ်ဆင်ထားလိုက်တဲ့ရွှေတွေ သီးနေတာပဲ။ ဘယ်လိုနည်းတွေနဲ့များ ရထားသလဲတော့ မသိပါဘူး။ လူတစ်ကိုယ်လုံးမှာ ဝင်းလက်နေအောင် ရွှေတွေဆင်ထားပေမဲ့ စိတ်ဓာတ်ကျတော့ ညံ့သလားမမေးနဲ့။ တအားကို ညံ့တာပဲ။

ကျွန်မပထွေးဟာ အမေ့ငွေကို အလစ်မှာနှိုက်သွားတာတို့၊ အမေ့သဘီသစ်ကိုခိုးသွားတာတို့၊ သူ့နည်းသူ့ဟန်နဲ့ ရလာတဲ့ငွေကို ပေးမသုံးဘဲ ဝှက်ထားတာတို့၊ သူ့အတွက် လက်ဖက်ရည်ဖိုး တစ်လစာနတ်ထားပါလျက်နဲ့ မနက်တိုင်း ထပ်တောင်းတာတို့ စတဲ့အကျင့်တွေဟာ ကျွန်မစိတ်နဲ့ လုံးဝကို မတွေ့ဘူး။

အဖေမသေခင်က ပြောသံကြားဖူးတယ်။ “ငါ့သမီးတွေ ကြီးလာရင် ယောကျ်ားအီကြာကွေးတွေနဲ့ မညားစေချင်ဘူးကွာ” တဲ့။ “ဘာလဲ အဖေ၊ ယောကျ်ားအီကြာကွေးဆိုတာ” လို့ ကျွန်မက ဝင်စပ်စုတော့ “ယောကျ်ားဖြစ်နေပြီး ယောကျ်ားစိတ်မရှိတဲ့ကောင်မျိုးကို ပြောတာသမီးရဲ့။ ဒီလိုကောင်စားတွေက မိန်းမလုပ်စာကို မှီစားချင်တယ်။ သူ့ဝမ်းကလွဲရင် သူ့မိန်းမကိုတောင် မသထားဘူး။ မိသားစုထဲမှာတောင် နေရာတကာ ကတ်သီးကတ်သပ်လုပ်ချင်တယ်။ သူတို့လိုအစားတွေကို အဖေတို့က ယောကျ်ားကြောင်ချီးလို့လည်းခေါ်တယ်” လို့ ရှင်းပြပြီး ရယ်နေတယ်။

တကယ်တော့ ကျွန်မပထွေးကိုတူးဟာ ‘ယောကျ်ားကြောင်ချီး’ တစ်ယောက်ပါ။ လေတော့ ကြွားသလားမမေးနဲ့။ စကားပြောလိုက်ရင်တော့ သူ့အလုပ်ရှင်က သူ့ကိုအခုချက်ချင်းပဲ မန်နေဂျာရာထူးမှာ ခန့်တော့မလိုပဲ။ တကယ့်လက်တွေ့ကျတော့ အကျင့်မကောင်းလို့ ခဏခဏ အလုပ်ဖြုတ်မလို့ အကြိမ်းခံနေရတဲ့ကောင်။

ကျွန်မကတော့ ဒီကောင်နဲ့ပတ်သက်လာရင် ခပ်ကြမ်းကြမ်း၊ ခပ်ရိုင်းရိုင်းပဲ ပြောချင်တယ်။ သူနဲ့ကျွန်မက စတွေ့ကတည်းက မျက်နှာကြောတည့်ကြတာမဟုတ်ဘူး။ သူက ကျွန်မရဲ့ညီမလေးငယ်ငယ်နဲ့ မောင်လေးတက်တူးတို့အပေါ်မှာ ဩဇာပေးချင်တယ်။ ကျွန်မကိုတော့ သူ့အာဏာမပြရဲဘူး။ သူ အာဏာပြလို့ကတော့ ကျွန်မ ခံမတဲ့လား။ ဟင်း...မိသင်းအကြောင်းကို ချက်ချင်းသိသွားမယ်။



(၂)

ပဲပြုတ်သည်ဘဝဆိုတာ လှပတာမှ မဟုတ်ဘဲ။ မနက်ဆို သူများတွေမနိုးခင် ပဲပြုတ်ကိုပြုတ်ပြီး၊ ဈေးတောင်းခေါင်းပေါ်တင်ပြီး ထွက်ရတာ။ ပြီးတော့ နေပူစပ်ခါးမိုးလေကြားမှာ တစ်လမ်းဝင်တစ်လမ်းထွက် တကြော်ကြော် အော်ရောင်းရတာ။ “ဟဲ့...ပဲပြုတ်သည်တောင်လာပြီ၊ အိပ်ရာကထကြတော့” လို့ ပြောလိုက်တဲ့စကား ကြားရတော့ ရင်ထဲမှာတစ်မျိုးပဲ။ ကိုယ့်ဘဝကိုယ် ကြည်နူးသလိုလို ဘာလိုလိုနဲ့ ရင်ထဲမှာ ခိုက်ခဲ့ရတယ်။ ဒါပေမဲ့ လက်တွေ့လုပ်ရကိုင်ရတာကဖြင့် မသက်သာပါဘူး။

တစ်ရက်မှာ အမေဖျားတယ်။ နှစ်ရက်ကြာတော့ သက်သာပြီဆိုပြီး ဈေးရောင်းထွက်တယ်။ ညကျတော့ ထပ်ဖျားပြန်ရော။ ဒီလိုနဲ့ အမေဈေးရောင်းမထွက်နိုင်တာ ခြောက်ရက်တောင် ကြာသွားတယ်။ အဲဒီတော့ ပြဿနာတွေ ရှိလာတယ်။ ပထမပြဿနာက ကျွန်မတို့လိုလူတွေ အမြဲရင်ဆိုင်နေရတဲ့ နေ့ပြန်တိုးပြဿနာပေါ့။

အမေဟာ ကျွန်မတို့အရပ်ထဲက ဒေါ်စိန်ဥကို နေ့ပြန်တိုးပေးစရာ ရှိနေတယ်။ အခုလိုဖျားတာ ကြာသွားတော့ ရတ်တရက် မပေးနိုင်ဘူးပေါ့။ ဒေါ်စိန်ဥကလည်း လူလွှတ်ပြီး အမေ့ကိုခေါ်တယ်။ နေမကောင်းပြီးစဆိုတော့ အမေက ကိုယ်တိုင်မသွားနိုင်ဘူး။ ဒါနဲ့ပဲ ကျွန်မကောက်ညှင်းပေါင်းကုန်လို့ အိမ်ပြန်ရောက်တော့ ကျွန်မကို အကျိုးအကြောင်းသွားပြောဖို့ ဒေါ်စိန်ဥဆီ လွှတ်တယ်။

ကျွန်မရောက်သွားတော့ ဒေါ်စိန်ဥကြီးက ပက်လက်ကုလားထိုင်တစ်လုံးပေါ်မှာထိုင်ပြီး ပန်ကာလေခံနေတယ်။ လက်ကြားမှာလည်း စီးကရက်တစ်လိပ်နဲ့။ ကောင်မလေးတစ်ယောက်က သူ့ခြေထောက်ကို နှိပ်ပေးနေတယ်။

“ဟဲ့...ဘယ်သူလဲ”

“ကျွန်မ မသိန်းတင်သမီးပါ။ အမေက လွှတ်လိုက်လို့ လာတာပါ”

ကျွန်မစကားလည်းကြားရော ငေါက်ခနဲထပြီး ကျွန်မကိုရန်တွေ့တော့တာပဲ။ သူ့ငွေကိုယူပြီး ကတိမတည်ဘူး။ ဒါကြောင့် မွဲကြတော်ကြတာဘာညာနဲ့ ပြောလိုက်တာ ရစရာမရှိဘူး။ ကျွန်မက အမေနေမကောင်းတဲ့

အကြောင်းပြောပြပြီး ပေးစရာကို အမြန်ဆုံးပေးပါမယ်လို့ ပြောတော့ လည်း စကားဆုံးအောင် နားမထောင်ဘူး။

"ဟဲ့...နင်တို့ဆင်းရဲတာတွေ၊ မွဲတာတွေကို ငါ့ လာပြောမနေနဲ့။ ဒါ တွေ ငါ မကြားချင်ဘူး။ ငါ လိုချင်တာက ငါ့ငွေပဲ။ အခုပါသလား။ ပါ ရင်ပေးခဲ့၊ မပါရင် ရပ်ကွက်လူကြီး တိုင်မယ်ဒါပဲ"

ကျွန်မ သိပ်ကို ဒေါသဖြစ်သွားတယ်။

"အဒေါ်က လူကြီးလုပ်နေပြီး ဘယ်လိုပြောလိုက်တာလဲ။ ဆင်းရဲတာ၊ မွဲတာ ငါမကြားချင်ဘူးလေး ဘာလေးနဲ့။ အဲသလိုဆိုရင် အဒေါ်က ဆင်း ရဲသားရပ်ကွက်ထဲ ဘာပြုလို့လာနေလဲ" လို့ ကျွန်မက ပြန်ပြောတာပေါ့။ "အမလေး သူ့ထိတော့ ဆတ်ဆတ်ကို ခါနေတာပဲ" ရုတ်တရက် ဘာပြန် ပြောရမှန်းမသိတော့ မျက်လုံးကြီးတွေပြူးပြီး ကြည့်နေတယ်။ အသားက မည်းမည်း၊ လူက ဝဝ၊ ဗိုက်ကြီးက ပူပူဆိုတော့ တကယ့်သူရဲမကြီးအ တိုင်းပဲ။

"အံမယ်...အံမယ် လူကဖြင့် လက်မလောက်ရှိသေးတယ်။ ငါ့ကိုများ ပြန်ပြောလို့"

ကျွန်မ တစ်လမ်းလုံးကြိတ်မနိုင် ခဲမရ ဖြစ်လာတယ်။ ဆင်းရဲတာ မပြောနဲ့၊ မကြားချင်ဘူးတဲ့။ သူက ဘာကောင်မကြီးမို့လို့လဲ။ တစ်ကမ္ဘာ လုံးမှာ ဆင်းရဲနေတဲ့သူတွေ အများကြီးပဲ။ ဆင်းရဲနေပါလျက်နဲ့ ကျွန်မ ချမ်းသာနေပါတယ်လို့ လိမ်ပြောရမတဲ့လား။ ဘာပြုလို့ လိမ်ပြောရမှာလဲ။ လိမ်မပြောနိုင်ပါဘူး။

ကျွန်မ အိမ်ရောက်တော့ ပြဿနာနဲ့ ထပ်တိုးပြန်တယ်။ ဟိုပထွေး ကောင်က ချိုထောင်လို့ အိမ်မှာရန်ပွဲပြီးစ။ သူ့အတွက် ဟင်းချန်တာနည်း လို့ဆိုပြီး ပြဿနာရှာရာက အမေနဲ့ရန်ဖြစ်ကြတယ်။ သူက အမေ့ကိုဖိနပ် နဲ့ပေါက်လို့ အမေနှုတ်ခမ်းကွဲသွားတယ်။ ကျွန်မလေ လုံးဝဒေါသကို မထိန်းနိုင်တော့ဘူး။ ကျွန်မ ငိုလည်းငို၊ အမေ့ကိုလည်း ရစရာမရှိအောင် ပြောမိခဲ့တယ်။

"အမေ့ကို သမီးအစကတည်းက ပြောခဲ့တယ်။ ဒီအကောင်ကို မယူပါ နဲ့လို့။ အမေ နားမထောင်ခဲ့ဘူး။ ငါ အမေပဲ၊ ငါလုပ်ချင်တာလုပ်မယ်ဆို



ပြီး ဒီအကောင်ကို ယူခဲ့တယ်။ အခုကျတော့ အမေသူနဲ့အိပ်ရတာကလွဲပြီး တခြားဘာများထူးခြားလို့လဲ။ အခုကြည့်ပါဦး...အမေ့ကို အဖေကမူးရူး ပြီး ရိုက်ခဲ့ဖူးသလား။ ဘယ်တော့မှ မရိုက်ခဲ့ဘူး။ အခု ဒီအကောင်နဲ့ကျ မှ အခုလို သွေးထွက်သံယိုဖြစ်ရတယ်။ အဖေရေ...သမီးတို့အဖြစ်ကို လာ ကြည့်လှည့်ပါဦး"

ကျွန်မက အမေ့ကိုတပြီး တအားအော်ငိုတယ်။ အမေဟာ ဘာမှပြန် မပြောဘူး။ ကျွန်မပြောသမျှကို ခေါင်းငုံ့ပြီးခံနေတယ်။ သူလည်း လူကြီး ပဲလေ။ သူ့အမှားသူ မြင်မှာပေါ့။ ဒါပေမဲ့ အမှားမြင်တာကနောက်ကျတော့ ပြင်ဖို့မလွယ်တော့ဘူးပေါ့။ ဒါပေမဲ့ တကယ်တမ်းပြင်ဆင်တဲ့စိတ်ရှိရင် တော့ အချိန်ဟာ နောက်မကျဘူးလို့ ကျွန်မကတော့ ထင်တာပဲ။

*

(၃)

အဲဒီအချိန်ကာလဟာ ကျွန်မအဖို့ ကိုယ်စိတ်နှစ်ပါး အဆင်းရဲဆုံး အချိန်ပါပဲ။ ဒေါ်စိန်ဥကြီးနဲ့ နေ့ပြန်တိုးကို ကျေအောင်ဆပ်နိုင်ဖို့ လုံးပန်းရ ဘာကတစ်မျိုး၊ အိမ်မှာစားရေးသောက်ရေး အဆင်ပြေအောင် ကြိုးစားရ ဘာကတစ်ဖက်နဲ့ ကျွန်မမှာ အသက်အရွယ်နှင့်မလိုက်အောင် တာဝန်တွေ ဘက်ပြီး ပင်ပန်းခဲ့ရတယ်။ အိမ်မှာနေရတာလည်းမပျော်ဘူး။ ပထွေးဆိုတဲ့ လူရဲ့မျက်နှာကိုလည်း မကြည့်ချင်ဘူး။ အသံလည်း မကြားချင်ဘူး။

ကျွန်မက အမေ့အပေါ်မှာ အရင်ကလိုစိတ်ထားမျိုး မထားနိုင်တော့ ဘူး။ မေးထူးခေါ်ပြောစကားမျိုးကလွဲပြီး တရင်းတနှီး ဆက်ဆံပြောဆို ချင်စိတ် မရှိတော့ဘူး။ အဲသလိုဖြစ်နေချိန်မှာ ဟိုအကောင်ကလည်း ကြား ကာအတို့အထောင် လုပ်ပေးပုံပေါ်တယ်။ အမေကပါ ကျွန်မကို ခပ်မာမာ၊ ခပ်တင်းတင်း ဆက်ဆံလာတယ်။ ဘာရမလဲ...ကျွန်မကလည်း အသက် သာငယ်တာ။ မာန်မာနက အကြီးသား။ အမေ့ကို လုံးဝစကားမပြောတော့ ဘူး။ သူမေးရင် ဖြေလိုက်တယ်။ ဒါပဲ။

တစ်ရက်မှာ အမေက ကျွန်မကိုပြောတယ်။

"ညည်း...ကိုတူးကို ကောင်းကောင်းမွန်မွန် ပြောပါဆိုပါ။ ပထွေး

ဆိုပေမဲ့ သူ ဒီလောက်မဆိုးပါဘူး။ တကယ်တော့ အမေနဲ့ရလာပြီဆိုမှ တော့ သူဟာညည်းတို့ရဲ့အဖေလို့ပဲ သဘောထားမှာပေါ့" တဲ့။

"အမေက ဘာလဲ၊ သူ့ကို သမီးတို့က သမီးတို့ရဲ့အဖေ့နေရာမှာ ထား ကြည့်စေချင်နေသလား"

"အဲသလိုတော့ မဟုတ်ဘူးလေ။ သူ့ကို အဖေတစ်ယောက်လို ဆက်ဆံ ဖို့ ပြောတာပါ"

"အမေ့စကားက ကုလားကြီးနဲ့ အရာကြီး အတူတူပါပဲ။ သမီး သူ့ကို အဖေလို့ ဆက်ဆံဖို့ကတော့ လုံးဝမဖြစ်နိုင်ဘူး။ သမီးအပေါ်မှာကော သူ က သမီးလိုသဘောထားတယ်လို့ အမေ ထင်သလား"

အမေက စိတ်ဆိုးမာန်ဆိုးနဲ့ ကျွန်မကို လှည့်ကြည့်သည်။

"နင် ဘယ်လိုစကားမျိုး ပြောလိုက်တာလဲ။ နင့်လိုမလောက်လေး မလောက်စားအရွယ်ကို သူက သမီးလို့သဘောမထားလို့ ဘယ်လိုသဘော ထားရမှာလဲဟဲ့...မိသင်းရဲ့" လို့ ဒေါသတကြီး အော်ပြောတယ်။

"အမေက မွှန်နေလို့ ဘယ်သိမလဲ။ ကိုယ့်သမီးအပေါ်မှာ ပထွေးလုပ် တဲ့သူက ဘယ်လိုသဘောထားတယ်ဆိုတာ အမေက မသိဘူး၊ သမီးက သိတယ်။ အင်း...အံ့သြစရာပဲ"

"နင် စကားပြောလိုက်ရင် ကြောတောတောနဲ့ လူပါးဝလှချည်လား"

ပြောပြောဆိုဆို အမေက ကျွန်မကိုသူ့အနားမှာချထားတဲ့ သောက်ရေ ခွက်နဲ့ ကောက်ပေါက်တယ်။ ကျွန်မ နဖူးကိုမှန်တယ်။ ကျွန်မဖြုန်းခနဲ ထရပ်လိုက်မိပေမဲ့ ဘာမှတော့မလုပ်ဖြစ်ဘူး။ ကိုယ့်စိတ်ကိုယ်ရအောင် ထိန်းထားနိုင်တယ်။ ရတ်တရက် စိတ်ကမပြေတော့ အိမ်ကထွက်လာမိ တယ်။ ကျွန်မ ဘယ်သွားမလဲ။ စိတ်ကတော့ ခြေဦးတည့်ရာကို သွားချင် နေတယ်။ သွားလို့ဖြစ်မတဲ့လား။

ကျွန်မနဲ့ ဈေးရောင်းဖက် မခင်မြင့်တို့ဘက် ထွက်လာခဲ့တယ်။ မခင် မြင့်က ကျွန်မထက် အသက် ၆ နှစ်လောက်ကြီးတယ်။ အစ်မအရွယ်မို့ ကျွန်မက ကိုယ့်အစ်မအရင်းလိုသဘောထားပြီး အစ်မလို့ပဲခေါ်တယ်။ ကျွန်မမှာ ပြဿနာရှိလာရင် သူ့ကိုပဲ ကျွန်မကရင်ဖွင့်တယ်။ သူကလည်း ကူညီတယ်။ လူချင်းက အဲသလောက်ရင်းနှီးတာ။ ဒေါ်စိန်ဥကြီးရဲ့ နေ့ပြန်



တိုးငွေတွေ ပြန်ဆပ်တုန်းကဆိုရင် သူကပဲဒိုင်ခံပြီးကူညီခဲ့လို့ ကျွန်မတို့မှာ အဆင်ပြေခဲ့ရတယ် မဟုတ်လား။

လူကြီးတစ်ဦးဖြစ်နေတဲ့ အစ်မမခင်မြင့်ကတော့ ကျွန်မကိုပဲဆုံးမ ဘာပေါ့။ ပထွေးမကောင်းပေမဲ့ ကိုယ့်အမေစိတ်ချမ်းသာအောင် အလိုက် သင့်ဆက်ဆံဖို့၊ အိမ်ကစိတ်လေပြီးထွက်မသွားဖို့နဲ့ တကယ်လို့ ပထွေးက မတော်မရာကြံရင် ချက်ချင်းသူတို့ဆီလာပြောဖို့ စသည်....စသည်...ပေါ့ လေ ကျွန်မကို ဆုံးမပါတယ်။

အဲသည်နေ့က ညနေဈေးထွက်ခါနီးကျတော့ မခင်မြင့်ကိုယ်တိုင် သူ့ ပြုတ်တောင်း ခေါင်းပေါ်ရွက်ပြီး ကျွန်မကိုအိမ်လိုက်ပို့တယ်။ ကျွန်မက ကလည်း ဣန္ဒြေမပျက် ကျွန်မရဲ့ကောက်ညှင်းပေါင်းတောင်းကို ခေါင်းပေါ် တင်ပြီး မခင်မြင့်နှင့်အတူဈေးထွက်ခဲ့တယ်။ ကျွန်မရင်ထဲမှာကတော့ အမေ့အပေါ်မှာ ဘဝင်မကျသေးပါဘူး။ ကျွန်မဟာ မိသားစုအတွက် အ ဘက်ဘက်မှာ အနစ်နာခံနေရတဲ့လူပါ။ ဒါလေးကိုတောင်မှ မထောက် ထားဘဲ ကျွန်မကို ဒဏ်ရာအနာတရဖြစ်တဲ့အထိ လုပ်ရသလား။ ကျွန်မ စိတ်ထဲမှာ လုပ်ရက်လေခြင်းဆိုတဲ့အတွေးနဲ့ စိတ်နာနေမိပါတယ်။

*

(၄)

ကျွန်မ အခုတလော အားလပ်ချိန်ရတိုင်း အစ်မမခင်မြင့်တို့အိမ်မှာ ပဲ အချိန်ကုန်တာများတယ်။ စိတ်ကလည်း လေသလားမမေးနဲ့။ အိမ်မှာ ကို နေချင်ဘူး။ ညီမလေးငယ်ငယ်နဲ့ မောင်လေးတက်တူးတို့အပေါ်မှာ လည်း တွယ်တာတော့သလိုပဲ။ အမေ့အပေါ်မှာလည်း အရင်ကလို သဘောမျိုး ရှိတော့ဘူး။

တစ်ရက်မှာ ကျွန်မဟာ မခင်မြင့်တို့အိမ်ရောက်နေတယ်။ မခင်မြင့် ရယ်၊ သူ့အမေရယ်၊ ကျွန်မရယ် 'ပဲ' ထိုင်ရွေးနေကြတုန်း ဧည့်သည်တွေ ရောက်လာတယ်။ ဧည့်သည်က နှစ်ယောက်။

"ဟော...အစ်ကိုမြတ်လေးမောင်ပါလား။ အမယ်လေးတော် အခုမှပဲ ပေါ်လာတော့တယ်"

မခင်မြင့်က ဝမ်းသာအားရဆီးကြိုပြီး–

"ဟဲ့...သင်းသင်း၊ အစ်မအခန်းထဲမှာ ဖျာရှိတယ်။ သွားယူပါဦး" လို့ လှမ်းပြောတယ်။

ကျွန်မက ဖျာနှစ်ချပ်သွားယူပြီး မခင်မြင့်ပြတဲ့ ဘုရားစင်ရှေ့ဧည့်ခန်းထဲမှာ ခင်းပေးလိုက်တယ်။ မခင်မြင့်ကတော့ မြတ်လေးမောင်ဆိုတဲ့လူကို မလာတာကြာလို့ ရန်တွေ့နေတုန်းပဲ။

"ဟဲ့...အမြင့်ရဲ့၊ တို့မှာက ရွာရိုးကိုးပေါက် လျှောက်သွားနေရတဲ့လူတွေ။ ဘယ်လိုလုပ်ပြီး တကူးတကန့်လာလို့ရမှာလဲ။ အခုဟာတောင် ဇာတ်ပစ္စည်းတချို့ ဝယ်ဖို့ရှိလို့လာရင်းနဲ့ လမ်းကြုံဝင်လာရတာ"

"အစ်ကိုက နေကိုနေနိုင်ပါတယ်။ ရန်ကုန်မှာ ဇာတ်ပြန်နားတော့လည်းမလာဘူး"

"အမယ်...ဗျာ၊ ဇာတ်နားရင် ကျွန်တော်မျိုး လာပါတယ်။ ဇာတ်ကတော့ သိပ်နားရလို့လား။ ဇာတ်သစ်ကလေးဘာလေး တင်ဖို့အစီအစဉ်ရှိပါမှ ရက်ကြာကြာနားရတာပါ"

မခင်မြင့်က အစ်ကိုလို့ခေါ်နေတဲ့လူက အသက် ၃၀ ကျော်လောက်ရှိပြီး အသားညိုညို၊ ဆံပင်ရှည်ရှည်နဲ့ လူပုံက သားသားနားနားပဲ။ သူ့အနားမှာထိုင်နေတဲ့လူကြီးက မခင်မြင့်ကိုကြည့်ပြီး ပြုံးဖြဲဖြဲလုပ်နေတယ်။ သူ့ပုံက ရယ်စရာကြီး။

"ဟောဒါက ဦးကျော်တဲ့၊ တို့ဇာတ်ထဲမှာတော့ လူရွှင်တော် ပိန်ရှည်ဆိုရင် မသိတဲ့သူမရှိဘူး။ ဒီဟာက ကျွန်တော့်နှမ မခင်မြင့်၊ သူ့ဘေးကထိုင်နေတာက သူ့အမေ ဒေါ်ကြည်ခင်၊ ကျွန်တော့်အမေနဲ့ ညီအစ်မအရင်း"

ပိန်ရှည်ဆိုတဲ့လူကြီးက ခေါင်းငုံ့ညိတ်ညိတ်လုပ်ပြီး–

"အင်း...တွေ့ရတာ ဝမ်းနည်းပါတယ်ဗျာ။ ကျုပ်တို့ကို ခင်ဗျားတို့က ထမင်းနှစ်နပ်တော့ ကျွေးရတော့မှာ သေချာနေပြီ" တဲ့။ သူ့စကားကြားတော့ အားလုံးက ဝိုင်းရယ်ကြတယ်။

အဲဒီနေ့က ဧည့်သည်တွေကို နံနက်စာကျွေးတော့ ကျွန်မက ကူညီပြီးလုပ်ပေးတယ်။ မခင်မြင့်ရဲ့အစ်ကိုက ကျွန်မကိုခဏခဏ စိုက်စိုက်ကြည့်နေလို့ ကျွန်မမှာ မနေတတ်မထိုင်တတ် ဖြစ်သွားတယ်။ နောက်ဆုံး



ကျတော့ "ဟဲ့...အမြင့်၊ ဒီသူငယ်မလေးက ဘယ်ကလဲ။ ဘယ်သူလဲ" လို့ မေးတယ်။

"ကျွန်မနဲ့ ခင်နေတဲ့မိန်းကလေးပါ။ သင်းသင်းတဲ့...သူက ဟိုဘက်နှစ်လမ်းကျော်မှာနေတယ်"

"ဩော်...ဟုတ်လား၊ သင်းသင်းတဲ့လား။ နာမည်လေးကလည်း အလှသားပဲ။ ရုပ်ကလေးနဲ့လိုက်တယ်"

"ဘာလဲ...အစ်ကိုက ပြဇာတ်ဒါရိုက်တာမျက်စိနဲ့ ကြည့်နေတာလား။ ဒါဆိုရင်လည်း သင်းသင်းကိုခေါ်ပြီး မင်းသမီးဖြစ်အောင် သင်ပေး"

"အေးဟဲ့...ငါလည်း အဲဒါစဉ်းစားမိလို့။ သူ့အရွယ်လောက်ကစသင်ရင် တကယ်ထူးချွန်တဲ့မင်းသမီးတစ်ယောက်တော့ ဖြစ်လာမယ်ထင်တယ်။ ဩော်...ဒါနဲ့ ငါ့ညီမအသက်က ဘယ်လောက်ရှိပြီလဲ"

"ကျွန်မ ၁၅ နှစ် မပြည့်သေးဘူး"

"အင်း...လူကထွားတော့ ၁၇ နှစ်လောက်ရှိပြီလို့ ထင်ရတယ်။ ညည်းသီချင်းဆိုတာတို့၊ ကတာတို့ ဝါသနာပါသလား"

ကျွန်မက ခေါင်းညိတ်လိုက်တယ်။ သူကလည်း ကျွန်မကိုကြည့်ပြီး ခေါင်းတဆတ်ဆတ် လုပ်နေတယ်။ နောက်ထပ် ဘာမှမပြောတော့ဘူး။ ဒါပေမဲ့ ညကျတော့ ဧည့်သည်နှစ်ယောက်နဲ့ မခင်မြင့်တို့သားအမိ အိမ်ရောက်လာပြီး အမေနဲ့စကားပြောကြတယ်။ အမေ့ကြည့်ရတာ အတော့်ကို ဝမ်းသာသွားပုံပေါ်ပါတယ်။ ကိုယ့်သမီးကို ဒီလိုဇာတ်ထဲကလူတွေက မျက်စိကျပြီး ခေါ်တယ်ဆိုတော့ သူဂုဏ်ယူတာပေါ့။ ဒါပေမဲ့ ကျွန်မက အသက်ငယ်သေးတော့ ပျက်စီးသွားမှာကို စိုးရိမ်တယ်။

ဦးလေးမြတ်လေးမောင်တို့ကလည်း အစစအရာရာ တာဝန်ယူတယ်။ အာမခံတယ်။ ကျွန်မကလည်း လိုက်ချင်လှချည်ရဲ့ဖြစ်နေတော့ အမေက သဘောတူလိုက်တယ်။ အဲဒီအချိန်ကျခါမှ ဟိုပထွေးကောင်က–

"မိန်းကလေးတစ်ယောက်တည်း ထည့်လိုက်လို့မဖြစ်ဘူး။ ငါကတော့ လုံးဝသဘောမတူဘူး" လို့ မူးမူးရူးရူးနဲ့ ဝင်ပြောတယ်။ အမေက

"ဒါ နင့်သမီး မဟုတ်ဘူး၊ ငါ့သမီး။ နင်နဲ့ဘာမှမဆိုင်ဘူး၊ ဝင်မပါနဲ့" လို့ တင်းတင်းမာမာ ပြောလိုက်တော့ ငြိမ်သွားတယ်။

ဦးမြတ်လေးမောင်က ကျွန်မအတွက် အဝတ်အစားဝယ်ဖို့ ငွေငါးရာကျပ်၊ အမေတို့သုံးစွဲဖို့ ငွေတစ်ထောင်ကျပ် ထုတ်ပေးခဲ့တယ်။ အဲဒီအချိန်က ငွေ ၁၅၀၀ ကျပ်ဆိုတာ နည်းတဲ့ငွေမဟုတ်ဘူး။ ကျွန်မတို့ တစ်မိသားစုလုံး အရမ်းကိုဝမ်းသာကြတယ်။ နောက်သုံးရက်ကြာတော့ ကျွန်မဟာ ဦးလေးမြတ်လေးမောင်တို့နဲ့အတူ သင်္ဘောနဲ့ဇာတ်နားနေတဲ့ ဘိုကလေးမြို့ကို လိုက်ခဲ့ရတယ်။

တကယ်တမ်းခွဲလာရတော့ အမေ့ကိုရော၊ ငယ်ငယ်နှင့် တက်တူးတို့ရော အလွမ်းသား။ အဖေ့ကိုလည်း သတိရလွန်းလို့ ရင်ထဲမှာဆို့နေတယ်။ စိတ်ကိုထိန်းနေတဲ့ကြားကပဲ မျက်ရည်ဖြိုင်ဖြိုင်ကျခဲ့ရပါတယ်။ သင်္ဘောနောက်က ဝဲပျံပြီး လိုက်လာနေတဲ့ စင်ရော်တွေဟာ မနည်းပါလား။ သူတို့ခမျာ အစာကို မျှော်ပြီး လိုက်လာနေကြတာ။ ကျွန်မဘဝနဲ့ သူတို့ဘဝဟာ ဘာများခြားနားလို့လဲ။ ကျွန်မကိုယ်တိုင်လည်း အစာကိုမျှော်ပြီး ဒီသင်္ဘောကြီးနဲ့ လိုက်လာခဲ့ရတာပဲ မဟုတ်လား။

ကျွန်မဟာ 'ပန်တျာစိန်လင်းအောင် အကသဘင်အဖွဲ့မှာ အဖွဲ့သားတစ်ယောက် ဖြစ်လာခဲ့ပါပြီ။ ဦးလေးမြတ်လေးမောင်ဟာ ဒီဇာတ်သဘင်အဖွဲ့ရဲ့ ပြဇာတ်ဒါရိုက်တာ တာဝန်ခံဆိုပေမဲ့ ဇာတ်တစ်ဖွဲ့လုံးရဲ့ ကောင်းရာကောင်းကျိုးတွေကိုလည်း ပါဝင်ကူညီနေတဲ့လူပါ။ ဒါကြောင့်မို့လည်း သူ့သြဇာဟာ ဇာတ်အပေါ်မှာ အတော်ကြီးပါတယ်။ ဦးလေးက ကျွန်မကို အသက်ငါးဆယ်ကျော်လောက်ရှိနေပြီဖြစ်တဲ့ မင်းသမီးကြီး ဒေါ်စိန်မှုံဆီမှာ အကသင်ပေးဖို့ အပ်ပါတယ်။ ပြဇာတ်မင်းသမီး အမူအရာကိုတော့ ပြဇာတ်မင်းသမီး ခင်မူမူအေးဆီမှာ တပည့်ခံဖို့ မှာထားပါတယ်။

အဘွားဒေါ်စိန်မှုံဟာ သဘောကောင်းရှာပါတယ်။ သူ့ခမျာ အသက် ၅၃ နှစ်ရှိနေပြီ။ အခုအချိန်ထိ ပရိယေသန ဝမ်းစာရေးအတွက် ဆိုရကရတုန်းပါ။ သူကအချိန်ရတိုင်း ကျွန်မကို အဆိုနဲ့အက သင်ပေးတယ်။ သူများကတာ၊ ဆိုတာကြည့်ခိုင်းတယ်။ ကျွန်မကသူ့ကို အဘွားမှုံလို့ခေါ်တယ်။ သူကကျွန်မကို ဘယ်နေရာရောက်ရောက် သူ့အနားမှာပဲ အိပ်ခိုင်းတယ်။ အစစအရာရာ နေတတ်ထိုင်တတ်အောင် သွန်သင်ဆုံးမတယ်။ အဘွားမှုံဟာ ကျွန်မရဲ့ကျေးဇူးရှင်ပါ။



ပြဇာတ်မင်းသမီး ခင်မူမူအေးကတော့ တစ်ဘာသာပါ။ သူကတော့ မာနတစ်ခွဲသားနဲ့။ ကျွန်မကို လက်တိုလက်တောင်းခိုင်းဖို့ပေးတဲ့ 'ကျွန်' ကျနေတာပဲ။ ဆံပင်ဖီးခိုင်း၊ သနပ်ရှာခိုင်း၊ သနပ်ခါးသွေးခိုင်း၊ သူ့အဝတ်အစားတွေလျှော်ခိုင်း၊ ဒီကြားထဲ နင်းခိုင်းနှိပ်ခိုင်းသေးတယ်။ ဖဲကလည်း ရိုက်သလား မမေးနဲ့။ စီးကရက်ကလည်း လက်ကြားကမချဘူး။ ယောကျ်ား အတွဲကျတော့လည်း ထည်လဲပဲ။

သူနဲ့တွဲရတာတော့ ကျွန်မ စိတ်မချမ်းသာဘူး၊ သူက ကျွန်မကို အမူအရာနဲ့ပတ်သက်လို့ စိတ်လိုလက်ရရှိတဲ့အခါ ပါးစပ်က သင်ပေးတတ်ပေမဲ့ အများအားဖြင့်တော့ ပြဇာတ်ထွက်ချိန်မှာ ကန့်လန့်ကာနားကထိုင်ပြီး သူ့အမူအရာတွေကို ကြည့်ခိုင်းထားတယ်။ ဘာပဲဖြစ်ဖြစ်ကျွန်မကတော့ ကျွန်မရဲ့တိုးတက်ရာတိုးတက်ကြောင်းအတွက် ဘယ်သူကသင်သင် ရအောင်ယူရမှာပဲပေါ့။

ဇာတ်သဘင်လောကဟာလည်း တခြားလောကတွေလိုပါပဲ။ အကောင်းနဲ့အဆိုး နှစ်မျိုးစလုံး တွဲနေတဲ့လောကပါ။ ဒီလောကသားတွေကလည်း မတစ်ထောင်သားတွေ မဟုတ်လား။ စိတ်အမျိုးမျိုး၊ အကျင့်အမျိုးမျိုးနဲ့ ကိုယ့်လောက ကိုယ်ဖန်တီးတည်ဆောက်နေကြတာပါ။ အကျင့်ကောင်းတဲ့လူတွေရှိသလို မကောင်းတဲ့လူတွေကလည်း အများကြီးပဲ။ အရက်သမား၊ ဆေးသမားနဲ့ ဖဲသမားတွေလည်းရှိတယ်။ အကျင့်ဖောက်ပြန်နေကြတဲ့ မိန်းမတွေနဲ့ ယောကျ်ားတွေလည်းရှိတယ်။ တစ်ခါတလေကျတော့လည်း သူတို့လောကထဲမှာ ကျင်လည်ရတာဟာ စိတ်ပျက်စရာ ကောင်းပါတယ်။

တစ်ခါတုန်းက ပြဿနာတစ်ခုဖြစ်လို့ ဇာတ်အဖွဲ့ဝင်တွေ အစည်းအဝေးလုပ်ကြတယ်။ အဲဒီမှာ ဦးလေးမြတ်လေးမောင်က "ကျုပ်တို့၊ ခင်ဗျားတို့လောကမှာ လောကကို ခေတ်မီလာအောင်၊ တိုးတက်လာအောင် လုပ်ချင်တဲ့လူ မရှိသလောက်ပဲ။ ဖြစ်သလိုနေပြီး ဖြစ်သလိုလုပ်နေလို့ကတော့ ကျုပ်တို့ဇာတ်တွေဟာ ဘိုးတော်ဘုရားခေတ်က ပုံစံအတိုင်းပဲ ဖြစ်နေမှာပဲ။ ခင်ဗျားတို့ထဲမှာ ခေတ်နဲ့အမီလိုက်နိုင်အောင် စာဖတ်တဲ့လူ ဘယ်နှစ်ယောက်ရှိသလဲ။ အချိန်အားလေးရရင် ဖဲရိုက်မယ်၊ ကတ်ဆွဲမယ်၊ အရက်သောက်မယ်၊ အချင်းချင်းဖောက်ပြန်မယ် ဒါပဲရှိတယ်။ ခင်ဗျားတို့ လုပ်နေပုံတွေကိုကြည့်ပြီး ကျုပ်

တောင်မှ ဒီလောကထဲကထွက်ပြေးချင်စိတ် ပေါက်နေပြီ" လို့ ပြောသွားတာ ကျွန်မ မမေ့သေးဘူး။

သူပြောတာလည်း မှန်တာပဲ။ ကျွန်မမြင်ခဲ့ရတာတွေကို ပြန်ပြောရမယ်ဆိုရင် 'ပြောမဆုံးပေါင် တောသုံးတောင်ပဲ' အထူးသဖြင့်အကျင့်စာရိတ္တပိုင်းမှာ သိပ်ကိုဆိုးတယ်။ ဇာတ်တစ်ဖွဲ့လုံးရဲ့ အသက်ဖြစ်တဲ့ 'မင်းသား' ကိုပဲကြည့်။ အရက်ပဲသောက်သောက်၊ မိန်းမဝါသနာပါပါ၊ အနည်းအကျဉ်းတော့ ကိုယ့်ကိုယ်ကို ထိန်းဦးမှပေါ့။ အခုဟာက သူကိုယ်တိုင်က ဂုဏ်သိက္ခာမရှိတော့ ပြဿနာဖြစ်ရတာပေါ့။

ကျွန်မတို့ ဇာတ်မင်းသားစိန်လင်းအောင်က မိန်းမနှစ်ယောက်ယူထားတယ်။ အဲဒီကြားထဲကပဲ ယိမ်းသမလေးတွေထဲက သူကြိုက်ရာကို စည်းရုံးသိမ်းသွင်းပြီး ခြေတော်တင်သေးတယ်။ ဒီကြားထဲကပဲ သူများမယားကို ပြိတီတီလုပ်ပြီး ကြာခိုနေချင်သေးတယ်။ အဲဒီတုန်းကဖြစ်တဲ့ကိစ္စကို ကျွန်မမှတ်မိနေသေးတယ်။ ဇာတ်စင်နောက်ဖက်မှာ ထမီရင်လျားနဲ့သနပ်ခါးလိမ်းနေတဲ့ ယိမ်းသမတစ်ယောက်ကို မင်းသားကနောက်ကနေ ဖက်ပြီး အတင်းနမ်းသတဲ့။ ဟိုကသနပ်ခါးတုံးနဲ့ကောက်ထုတော့ မင်းသားခေါင်းမှာ 'ဘုကြီး' ထွက်သွားတာပေါ့။

ကြားရတဲ့ လူတွေအဖို့ရယ်လို့မဆုံးအောင် ဖြစ်နေကြတယ်။ ယိမ်းသမက ဆတ်ဆတ်ကြဲဆိုတော့ ဒီတစ်ခါ သူအရှုက်ကွဲတာပေါ့။ နောက်ဆုံးအားလုံးက ကြားဖြန်လို့ ကိစ္စကပြီးသွားပေမဲ့ မင်းသားက နစ်နာကြေး ငွေတစ်ထောင်ပေးလိုက်ရတယ်။ အဲဒီညနစ်ပါးသွားထွက်တော့ မင်းသားက မင်းသမီးတစ်ယောက်ကိုလက်ဆွဲပြီး ဇာတ်မင်းသားတွေထုံးစံအတိုင်း "အချစ်ကလေးရေ၊ အသက်ကလေးရေ၊ အသည်းကလေးရေ ဒီမောင်ချစ်ရပါတဲ့ ဘူးကလေးရေ" လို့ တီတီတာတာ ပလီပလာလုပ်တယ်။

အဲဒါကြားတော့ လူရွှင်တော်ကိုပိန်ရှည်ကြီးက "ဘယ်လိုလဲ ကိုမျက်ပြူးရဲ့ ကျုပ်တို့မင်းသားက 'နှာဘူး' ထလုချည့်လား" လို့ စပေးလိုက်တယ်။ အဲဒီတော့ ကိုမျက်ပြူးက "ဒါ နှာဘူး မဟုတ်ဘူးဗျ၊ နှာဘုဖြစ်တာ" လို့ ပြန်ပြောတယ်။ "ဘယ့်နှယ်ဗျာ...နှာဘုဖြစ်ရတယ်လို့ပဲ၊ ကျုပ်ဖြင့် မကြားဖူးပေါင်" လို့ပြောတော့ "ဒီလိုဗျာ၊ သူကအိပ်ရေးပျက်လို့ အိပ်နေတဲ့သူ့မိန်းမကို



နှာဘူးသွားထတော့ ဟိုကစိတ်တိုတိုနဲ့ ဒေါက်ဖိနပ်နဲ့ကောက်ခုတ်လိုက်တော့ ခေါင်းမှာဘုကြီးထွက်သွားတယ်ဗျ။ ဒါကြောင့် ကျုပ်က 'နှာဘု' လို့ ပြောတာလို့ ကိုမျက်ပြူးက ပြန်ရှင်းတယ်။

လူရွှင်တော်ဆိုတာမျိုးက သူတို့မြင်တွေ့ကြားသိထားတာလေးတွေကို ပြန်ပြီးပြက်တတ်ကြတယ်။ ဒါမှလည်း ပြက်လုံးကကောင်းတာ။ လုပ်ထားတဲ့ပြက်လုံးတွေဟာ ရယ်မှမရယ်ရတာ၊ အခုလည်း ဝွင်က ဝင်နေတော့ ဒီပြက်လုံးကို 'ပြက်' မိတာပေါ့၊ ဒီကိစ္စဟာ အများအတွက် 'ရယ်'ရပေမယ့် မင်းသားအတွက်တော့ 'ငို'ရမယ့်အပေါက် ရောက်သွားတယ်။ သူက မကျေမနပ်ဖြစ်နေလို့ အားလုံးကဝင်ပြီး ရင်ကြားစေ့ပေးခဲ့ရသေးတယ်။

ကျွန်မနေခဲ့ရတဲ့ ဇာတ်လောကက အဲသလိုမျိုး။ တစ်ခါတလေ အရမ်းပျော်စရာကောင်းပေမယ့် တစ်ခါတလေကျရင် အရမ်းကို စိတ်ပျက်စရာကောင်းတယ် တစ်ခါတလေ အရမ်းကို ငိုချင်စရာ ကောင်းတယ်။

*

(၆)

'ပန်တျာ စိန်လင်းအောင်အကသဘင်အဖွဲ့' ထဲ ကျွန်မရောက်တာ ရှစ်ကျော်သွားခဲ့ပြီး ဦးလေးမြတ်လေးမောင်က 'ရွှပိုးစိန်' အမည်နဲ့ ပြဇာတ်ခန်းတစ်ခုတင်ဖို့ ဇာတ်တိုက်နေပြီ။ အဲဒီဇာတ်မှာ ကျွန်မက 'ရွှပိုးစိန်' အဖြစ် ပြပေးရမယ်။

ဆက်ကျော်သက် မြီးကောင်မကလေး 'လင်းလင်း' ဟာ သူတကယ်ချစ်ခဲ့တဲ့ ချစ်သူက ဖျက်ဆီးလို့ ဘဝပျက်သွားရတယ်။ အဲဒီအချိန်ကစပြီး လင်းလင်းဟာ ယောကျ်ားတွေကိုစိတ်နာပြီး လက်စားချေတယ်။ နောက်ဆုံးတစ်ယောက်ကျတော့ ဟိုလူကသူ့ကိုသတ်ဖို့ ကြိုးစားရာမှာ လင်းလင်းက လက်ဦးအောင်ဓားနဲ့ထိုးလိုက်လို့ ဒဏ်ရာရသွားတယ်။ 'ရွှပိုးစိန်' လို့ လူတွေကခေါ်နေကြတဲ့ လင်းလင်းတစ်ယောက် ထောင်ထဲဝင်သွားတဲ့အခန်းနဲ့ ဇာတ်ကိုသိမ်းထားတယ်။

ဒီဇာတ်အတွက် ဦးလေးမြတ်လေးမောင်ဟာ ကျွန်မကို သဘာဝကျကျ သရုပ်ဆောင်နိုင်အောင် အပင်ပန်းခံပြီး သင်ပေးတယ်။ ကျွန်မကလည်း

ဘာအားကြိုးစားတယ်။ ဒီဇာတ်မှာ မမမူ (မင်းသမီး ခင်မူမူအေး) က ကျွန်မရဲ့အစ်မ...။ ဇာတ်တိုက်နေတဲ့ အတောအတွင်းမှာပဲ ဇာတ်သမားတွေက ကျွန်မကို ချီးမွမ်းကြတယ်။ ကျွန်မကလည်း ဦးလေးမြတ်လေးမောင် ပြောထားတဲ့စကားကို မေ့မပြစ်ဘူး။ "ဒီဇာတ်ဟာ နင့်အတွက် ပွဲဦးထွက်ဇာတ်...၊ နာမည်ကြီးသွားနိုင်တယ်" အသားကုန်ကြိုးစားတဲ့။

"ရွှေပိုးစိန်ပြဇာတ်" ကို ပျဉ်းမနားမြို့မှာ ဇာတ်ဝင်တော့ ပထမဦးဆုံးညမှာတင်တယ်၊ လူကြိုက်များသွားတယ်။ နောက်ဆုံး ငါးချိုမြောက်ညမှာ မြို့လူထုရဲ့တောင်းဆိုချက်အရဆိုပြီး ထပ်တင်ရတယ်။ ပရိသတ်က ကြိုက်တာပဲ။ "ရွှေပိုးစိန်လုပ်တဲ့ မင်းသမီး 'သင်းသင်းထွေး' ဆိုတဲ့ ကောင်မလေးကတကယ့်ကိုတော်တာပဲကွာ" ဆိုတဲ့ ချီးမွမ်းသံတွေကို ကျွန်မတို့ကြားနေရတယ်။

ကျွန်မအနေနဲ့ ကိုယ့်ကြိုးစားမှုကလေး အောင်မြင်လို့ ဝမ်းသာရပေမဲ့ တစ်ဖက်မှာမနာလိုဝန်တို ဖြစ်နေတဲ့လူတွေကြောင့် စိတ်ဆင်းရဲခဲ့ရပါတယ်။ ဦးလေးမြတ်လေးမောင်အပေါ်မှာလည်း ကျွန်မကို စင်တင်ရမလားဆိုပြီး ရန်လိုလာကြပါတယ်။ ဦးလေးက ပထမတော့ သည်းခံနေပါတယ်။ "ကျုပ်တို့လူမျိုးမှာ လူတစ်ယောက်ဖြစ်ထွန်းလာရင် ဝိုင်းပြီးဝန်တိုတဲ့စိတ်ထားဟာ ဘယ်တော့များမှပျောက်ပါ့မလဲ...ဗျာ" လို့ ဦးပိန်ရှည်ကြီးရဲ့ ရင်ဖွင့်သံကြားရပါတယ်။

တစ်ရက်မှာပေါ့။ ကျွန်မတို့ဇာတ် တောင်ငူမြတ်စောညီနောင်ဘုရားပွဲမှာ ပွဲဝင်နေတယ်။ ထုံးစံအတိုင်း ပထမညမှာ "ရွှေပိုးစိန်" ပြဇာတ်ကို တင်တယ်။ နောက်တစ်နေ့ကျတော့ ကျွန်မက အိပ်ရာထနောက်ကျနေတယ်။ အဲဒါကို မင်းသမီးခင်မူမူအေးက ခြေထောက်နဲ့ကန်နှိုးပြီး "ဟဲ့... ကောင်မထစမ်း၊ သောက်အိပ်ကြီးလှချည့်လား" လို့ ပြောတယ်။

သူနဲ့ပြိုင်နေလို့မဖြစ်ဘူးဆိုတာ ကျွန်မ သိပါတယ်။ ဒါကြောင့်လည်း ကျွန်မက ဘာတစ်ခွန်းမှမပြောတော့ဘဲ အိပ်ရာကပျာကယာသိမ်းပြီး မျက်နှာသစ်တယ်။ ပြီးတာနဲ့ တစ်ပြိုင်နက် သူ့ဆီကျွန်မသွားတယ်။ "အစ်မဘာနိုင်းစရာရှိလို့လဲ" လို့မေးတော့ ပြန်မပြောဘူး၊ သူ့မျက်နှာကို တဘက်နဲ့သုတ်နေရာက ကျွန်မဘက်လှည့်ပြီး တစ်ခွန်းဆဲတယ်။ ပြီးတော့...

"နင့်လင်ကမြှောက်စားတိုင်း နင်ကထောင်မနေနဲ့ ကောင်မ" တဲ့။



"အစ်မက မိုက်ရိုင်းလှချည့်လား...၊ ကျွန်မကို ဒီလိုမပြောပါနဲ့"

"ပြောတော့ ဘာဖြစ်လဲ။ ကောင်မကလူပါးဝလို့၊ ကဲဟာ"

ပြောပြောဆိုဆို ကျွန်မမျက်နှာကို လှမ်းရိုက်တယ်။ ကျွန်မက သူ့လက်ကိုဖမ်းထားပြီး ဆောင့်တွန်းလိုက်တယ်။သူမလှမပလဲကျသွားတယ်။ ဘေးနားမှာရှိနေတဲ့လူတွေက ကျွန်မကိုလာဆွဲတယ်။ သူ့ကို ဆွဲထူပေးကြတယ်။ သူကတော့ ကျွန်မကိုဆဲလိုက်တာ မကြားဝံ့မနာသာပဲ။ပြဿနာကတော့ အဲဒါပဲ။ အဲဒီနေ့က ဒီကိစ္စကို ရှင်းကြတော့ ဦးလေးမြတ်လေးမောင်က ရှင်းရှင်းပဲပြောတယ်။

"နင့်ကို စင်တင်ပေးခဲ့တာလည်း ငါပါပဲ မူမူရယ်၊ နင်က ဘဝမေ့တာကိုး။ ဒီကလေးမကို ငါတင်တာဟာ နင်နဲ့အပြိုင်ဖြစ်ဖို့မဟုတ်ပါဘူး။ သူ့ခမျာ အသက်ငယ်ငယ်လေး ရှိပါသေးတယ်။ ဘယ်လောက်ပဲတော်တယ်ပြောပြော သူကနင့်လိုဝါရင့်မှ မဟုတ်တာ ဘယ်မီပါ့မလဲဟာ"

"အေးလေ...ဒါတွေ ထားလိုက်ပါတော့။ နင့်ကိုငါ တစ်ခုမှာခဲ့ချင်တယ်။ အနုပညာသည်ချင်း သူ့ဘာသူကြိုးစားလို့ တော်တာကို ဘယ်တော့မှ မနာလိုဝန်တိုမဖြစ်နဲ့။ အဲသလိုဖြစ်ရင် ကိုယ့်ရဲ့ကျဆုံးခန်းကိုရှာတာပဲ။ ကဲ... ကျွန်တော် ဒီနေ့ကစပြီး ခင်ဗျားတို့ဇာတ်က ထွက်တော့မယ်။ အားလုံးကို နှုတ်ဆက်ခဲ့ပါတယ်။ သမီး သင်းသင်းထွေး သိမ်းစရာရှိတာသိမ်း၊ တို့ရန်ကုန်ကို ဒီနေ့ပဲ ပြန်ကြမယ်" တဲ့။

အဲဒါပဲ၊ အားလုံးကဝိုင်းတားကြပေမဲ့ မရတော့ဘူး။ ကျွန်မတို့ တူအရီးကြုံရာကားနဲ့ ရန်ကုန်ကိုပြန်လာခဲ့ကြတယ်။ ရောက်တဲ့နေ့မှာပဲ ကျွန်မကို အမေ့ဆီ ချက်ချင်းလိုက်ပို့တယ်။ "ဦးလေးနောက်တစ်ဇာတ်မှာ လုပ်ဖြစ်ရင် ငါ့တူမကို လာခေါ်မယ်" လို့ ပြောသွားတယ်။

*

(၇)

ကိုယ်ကြိုးစားလို့ အောင်မြင်နေပါလျက်နဲ့ ပတ်ဝန်းကျင်ကို လက်မြှောက်အရှုံးပေးပြီး ပြန်လာခဲ့တာဟာ နာကျည်းစရာ ကောင်းလှပါတယ်။ ဒါပေမဲ့ ဘာတတ်နိုင်မှာလဲ၊ ကံစီမံရာပေါ့...။ ဘာပဲဖြစ်ဖြစ် အမေ့ရင်ခွင်ကို

ုန့်ဝင်တာဟာ ဝမ်းသာစရာပါ။ ကျွန်မလက်ထဲမှာ ငွေကလည်း ခြောက် ထောင်ကျော်၊ ခုနစ်ထောင်ကျော်လောက်ပါလာတော့ ဈေးထဲမှာကုန် ခြောက်ဆိုင်လေးတစ်ဆိုင် ဖွင့်နိုင်ခဲ့ပါတယ်။

အိမ်အတွက် အဆင်ပြေမှုလေးတွေရှိလာလို့ ဝမ်းသာခဲ့ရပေမဲ့ အမေ့ မိမ်ထောင်ရေးကတော့ စိတ်ချမ်းသာစရာမရှိခဲ့ပါဘူး။ ကျွန်မပထွေး ကိုတူး ဟာ အရင်ကထက် အိမ်မှာဗိုလ်ကျနေတာ တွေ့ရပါတယ်။ ကျွန်မကတော့ အရင်ကဖြစ်ခဲ့ပြီးသမျှကို မေ့မေ့ပျောက်ပျောက် သဘောထားပြီး မေးထူးခေါ် ပြောလောက်တော့ ဆက်ဆံခဲ့ပါတယ်။ သူကတော့ ကျွန်မအပေါ် ဆက်ဆံ ဟာ အရင်ကထက် ရဲတင်းလာပုံ ပေါ်ပါတယ်။ အဲဒါကို အမေကလည်း ိပ်မိဟန်တူပါရဲ့။

တစ်ညမှာပေါ့...

တိုတိုနဲ့ လိုရင်းပြောရရင် ကျွန်မပထွေးဟာ ကျွန်မအခန်းထဲဝင်လာပြီး ကျွန်မကိုအတင်းအဓမ္မကြံဖို့ အားထုတ်ခဲ့ပါတယ်။ ကံကောင်းချင်တော့ ကျွန်မခေါင်းအုံးအောက်မှာတုန်းက အရေးကြုံရင်သုံးဖို့ဆိုပြီး ဦးလေးမြတ်လေးမောင် ပယ်ပေးထားတဲ့ မောင်းပြန်ဓားတစ်လက်ရှိနေတယ်။ ပထွေးကို စိတ်မချလို့ အမြဲတမ်းခေါင်းအုံးအောက်မှာထားအိပ်တော့ မဖြစ်သင့်တာတွေ ဖြစ်လာရ တယ်။

ပထမဆုံး ကျွန်မက ကျွန်မပါးစပ်ကို ပိတ်ထားတဲ့သူ့လက်ကို ဓားနဲ့ ထိုးလိုက်တယ်။ သူ့လက်အလွတ်မှာ နောက်တစ်ချက်ထပ်ထိုးတော့ ဗိုက်ကို ထိုးမိတယ်။ သူလဲကျသွားတဲ့အချိန်မှာ ကျွန်မထပ်ထိုးမိတော့မလို့၊ အမေပြေး ဝင်လာတာနဲ့ 'တန့်' သွားတာ။ တကယ်လို့သာ ထပ်ထိုးမိရင်တော့ ဒီလူ သေမှာ။ အခုတော့ဒဏ်ရာရရုံပဲရလို့ ဆေးရုံပေါ်ရောက်သွားတာ...။

ကျွန်မရဲ့အမှုနဲ့ပတ်သက်လို့ လူကြီးတွေအတော့်ကို ခေါင်းရှုပ်ခဲ့ရပါ တယ်။ ကျွန်မကို ကလေးသူငယ်တရားရုံးမှာ လက်ခံစစ်ဆေးဖို့ သင့်မသင့် ရက်အတော်ကြာကြာ အငြင်းပွားခဲ့ကြရပါတယ်။ နောက်ဆုံးမှာ ကျွန်မ ပထွေးရဲ့ "သူ့မတော် မတရားပြုဖို့ ကြံစည်အားထုတ်ခဲ့တာ မှန်ပါတယ်" ဆိုတဲ့ဝန်ခံချက်နဲ့ ကျွန်မရဲ့အသက်ဟာ ၁၆ နှစ်ပြည့်ဖို့လေးရက် လိုသေး တယ်ဆိုတဲ့အချက်တွေကိုပေါင်းစပ်ပြီး ကလေးသူငယ်တရားရုံးက ကျွန်မ



အမှုကို လက်ခံစစ်ဆေးခဲ့ပါတယ်။

အရေးကြီးတာက အမိန့်ချမှတ်ရမယ့် အပိုင်းပါ။ ကျွန်မကတော့ ဘယ် နားလည်မလဲ...။ ရုံးကလူတွေပြောပြလို့ သိရသလောက်ဆိုရင် အတော်ကြီး ကို ခက်ခက်ခဲခဲ ဖြစ်ခဲ့ရတယ်တဲ့။ အမိန့်ချတဲ့နေ့မှာ ကျွန်မဟာ ရင်တခုန်ခုန်နဲ့ အမိန့်ကိုနားထောင်ခဲ့ရပါတယ်။

"ဤအမှုကို ကျူးလွန်ခဲ့သော မသင်းသင်းသည် ယခင်ကပြစ်မှုတစ်ခု တစ်ရာမကျူးလွန်ခဲ့ခြင်း၊ စာရိတ္တ ကောင်းမွန်သောမိန်းကလေးတစ်ဦးဖြစ် ကြောင်းကို ရပ်ရွာလူကြီးများက အခိုင်အမာထွက်ဆိုထောက်ခံကြခြင်း၊ မိမိ၏အရှက်သိက္ခာကို ကာကွယ်စောင့်ရှောက်ရန်အတွက် ခုခံကာကွယ် ပိုင်ခွင့်ရှိခြင်းနှင့် ကြီးလေးသောအပြစ်ဒဏ်ပေးခြင်းထက် ကလေးသူငယ် ဥပဒေပါ ပြုစုပျိုးထောင်မှုကို အလေးပေးသောပြစ်ဒဏ်ချမှတ်ပါက မသင်း သင်း၏ဘဝသည် ပိုမိုတိုးတက်ကောင်းမွန်သွားလိမ့်မည်ဟု တရားရုံးမှ ယူဆယုံကြည်ခြင်းစသည့်အချက်များကြောင့် ယနေ့မှစ၍နောက်သုံးနှစ် ပြည့်ချိန်အထိ ကလေးသူငယ်ကြီးကြပ်ရေးမှူးချုပ်၏ ကြီးကြပ်မှုကိုနာခံ ရမည့်အပြင် ယင်းချမှတ်ထားသော စည်းကမ်းများကို မပျက်မကွက်လိုက် နာရမည်"

ကျွန်မလူကောင်းတွေနဲ့တွေ့လို့ ကံကောင်းခဲ့ပါတယ်။ ကျွန်မအမေ ဟာသူ့ယောကျ်ားကို တရားဝင်ကွာရှင်းလိုက်ပါတယ်။ ပထမတော့ ကွာရှင်း စာချုပ်မှာ သူလက်မှတ်မထိုးနိုင်ပါဘူးလို့ တင်းခံနေပါသေးတယ်။ ကျွန်မတို့ က သူ့ကိုမုဒိမ်းကျင့်ရန်ကြိုးစားမှုနဲ့ တရားစွဲမယ်လို့လုပ်တော့မှ နောက်ဆုတ် သွားတာပါ။

ဘာပဲဖြစ်ဖြစ်ပေါ့လေ ကျွန်မဟာ သိပ်ကံကောင်းပါတယ်။ အခုဆို ရင် ကျွန်မရယ်၊ အမေရယ်၊ ညီမလေးငယ်ငယ်ရယ်ပြီးတော့ မောင်လေး တက်တူးရယ် ကျွန်မတို့မိသားစု ပျော်ပျော်ရွှင်ရွှင်နေလို့ရကြပါပြီ။

❑

# မာလာကျိုး

သူ့မျက်နှာတွင် ကျောက်ပေါက်မာတွေက ဗရပွ။ အသားအရောင် နက်ကြုတ်ကြုတ်။ နှာခေါင်းက ပြားနေရသည့်အထဲ မျက်စိပေါက်က ကျဉ်းနေလိုက်သေးသည်။ ပြီးတော့ နဖူးကမောက်မောက်။ ပါးစပ်က ပြဲပြဲ၊ အလွန်ရုပ်ဆိုး အကျည်းတန်သည့် မျက်နှာဖြစ်၏။ သူ့တစ်ကိုယ်လုံးတွင် အသားမှ ရှိပါလေစဟုထင်ရလောက်အောင်ပင် 'ပိန်လိုသေးကွေး' လှပါသည်။ ဤကြားထဲ ဘယ်ဘက်လက်မောင်းက 'သိမ်' ကာ ခပ်ကပ်ကပ်ဖြစ်နေသည်။ ကျွန်တော်သူ့ကိုကြည့်ပြီး အကြီးအကျယ် စိတ်ပျက်မိပါသည်။

ကျွန်တော်က သူ့မျက်နှာကိုစေ့စေ့ကြည့်၍ 'မင်းနာမည် ဘယ်လို ခေါ်သလဲ' ဟု မေးသည်။

"မမမာလလကျိုး"

'ဘာ'

သူ့တစ်ကိုယ်လုံး 'တုန်' သွားသည်ကို ကျွန်တော်သတိထားမိလိုက်



၏။ သူ့ပါးစပ်သည် တလှုပ်လှုပ်။

ကျွန်တော်က သူ့နာမည်ထပ်မေးသည်။ သူလည်း စောစောကအတိုင်း ပင်ဖြေသည်။ "မမမာလာလကျိုး"

သူသည် စိတ်ပျက်စရာကောင်းလောက်အောင်ပင် စကားထစ်နေပါ ာကား။ စကားထစ်ရသည့်အထဲ စကားကလည်းမပီ၊ တော်ရုံတန်ရုံမပီ ခြင်းမဟုတ်။ တစ်ဖက်သား 'ကြော'၊ 'လက်သီး' ကို 'လက်တီး'။ 'စာအုပ်' ကို 'ကြာအုပ်'။ 'လက်သမား' ကို 'လက်တမား'၊ 'အကောင်' ကို 'အတောင်'၊ ကောင်မလေး' ကို 'တောင်မလေး' ဟု ပြောတတ်သူဖြစ်လေသည်။

တွေ့စချိန်က သူ့စကားကို ကျွန်တော်မနားလည်။ သူကလည်း ျွန်တော်နားလည်အောင် ပြောနိုင်စွမ်းမရှိ။ ကျွန်တော်က စိတ်မရှည်၍ အော်လားငေါက်လား လုပ်မိပြန်တော့လည်း သူက "ကြောက်"၊ သူနှင့် ျွန်တော်သည် 'ဂျာအေး သူ့အမေရိုက်ပါလို့ မှောင်မိုက်မှာငို' ဇာတ်ကို င်း' နေကြသည့်နှယ် ချာလပတ်လည်နေသည်။

သို့တစေလည်း ခြောက်လကျော် ခုနစ်နီးပါးခန့်ကြာသည့်အခါ သူ့ အကြောင်းကို ကျွန်တော်သိလာရ၏။ အလွန်စိတ်ရှည်သည့်ဇနီးသည်၏ အကူအညီဖြင့် သိလာရခြင်းဖြစ်ပါသည်။ သူနှင့် ကျွန်တော်နေခဲ့ရသည့် သုံးနှစ်ကျော်လေးနှစ်နီးပါးကာလအတွင်း သူသည် စာနည်းနည်းပါးပါး ဘတ်တတ်၊ ရေးတတ်လာသည်။ အသိဉာဏ်နှင့် အလိမ္မာလည်း ထိုက်သင့် သလောက် တိုးတက်လာသည်ဟု ယုံကြည်ရပါ၏။ သို့သော်လည်း သူနှင့် ျွန်တော် နောက်တစ်ကြိမ်ပြန်လည်ဆုံတွေ့ကြသည့်အခါတွင်မူကား–

*

(၁)

ကျွန်တော့်နာမည်ကိုမေးလျှင် ဘယ်သူကပဲမေးမေး 'ကျွန်တော့်နာ မည် မောင်လှစိုးပါခင်ဗျာ' ဟု တရိုတသေဖြေတတ်သော အကျင့်သည် ငယ်ငယ်ကတည်းက ရှိနေခဲ့သောအကျင့်ဖြစ်ပါသည်။ 'မောင်လှစိုး' ဟူ သော နာမည်ကိုပေးခဲ့သူမှာ ကျွန်တော့်မွေးစားအဖေကိုလွန်းဖြစ်၍ နာမည် မေးသူရှိလျှင် 'ကျွန်တော့်နာမည် မောင်လှစိုးပါ ခင်ဗျာ' ဟု တယဉ်တကျေး

ဖြေရမည်ဟု သင်ကြားပေးခဲ့သူမှာလည်းသူပင်ဖြစ်ပါသည်။

ကျွန်တော်သည် စကားပီအောင်ပြောနိုင်သူမဟုတ်ပါ။ စကားမပီရသည့်အထဲ စကား 'ထစ်' လွန်းသဖြင့် ဘာစကားကိုပဲပြောပြော 'ခွေးအလှည်းနင်းထားသလို' ဖြစ်နေသည်ကများသဖြင့် ဒုက္ခများလှပါသည်။ ကျွန်တော်ဤနေရာ၊ ဤဌာနသို့ရောက်စက 'မင်းနာမည် ဘယ်သူလဲကွ' ဟု တခြားသင်တန်းသားတွေက မေးကြသည်။ ကျွန်တော်က 'မ...မ...မာ...လ....လ...ကျိုး' ဟုဖြေသည်။

သူတို့က ကျွန်တော့်မျက်ခွက်ကိုကြည့်ပြီး ကျွန်တော်သည် 'ဟား' စရာကောင်းလေးတစ်ယောက် ဖြစ်သွားသည်။ ကျွန်တော့်အား 'မောင်လှစိုး' ဟု မခေါ်တော့ဘဲ မာလာကျိုးဟု ခေါ်ကြသည်။ နောက်ပိုင်းတွင် သင်တန်းဆရာများကပါ ကျွန်တော်အား 'မာလာကျိုး' ဟုခေါ်ခဲ့ကြရာ ကျွန်တော့်နာမည်မောင်လှစိုးသည် လုံးဝပျောက်ကွယ်သွားပါတော့သည်။

*

## (၂)

လောကတွင် 'အဖေ အမေ' မရှိဘဲနှင့် လူတစ်ယောက်ပေါက်ဖွားလာလိမ့်မည် မဟုတ်ပါ။ ကျွန်တော် လူ့လောကအတွင်းသို့ လူအဖြစ်ရောက်ရှိလာခြင်းသည် အဖေ၊ အမေရှိ၍သာ ဖြစ်ပါလိမ့်မည်။ သို့သော်လည်း ကျွန်တော်သည် ကျွန်တော့်အဖေ ဘယ်သူ၊ ကျွန်တော့်အမေ ဘယ်ဝါဟု မသိပါ။ ကျွန်တော့်အား ဘယ်အချိန်၊ ဘယ်ကာလက ဘယ်အရပ်ဒေသ၌ ဘယ်သူတွေက မွေးဖွားခဲ့သည်ကိုလုံးဝမသိပါ။

အဖေ၊ အမေနှင့်ပတ်သက်၍ မှတ်မိလိုမှတ်မိငြား စဉ်းစားခဲ့ဖူးသည့် အကြိမ်ပေါင်းမှာ မနည်းတော့ပါ။ အားလုံး ပိုးတိုးဝါးတားနှင့် မရေမရာ မပြတ်မသား ရှိလွန်းလှပါသည်။ ထိုကဲ့သို့ စဉ်းစားလိုက်သည့်အခါတိုင်း ကျွန်တော့်မျက်စိထဲတွင် အဖြစ်အပျက်တစ်ခုကိုတော့ ထင်ယောင်၊ မြင်ယောင် ဖြစ်ခဲ့ပါသည်။ ထိုအဖြစ်သည် အမှန်တကယ် ဖြစ်ခဲ့တာလား။ ကျွန်တော်စိတ်ကူးယဉ်မိတာလား။ ဒါကိုတော့ ကျွန်တော်မသိပါ။

ကျွန်တော် မြင်ယောင်မိသည့်အရာမှာ ကလေးတစ်ယောက်ကို လူနှစ်



ယောက်က လုနေကြခြင်းဖြစ်သည်။ တစ်ယောက်သည် ကျွန်တော့်အဖေဖြစ်၍ တစ်ယောက်သည် ကျွန်တော့်အမေဟု ထင်ပါသည်။ သူတို့သည် လမ်းလျှောက်နိုင်နေပြီဖြစ်သည့် ကလေးတစ်ယောက်ကို အပြန်အလှန်'လု' နေကြပါသည်။ ထိုကလေးမှာ တခြားလူ မဟုတ်ပါ။ ကျွန်တော်ဖြစ်ပါသည်။ 'လု' နေကြသည့် ယောကျ်ားကြီးနှင့် မိန်းမကြီးတို့၏ ရုပ်ရည်ရှုပ်ချက်များကို ကျွန်တော်ကောင်းကောင်း မမှတ်မိသော်လည်း သူတို့လုနေသည့် ကျွန်တော့်ကိုယ်ကျွန်တော်တော့ အသေအချာမှတ်မိနေပါသည်။

'ကယ်တော်မူကြပါဦး၊ ဒီမှာ ကျွန်မတို့ကို လာသတ်နေပါတယ်'

မိန်းမသည် ကျွန်တော့်ကိုလုရင်းမှ အသံကုန်ဟစ်၍ အော်နေသည်။ သူ့အော်သံကို ကျွန်တော်ပိုးတဝါး မှတ်မိနေပါသည်။ ယောကျ်ားသည် သူ့လက်ထဲသို့ ကလေးမရ ရအောင် ဖွတ်လုနေခြင်းဖြစ်ပါသည်။ အညှာအတာရှိပုံမရပါ။ ကလေးဖြစ်သောကျွန်တော်သည် လန့်ဖျပ်ပြီး ငိုနေရာမှ လက်တစ်ဖက်က အလွန်နာသွားသဖြင့် တအားအော်ငိုနေပါသည်။

ယောကျ်ားသည် သူ့လက်ထဲသို့ ကလေးရသွားသည့်အခါ မိန်းမ၏ မျက်ခွက်ကို လက်သီးနှင့်ပိတ်ထိုးသည်။ လဲကျသွားသည့်အခါ ခြေထောက်နှင့် ဆောင့်ဆောင့်ကန်သည်။ လူသံသူသံတွေကြားသည့်အခါ ကျွန်တော့်ကို ချီထားသောယောကျ်ားသည် ထိုနေရာမှ ထွက်ပြေးသည်။ ထို့နောက် ဘာတွေဖြစ်ကုန်သည်ကို ကျွန်တော်ပီပီပြင်ပြင် မမှတ်မိပါ။ တအားကုန်ကြိုးစားပြီး စဉ်းစားလိုက်သည့်အခါ ကျွန်တော့်ကို ခေါ်လာသောသူသည် ကျွန်တော့်ကိုချီ၍ မရပ်မနားပြေးသည်။ ထို့နောက် မော ကြီးပန်းကြီးနှင့် တစ်နေရာ၌ ထိုင်နားသည်။ ပြီးတော့ လှေစီးသည်။ တစ်နေရာရောက်တော့ ကျွန်တော့်အားထမင်းကျွေးသည်။ မုန့်တွေဝယ်ကျွေးသည်။ အင်္ကျီတွေ၊ ဘောင်းဘီတွေဝယ်ပေးသည်။ နောက်တော့ မီးရထားစီးသည်။ ပြီးတော့ ကားကြီးတစ်စီးတက်စီးသည်။

ဘယ်နေရာတွေကို ရောက်မှန်းကျွန်တော်မသိပါ။ ဟိုတုန်းကတော့ ရထားမှန်းလည်းမသိ၊ ကားမှန်းလည်း သိခဲ့သည်မဟုတ်ပါ။ ကြီးလာခါမှ ကျွန်တော်စီးခဲ့ရသည်များကို သိလာရခြင်းဖြစ်ပါသည်။ ထို့နောက်တော့ ကျွန်တော်ဘာကိုမှ မမှတ်မိတော့ပါ။

(၃)

ကျွန်တော် ဘယ်ဘဝကိုပဲရောက်ရောက် မေ့လို့မရနိုင်သည့်အဖြစ် တစ်ခု ရှိခဲ့ဖူးသည်။ မနက်ဆိုလျှင် ဦးလေးကိုလွန်းက ကျွန်တော့်ကိုအိပ် ရာမှ အစောကြီးနှိုးသည်။ ချက်ချင်း မျက်နှာသစ်ခိုင်းသည်။ ထို့နောက် ကျွန်တော့်ကိုခေါ်၍ ဆိုက်ကားပေါ်တင်ကာ ကမ်းနားဘက်ရှိ သူ့ဆိုက်ကား ဂိတ်သို့နင်းသည်။ ဂိတ်ရောက်တော့ ဆိုက်ကားကိုထိုးထားခဲ့ပြီး အနီးအနားရှိ ဆိုင်များဘက်သွားကာ မုန့်ဟင်းခါးစားသည်။ တစ်ခါတလေ ထမင်းကြော်စားသည်။ ပြီးလျှင် မလှမ်းမကမ်းရှိ 'ပီတောက်ရိပ် ကဖီး' သို့သွား၍ လက်ဖက်ရည်သောက်သည်။ ထို့နောက် သူ့အလုပ်ခွင်ဝင်သည်။ ဤအရာသည် နေ့စဉ်လုပ်ခဲ့ရသည့်အလုပ်ဖြစ်သော်လည်း ကျွန်တော့်စိတ်ထဲတွင် ရိုးမသွားပါ။ အမြဲတစေ 'ပျော်' နေမိပါသည်။ ပြန်စဉ်းစားလိုက်တိုင်းလည်း သာယာနေမိပါသည်။

သူဆိုက်ကားနင်းချိန်တွင် ကျွန်တော်သည် တစ်ဖက်ရပ်ဂိတ်တဲထဲ၌ ကစားနေခဲ့သည်။ ကိုသာဖိုး၊ ကိုကြက်စိန်၊ ကိုမောင်ကို၊ ကိုတင်အောင်နှင့် ကိုခေါစသူတို့က ကျွန်တော့်အားကြည့်ရှုစောင့်ရှောက်ပေးကြသည်။ ကိုကြက်စိန်နှင့် ကိုခေါတို့မှာ နာမည်ရင်းများ မဟုတ်ကြပါ။ ကြက်စိန်ဟုခေါ်ခြင်းမှာ ကြက်တိုက်ဝါသနာကြီး၍ဖြစ်သည်။ ကိုခေါမှာ သွားအလွန်ခေါ၍ ပြောင်နောက်ပြီးခေါ်နေကြခြင်း ဖြစ်လေသည်။

ဆိုက်ကားသမားများသည် စည်းစည်းလုံးလုံး ရှိကြသည်။ ဆိုက်ကားမလိုက်ရသည့် အချိန်များတွင် သူတို့သည် ကျားထိုးနေကြသည်ကများ၏။ ဤလူစုထဲတွင် ကျားထိုးရာ၌ ဖွဲ့အကြီးဆုံးလူမှာ ကိုကြက်စိန်ကြီးဖြစ်သည်။ သူကျားထိုးနေချိန်တွင် ခရီးသည်ရလာပါက သူမလိုက်ဘဲ တခြားလူကို လွှဲပေးတတ်သည်။ သူတို့ဂိတ်သည် ကမ်းနားသင်္ဘောဆိပ်နှင့်လည်း နီးသည်။ ညောင်ပင်လေးဈေး၊ ငါးဈေး၊ တရုတ်တန်းဈေးတို့နှင့်လည်း မဝေး။ ခရီးသည်အလွန်ပေါသောနေရာဖြစ်ပါသည်။

ကျွန်တော် မမေ့သေးပါ။

တစ်ရက်တွင် ကျွန်တော်သည် ကမ်းနားဘက်သို့ ရောက်သွားသည်။ ကိုလွန်းမရှိခိုက် ထွက်လာခဲ့မိခြင်းဖြစ်၏။ ကမ်းနားရှိ ဘောတံတားတစ်ခုနှင့် မနီးမဝေးရေစပ်၌ ဆောင့်ကြောင့်ထိုင်ကာ ခဲလုံးများကောက်၍ ရေထဲပစ်ပေါက်ကစားနေသည်။ ရေထဲသို့ ခဲလုံးကျသွားသည့်အသံသည် နားထောင်လို့ ကောင်းလှပါဘိသည်။

'ဖျန်း…ဖျန်း'

ကျွန်တော့်ကျောသည် ပူခနဲဖြစ်သွားသည်။ လှည့်ကြည့်လိုက်သည့်အခါ ကျွန်တော့်အား ဒေါသတကြီးနှင့် ကြည့်နေသောကိုလွန်းကို မြင်ရသည်။ ကိုလွန်းသည် ကျွန်တော့်အားဆွဲခေါ်ကာ ဆိုက်ကားဂိတ်ဘက်သို့ ပြန်လာသည်။ ဂိတ်ရောက်တော့ လက်ထဲမှ ဝါးခြမ်းပြားနှင့် ကျွန်တော့်ခြေထောက်များကို ရိုက်သည်။ 'နောက်ကို အဲသလို သွားဦးမလား' ဟုလည်းမေးသည်။ 'ရေထဲကျပြီး သေသွားချင်သလား' ဟုလည်းပြောသည်။

"ကြောက်ပါပြီဗျ၊ ကျွန်တော် နောက်ကို မသွားတော့ပါဘူး" ဟု ကျွန်တော်က အော်သည်။

"ခွေးသားလေး၊ သေသွားမယ်" ဟု ကိုလွန်းကပြောကာ လက်ထဲမှ ဝါးခြမ်းပြားကို လွှင့်ပစ်ပြီး သူ့ဆိုက်ကားပေါ် သွားထိုင်နေသည်။

ကြက်စိန်ကြီးက တဟားဟား ရယ်သည်။ "ဟေ့ကောင် လှစိုး၊ မင့်အဖေ ခွေးနာမည်ကို မှတ်မိလား။ လာ…ငါ့ကိုပြောစမ်း၊ သူ့နာမည် ကုပ်ကျားလား၊ အောင်နက်လား၊ မဲလုံးလား"

"ဘူ…ဘူ…ဘူ"

သင်္ဘောဥဩမှုတ်သံများ ကြားရသည်။ ကျွန်တော့်စိတ်သည် ဆိပ်ကမ်းမှ ခွာစပြုနေသည့်သင်္ဘောဆီသို့ ရောက်သွားသည်။ ခေါင်းတိုင်မှ မီးခိုးလုံးများသည် တလူလူ လွင့်တက်နေကြသည်။ "သင်္ဘောကြီးစီးပြီး လိုက်သွားရရင် သိပ်ကောင်းမှာပဲ" ဟု ကျွန်တော် တွေးနေမိပါသည်။

*

(၄)

"မင့်အဖေနာမည်ကို မင်း နည်းနည်းမှ မမှတ်မိဘူးလား"

တစ်ညတွင် ကိုလွန်းက ကျွန်တော့်ကို မေးခွန်းမေးဖြစ်သည်။ ကျွန်တော်က ခေါင်းယမ်းသည့်အခါ ကိုလွန်းသည် ဟင်းခနဲသက်ပြင်းချသည်။

ဆေးပေါ့လိပ်ကိုဖွာရင်းက ကျွန်တော့်ကို လှည့်မကြည့်ဘဲပြောသည်။

'မင့်အဖေက အသားမည်းမည်း၊ အရပ်ပုပု၊ လူကပိန်ပိန်၊ မျက်စိပေါက်ကကျဉ်းတယ်။ ပုံကတော့ မင်းနဲ့တူတာအမှန်ပဲ။ ဒါပေမဲ့ ဒီခွေးသားပြန်မလာတာ ခက်တယ်။ တောက်...."

ကိုလွန်းက 'တောက်' ခေါက်သည်။ ဆေးပေါ့လိပ်တိုကို ဆေးလိပ်ပြာခွက်ထဲသို့ သုံးလေးချက်ဆောင့်ဆောင့်ထိုးပြီး မြေကြီးပေါ်သို့ ပစ်ပေါက်လိုက်သည်။ "အေး...အေး...သွား အိပ်ချည်တော့...၊ ခြင်ထောင် ချအိပ်နော်" ဟုပြောသည်။ ကျွန်တော် အိပ်ရာထဲ ရောက်သွားသည်။

တော်တော်နှင့် အိပ်မပျော်ပါ။ စောစောက ကိုလွန်းပြောပြသည့်ရုပ်ပုံကို စဉ်းစားသည်။ ပေါ်မလာပါ။ ဝိုးတိုးဝါးတားတော့ မြင်ရပါသည်။ တစ်ခါတစ်ရံတွင် အသားမည်းမည်းကြီး တစ်ခုတည်းမြင်ရ၍ တစ်ခါတစ်ရံတွင် ပိန်ပိန်ပုပုကြီးမြင်ရပါသည်။ ကိုလွန်းမကြာခဏ ပြောခဲ့ဖူးသည့် သားဖြစ်ခဲ့ဖူးသောကိုလွန်းသည် 'အခင်းကြီး' ဟူသောစကားကို နားလည်သည်။ 'ချေးယိုချင်' သည်ဟုပြောလျှင် ရိုင်းရာကျမည်စိုး၍ 'အခင်းကြီး' ဟု သုံးခြင်း။

"ရန်ကုန်မှာ ဟိုနားဒီနား ထိုင်လို့မရဘူးဗျာ။ ဟော့...ဟိုဘက်ကိုသွား။ ဟိုး....မှာ မြင်လား၊ အဲဒါဈေး၊ အဲဒီဈေးထဲက အိမ်သာကိုသွား။ တစ်မတ်ပဲ ပေးရတယ်"

"ဟုတ်ကဲ့...ဟုတ်ကဲ့" ဟု ထိုလူက ခေါင်းတဆတ်ဆတ်ငြိမ့်၍ ပြောသည်။ "ကျုပ် ဒီကလေးကို ခဏထားခဲ့ပါရစေဗျာ။ ကိစ္စပြီးပြီးချင်း ခေါ်ပါ့မယ်"

မနီးမဝေး၌ ကျားထိုးနေကြသော ကိုခေါ်နှင့် ကိုကြက်စိန်တို့က ဖျတ်ခနဲလှည့်ကြည့်မိကြသော်လည်း ဘာမှတော့ ဝင်မပြော။ ကိုလွန်းကတော့ "အေး....အေး" ဟုပြန်ပြောသည်။ ဆိုက်ကားသမားဖြစ်နေသော်လည်း လူရိုးလူအေးတစ်ယောက်ဖြစ်သည့်အားလျော်စွာ ဘာကိုမျှ ထွေထွေထူးထူး မတွေးမိ။

သို့သော် 'အခင်းကြီး ဆရာ' သည် တစ်နာရီခန့်ကြာတော့လည်း ပေါ်မလာ။ "ဈေးများဝယ်နေသလား" ဟု တွေးမိသဖြင့် ဆက်စောင့်သည်။



နောက်ထပ် တစ်နာရီလောက်ကုန်သွားသည်။

"ဘယ်လိုလဲဗျ ကိုလွန်း၊ ခင်ဗျားကောင် လိုက်ကြည့်စမ်းပါဦး"

ကြက်စိန်ကပြောသဖြင့် ကိုလွန်းသည် ငါးဈေးဘက် ထွက်ခဲ့သည်။ အိမ်သာတွေဘက် သွားကြည့်သည်။ ဈေးထဲနှံ့နေအောင် လျှောက်သည်။ စောစောကလူကို အရိပ်အယောင်ပင် မမြင်ရ။ သူသည် ဆိုက်ကားဂိတ်သို့ တောက်တခေါက်ခေါက်ဖြင့် ပြန်ရောက်လာသည်။

"တော်တော်မိုက်ရိုင်းတဲ့ ခွေးသားပဲကွာ"

ကြက်စိန်က မော့ကြည့်သည်။ "ဘာလဲ၊ ဟိုလူကို မတွေ့ဘူးလား"

"မတွေ့ဘူး"

"ဟာ...ဒါဆိုရင်တော့ ဒီအကောင် တော်တော်ကို သောက်ကျင့်ယုတ်တဲ့ကောင်ပဲ"

ဆိုက်ကားသမားအုပ်စုသည် သစ်သားတန်းပေါ်၌ အိပ်ပျော်နေသောကလေးကို ဝိုင်းကြည့်ကြသည်။ တစ်ယောက်တစ်မျိုး ထင်မြင်ချက်ပေးကြသည်။ မိဘမဲ့ကျောင်းသွားပို့ဖို့ ပြောဖို့ပြောသူက ပြောသည်။ ဤပြဿနာအတွက် ခေါင်းခံရသူမှာ ကိုလွန်း။ ကိုလွန်းသည် လူပျိုကြီးပါ။ နောက်ဆုံးတွင် ဤကိစ္စကို သူ့ဘာသာသူရှင်းမည်ဟုပြောကာ စွန့်ကာထားခဲ့သောကလေး၏တာဝန်ကို သူယူခဲ့သည်။

ရပ်ကွက်လူကြီးထံ ညတွင်းချင်း သွားတွေ့သည်။ အကြောင်းစုံရှင်းပြပြီး တိုင်ကြားသည်။ ကလေးကို လောလောဆယ် သူထိန်းထားမည်။ ဤရက်အတွင်း ကလေးအဖေပြန်လာလျှင် ပြန်ပေးမည်။ ရပ်ကွက်လူကြီးများကလည်း သူ့စကားကို လက်ခံသည်။ ဤသို့ဖြင့် ကလေးသည် ဆိုက်ကားသမားလူပျိုကြီး ကိုလွန်းလက်တွင် သောင်တင်ခဲ့ရသည်။

ပုပု၊ ပိန်ပိန်၊ မည်းမည်းနှင့် မျက်စိပေါက်ကျဉ်းကျဉ်းလူကတော့ ပေါ်မလာတော့ပါ။

*

(၅)

ဦးလေးကိုလွန်းသည် အရပ်မြင့်မြင့်၊ ပိန်ရှည်ရှည်ဖြစ်သည်။ အသား

ညို၍ မျက်လုံးပြူးသည်။ မျက်နှာက တည်ငြိမ်အေးဆေးသည်။ စကားပြောလျှင်လည်း ရှည်ရှည်ဝေးဝေးမပြောတတ်။ တိုတိုပြတ်ပြတ်နိုင်သည်။ စိတ်ဆိုးလာလျှင် 'ခွေးသား' ဟု ရေရွတ်တတ်သည်။ သူ၏အပြောအဆို၊ အနေအထိုင် တည်ငြိမ်သဖြင့် လုပ်ဖော်ကိုင်ဖက် ဆိုက်ကားသမားများက သူ့ကိုရိုသေလေးစားကြသည်။

ကိုလွန်းသည် ကျွန်တော့်ကို ချစ်ရှာသည်။ ကျွန်တော်က သူ့အား 'ဘ' ဟုခေါ်စဉ်က "ငါ့ကို ဘလို့မခေါ်နဲ့ကွ။ ဦးလေးလို့ခေါ်" ဟု သင်ပေးသည်။ "ငါ မင့်ကိုရတော့ 'ကောက်ရ' လို့ နာမည်ပေးဦးမလို့ စဉ်းစားမိသေးတယ်။ နောက်တော့ မင့်ကိုရတဲ့နေ့က ဗုဒ္ဓဟူးနေ့ဆိုတော့ လှစိုးလို့ မှည့်ရင်ပိုကောင်းမယ်ဆိုပြီး မှည့်လိုက်တာ" ဟုလည်း ပြောပြခဲ့ဖူးသည်။

ဦးလေးကိုလွန်း၏သူငယ်ချင်း ဆိုက်ကားသမားများကတော့ "ဒူးမနာသား" ဟုခေါ်ကြသည်။ ပြောင်တတ်နောက်တတ်သော ကိုကြက်စိန်ကြီးကမူ ကျွန်တော့်အား တစ်ခါတစ်ရံတွင် 'ချိုးယို' ဟု ခေါ်လေ့ရှိသည်။ ကျွန်တော့်အား ပစ်ထားခဲ့သည့်လူကို ရည်စူး၍ခေါ်ခြင်းဖြစ်ပါသည်။ သူသည် ကျွန်တော့်အား စွန့်ပစ်ခဲ့သည့်လူကို အလွန်မုန်းသူဖြစ်လေသည်။

တစ်ရက်တွင် ဦးလေးကိုလွန်းက 'မင်း ဒီတစ်ခါ ကျောင်းပြန်ဖွင့်ရင် ကျောင်းနေရတော့မယ်' ဟုပြောသည်။ သို့သော်လည်း ကျောင်းတွေ ပြန်မဖွင့်မီ ထိုနှစ်နွေရာသီတွင် ကျွန်တော် ကျောက်ကြီးပေါက်သည်။ ပထမတော့ အိမ်မှာပင်ကုနေသော်လည်း ကြာလာတော့ သိပ်ပြီးမသက်သာသဖြင့် ကန်တော်ကလေး ကူးစက်ရောဂါဆေးရုံသို့ ရောက်သွားသည်။

ဦးလေးကိုလွန်းနှင့် သူ့အဖော်များသည် ကျွန်တော့်ကိုဂရုစိုက်ကြပါသည်။ ကျွန်တော့်ထံသို့ တစ်လှည့်စီ ထမင်းလာပို့သည်။ လူနာတွေ့ချိန်တွင်လည်း အလှည့်ကျလာ၍ တွေ့ကြသည်။ သူတို့လာလျှင် မုန့်တစ်မျိုးစီတော့ ပါစမြဲ။ ထိုအချိန်က ကျွန်တော်သည် စကားမပီသော်လည်း စကားတော့မထစ်သေး။ ပြောရဆိုရသည်မှာ အခက်အခဲမရှိ၊ များစွာအဆင်ပြေလှပါသည်။

ကျွန်တော်တို့ နေထိုင်ရာရပ်ကွက်ထဲတွင် ကျွန်တော့်ဘဝတွင် အဆင်ပြေလျက်ရှိပါသည်။ ဦးလေးကိုလွန်းသည် မိုးလင်းမှ မိုးချုပ်အထိ တစ်



နေကုန်တစ်နေခန်း ဆိုက်ကားထွက်နင်းနေရသော်လည်း **အိမ်နီးနားချင်း**များနှင့်ကတော့ အဆင်ပြေအောင်နေသည်။ သူတို့ကလည်း ကိုလွန်းကိုခင်ကြသည်။ ကျွန်တော့်ဘဝသည် သာတောင့်သာယာရှိလှပါ၏။

ကျွန်တော်နှင့်ဦးလေးကိုလွန်းတို့ နှစ်ယောက်တည်း အတူတူနေခဲ့ကြရသည့် လေးငါးခြောက်နှစ်အတွင်း ကျွန်တော့်အကြောင်းကို သူသိပ်ပြီးသိမသွားသော်လည်း သူ့အကြောင်းကိုတော့ တစ်စွန်းတစ်စမျှ ကျွန်တော်သိခွင့်ရခဲ့၏။ တစ်ခါတစ်ရံတွင် သူသည်အရက်ကလေး တစ်စိတ်တစ်ပိုင်းလောက် သောက်တတ်သည်ဖြစ်ရာ အရက်နည်းနည်းဝင်သွားလျှင် သူ့အကြောင်း၊ သူ့ရည်းစားအကြောင်းနှင့် သူ့ရွာအကြောင်း ပြောပြနေတတ်သည် မဟုတ်ပါလား။

ကိုလွန်းသည် ဘိုကလေးမြို့နယ်၊ ----ရွာသားဖြစ်သည်။ ရွာတွင်သူတို့မောင်နှမသည် လူချစ်လူခင်ပေါများသူများ ဖြစ်၏။ ခပ်ငယ်ငယ်ကတည်းက မိဘနှစ်ပါးဆုံးသွားသဖြင့် မိဘ၏လက်ငုတ်လက်ရင်းဖြစ်သော လယ်မြေခုနစ်ဧကခန့်ဖြင့် ချောင်ချောင်လည်လည် နေနိုင်ခဲ့သည်။

အသက်သုံးဆယ်ကျော်အထိ ဘာပြဿနာမှ မရှိခဲ့သောကိုလွန်းသည် သုံးဆယ်ကျော်ခါမှ ချစ်သူအတွက် သောကရောက်ခဲ့ရ၏။ သူ့ချစ်သူမှာ တစ်ရွာတည်းနေ မခင်သန်းဖြစ်သည်။ မခင်သန်း၏မိဘများဖြစ်သည့် ဦးချစ်မောင်နှင့်ဒေါ်မယ်တို့သည် သူ့မိဘများနှင့်လည်း အလွန်ခင်သည်။ မခင်သန်းနှင့် နှမ မတင်မိတို့သည် ငယ်စဉ်ကတည်းက ကစားဖော် ကစားဖက်များဖြစ်၍ ကြီးပြင်းလာသည်အထိ တပူးတွဲတွဲ၊ သူ့နှမနှင့် သက်တူရွယ်တူနီးပါးဖြစ်သော မခင်သန်းသည် သူ့ထက်ခြောက်နှစ်ခန့်ငယ်သည်။ သူတို့နှစ်ဦးသည် မိဘများကပါသဘောတူထားပြီးဖြစ်၍ မကြာခင် မင်္ဂလာပွဲကလေးပြုလုပ်ရန်ပင် စီစဉ်ထားပြီးကြပြီ။

ထိုအချိန်ကျခါမှ သူတို့ရွာသား 'ရင်မောင်' ခေါင်းဆောင်သော လက်နက်ကိုင်လူဆိုးအဖွဲ့သည် ရွာသို့ ဝင်လာသည်။ ရင်မောင်မှာ ကိုလွန်းနှင့် ကျောင်းနေဖက်ဖြစ်သော်လည်း စရိုက်ချင်းက မတူ။ လူချင်း တရင်းတနှီးပေါင်း၍မရခဲ့။ နောက်ပိုင်း ရပ်ရွာမငြိမ်မသက်ဖြစ်သည့်အခါ ရင်မောင်တစ်ယောက် ရွာမှပျောက်သွားသည်။ အခုပြန်လာတော့ သူက **အဖွဲ့ခေါင်း**

ဆောင်ဆိုပါကလား။

ရင်မောင်က တစ်ရွာလုံး တစ်အိမ်တစ်ယောက်ဆင့်၍ နိုင်ငံရေးတရား ဟောသည်။ အဟောအပြောကကောင်းလွန်း၍ တအံ့တသြ ဖြစ်ခဲ့ရ၏။ သို့သော်လည်း အပြောကောင်းသော ရင်မောင်သည် အလုပ်ကျတော့ ယုတ်မာပက်စက်လှချေသည်။ ထိုညက တရားပွဲအပြီးတွင် တစ်အိမ် ၅၀၀ စီရန်ပုံငွေထည့်ခိုင်းသည်။ ပြီးတော့ ကိုလွန်း၏ချစ်သူမခင်သန်းအား သူ ခေတ္တစခန်းချသည့်နေရာသို့ခေါ်သွားပြီး မတရားကျင့်သည်။ မနက်လင်း တော့ ပြန်လွှတ်လိုက်သည်။

မခင်သန်းလို မိန်းမချောတောသူတစ်ယောက်အဖို့ အသက်နှင့် လု လုပ်သည်မဟုတ်၊ အရှက်နှင့်လုလုပ်နေခြင်းဖြစ်သည်။ ထိုညမှာပင် မခင် သန်းသည် အရှက်ကိုအသက်နှင့်လဲသွားခဲ့သည်။ မခင်သန်းအတွက် ရင် ကွဲပက်လက်ဖြစ်သူများမှာ မိဘများသာမက ကိုလွန်းပါ ပါခဲ့သည်။

ထိုအဖြစ်ကိုပြောပြနေသော ဦးလေးကိုလွန်းသည် မျက်ရည်ကျသည်။ တောက်ခေါက်သည်။ "တစ်နယ်တစ်ကျေးကလူကလာပြီး အခုလိုရက်စက် ယုတ်မာတယ်ဆိုတာက ကြားလို့လည်း တင့်တယ်တယ်၊ ခံရတာလည်း တော်သေးတယ်ကွ။ အခုဟာကတော့ကွာ....တောက်"

ဦးလေးကိုလွန်းသည် ထိုစကားကို ငိုသံဖြင့်ပြောကာ ငိုသံဖြင့်ပင် 'တောက်' ခေါက်ခဲ့သည်။ ဘာမှ မသိနားမလည်သော သူငယ်တစ်ယောက် အား သူ့ရင်ထဲမျိုသိပ်ထားရသမျှကို ဖွင့်ပြလိုက်ရသဖြင့် စိတ်လက်ပေါ့ပါး သွားဟန်တူပါသည်။

"အနို့ ဟိုဟို...ဦးလေးရဲ့ ညီမကရော" ဟု ကျွန်တော်က မေးမိပါ သည်။

"ငါ့ညီမကတော့ ရွာမှာပေါ့ကွာ။ သူလည်း အိမ်ထောင်ကျရော၊ ငါ ရွာက ထွက်လာတာပဲ။ ရင်မောင်လိုကောင်မျိုးရှိတဲ့ အရပ်ဒေသမှာ ငါ မနေချင်ပါဘူး။ အင်း...ဒီကောင်လည်း အခုမရှိတော့ပါဘူး။ အသေဆိုးနဲ့ သေသွားပြီလို့ ကြားတယ်"

ကျွန်တော် စိတ်ထိခိုက်ခဲ့ရသည်။ မျက်ရည်ပင် ကျခဲ့မိပါ၏။ ကျွန် တော်မျက်ရည်ကျသည်ကို မြင်သောအခါ ဦးလေးကိုလွန်းသည် များစွာ



အံ့အားသင့်နေသည်။ သူသည် ကျွန်တော့်အား စိုက်ကြည့်နေသည်။

"ဟေ့ကောင်...လှစိုး၊ မင်း ဘာဖြုလို့ ငိုတာလဲ"

"ကျွန်....ကျွန်....ကျွန်တော် ဦး....ဦးလေးကို...သ...သနားလို့"

သူသည် ဆတ်ခနဲဖြစ်သွားသည်။ ထို့နောက် မျက်နှာကိုတစ်ဖက်သို့ လွှဲလိုက်သည်။ "မင်း သွားအိပ်လိုက်တော့" ဟုပြောကာ အပြင်ဘက် အမှောင်ထုထဲသို့ ဝင်သွားသည်။

*

## (၆)

ထိုညကို ကျွန်တော် မမေ့နိုင်။ ထိုညသည် ကျွန်တော့်အတွက် မုန် တိုင်းကျသောည ဖြစ်ပါသည်။ ကျွန်တော်နှင့်ဦးလေးကိုလွန်းတို့ အိမ်အ ပြန်တွင် မိန်းမတစ်ယောက် ပါလာသည်။ ထိုမိန်းမသည် နေ့စဉ်ကျွန်တော် ဆိုင်နေကျ ရှေ့ခုံပေါ်၌ထိုင်၍ လိုက်ပါလာခြင်းဖြစ်၏။ ကိုကြက်စိန်နှင့် ကိုခေါတို့ကလည်း အစားအသောက်ထုပ်တွေနှင့် ဆိုက်ကားကိုယ်စီနင်း ၍ လိုက်ပါလာကြသည်။ ကိုကြက်စိန်သည် သူ့ဝသီအတိုင်း ပြောင်နောက် လာပါသည်။

"ဟေ့ကောင်...ချီးယို၊ မင်း ဒီနေ့ အမေရပြီကွ"

မိန်းမက ကိုကြက်စိန်အား လှည့်ကြည့်ပြီး "ဘာတွေပြောနေတာလဲ၊ သေချင်ပြီထင်တယ်" ဟု စပ်ဖြဲဖြဲ မျက်နှာထားဖြင့် ပြန်ပြောသည်။ ဦးလေး ကိုလွန်းက "ဟဲ...ဟဲ...ဟဲ" ဟု ရယ်ပါသည်။

အိမ်ရောက်တော့ အခေါက်သားကင်၊ နံရိုးကြော်၊ ဝက်ဆီဖတ်ကြော်၊ အစိမ်းကြော်နှင့် ခေါက်ဆွဲကြော်များကိုထည့်ကာ အရက်နှင့် သောက်ကြ သည်။ ကျွန်တော့်ကိုလည်း ထမင်းနှင့်ထည့်၍ ကျွေးကြသည်။

"အဲဒီမှာ မြင်လား၊ အဲဒါ မင်းဦးလေးအဖေရဲ့ မိန်းမ၊ ဒီနေ့ပဲ ညား လာတာ။ သူ့နာမည်က မတိုးတဲ့၊ တိုးတိုးတဲ့၊ တိုးတိုးလို့ခေါ်လည်းရတယ်။ ဒီညကစပြီး သူ မင်းတို့နဲ့နေမှာ"

ကိုကြက်စိန်က အာလေးလျှာလေးနှင့် ပြောသည်။ ကျွန်တော်က ခေါင်းညိတ်ပြသည်။ အရပ်သိပ်ပြီး မပု။ ကိုယ်လုံးကိုယ်ပေါက်က ခပ်

တောင့်တောင့်၊ အသားဖြူဖြူ၊ မျက်လုံးပြူးပြူး။ သူ့မျက်လုံးများကို ကျွန်တော်မကြိုက်ပါ။ ကြည့်ပုံမှာ တစ်မျိုးကြီး ဖြစ်ပါသည်။ ကျွန်တော့်စိတ်ထဲတွင် ကြောက်စရာကောင်းသည်ဟု ထင်မိပါသည်။

ထိုညက ပျော်ပွဲရွှင်ပွဲတွင် လူအားလုံး ပျော်နေကြသော်လည်း ကျွန်တော်မပျော်ပါ။ ကိုကြက်စိန်နှင့် ကိုခေါတို့ ပြန်ကြသည့်အခါ အတော်ညဥ့်နက်နေပါပြီ။ ထိုညက ကျွန်တော်သည် မခင်တိုး စီစဉ်ပေးသည့်အတိုင်းအိပ်ရသည်ဖြစ်ရာ ခြင်ထောင် မရှိ၊ ခေါင်းအုံးမရှိပါ။ ဖောင်ပါးတစ်ထည်ကိုခြုံ၍ သူတို့ခြေရင်းခန်း၌ အိပ်ရခြင်းဖြစ်ပါသည်။ ပူရအိုက်ရသည့်အထဲ ခြင်တွေဝိုင်း ကိုက်နေကြသဖြင့် တစ်ညလုံး ကြက်အိပ်ကြက်နိုးဖြစ်ကာ မိုးလင်းခဲ့ရလေသည်။

နောက်တစ်နေ့မှစ၍ ကျွန်တော့်ဘဝသည် လုံးဝပြောင်းလဲသွားခဲ့ သည်။ မတိုး၏ အစီအစဉ်အရ ကျွန်တော်သည် ဦးလေးကိုလွန်းနှင့် မလိုက်ရတော့ပါ။ အိမ်တွင်နေ၍ သူခိုင်းသမျှကို လုပ်ပေးရသည်။ ရေခပ်၊ ထင်းခွဲမှစ၍ ထမင်းဟင်းချက်သည်အထိ အကုန်လုံးလုပ်ရသည်။ စားသောက်ပြီးချိန်တွင်လည်း တစ်အောင့်တစ်ခဏနားရသည် မရှိ။ မခင်တိုးအား နှိပ်ပေးရသည်။ သန်းရှာပေးရသည်။ နောက်ပိုင်းတွင်မူ အဝတ်တွေလျှော်ဖွပ်ပေးရသည်။ သူ့ထဘီတွေကအစ ဘော်လီအင်္ကျီအဆုံး လျှော်ဖွပ်ပေးရခြင်းဖြစ်ပါသည်။

အလုပ်ပင်ပန်းရသည့်အထဲ သူ၏အဆဲအဆို၊ အရိုက်အနက်၊ အကန်အကြောက်ကို ခံရပါသေးသည်။ တစ်ရက် ၌င် သူသည် ကျွန်တော့်အားထင်းချောင်းနှင့်ကောက်၍ ပေါက်လိုက်ရာ အရိုက်ကိုထိပြီး အသက်မရှူနိုင်ဖြစ်ရပါသည်။ လဲကျသွားရာမှ ရုတ်တရက် ပြန်မထနိုင်ဖြစ်နေသောကျွန်တော့်အား ဟန်ဆောင်နေသည်ဟု စွပ်စွဲကာ ခြေထောက်နှင့်မျက်နှာကို ကန်သည်။

ဦးလေးကိုလွန်း ပြန်ရောက်လာသည့်အခါတွင်မူ ပလီပလာတီတီတာတာနှင့် မူယာမာယာပိုကာ အချိုသတ်နေလေ့ရှိ၏။ သို့သော်လည်း ကြာလာသည့်အခါ သူ့အကြောသည် ဘူးပေါ်သလို ပေါ်လာခဲ့သည်။ တစ်ရက်တွင် ဦးလေးကိုလွန်းသည် ကျွန်တော်၏ဖူးယောင်နေသော မျက်



နှာနှင့် ယောင်ကိုင်းနေသော ဘယ်ဘက်လက်မောင်းကိုကြည့်ကာ မျက်နှာပျက်နေသည်။

"မင်း လှစိုးကိုရိုက်ထားတာ တော်တော်လွန်တာပဲ"

ဟု ကိုလွန်းက ပြောသည်။

"မနက်က ထမင်းအိုး ငှဲ့ခိုင်းတာ လွှတ်ချပစ်တယ် အစ်ကိုကြီးရဲ့။ ဒါကြောင့် တိုးတိုးက စိတ်တိုပြီး ရိုက်မိတာ"

"ထမင်းအိုးကို တမင်လွှတ်ချတယ်ဆိုတာ မဖြစ်နိုင်ဘူးကွာ၊ သူ မနိုင်လို့ မတော်တဆ လွှတ်ကျတာ ဖြစ်မှာပါ။ ဒီလောက်ကြီး ရက်ရက်စက်စက်မလုပ်ပါနဲ့ကွာ၊ သနားပါတယ်။ သူ့ခမျာ ဖအေမရှိ၊ မအေမရှိနဲ့ တစ်ကောင်ကြွက်ပါ။ ကိုယ်ကသနားမှ သူ ကောင်းကောင်းနေရမှာ"

ဦးလေးကိုလွန်းက အကျိုးအကြောင်းသင့် မည်မျှပင် ဆိုဆုံးမစေကာမူ 'မတိုး' ကတော့ နားမထောင်ပါ။ တစ်နေ့တွင်မူ မတိုးသည် ကျွန်တော့်ဆံပင်ကိုဆုပ်ဆွဲပြီး ပါးနှစ်ဖက်ကို ရိုက်သည်။ ပြီးတော့ ကျွန်တော့်အားဆောင့်တွန်းပစ်သည်။ ဖင်ထိုင်လျက်လဲကျနေရာမှ ကုန်း၍ထမည်အလုပ်တွင် ရင်ဝကိုခြေထောက်နှင့် ကန်သည်။ မီးဖိုခန်းကြမ်းပြင်သည် သမံဘလင်းဖြစ်သည်။ ထိုအပေါ်သို့ တံတောင်နှင့်ထောက်၍ လဲကျသွားသည့်အခါ ကျွန်တော့်လက်သည် ကျိုးသွားပါလေတော့၏။

ကျွန်တော့်ငိုသံကြောင့် အိမ်နားနီးချင်းများ ရောက်လာကြသည်။ သူတို့က ဆေးရုံကြီးသို့ ပို့ပေးသည်။ ကိုလေးမောင်ဆိုသူက "ကလေးပဲဗျာ၊ ဒီလောက်အထိ မလုပ်ပါနဲ့။ ချော့မော့ခိုင်းရင် ရမှာပါ" ဟု စကားဖြေပြောသည်ကို မတိုးက ကက်ကက်လန်ရန်တွေ့သည်။ နှစ်ယောက်သား ကဘောက်ကဆ စကားများကြပါသည်။

ဦးလေးကိုလွန်း ပြန်ရောက်လာသည့်အခါ ကျွန်တော့်လက်တွင် စည်းထားသော ကျောက်ပတ်တီးကိုကြည့်၍ "ဘာဖြစ်တာလဲ" ဟု မေးသည်။ ကျွန်တော်က မတိုးသင်ပေးထားသည့်အတိုင်း ရေခပ်ရင်း ချော်လဲတာဟု ပြောသော်လည်း ကိုလွန်းက မယုံကြည်ပါ။ ထိုညက သူတို့လင်မယားသည် အတော်ညဥ့်နက်သည်အထိ ရန်ဖြစ်ကြပါသည်။

နောက်တစ်နေ့မနက်တွင် ကိုကြက်စိန်နှင့်ကိုခေါတို့ ရောက်လာသည်။

သူတို့က ကျွန်တော့်ကို ရိုက်လားနှက်လားမလုပ်ဖို့ ဝိုင်းပြောကြ သည်။ မတိုးကမူ ကျွန်တော့်ကို အိမ်မှာဆက်မထားနိုင်ဟု ဆိုသည်။ ဤ တွင် အငြင်းအခုံ ဖြစ်လာကြသည်။

"နင်က ဘဝမေ့တာကိုးဟ၊ နင် ဒုက္ခရောက်နေလို့ ငါက ကိုလွန်းလို လူရိုးလူအေးနဲ့ဆိုရင် အဆင်ပြေမှာပဲလို့တွက်ပြီး နင်တို့ချင်းညားအောင် လုပ်ပေးခဲ့တာ။ ဒီကောင်လေးရှိနေတယ်ဆိုတာကလည်း အစောကြီးက တည်းက အသိပေးထားပြီးသားပဲ။ အခုမှ နင်က ဒီကောင်လေးကို မထား နိုင်ပါဘူးဆိုတော့ ဖြစ်မတဲ့လား" ဟု ကိုကြက်စိန်က ဒေါသတကြီး ပြော သည်။

"ဒီကောင်လေးက ဂြိုဟ်ကောင်ကလေး ကိုကြက်စိန်ရဲ့" ဟု မတိုးက လေသံပျော့ပျော့ဖြင့် ပြန်ပြောသည်။

"ဟာ...မဟုတ်တာဘဲ၊ ဂြိုဟ်ကောင်လေး မဟုတ်ဘူး။ နင်က ဘဝ မေ့နေတာ၊ အေးလေ...နင့်သဘောပဲ၊ ကိုလွန်း သဘောတူလို့ကတော့ နင် ပြောသလိုဖြစ်မှာပဲ။ သူ သဘောမတူရင်တော့ နင့်အနေနဲ့ ဘဝဟောင်းထဲ ပြန်ပေါ့။ ငါကတော့ ဒါပဲပြောတတ်တယ်။ နင့်ကိစ္စမှာ နောက်ထပ်မပါ တော့ဘူး၊ စိတ်ကုန်သွားပြီ၊ ကဲ...ဟေ့...ငခေါ၊ တို့...ပြန်ကြမယ်"

ပြောပြောဆိုဆိုပင် ကိုကြက်စိန်နှင့် ကိုခေါတို့သည် ထိုင်ရာမှထ၍ ပြန်ထွက်သွားကြသည်။ မတိုးသည် ချောင်ထဲကုပ်နေသော ကျွန်တော့်အား မျက်စောင်းထိုးကြည့်သည်။ သူသည် အခန်းပြတင်းပေါက်မှနေ၍ အပြင် သို့ မျှော်ကြည့်နေသည်။ အံကို တအားကြိတ်ထားသည့် တင်းမာခက်ထန် သော မျက်နှာထားသည် ကြောက်စရာကောင်းလှပါသည်။

*

## (၇)

ကျွန်တော်တို့သုံးဦး၏ဘဝသည် အဆင်မပြေပါ။ မတိုးသည် အိမ်မှ ဦးလေးကိုလွန်း ထွက်သွားသည်နှင့်တစ်ပြိုင်နက် အိပ်ရာမှထ၍ ရေမိုးချိုး၊ အလှပြင်ပြီး အပြင်သို့ထွက်သည်။ ညနေစောင်းမှ အိမ်ပြန်ရောက်သည်။ သူ အပြင်မထွက်သည့်ရက်ဟူ၍ တစ်ရက်မှ မရှိပါ။ ကျွန်တော့်အပေါ်တွင်



လည်း ယခင်ကလိုပင် ဆက်ဆံသည်။ သူ့အရိပ်အကဲကိုကြည့်ပြီး အမြဲ ကြောက်လန့်နေရသဖြင့် ကျွန်တော့်ဘဝလည်း ကျဉ်းကျပ်လွန်းလှပါသည်။

ယခုအခါတွင် ကျွန်တော်သည် စကားပြောလျှင် အလွန် 'ထစ်' နေပြီး ဦးလေးလွန်းက ကျွန်တော့်အား နားမလည်နိုင်သည့် မျက်နှာထားဖြင့် ကြည့်ကာ–

"မင်း ဘယ်လိုဖြစ်သွားတာလဲ" ဟု မေးလေ့ရှိသည်။ မတိုးဘက်လှည့် ၍ မသင်္ကာသောမျက်နှာထားဖြင့် ကြည့်သည်။

"တော့်အဖေလေးကို ကျုပ် ဘာမှမလုပ်ဘူး။ လူကိုလာပြီး မသင်္ကာ တဲ့ပုံမျိုးနဲ့ ကြည့်မနေနဲ့" ဟု မတိုးက ပြောသည်။

မတိုးသည် ဦးလေးလွန်းအပေါ်ဆက်ဆံရာ၌ ယခင်ကလို ချိုချိုသာ သာ မရှိ။ ကြမ်းကြမ်းရိုင်းရိုင်း ဆက်ဆံလာသည်ကို ကျွန်တော်သတိထား မိနေသည်မှာ ကြာပြီ။ ဦးလေးလွန်းကတော့ သည်းခံရှာ၏။ သို့သော် လည်း ညတိုင်းနီးပါးလောက် ဖြစ်လေ့ရှိသောရန်ပွဲကတော့ အဆက်ပြတ် သွားသည် မရှိပါ။

မတိုး၏ အချိုးသည်လည်း ပြောင်းလဲလာသည်။ နေပုံထိုင်ပုံများသည် ပို၍အတင့်ရဲလာသည်။ တစ်ခါတစ်ရံတွင် အပြင်၌ တစ်နေကုန်မနေတော့ ဘဲ အိမ်သို့ယောကျ်ားတစ်ယောက်နှင့် ပြန်လာတတ်သည်။ ထိုအခါမျိုး၌ သူသည် ကျွန်တော့်အား အပြင်၌သွားနေဟု အမိန့်ထုတ်ကာ မောင်းထုတ် တတ်သည်။ သူ့လုပ်ရပ်မှာ တစ်နေ့ထက်တစ်နေ့ ဆိုးလာသည်ဖြစ်ရာ နောက်ဆုံးတွင် သူ့သတင်းသည် ဦးလေးကိုလွန်း၏နားသို့ ရောက်သွားခဲ့ ပါသည်။

တစ်နေ့ခင်းတွင် ဦးလေးကိုလွန်းသည် ဆိုက်ကားကို လမ်းထိပ်၌ ထားခဲ့ပြီး အိမ်သို့ရောက်လာသည်။ အိပ်ခန်းထဲတွင် ဖြစ်ချင်သလိုဖြစ်နေ ကြသော မတိုးနှင့်သူ့အဖော်ယောကျ်ားအား ဦးလေးကိုလွန်းက မီးဖိုချောင် သုံးဓားမနှင့်ခုတ်သည်။ ယောကျ်ားဖြစ်သူ ကိုတင့်ကြီးဆိုသူမှာ ဦးခေါင်း နှင့် မျက်နှာတွင်ဒဏ်ရာအများအပြားရပြီး လက်တစ်ဖက်ပြတ်သွားသည်။ မတိုးမှာ ဦးခေါင်း၊ မျက်နှာနှင့် လက်မောင်းနှစ်ဖက်တွင် ဒဏ်ရာများရပြီး နားရွက်တစ်ဖက် ပြတ်သွားသည်။ ထိုအမှုဖြစ်ပွားစဉ်က အိမ်တွင် ကျွန်

တော်မရှိပါ။

ကျွန်တော့်အတွက် စိတ်ပူရှာသော ကိုလွန်းသည် စိတ်အေးရအောင် စီစဉ်ပေးသည်။ ကိုကြက်စိန်တို့ အကူအညီဖြင့် ကျွန်တော့်အား မိဘမဲ့ ပရဟိတ ဂေဟာတစ်ခုသို့ပို့သည်။ ထိုမှတစ်ဆင့် ကျွန်တော်၏လက်တစ်ဖက်မသန်မှုကို အကြောင်းပြုကာ အသက်မွေးဝမ်းကျောင်း ပညာသင်ကျောင်းသို့ ပြောင်းခဲ့ရပါသည်။

ဦးလေးကိုလွန်း၏အဖြစ်ကတော့ သနားစရာကောင်းလှ၏။ သူကျူးလွန်သော ပြစ်မှုအတွက် ထောင်ဆယ်နှစ် အပြစ်ပေးခံရသည်။ အမိန့်ချမည့်နေ့က ကျွန်တော်သည် ကိုကြက်စိန်လာခေါ်သဖြင့် တရားရုံးသို့ ရောက်ခဲ့ပါသေးသည်။ အမိန့်မချမီ ဦးလေးကိုလွန်းက ကျွန်တော့်အား ခေါ်၍–

"ဦးလေး ထောင်ကလွတ်လာရင် မင့်ကို ပြန်ခေါ်မယ်။ မိန်းမတွေ ဘာတွေ မယူနဲ့။ လိမ်လိမ်မာမာနေ" ဟု ပြောသွားသည်။

'ထောင်ဆယ်နှစ်' ဟု တရားရုံးမှ အမိန့်ချသည့်အခါ ကျွန်တော့်ထက်ပို၍ စိတ်ထိခိုက်သွားသူမှာ ကိုကြက်စိန်ဖြစ်သည်။ သူသည် ကလေးကြီးတစ်ယောက်သဖွယ် ရှိုက်ကြီးတငင် ငိုသည်။ "ကျုပ်ကြောင့် ဖြစ်ရတာ၊ ကျုပ်ကြောင့် ဖြစ်ရတာ" ဟုလည်း တတွတ်တွတ် ရေရွတ်နေပါသည်။ ဦးလေးကိုလွန်းကတော့ "ငါ့မှာ ဝဋ်ရှိလို့ခံရတာပါကွာ။ မင့်ကြောင့် မဟုတ်ပါဘူး။ မငိုပါနဲ့" ဟု လှမ်းပြောသွားပါသည်။

*

(၈)

အသက်မွေးဝမ်းကျောင်းပညာသင်စခန်း၌ နှစ်နှစ်မျှနေခဲ့ရသော ကျွန်တော်သည် ပျော်ခဲ့ပါသည်။ သို့သော်လည်း ကျွန်တော့်အဖို့ ပျော်ရာမှာနေချင်၍ တော်ရာမှာနေဖို့သာ စဉ်းစားရပါသည်။ ကျွန်တော် ဘယ်ကိုသွား၍ ဘယ်သူ့ဆီမှာ နေရပါမည်နည်း။ တကယ်တော့ ကျွန်တော့်တွင် ရွေးစရာတစ်လမ်းသာ ရှိပါသည်။ ဆိုက်ကားသမား ကိုကြက်စိန်တို့ထံ ပြန်ရုံမှတစ်ပါး အခြားမရှိပါ။



"မင့်ကိစ္စက မလွယ်ပါကလားကွာ" ဟု ကိုကြက်စိန်က ကျွန်တော့်ကို ကြည့်ပြီး ညည်းသည်။ ညည်းမည်ဆိုကလည်း ညည်းလောက်စရာပါ။ ကျွန်တော့်ကိုယ်ကျွန်တော် ပြန်ကြည့်လိုက်လျှင် အားရစရာတစ်စက်မှ မရှိ။

ကျွန်တော့်ခန္ဓာကိုယ်သည် အခုအချိန်ထိ ပိန်ချောင်ချောင်။ ဘယ်ဘက်လက်က အဆစ်ပြုတ်ထားသဖြင့် သိပ်ပြီးမသန်။ တစ်ခါတစ်ရံတွင် ကပ်ကပ်နေတတ်သေးသည်။ ဉာဏ်ရည်ဉာဏ်သွေးကလည်းမရှိ။ ဘာ့ကြောင့်ရယ်လို့တော့မသိ။ စကားအထစ်လျော့ သယောင်ယောင်ရှိသော်လည်း စကားက အခုထိ မပီသေး။

"အေးလေ...ကြည့်လုပ်ကြရမှာပဲ။ အခုလောလောဆယ်တော့ ငါ့အိမ်မှာ ခဏလိုက်နေပေါ့"

ဤသို့ဖြင့် ကျွန်တော်သည် ကြည့်မြင်တိုင်၊ ....ရပ်ကွက်ရှိ ကိုကြက်စိန်တို့အိမ်၌ နားခွင့်ရခဲ့သည်။ ကိုကြက်စိန်နှင့် ကိုခေါတို့သည် ကျွန်တော့်အားဆိုက်ကားနင်း သင်ပေးကြသည်။ ကျွန်တော်ကလည်း ကြိုးစား၍သင်သည်။ သို့သော်လည်း အဆင်မပြေပါ။ အထူးသဖြင့် ကိုကြက်စိန်ကိုတင်ပြီး နင်းသည့်အခါတိုင်း အသက်ထွက်မတတ် မောလှပါသည်။

တစ်နေ့တွင်မူ ကိုကြက်စိန်က သူ့တင်၍ကုန်းအတက်တစ်ခုပေါ် ဆိုက်ကားနှင့် တက်ခိုင်းသည်။ ဘယ်လိုမှတတ်၍ မရပါ။ နောက်သို့သာ ပြန်လျှောကျနေသဖြင့် ကိုကြက်စိန်က ခုန်ဆင်းပြီး ဆိုက်ကားကို ဆွဲယူသွားပါသည်။ နောက်မှ ဆိုက်ကားနှင့် လိုက်လာသော ကိုခေါနှင့်ဆုံမိသည့်အခါ ကိုကြက်စိန်က "မနိုင်ပါဘူး ငခေါရာ။ မင့်အကောင်က ချေးထွက်ရင်ထွက်၊ ချေးမထွက်ရင် အသက်ထွက်မယ့် အကောင်ပဲ" ဟု လှမ်းပြောကာ တဟားဟား အော်ရယ်သည်။

ကိုကြက်စိန်တို့သည် ကျွန်တော့်ကိစ္စကို စဉ်းစားကြ၊ ဆွေးနွေးကြသည်။ ဘာအလုပ် လုပ်နိုင်းရရင်ကောင်းမလဲဟု တိုင်ပင်ကြသည်။ အဖြေမထွက်ပါ။ 'တို့အကောင်က သူ့ခိုးရင်လည်း လုပ်စားမှ သူတောင်းစားရင်လည်း လုပ်စားမှဖြစ်မယ့် အပေါက်ပါကွာ' ဟု ကိုကြက်စိန်က ပြောသည်။

မည်သို့ပင်ဖြစ်စေ၊ ကျွန်တော် ကံကောင်းပါသည်။ ဆိုက်ကားသမား သာဖိုးအကူအညီဖြင့် ငါးဈေးနှင့် မလှမ်းမကမ်းရှိ ဆန်းသစ်ကဖီးလက်

ဖက်ရည်ဆိုင်တွင် စားပွဲထိုးအလုပ်ရသည်။ ဆိုင်တွင် မနက်စာ၊ ညစာစားရမည်၊ ညအိပ်ရမည်။ ဆိုင်ရှင်က အဝတ်အစားဆင်မည်။ မုန့်ဖိုးပေးမည်။ ကျွန်တော့်အဖို့တော့ အဘက်ဘက်တွင် အဆင်ပြေသွားမည်။

ဆိုက်ကားသမားအားလုံးက ကျွန်တော့်အတွက် ဝမ်းသာကြသည်။

ကျွန်တော့်အလုပ်ရသည့်နှစ် သင်္ကြန်မတိုင်မီ ကိုကြက်စိန်ဦးစီးသော ဆိုက်ကားသမားများနှင့် ဆန်းသစ်ကဖီးပိုင်ရှင် ဦးသောင်းနှင့် ဒေါ်စန်းတို့က ကျွန်တော့်အား ရှင်ပြုပေးကြသည်။ ကျွန်တော့်အဖို့ မိဘဆွေမျိုးမရှိသော်လည်း ကိုရင်တော့ ဝတ် လိုက်ရပါသေးသည်။

*

(၉)

ထိုအချိန်ကာလက ငါးဈေးနှင့် ညောင်ပင်လေးဈေးတစ်ဝိုက်သည် အလွန်လူစည်ကားသည်။ တစ်ညလုံး မအိပ်သောဈေးအဖြစ် နာမည်ကြီးသည်။ ကျွန်တော်တို့၏ ဆန်းသစ်လက်ဖက်ရည်ဆိုင်မှာလည်း အလွန်လူအကျများသည်။ နေ့ရောညပါပြတ်သည် မရှိပါ။ ကျွန်တော်တို့စားပွဲထိုးများသည် နေ့ဆိုင်း၊ ညဆိုင်း တစ်လှည့်စီခွဲ၍ အလုပ်လုပ်ကြရသည်။

သူနှင့်ကျွန်တော် စတွေ့ကြသည်မှာ ကျွန်တော်ညဆိုင်းကျသည့် တစ်ရက်တွင်ဖြစ်၏။ ထိုညက သူသည် ယောကျ်ားတစ်ယောက်နှင့်တွဲ၍ ရောက်လာခြင်းဖြစ်သည်။ ဝတ်စားဆင်ယင်ထားပုံမှာ အပျံစားဖလားဟု ပင်ဆိုရမည်။ နှုတ်ခမ်းနီ၊ ပါးနီတွေ ရဲရဲတွတ်အောင်ဆိုးထားသည်။ ကျွန်တော်က သူ့အားငေးကြည့်နေသည်။

'မောင်လေး လာဦး'

ကျွန်တော် သူ့အနားရောက်သွားသည့်အခါ လက်ဖက်ရည်နှစ်ခွက်မှာသည်။ ပြီးတော့ ကြက်ဥနှင့် ထမင်းကြော် နှစ်ပွဲ။

"အ...အ...မက ဘယ်....ဘယ်...ဘယ်လို တောက်....တောက်မှာလဲ"

သူက ကျွန်တော့်မျက်နှာကို အထူးအဆန်းသဖွယ် ကြည့်နေသည်။ ထို့နောက် ကျွန်တော့်အား ပြုံးပြသည်။

"ဟဲ့ ဖျော်တဲ့လူ ဘယ်သူလဲ၊ မောင်ကို မဟုတ်လား။ သူ့ကိုပြောလိုက်၊ ပြုံးပြုံးသောက်မှာလို့ သူသိတယ်" ဟု ပြောသည်။

သူနှင့်ကျွန်တော် စတင်သိကျွမ်းခဲ့သည်မှာ ဤပုံဤနည်း ဖြစ်ပါသည်။ နောက်တစ်နေ့တွင် ကျွန်တော်က လက်ဖက်ရည်အဖျော်သမားကိုမောင်ကိုထံ ချဉ်းကပ်၍ မေးမြန်းစုံစမ်းသည်။

"အစ်ကို သူ့ကို သိလား"

"သိတာပေါ့ကွ"

"သူ ဘယ်မှာနေလဲ"

"သူက ညဥ့်ငှက်ပါကွာ၊ နေတော့ ဘောက်ထော်မှာနေတယ်လို့ ပြောတာပဲ"

"ညဥ့်ငှက်ဆိုတာ ဘာလဲ အစ်ကို"

"ဟာကွာ...ဒါမှ မသိဘူးလား၊ ညဥ့်ငှက်ဆိုတာ ညဘက်မှာ ကျက်စားတာကို ပြောတာပေါ့။ ဟိုဒင်းလေကွာ...မကောင်းတဲ့အလုပ်လုပ်စားတဲ့ မိန်းမပေါ့၊ မိန်းမရှုင်လို့လည်း ခေါ်တယ်"

"သနားပါတယ်ဗျာ၊ ရုပ်ကလေးက ချောရက်သားနဲ့"

အီကြာကွေးကို လက်ဖက်ရည်နှင့်တို့၍ ပလုပ်ပလောင်းဝါးနေသော ကိုမောင်ကိုက ကျွန်တော့်အား ပါးစပ်အဟောင်းသားဖြင့် ကြည့်နေသည်။

"ဟား...ဖြစ်မှဖြစ်ရလေ၊ ဆရာလေးက ဘာဆိုင်လို့ သနားနေရတာလဲ။ ဟား...ဟား...ဟား..." သူက ကျွန်တော့်ခေါင်းကို တစ်ချက်ပုတ်ပြီး အတူတူထိုင်နေရာမှ ထထွက်သွားပါသည်။

ထိုအချိန်လောက်မှစ၍ မပြုံးနှင့်ကျွန်တော်သည် ခင်မင်ရင်းနှီးလာခဲ့ကြသည်။ သူသည် ဆန်းသစ်ကဖီး၏ ဖောက်သည်တစ်ဦးဖြစ်၏။ ညရှစ်နာရီလောက်ဆိုလျှင် သူ ရောက်လာပြီ။ အများအားဖြင့် သန်းခေါင်သန်းလွဲ၊ မိုးလင်းစအချိန်များတွင် သူ ရောက်လာတတ်သည်။ မည်သူနှင့်မဆို တရင်းတနှီး ပြောဆိုတတ်သောမပြုံးသည် လူချစ်လူခင်ပေါသူ ဖြစ်လေသည်။

ကိုယ့်အသက်ကိုယ်မှ ဘယ်ရွေ့ဘယ်မျှရှိပြီဟု မပြောပြတတ်သော ကျွန်တော်သည် မပြုံးနှင့်အသက်ချင်း မည်မျှကွာသည်ကို မခန့်မှန်းနိုင်ပါ။ အသက်ချင်း အတော်ကွာလိမ့်မည်ဟုပင် ထင်ပါသည်။ သို့သော်လည်း

အသားညိုစိမ့်စိမ့်၊ မျက်လုံးပြူးပြူး၊ နှာတံမပေါ်တပေါ်တွင် သွားထပ်ကလေးတစ်ခုနှင့် မပြုံးသည် ချစ်စရာဖြစ်နေသည်။ အတွေ့အကြုံများလှပြီဖြစ်သော မပြုံးသည် ကျွန်တော့်အကြည့်ကို မြင်ရုံမျှဖြင့် ကျွန်တော်ဘာဖြစ်နေသည်ဟု သိနေပြီဖြစ်၏။

ကြာလာတော့ ကျွန်တော်သည် ဆိုင်ထဲကလူတွေအတွက် 'ဟား' စရာကောင်တစ်ကောင် ဖြစ်လာသည်။ အထူးသဖြင့် အဖျော်သမားကိုမောင်ကိုသည် ကျွန်တော့်အား 'အနောက်အပြောင်ဆုံး' လူတစ်ယောက်ဖြစ်သည်။ မပြုံးကိုယ်တိုင်ကလည်း ဆိုင်ထဲရောက်လာသည်နှင့်တစ်ပြိုင်နက် "ငါ့လင် မင်းကုသကလေး ဘယ်သွားလဲ" ဟု မေးလေ့ရှိသည်။ သူတို့လူစု ပြောင်နောက်နေကြသည်ကို ဘေးမှကြည့်၍ ရယ်နေလေ့ရှိသောဆိုင်ရှင်ဦးသောင်းသည် တစ်ခါတစ်ရံတွင် ထဆဲတတ်သည်။ "အေရိုးတွေ အပျက်ပျက်နဲ့ နှာခေါင်းသွေးထွက်ကုန်တော့မယ်။ တော်ရုံတန်ရုံပဲ နောက်ကြ၊ ဟိုအကောင်က ကျောက်ရူး" တဲ့။

တစ်ညခင်း လူပါးချိန် နာရီပြန်နှစ်ချက်ခန့်တွင် မပြုံး ရောက်လာ သည်။ အင်္ကျီတွေက စုတ်ပြဲနေသည်၊ ဆံပင်တွေက ဖိုးရိုးဖားရား၊ မျက်နှာတစ်ခုလုံးဖူးယောင်နေသည်။ ရင်ဘတ်တွင်လည်း သွေးအလူးလူး။ "ဟော...မပြုံးဘယ်လိုဖြစ်လာတာလဲ" ဟု ကိုမောင်ကိုက သူကိုယ်တိုင် လက်ဖက်ရည်ခွက်ချပေးရင်း မေးသည်။

"ဟိုအကောင် စိုးကြီးတို့လူစုပေါ့၊ ငါ့ကိုခေါ်သွားပြီး ပိုက်ဆံတောင်းတော့ လက်သီးနဲ့ ပိုင်းထိုးကြတယ်။ သေချင်းဆိုးတွေ"

"တော်တော်ဆိုးတဲ့ အကောင်တွေပါလား။ နင် ရဲမတိုင်ဘူးလား၊ ရဲထဲမှာ နင့်အသိတွေ ရှိနေတာပဲ"

မပြုံးသည် ဘာမှ ပြန်မပြော။ အံကြိတ်ကာ မျက်ရည်များ ကျလာသည်။ ဘေးမှရပ်ကြည့်နေသော ကျွန်တော့်ရင်ထဲတွင် ပြောမပြတတ်သည့် နာကျင်မှုဝေဒနာကို ခံစားနေရသည်။ စိုးကြီးဆိုသည့်လူအား သတ်ပစ်ချင်စိတ်ပင်ပေါ်နေသည်။ မပြုံးသည် ချက်ချင်းပင် အိမ်ပြန်သွားသည်။ ကျွန်တော့်ကိုပင် နှုတ်မဆက်တော့ပါ။

'အင်း...သူတို့ဘဝက စိတ်ပျက်စရာလည်း ကောင်းတယ်၊ သနားစရာလည်းကောင်းတယ်။ ကိုယ်နဲ့ရင်းနှီးပြီး လုပ်ကိုင်စားရတာကွ၊ ဒီလိုယုတ်မာတဲ့ကောင်တွေနဲ့ တွေ့လိုက်တော့ ဘယ်ကောင်းတော့မလဲကွာ" ဟု ကိုမောင်ကိုက ပြောသည်။



တစ်ညတွင်မူ မပြုံးသည် ငွေတော်တော်များများ ရလာဟန်တူ၏။ ရွှင်လန်းမြူးထူးလာသည်။ အရက်လည်း အတော်များများ သောက်လာခဲ့ဟန်တူ၏။ ဒယီးဒယိုင်ဖြစ်နေသည်။ သူသည် ဆိုင်နောက်ခန်းထဲ၌ အိပ်ပျော်နေသောကျွန်တော့်အား အတင်းလာနှိုးပြီး သူ့အိမ်ကိုလိုက်ပို့ဟု ပြောသည်။

"ခေါ်မသွားနဲ့ အပြုံးရ၊ ဟို...သူရဲ့ဘဲ သောင်းကြီးသိရင် ဆူလိမ့်မယ်" ဟု ကိုမောင်ကိုတားသော်လည်း မရပါ။ 'သွားစမ်းပါ' နှင့်သူရဲဘဲသောင်းငါမူးနေလို့ အဖော်ခေါ်သွားတယ်လို့ ပြောလိုက်" ဟု ပြန်ပြောကာ ကျွန်တော့်အား အတင်းဆွဲခေါ်သွားသည်။ ဤသို့ဖြင့် ကျွန်တော်သည် ထိုညက မပြုံးတို့အိမ်သို့ ရောက်သွားခဲ့ရပါ၏။

*

(၁၀)

အစ်မပြုံးတို့၏ ဘဝသည် မလှမပ ဘဝတစ်ခုဖြစ်သည်။ သူတို့အိမ်သည် ခနိမိုး၊ ထရံကာ မြေစိုက်တဲ။ အလယ်မှာ ထရံတစ်ချပ် ကာထားသဖြင့် အိမ်ခန်းနှစ်ခန်းဖြစ်သွားသည်။ ခေါင်းရင်းခန်းတွင် သူ့အမေအိပ်၍ သူကခြေရင်းခန်း၌ အိပ်သည်။ သူ့အမေသည် မျက်မမြင်ဒုက္ခိတ။ တစ်ချိန်ကတော့ သားအမိနှစ်ယောက် ကုန်စိမ်းရောင်း၊ ငါးရောင်း၊ ဖားရောင်း။ နောက်ဆုံးကျတော့ မပြုံးက သွေးသားရောင်း၍ အမေ မျက်မမြင်ကြီးအားအလုပ်အကျွေးပြု။ ဘယ်သူတွေ ဘယ်လိုပဲထင်ထင်၊ ဘယ်လိုပဲပြောပြော၊ ကျွန်တော်ကတော့ မပြုံးကို သနားသည်။

"ငါ့ဘာသာငါ ကောင်းရောင်းကောင်းဝယ် လုပ်ကိုင်စားနေတာကို မသနားကြဘူး၊ မကူညီကြဘူး၊ ဝိုင်းပြီး အမဲဖျက်ချင်ကြတယ်။ အဲဒီတော့ ငါ ဒီဘဝရောက်ရတာပေါ့။ ငါကြိုက်လွန်းလို့ ဒီဘဝရောက်လာတာ မဟုတ်ဘူးဟဲ့"

ထိုညက မပြုံးရင်ဖွင့်ခဲ့သည့်စကားများကို ကျွန်တော် ဘယ်တော့မှ မေ့လိမ့်မည် မဟုတ်ပါ။ ထိုညက ကျွန်တော်သည် မပြုံး၏ ရင်ခွင်တွင်းသို့ တိုးဝင်ခွင့် မရခဲ့ပါ။ သို့သော်လည်း စိတ်ချင်းရင်းနှီးမှုကိုတော့ ရခဲ့ပါသည်။ သူ ဘာပဲဖြစ်ဖြစ်၊ ဘာပဲလုပ်လုပ် သူစိတ်ချမ်းသာလျှင်ပြီးရောဟု ကျွန်တော်သဘောထားသည်။ တကယ်တော့ ကျွန်တော်သည် မပြုံးကို ချစ်နေသည်မဟုတ်ပါလား။

တဖြည်းဖြည်းနှင့် ကျွန်တော်တို့၏ ရင်းနှီးခင်မင်မှုသည် တိုးသည်ထက်တိုးလာသည်။ ညဆိုင်းကျသည့်ရက်ဆိုလျှင် ကျွန်တော်သည် နေ့ခင်းပိုင်း၌ မပြုံးတို့အိမ်တွင် အနေများသကဲ့သို့ နေ့ဆိုင်းကျသည့်ညများတွင် မပြုံးတို့အိမ် အိပ်သည့်အခါ အိပ်သည်။ မပြုံးအမေ ဒေါ်ချစ်ပွင့်ကလည်း ကျွန်တော့်ကို ခင်နေပြီဖြစ်၍ ကျွန်တော်က 'အမေ' ဟုပင် နှုတ်ကျိုးနေခဲ့လေပြီ။

ထိုကိစ္စနှင့်ပတ်သက်၍ ကိုကြီးစိန်နှင့် ကိုသာဖိုးတို့ ကျွန်တော့်ထံရောက်လာကြသည်။ ကိုကြီးစိန်ကတော့ တဲ့တိုးသမား "မင်း....မတစ်ယောက်ရဲ့ ကိတ္တိမလင် ဖြစ်နေတယ်ကြားလို့ လာတာ" ဟု ပြောသည်။ "ဘာလဲ ဦးလေးရ၊ ကိတ္တိမလင် ဆိုတာ" ဟု ကျွန်တော်က ပြန်မေးသည့်အခါ သူသည်မျက်နှာကိုရှုံ့၍ ကိုသာဖိုးအား လှမ်းကြည့်သည်။

"ကြားလား၊ တို့လူက အဲသလောက် တော်တဲ့ကောင်ကွ။ အဲဒီတော့ ဒီကောင်...ရဲ့ မွေးစားလင် ဖြစ်ရတာပေါ့" ဟု ပြောသည်။

ကျွန်တော်က သူတို့မေးသမျှကိုဖြေပြီး အကြောင်းစုံပြောပြသည့်အခါ ကျွန်တော့်ကိစ္စအပေါ်တွင် ပြင်းထန်ခြင်း မဖြစ်တော့ပါ။ ကိုကြက်စိန်ကတော့ သူသိချင်တာမှန်သမျှ ဘာတစ်ခုမှ မချန်။ ရှင်းရှင်းလင်းလင်း သိအောင် မေးသည်။

"မင်း သူနဲ့ညားနေပြီလား"

"ညားတယ်ဆိုတာ ဘာလဲ ဦးလေးရ"

"ဟာ၊ နင့်အမေ ဂလွှားမှုပဲ။ မင်း သူနဲ့အတူတူ အိပ်ပြီးပြီလားလို့ မေးတာဟ"

"တစ်ခါ နှစ်ခါတော့ အိပ်ရတယ်၊ အမြဲတော့ မအိပ်ရဘူး"



"အေးပေါ့လေ၊ ဒီလိုမိန်းမမျိုးနဲ့ မင်းလိုလူမျိုးကြားမှာ ဒီလောက်ပဲရှိပေမပေါ့။ ဒီလောက်ရရင်ပဲ တော်လှပြီ"

ထိုနေ့က ကိုကြီးစိန်တို့သည် ဆိုင်ရှင်ဦးသောင်းတို့နှင့်ရော အဖျော်သမားကိုမောင်ကိုနှင့်ပါ စကားတွေ အကြာကြီး ပြောကြသည်။ ပြန်ခါနီးတွင် ကိုကြီးစိန်က "မင်းဘာသာ ဟိုမိန်းမဆီ သွားတာမသွားတာ တို့အလုပ်မဟုတ်ဘူး လှစိုး၊ မင်းသွားချင်သွားပေါ့။ ဒါပေမဲ့ မင်းအလုပ်ကတော့ မထွက်နဲ့ဦးသိလား။ အလုပ်ကိုလည်း မှန်မှန်လုပ်၊ အလုပ်က ထွက်ချင်ရင် တို့ကိုလာပြော။ ဦးကြီးသောင်းတို့က မင့်အပေါ် သိပ်ကောင်းတယ်ဆိုတာ သတိထား" ဟုလည်း မှာသည်။ "မင့်ဦးလေးလွန်း ဘာတွေဖြစ်ခဲ့တယ်ဆိုတာ မင်း မှတ်မိသေးလား" ဟုလည်း မေးသည်။

ကျွန်တော် ခေါင်းညိတ်သည့်အခါ သူက ထပ်မှာသည်။ "သူ့လိုအဖြစ်မျိုးတော့ လုံးဝမဖြစ်စေနဲ့၊ ကြားလား။ မင်းတို့ဟာက ကံတူအကျိုးပေးတွေလို ဖြစ်နေတယ်" ဟု ထပ်မှာသည်။ ကျွန်တော့်ဘက်မှ ခေါင်းညိတ်ရုံမှတစ်ပါး အခြားပြောစရာ ဘာမှမရှိပါ။

*

## (၁၁)

ဘယ်နှစ်၊ ဘယ်လ၊ ဘယ်ရက်ဟု ကျွန်တော် မမှတ်မိတော့ပါ။ သို့သော်လည်း ထိုညကိုတော့ ကျွန်တော်မမေ့ပါ။ ထိုညက မိုးသက်လေပြင်းကျနေသောည ဖြစ်သည်။ အိမ်တွင် မပြုံးအမေ နေမကောင်းဖြစ်နေသောည ဖြစ်သည်။ အိမ်တွင် မပြုံးအမေ နေမကောင်းပါ။ ဆေးခန်းသွား၍ပြနေရသည်မှာ သုံးညရှိပြီ။ မပြုံးက ငွေလိုသည်ဟုဆိုကာ ထွက်လာခဲ့ကြခြင်းဖြစ်၏။ ကျွန်တော်က ထုံးစံအတိုင်း အဖော်လိုက်ရခြင်းဖြစ်သော်သည်း လိုအပ်ပါက လူထွက်ရှာပေးရမည်ဖြစ်သည်။

အိမ်က ထွက်လာစကတော့ ရာသီဥတုသည် ကြည်ကြည်သာသာပင်ရှိသည်။ ကမ်းနားဘက်ရောက်ပြီး တစ်နာရီကျော်လောက်ကြာမှ ပြောင်းလဲလာခြင်းဖြစ်၏။ ပထမတွင်မိုးကောင်းကင်တစ်ခွင်လုံးမှုန်မှိုင်းလာသည်။ မိုးဖွဲစိတ်ဖွဲစိတ် ရွာလာသည်။ လေသည် တစ်ချီတစ်ချီတွင် ခပ်ပြင်းပြင်း

ရှေ့ယမ်းတိုက်ခတ်နေသည်။

ကျွန်တော်သည် မပြုံးအား ဇောတံတားပေါ်၌ထားခဲ့ပြီး တစ်ယောက်တည်း ထွက်လာခဲ့သည်။ ယောကျ်ားအုပ်စုတွေ့လျှင် "ရမယ် ဆရာ၊ ကောင်းကောင်းလေးရှိတယ်" ဟု နှစ်ကိုယ်ကြားလေသံဖြင့် ပြောသည်။ တချို့က ဘာမှပြန်မပြော၊ တချို့က ခေါင်းခါသည်။ တချို့ကတော့ ကျွန်တော့်အား ဒေါသတကြီးကြည့်ကာ 'ဆဲ' သွားကြသည်။ လူတစ်ယောက်ကဆိုလျှင် ကျွန်တော့်ရင်ဘတ်ကို ဆောင့်တွန်းသွားသည်။

မိုးကတော့ သည်းမလာသေး။ ခပ်ဝေးဝေးမှ လျှောက်လာနေသည့် လူနှစ်ယောက်။ တစ်ယောက်က ဆံပင်ရှည်ရှည်။ နောက်တစ်ဦးက ကတုံးဆံတောက်နှင့်။ နှစ်ဦးစလုံး ကိုယ်လုံးကိုယ်ထည် တုတ်တုတ်။ စိတ်ကြမ်းကိုယ်ကြမ်းရှိမည့် လူစားတွေဟုတွေးမိကာ ရင်ထဲ၌ ဒိတ်ခနဲဖြစ်သွားသော်လည်း ပါးစပ်က ပြောနေကြစကားများတော့ ထွက်သွားသည်။

"ရမယ်ဆရာ၊ အကောင်းလေး ရှိတယ်"

"ဘာကွ၊ ရမယ် ဟုတ်လား" ဟု ကတုံးဆံတောက်နှင့် လူက ရပ်ပြီး မေးသည်။

"ဟုတ်....ဟုတ်တယ်ဆရာ၊ ရမယ်၊ တကယ်ကောင်းတာဗျ"

"ကဲကွာ....သွားခေါ်ချေ၊ ငါတို့ ဟို....ရေသဖန်းပင်အောက်ကစောင့်မယ်"

ကျွန်တော်က မပြုံးကိုသွားခေါ်သည်။ မပြုံးက "မောင်လေး ဆိုင်ကပြန်စောင့်၊ ဒီကိစ္စပြီးရင် အစ်မဆိုင်ကိုလာခဲ့မယ်။ ပြီးမှ အိမ်ပြန်တာပေါ့" ဟု မှာသည်။ ကျွန်တော် ရုတ်တရက် ဘာပြောရမည်မသိ။ စိုးရိမ်စိတ်က ရင်ထဲ၌ ရှိနေသည်။ ပြန်နှင့်ရလျှင်ကောင်းမလား။ စောင့်နေရလျှင်ကောင်းမလား။ ကျွန်တော် ချီတုံချတုံ ဖြစ်နေသည်။

ထိုအခိုက်မှာပင် "အမယ်လေး...လာကြပါဦး" ဟူသော မပြုံး၏အော်သံကြားရသည်။ ပြီးတော့ ဆဲသံဆိုသံများနှင့် ထိုးသံကြိတ်သံများ။ ကျွန်တော် သဖန်းပင်ကြီးဘက်သို့ ပြေးခဲ့သည်။ ကတုံးဆံတောက်နှင့်လူသည် မပြုံးနှင့်ထွေးလုံးရစ်ပတ်ဖြစ်နေသည်။ ထိုလူ၏အဖော်က သူ့လူအားဝင်ဆွဲနေသည်။



"အံမာ....အံမာ...နင်က ငါ့ကို ဓားနဲ့ထိုးတယ် ဟုတ်လား။ ကဲဟာ...ကဲဟာ"

"ကယ်ကြပါဦး ကျွန်မကို ဓားနဲ့ထိုးနေပါတယ်"

"ဟေ့ကောင် စိုးကြီး၊ မလုပ်နဲ့.....မလုပ်နဲ့"

ကျွန်တော် ပြေးဝင်အသွားတွင် ရင်ဘတ်ဆီမှ ပူခနဲဖြစ်သွားပြီး နောက်ပြန်လဲကျသွားသည်။ မပြုံး၏အော်သံကို နောက်တစ်ခွန်း ထပ်ကြားရပြန်သည်။ ရေထဲသို့ ဝုန်းခနဲ ထိုးကျသွားသံကိုလည်း ကြားလိုက်ရ၏။ ထို့နောက်တော့ တစ်လောကလုံး မှောင်ကြီးကျသွားသည်။ ကျွန်တော်သတိပြန်ရချိန်တွင် မိုးလင်းနေပြီ၊ ကျွန်တော် ရောက်နေသည့်နေရာမှာ ဆေးရုံကြီး။

စိုးကြီး၏ ထွက်ချက်အရ ထိုညက သူနှင့်မောင်ထွေးတို့သည် ပြည့်တန်ဆာမ မပြုံးအား ပျော်ပါးဖို့ခေါ်လာခဲ့ကြကြောင်း၊ ကမ်းနားသဖန်းပင်အောက်ရောက်၍ ပျော်ပါးရန်ကြံသည့်အခါ မပြုံးကလက်မခံဘဲ ငြင်းဆန်ကြောင်း၊ ဤတွင်သူနှင့်ရန်ဖြစ်၍ သူကလက်သီးနှင့်ထိုးရာ မပြုံးကဓားနှင့်ထိုး၍ လက်မောင်းတွင်တစ်ချက်၊ လက်ဖဝါးတွင်တစ်ချက် ဓားဒဏ်ရာနှစ်ချက် ရရှိသွားကြောင်း၊ သူက မပြုံးလက်ထဲမှ မောင်းပြန်ဓားကိုလု၍ ပြန်ထိုးရာမှ နှစ်ယောက်စလုံး ထွေးလုံးရစ်ပတ်ဖြစ်ကာ ရေထဲသို့လိမ့်ကျသွားကြောင်း၊ သူကတော့ချက်ချင်းရေကူးပြီးကမ်းပေါ်ပြန်တက်ခဲ့ကြောင်း၊ မပြုံးကို မြင်တော့မမြင်ရတော့ကြောင်း။

မပြုံး၏အလောင်းသည် လှိုင်မြစ်ကမ်းဘက်တွင် သွားပေါ်သည်။ အလောင်းမှာ ပုပ်ပွနေပြီ။ ကိုကြက်စိန်တို့နှင့်အတူ ကျွန်တော်သွားကြည့်ခဲ့ပါသေးသည်။ ကျွန်တော် သူ့အတွက်ယူကျုံးမရ ဖြစ်ခဲ့ရပါသည်။ ကျွန်တော် တော်တော်နှင့် အငိုမရပ်နိုင်ခဲ့ပါ။ ကျွန်တော့်လက်မောင်းကို ကိုင်ထားသောကိုကြက်စိန်ကတော့ "ငို.....ငို၊ အားရအောင် ငိုလိုက်၊ များများငိုလိုက်ရရင် ရင်ထဲမှာပေါ့ပြီး အားပြန်ရှိသွားတယ်" ဟု ပြောသည်။

သူနောက်ပြောင်ပြီး ပြောတာလား။ တကယ်အတည်ပြောတာလား၊ ကျွန်တော်ဝေခွဲ၍ မရပါ။ သူ့မျက်နှာကိုကြည့်လိုက်တော့ ခပ်တည်တည်ပင်။

ကျွန်တော်တို့အားလုံး တိုင်ပင်ပြီး မပြုံး၏မိခင်ကြီးအား အမှန်အတိုင်းပြောသင့်သည်ဟု ဆုံးဖြတ်ကြသည်။ ဒေါ်ချစ်ပွင့်သည် မျက်ရည်တော့ကျရှာသည်။ သို့သော်လည်း တရားတော့ရှိ၏။ "သမီးလေးက သိပ်လိမ္မာတယ်၊ နောက်ဘဝကျရင်ကောင်းမှာပါ" ဟု ပြောသည်။

"အမှန်တော့ ငါ့သမီးလေးဟာ ဝဋ်ကျွတ်သွားတာပါ၊ အမေ ဝမ်းသာရမှာပါ" ဟူသောစကားသည် ကျွန်တော့်ရင်ကို များစွာထိထိခိုက်ခိုက်ရှိလှပါသည်။

ကျွန်တော်ဆုံးဖြတ်ချက်တစ်ခုကို အခိုင်အမာ ချလိုက်သည်။ အမေမွှင့် အသက်ရှင်သမျှကာလပတ်လုံး ကျွန်တော်အမေပွင့်နှင့် မခွဲတော့ဟု။

# ဦးရိုး ဦးရိုး သုည

လူစည်ကားသော လက်ဖက်ရည်ဆိုင်တစ်ဆိုင်၌ ထိုင်မိလျှင် လူခေါင်းစုံကို တွေ့ကြုံရစမြဲဖြစ်သည်။ ထိုလူပေါင်းစုံထဲတွင် ပေါးလားဝါးလား လုပ်နေကြသော လူငယ်အုပ်စုများကို မကြာခဏ တွေ့ရတတ်သည်။ ထိုအုပ်စုများကို တွေ့တိုင်းမြင်တိုင်း ကျွန်တော်စိတ်မကောင်းဖြစ်ရပါသည်။

သူတို့ကိုတွေ့တိုင်း ပေါ့တီးပေါ့ဆနိုင်လွန်းသည်ဟုမတွေးဘဲ မနေနိုင်ပါ။ အချို့လူငယ်များသည် အိမ်ကမိဘများတွင် ဟင်းလျာဖိုးမရှိ ဖြစ်နေချိန်တွင် လက်ဖက်ရည်ဆိုင်၌ထိုင်၍ ထင်သလို စားသောက်နေကြသည်ကို တွေ့ရ၏။

တစ်ခါတစ်ရံတွင် နားမခံသာလွန်း၍ ထပြန်ခဲ့ရသည်များလည်း ရှိပါသည်။

ထိုကဲ့သို့သော လူငယ်အုပ်စုများနှင့် မကြာခဏ ဆုံနေရသော ကျွန်

တော်သည် အသက်ငယ်ငယ်ကလေးနှင့် မိဘများအား လုပ်ကျွေးနေကြသည့်ကလေးများကို တွေ့ရသည့်အခါ အတိုင်းအဆမရှိနိုင်လောက်အောင် ဂရုဏာသက်မိပါသည်။ ယခု ကျွန်တော်တွေ့ခဲ့သည့် ကလေးငယ်မှာ ယခုအသက် ၉ နှစ်အရွယ် ကျွန်တော့်မြေးထက် ၃ နှစ်မျှသာ ကြီးပါသည်။

သို့သော်လည်း ထိုကလေးသည် ဘဝအကြောင်းကို ကောင်းကောင်းကြီးသိနေသည်။ သူ့အသက်သူ့အရွယ်နှင့် သူ့မိခင်ကို လုပ်ကိုင်ကျွေးမွေးနေသည်မှာ အားကျစရာကောင်းလှပါ၏။ သူ့ဂုဏ်သိက္ခာသည် ကြီးမားလှသည်ဟု ကျွန်တော် မြင်မိပါသည်။

သူသည် အခုအချိန်ထိ အလုပ်လုပ်နေဆဲဖြစ်၏။ နောင်တွင်လည်း အလုပ်ကိုလုပ်နေလိမ့်ဦးမည်ဟု ယုံကြည်ရပါသည်။ ဤကလေးမျိုးကို 'မွေး' ခဲ့သည့် မိခင်တစ်ယောက်အတွက် ကျွန်တော်ဝမ်းသာ၍ မဆုံးပါ။

*

ဘာလဲ။

အသက်လား။

ကျွန်တော့်အသက်က ဆယ့်နှစ်နှစ်ပဲ ရှိသေးတယ်။ မနှစ်ကမှ ဒီအလုပ်ကို ဝင်လုပ်နေတာ။ အဲဒီတုန်းကတော့ ဆယ့်နှစ်နှစ် မဟုတ်သေးဘူး။ ဆယ့်တစ်နှစ်က စလုပ်တာဗျ။ အဲဒီတုန်းက ကျွန်တော့်အလုပ်က 'ကလေးထိန်း' ပေါ့။ ကျွန်တော့်ညီမလေး တင့်တင့်ကိုထိန်းရတာ။

ကျွန်တော့်မိသားစုက ဆင်းရဲတယ်လေ။ ဆင်းရဲတော့လည်း ကျွန်တော့်အနေနဲ့ ငယ်ငယ်လေးကတည်းက အလုပ် လုပ်ရတာပေါ့။ အလုပ်လုပ်ရဖို့ စိတ်ညစ်သလားတဲ့၊ ညစ်တာပေါ့ဗျာ။ ကျွန်တော့်မှာ သူများလိုလည်း မကစားရဘူး၊ သူများတွေ ကျောင်းသွားသလိုလည်း မသွားရဘူး၊ ကျွန်တော်တို့အိမ်နဲ့ နှစ်အိမ်ကျော်က ကျော်လင်းထွန်းဆိုရင် ကျွန်တော်နဲ့ရွယ်တူပဲ။ သူကျောင်းသွားတာမြင်တော့ ကျွန်တော်လည်း သွားချင်တာပေါ့။

အဖေက ကျွန်တော့်ကို ကျောင်းထားဖူးသေးတယ်ဗျ၊ သိလား။ ကျွန်တော် ၅ နှစ်သားအရွယ်မှာ အရပ်ထဲက မူလတန်းကျောင်းကို သွား



ထားပေးတာ။ ဒါပေမဲ့ဗျာ။ အမေက ညီမလေးကို ထိန်းပေးဖို့ခိုင်းတော့ ကျောင်းခဏခဏပျက်ရတယ်။ အမေကလည်း ကျွန်တော့်ကို ကျောင်းမထားချင်လို့တော့ ဟုတ်မယ်မထင်ပါဘူး။ သူက မနက်ဆိုရင် အကြော်လည်ရောင်းရတယ် မဟုတ်လား၊ အဖေကလည်း မိုးမလင်းခင်ကတည်းက အိမ်ကထွက်ရတာ၊ သူ့အလုပ်က ဆောက်လုပ်ရေးအလုပ်သမားဆိုတော့ ပင်ပန်းတယ်။ ဆင်းရဲတယ်ဆိုတာ ဘာလဲ။

ပထမတော့ ကျွန်တော်နားမလည်ဘူး။ နောက်ကျတော့ တဖြည်းဖြည်းနဲ့ နားလည်တယ်။ တခြားကောင်လေးတစ်ယောက် ဘိန်းမုန့်စားနေတယ်၊ ကျွန်တော်လည်း သူ့လိုပဲ ဘိန်းမုန့်စားချင်တယ်။ ဒါပေမဲ့ ကျွန်တော်က ဘိန်းမုန့်ကို ဝယ်မစားနိုင်ဘူး။ အမေကလည်း ပိုက်ဆံမရှိလို့ ဝယ်မကျွေးနိုင်ဘူး။ ကျွန်တော့်အနေနဲ့ သူစားတာကိုကြည့်ပြီး တံတွေးပဲမြိုချရတယ်။ အဲဒါဟာ ဆင်းရဲတာပေါ့။

ကျွန်တော် တောင်းစားလို့ဖြစ်မလား၊ ဘယ်ဖြစ်မလဲ။ သူတို့ဆီက တောင်းစားရင် သူတောင်းစားဖြစ်သွားမှာပေါ့။ 'မင်း ဘယ်တော့မှ သူတောင်းစား မလုပ်နဲ့' လို့အဖေက ပြောဖူးတယ်။ အဲသလိုဆိုရင် ဘယ်ဖြစ်ပါ့မလဲ၊ လုစားမလား၊ ဘယ်ဖြစ်ပါ့မလဲ၊ လုစားရင် ဓားပြဖြစ်သွားမှာပေါ့။

အမှန်အတိုင်းပြောရရင် ကျွန်တော်သိပ်ကို ကျောင်းနေချင်တာပဲ။ ရေမိုးချိုး၊ သနပ်ခါးလိမ်း၊ လွယ်အိတ်ကလေးလွယ်ပြီး ကျောင်းသွားရတဲ့အလုပ်ဟာ ပျော်စရာကြီးပါ။ ကျောင်းထဲက ထွက်လာနေတဲ့ စာအံသံတွေဟာလည်း သိပ်ကိုနားထောင်လို့ကောင်းပါတယ်။ ဒါပေမဲ့ ကျွန်တော်ကျောင်းမနေနိုင်ဘူး။ အဲဒါလည်း ဆင်းရဲတာပဲပေါ့။

ကျွန်တော် ကျောင်းနေခဲ့ရတာ လပိုင်းလား၊ နှစ်ပိုင်းလား၊ မမှတ်မိတော့ပါဘူးဗျာ။ ညီမလေးကိုထိန်းဖို့ ခဏခဏကျောင်းပျက်ရာကနေပြီး ကျောင်းထွက်ခဲ့ရတာပဲ။ အမှန်တော့ဗျာ ကျွန်တော်တကယ်အလုပ်စလုပ်တာ ငါးနှစ်ကျော်၊ ခြောက်နှစ်သားလောက်ကတည်းကပါ။

ကျွန်တော်ရှစ်နှစ်သားအရွယ်မှာ ကျွန်တော့်အဖေ ကိုအေးသောင်ဆုံးသွားတယ်။ ဆိုက်ထဲမှာ အလုပ်လုပ်နေရင်းက 'မောတယ်၊ မောတယ်' လို့

ပြောရင်းနဲ့ အသက်ထွက်သွားတာပဲလို့ သူ့သူငယ်ချင်းတွေက ပြောကြတယ်။ သွေးလည်းအန်သတဲ့။ အဖေက အတော်ကိုပိန်တာဗျ။ လေတအားတိုက်လိုက်ရင် လဲကျသွားတော့မယ့်ပုံမျိုး။

အဖေသေတော့ အမေက တအားငိုတာပဲ။ အော်အော်ပြီး ငိုတာမဟုတ်ဘူး။ မျက်ရည်တွေ တအားကျပြီး ငိုတာ။ အမေ့ကိုကြည့်ပြီး ကျွန်တော်သိပ်သနားသွားလို့ ကျွန်တော်ပါရောပြီးငိုခဲ့မိတယ်။ အဖေ့ကိုသင်္ဂြိုဟ်တော့ အလုပ်ရှင်က တာဝန်ယူတယ်တဲ့။ ဆွမ်းတွေဘာတွေကပ်တော့လည်း အလုပ်ရှင်ကပဲ တာဝန်ယူတယ်တဲ့။ ကိစ္စဝိစ္စတွေအားလုံးပြီးသွားတော့ အလုပ်ရှင်က အမေ့ကို ငွေနှစ်ထောင်ပေးတယ်တဲ့။ အဲဒီတုန်းက အမေက ကျွန်တော့်ကို အင်္ကျီနဲ့ဘောင်းဘီ အသစ်တစ်စုံဝယ်ပေးတယ်။

ကျွန်တော် အရမ်းကိုပျော်သွားတာပဲ။ အဖေသေတာကိုတောင် သတိမရတော့ဘူး၊ မေ့သွားတယ်။

*

ကျွန်တော့်အမေ မစိန်က အသက် သိပ်မကြီးသေးဘူး။ ငယ်ငယ်ပဲရှိသေးတယ်။ မနက်တိုင်းအကြော်ထွက်ရောင်းရလို့လားမသိဘူး သိပ်ပိန်တာပဲ။ အသားကလည်း မည်းခြောက်နေတာပဲ။ အဖေနဲ့ ရစတုန်းကတော့ အသားဖြူတယ်တဲ့၊ နောက်ကျမှ ဆင်းရဲလွန်းလို့ ပိန်သွားတာတဲ့။

ကျွန်တော့်အသက်က ငယ်ငယ်ပဲရှိသေးတယ်၊ ဒါပေမဲ့ ဆင်းရဲတာကိုနားလည်နေပြီ။ တစ်ခါတလေ အကြော်ရောင်းသွားတဲ့အမေ ပြန်မရောက်မချင်းအိမ်မှာ ဆန် မရှိဘူး။ တခြားစားစရာလည်း ဘာမှမရှိဘူး။ အဲဒါဆင်းရဲတာပေါ့။ အမေ ပြန်ရောက်လာတော့ အမေက အိမ်ရှေ့မှာ မောမောနဲ့ထိုင်ပြီး ညီမလေးကို နို့တိုက်တယ်။ သူချန်လာတဲ့ ဗန်းထဲက ဗယာကြော်လေးတစ်ခုကိုပေးတယ်။ ပြီးတော့ 'ကဲ၊ သားသား ထွန်းထွန်း၊ အဒေါ်မြဆိုင်သွားပြီး ဆန်ဝယ်ချေ' လို့ ခိုင်းတယ်။ ကျွန်တော်က ဗယာကြော်ကိုကပျာကယာစားပြီး ဒေါ်မြတို့ ဈေးဆိုင်သွားရတယ်။ ဆန်သုံးလုံးဝယ်လာပြီး ဆန်ဆေးရတယ်၊ အမေက ကပျာကယာ မီးမွှေးပြီး ထမင်းအိုးတည်တယ်၊ ကျက်ပြီဆိုတော့မှ တစ်ခါတစ်လေ ငါးပိရည်ကျိုနဲ့ တစ်ခါတစ်လေ



ငါးပိထောင်းနဲ့ ထမင်းစားကြရတယ်။ ကျွန်တော်တို့မိသားစု မနက်စာစားရတာ နေ့စဉ်အဲဒီပုံစံပဲ။

ညစာစားတဲ့အခါကျရင်တော့ တစ်ခါတလေ အဖေဝယ်လာတဲ့ ဝက်ခေါင်းသုပ်ကလေး ဘာလေးစားရတယ်။ သိပ်ကို ကောင်းတာပဲ။ ဒါပေမဲ့ အမြဲတမ်းစားရတာ မဟုတ်ပါဘူး။ ဆယ့်လေးငါးရက်နေမှတစ်ခါလောက်စားရတယ်။ တစ်ခါတုန်းက အဖေက အမေ့ကို ပြောနေသံကြားရဖူးတယ်။ 'ကိုယ်စားချင်တာလေး မစားရတာဟာလည်း ငတ်ခြင်းတစ်မျိုးပါပဲ မစိန်ရယ်' တဲ့။

အဖေသေတော့ အမေက မနက်ပိုင်း အကြော်ထွက်ရောင်းတယ်။ နေ့ခင်းပိုင်းမှာ အုန်းနို့ဆန်ပြုတ် ထွက်ရောင်းတယ်။ ကျွန်တော်ကတော့ အရင်ကလိုပဲ အိမ်မှာနေပြီး ညီမလေးကို ထိန်းရတယ်။ နောက်ပိုင်းကျတော့ ကျွန်တော်က ဈေးရောင်းချင်တယ်လို့ ပူဆာတာနဲ့ အမေက ဘိန်းမုန့်ထွက်ရောင်းခိုင်းတယ်။ မနက်ဆိုရင် ကျွန်တော်ဟာ ညီမလေးကို ခါးထစ်ခွချီပြီး လင်ပန်းလေးတစ်ချပ်နဲ့ ဘိန်းမုန့်ထွက်ရောင်းတယ်။ အမေ့အတွက် ဈေးသုံးတော့ ရတာပဲ။

စပြီး ရောင်းတုန်းကတော့ ကိုယ့်ရပ်ကွက်ထဲတင် ရောင်းတာ၊ နောက်ကျတော့ အနီးအနားက ရပ်ကွက်တစ်ကွက်ကိုပါ သွားရောင်းတယ်။ ညီမလေးကလည်း မဆိုးဘူး၊ ဆူဆူပူပူမလုပ်ဘူး၊ ဘိန်းမုန့်လေးတစ်ခုပေးသားရင် မုန့်ကလေးကိုဝါးစားပြီး လိုက်လာနေတာပဲ။ ကျွန်တော့်အဖို့တော့ ဈေးလည်ရောင်းရတာ ပျော်စရာကြီးပါ။ ရပ်ကွက်ထဲက လူတွေက ကျွန်တော်တို့ကို 'ဘိန်းမုန့်မောင်နှမ' လို့ ခေါ်ကြတယ်။

*

ကျွန်တော် မှတ်မိနေသေးတယ်။ ကျွန်တော်တို့မြို့မှာ နှစ်စဉ်ဆုတောင်းပြည့်ဘုရားပွဲလုပ်တယ်။ အဲဒီနှစ်က ဘုရားပွဲမှာ အမေက ငါးခြောက်တွေ ခေါက်ပြန်ပေးယူပြီးရောင်းတယ်။ ငါးရံ့ခြောက်က နည်းနည်းနဲ့ တခြားငါးခြောက်တွေက များများယူရောင်းတာပါ။ ဟိုဗျာ…ဈေးပေါပေါနဲ့ ဆင်းရဲသားစားတဲ့ ငါးခြောက်လေ။ ငါးခုံးမခြောက်ပေါ့။ အမေက

အဝယ်များတဲ့ ငါးခုံးမခြောက်တွေကို များများယူရောင်းတယ်။ သိပ်ရောင်းရတယ်။

ညနေသုံးနာရီထိုးလောက်ဆိုရင် ကျွန်တော်တို့သားအမိသုံးယောက် ပွဲဈေးတန်းကို ရောက်နေကြပြီ။ လမ်းဘေးတစ်နေရာမှာ စောင်စုတ်ကလေးခင်းပြီး ငါးခြောက်တွေကို အဲဒီပေါ်မှာချတယ်။ သူ့အပုံနဲ့သူပေါ့။ မိုးချုပ်ရင်တော့ ဖားမီးခွက်နှစ်ခွက်ကို ထွန်းရတယ်။

ကျွန်တော်က အမေလုပ်တာကိုင်တာတွေကို အကုန်လုံးကြည့်ထားတာဆိုတော့ အမေလုပ်သလို လုပ်တတ်နေတယ်။ ချိန်ခွင်နဲ့ အလေးလည်းကောင်းကောင်း ကိုင်တတ်၊ ချိန်တတ်တယ်။ ညနေနှစ်နာရီလောက်ဆိုရင် ကျွန်တော်ပွဲခင်းထဲရောက်လို့ ဈေးခင်းပြီးနေပြီ။ အမေရောက်မလာခင် ဝယ်တဲ့လူပေါ်လာတော့လည်း ကျွန်တော်ကပဲရောင်းလိုက်တယ်။ စာမတတ်ပေမဲ့ ပိုက်ဆံတော့ ကျွန်တော်ကောင်းကောင်းကြီး တွက်တတ်နေပြီ။

အမေ ရောက်လာတော့ ကျွန်တော်နဲ့ညီမလေးက ဘေးကထိုင်၊ အမေက ဈေးရောင်း။ တစ်ခါတလေ ညီမလေးအိပ်ပျော်သွားတဲ့အခါ ပုဆိုးစုတ်ကလေးပေါ်မှာ သူ့ကိုသိပ်ထားရတယ်။ ကျွန်တော်ကတော့ အမေခိုင်းသမျှ တောက်တိုမယ်ရလေးတွေ လုပ်ကိုင်ပေးရတယ်။ အကြွေပြေးပြီးလဲပေးလိုက်၊ အမေ ဝယ်ခိုင်းတာလေးတွေ ပြေးဝယ်လိုက်နဲ့ ပျော်စရာတစ်ခုလို့ပဲ ကျွန်တော် ထင်မိပါတယ်။

တစ်ညမှာတော့ ကျွန်တော်ဟာ ပွဲခင်းထဲရောက်မှ လူချင်းသိပြီး ခင်သွားတဲ့ ကျော်ထူးဆိုတဲ့ကောင်နဲ့ လိုက်သွားမိတယ်။ သူက ပွဲသွားကြည့်ရအောင်လို့ခေါ်တာနဲ့ လိုက်သွားမိတာပါ။

"သူက ကျွန်တော့်ထက် အသက်ကြီးတော့ လူရည်ပိုလည်တာပေါ့ဗျာ။ ငါ့မှာ ပိုက်ဆံမရှိဘူး။ ပွဲကြည့်လို့ ဘယ်ရမလဲ" လို့ ကျွန်တော်က ပြောတော့ သူက "ငါ့မှာ ပါတယ်ကွ" လို့ ပြောတယ်။

ပွဲဈေးတန်းရောက်တော့ သူက ရှေ့ကသွားပြီး ဆိုင်တွေကိုဝင်ကြည့်တယ်။ ကျွန်တော်ကလည်း သူ့ဘေးနားကထိုင်ပြီး ကြည့်တယ်။ တချို့ဆိုင်ရှင်တွေက ကျွန်တော်တို့ကို မသင်္ကာဘူး။ ကြာကြာထိုင်နေရင် မောင်းထုတ်တယ်။



"ဟေ့ကောင်လေးတွေ သွား...သွား" တဲ့။ တစ်နေရာကျတော့ အလုကုန်တွေ ရောင်းတဲ့ဆိုင်ဗျ။ ရောင်းနေတာက မုတ်ဆိတ်မွေးတွေနဲ့ အရာကြီး။

"ဟေး....ကန်လေး၊ နင် ဘာယူတာလဲ။ ငါ့ကို ပြစမ်း"

အရာကြီးက ကျော်ထူးဆီထလာပြီး ကုပ်ကိုဆွဲထားတယ်။ သူ့ပုဆိုးခါးပုံစထဲ နှိုက်တယ်။ ကျော်ထူးက အတင်းရုန်းကန်ပြီးပြေးတယ်။ ကျွန်တော်ကလည်း ကြောက်လန့်ပြီး ကျော်ထူးနောက် ပြေးလိုက်တယ်။ ပြေးလို့ ဘယ်လွတ်မလဲ။ "တူခိုး....တူခိုး" လို့အော်ပြီးလိုက်တော့ လူတွေကဝိုင်းဖမ်းတာပေါ့။ မိလည်းမိရော ကျော်ထူးကငြင်းတယ်။ ဒါပေမဲ့ သူ့ခါးပိုက်ထဲက နှုတ်ခမ်းဆိုးဆေးနှစ်တောင့်နဲ့ မျက်နှာချေတစ်ဘူးတွေ့တော့ဘေးကကြည့်နေတဲ့လူတစ်ယောက်က သူ့ကိုပါးပိတ်ရိုက်တယ်။

ကျွန်တော်ကတော့ ကြောက်လွန်းလို့ တစ်ကိုယ်လုံးတုန်နေတယ်။ နိုက်ကြီးတငင် ငိုယိုပြီး "ကျွန်တော်ယူတာ မဟုတ်ဘူး၊ သူယူတာ။ သူက ကြည့်မယ်ဆိုလို့ ကျွန်တော်က လိုက်လာတာ" လို့ ပြောမိတယ်။ ဝိုင်းအုံကြည့်နေတဲ့လူတွေက တစ်ယောက်တစ်ပေါက် လျှောက်ပြောနေကြတယ်။ "ဘစ်ချက်နှစ်ချက်ရိုက်ပြီး လွှတ်လိုက်ကွာ" တဲ့။ "ရဲစခန်းသာ ပို့လိုက်ပါကွာတဲ့၊ ပစ္စည်းပြန်ရရင် ပြီးရောပေါ့ကွာ။ ပြန်လွှတ်လိုက်ပါ" တဲ့။

"ကျွန်တော်ဘာပစ္စည်းမှ မယူပါဘူးဗျာ။ သူခေါ်လို့ လိုက်လာတာပါ။ တကယ်ပါ....ကျွန်တော့်အမေနဲ့ ညီမလေး ပွဲဈေးထဲမှာ ဈေးရောင်းနေပါတယ်။ မယုံရင် လိုက်ကြည့်ပါ"

ကျွန်တော့်စကားကြောင့် လူတွေက ဝိုင်းကြည့်နေကြတယ်။ "ဟ...ဒီကောင်လေးက အတော်ငယ်သေးတာပဲ။ သူပြောတာ ဟုတ်မှာပါ" လို့ လူကြီးတစ်ယောက်က ကျော်ထူးကို လှည့်ကြည့်တယ်။ "ဟေ့ကောင် မင်းအမှန်ပြော၊ မပြောရင် မင်းနာလိမ့်မယ်" လို့ ဟောက်တယ်။

"သူ ဘာမှ မယူဘူး။ ကျုပ်က ယူတာ" လို့ ကျော်ထူးကပြောတယ်။ လူကြီးတစ်ယောက်က ကျွန်တော့်ကို အမေ့ဆီ လိုက်ပို့တယ်။ ကျော်ထူးကတော့ လူအုပ်ထဲမှာ ကျန်နေခဲ့တယ်။ သူ ဘာဖြစ်တယ်ဆိုတာ ကျွန်တော်မသိတော့ဘူး။ ကျွန်တော့်ကို လိုက်ပို့တဲ့လူကြီးက အမေ့ကိုအကြောင်းစုံ

ပြောပြပြီး ကျွန်တော့်ကိုအပ်တယ်။

"ကိုယ့်သားသမီး ကိုယ်ကြည့်ထိန်းပေါ့ကွယ်။ တော်ကြာ လူဆိုးသူခိုးလေးတွေ ဖြစ်ကုန်မယ်" လို့ လူကြီးက ပြောတယ်။ ကျွန်တော်တို့ မောင်နှမကိုလည်း သနားတယ်ထင်ပါရဲ့။ မုန့်ဖိုးတွေ တစ်ဆယ်စီပေးသွားတယ်။

အဲဒီညက အိမ်ပြန်ရောက်တော့ အမေဟာ တော်တော်နဲ့ မအိပ်ဘူး။ ကျွန်တော့်ကိုကြည့်ပြီး မျက်ရည်ကျတယ်။ ငါ့သားကို အမေ ပြောပြချင်တယ်၊ အမေက အသက်ငယ်သေးတယ်၊ မင့်အဖေသေတော့ အမေ နောက်ထပ်ယောကျ်ားတစ်ယောက်ယူရင် ရနိုင်သေးတယ်။ ဒါပေမဲ့ အမေ နောက်ယောကျ်ားမယူခဲ့ဘူး။

"အမေ ယောကျ်ားယူလိုက်ရင် ငါ့သားနဲ့ ငါ့သမီးလေးများ ပထွေးနှိပ်စက်တာ ခံရတော့မှာပဲလို့တွေးပြီး မင်းတို့ဒုက္ခရောက်မှာစိုးလို့ မယူတာ။ ပြီးတော့လည်း အမေနောက်ယူတဲ့ယောကျ်ားက မင့်အဖေလို သဘောမကောင်းရင် အမေရော မင်းတို့ပါ ဒုက္ခရောက်ကြမှာစိုးရိမ်လို့။ အခု အမေ ပြောပြနေတာ ငါ့သား။ နားလည်ရဲ့လား"

ကျွန်တော်က ခေါင်းညိတ်ပြတယ်။ သူ့ဘေးမှာအိပ်နေတဲ့ညီမလေးကို ခြင်ယပ်ပေးနေတဲ့အမေဟာ မျက်ရည်တွေ ထပ်ကျနေပြန်တယ်။ "အမေက သားတို့မောင်နှမအတွက် အနစ်နာခံထားတာ။ အမေ့ကို သနားရင်ချစ်ရင် လိမ်လိမ်မာမာနေပါ သားရယ်။ သူများပစ္စည်းခိုးတာတို့ လုတာတို့ဟာ မကောင်းဘူးသားရဲ့။ ငရဲကြီးတတ်တယ်"

"အမေကလေ...ငါ့သားကို ကျောင်းထားချင်တာ။ ဒါပေမဲ့ မဖြစ်နိုင်လွန်းလို့ အခုလို ခိုင်းစားနေရတာ။ အမေ စိတ်မကောင်းဘူး။ အမေ အဆင်ပြေသွားရင် ငါ့သားကို ကျောင်းပြန်ထားမယ်လို့ စိတ်ကူးထားပြီးသားပါ။ အရေးကြီးတာက ငါ့သားလေး လိမ်လိမ်မာမာနေဖို့ပဲ။ ဒီညဖြစ်တာမျိုး နောက်ထပ်မဖြစ်စေနဲ့နော်"

"ဟုတ်ကဲ့ပါ အမေ"

"အေး....အဲသလိုမှပေါ့။ ငါ့သား လိမ္မာရင် အမေစိတ်ချမ်းသာရတာပေါ့သားရယ်။ ဟုတ်ဘူးလား"

ကျွန်တော်က ခေါင်းညိတ်ပြတယ်။ အမေသည် သူ့ပါးနှစ်ဖက်မှ မျက်



ရည်စများကို လက်ဖဝါးနှင့် သုတ်နေသည်။ ပြီးတော့ ကျွန်တော့်ကိုကြည့်ပြီးပြုံးသည်။ အမေပြုံးတာကိုမြင်တော့ ကျွန်တော်ပျော်သွားပါသည်။

"ကဲ....သားလေး၊ အိပ်ချင်ရောပေါ့။ ကဲ....ကဲ....လာ၊ အိပ်တော့"

ကျွန်တော်သည် ရတ်တရက် အိပ်မပျော်ပါ။ အမေ့ရှိုက်သံကို တစ်ချက်နှစ်ချက် ကြားနေရသည်။

"အမေက ဘာပြုလို့ ငိုနေတာလဲဗျာ။ သား လိမ်လိမ်မာမာနေမှာပါ အမေရဲ့"

"ဩော်....အေးအေး....၊ အမေ မငိုတော့ပါဘူးကွယ်"

ထိုညကို ကျွန်တော်ဘယ်တော့မှ မေ့နိုင်မည်မထင်ပါ။ ထိုညက အမေပြောခဲ့သည့်စကားများနှင့် အမေ့ငိုရှိုက်သံများသည် ကျွန်တော့်စိတ်တွင် စွဲထင်ကျန်ရစ်ခဲ့သည် မဟုတ်ပါလား။

"နင် စိတ်ကူးမလွဲနဲ့ဟဲ့၊ ငါက အကောင်းပြောတာ။ သူတို့နဲ့ တို့နဲ့က အရမ်းခင်တာ။ သဘောလည်း ကောင်းတယ်။ စိတ်ချရတဲ့လူတွေမို့ ငါကနင့်ကို တိုက်တွန်းနေတာပါဟယ်။ နင် စိတ်ကူးမလွဲစမ်းပါနဲ့"

ကျွန်တော်တို့ရပ်ကွက်ထဲမှာ ကရင်သူနာပြုဆရာမ နော်ဂေးဆိုတာရှိတယ်။ အမေနဲ့ သိပ်ခင်တယ်။ တရှောင်ရှောင်နဲ့ နေမကောင်းဖြစ်နေတဲ့အမေ့ကို ဒေါ်နော်ဂေးက ဆေးထိုးဆေးပေးလုပ်နေပေမဲ့ သိပ်ပြီးမသက်သာဘူး။ အိမ်မှာ အမေ ဈေးထွက်မရောင်းနိုင်တော့ ကျွန်တော်ပဲအကြော်ထွက်ရောင်းနေရတယ်။ အုန်းနို့ဆန်ပြုတ်ကတော့ ထွက်မရောင်းနိုင်တော့ဘူး။ နေ့ခင်းထမင်းစားပြီးရင် ဘိန်းမုန့်တော့ ထွက်ရောင်းတယ်။

ကျွန်တော့်လုပ်စာက သိပ်ပြီးအမြတ်ကျန်တာမှ မဟုတ်တာ။ စားသောက်ရုံကလွဲပြီး တခြားကိစ္စမှာသုံးဖို့ ဘယ်ရမလဲ။ အမေ့အတွက် ဆေးဖိုးဝါးခဆိုတာက နေ့စဉ်ပူနေရပြီ။ ဒီကြားထဲမှာ တစ်ခါတစ်ခါ ညီမလေးက နေမကောင်းဖြစ်လိုက်တဲ့အခါ ကျွန်တော်တို့မှာ ငွေကြေးအခက်အခဲပိုဖြစ်ရတယ်။ အမေ့ရောဂါက အစားကောင်းအသောက်ကောင်းကျွေးမှဖြစ်မယ်တဲ့။ ဆင်းရဲလွန်းတော့လည်း ဘယ်လိုလုပ်ပြီး ကျွေးမလဲ။

အဲသလိုဖြစ်တုန်းမှာ ဒေါ်နော်ဂေးက ကျွန်တော့်ကိုရန်ကုန်ပို့ပြီး အလုပ်လုပ်ခိုင်းဖို့ ပြောနေတယ်။ ရန်ကုန်မှာ သူနဲ့အလွန်ရင်းနှီးတဲ့ မိတ်

ဆွေလင်မယားရှိတယ်။ ဦးမြသိန်း၊ ဒေါ်ယုံတဲ့။ သူတို့က အင်းစိန်မှာ လက်ဖက်ရည်ဆိုင်ဖွင့်ထားတော့ သိပ်ပြီးအဆင်ပြေနေတယ်တဲ့။ သူတို့ အနေနဲ့ ဆိုင်မှာစားပွဲထိုးလုပ်ဖို့၊ လက်တိုလက်တောင်းခိုင်းဖို့ ရိုးရိုးသားသား သူငယ်တစ်ယောက် လိုချင်လို့တဲ့။ အဲဒါ သူပြောပေးမယ်တဲ့။ လခ ကောင်းကောင်းရမယ်တဲ့"

အမေကတော့ မလွှတ်ချင်ဘူး။ ကျွန်တော်တို့မှာ အပြေးရေပါမှ သားအမိသုံးယောက်တည်းရှိတာဆိုတော့ ကျွန်တော့်ကို သူနဲ့ခွဲမထားချင်ဘူး။ "မဟုတ်ဘူး အစ်မရဲ့။ အိမ်မှာက ခိုင်းစရာလူ ကြီးကြီးမားမားဆိုလို့ ထွန်းထွန်းပဲရှိတာ။ ဒါကြောင့် စဉ်းစားနေရတာပါ" လို့ အမေကပြောတယ်။

ဘာပဲဖြစ်ဖြစ်ပေါ့လေ.....၊ အမေက မလွှတ်ချင်ပေမဲ့ ကျွန်တော်က ရန်ကုန်ဆိုတာ မြို့အကြီးကြီး မဟုတ်လား။ ရောက်ဖူးချင်တာပေါ့။ စိတ်ထဲက အမေနဲ့ ညီမလေးကိုလည်း မခွဲချင်ဘူး။ ဒါပေမဲ့ ရန်ကုန်ကိုလည်း သွားချင်တယ်။ ပြီးတော့ လုပ်ခတွေက အများကြီးရမှာမို့ လက်မလွှတ်ချင်ဘူး။

တစ်ညမှာ အမေက မေးတယ်။ "ငါ့သားကို ရန်ကုန်လွှတ်ရင် သွားမလား" တဲ့။ "သွားမယ်" လို့ ကျွန်တော်ကပြောတော့ အမေကခေါင်းညိတ်တယ်။

"ငါ့သားကို အမေက ခွဲမထားချင်ပါဘူး။ ဒါပေမဲ့ မင့်အဒေါ် ဒေါ်နော်ဂေးကိုလည်း အမေ အားနာတယ်။ သူတို့ပေးမယ့် လခကလည်း မဆိုးဘူး မဟုတ်လား။ အဲဒီတော့ ငါ့သားပျော်ရင် ခြောက်လလောက်၊ တစ်နှစ်လောက် နေကြည့်ပေါ့။ တကယ်လို့ သားမပျော်ဘူးဆိုရင်တော့ ချက်ချင်းပြန်ပို့ပေးပါလို့ အမေ မှာထားမယ်" လို့ပြောတယ်။

ကျွန်တော့်ကို ဒေါ်နော်ဂေးက လိုက်ပို့တယ်။ လောလောဆယ် အမေ့ကိုဒေါ်နော်ဂေးက ငွေ ၃၀၀၀ ပေးတယ်။ ငွေပေးတဲ့နေ့က အမေ့မျက်ရည်တွေဟာ သူ့လက်ထဲငွေစက္ကူတွေပေါ်ကို တစ်ပေါက်ပေါက်ကျနေတယ်။ အမေ ဝမ်းသာလို့ ငိုတာလား။ ဝမ်းနည်းလို့ ငိုတာလား။ အမေဟာ ကျွန်တော့်ကို သိပ်ချစ်တာ။ အဲဒီတော့ ငွေကိုမြင်ပြီး ဝမ်းသာလို့ ငိုတာတော့ မဖြစ်နိုင်ပါဘူး။



ကျွန်တော် 'တာရာမင်း' လက်ဖက်ရည်ဆိုင်ကို ရောက်စတုန်းကတော့ လုံးဝမပျော်ဘူး။ ရောက်စသုံးလေးညမှာ လုံးဝအိပ်လို့မရဘူး။ အမေနဲ့ ညီမလေးကိုပဲ သတိရနေတယ်။ ဘေးမှာ အိပ်နေတဲ့လူတွေမသိအောင် တိတ်တိတ်လေးကြိတ်ပြီး ငိုခဲ့မိတယ်။ ဆိုင်မှာ ကျွန်တော်နဲ့အတူတူ အလုပ်တွဲလုပ်ရတဲ့ စားပွဲထိုးက သုံးယောက်ရှိတယ်။ အားလုံး ကျွန်တော့်ထက် အသက်ကြီးတဲ့လူတွေချည်းပဲ။

ဆိုင်ရှင် ဦးလေးမြသိန်းနဲ့ ဒေါ်ယုံတို့ကလည်း သဘောမဆိုးပါဘူး။ ဒေါ်ယုံကတော့ တစ်ခါတလေ ဆူပူငေါက်ငမ်းချင်တယ်။ ရောက်စတုန်းက ကျွန်တော်က ပိုက်ဆံမတွက်တတ်ဘူး။ သူက ကျွန်တော့်ကို ခဏခဏ ဆူတယ်။

"ဟဲ့....သောက်အ၊ ဒါလေးမှ မတွက်တတ်ဘူးလား" တဲ့။ ကျွန်တော်က ခေါင်းခါတော့ "ဘာလဲ.....ကျောင်းမနေခဲ့ဘူးလား" လို့ မေးတယ်။ ကျွန်တော်က ခေါင်းခါပြတော့ သူ စိတ်မကောင်းဖြစ်သွားတယ်။

"ဟဲ့အကောင်.....ချိုးထုပ်၊ ဒီကိုလာစမ်း" ဒေါ်ယုံက စားပွဲထိုးမောင်သောင်းကို လှမ်းခေါ်တယ်။ မောင်သောင်းကို တစ်ဆိုင်လုံးက 'ချိုးထုပ်' လို့ ခေါ်ကြတယ်။ ဘာ့ကြောင့် အဲသလိုခေါ်ကြတယ်ဆိုတာ ပထမတော့ ကျွန်တော်မသိဘူး။ သူက အသားသိပ်မည်းတော့ အဲဒါကြောင့်ခေါ်တယ်လို့ ထင်ထားတာ။

အမှန်ကတော့ အခြားအကြောင်းတစ်ခုကြောင့် သူ့ကိုချိုးထုပ်လို့ ခေါ်နေကြတာ။ တစ်ညမှာ စားပွဲထိုးလူချို့အပြင်က ပြန်လာတယ်။ သူ့လက်ထဲမှာ ခါတိုင်းလိုပဲ အထုပ်တစ်ထုပ် ဆွဲလာတယ်။ သူက အပြင်ထွက်ခွင့်ရတဲ့ညဆိုရင် သူပြန်လာတိုင်း စားစရာတစ်ခုခု ဝယ်လာတတ်တော့ အားလုံးက ရိုးရိုးပဲ ထင်ကြတာပေါ့။

"ဟော့ကောင်...လူချို့၊ ဒီတစ်ခါ ဘာဝယ်လာလဲ" လို့ မောင်သောင်းကမေးတော့ "ကော်ပြန့်ကြော်သုတ်" လို့ ပြောတယ်။

"ဘာလဲ....တိုးကြီးကော်ပြန့်လား"

"အေး....."

ပြောပြောဆိုဆို သူ့လက်ထဲက အထုပ်ကိုလှမ်းပေးတော့ မောင်

သောင်းက ယူတာပေါ့။ စားလိုက်ဝါးလိုက်မယ်ဆိုပြီး အထုပ်ကိုလည်း ဖြည်လိုက်ရော အထဲမှာ ခွေးချီးတုံးအခြောက်တွေ ဖြစ်နေတယ်။ အဲဒီနေ့ ကစပြီး မောင်သောင်းကို အားလုံးက 'ချီးထုပ်' လို့ ခေါ်လာကြတာတဲ့။

အဲဒီနေ့က ဒေါ်ယုံက မောင်သောင်းကိုခေါ်ပြီး ကျွန်တော့်ကို ပိုက်ဆံတွက်တတ်အောင် သင်ပေးဖို့အပ်တယ်။ မောင်သောင်းကလည်း စားပွဲတစ်လုံးက ငွေရှင်းတော့မယ်ဆိုရင် ကျွန်တော့်ကိုခေါ်ပြီး တွက်ပြတယ်။ တွက်ခိုင်းတယ်။ အဲသလိုနဲ့ပဲ ကျွန်တော်ဟာ ဂဏန်းအပေါင်းအနှုတ်ကို နည်းနည်းပါးပါး တတ်လာခဲ့တာပဲ။ အခုတော့ လက်ဖက်ရည်လာသောက်ကြတဲ့လူတွေထဲက တချို့လူကြီးတွေတောင်မှ ကျွန်တော့်လောက် မြန်အောင်မှန်အောင် မတွက်နိုင်ကြဘူး။

"ဟုတ်တယ်ဗျ၊ အဲဒါ ကျွန်တော်က တကယ့်ကို သိလို့ပြောတာ။ မယုံမရှိနဲ့"

*

သားလေးထွန်းထွန်း....

အမေစာရေးလိုက်သည်။ သားလေးထံမှ တစ်လတစ်ခါ ပို့ပေးတဲ့ ငွေများကို အမေရတယ်။ အမေလည်း နေကောင်းလာပြီ။ အမေ အခုသားလေးပို့တဲ့ငွေနဲ့ မုန့်ဟင်းခါးဆိုင်ဖွင့်မလို့ စီစဉ်နေသည်။ ဖွင့်ဖြစ်ရင် မင့်ကြီးတော်အေးတို့ ဆိုင်နားမှာဖွင့်မယ်။

အမေ့ကို လုပ်ကျွေးနေတဲ့သားလေး ဘုန်းကြီးပါစေ။ သက်ရှည်ပါစေ။ အခု အမေအများကြီးနေကောင်းလာတယ်။ ညီမလေးလည်း အရပ်ရှည်လာပြီ။ ချစ်စရာကောင်းတယ်။ ငါ့သားလေး ကျန်းမာပါစေ၊ တွေ့ကရာတွေ မစားနဲ့။ လိမ္မာစွာနေပါ။ ဒီစာကို ဦးလေးငွေ ရေးပေးလိုက်တာ။

အမေ မစိန်

တစ်နေ့မှာ အမေ့ဆီက စာရောက်လာတယ်။ စာကို ဆိုင်ရှင်ဦးမြသိန်းက ဖတ်ပြတယ်။ စာလည်းဖတ်ပြီးရော သူက ကျွန်တော့်ကို "ရော့.....စာကိုသိမ်းထား" လို့ ပြောပြီးပေးတယ်။ ကျွန်တော် ရှိုက်ကြီးတငင်ငိုနေတာမြင်တော့ သူက "ဟ....ဘာဖြစ်လို့လဲ၊ မင့်အမေကို လွမ်းလို့လား" လို့



မေးတယ်။

"မဟုတ်ပါဘူး"

"ဒါဆိုရင် ဘာဖြစ်လို့လဲ၊ မင့်ညီမလေးကို သတိရလို့လား"

ကျွန်တော်က ခေါင်းခါတော့ "ကဲပါ....မင်း....ဘာဖြစ်လို့ ငိုသလဲဆိုတာ ငါ့ကို ပြောပြစမ်း" လို့ ထပ်ပြောတယ်။

"အမေ့စာကို ကျွန်တော် မဖတ်တတ်လို့"

ဦးမြသိန်းဟာ စိတ်မကောင်းဖြစ်သွားတယ်။ အဲဒီနေ့မှာပဲ ကျွန်တော့်ကို စာသင်ပေးဖို့ ဘယ်သူတာဝန်ယူနိုင်မလဲလို့မေးတော့ မုန့်လုပ်တဲ့ကိုထိန်က သူ သင်ပေးပါမယ်လို့ပြောတယ်။ ညစဉ်တစ်နာရီလောက်ပေါ့။ စာလေးဘာလေး အနည်းအကျဉ်း ရေးတတ်ဖတ်တတ်ရင် တော်ပါပြီ" တဲ့။

ကျွန်တော် စာသင်ခဲ့ရပါတယ်။ ညစဉ်ရှစ်နာရီဆိုရင် ကျွန်တော့်ကို နားခွင့်ပေးပါတယ်။ ဆိုင်ဘေးက အဖီတဲထဲမှာ ကိုထိန်က စာသင်ပေးပါတယ်။ အဲဒီနည်းနဲ့ပဲ ကျွန်တော်ဟာ ဒုတိယတန်းဖတ်စာကုန်တဲ့အထိ သင်ခဲ့ရပါတယ်။

ကျွန်တော် ဒီဆိုင်မှာလုပ်ရတာ ပျော်ပါတယ်။ မနက်စာ၊ ညစာကျွေးတယ်။ လက်ဖက်ရည်နဲ့မုန့်ကို တစ်နေ့နှစ်ခါကျွေးတယ်။ ဆာလို့သွားပြောရင် ကိုယ်ကြိုက်တဲ့မုန့်စားပြီး လက်ဖက်ရည်တစ်ခွက်ကတော့ သောက်ရတယ်။ အလုပ်ကတော့ ပင်ပန်းတာပေါ့ဗျာ။

ကျွန်တော် ဒီဆိုင်ကိုရောက်လာစက ပိုက်ဆံလည်း မတွက်တတ်၊ လက်ဖက်ရည်မှာရင်လည်း အူတူတူအတတဖြစ်လွန်းလို့ လူတိုင်းရဲ့ အဟောက်နဲ့ အငေါက်ကို ခံခဲ့ရတယ်။ ကျွန်တော့်ကိုခင်နေတဲ့ ဦးသိန်းအောင်ဆိုတဲ့ လူကြီးကဆိုရင် ကျွန်တော့်ကို နာမည်အသစ် ပေးထားတယ်။ "ဓိုးရိုး-ဓိုးရိုး သုည" တဲ့။ ကြာလာတော့ တခြားလူတွေကပါ 'ဓိုးရိုး-ဓိုးရိုး သုည' လို့ လိုက်ခေါ်လာကြတယ်။ တချို့ကတော့ "ဟေ့ကောင်....ဓိုးရိုး လက်ဖက်ရည်ပေါ့ကျတစ်" လို့ ပြောလေ့ရှိတယ်။

တစ်ညနေခင်းမှာတော့ ဦးသိန်းအောင်ကြီးတို့အဖွဲ့ ရောက်လာတယ်။ "ဟေ့....ဓိုးရိုး-ဓိုးရိုး သုည ဒီကိုလာပါဦး" လို့ခေါ်တယ်။ "ကျွန်တော့်ကို အဲဒီနာမည် မခေါ်နဲ့တော့" လို့ပြောတော့ သူက "အံမယ်...မင့်နာမည်ဝဲ

ဟာ။ ဘာပြုလို့ မခေါ်ရမှာလဲ" တဲ့။

"ကျွန်တော် စာဖတ်တတ်နေပြီ။ ဓီးရိုး မဟုတ်တော့ဘူး"

"ဟာ....ဟုတ်လား။ အေး.....မင်း စာကို ဘယ်လောက်အထိ ဖတ်တတ်ပြီလဲ"

"စာလုံးတွေ ပေါင်းဖတ်တတ်ပြီ"

"ဟုတ်ပြီ....ဒါဆိုရင် မင့်ကို နာမည်အသစ်ပေးလိုက်မယ်။ ဓီးရိုး–ဓီးရိုး တစ်။ ဘယ့်နှယ်လဲ၊ မင်းကြိုက်ရဲ့လား"

ကျွန်တော်က ဘာမှပြန်မပြောတော့ သူကကျွန်တော့်ကိုကြည့်ပြီး တဟားဟား အော်ရယ်နေတယ်။ ဘေးလူတွေကလည်း ဝိုင်းရယ်နေကြတယ်။ အဲဒီနေ့ကစပြီး လူတွေက ကျွန်တော့်ကို 'ဓီးရိုး တစ်' လို့ ခေါ်ကြပြန်တယ်။ ဘာပဲဖြစ်ဖြစ်လေ ကျွန်တော့်အဖို့ကတော့ 'ဓီးရိုးပဲတစ်–တစ်၊ ဓီးရိုးပဲနှစ်နှစ်' ကိုယ့်ဘဝလေးက အဆင်ပြေနေတော့ အမေနဲ့ညီမလေးကို လွမ်းတဲ့အချိန်သောက်ကလွဲပြီး ကျန်တဲ့အချိန်တွေမှာ ပျော်နေတာပဲ။

*

တစ်ရက်မှာ အမေရောက်လာတယ်။ "ဒီနှစ်သင်္ကြန်မှာ ထွန်းထွန်းကို ရှင်ပြုချင်လို့ လာခေါ်တာ" လို့ ပြောတယ်။ ဆိုင်ရှင်တွေကလည်း သဘောသိပ်ကောင်းပါတယ်။ ကျွန်တော့်ကို ခွင့်ပေးပါတယ်။ "တို့မှာလည်း ကောင်လေးကို သံယောဇဉ်ဖြစ်နေပြီဟဲ့။ ရှင်ပြုပြီးရင်တော့ တို့ဆီကိုပဲ ပြန်ပို့ပေးပါ" လို့ ဒေါ်ယုံကပြောပါတယ်။

ဒီနှစ်သင်္ကြန်နားနီးတော့ ကျွန်တော် အရပ်ကို ပြန်လာခဲ့ပါတယ်။ ကျွန်တော့်ကို ချီးထုပ်မောင်သောင်းက လိုက်ပို့ပေးပါတယ်။ ကျွန်တော့်ကိုရှင်ပြုတော့ တာရာမင်းလက်ဖက်ရည်ဆိုင်ပိုင် ဦးမြသိန်း၊ ဒေါ်ယုံတို့က အလှူငွေလည်း ထည့်တယ်။ ရှင်ပြုပွဲကို စားပွဲထိုး ချီးထုပ်၊ လှချို၊ ခင်ထွန်းနဲ့ မုန့်သမားကိုထိန်တို့ကိုပါခေါ်ပြီး လာကြပါတယ်။

ကျွန်တော် ကိုရင်ဘဝနဲ့ ၁၄ ရက် နေခဲ့ပါတယ်။ ဒီရက်တွေမှာ အမေနဲ့ညီမလေးကို နေ့စဉ်တွေ့ရတော့ စိတ်ချမ်းသာပါတယ်။ အမေက အရင်ကနဲ့မတူတော့ပါဘူး။ အသားတွေလည်း ဖြူလာတယ်။ ဝလည်း ဝလာ



တယ်။ အမေ့ မုန့်ဟင်းခါးဆိုင်ကလည်း လူအဝင်များနေတယ်။

ကျွန်တော့်ညီမလေး တင့်တင့်လည်း ဝလို့လှလို့ပဲ။ ကျွန်တော့်ကို မေ့မသွားဘူး။ ရောက်ကတည်းက ကျွန်တော့်နားက မခွာဘူး။ ကိုရင်ဝတ်တော့လည်း ကျောင်းလိုက်လာပြီး အနားမှာပဲ ကစားနေတယ်။ ညနေ အမေလာပြီးခေါ်မှ ပြန်တာ။

တစ်ရက်မှာ ဒေါ်နော်ဂေးက ကျွန်တော့်ကိုမေးတယ်။ "ဟဲ့ကိုရင်၊ နင်... ရန်ကုန်ကို ပြန်မှာပဲလား" တဲ့။

"ပြန်မှာပေါ့ ဒကာမကြီးရဲ့။ ကျုပ် မပြန်လို့ ဘယ်ဖြစ်မလဲ" လို့ ပြန်ပြောတော့ သူကအော်ရယ်နေတယ်။ အမေကတော့ ကျွန်တော့်ကိုကြည့်ပြီး ပြုံးနေပါတယ်။

အမေ့အပြုံးဟာ ချစ်စရာကောင်းပါတယ်။ သနားစရာလည်း ကောင်းပါတယ်။ ပြီးတော့ ပျော်စရာလည်း ကောင်းပါတယ်။

❑

# အိမ်ပြေး

ကျွန်တော် သူ့အကြောင်း စဉ်းစားလိုက်တိုင်း တစ်ကိုယ်လုံး ကြိုးနှင့်တုပ်ပြီး မိန်းမတစ်ယောက်က ဆွဲခေါ်လာသည့် ပေပေရေရေကောင်လေး တစ်ယောက်ကို ပြန်မြင်ယောင်လာလေ့ရှိပါသည်။ ထိုစဉ်က ကောင်လေးသည် တစ်ကိုယ်လုံး ဖုန်အလိမ်းလိမ်း ကပ်နေသည်။ ခါးတွင် နက်ပြာရောင်ဇစ်ဆွဲဘောင်းဘီကို ဝတ်ထားသော်လည်း ကိုယ်တွင်အကျႌမပါပါ။ မျက်နှာတွင်လည်း ကြေးအထပ်ထပ်ကပ်နေသဖြင့် စိတ်ပျက်စရာ ကောင်းလှပါသည်။

ကျွန်တော်တို့ရုံးပေါ်ရှိ လူအားလုံးတို့သည် သူ့ကိုကြည့်ပြီး ရယ်မိခဲ့ကြသည်။ သူ့ကိုဆွဲလာသည့် မိန်းမမှာလည်း ထမီမနိုင်၊ ပဝါမနိုင်ဖြစ်နေသဖြင့် ၎င်းအားထက် ရယ်အားသန် ဖြစ်ခဲ့ကြရပါသည်။ တရားသူကြီးကိုယ်တိုင်ပင်လျှင် သူတို့ကိုကြည့်ပြီး "ဘယ်လိုတွေ ဖြစ်တာလဲဟ" ဟု ရေရွတ်ကာ ရယ်ခဲ့ရပါသည်။

ယခု ကျွန်တော် စိန်မောင်အကြောင်းရေးသည့်အခါ အခက်အခဲများ



စွာနှင့် ကြုံခဲ့ရပါသည်။ စိန်မောင်သည် ကျွန်တော်ထားလိုသည့်နေရာ၌ မနေပါ။ အမြဲတစေ ထွက်ပြေးဖို့ ကြိုးစားနေသဖြင့် သူ့ကိုအတင်းအဓမ္မ ထိန်းချုပ်ကာ ကျွန်တော်ရောက်စေလိုသောနေရာသို့ ပို့ပေးခဲ့ရပါသည်။

ကျွန်တော့်အမြင်ကိုပြောရလျှင် စိန်မောင်သည် ယခုအချိန်အထိ 'အိမ်ပြေး' ဘဝမှ မထွက်သေးပါ။ သူသည် အဝေးပြေးကုန်တင်ကားကြီးတစ်စီးဖြင့် 'အိမ်ပြေး' လုပ်နေဆဲဖြစ်ပါသည်။

*

(၁)

"အသေဝနာစ ဗာလနံ၊ ပဏ္ဍိတနဉ္စ သေဝနာ၊ ပူဇာစ ပူဇနေယျာနံ၊ ဧတံ မင်္ဂလ မုတ္တမံ"

ကျွန်တော် တောင်ဥက္ကလာပဘုန်းကြီးကျောင်းတွင် ပညာသင်နေစဉ်က ထိုစာပုဒ်ကို အခြားကျောင်းသားများနှင့်အတူ သံပြိုင်အော်ခဲ့ဖူးပါသည်။ စာသင်ဆရာ ဦးပဥ္စင်းဦးဇဋိလက 'အာဂုံဆောင်ရမည်' ဟုပြော၍သာ ကျွန်တော်အော်ခဲ့ခြင်းဖြစ်ပါသည်။ စာပုဒ်၏ အဓိပ္ပာယ်ကိုတော့ လုံးဝနားမလည်ပါ။

အမှန်တော့ ကျွန်တော်သည် စာပေါ်တွင် နည်းနည်းကလေးမှ စိတ်ဝင်စားခဲ့သူ မဟုတ်ပါ။ အဖေနှင့်အမေကထား၍သာ ကျောင်းနေခဲ့ရခြင်းဖြစ်ပြီး ဦးပဥ္စင်းက စာသင်ပေး၍သာ စာသင်နေခြင်းဖြစ်သဖြင့် စာနှင့်ပတ်သက်လာလျှင် ဘာမှ နားမလည်ပါ။ သူများယောင်၍သာ ယောင်နေခြင်းဖြစ်ရာ အမောင်တောင်မှန်းမြောက်မှန်းမသိသည့်အကောင် ဖြစ်ပါသည်။

ကျွန်တော်စိတ်ဝင်စားသည်မှာ ကစားဖို့၊ သူတစ်ပါးကို မခံချင်အောင် စပို့ပြောင်ဖို့နောက်ဖို့နှင့် ရန်ဖြစ်ဖို့သာဖြစ်၏။ ရန်ဖြစ်ပြီဆိုလျှင်လည်း ကိုယ်က လက်ဦးအောင်လုပ်ဖို့သာ စဉ်းစားသည်။ "မင်းနေပုံထိုင်ပုံနဲ့ တောဘုန်းကြီးကျောင်းမှာသာဆိုရင် ဘုန်းကြီးရိုက်လို့ မသာပေါ်မှာပဲ" ဟု ဦးပဥ္စင်းဦးဇဋိလက ချီးကျူးစကားပြောဖူးပါသည်။

ကျွန်တော့်အမူအကျင့်မှာ အိမ်တွင်လည်း အဆင်မပြေပါ။ လမ်းထဲ

ရပ်ကွက်ထဲတွင်လည်း အဆင်မပြေပါ။ အိမ်မှာကျတော့ ကျွန်တော့်ညီကို စလွန်း၍ ထိုးကြိတ်လွန်း၍ အမေနှင့်အဆင်မပြေပါ။ ရပ်ကွက်ထဲကျတော့လည်း ကစားဖော်ကစားဖက်များနှင့် ရန်ဖြစ်လွန်း၍ အဆင်မပြေပါ။

လူဆိုသည်မှာ ကိုယ့်အကြောင်း ကိုယ်သာအသိဆုံးဖြစ်သည်။ အမှန်အတိုင်းသာ ဝန်ခံရလျှင် ကျွန်တော်သည် လူညစ်လူကျယ်တစ်ဦးဖြစ်သည်။ ဘယ်သူနှင့် ဘာပဲကစားကစား မညစ်ဘဲမနေနိုင်ပါ။ ညစ်ရမှ ကျေနပ်သူဖြစ်၏။ ကျွန်တော်က ညစ်၍ရန်ဖြစ်ကြပြန်တော့လည်း ကျွန်တော်က ဦးအောင်လုပ်ပြီး ထွက်ပြေးသည်။ အိမ်ကိုတိုင်သူရောက်လာတော့ အမေက ကျွန်တော့်ကိုရိုက်သည်။ တစ်ခါတလေကျတော့ လာတိုင်သူနှင့် အမေတို့ရန်ဖြစ်ကြသည်။

ဘာ့ကြောင့်မှန်းတော့ ကျွန်တော်မသိပါ။ အမေနှင့် အခြားလူတစ်ယောက် ရန်ဖြစ်ပြီဆိုလျှင် ကျွန်တော်သဘောကျသည်။ ဝမ်းလည်းသာသည်။ အမေ မသိအောင် တိတ်တိတ်ကလေးကျိတ်၍ 'နောင်ဂျိန်ဆိုင်း' တီးပေးပါသည်။ အကယ်၍များ ထိုရန်ပွဲတွင် အမေရှုံးပြီဆိုပါက ကျွန်တော်ပို၍ဝမ်းသာသည်။ ဘာ့ကြောင့် ထိုကဲ့သို့ ဖြစ်ရပါသနည်း။ ကျွန်တော် မသိပါ။

*

(၂)

ကျွန်တော့်နာမည်မှာ စိန်မောင်ဖြစ်သည်။ ဦးခေါင်းကကြီးကြီး၊ မျက်နှာဝိုင်းဝိုင်း၊ မျက်လုံးပြူးပြူး၊ နဖူးကမောက်၍ နာခေါင်းကပြားကာ ပါးစပ်က ပြဲသည်။ ဤကြားထဲ သွားကခေါနေလိုက်သေးသည်။ အဖေနှင့်တူသဖြင့် အသားအရောင်က နက်မှောင်နေသည်။ တကယ်တော့ ကျွန်တော်သည် အလွန်အရုပ်ဆိုးသည့်ကောင် ဖြစ်ပါသည်။ ကျွန်တော့်ကို လူအများက 'သရဲစိန်' ဟု ခေါ်ကြသည်။ 'သရဲစိန်' ဟု ပြောလိုက်လျှင် မသိသူမရှိပါ။ နာမည်ကြားရုံမျှဖြင့် နှာခေါင်းရှုံ့ကြသူက များပါသည်။

ကျွန်တော့်ညီ စိန်အောင်ကျတော့ ကျွန်တော်နှင့်မတူပါ။ ကျွန်တော်က အရုပ်ပုပု၊ ဂင်တိုတို။ သူက ပိန်ရှည်ရှည်၊ ရုပ်ရည်ကျတော့လည်း



ကျွန်တော့်လောက် အရုပ်မဆိုးပါ။ သူက အမေနှင့်ပိုတူသဖြင့် ကျွန်တော့်ထက်ပို၍ ရုပ်ဆင်းအင်္ဂါပြေပြစ်သည်။ စိတ်ချင်းကျတော့လည်း မတူပါ။ သူက အေးအေးဆေးဆေးသမားဖြစ်၍ ကျွန်တော်က ပူညံပူညံသမား ဖြစ်သည်။

ကျွန်တော့်အဖေ ကိုမြသည် အစိုးရဌာနတစ်ခုတွင် ယာဉ်မောင်းဖြစ်၍ အမေဒေါ်နှင်းက နန္ဒဝန်ဈေးတွင် ငါးပိငါးခြောက်ရောင်းသည်။ အမေစကားများသလောက် အဖေက စကားနည်းသည်။ ပြုံးခြင်း၊ ရယ်ခြင်းလည်း မရှိပါ။ အမေနှင့်ရန်ဖြစ်လျှင် 'ဖေ' နှင့် ကိုင်တုတ်တတ်သည်။ တစ်ခါတစ်ရံ ထ၍ရိုက်တတ်သည်။ ကျွန်တော်နှင့် ထိပ်တိုက်တွေ့လျှင် 'မအေ' နှင့် ကိုင်တုတ်ကာ နားရင်းကိုတစ်ချက်နှစ်ချက် အုပ်တတ်သည်။ စိန်အောင်ကတော့ အဖေ့ကိုအသေကြောက်သဖြင့် ဘာပြဿနာမှ မရှိပါ။

ဘုန်းကြီးကျောင်း၌နေစဉ်ကတော့ ကျွန်တော်ကျောင်းမပြေးပါ။ ရပ်ကွက်ထဲက မူလတန်းကျောင်းရောက်တော့ ကျောင်းပြေးသည့်အလုပ်ကို မှန်မှန်လုပ်သည်။ ကျောင်းတက်ရက်ငါးရက်တွင် လေးရက်ကျောင်းမရောက်ပါ။ ကျောင်းချိန်ကုန်သည်အထိ လျှောက်သွားနေပါသည်။ ၁၀ ရပ်ကွက်ဈေး၊ မြင်သာဈေး၊ တာမွေဈေးနှင့် သဃ်န်းကျွန်းဈေးများသည် ကျွန်တော်စားကျက်ကျသည့်နေရာများဖြစ်သည်။

တစ်ရက်လောက်တော့ ကျောင်းရောက်ပါသည်။ ရောက်သည်ဆိုရုံသာဖြစ်၏။ တစ်ခါတစ်ရံ ကျောင်းပေါက်ဝ၌ ခဏတစ်ဖြုတ်နေပြီး ပြန်ခဲ့ပါသည်။ တစ်ခါတလေကျတော့ ကျောင်းခန်းထဲဝင်ထိုင်သည်။ ဆရာမက ကျွန်တော့်အားခုံပေါ်တက်ခိုင်းပြီး မေးလားမြန်းလား လုပ်သည်။

"ဟဲ့အကောင် စိန်မောင်၊ နင် ကျောင်းမတက်တာ ခဏခဏပဲ။ ဘာဖြစ်လို့လဲ။ နင် ကျောင်းပြေးနေတာ မဟုတ်လား"

"မဟုတ်ဘူး ဆရာမ၊ အမေ နေမကောင်းလို့ မလာတာ"

"အမေ နေမကောင်းတာနဲ့ ကျောင်းတက်တာ တခြားစီပဲ။ ဘာဆိုင်လို့လဲ"

"ဆိုင်တယ် ဆရာမ။ ကျွန်တော်က အမေ့ကို ဈေးကူရောင်းပေးရတယ်"

ဆရာမက ကျွန်တော့်အား မသင်္ကာသည့်မျက်နှာထားဖြင့် ကြည့် သည်။

ကျွန်တော်ကတော့ ဂရုမစိုက်ပါ။ လိမ်ပြောနေကျဖြစ်၍ ရိုးနေပါပြီ။ သူယုံတာမယုံတာ ကျွန်တော့်အလုပ်မဟုတ်ပါ။ လိမ်ရမည့်အလုပ်မှာ ကျွန်တော့်အလုပ်ဖြစ်ပါသည်။ သို့သော်လည်း အမြဲတစေ လိမ်ညာနေခြင်းသည် ကောင်းသည်မဟုတ်ပါ။ တစ်လိမ်နှစ်လိမ်မှ လေးငါးခြောက်လိမ်ဖြစ်လာသည့်အခါ ကိုယ်ရှုးကိုယ်ပတ် ဖြစ်လာတတ်ပါသည်။

တစ်ရက်တွင် အိမ်သို့ ဆရာမ ရောက်လာသည်။ ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်တွင်လာခြင်းဖြစ်၍ အိမ်တွင် အဖေရောအမေပါရှိသည်။ ကျွန်တော်လိမ်ထားသမျှ အားလုံးပေါ်ကုန်သည်။ အဖေကရော အမေကပါ ကျွန်တော့်အား ဝိုင်း၍ရိုက်ကြသည်။ "နင် ခွေးဖြစ်ချင်သလားဟဲ့ စိန်မောင်ရဲ့" ဟု အမေကမေးရာ ကျွန်တော်က ခေါင်းညိတ်ပြမိသည်။ အဖေက သူ့လက်ထဲမှ ဝါးခြမ်းပြားတစ်ချောင်းဖြင့် ကျွန်တော့်ခေါင်းကို အချက်ပေါင်းများစွာရိုက်သည်။ ဝါးခြမ်းပြားမှာ ခပ်တုတ်တုတ်ဖြစ်သဖြင့် ကျွန်တော့်ခေါင်းတွင် ဘုတွေထွက်ကုန်ပါသည်။

ရိုက်၍အားရသောအခါ အဖေက "မအေ....၊ မသာဖြစ်သွားမယ်။ ငါ့ကို ဘာကောင်ထင်သလဲ" ဟု ကြိမ်းသည်။ ထိုနေ့က တစ်နေ့လုံးဘယ်ကိုမှ မသွားရပါ။ အပြင်ထွက်လျှင် ခြေထောက်ရိုက်ချိုးပြီး ကြိုးနှင့်တုပ်ထားမည်ဟုပြောသဖြင့် ကျွန်တော်မထွက်ရဲ။

ညနေခင်းကျတော့ အဖေသည် ထုံးစံအတိုင်း လမ်းထိပ်ထွက်၍ အရက်သောက်သည်။ အပြန်ကိုတော့ ခေါက်ဆွဲကြော်နှစ်ထုပ်ဝယ်ထားပြီး ကျွန်တော်တို့ကိုကျွေးသည်။ ကျွန်တော့်အား သူ့လိုအောက်ကျနောက်ကျ မဖြစ်အောင် ကျောင်းမှန်မှန်တက်ဖို့ ဆုံးမစကားပြောသည်။ ကျွန်တော်ကလည်း "အဖေ့လို အောက်ကျနောက်ကျ မဖြစ်ချင်ဘူး။ ဒါပေမဲ့ ကျောင်းတော့ မတက်ချင်ဘူး" ဟု စိတ်ထဲက ပြန်ပြောမိပါသည်။

*

(၃)

နောက်တစ်နေ့တွင် ကျွန်တော် ကျောင်းပြန်တက်သည်။ ကျောင်းခန်းထဲ၌ ငြိမ်ငြိမ်ကုပ်ကုပ်ကလေး ထိုင်နေရသည်မှာ စိတ်ညစ်လှပါသည်။



ဆရာမက ဘာတွေသင်နေမှန်းလည်း ကျွန်တော်မသိပါ။ တစ်ခါတစ်ရံတော့လည်း ကြားမိသည်။ မြေရှင်ခေတ်တဲ့၊ ကျေးကျွန်ခေတ်တဲ့၊ ဘာတွေမှန်းမသိပါ။ ကိုယ်စိတ်မဝင်စားသည့်အကြောင်းအရာတွေကို ကြားနေရသည်မှာ နားငြီးလှပါသည်။ အများအားဖြင့် ကျွန်တော်သည် အိပ်ငိုက်နေသည်က များပါသည်။

နေ့ခင်းကျောင်းဆင်းချိန်တွင် ကျွန်တော်သည် ဈေးထဲရှိအမေ့ထံသွားသည်။ အမေဝယ်ကျွေးသည့် မုန့်ဟင်းခါးကို တဝတပြဲ စားရ၏။ အမေ့အလစ်တွင် အမေ့ပိုက်ဆံသေတ္တာထဲမှ ဆယ်တန်သုံးရွက်ကို နှိုက်ယူလိုက်သည်။ ပြီးတော့ အိမ်ပြန်ခဲ့သည်။ အမေကတော့ တကယ်အိမ်ပြန်မည်ထင်သဖြင့် ကျွန်တော့်ညီအတွက် ခေါက်ဆွဲသုပ်ဝယ်သွားဖို့ မုန့်ဖိုးပေးလိုက်ပါသေးသည်။ ကျွန်တော်ကတော့ အိမ်ပြန်သည်မဟုတ်ပါ။ ဘတ်စ်ကားစီး၍ သဃ်န်းကျွန်းဈေးသို့ လာခဲ့သည်။ ဈေးရောက်တော့ ကျွန်တော်နှင့်ခင်နေသည့် ငတိုးကိုလိုက်ရှာရာ အဆင်သင့်ပင် တွေ့ရပါသည်။

"အံမာ...မင်းက ကျောင်းလွယ်အိတ်တွေ ဘာတွေနဲ့ ဘယ်လိုဖြစ်လာတာလဲ" ဟု ငတိုးက မေးသည်။ ကျွန်တော်ကပြောပြတော့ သူကရယ်သည်။ "မင်းက ဖွတ်ကျားပဲ၊ ငါ့လို လုပ်ပေါ့ကွ။ ငါကတော့ ထွက်လာကတည်းက အိမ်ဘက်ကို ခြေဦးမလှည့်တော့ဘူး" ဟု ပြောသည်။

ငတိုးသည် ကျွန်တော့်ထက် သုံးလေးနှစ်ခန့်ကြီးသည်။ အိမ်ပြေးလုပ်နေသည်မှာ ကြာပြီဖြစ်၍ ကျွန်တော့်ထက်အတွေ့အကြုံ ပိုများသည်။ လမ်းပေါ်မှ စာမေးပွဲတော်တော်များများကို ဖြေဆိုအောင်မြင်ထားသူဖြစ်၍ ကျွန်တော် ဆရာတင်ရမည့်ကောင် ဖြစ်ပါသည်။

"ဟေ့ကောင် စိန်မောင်၊ ငါ့မှာ ငွေသုံးရာလောက် ရှိတယ်။ ပဲခူးသွားရအောင်။ ရွှေမော်ဓောဘုရားပွဲ ရှိတယ်ကွ"

"ငါ့မှာတော့ သုံးလေးဆယ်ပဲရှိတယ်။ ကျောင်းစာအုပ်တွေ ရောင်း ရင် ဘစ်ဆယ်၊ တစ်ဆယ့်ငါးကျပ်လောက်တော့ ရမယ်ထင်တာပဲ"

ကျွန်တော်တို့သည် ဈေးထိပ်ရှိ စက္ကူပုလင်း ကုလားဆိုင်သွား၍ စာအုပ်များရောင်းသည်။ ငတိုး၏ အစီအစဉ်အရ ပဲခူးလော်ကယ်မီးရထားကို သင်္ဃန်းကျွန်းဘူတာမှ စောင့်စီးကြ၏။ ဘူတာစဉ်ရပ်နားသော မီး

ရထားဖြစ်၍ စီးရသည်မှာ ပျင်းစရာကောင်းလှသည်။ ကျွန်တော်တို့သည် မီးရထားရပ်တိုင်း တွဲပြောင်းစီးကြခြင်းဖြင့် အပျင်းဖြေကြရလေသည်။

ငတိုးသည် ကျွန်တော့်လို ထူထူထိုင်းထိုင်း မဟုတ်ပါ။ အလွန်သွက်လက်ဖျတ်လတ်ပြီး လက်ရဲဇက်ရဲနိုင်လှပါသည်။ မီးရထားပေါ်တွင် ကျွန်တော်တို့သည် ဝယ်လာသည့်မြေပဲလှော်၊ ပဲကြီးလှော်၊ ဆီးသီးထုပ်စသည့်သရေစာများစား၍ လိုက်ပါခဲ့ကြသည်။

"ဟေ့....ငတိုး၊ ဇာလာနံ့ဆိုတာ ဘာလဲကွ" ဟု ကျွန်တော်က မေးသည်။

"မင်းကလည်းကွာ....ဒါလေးမှ မသိဘူးလား။ ဇာလာနံ့ဆိုတာ လူမိုက်ကိုပြောတာကွ။ မင်္ဂလသုတ်ထဲမှာ ပါတယ်လေကွာ"

"အေး....ဟုတ်တယ်။ ငါ မင်္ဂလသုတ်ကျက်တုန်းက ပြောသံကြားဖူးတယ်။ မသေချာလို့ မင့်ကို ထပ်မေးကြည့်တာ"

ငတိုးက ကျွန်တော့်မျက်နှာကို စိုက်ကြည့်ပြီး တဟားဟား အော်ရယ်သည်။ ကျွန်တော့်စကားကို မယုံကြည်သည့်သဘောဖြစ်ပါသည်။ ခဏမျှအကြာတွင် သူသည်ရထားတွဲထဲလျှောက်သွားနေသည်။ ကျွန်တော်ကတော့ အိပ်ပျော်သွားပါသည်။ ညနေစောင်း၍ ပဲခူးဘူတာသို့ မီးရထားဆိုက်ခါမှပင် ငတိုးကနှိုး၍ ကျွန်တော်အိပ်ပျော်ရာမှ နိုးလာသည်။

မီးရထားပေါ်မှ ဆင်းလာသည့်အခါ ငတိုးသည် သူ့ပုဆိုးခါးပုံစထဲ၌ ထိုးထားသည့်ပိုက်ဆံအိတ်ကို ဆွဲထုတ်ကာ လမ်းဘေးသို့ တအားလွဲ၍ လွှင့်ပစ်လိုက်ပါသည်။ ပြီးတော့ ကျွန်တော့်အား မျက်စိမှိတ်ပြပြီး 'ငွေရှစ်ရာကျော် ရလာတယ်။ မင်းသိရဲ့လား၊ အကြံအဖန်ဆိုတာ ရှိရတယ်ကွ' ဟု ပြောကာ သူ့အကျီအိတ်ကပ်ကို လက်နှင့်ပုတ်ပြလေသည်။

ကျွန်တော်တို့သည် ရွှေမောဓောဘုရားပွဲ၌ သုံးရက်မျှကြာသည်။ ထိုသုံးရက်အတွင်း ငတိုးက ဆရာ၊ ကျွန်တော်က တပည့်။ သူသည် ကျွန်တော့်အား ခိုးနည်း၊ ဝှက်နည်း၊ နှိုက်နည်းများကိုသာမက မိသွားလျှင် ဘယ်လိုလုပ်ရမည် စသည်များကိုပါ သင်ပေးသည်။

ဒုတိယညတွင် ကျွန်တော်နှင့် ငတိုးသည် ပွဲခင်းတစ်ဖက်ရှိ ကွင်းပြင်ထဲသို့ ရောက်သွားကြသည်။ သူက အီးယိုချင်သည်ဟုပြောကာ ခြုံကြို



ခြုံကြားများရှိရာသို့ သွားသည်။ ကျွန်တော်က တစ်နေရာမှ ထိုင်စောင့်နေရပါသည်။

ကောင်းကင်ပြင်သည် မည်းနက်နေသည်။ ကြယ်ပွင့်ကလေးများကတော့ တလက်လက်။ ကျွန်တော် တစ်ခါမှ စိတ်ဝင်တစားမကြည့်ခဲ့ဖူးသော ရှုခင်းဖြစ်၏။ ကျွန်တော်သည် ကြယ်များဆီသို့ တွေဝေငေးမောနေမိသည်။

"အံမယ်လေးဗျ"

အသံမှာ ကျယ်လွန်းလှသဖြင့် ကျွန်တော့်တစ်ကိုယ်လုံး တုန်ခါသွားသည်။ အလန့်တကြား ထရပ်ကာ အော်သံလာရာဘက်သို့ မျှော်ကြည့်နေမိသည်။

"သူခိုး....သူခိုး....ဓားပြ....ဓားပြ"ဟူသော နောက်ဆက်တွဲအော်သံများ ကြားရပြန်သည်။ ကျွန်တော့်ဆီကို ပြေးလာနေသော လူတစ်ယောက်။ ငတိုးမှ ငတိုး အစစ်။

"ဟေ့ကောင်....စိန်မောင်၊ ပြေး.....ပြေး"

သူ့အသံကြောင့် ကျွန်တော်သည် ချာခနဲ ဒုန်းစိုင်းသည်။ ဘယ်ဆီသို့ ဦးတည်ပြီး ဘယ်လောက်ကြာကြာ ပြေးနေမိသည်မသိပါ။ နောက်မှလိုက်လာသည့်ငတိုးက "ရပ်....ရပ်....ရပ်ပါတော့ဟ" ဟု အော်ခါမှပင် ရပ်လိုက်ပါသည်။ မြေပေါ်၌ ခြေပစ်လက်ပစ်ထိုင်နေသော ကျွန်တော့်ကိုကြည့်ကာ ငတိုးသည် တအားကုန်ရယ်လျက်ရှိသည်။

"ဟား.....ဟား......ဟီး....ဟီး၊ အမယ်လေး.....အမယ်လေး"

သူသည် ကျွန်တော့်ဘေး၌ထိုင်ကာ ဗိုက်ကိုလက်တစ်ဖက်နှင့်နှိပ်၍ အော်အော်ပြီး ရယ်နေဆဲ။ "ဟေ့ကောင်....ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ" ဟု မေးသော်လည်း အဖြေမပေးနိုင်။ ကျွန်တော့်ဘက်လှည့်၍ လက်ဝါးဘာပြကာ အတောမသတ်အောင် ရယ်မောနေဆဲပင်ဖြစ်သည်။ အချိန်အတော်ကြီးကြာခါမှပင် အရယ်ကိုရပ်ကာ သူ့အဖြစ်ကို ပြောပြသည်။

ငတိုးသည် ချုံကွယ်၌ထိုင်၍ အီးပါရင်း ဟိုဟိုသည်သည် စိတ်ကူးသွက်ရှိသည်။

ထိုအခိုက်တွင် သူ့ချုံနှင့် မလှမ်းမကမ်းမှ လူနှစ်ယောက်လျှောက်သွား

သည်ကို မြင်လိုက်ရ၏။ တစ်ယောက်က ယောကျ်ား၊ တစ်ယောက်က မိန်းမ။

လမ်းပေါ်မှ လောကတွင်း၌ ကျင်လည်ကျက်စားနေခဲ့သည်မှာ ကြာပြီဖြစ်သောငတိုးသည် ချက်ချင်းအထာပေါက်သည်။ နှာဘူးနှင့် မိန်းမရှင် ချောင်ကောင်းကောင်း၌ ကလီကမာလုပ်ရန် လာကြခြင်းဖြစ်ရမည်။ သူသည် ချောင်းကြည့်နေသည်။ ဖိနပ်များကိုချွတ်၊ လက်က ကိုင်ထားသည်။ သူထင်သည့်အတိုင်းပင်ဖြစ်၏။

ငတိုးသည် လက်ရဲဇက်ရဲသမား။ သူသည် မှောင်ရိပ်နိုကာ စုံတွဲရှိရာသို့လေးဖက်ထောက်၍ တွားသွားသည်။ သူ အနားကပ်ပြီးချိန်အထိ စုံတွဲက သူ့ကိုမမြင်။ သူသည် တစ်ခဏမျှ အသက်အောင့်၍ကြည့်သည်။ ကြည့်ရင်းနှင့်ပင် စိတ်ထဲက ယားလာသည်။ ထိုအခါ လက်ကပါ ယားလာသဖြင့် ယောကျ်ား၏ 'ဖင်' ကို လွှဲရိုက်လိုက်ပြီး ကဆုန်စိုင်းလာခဲ့သည်။

ငတိုးသည် သူလုပ်ခဲ့သမျှကို ဖောက်သည်ချရင်း တဟီးဟီး၊ တဟားဟား ဖြစ်လာပြန်သည်။ ကျွန်တော်လည်း မနေနိုင်ပါ။ သူနှင့်အတူရောရယ်နေမိသည်။ ရယ်ရလွန်း၍ နှစ်ဦးစလုံး မောနေကြပါသည်။

ယခုတစ်ခေါက်တွင် ကျွန်တော်သည် ငတိုးနှင့်ယခင်ကထက်ပို၍ ရင်းနှီးလာသည်။ ငတိုးသည် ကျွန်တော့်ထက် အသက် နှစ်နှစ်ခန့်ကြီးသော်လည်း နှုတ်ကျိုးနေပြီဖြစ်၍ 'ငတိုး' ဟုပင် ခေါ်ပါသည်။ သူကတော့ ကျွန်တော့်ကို 'ဗာလာနံ' ဟု ခေါ်သည်။ ငတိုးသည် သဘောကောင်းသည်။ ပျော်တတ်သူဖြစ်သဖြင့် ပြောင်ပြောင်နောက်နောက် နေတတ်သည်။ အသားမဖြူမညို၊ မျက်လုံးပြူးပြူး၊ နှာတံပေါ်ပေါ်၊ မျက်ခုံးကောင်းကောင်းနှင့် ရုပ်ရည်ချောမောပြေပြစ်သူဖြစ်သည်။ ငတိုးသည် ကျွန်တော့်လို အရုပ်မဆိုးပါ။

တစ်ခါတစ်ရံတွင် သူသည် မှိုင်နေတတ်သည်။ ပထမသော်ကျွန်တော် သတိမထားမိပါ။ တစ်ညတွင် သူနှင့်ကျွန်တော်သည် ဆိပ်ခံကြီးပေါ်၌ ထိုင်နေကြသည်။ လဆန်းရက်ဖြစ်၍ လရောင်သည် ပတ်ဝန်းကျင်ကို အလင်းရောင်ဖြင့် ဖြန့်အုပ်ထားသည်။ ငတိုးသည် သူ့ခါးပုံစထဲ၌ ကောက်ထည့်ထားသည့် ကျောက်စရစ်ခဲများဖြင့် ရေထဲသို့ ပစ်ကစားနေသည်။



သူ့လက်ထဲ ခဲကုန်သွားသည့်အခါ သူသည်ငြိမ်ဆိတ်နေသည်။ ခဏကြာတော့ သူ့ထံမှ ရှိုက်သံတစ်ချက် ကြားရသည်။ ကျွန်တော် အလန့်တကြားလှည့်ကြည့်မိသည်။ သူ့ပါးပေါ်တွင် မျက်ရည်စီးကျနေသည်ကို မြင်ရသည်။

"ဟေ့ကောင် ငတိုး၊ ဘာဖြစ်လို့လဲ" ဟု ကျွန်တော်က မေးသည်။ သူက အဖြေမပေးဘဲ ပုဆိုးစဖြင့် မျက်ရည်များကို သုတ်ပစ်နေသည်။

"ဘာမှ မဖြစ်ပါဘူးကွာ၊ ငါ့ညီမလေးနှစ်ယောက်ကို လွမ်းလို့ပါ" ဟု ဖြေသည်။ သူ့အသံတွင် ငိုသံပါနေသည်။ ကျွန်တော်ဘာပြောရမှန်းမသိပါ။ ထိုညက ကျွန်တော်တို့ အိပ်ကြသည့်အခါ ငတိုး၏ရင်ဖွင့်မှုကြောင့် သူ့ဇာတ်ကြောင်း တစ်စွန်းတစ်စကို သိလာရသည်။ သူသည် တောင်ငူမြို့မှ ထွက်ပြေးလာသူဖြစ်၏။ သူ့အဖေသည် မြို့နယ်အရာရှိတစ်ဦးဖြစ်သည်။ သူ့အမေသည် သူ့ကိုမွေးပြီး နှစ်နှစ်ခန့်အကြာတွင် အမြွှာပူး မိန်းကလေးနှစ်ယောက်မွေးသည်။ သူ့ညီမလေးတွေ သုံးနှစ်အရွယ်တွင် သူ့အမေ ကွယ်လွန်သည်။

သူ့အမေဆုံးပြီး သုံးနှစ်ခန့်အကြာတွင် သူ့အဖေ နောက်အိမ်ထောင်ပြုသည်။ ထိုအချိန်မှစ၍ သူတို့ဘဝသည် အဆင်မပြေဖြစ်လာသည်။ အထူးသဖြင့် ငတိုးခေါ် တိုးမြင့်သည် မိထွေး၏ တစ်ဖက်စီးနင်းနိုင်မှုများကြောင့် အိမ်တွင်မနေချင်ဖြစ်လာသည်။ သူ့အဖေကလည်း သူ့စကားကို မယုံ၊ မိထွေးပြောသမျှကိုသာ ယုံကြည်လက်ခံသည်။ သူခြောက်တန်းရောက်သည့်နှစ်တွင် သူ့ငွေခိုးသည်ဟူသော မိထွေး၏စွပ်စွဲမှုကြောင့် သူ့အဖေ၏ အဆူအပူကိုသာမက အရိုက်ကိုပါ ခံရလေသည်။

တစ်ရက်တွင် သူသည် အိမ်မှထွက်ပြေးလာခဲ့သည်။ ပထမတွင် ပျဉ်းမနားမြို့ သွားသည်။ ထိုမှတစ်ဆင့် ပဲခူးသို့ရောက်သည်။ ထို့နောက် ရန်ကုန်မြို့ရောက်သည်။ အိမ်မှထွက်ပြေးလာခဲ့သည်မှာ တစ်နှစ်ကျော်ပြီဟု သိရ၏။ သူ့အနေဖြင့် သူ့အဖေကို သတိမရပေမင့်လည်း သူ့ညီမလေးများကိုတော့ တစ်ခါတစ်ရံ သိပ်ပြီးသတိရသည်။ သူ့ညီမလေးတွေကို မိထွေးက နှိပ်စက်နေမလားဟူသောအတွေးဖြင့် အလွန်စိတ်ပူသည်။

"ငါ့ညီမလေးတွေက ချစ်စရာလေးတွေကွ။ သနားစရာလည်း ကောင်း

တယ်။ ငါ သူတို့ကို သိပ်သတိရတယ်"

သူ့စကားကြောင့် ကျွန်တော် စိတ်မကောင်းဖြစ်ရပါသည်။

"မင်း ပြန်ပါလား၊ ငါလည်း လိုက်ခဲ့မယ်လေ" ဟု ကျွန်တော်ကပြောရာ သူက ခေါင်းခါသည်။

"ပြန်လို့မဖြစ်ပါဘူးကွာ။ မိထွေးက တော်တော်ဆိုးတာကွ၊ မင်းနေဖူးရင် အကြောင်းသိသွားမယ်" ဟု သူက ပြန်ပြောသည်။ အမှန်အတိုင်းပြောရလျှင် သူ့စကားကို နားလည်သလိုလိုရှိသော်လည်း သိပ်ပြီးသဘောမပေါက်ပါ။

"မင်းက ငါ့ထက် အခြေအနေပိုကောင်းပါတယ်ကွာ။ မအေရော အဖေရော ရှိနေတာပဲ။ ဘာပြုလို့ အခုလို အိမ်ပြေးလုပ်နေရတာလဲ။ ပြန်သင့်တာက မင်းကွ" ဟု သူက ပြောသည်။

ကျွန်တော် ဘာပြောရမှန်း မသိပါ။ သူ့စကားသည် ကျွန်တော့်စိတ်ကို တစ်မျိုးဖြစ်သွားစေခဲ့ပါသည်။

"အေးကွာ...ငါလည်း အိမ်မှာနေရတာ မပျော်ဘူးကွ။ ဒါကြောင့် ပြေးလာတာ" ဟုသာ ပြန်ပြောလိုက်ပါသည်။ ဘာပဲဖြစ်ဖြစ် ထိုညမှစ၍ ကျွန်တော်နှင့်ငတိုးသည် ယခင်ကထက်ပို၍ ရင်းနီးသွားသည်ဟု ထင်ပါသည်။

*

(၅)

တစ်ရက်တွင် ဖြစ်သည်။ ထိုနေ့မနက်က ကျွန်တော်နှင့်ငတိုးသည် ကောက်ညှင်းပေါင်းနှင့် ပဲပြုတ်တဝတပြဲစားပြီး လက်ဖက်ရည်သောက်ကြသည်။ ထို့နောက် လူစည်ကားလျက်ရှိသော ငါးဈေးဘက်သို့ ထွက်လာခဲ့ကြသည်။ ဈေးဝအရောက်တွင် ရုတ်တရက် မိန်းမတစ်ယောက်က ကျွန်တော့်ဆံပင်ကို တအားဆွဲဆုပ်ထားခြင်း ခံလိုက်ရပါသည်။ မော့ကြည့်လိုက်တော့ ကျွန်တော့် အမေဖြစ်နေသည်။ ငတိုးကတော့ ကျွန်တော့်အမေမှန်း မသိသဖြင့် အမေ့လက်ကို အတင်းဆွဲပြီး တွန်းဖယ်ပစ်နေသည်။

"ဘာလဲဗျ......၊ သူက ခင်ဗျားကို ဘာလုပ်လို့လဲ" ဟုလည်း ငတိုးက



အော်သည်။ အမေကတော့ ကျွန်တော့်ဆံပင်ကို လုံးဝမလွှတ်ပါ။ နာလွန်းသဖြင့် ခေါင်းမှဦးရေတွေ ကွာကုန်ပြီဟုပင် ထင်ရပါသည်။

"ဘာလဲ....ခွေးသူခိုး၊ နင်နဲ့ဘာဆိုင်လို့လဲ။ ဒါ ငါ့သား၊ ဒီအကောင် အိမ်ပြေးလုပ်နေတာကြာပြီ။ သင်းကို လိုက်ရှာနေတာ ကြာလှပြီ။ အခုမှမိတာ" ဟုအမေက ငတိုးကို ပြန်အော်သည်။

"လာကြပါဦးတော်....ဒီကောင်ကို ဝိုင်းဖမ်းပေးကြစမ်းပါ။ လွတ်သွားမှာ စိုးလို့ပါ" ဟုလည်း အော်သည်။

လူတွေ ဝိုင်းရုံထားသည်။ ငတိုးလည်း ဘယ်ရောက်သွားမှန်းမသိပါ။ အမေက အကူအညီတောင်းသဖြင့် ငါးဈေးမှ အလုပ်သမားတချို့က ကျွန်တော့်လက်နှစ်ဖက်ကိုပူး၍ ကြိုးနှင့်ချည်ပေးသည်။ အမေသည် ကြိုးကိုဆွဲ၍ ကျွန်တော့်အား ခေါ်လာခဲ့သည်။ ကျွန်တော်က ရှန်းသည့်အခါ မျက်ခွက်ကို လက်သီးနှင့်ပိတ်ပိတ်ထိုးပါသည်။ ကြာတော့လည်း ကျွန်တော်မရုန်းဝံ့တော့ပါ။ ကျွန်တော့် မျက်ခွက်တစ်ခုလုံး ဖူးယောင်ပြီး နှာခေါင်းမှ သွေးများကျနေပြီမဟုတ်ပါလား။

လမ်းတွင် အချို့လူများက–

"အဒေါ်ကြီး ဘာဖြစ်လို့လဲ။ ဒီကောင်က သူခိုးလား" ဟု မေးသည်။

"သူခိုးမဟုတ်ဘူးတော်ရေ့....အိမ်ပြေး....အိမ်ပြေး၊ ကျုပ်သား အိမ်ပြေး။ အခုမှတွေ့လို့ ဖမ်းလာတာ" ဟု အော်ကြီးဟစ်ကျယ် ပြောသည်။ ကျွန်တော့်မှာ ရှက်လွန်း၍ခေါင်းမဖော်ဝံ့ပါ။

အမေသည် ကျွန်တော့်အား ကလေးသူငယ်တရားသူကြီးရှေ့အထိ ဆွဲခေါ်သွားသည်။

"ဟော့ဒါ ကျွန်မသား စိန်မောင်ပါရှင်။ ဆိုးလွန်းလို့ လာအပ်တာပါ။ ကျောင်းထားလို့လည်း မရဘူး။ အိမ်က ထွက်ပြေးတာအကြိမ်ပေါင်း မနည်းတော့ဘူး။ အခုတစ်ခါဆိုရင် ထွက်ပြေးသွားတာ ကြာလှပြီ။ ကျွန်မသူ့ကို လိုက်ရှာနေတာလည်း ကြာလှပြီ။ ဒီနေ့မှမိလို့ ခေါ်လာတာပါ။ ဆရာကြီးကောင်းသလို အရေးယူပေးပါ" ဟု ပြောသည်။

တရားသူကြီးက လက်မှကြိုးကို အဖြေခိုင်းသည်။ အမေက ကြိုးဖြေပေးလျှင် ထွက်ပြေးလိမ့်မည်ဟု ပြောပါသည်။ "ဟော့ကောင်၊ မင့်ကို ကြိုး

ဖြေပေးမယ်၊ ထွက်ပြေးမှာလား" ဟု တရားသူကြီးက မေးသည်။ "မပြေးပါဘူး" ဟု ကျွန်တော်က ဖြေသဖြင့် ကြိုးဖြေပေးပြီး တရားရုံးတစ်နေရာတွင် ထိုင်ခိုင်းထားသည်။

အမေသည် ကျွန်တော့်နားမှ မခွာပါ။ လာ၍ စပ်စုသူများကိုကျွန်တော့်မကောင်းကြောင်းဖောက်သည်ချလျက်ရှိသည်။

"ရှင်တို့ မြင်တဲ့အတိုင်းပဲ ရုပ်ကကြောင်ချေးရုပ်ဖြစ်နေပြီ။ ဆံပင်ကြီးကလည်းရှည်လို့၊ အဝတ်တွေကလည်း စုတ်ပြတ်နေလိုက်တာ သူ့ဖင်တောင်မလုံဘူး။ ကျွန်မတို့က သူ့ကိုနှိပ်စက်နေလို့ ထွက်ပြေးရတယ်ဆိုရင်လည်း ဟုတ်သေးရဲ့၊ အခုဟာက သူ့ကိုအားလုံးက ဖူးဖူးမှုတ်ထားတာရှင့်။ အဲဒါကိုလည်း ထွက်ထွက်ပြေးနေတာ။ အံ့ပါ့တော်၊ ဒီအကောင်က သရဲဘဝက လာသလား၊ မှင်စာဘဝက လာသလား မသိပါဘူး" ဟု အမေက မဲ့ရွဲ့ပြီး ပြောနေသည်။

မည်သို့ပင်ဖြစ်စေ အချိန်ကြာလာတော့ အမေ့စိတ်သည် ပြန်လည်ပျော့ပျောင်းလာသည်။ လူကြုံနှင့် ထမင်းတစ်ထုပ်မှာပြီး ကျွန်တော့်ကိုကျွေးသည်။ လက်ဖက်ရည်တိုက်သည်။ ပြီးတော့ "ဘာစားဦးမလဲ" ဟု မေးသည်။ ကျွန်တော်ခေါင်းခါပြပြီး "အမေကော ဘာမှမစားဘူးလား" ဟု ပြန်မေးသည့်အခါ အမေက ခေါင်းယမ်းသည်။ "အမေ မဆာဘူးလား" ဟု ထပ်မေးသည့်အခါတွင် "မဆာဘူး" ဟု ဖြေသည်။ အမေ့အသံတွင် ငိုသံပါနေပါသည်။

ထိုနေ့က ကလေးသူငယ်စောင့်ရှောက်ရေးအရာရှိသည် ကျွန်တော့်အမေကိုခေါ်၍ ကျွန်တော့်ကိစ္စကို ဆွေးနွေးသည်။ ထို့နောက် ကျွန်တော့်ကိုခေါ်၍ ကောင်းကောင်းမွန်မွန်နေရန် ဆုံးမသည်။ နေ့ခင်းပိုင်းတွင် တရားသူကြီးက ကျွန်တော့်အား သင်တန်းကျောင်းတွင် ကောင်းမွန်စွာနေထိုင်သွားမည်ဆိုပါက နှစ်နှစ်မပြည့်မီ ပြန်လွှတ်မည်ဟုလည်း ပြောလိုက်ပါသည်။

အမေသည် မျက်ရည်စက်လက်နှင့် ကျန်ခဲ့သည်။ ကျွန်တော်သင်တန်းကျောင်းတွင် လုံးဝမပျော်ပါ။ နှစ်လကျော် သုံးလနီးပါးခန့်အကြာ တွင် အဖော်ကောင်းသဖြင့် ထွက်ပြေးခဲ့သည်။ ကျွန်တော့်အဖော်မှာ စိုးတင့်



ဆိုသူဖြစ်၍ တစ်ချိန်က ကီလီဈေးတစ်ဝိုက်တွင် နာမည်ဆိုးရှိခဲ့သူဖြစ်လေသည်။

ယခုတစ်ခေါက် ကီလီတစ်ဝိုက်၌ နေရသည်မှာ အသက်ရှူမချောင်လှပါ။ အရင်တစ်ခါလို အမေလိုက်လာပြီး ဖမ်းဦးမည်ဆိုပါက ကျွန်တော်ဒုက္ခရောက်ရပါလိမ့်ဦးမည်။ စိုးတင့်နှင့်တွဲနေရသည်မှာလည်း မကောင်းပါ။ စိုးတင့်သည် တစ်ဖက်သားကို အနိုင်ကျင့်ချင်သည်။ ရန်လည်း အလွန်ဖြစ်ချင်သည်။ ကျွန်တော့်စိတ်နှင့် မကိုက်ပါ။ ကျွန်တော်သူနှင့် ငါးရက်ခန့်သာတွဲပြီး လူချင်းခွဲလာခဲ့ပါသည်။

ကျွန်တော်ငတိုးကို လိုက်ရှာသော်လည်း မတွေ့ပါ။ ငတိုးတစ်ယောက်ပျောက်နေပါသည်။ သင်တန်းကျောင်းတွင် ကျွန်တော်ရောက်နေစဉ် ကီလီတစ်ဝိုက်မှ လူလေလူလွင့်များကိုဖမ်းဆီးသည်ဟု ကြားခဲ့ရဖူးသည်။ ကျွန်တော်တို့လိုကောင်တွေ ဆယ့်ငါးယောက်ခန့် သင်တန်းကျောင်းသို့ ရောက်လာသည်။ ထိုအထဲတွင် ငတိုး ပါမလာပါ။ ငတိုးသည် အပြင်မှာပဲ ရှိရမည်။ သို့ဆိုလျှင် အခု သူဘယ်ရောက်နေသနည်း။

သူ့ညီမလေးတွေကိုလွမ်း၍ တောင်ငူပြန်သွားလေပြီလား။ ကျွန်တော်စိတ်မကောင်းဖြစ်မိပါသည်။ အကယ်၍ သူမရှိတော့ဘူးဆိုလျှင် ကျွန်တော်မည်သူနှင့် တွဲရမည်နည်း။ ကျွန်တော်တို့လောကတွင်လည်း တစ်ယောက်တည်းနေ၍ မဖြစ်ပါ။ တစ်ကိုယ်တော်ဆိုလျှင် စားဝတ်နေရေးတွင် ဘဝလုံခြုံမှုမရှိပါ။ သူများကကြောက်အောင် လူမိုက်လုပ်နေရပါလိမ့်မည်။

ကျွန်တော် ဘယ်လိုနေရလျှင် ကောင်းပါမည်နည်း။

*

(၆)

ကျွန်တော်သည် ကိုယ့်ဘာသာကိုယ် တစ်ယောက်တည်းနေမည်ဟု ဆုံးဖြတ်လိုက်သည်။ ထိုကဲ့သို့ ဆုံးဖြတ်လိုက်သည့်အချိန်မှစ၍ ကျွန်တော်သည် ဘယ်သူနှင့်မှ အပေါင်းအသင်းမလုပ်တော့ပါ။ ကျွန်တော်တစ်ယောက်တည်း နေထိုင်သွားလာလှုပ်ရှားသည်။ အိပ်သည့်နေရာကိုပင် အတည်တကျမထားပါ။ ဒီည ဒီနေရာအိပ်လျှင် နောက်ည တခြားတစ်

နေရာသို့ ပြောင်းအိပ်သည်။ "တို" စရာရှိလျှင် ကိုယ့်ဘာသာကိုယ် တစ်ယောက်တည်း တိုသည်။ ရောင်းစရာရှိလျှင်လည်း ကိုယ့်အဆက်နှင့်ကိုယ် တစ်ယောက်တည်း သွားရောင်းသည်။

တစ်နေ့တွင် ကျွန်တော်သည် မြို့ထဲတစ်နေရာမှ တိုထားသည့်ရုပ်အင်္ကျီနှင့် စပို့ရှပ်အင်္ကျီများကို လမ်းဘေးပလက်ဖောင်း အဟောင်းဆိုင်သို့ သွား၍ရောင်းသည်။ ဆိုင်ရှင်နှင့်ကျွန်တော် ငွေပေးငွေယူလုပ်နေခိုက်တွင် ကျွန်တော့်ဘေးသို့ လူတစ်ယောက်လာရပ်သည်။ တခြားလူမဟုတ်ပါ။ စိုးတင့်ဖြစ်သည်။

"ဘယ်လိုလဲကွ စိန်မောင်ရ၊ မင်းထောစိန်ကြီး ဖြစ်နေတာကိုး။ တို့လည်း နည်းနည်းပါးပါး ခွဲဝေစားပါဦး"

စိုးတင့်က စပ်ဖြဲဖြဲမျက်နှာထားဖြင့် ကျွန်တော့်ကိုကြည့်၍ ပြောသည်။ ကျွန်တော်က ဘာမှပြန်မပြောဘဲ လှည့်ထွက်လာသည့်အခါ နောက်မှကပ်လိုက်လာသည်။ ထိုအခါကျမှပင် သူနှင့်အတူ အဖော်နှစ်ယောက် ပါလာသည်ကို သတိထားမိ၏။ သူ့အဖော်ကို ကျွန်တော် သိပါသည်။ ဖိုးလုံးဆိုသည့်ကောင်ဖြစ်သည်။ သူသည် အတို့အထောင်သမားအဖြစ် နာမည်ကြီးသူဖြစ်၏။

"ဘယ်လိုလဲ ဆရာကြီးရဲ့၊ "မာ" လှချည်လား။ တို့ကို စကားလေး ဘာလေး ပြောပါဦး"

ငါးဈေး၏တစ်ဖက်ရှိ ဘောတံတားအရောက်တွင် ကျွန်တော်က ဖျတ်ခနဲလှည့်ပြီး သူနှင့်မျက်နှာချင်းဆိုင်လိုက်သည်။ သူသည် အရှိန်လွန်ကာ ကျွန်တော့်ကို ဝင်တိုက်သည်။ ကျွန်တော်က သူ့ရင်ဘတ်ကို ဆောင့်တွန်းလိုက်သဖြင့် ဖင်ထိုင်လျက် လဲကျသွားသည်။ ကျွန်တော်သည် ဘာမှစဉ်းစားမနေတော့ပါ။ သွားလေရာတွင် အမြဲဆောင်ထားသည့် သံကြိုးကိုထုတ်၍ သူ့ခေါင်းကို တစ်ချက်လွှဲရိုက်လိုက်သည်။ သူသည် ဘေးတစ်ဖက်သို့ စောင်းလျက် လဲကျသွားသည်။ သံကြိုးမှာ သေးသေးမဟုတ်။ အတုတ်စားဖြစ်သည်။ အရှည်မှာ တစ်တောင်နီးပါးခန့်ရှိ၍ ရိုက်ချက်ပြင်းလျှင် အသက်ပင်ပျောက်လောက်ပါသည်။ ထိုသံကြိုးအား လွှဲလွှဲရိုက်သည့် အကျင့်ကို အားတိုင်းယားတိုင်း လုပ်နေခဲ့သောကျွန်တော်သည် အချိန်အ



ဆ ကောင်းကောင်းထား၍ ရိုက်တတ်နေသည်မှာ ကြာခဲ့ပြီ။

"ကိုယ်က နိုင်ချင်လျှင် လက်ဦးအောင်လုပ်ရမည်" ဟု ခံယူထား သဖြင့် စိုးတင့်အား ယခုကဲ့သို့ လက်မြန်ခြေမြန် ရိုက်ထည့်လိုက်ခြင်း ဖြစ်၏။ သူလဲကျသွားသည့်အခါ ကျွန်တော်သည် သူ့တစ်ကိုယ်လုံးကို နောက်ထပ်လေးငါးခြောက်ချက်ခန့် ထပ်ရိုက်လိုက်သည်။ သူ့နောက်လိုက် ဖိုးလုံးမှာမူ ထွက်ပြေးသွားပြီဖြစ်၍ မရိုက်လိုက်ရပါ။

ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ နီးရာမှတ်တိုင်မှ ဘတ်စ်ကားတစ်စီးပေါ် တက်စီးလာခဲ့သည်။ မြောက်ဥက္ကလာပ ရောက်လာသည့်အခါ ပုရွက်ဆိတ်ကုန်းဘူတာသို့ လျှောက်လာခဲ့သည်။ စိုးတင့်အား ရိုက်ခဲ့သည့် သံကြိုးကို ထိုအနီးအနား တစ်ပိုက်တွင် လွှင့်ပစ်ခဲ့သည်။ ကျွန်တော်သည် မြို့ပတ်ရထားဖြင့် မင်္ဂလာဒုံဘူတာသို့ လိုက်လာခဲ့လေသည်။

စိုစိုစိမ်းစိမ်း လယ်ကွင်းများကို လှမ်းမြင်နေရသည်။ ကျွန်တော့်ရင်ထဲတွင် ပူလောင်လျက်ရှိသည်။ စိုးတင့်တစ်ယောက် သေများသွားမလား။ ဤရိုက်နှက်မှုကြောင့် ကျွန်တော် ထောင်ကျမလား။ အခုလောက်ဆိုရင် ရဲက ကျွန်တော့်နောက်ကိုခြေရာခံ၍ လိုက်နေပြီလား။ ငတိုးဆိုတဲ့ကောင် ဘယ်ရောက်နေပါလိမ့်။ အမေနဲ့အဖေရော နေလို့မှကောင်းကြရဲ့လား။ ကျွန်တော့်ဦးနှောက်သည် အတွေးပေါင်းစုံဖြင့် နောက်ကျိနေပါသည်။

ကျွန်တော်သည် မင်္ဂလာဒုံဈေးသို့ ရောက်သောအခါ ဆယ့်တစ်နာရီ ကျော်သွားပြီ။ ကျွန်တော်သည် ဆိုင်တစ်ဆိုင်တွင် ထမင်းဝင်စားသည်။ စိတ်ပူစရာတွေ ရှိနေသဖြင့် ထမင်းမစားနိုင်။ စိုးတင့်သေသလား၊ အကယ်၍ သေသွားခဲ့ပါမူ ကျွန်တော့်တွင် ကြောက်စိတ်ဝင်နေသည်။ ထောင်ကျမှာကတော့ သေချာနေပြီ။ ကျွန်တော် ဘာကြောင့်ဒီလောက်မိုက်ရသနည်း။

အဖေနှင့်အမေသည် ကျွန်တော့်အပေါ် ဆိုးကြသည်မဟုတ်၊ သူတို့ဘတ်နိုင်သမျှ ရှာဖွေကျွေးမွေးကြသည်။ ကျောင်းထားပေးသည်။ ပညာဘတ်စေချင်လွန်း၍ ဆူဆူပူပူလုပ်သည်မှတစ်ပါး အခြားနစ်နာအောင် လုပ်ခဲ့ခြင်းမရှိပါ။ သို့ပါလျက်နှင့် ကျွန်တော်သည်–

"မင့်မှာ မအေရော ဖအေရောရှိနေတာပဲ၊ ဘာပြုလို့ အိမ်ပြေးလုပ်နေရတာလဲ။ ပြန်သင့်တာ မင်းကွ"

ငတိုးပြောခဲ့သည့် စကားများကို ကျွန်တော်ပြန်လည်ကြားယောင် နေမိသည်။ ကျွန်တော် အိမ်သို့ပြန်လာခဲ့သည်။ ကျွန်တော်အိမ်ပြန်တော့ ညခုနစ်နာရီထိုးနေပြီ။ ကျွန်တော်က အကြောင်းစုံပြောပြပြီး နောင်တရသည့် စကားများကိုပြောသည့်အခါ ဝမ်းနည်းပက်လက်ငိုသည်။ အဖေကတော့ သူ့မျက်နှာကို တစ်ဖက်သို့ လွှဲထားပါသည်။

"နောင်တရတာကတော့ ကောင်းပါတယ်။ ဒါပေမဲ့ မင့်နောင်တက သိပ်နောက်ကျနေပြီ စိန်မောင်ရ။ အင်း.....တစ်ခုတော့ရှိပါတယ်။ မင်းရိုက်ခဲ့တဲ့ကောင်က မသေလို့ တော်သေးတာပေါ့။ ခေါင်းကွဲသွားတဲ့ဒဏ်ရာတစ်ခုပဲ ကြီးကြီးမားမားရှိတယ်။ နောက်တစ်ခုကောင်းတာက မင်းက အသက်မပြည့်သေးတော့ ထောင်တော့ကျမယ် မထင်ပါဘူး။ ဒီအိမ်ကို လိုက်လာတဲ့ရဲတွေက ပြောပြသွားလို့ တို့အကုန်သိထားပြီးပြီ"

အဖေက ကျွန်တော့်အား စိတ်ရှည်လက်ရှည် ရှင်းပြသည်။

"မင်းထွက်ပြေးဖို့ စိတ်မကူးနဲ့၊ အမှုကို ရင်ဆိုင်ပြီးတော့ အပြစ်ကို ခံလိုက်" ဟုလည်းပြောသည်။ ဤသို့ဖြင့် ကျွန်တော်သည် အသက် ၁၆ နှစ်ပြည့်ချိန်အထိ သရက်ဘော်စတယ်၌ နေရမည်ဟု အမိန့်ချမှတ်ခြင်းခံရပါသည်။ အခုမှ ကျွန်တော့်အသက်သည် ၁၄ နှစ်ဆိုတော့ နောင် နှစ်နှစ်ကြာမှ ကျွန်တော်လွတ်မည်ဖြစ်ပါသည်။

*

(၇)

အခုတစ်ကြိမ်တော့ဖြင့် ကျွန်တော်ထွက်ပြေးဖို့ စိတ်မကူးတော့ပါ။ ထွက်ပြေးဖို့ ကြိုးစားပါသည်။ လွတ်မြောက်နိုင်စရာ မရှိပါ။ စိတ်နှလုံးတုံးတုံးချကာ အေးအေးဆေးဆေးပင်နေပါသည်။ နောက်နှစ်နှစ်ဆိုလျှင် ကျွန်တော့်အသက် ၁၆ နှစ်ပြည့်တော့မည်။ အလုပ်လုပ်လို့ ရတော့မည်။ ကျွန်တော်တို့ကို အဖေရွာကျွေးနေသည်မှာ ကြာခဲ့ပြီ။

ကျွန်တော်တို့က တစ်လှည့်ရွာကျွေးဦးမှ ဖြစ်တော့မည်။ အခုတစ်ခေါက် အပြင်ရောက်လျှင် အဖေ့ဆီမှာ ကားမောင်းသင်မည်။ ဒါမှမဟုတ် ကားပြင်ပညာသင်ရလျှင် ကောင်းမလား။ ကျွန်တော်သည် ကိုယ့်စိတ်ကူး



နှင့်ကိုယ် လေထဲတွင် တိုက်အိမ်ဆောက်လျက် ရှိလေသည်။

ဤသို့ဖြင့် ကျွန်တော်သည် သရက်ဘော်စတယ်တွင် တစ်နှစ်ကျော်၍ ခုနစ်လအတွင်းသို့ပင် ဝင်ခဲ့ပြီ။ ကျွန်တော့်အဖို့ နောက်သုံးလေးလဆိုလျှင် လွတ်ပေတော့မည်။ သို့သော်လည်း ကျွန်တော်သည် ကံမကောင်းပါ။ အချိန်အခါကျမှ ပြဿနာကောင်တစ်ကောင်နှင့် ထိပ်တိုက်တွေ့နေရ သည်။ ပြဿနာကောင်မှာ ဗလက္ကာရပြုမှု၊ ဓားထိုးမှုနှင့်ရောက်လာသော ကျော်မွှေးဆိုသူဖြစ်သည်။ သူသည် အလွန်ရန်လိုသူဖြစ်၏။ ကြီးနိုင်ငယ်ညှဉ်းလုပ်ချင်လုပ်သူလည်းဖြစ်၏။

ကျွန်တော်တို့အဆောင်တွင် ကျော်မွှေးနှင့်တည့်သူဟူ၍ မရှိပါ။ အားလုံးက သူ့ကိုကျော်ကျော်ပြီး မွှေတတ်သည်ဟုဆိုကာ 'ကျော်မွှေ' ဟု နာမည်ပေးထားကြသည်။ သူသည် ကျွန်တော့်ကို သုံးလေးကြိမ်ခန့် အနိုင်ကျင့်ခဲ့ဖူးသည်။ ပထမတစ်ကြိမ်နှစ်ကြိမ်တုန်းကတော့ လက်သီးနှင့်ထိုးခြင်း၊ ခြေထောက်နှင့် ဆောင့်ကန်ခြင်းများဖြစ်သဖြင့် ကျွန်တော် ပြန်မလုပ်ခဲ့ပါ။ နောက်ဆုံးအကြိမ်ကျတော့ ကျွန်တော် စိတ်မထိန်းနိုင်ဖြစ်ခဲ့ရသည်။

ထိုနေ့က ကျော်မွှေးအပါအဝင် လူငယ်လေးယောက်သည် ထင်းတာဝန်ကျကြသည်။ ထင်းတာဝန်ဆိုသည်မှာ လွှနှင့်ဖြတ်ထားသော သစ်တုံးများကို ပုဆိန်နှင့်ခွဲကြရခြင်းဖြစ်၏။ ခွဲသည့်အခါ အလှည့်ကျခွဲကြရပြီး အသင်းများကို ငါးဖိုသို့ သယ်ပို့သူက ပို့ပေးကြရသည်။ တစ်ကြိမ်တွင် ကျွန်တော်သည် ထင်းခွဲအလှည့်ပြီး၍ ထင်းချောင်းများကို တစ်ချောင်းချင်း ဆွဲယူ၍ လက်ပေါ်တင်နေခိုက် ကျော်မွှေးက ကျွန်တော့်ကို နောက်မှနေ၍ ခြေထောက်နှင့်ဆောင့်ကန်သည်။ "ဟေ့ကောင် ငါ့ကို ဘာမိုက်ကြည့်ကြည့်နေတာလဲ" ဟုပြောကာ ထင်းချောင်းတစ်ချောင်းဖြင့် ကောက်ရိုက်သည်။

ကျွန်တော်က သူ့ထင်းချောင်းကို မရရအောင် ဆီးဖမ်းပြီး လုယူလိုက်သည်။ ထို့နောက်တော့ သူ့ကို တရစပ်တွန်း၍ ရိုက်မိပါတော့သည်။ သူသည် ထင်းပုံများကြားတွင် လိမ့်နေသည်။ ကျွန်တော်တို့နှင့်တွဲ၍ တာဝန်ကျသူ မောင်ချောကလည်း ထင်းချောင်းဖြင့် ကျွန်တော့်ဘက်မှ ကူရိုက်သဖြင့် ကျော်မွှေးအတော်ကြီး အထိနာသွားပါသည်။

ဤအမှုအတွက် ကျွန်တော့်အား သရက်ဘော်စတယ်၌ နောက်ထပ်

တစ်နှစ်ဆက်လက်နေရမည်ဟု သာယာဝတီမြို့ကလေးသူငယ်တရားရုံးမှ အမိန့်ချခဲ့ပါသည်။ ဤမျှလောက်သာ အပြစ်ဒဏ်ခံရခြင်းမှာ ကျွန်တော် အပြောကောင်းနေ၍ ဖြစ်ပါသည်။ တရားရုံး၌ ကျွန်တော့်အား အမှုစစ်သည့်နေ့က တရားသူကြီး စစ်မေးသမျှကို ဖြေကြားနေသောကျွန်တော် သည် အလိုလိုနေရင်း စိတ်ထိခိုက်ကာ ဝမ်းနည်းလာသည်။

"ကျွန်တော်က လွတ်ခါနီးမို့ စိတ်ကောင်းကောင်း ထားနေတာပါ။ ဒီတစ်ခါလွတ်ရင်လည်း အဖေနဲ့အမေကို လုပ်ကျွေးတော့မယ်လို့ စိတ်ကူး ထားတာပါ။ ဒီအကောင် မကောင်းလို့ အခု ကျွန်တော်ဒုက္ခရောက်ရပြီ"

ပြောပြောဆိုဆို ကျွန်တော် ချုံးပွဲချပြီး ငိုမိပါသည်။ တရားသူကြီး မျက်နှာထားသည် တစ်မျိုးဖြစ်သွားသည်။ သူသည် ကျွန်တော့်မျက်နှာကို စူးစူးစိုက်စိုက်ကြည့်ကာ ခေါင်းတညိတ်ညိတ် လုပ်နေသည်။ အားလုံးက ပြစ်ဒဏ် နှစ်နှစ်ထက်မနည်းချလိမ့်မည်ဟု ထင်ထားသော်လည်း တစ်နှစ်သာ ချလိုက်ပါသည်။ ကျွန်တော့်အဖို့တော့ နောက်ထပ် သုံးလေးလနှင့် လွတ်ရမည့်အစား တစ်နှစ်ထပ်နေရသဖြင့် များစွာမှာပင် စိတ်ထိခိုက်ခဲ့ရပါ၏။

*

(၈)

ကျွန်တော်သည် သရက်ဘော်စတယ်မှ ထွက်လာသည့်အခါ အသက် ၁၇ နှစ်ရှိနေပြီ။ အဖေနှင့်အမေသည် ကျွန်တော့်အား မိဘမေတ္တာအပြည့်ဖြင့် ဆီးကြိုကြပါသည်။ ကျွန်တော့်အဖို့မှာလည်း ကိုယ့်စိတ်ကိုယ် ပြုပြင်ပြောင်းလဲထားပြီဖြစ်၍ မိဘနှစ်ပါးအား မေတ္တာအပြည့်ဖြင့် တုံ့ပြန်နိုင်ခဲ့သည်။ ကျွန်တော်ကတော့ အတန်းပညာ ဆက်သင်နိုင်တော့မည် မဟုတ်ပါ။ ကျွန်တော့်ညီ စိန်အောင်ကိုသာ မတောင့်မတမကြောင့်မကြ ပညာသင်နိုင်အောင် ကူညီပံ့ပိုးပေးရပါလိမ့်မည်။

ကျွန်တော်သည် ဘယ်လိုဘဝမျိုးက လာသည်မသိပါ။ ငယ်ငယ်ကတည်းက ခြေဦးတည့်ရာလျှောက်သွားနေချင်သော ဉာဉ်ရှိသူဖြစ်သည်။ ထိုဉာဉ်ကြောင့်လည်း ကျွန်တော်သည် 'အိမ်ပြေး' ဘဝသို့ ရောက်သွားရ



ခြင်းဖြစ်ပါ၏။ အခုလည်း ကျွန်တော်သည် အိမ်၌ကပ်ရသည်ဟုမရှိပါ။ အမြဲတမ်းဆိုသလို အဝေးပြေးကုန်တင်ကားကြီးပေါ်၌ထိုင်၍ တောအနှံ့ တောင်အနှံ့ ပြေးသွားလျက်ပင် ရှိပါသည်။

❑

# ဆင်ကြီး

ကျွန်တော် 'ဆင်ကြီး'နှင့်သိလာရသည်မှာ သူ့ရှေ့နေမှတစ်ဆင့် ဖြစ်သည်။ သူ့ရှေ့နေသည် ဆင်ကြီးကိုရော ဆင်ကြီးအမေကိုပါ သနားသဖြင့် ဆင်ကြီး၏အမှုကို ကလေးသူငယ်အက်ဥပဒေနှင့် စစ်ဆေးချင်သည်။ သို့သော်လည်း ဆင်ကြီး၏အသက်မှာ ၁၆ နှစ်ကျော်နေသဖြင့် ကိုယ်လုပ်ချင်သလိုလုပ်မဖြစ်သည့် အခြေအနေနှင့် ရင်ဆိုင်ခဲ့ရပါသည်။

ကျွန်တော်ကိုယ်တိုင်လည်း ဆင်ကြီးနှင့်တွေ့သည့်အခါ ကရုဏာမကင်းဖြစ်ခဲ့ရသည်။ ဤသူငယ်သည် လူလည်တစ် ယောက်မဟုတ်ပါ။ ခပ်ရိုးရိုး ခပ်အအဖြစ်သည်။ မဟုတ်မတရား လုပ်သည်ဟုထင်လျှင် မခံချင်တတ်သော စိတ်ရှိပုံရ၏။ ထိုစိတ်ကလေးကြောင့် ကျွန်တော်သူ့ကိုသဘောကျကာ ကရုဏာ မကင်းဖြစ်ခဲ့မိလေသလား ကျွန်တော်မပြောတတ်ပါ။

မည်သို့ပင်ဖြစ်စေ ကျွန်တော်ဆင်ကြီးကို တတ်အားသရွေ့ ကူညီပံ့ပိုး



ပေးခဲ့ပါသည်။ သူထောင်ကျသွားသည့်အခါတွင်လည်း ရဲဘက်စခန်း၌ ကောင်းစွာနေရအောင် ဘေးမှနေ၍ သိကျွမ်းသူ များမှတစ်ဆင့် အကူအညီပေးခဲ့ပါသည်။ ဆင်ကြီး၏ ပြဿနာတွင် သနားစရာအကောင်းဆုံးလူမှာ သူ့အစ်ကိုဖြစ်သည်။ သူ့အစ်ကိုသည် သူ့ညီကို အလွန်ချစ်ရှာသည်။ သူ့ညီအား တရားရုံးမှ ထောင်ဒဏ်အပြစ်ပေးခဲ့ရသည့်အခါ သူ့ညီအားဖက်၍ ဝမ်းနည်းပက်လက်ငိုကြွေးခဲ့လေသည်။

ဆင်ကြီးထောင်မှလွတ်လာသည့်အခါ ညီအစ်ကိုနှစ်ယောက် ကျွန်တော့်ထံရောက်လာကြသည်။ ဆင်ကြီး၏ရှေ့ရေးအတွက် ဘာလုပ်ရမည်ကို တိုင်ပင်ကြသည်။ ကျွန်တော်ကောင်းမည်ထင်သော အကြံဉာဏ်များကို ပေးခဲ့သည်။ ဆင်ကြီးသည် သူ့အစ်ကိုအကူအညီဖြင့် သူ့ဘဝသူ ပြန်လည်တည်ဆောက်ခဲ့ရာ အောင်မြင်သည်ဟု ဆိုရမည်။

ထောင်မှလွတ်ပြီး တစ်နှစ်ခန့်အကြာတွင် အင်းစိန်ဘက်မှ ကရင်မလေးတစ်ယောက်နှင့် အိမ်ထောင်ကျသည်။ သားကလေးတစ်ယောက်၊ သမီးကလေးတစ်ယောက် မွေးဖွားခဲ့သည်။ ကားပွဲစား၊ အိမ်ပွဲစားအလုပ်ဖြင့် သူ့ဘဝသည် သာတောင့်သာယာ ဖြစ်လျက်ရှိ၏။ ကျွန်တော် ဝမ်းသာကြည်နူးခဲ့ရပါသည်။

*

(၁)

"ဟော့ကောင်ဆင်ကြီး၊ မင်းကဘာဖြစ်လို့ ငိုနေရတာတုန်း"

ကျွန်တော်၏ညာဘက်ဘေးတွင် လှဲအိပ်သော ဦးထွန်းပို၏အသံဖြစ်ပါသည်။ သူသည် ကျွန်တော်၏ငိုရှိုက်သံကို ကြားဟန်တူပါသည်။ ကျွန်တော်ကတော့ ကျွန်တော့်ငိုသံကို ဘေးလူတွေမကြားအောင် ကြိတ်၍ငိုနေခြင်းဖြစ်ပါ၏။ သို့သော်လည်း တစ်ချိတစ်ချိတွင် ငိုရှိုက်သံသည် ဘေးလူတွေ သတိထားမိလောက်အောင် ကျယ်ကျယ်သွားတတ်ပါသည်။

"ဟော့ကောင်...ဆင်ကြီး ငါမေးနေတာ မကြားဘူးလား၊ မင်း ဘာဖြစ်လို့ ငိုနေရတာလဲ"

ကျွန်တော်က အဖြေမပေးပါ။ ကျွန်တော့်ဘယ်ဘက်မှ ကိုသောင်းက—

"သူ့အမေ သေသွားပြီဗျ"

ဟု ဝင်ပြောသည်။

"ဟာ....ဟုတ်လား"

ဟု ဦးထွန်းပိုက ရေရွတ်သည်။ ထို့နောက် သူ့ထံမှ 'ဟင်း' ခနဲ သက်ပြင်းချသံကို ကြားရပါသည်။ သုံးယောက်စလုံး အတန်ကြာမျှ ငြိမ်ဆိတ်နေကြသည်။ ကျွန်တော်သည် ပါးနှစ်ဘက်မှ မျက်ရည်များကို လက်ခုံဖြင့် သုတ်လိုက်သည်။

"အခုမှတော့ ငိုမနေပါနဲ့တော့ကွာ" ဟု ဦးထွန်းပိုက ပြောသည်။

"မင်းတို့ငါတို့ဘဝဟာ ဒီအတိုင်းပဲဖြစ်ကြရမှာပဲ။ တခြားလူမကြည့်နဲ့၊ ငါ့ကိုကြည့်။ ငါ့အဖေနဲ့အမေဆိုရင် အသက်တွေကြီးလှပြီ။ အခုလောက် ဆိုရင် နှစ်ယောက်စလုံး လူ့ပြည်မှာ ရှိမှ ရှိပါတော့မလား မသိဘူး။ ငါ ထောင်ထဲရောက်နေတာ ခုနစ်နှစ်ကျော်သွားပြီ။ ငါခံရမှာက အနှစ်နှစ်ဆယ် ဆိုတော့ နောက်ထပ်ဆယ့်သုံးနှစ်နီးပါးနရဦးမှာ။ ဪ.....ဒါနဲ့ မင်းအခု အသက်ဘယ်လောက်ရှိသွားပြီလဲ"

"နှစ်ဆယ်"

"အင်းအများကြီးကို ငယ်သေးပါလား။ ငါဆိုရင် အသက် လေးဆယ့်သုံးနှစ်ရှိနေပြီကွ။ ငါ့အသက် ငါးဆယ့်ခြောက်နှစ်ကျမှ လွတ်မှာ။ အမေသေတာဆိုတော့လည်း စိတ်မကောင်းစရာပေါ့ကွာ။ ဒါပေမဲ့ ကိုယ့်စိတ်ကိုယ်ဖြေရမှာပေါ့။ မင်းတို့ငါတို့ကော ဘာထူးလို့လဲ တစ်နေ့ကျ သေရမှာချည်းပဲ။ အေး....အရေးကြီးတာက မင်းကငယ်သေးတယ်။ နောင်တတော့ ရမှဖြစ်မယ်။ နောင်ထပ် ဒါမျိုးမဖြစ်အောင်ကြိုးစားပေါ့"

ဦးထွန်းပိုထံမှ နောက်တစ်ကြိမ်သက်ပြင်းချသံကြားရသည်။ဦးထွန်းပိုမှာ ကျွန်တော် အင်းစိန်ထောင်ကို ရောက်ကတည်းက ကျွန်တော့်အား ကာကွယ်စောင့်ရှောက်လာသူဖြစ်သည်။ သူသည် ဤထောင်သို့ ဝင်လိုက်ထွက်လိုက် လုပ်နေသည့် လူမိုက်ကြီးတစ်ယောက်မဟုတ်ပါ။ သူသည် အသက်သုံးဆယ်ကျော်ခါမှ မိဘများကပေးစားသော မိန်းမကို ယူခဲ့သူဖြစ်သည်။ သူက လူရိုးပီပီ လယ်ယာလုပ်ငန်းဖြင့် မယားကို ကောင်းစွာလုပ်ကျွေးသည်။ မယားက နောက်ပိုင်းမှ ဖျောက်ဖာတ်ခင်းသည် တစ်ကြိမ်



ကနှစ်ကြိမ် သတိပေးခဲ့သော်လည်း မရ။ နောက်ဆုံး တတိယအကြိမ်တွင် မယားကိုရော ကြာကူရီကိုပါ ဓားနဲ့ အသေခုတ်သတ်ခဲ့ရာမှ ထောင်အနှစ် ၂၀ ကျလာခဲ့သူဖြစ်သည်။

ထောင်ထဲရောက်တော့လည်း မဟုတ်မခံနေခဲ့သော ဦးထွန်းပိုသည် ထောင်သားနှင့်တူအောင် ကျင့်ကြံနေထိုင်ခဲ့ရာမှ ဩဇာညောင်းသူတစ်ဦးဖြစ်လာခဲ့သည်။ ကျွန်တော်ရောက်သွားချိန်တွင် အဆောင်ကိုင်လူကြီးဖြစ်နေသော ဦးထွန်းပိုသည် ကျွန်တော့်အား တူသားတစ်ယောက်သဖွယ်ကူညီစောင့်ရှောက်ခဲ့သည်။ အခု (+++++) ရဲဘက်စခန်းသို့ ရောက်တော့လည်း ကျွန်တော့်ကို သူ့အဖွဲ့နှင့် မပါပါအောင် ခေါ်ခဲ့သူဖြစ်လေသည်။

"ဒီနေ့ မင်းအစ်ကို ထောင်ဝင်စာလာသလား"

ဟု ဦးထွန်းပိုက မေးသည်။

"လာတယ် ဦးလေး"

ဟု ကျွန်တော်က ဖြေသည်။

"အင်း ပြောစမ်းပါဦး၊ ဘယ်လိုဖြစ်တာတဲ့လဲ"

ဟု မေးသဖြင့် ကျွန်တော်က အကြောင်းစုံ ပြောပြပါသည်။

အမေသည် နှလုံးရောဂါအခံရှိသူဖြစ်၏။ ကျွန်တော်ထောင်ကျပြီဆိုကတည်းက အမေသည် သိပ်ပြီး ပျော်ပျော်ရွှင်ရွှင်မရှိ။ ကျွန်တော့်ကို အငယ်ဆုံးသားမို့ အချစ်ပိုခဲ့သောအမေသည် ကျွန်တော့်အတွက် ရတက်မအေးဖြစ်ကာ သောကကြီးခဲ့သည်။ အမေသည် ကျွန်တော်ထောင်ထဲရောက်သွားချိန်မှစ၍ သားထံတစ်လှည့်၊ သမီးထံတစ်လှည့်နေခဲ့သည်။ လွန်ခဲ့သောဒီဇင်ဘာလက သားထံနေရာမှ ဆေးရုံတက်ခဲ့ရ၏။ အရက် ၂၀ ခန့်အကြာတွင် သူဆေးရုံမှဆင်းသည်။ သမီးထံ တစ်လှည့်နေရဦးမည်ဟု ဆိုသည်။

ကျွန်တော့်အစ်ကိုက အမေ့ကို ဆေးရုံဆင်းစမို့ သူ့အိမ်မှာပင် နေစေချင်သေးသည်။ သို့သော် တားမရသဖြင့် အမေ့အား ညီမဖြစ်သူထံသို့ လိုက်ပို့ပေးသည်။ နောက် ငါးရက်ကြာတော့ အမေဆုံးသည်။ အမေ ဘယ်သူ့ကိုမှ ဒုက္ခပေးမသွားပါ။ သူ့အိပ်ရာထဲတွင် အသက်ပျောက်နေခြင်းဖြစ်သည်။ ဘယ်အချိန်က ဆုံးမှန်းလည်းမသိ။ မနက်မိုးလင်း၍ အိပ်ရာမှ

ထမလာသည့်အခါကျမှ သွားကြည့်၍သိရခြင်းဖြစ်သည်။

ကျွန်တော်သည် အမေ့အကြောင်းကို ပြောပြနေရင်းက စိတ်ထိခိုက်လွန်းသဖြင့် ငိုမိပြန်ပါသည်။

"မငိုပါနဲ့ ငါ့တူရာ၊ မင်းအမေကိုချစ်ရင် ကိုယ့်ကိုယ်ကို လိမ္မာအောင်သာ ကြိုးစား။ မင်းဒီတစ်ခါ အပြင်ရောက်ရင် နောက်ထပ်မကောင်းမှုမလုပ်နဲ့၊ ကဲ...ကဲ....အိပ်တော့၊ မနက်ကျတော့အလုပ်က ပင်ပန်းဦးမှာပဲ" ဟု ပြောသည်။

ကျွန်တော်အိပ်မပျော်ပါ။ တဲတန်းလျားထဲတွင် ဟောက်သံများ၊ယောင်သံများနှင့်၊ သွားကြိတ်သံများကို ကြားနေရပါသည်။ကျွန်တော့်စိတ်သည် အမေ့ဆီရောက်သွားလိုက်၊ အစ်ကိုနှင့်အစ်မဆီရောက်သွားလိုက်နှင့်နောက်ကျိရှုပ်ထွေးလျက်ရှိသည်။ ကျွန်တော်ခံရမည့်ပြစ်ဒဏ်သည် နှစ်နှစ်၊ အခုမှ ရှစ်လကျော်ကိုးလထဲဝင်စရှိသေးသည်။ အနည်းဆုံးတစ်နှစ်ကျော်ကတော့ ထောင်ထဲတွင် အချိန်ကုန်ရပေဦးတော့မည်။

အမေသည် သေခါနီးတွင် ကျွန်တော့်ကို သတိမရဘဲတော့ နေမည်မဟုတ်။

"ဆင်ကြီးရယ်၊ နင်အမေ့ကိုသနားရင် လိမ္မာပါတော့ဟယ်"

ဟူသော အမေ့အသံကို ကြားယောင်နေမိသည်။ အမေသည် ကျွန်တော့် ကို လိမ္မာဖို့သာ ဆုံးမ၏။ လိမ္မာဖို့သာ နားချ၏။ လိမ္မာဖို့သာ တိုက်တွန်း ၏။

ကျွန်တော်အမေ့စကားကို နားထောင်ပြီး လိမ္မာဖို့ ကြိုးစားခဲ့ပါသလား။ ကျွန်တော့်အနေဖြင့် ကျွန်တော်ဖြတ်သန်းလာခဲ့ရသောဘဝခရီးကိုပြန်လည်၍ ဆင်ခြင်မိပါ၏။ ထိုအခါ .........

*

(၂)

ကျွန်တော့်အဖေ ဦးသာမြိုင်နှင့် အမေဒေါ်နှင်းတို့မှ သားသမီးသုံးယောက်မွေးခဲ့သည်။ အကြီးဆုံးသားမှာ ကျွန်တော့်အစ်ကိုကိုသောင်းတင်ဖြစ်၍ ဒုတိယသမီးမှာ မြမြသန်းဖြစ်သည်။ အငယ်ဆုံးသားမှာလှမင်းဟု



အမည်ပေးထားသော ကျွန်တော်ဖြစ်ပါသည်။ ကျွန်တော်သည် အသက်အရွယ်နှင့်မလိုက်အောင် ကြီးမားထွားကြိုင်းသူဖြစ်ပါသည်။ ထို့ကြောင့်လည်းအမေက ကျွန်တော့်အား ချစ်စနိုးနှင့် ဆင်ကြီးဟုခေါ်လေ့ရှိရာ ထိုနာမည်သည် ကျွန်တော့်နာမည်ရင်းလို ဖြစ်လာခဲ့ရပါ၏။

ကျွန်တော့်အဖေ၏ အစ်ကိုအကြီးဆုံး ဦးသာဆိုင်က –

"ဟဲ့ အနှင်း၊ နင့်သားအငယ်ကောင်က အတော်ထွားတာပဲ၊ သူ့အဖေအတိုင်းပါလား" ဟု ပြောနေသံကို ကျွန်တော်ကြားခဲ့ဖူးပါသည်။ သူတို့ကအဖေနှင့်တူသည်ဟု ကျွန်တော့်အား ပြောနေကြသော်လည်း ကျွန်တော်ကတော့ အဖေ့ကို ကောင်းကောင်းမမှတ်မိပါ။ အဖေကွယ်လွန်စဉ်က ကျွန်တော့်အသက်မှာ တစ်နှစ်သားမျှရှိသေးသဖြင့် အဖေ့ပုံပန်းသဏ္ဍာန်ကိုအဘယ်မှာလျှင် ကောင်းစွာမှတ်မိနိုင်ပါမည်နည်း။

ကျွန်တော့်မိဘများသည် မော်လမြိုင်ဘက်မှဖြစ်သည်။ အဖေကကုန်ရောင်းကုန်ဝယ်သမားဖြစ်သဖြင့် စီးပွားရေးအခြေအနေမဆိုးလှ။သို့သော်လည်း အဖေ ကွယ်လွန်သည့်အခါ လုပ်ငန်းကိုင်ငန်းအဆင်မပြေဖြစ်ကာစီးပွားရေး အခြေအနေပျက်သွားသည်။ နောက်ဆုံးတွင်ကျွန်တော့်တို့ဦးကြီးဦးသာဆိုင်က တစ်မိသားစုလုံးကို ရန်ကုန်သို့ခေါ်ယူကာ စောင့်ရှောက်ထားခဲ့သည်။ ကျွန်တော့်အစ်ကို ကိုသောင်းတင်အား သူ့ပွဲရုံလုပ်ငန်းတွင်ပါဝင်လုပ်ကိုင်စေခြင်း၊ အဖေထားခဲ့သည့် ငွေကြေးများထဲမှ အကျန်ကိုပွဲရုံလုပ်ငန်းတွင် ပါဝင်စေခြင်း စသည်တို့ဖြင့် ကျွန်တော်တို့မိသားစု ဣန္ဒြေမပျက် နေထိုင်သွားနိုင်အောင်ဦးကြီးဦးသာဆိုင်က ကူညီစောင့်ရှောက်ပေးထားခဲ့ခြင်းဖြစ်လေသည်။

ရန်ကုန်သို့ရောက်လာပြီး ကမာရွတ်ဘက်၌ နေစမှာပင် အမေသည် ျန်တော့်ကို ကျောင်းထားသည်။ ကမာရွတ်အမှတ် (++) အမက၌ နေ ခဲ့ရသော ကျောင်းသားဘဝသည် ပျော်စရာကောင်းလှပါသည်။ ကလေး ိပီဘာအပူအပင်မှမရှိ၊ ဘာကိုမှလည်း အလေးအနက်ထား၍ စဉ်းစားနေ စရာမလိုသော ဘဝဖြစ်သည်။ ထိုကျောင်းမှ လေးတန်းအောင်အပြီးတွင် ကျွန်တော်သည် ကမာရွတ်အမှတ် (++) အထကသို့ ပြောင်းရွှေ့ခဲ့ရပါ သည်။

ထိုကျောင်းသို့ ရောက်သည့်အချိန်မှစ၍ ကျွန်တော်၏ ပေါင်းသင်း

ဆက်ဆံရေးနယ်ပယ်သည် ကျယ်ပြန့်လာခဲ့သည်။ လူတန်းစားအလွှာအသီးသီးမှ သားသမီးမျိုးစုံနှင့် ကြုံတွေ့ရခြင်းဖြစ်၍ အကောင်းအဆိုးနှစ်မျိုးရောနေသည်။ ထိုကျောင်းတွင် ငွေကြေးချမ်းသာသူများ၏ သားသမီးများနှင့် ဩဇာအာဏာရှိသူတို့၏ သားသမီးများနှင့်လည်း ဆုံရသည်။ ဘာ့ကြောင့်ရယ်လို့တော့မသိ။ ကျွန်တော်သည် ထိုအုပ်စုဝင်များနှင့် ပေါင်းသင်း၍မရပါ။ တစ်တန်းတည်း တစ်ကျောင်းတည်းနေရသဖြင့် မပေါင်းမဖြစ်၍ ပေါင်းနေသော်လည်း ဟက်ဟက်ပက်ပက်မရှိ။

မည်သို့ပင်ဖြစ်စေ ကျွန်တော်၏ကျောင်း၌ နေခဲ့ရသည့်ကာလအတွင်း ငါးတန်းမှ ရှစ်တန်းအောင်သည်အထိ ဘာပြဿနာမှမရှိခဲ့ပါ။ ကိုးတန်းရောက်သည့်နှစ်တွင်မူ ကျွန်တော့်ဘဝအတွက် အပြောင်းအလဲဖြစ်သွားစေမည့် ပြဿနာတစ်ခုနှင့် ထိပ်တိုက်ရင်ဆိုင်ခဲ့ရပါသည်။

လူငယ်တစ်ယောက်အနေဖြင့် ကျွန်တော့်တွင် ချွတ်ယွင်းချက်များရှိသည်။ ကျွန်တော်သည် မတော်မတရားလုပ်သည်ဟု ထင်လျှင် မခံချင်တတ်။ ဒေါသလည်းကြီးသည်။ စကားပြောလျှင်ကျယ်လောင်ကျယ်လောင်နှင့် ကမူးရှူးထိုးပြောတတ်သည်။ တကယ်တော့လည်း ထိုအချိန်က ကျွန်တော်သည် ကလေးစိတ်မပျောက်တပျောက်အရွယ်ဖြစ်သဖြင့် အပြစ်ကြီးတစ်ခုဟုပြော၍ ရမည်မထင်ပါ။

တစ်ရက်တွင် ကျွန်တော်သည် တစ်တန်းတည်းသားသူငယ်ချင်းများဖြစ်ကြသည့် မင်းဦး၊ ဖော်ဖော်၊ စိုးမင်းတို့နှင့်အတူ ကျောင်းနှင့်မနီးမဝေးရှိလက်ဖက်ရည်ဆိုင်မှ ထွက်လာခဲ့ကြသည်။ ကျောင်းတက်ချိန်နီးပြီဖြစ်၍ ကျောင်းဘက်သို့သွားနေကြသည့် ကျောင်းသား၊ ကျောင်းသူနှင့် ဆရာ၊ ဆရာမများမှာ လမ်းဘေးဝဲယာတွင် သွားလာလှုပ်ရှားနေကြသည်။

ကျွန်တော်တို့သည် အကြောင်းအရာတစ်ခုနှင့်ပတ်သက်၍ ငြင်းခုန်လာကြသဖြင့် ပတ်ဝန်းကျင်ကို ဂရုမစိုက်မိပါ။ ဤအခိုက်တွင် အစွန်ဆုံးမှ လျှောက်လာနေသော ဖော်ဖော်ကို ကျောင်းသားတစ်ယောက်က တအားဝင်တိုက်လိုက်သည်။ တိုက်သည့်အရှိန်က ပြင်းရုံမျှမက ဝင်တိုက်သူက လက်နှစ်ဖက်နှင့် ဆောင့်တွန်းလိုက်သဖြင့် ဖော်ဖော်မှာ ခြေပစ်လက်ပစ်လဲကျသွားသည်။



ဝင်တိုက်သူမှာ ကျော်သီဟဆိုသူဖြစ်သည်။ သူသည် အတန်းထဲတွင်ရော ကျောင်းထဲမှာပါ တွင်ကျယ်နေသူဖြစ်၏။ ကျွန်တော်တို့အတန်းပိုင်ဆရာမကလည်း အလွန်မျက်နှာသာပေးထားသဖြင့် ထောင်နေသူဖြစ်သည်။ ယခုဖော်ဖော်အား ဝင်တိုက်သူမှာ ကျော်သီဟကိုယ်တိုင်ဖြစ်၍ သူ့နောက်လိုက်များမှာ လေးဦးဖြစ်သည်။

လဲကျသွားသော ဖော်ဖော်သည် ဝုန်းခနဲပြန်ထကာ ကျော်သီဟအားလက်သီးနှင့်ပြေးထိုးသည်။ သူတို့နှစ်ယောက် ဝရုန်းသုန်းကားဖြစ်နေစဉ် ကျွန်တော်က ကြားမှအတင်းဝင်ရပ်ပြီးဖြစ်သည်။

"ဟေ့ကောင်တွေ တော်ကြတော့၊ တော်ကြတော့"

ဟု ကျွန်တော်က ပြောကာ ကျော်သီဟကို လှမ်းဆွဲထားသည်။ ကျော်သီဟက ဖျတ်ခနဲ ရုန်းထွက်ကာ ကျွန်တော့်မျက်ခွက်ကို လက်သီးနှင့်ပိတ်ထိုးသည်။

ကျွန်တော့်နှာခေါင်းသည် ပူခနဲဖြစ်သွားပြီး သွေးတွေထွက်ကျလာသည်။ ကျွန်တော့်တစ်ကိုယ်လုံး ထူပူသွားသည်။ ပခုံးမှ လွယ်အိတ်ကိုဖြုတ်ကာ ကျော်သီဟ၏ မျက်ခွက်ကို ပိတ်ရိုက်လိုက်သည်။

ကိုယ့်စိတ်ကိုယ် မထိန်းနိုင်တော့ပါ။ ကျွန်တော်သည် လက်ထဲမှလွယ် အိတ်ဖြင့် မနားတမ်း 'တွန်း' ရိုက်သည်။ "ဟေ့ကောင် လှမင်းတော်တော့" ဟူသော အော်သံကြီးကြားရသည်။ နောက်မှနေ၍ လက်နှစ်ဖက်ဖြင့် တအားသိမ်းဖက်ထားသော လူကြီးတစ်ယောက်။ ဆရာဦးကျော်လှဖြစ်ပါသည်။

ကျောင်းအုပ်ဆရာကြီးရှေ့မှောက်ရောက်ကြသည့်အခါ ကျော်သီဟက သူ့ကို ဖော်ဖော်ကစပြီးကိုယ်စောင်းတိုက်၍ သူက ပြန်တိုက်ခြင်းဖြစ် သည်ဟု လိမ်ပြောသည်။ သူ့အဖော်များဖြစ်သည့် ဝင်းမောင်၊ စိန်အောင် နှင့် ဘင်သန်းတို့ သူ့ဘက်မှ ထောက်ခံသည်။ ကျွန်ပတော်တို့က အမှန်အတိုင်းပြောသည်။ နှစ်ဦးနှစ်ဖက် အငြင်းအခုံဖြစ်နေကြစဉ်အတွင်း အတန်းပိုင်ဆရာမက ဝင်ပြောသည်။

"ဖော်ဖော်တို့ အုပ်စုကတော့ လူဆိုးအုပ်စုပဲ၊ အတန်းထဲမှာလည်း ထိန်းလို့သိမ်းလို့ သိပ်ရတာ မဟုတ်ဘူး"

အားလုံးက ဒေါ်ခင်မူဘက်သို့ ဝိုင်းကြည့်နေကြသည်။ကျွန်တော့် ဒေါသသည် ထောင်းခနဲထလာသည်။

"ဆရာမ အဲသလို ဘက်လိုက်ပြီး မတရားဝင်မပြောပါနဲ့။ ကျွန်တော်တို့က ဘာတွေဆိုးနေလို့လဲ။ အတန်းထဲမှာ ပြောင်တာနောက်တာကလွဲပြီး ကျွန်တော်တို့ ဘာမှမလုပ်ဘူး။ အတန်းထဲရန်ခဏခဏဖြစ်တာ ဘယ်သူလဲ၊ ကျော်သီဟပဲ။ အဲဒါကျတော့ ထည့်မပြောဘူး"

ကျွန်တော်သည် ဒေါသဖြစ်လွန်း၍ ရှူး…ရှူး….ရှဲ…ရှဲ ဖြစ်နေသည်။ ဆရာကြီးက လက်ပြနေသဖြင့် ကျွန်တော်သည် စကားကိုဆုံးအောင် မပြောနိုင်ပါ။ ဆရာမကတော့ တစ်ကိုယ်လုံးတုန်ယင်နေသည်။ တပည့်တစ်ယောက်က သူ့ကိုအခုလိုပြောတာ လုံးဝမခံနိုင်။ အော်ကြီးဟစ်ကျယ်ပြောကာ ခုန်လား၊ ပေါက်လား လုပ်သည်အထိဖြစ်လာသည်။ ငိုလားရယ်လားဖြစ်လာသည်။

ကျွန်တော်တို့ကိစ္စသည် အေးအေးဆေးဆေး မပြီးတော့ပါ။ အမှိုက်ကစ ပြာသာဒ်မီးလောင်သည့်အဖြစ်သို့ ဆိုက်ရောက်လာသည်။ ထိုနေ့က ဒေါ်ခင်မူ ဆူဆူပူပူ လုပ်နေသဖြင့် ဆရာကြီးက လက်ထောက်ကျောင်းအုပ်ဆရာ ဦးသင်းမောင်နှင့် တိုင်ပင်ကာ လူစုခွဲပစ်လိုက်သည်။ ရန်ဖြစ်သူအားလုံးကိုလည်း အိမ်ပြန်ခိုင်းလိုက်သည်။ နောက်တစ်နေ့မနက် ဆယ်နာရီတွင် မိဘများကိုခေါ်ပြီး ကျောင်းသို့လာခဲ့ရမည်ဟု မှာလိုက်သည်။

ကျွန်တော်တို့ကိစ္စသည် နောက်တစ်ရက်တွင်လည်း မပြစ်ပါ။ နောက်ဆုံးတစ်ပတ်ကျော်ခန့်အကြာတွင် ရန်ဖြစ်သူချင်းရော မိဘချင်းပါနားလည်မှုရကာ ပြေလည်ခဲ့ကြသော်လည်း ဆရာမဒေါ်ခင်မူကတော့မပြေလည်ပါ။ ကျွန်တော့်အမေ ကျွန်တော့်အစ်ကိုနှင့် ဦးကြီးဦးသာဆိုင်တို့ပါ လိုက်လာပြီး ဆရာမကို တောင်းပန်ခဲ့ကြသော်လည်း မရပါ။

ကျွန်တော့်ဘဝ တစ်သက်တာပတ်လုံး ဘယ်တော့မှ မေ့လို့မရမည့် အဖြစ်တစ်ခုဟု ကျွန်တော်ယူဆပါသည်။

ကျွန်တော်စိတ်နာလှပါ၏။

ဘယ်သူ့ကို စိတ်နာလဲ၊ ဘာကိုစိတ်နာတာလဲ။

ကျွန်တော်မပြောတတ်ပါ။



(၃)

ကျွန်တော့်ကို ကျောင်းပြောင်းအပ်ရန် စီစဉ်ကြသည်။ ကျွန်တော်က လက်မခံပါ။

"အမေ ကျောင်းအပ်လည်း ငွေကုန်ရုံပဲရှိမယ်။ ကျွန်တော်ကတော့ ကျောင်းပြေးမှာပဲ"

ဟု ခပ်ရှင်းရှင်းပင် ပြောသည်။ အမေသည် ကျွန်တော့်အား ချော့ချည်တစ်ခါ၊ ခြောက်သည်တစ်လှည့်လုပ်၍သိမ်းသွင်းသည်။ ကျွန်တော်က ခေါင်းခါမြဲခါသည်။ အမေ့ဘက်မှ အစ်ကိုနှင့် အစ်မတို့ကစစ်ကူပေးသည်။ ကျွန်တော့်ဘက်က အလျှော့မပေးပါ။

"ဒါဆိုရင်လည်း မင်းဒီနှစ် ကျူရှင်တက်နေကွာ၊ လာမယ့်နှစ်ကျတော့ ကျောင်းကောင်းတစ်ကျောင်း အပ်ပေးမယ်"

ဟု အစ်ကိုက ပြောသည်။

"ကျွန်တော် ဘယ်ကျောင်းမှ မတက်ဘူး"

အမေမှာ ငိုသည်။ အစ်ကို သက်ပြင်းချသည်။ အစ်မက ဗျစ်တောက်ဗျစ်တောက်လုပ်သည်။ ကျွန်တော်ကတော့ မတုန်မလှုပ်။ နောက်ဆုံးတွင် ဦးကြီးသာဆိုင်က–

"ဒီတစ်နှစ်တော့ မင်းကျောင်းထွက်ချင် ထွက်နေ၊ လာမယ့်နှစ်ကျရင်တော့ ကျောင်းပြန်တက်" ဟု ပြောသည်။ ကျွန်တော်ခေါင်းညိတ်လိုက်ပါသည်။

ကျွန်တော့်အဖို့တော့ ထိုနှစ်သည် စိတ်အလေးဆုံးနှစ်ဖြစ်သည်။ စိတ်အညစ်ဆုံးနှစ်လည်းဖြစ်သည်။ ခြေဦးတည့်ရာ လျှောက်သွားပြီး ထင်ရာမြင်ရာတွေ စွတ်လုပ်နေသည့် နှစ်လည်းဖြစ်သည်။ ကျွန်တော်အများဆုံးလုပ်နေသည်မှာ ရုပ်ရှင်တွေ တစ်ရုံပြီးတစ်ရုံ ပြောင်းကြည့်နေခြင်းဖြစ်၏။ တစ်ခါတလေ တိရစ္ဆာန်ရုံထဲရောက်သွားသည်။ တစ်ခါတလေကျတော့ အင်းယားကန်နှင့် ကန်တော်ကြီးဘက် သွားထိုင်သည်။ လက်ထဲငွေရှိလျှင်ရှိသလို ကိုယ်ကြိုက်ရာဆိုင်တွင် ကိုယ်စားချင်တာ ဝင်စားသည်။ ကျောင်းဘက်ကို ကျွန်တော်သွားချင်စိတ်မရှိ၍ မသွားပါ။ ကိုယ်တွဲခဲ့သော သူငယ်ချင်းများကိုတော့ လွမ်းသည်။ သူတို့နှင့်နေခဲ့ရသည်မှာ ပျော်စရာကောင်း

လုပါ၏။ အခုကျတော့လည်း ကျွန်တော်သည် ကျောင်းကို ရွံသည်၊ မုန်းသည်၊ စက်ဆုပ်သည်။ အော့နှလုံးနာသည်။ ကျောင်းမှ သူငယ်ချင်းတွေနှင့် တွေ့ရမှာ ရှက်သည်။ ကျောင်းအကြောင်း တွေးလိုက်တိုင်း ကျွန်တော့်ရင်သည် လှိုင်းထလာသည်။ ကျွန်တော်ကျောင်းအကြောင်းကို မတွေးချင်ပါ။

တစ်ညတွင် ကျွန်တော်သည် ထုံးစံအတိုင်း အိမ်သို့ ခုနစ်နာရီခန့်တွင် ပြန်ရောက်သည်။ ကျွန်တော်ပြန်အရောက်ကိုစောင့်နေသော အစ်ကိုနှင့်တွေ့ပါသည်။ အစ်ကိုကကျွန်တော့်အား အခုလိုသွားနေလို့မဖြစ်ကြောင်း၊ လောလောဆယ်ကျောင်းပြန်မနေခင် စပ်ကြားဦးကြီး၏ပွဲရုံ၌ အလုပ်တစ်ခုဝင်လုပ်နေသင့်ကြောင်း ဆုံးမသည်။

"ပွဲရုံမှာလုပ်ရင် ဦးကြီးက လခပေးမှာလား" ဟု ကျွန်တော်က မေးရာ အစ်ကိုက –

"လခမရတောင် မုန့်ဖိုးတော့ ရမှာပေါ့ကွ၊ ငါကလည်း ပြောပေးမှာပေါ့"

ဟု ဖြေပါသည်။ ကျွန်တော်က ပွဲရုံတွင် အလုပ်လုပ်ရန်သဘောတူလိုက်ရာ နောက်တစ်နေ့မှစ၍ ကြည့်မြင်တိုင် ကမ်းနားဘက်ရှိ ပွဲရုံသို့ အလုပ်ဆင်းရသည်။ ရောက်စတွင် လုပ်ရသည့်အလုပ်များမှာ တောက်တိုမယ်ရများဖြစ်သော်လည်း နောက်ပိုင်းတွင် သတ်သတ်မှတ်မှတ် ရှိလာပါသည်။

ပွဲရုံတွင် ကျွန်တော်လုပ်ရသည်များမှာပစ္စည်းအတင်အချစာရင်းမှတ်ရသည်။ ကျွေးစာရင်းများ မှတ်သည့်အခါ မှတ်ရသည်။ တစ်ခါတစ်ရံတွင် အခြားပွဲရုံများကိုသွား၍ ကုန်ဖိုးငွေ ပေးချေရသည်။ တစ်ခါတလေကျတော့ ကြွေးလိုက်တောင်းရသည်။ ကြွေးတောင်းရာ၌ ပထမဈေးထဲမှ ဈေးသည်များထံ သွားတောင်းရခြင်းဖြစ်၍ နောက်ပိုင်းကျတော့ ပွဲရုံများအထိ ဆင်းရသည်။ အများအားဖြင့် ဤတာဝန်များကို ပေးသူမှာ ကျွန်တော့်အစ်ကိုဖြစ်ပါသည်။

ထိုအလုပ်များကို လုပ်လာရသည့်အခါ ကျွန်တော်၏ပေါင်းသင်းဆက်ဆံရေးနယ်ပယ်သည် ပတ်ဝန်းကျင်အသစ်တွင်များစွာကျယ်ပြန့်လာသည်။ အသက်ဆယ့်ငါးနှစ်ကျော်ကျော်မျှသာ ရှိသေးသောကျွန်တော်သည်



ကုန်တင်ကုန်ချ အလုပ်သမားများနှင့်ဈေးသည်များအပါအဝင် လူပေါင်းစုံနှင့် အထိအတွေ့ရှိခဲ့သည်။ သည်ကြားထဲမှပင် ရှာရှာပေါက်ပေါက် တွေ့ဆုံရင်းနှီးလာရသော လူတစ်ယောက်ရှိလာခဲ့သည်။ ထိုလူမှာ ကျွန်တော့်ဘဝကို ကပြောင်းကပြန်လုပ်ခဲ့သူတစ်ဦးဟုဆိုပါက မှားနိုင်အံ့မထင်ပါ။

ကျွန်တော်သန်းဝင်းအောင်နှင့် စတွေ့သည်မှာ ချိုကြီးလက်ဖက်ရည်ဆိုင်တွင်ဖြစ်သည်။ ကျွန်တော်ပွဲရုံတွင် အလုပ်လုပ်ကတည်းက ထိုင်နေကျဆိုင်ဖြစ်သည်။ မနက်တစ်ကြိမ်၊ နေ့ခင်းတစ်ကြိမ်သာ ပုံမှန်ထိုင်သည်မဟုတ်။ အပြင်သို့ ထွက်တိုင်း ဝင်နေကျဆိုင်ဖြစ်သည်။ သန်းဝင်းအောင်မှာလည်း အမြဲလိုလို ထိုင်သူဖြစ်သဖြင့် လူချင်းမျက်မှန်းတန်းမိရာမှ ခင်သွားကြခြင်းဖြစ်သည်။

တစ်လခန့်အတွင်းမှာပင် သူနှင့်ကျွန်တော်သည် တကယ့်ငယ်သူငယ်ချင်း အရင်းအချာတွေလိုဖြစ်သွားသည်။ သူသည် တစ်ဦးတည်းသောသားဖြစ်၍ ခပ်ပေပေ၊ ခပ်တေတေဖြစ်သည်။ သူ့အဖေသည် ကားဝပ်ရှော့လုပ်ငန်းပိုင်ရှင်ဖြစ်သဖြင့် ဝင်ငွေကောင်းသည်ဟု ဆိုနိုင်ပါသည်။ သူ့အမေကလည်း ဈေးထဲတွင် အထည်ရောင်းပါသည်။ ဆိုင်ကြီးမဟုတ်သော်လည်း အထိုက်အလျောက် ဝင်ငွေကောင်းသော ဆိုင်တစ်ဆိုင်ဖြစ်ပါသည်။

အဖေရောအမေပါ (အမေကပိုပါသည်) အလိုလိုက်ထားသဖြင့် သန်းဝင်းအောင် ကဲသည်ဟုဆိုနိုင်ပါသည်။ ငွေအသုံးအစွဲကလည်း ကြီးလှပါသည်။ ကျွန်တော်နှင့်သူ ရင်းနှီးလိုက်သည့်အတွက် သူ့ထံမှ ကျွန်တော်ပထမဆုံးရသည့်ပညာမှာ ဆေးခြောက်ရှူခြင်းဖြစ်၏။ မကောင်းမှန်းသိနေပါလျက်နှင့် ဤအလုပ်ကိုလုပ်မိခြင်းသည် ကျွန်တော်၏မိုက်မဲမှုတစ်ရပ်သာ ဖြစ်ပါသည်။

တစ်ညနေခင်း အလုပ်ဆင်းချိန်တွင် ကျွန်တော်သည် သန်းဝင်းအောင်က ဖွတ်ခေါ်နေသဖြင့် သူ့အိမ်သို့ လိုက်ခဲ့သည်။ သူနှင့် အခုလို မကြာခဏ လိုက်အိပ်ဖူးသဖြင့် သူ့မိဘများက ကျွန်တော့်ကိုသိနေကြပြီ။ သူတို့အဖို့ကတော့ သူတို့သား၏ သူငယ်ချင်းဆိုလျှင် ဘာပဲလုပ်လုပ်၊ ဘယ်လိုပဲနေနေ ဥပေက္ခာပြုထားကြသည်။

ထိုနေ့က ကျွန်တော်တို့သည် ညစာမစားမီ ဆေးလုပ်ရန်တိုင်ပင်ထား

ကြသည်။ သို့သော်လည်း ဆေးလုပ်တော့မည်ပြုခါမှ သန်းဝင်းအောင်၏ ဆေးထုပ်မှာ ရှာမတွေ့ဘဲဖြစ်နေသည်။

"ဒုက္ခပါပဲကွာ၊ ငါ့ရင်ဘတ်ထဲထိုးထည့်ထားတာ။ လမ်းမှာ လုံချည် ပြင်ဝတ်တုန်းက ကျနေခဲ့ပြီထင်တယ်" ဟု သူကပြောသည်။ သူသည် ခေါင်းကို တဖြစ်ဖြစ်ကုတ်ကာ တောက်တခေါက်ခေါက်ဖြစ်နေသည်။

"ဟော့ကောင် လုမင်း၊ လာကွာ အပြင်ခဏသွားရအောင်"

ကျွန်တော်က သူ့နောက်မှ လိုက်လာခဲ့သည်။ မကြာခင်မှာပင် ကျွန်တော်တို့သည် ကြဲတောသုသာန်ထဲသို့ ရောက်သွားသည်။ နေဝင်စဖြစ်၍ အလင်းရောင်သည် ပြောက်တိပြောက်ကျားရှိနေသေးသည်။ (ထိုခေတ်က ကြဲတောသုသာန်၏ အနောက်ဖက်ခြမ်းသည် တဲစုတ်၊ တဲပုတ်များဖြင့် ပြည့်နေသည်။ တဲများမှာ အုတ်ဂူများကြား၌ တည်ဆောက်ထားခြင်းဖြစ်၍ ကလေးငယ်အချို့သည် အုတ်ဂူများကြား၌ ယခုအချိန်အထိ ခွေးရူးလိုက်တမ်း ကစားနေကြဆဲ။

"ဟော့ကောင် သန်းဝင်းအောင်၊ မင်း ဘယ်သွားမလို့လဲ"

"ဆေးဝယ်သွားမလို့လေကွာ၊ ဒီထဲမှာ ငါ့ဖောက်သည်ရှိတယ်"

"မင်းဟာကလည်းကွာ၊ ဆေးဝယ်ဖို့ သင်္ချိုင်းကုန်းထဲအထိ လာရသလား။ ဟိုဘက်တွေမှာလည်း ဝယ်ရင် ရသားနဲ့"

"ဒီမှာက အရေးအနှောမပါဘူး၊ စစ်စစ်မှန်မှန်ရတယ်ကွ။ဈေးကတော့လည်း တစ်ဆယ်နှစ်ဆယ်လောက် သက်သာတယ်။ ပြီးတော့ အဖမ်းခံရမှာကို မကြောက်ရဘူး။ မင်းလည်းမှတ်ထား၊ နောက်ကို ဒီမှာပဲလာ ဝယ်"

သန်းဝင်းအောင်သည် ဂူကြိုဂူကြားမှ ဖြတ်ကာ အခြားတစ်ဖက်ကို သွားနေသည်။ အချို့နေရာများတွင် ကိုယ်ရေပြားရောဂါသည်များကို တွေ့ရပါသည်။ သန်းဝင်းအောင်က ကျွန်တော့်အား လက်ဖြင့်ကုတ်ကာ ရောဂါသည်များဘက် မေးငေါ့ပြပြီး တိုးတိုးပြောသည်။

"ဒီအထဲမှာ လူသေသရဲမရှိဘူး။ လူရှင်သရဲတွေကတော့ အများကြီး ရှိတယ်"

သူပြောမှပင် ကျွန်တော်သည် ကိုယ်ရေပြားရောဂါသည်များကို ဂရုတစိုက်ကြည့်မိသည်။ ဤလူများနှင့်အတူ လူကောင်းများပါ တရောတနှော



နေထိုင်လျက်ရှိသည်ကိုတွေ့ရသည့်အခါ ကျွန်တော်ကြက်သီးထမိပါသည်။

မကြာခင်မှာ ကျွန်တော်တို့သည် ပျဉ်ထောင်အိမ်ကြီးတစ်လုံးရှေ့သို့ ရောက်သွားကြသည်။ အိမ်ကြီးမှာ သင်္ချိုင်းမြေပေါ်၌ တည်ရှိခြင်းဖြစ်၍ ရပ်ကွက်တစ်ခုကို ကျောပေးထားသည်။ အိမ်မှာ နှစ်ထပ်အိမ်ဖြစ်၍အောက်ထပ်တွင် ကုန်စုံဆိုင်ဖွင့်ထားသည်။ သမံတလင်းပေါ်တွင် ပလတ်စတစ်ကော်ဇောခင်းထားပြီး ကော်ဇောပေါ်တွင် ဆက်တီကုလားထိုင်နှင့်စားပွဲချထားသည်။ အပြင်အဆင်မှာ တခမ်းတနားရှိလွန်းလှသဖြင့် ကျွန်တော် အံ့သြနေမိသည်။

"ဘယ်သူလဲဟေ့"

နောက်ဖေးမီးဖိုချောင်ဘက်မှ အရက်ဖန်ခွက်တစ်လုံးကိုင်ထားသောလူတစ်ယောက်ထွက်လာသည်။ သူက ကျွန်တော်တို့အား လှမ်းကြည့်ပြီး မေးလိုက်ခြင်းဖြစ်၏။

"ကျွန်တော်ပါကိုပေါ၊ သန်းဝင်းအောင်ပါ"

ဟု သန်းဝင်းအောင်က ဖြေသည်။

"သြော်၊ အေး လာ လာ ထိုင်ကြ"

ကျွန်တော်တို့မျက်နှာချင်းဆိုင် ထိုင်မိကြသည့်အခါ ကိုပေါဆိုသည့်သူမှာလည်း ကိုရေပြားရောဂါသည်ပင် ဖြစ်နေသည်ကို ကျွန်တော်သတိထားမိပါသည်။ သူကတော့ ဆေးကောင်းဝါးကောင်းများ မှီဝဲနေရသဖြင့် အခြားလူတွေလောက် မဆိုးခြင်းဖြစ်ပါလိမ့်မည်။ သို့သော်လည်း မျက်နှာတစ်မျက်နှာလုံးထူအမ်းအမ်းဖြစ်နေခြင်းတို့သည်ကိုယ်ရေပြားရောဂါသည်ဖြစ်ကြောင်း ထောက်ခံပေးနေကြလေသည်။

"မင်း ဆေးဝယ်မလို့လား"

"ဟုတ်တယ် ကိုပေါ၊ တစ်ရာ့ငါးဆယ်ဖိုးလောက် တစ်ထုပ်ထုပ်ပေးပါ"

"သြော် အေးအေး၊ မသန်းရေ တစ်ရာ့ငါးဆယ်တစ်ထုပ်ယူခဲ့ဟေ့"

ဟု လှမ်းအော်သည် သပ်သပ်ရပ်ရပ်ဝတ်စားထားသည့် မိန်းမတစ်ယောက်ထွက်လာပြီး ဆေးထုပ်ကို စားပွဲပေါ်ချပေးသည်။ သန်းဝင်းအောင်က ဆေးထုပ်ကို ယူ၍ အိတ်ကပ်ထဲထည့်လိုက်ပြီး ငွေတစ်ရာ့ငါးဆယ်

လှမ်းပေးသည်။

"သူ့ကိုငွေငါးဆယ် ပြန်ပေးလိုက်ပါကွာ"

ဟု ကိုပေါက ပြောသည့်အခါ သူ့မိန်းမက ကျွန်တော့်အား တစ်ချက်လှမ်းကြည့်ပြီးသန်းဝင်းအောင် လက်သို့ ငွေငါးဆယ်လှမ်းပေးသည်။

"ဒီကညီလေးနာမည်က ဘယ်သူတဲ့လဲ"

ဟု ကိုပေါက မေးသည်။

"သူ့နာမည်က လှမင်းတဲ့၊ သူ့ကိုလည်း ကိုပေါ်ရဲ့ ဖောက်သည်လို့မှတ်ထားပါ"

"အေးပါ ရပါတယ်၊ လိုတာရှိရင် လာခဲ့ပေါ့ကွာ"

ကျွန်တော်တို့သည် သူ့ကိုနှုတ်ဆက်ကာ ပြန်လာခဲ့ကြသည်။ အပြင်ဘက်တွင် မှောင်နှင့်မည်းမည်းဖြစ်နေပြီ။ တဲပုတ်များကြားမှ ခွေးတစ်ကောင်၏ ဆွဲဆွဲငင်ငင် အူသံသည် ထွက်ပေါ်လာသည်။ ဘာကြောင့်ရယ်တော့မသိ။ ကျွန်တော့်ရင်ထဲတွင် အေးခနဲ ဖြစ်သွားသည်။

*

(၄)

သန်းဝင်းအောင်ထံမှ သိရသည့်အတိုင်းဆိုလျှင် ကိုပေါ်သည် ကြံတောသုသာန်တွင် ဘုရင်တစ်ဆူဖြစ်သည်။ မကောင်းမှုများနှင့် အသက်မွေးနေသူဖြစ်သော်လည်း မတော်မတရားပြုလေ့မရှိ။ သူ့တွင် ငွေကြေးက တောင့်တင်းသဖြင့် လုပ်သမျှ အဆင်ပြေနေသူဖြစ်သည်။ သူ့ထံတွင် ဆေးခြောက်သာမက မူးယစ်ဆေးမျိုးစုံကိုပါ ရနိုင်သည်ဟု သူထင်ကြောင်း သန်းဝင်းအောင်က ပြောပြပါသည်။

ပထမတော့ ကျွန်တော်ဆေးခြောက်လုပ်နေသည်ကို ဘယ်သူမှ မရိပ်မိပါ။ ကြာလာတော့လည်း ကျွန်တော်၏ အနေအထိုင်အပြုအမူများသည် ဆေးသမားများထုံးစံအတိုင်း ပြောင်းလဲလာသည်။ ငွေကြေးအသုံးအဖွဲ့ကလည်း များလာသည်။ တစ်ခါတစ်ရံ လက်ထဲတွင် ငွေကြေးပြတ်လပ်သည့်အခါ တိုတတ်လာသည်။ ကျွန်တော့်အဖြစ်ကို ပထမဆုံးရိပ်မိသူမှာ အစ်ကို။ လူအေးတစ်ယောက်သာဖြစ်သော အစ်ကိုသည် ကျွန်တော့်အား



တိုးတိုး တိတ်တိတ်ကြိတ်၍ ဆုံးမသည်။ ကြွေးတောင်း၍ရလာသည့်ငွေများထဲမှ ကျွန်တော်ဖြတ်သုံးထားသည့် ငွေများကို သူ့နည်းသူ့ဟန်နှင့်စိုက်ဖြည့်ပေးသည်။ အကြွေးတောင်းသည့်အလုပ်ကိုလည်း ကျွန်တော့်အားမခိုင်းတော့ပါ။

အစ်ကိုက ကြိတ်၍ ဆုံးမနေသည့်ကြားမှပင် ကျွန်တော့်အခြေအနေသည် ယခင်ကထက် တိုး၍ဆိုးလာသည်။ သန်းဝင်းအောင်မှာလည်း ဆေးခြောက်မှဘိန်းဖြူသမားဘဝသို့ ရောက်သွားပြီ။ ပထမတော့ သူဘိန်းဖြူသမားဖြစ်နေသည်ကို ကျွန်တော်မသိပါ။ နောက်မှသူပြော၍ သိလာရခြင်းဖြစ်၏။ ထိုအခါကျတော့လည်း ကျွန်တော်သည် သူ့လိုပင် ဘိန်းဖြူကိုလုပ်သည်။ အမေမှာကျွန်တော့်အတွက် မျက်ရည်နှင့်မျက်ခွက်။

ဘိန်းဖြူလုပ်ကတည်းက ကျွန်တော့်တွင် တာဝန်သိမှုနှင့် သစ္စာစောင့်သိမှုဆိုသည်မှာ မရှိတော့ပါ။ ကျွန်တော်သည် ဘာအလုပ်ကိုမှ လုပ်၍မရတော့ပါ။ ဘိန်းဖြူရှူဖို့အတွက် ငွေလိုလာလျှင် အိမ်မှရှိသမျှ ပစ္စည်းများကို ခိုးသည်။ သန်းဝင်းအောင်နှင့်အတူ ကိုပေါ်ထံ သွားရောင်းသည်။ ယခင်က သံယောဇဉ်အလွန်ကြီးခဲ့သော အမေ၊ အစ်ကိုနှင့် အစ်မသည် ကျွန်တော့်တွင် မရှိတော့ပါ။ သူတို့နှင့် ကျွန်တော့်ကြားတွင် ဘိန်းဖြူတံတိုင်း ခြားထားပြီဖြစ်သဖြင့် နေ့စဉ်နှင့်အမျှ ပဋိပက္ခဖြစ်ခြင်းမှတစ်ပါး အခြားဆက်ဆံမှု မရှိတော့ပါ။

သန်းဝင်းအောင်၏ မိဘများကလည်း သူတို့သားအကြောင်း သိသွားကြပြီဖြစ်၍ သူတို့သား အခုလို ဖြစ်ရသည်မှာ ကျွန်တော့်ကြောင့်ဟု ထင်ကြသည်။ ကျွန်တော့်အား သူတို့ထံ အလာမခံတော့ပါ။ သန်းဝင်းအောင်ကလည်း ကျွန်တော်နှင့် အဆက်မပြတ်ပါ။ ကျွန်တော်တို့ချင်း ချိန်းပြီးဆုံကြပါသည်။ ကျွန်တော်တို့နှစ်ယောက်စလုံး ဘိန်းဖြူကို ရှူသည့်အဆင့်မှထိုးသည့်အဆင့်သို့ ရောက်နေကြပြီ။ ဘိန်းဖြူ၏ သားကောင်များဖြစ်နေကြပြီဖြစ်သဖြင့် ကျွန်တော်တို့နှစ်ဦးစလုံး၏ဘဝသည် လမ်းဆုံးသို့ ရောက်နေကြပြီဖြစ်ပါသည်။

*

(၅)

ထိုနေ့က ကျွန်တော်ကြုံခဲ့ရသော အဖြစ်သည် ကျွန်တော့်တစ်သက်တာ ကာလပတ်လုံး မေ့နိုင်တော့မည်မထင်ပါ။ ထိုနေ့က ကျွန်တော်သည် သန်းဝင်းအောင်နှင့် မနက်ပိုင်းချိန်း၍ ဆေးထိုးကြသည်။ ထို့နောက် လက်ထဲတွင် ငွေပြတ်နေသဖြင့် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ငွေရှာကြရန် သဘောတူပြီး လူချင်းခွဲခဲ့ကြသည်။ တစ်လမ်းလုံး ငွေရရေးကိုသာ စဉ်းစားလာခဲ့သော ကျွန်တော်သည် အိမ်ပြန်ရောက်သည်အထိ နည်းလမ်းမရသေး။ စိတ်ကလည်း ညစ်၊ ဒေါသကလည်းဖြစ်။

ကျွန်တော်သည် အိမ်ရှေ့၌ထိုင်ကာ ဆေးအရသာကိုယူ၍ စည်းစိမ်ခံနေသည်။ အခန်းထဲမှ ထွက်လာပြီး အပြင်သို့ ထွက်သွားသောအမေသည် ကျွန်တော့်အား ငုံ့စောင်း၍ပင် ကြည့်မသွားပါ။

"အမေ ဘယ်သွားမလို့လဲ"

ဟု အစ်မက လှမ်းမေးသည့်အခါ–

"ဒေါ်မိတို့အိမ်ဘက် သွားမလို့"

ဟု ဖြေသည်။ အစ်မထံမှ နောက်ထပ်ဘာသံမှမကြားရတော့ပါ။မနက်စာ စားပြီးပြီဖြစ်၍ သူ့အကျင့်အတိုင်း အခန်းထဲ၌ ဖျာတစ်ချပ်နှင့်လှဲပြီး စာအုပ်ဖတ်ရင်း အိပ်တော့မည်ဖြစ်သည်။

ခေါင်းထဲသို့ အကြံတစ်ခုဝင်လာသည်။ အကောင်းဆုံးအကြံဟု ကျွန်တော်ယူဆသည်။ တစ်နာရီနီးပါးခန့်တော့ အောင့်အည်းသည်းခံရသည်။ နောက်ဆုံးတွင် ကျွန်တော်သည် အစ်မအခန်းထဲသို့ ခြေသံမကြားအောင် ဝင်လာခဲ့သည်။ ခုတင်အောက်မှ သေတ္တာများကို လှမ်းကြည့်သည်။ အပြင်သို့ ဆွဲထုတ်၍ မလွယ်ပါ။ ဖွင့်ဖို့လည်း မလွယ်ပါ။ စောစောက ရထားသည့်စိတ်ကူးအတိုင်း လုပ်မှသာဖြစ်မည်ဟု ဆုံးဖြတ်လိုက်သည်။

အစ်မနားသို့ သွား၍ငုံ့ကြည့်သည်။ ရှမဝမဂ္ဂဇင်းဖြင့် မျက်နှာကိုအုပ်ကာ အိပ်မောကျလျက်ရှိသည်။ သူ့လည်ပင်းမှ ဆွဲကြိုးလည်း ဝင်းအိနေသည်။ ကျွန်တော်သည် နောက်ဘက်မှနေ၍ ဆွဲကြိုးအား အလိုက်သင့်ဖြုတ်ရန် ကြိုးစားသည်။ ရုတ်တရက် လန့်နိုးလာသော အစ်မသည် ဖျတ်ခနဲ ထထိုင်ကာ –



"ဘာလဲ၊ နင်ဘာလုပ်တာလဲ" ဟု မေးသည်။ ကျွန်တော်ကလည်း ဆွဲကြိုးကို ဆောင့်ဆွဲလိုက်သည်။

"အမယ်လေး လာကြပါဦး"

အစ်မ၏ အော်သံဖြစ်၏။ ကျွန်တော်သည် အိမ်ထဲမှ ပြေးထွက်လာခဲ့သည်။ အစ်မ၏အော်သံများကို ကြားနေရသော်လည်း လှည့်မကြည့်ပါ။ ကျွန်တော်သည် ကြည့်မြင်တိုင်ကမ်းနားဘက်ဆင်း၍ ရေစပ်၌ နှစ်နာရီခန့်အချိန်ကုန်အောင် ထိုင်နေရသေးသည်။ ထို့နောက် သန်းဝင်းအောင်နှင့် ချိန်းထားသည့် ကြံတောသုသာန်နှင့် မနီးမဝေးမှ လက်ဖက်ရည်ဆိုင်သို့ သွားထိုင်နေသည်။

နှစ်ယောက်တိုင်ပင်ထားကြသည့်အတိုင်း ညခုနစ်နာရီထိုးခါနီးတွင် ကိုပေါ်အိမ်သို့သွား၍ ပစ္စည်းများကို ရောင်းသည်။ သူ့ထံမှ ဘိန်းဖြူဝယ်လာခဲ့ကြသည်။ လာလမ်းအတိုင်း ပြန်လာနေခိုက်တွင် သန်းဝင်းအောင်က–

"ဟေ့ကောင်လှမင်း၊ ဟိုနေရာအထိ ငါမသွားနိုင်တော့ဘူး။ ဒီနားက ဂူကြားမှာ လုပ်လိုက်တော့မယ်" ဟု ပြောသည်။

လူသွားလူလာပြတ်သည့် ဂူများကြားတွင် ကျွန်တော်တို့ထိုင်ကြသည်။ သန်းဝင်းအောင်က သူအမြဲဆောင်ထားသည့် လက်နှိပ်ဓာတ်မီးအသေးစားကလေးဖြင့် ထိုးပြသည်။ ကျွန်တော်ဆေးထိုးအပ်နှင့် ပိုက်ကိုထုတ်သည်။ ထိုအခိုက်မှာပင် –

"ဟေ့ကောင်တွေ ဒါဘာလုပ်တာလဲ။ မထနဲ့နော်၊ သေသွားမယ်"

ဟူသော အသံကြောင့် နှစ်ယောက်စလုံး အလန့်တကြားဖြစ်ကြသည်။ ကျွန်တော်တို့အား ဝိုင်းထားသည့် လူများမှာ သုံးယောက်ဖြစ်၍ တုတ်ကြီးတွေ ကိုင်ထားသည်။

"ဟေ့ကောင်တွေ နင်တို့မှာ ချိတာ အကုန်လုံးထုတ်ကြ"

အသံမှာ မပီရသည့်အထဲ နှာခေါင်းသံပါနေသဖြင့် ကိုယ်ရေပြားရောဂါသည်မှန်း သိသာသည်။ အသေအချာကြည့်တော့လည်း သုံးဦးစလုံး ရောဂါသည်တွေဖြစ်နေသည်။ စောစောက နှာခေါင်းသံနှင့် စကားပြောသူမှာ ရောဂါအဆိုးဆုံးဖြစ်၍ လက်ချောင်းအားလုံး တိုနေကြရုံမျှမက မျက်နှာ

မှာ ကြောက်မက်ဖွယ်ကောင်းလှပါသည်။ ကျန်နှစ်ယောက်မှာ သူ့လောက် မဆိုးဟု ပြောနိုင်သော်လည်း အတူတူနှင့် အနူနူသမားတွေချည်းဖြစ်နေပါ သည်။

ကျွန်တော်တို့က သူတို့လက်များနှင့် အကိုင်အတွယ်ခံရမည်ကို ကြောက်သဖြင့် ပါလာသမျှ ပစ္စည်းများကိုထုတ်၍မြေကြီးပေါ်ချပေးသည်။ သူတို့ထဲမှတစ်ဦးက တစ်ခုချင်းစီကြည့်၍ လွယ်အိတ်တစ်လုံးထဲထည့် သည်။ နှာခေါင်းသံနှင့်လူက ကျွန်တော့်ဘေးနား၌ ကျနေသည့် ဆေး ထိုးအပ်နှင့် ရေပုလင်းကိုငုံ့ကြည့်ကာ –

"ဒါဘာလဲ၊ ဈေးထိုးအပ်ပါလား၊ နင်တို့ဘိန်းချူထိုးမလို့ဟုတ်လား"

ဟုပြောကာ အားလုံးပေးရမည်ဟု တောင်းသည်။

"အဲဒါတော့ မယူပါနဲ့ဗျာ"

ဟု သန်းဝင်းအောင်က ညောင်နာနာအသံဖြင့် ပြောသည်။

"နောက် ဂျကား မညားနဲ့၊ နင်တောဂျင်ဒလား"

ကျွန်တော်တို့က အားလုံးထုတ်ပေးလိုက်ကြသည်။

"ကဲ၊ အားလုံးတုန်ဘီ၊ ချော်ကြတော့"

ဟု နှာခေါင်းသံနှင့်လူက ပြောကာ သူ့လက်ထဲမှ တုတ်ကြီးဖြင့် သန်း ဝင်းအောင်၏ ခေါင်းကိုရိုက်သည်။ 'ခွပ်' ခနဲ မြည်သံကြားလိုက်ရပြီး ခွေခနဲ လဲကျသွားသည်။ ကျွန်တော့်ခေါင်းမှာလည်း ပူခနဲဖြစ်သွားသည်။ တဖုန်းဖုန်းရိုက်သံများကို တစ်ခဏမျှတော့ ကြားနေရသည်။ ထို့နောက် တော့ ကျွန်တော် ဘာမှမသိတော့ပါ။ အမှောင်ထုကြီး တစ်ခုအတွင်းသို့ လိမ့်ကျသွားသည့်နှယ် ခံစားလိုက်ရပါသည်။

*

(၆)

ကျွန်တော်သတိရလာသည့်အခါ ရန်ကုန်ဆေးရုံကြီးပေါ်ရောက်နေ သည်။ ခေါင်းတွင် ပတ်တီးစည်းထားသည်။ ကျိုးသွားသော ဘယ်ဘက် လက်တွင် ကျောက်ပတ်တီးစည်းထားသည်။ ခြေထောက်များတွင်လည်း တုတ်ချက်များ ထိထားသဖြင့် ပလတ်စတာတွေ၊ ပတ်တီးတွေနှင့် ပြည့်နေ



သည်။

ကျွန်တော့်အနီးတွင် အမေ၊ အစ်ကိုနှင့် အစ်မတို့ရှိနေကြသည်။ ကျွန် တော်ရှိုက်ကြီးတငင် ငိုမိပါသည်။ အမေနှင့် အစ်မတို့မှာလည်း မျက်ရည် မဆည်နိုင်ကြပါ။ သူတို့ကတော့ ကျွန်တော့်မိုက်မဲမှုများအတွက် ခွင့်လွှတ် ပြီးကြပြီ။ ကျွန်တော် ဘာပြောရမှန်းမသိပါ။

"ကျွန်တော့်ကို ခွင့်လွှတ်ကြပါ"

ဟု ပြောရမလား။

အမေနှင့်အစ်မထံမှ အကြောင်းစုံကြားရသည်။ သန်းဝင်းအောင် ခေါင်းတွင်ရသည့်ဒဏ်ရာကြောင့် ဆေးရုံရောက်သည်အထိ သတိမရ၊ နှစ် ရက်မျှအကြာတွင်ဆုံးသည်။ ကျွန်တော်သတိမေ့နေသည်မှာ နှစ်ရက်ရှိပြီး အခုမှ သတိရလာခြင်းဖြစ်သည်။

ကျွန်တော်တို့အားရိုက်သည့် တရားခံအားလုံးကို ဖမ်းမိသည်။ တရား ခံများကလည်း ဖြောင့်ချက်ပေးသည်။ ကျွန်တော်၊ သန်းဝင်းအောင်တို့မှာ မူးယစ်ဆေးဝါးသုံးစွဲမှု၊ လက်ဝယ်တွေ့ရှိမှု စသည်များဖြင့် အမှုရင်ဆိုင် ကြရသည်။ အခု သန်းဝင်းအောင်သေပြီဆိုတော့ တရားခံသည် ကျွန်တော် တစ်ယောက်တည်း။

ကျွန်တော်ရထားသည့် ဒဏ်ရာများကြောင့် တရားရုံးမှ လူမှုရေးကို ထောက်ထားကာ အာမခံပေးခဲ့၏။ ကျွန်တော့်ရှေ့နေဦးဘခင်သည် သဘောကောင်းရှာပါသည်။ ကျွန်တော့်အသက်အရွယ်ကိုထောက်ဆ၍ သက်ညှာစွာ စဉ်းစားပေးပါရန် လျှောက်လဲခဲ့သည်။ တရားသူကြီးက ထောင်ဒဏ် ၂ နှစ် အပြစ်ပေးခဲ့၏။ ထိုပြစ်ဒဏ်သည် ကျွန်တော့်အတွက် အသက်ညှာဆုံးသော ပြစ်ဒဏ်ဟု ဆိုရပါမည်။

*

(၇)

ကြက်တွန်သံများကြားရသည်။ ဘုန်းကြီးကျောင်းမှ တုံးမောင်းခေါက် သံများကိုပါ တစ်ဆက်တည်းကြားရသည်။ ဦးထွန်းပိုဆီမှ ချောင်းဟန့် သံများနှင့် လှုပ်ရှားသံများကြားရသည်။ သူသည် ကျွန်တော့်အား လှမ်း

မေးသည်။

"ဟဲ့ကောင် ဆင်ကြီး၊ မင်း အိပ်မပျော်ဘူးလား"

"ဟုတ်ကဲ့၊ ကျွန်တော် တစ်ညလုံး မျက်စိကြောင်နေတယ်"

"ဟင်း"

ဦးထွန်းပိုထံမှ သက်ပြင်းချသံ ကြားရသည်။ သူသည် အိပ်ရာမှထ၍ အပေါ့သွားသည်။ ပြန်လာတော့ သူ့ခေါင်းရင်းမှ တံခါးကြီးဖွင့်၍ အပြင်သို့ တစ်ချက်မျှော်ကြည့်သည်။

"မိုးလင်းတော့မယ်ကွ၊ အိပ်မပျော်လည်း ဘုရားရှိခိုးပါလား။ မနက်ကျရင် မင်းကို ဆေးခန်းလူနာစာရင်းထဲ ထည့်ပေးထားမယ်၊ နားရတာပေါ့"

ကျွန်တော်သည် အိပ်ရာကို သိမ်းလိုက်သည်။ ခေါင်းရင်းဘက်လှည့်၍ ပုဆစ်ဒူးတုပ် ထိုင်ချလိုက်သည်။ "သြကာသ၊ သြကာသ၊ သြကာသ" ကျွန်တော့်အသံသည် တုန်နေသည်။ ဘုရားကန်တော့အပြီးတွင် ကျွန်တော်သည် အမေ့အားကန်တော့သည်။ ပြီးတော့ အမေကောင်းရာသုဂတိ ရောက်ပါစေဟု ဆုတောင်းသည်။ ဟိုးအဝေးမှ ကြေးစည်သံများ ကြားရသည်။ ကျွန်တော့်မျက်ရည်များ အိပ်ရာပေါ်သို့ တပေါက်ပေါက်ကျလာနေကြလေသည်။

❑

# တစ်ဆယ့်သုံးနှင့် သုံးရာနှစ်

ကျွန်တော်နှင့် ဆုံမိချိန်တွင် မောင်ချစ်ပို၏အသက်သည် ၁၅ နှစ်ဝင် မပြည့်သေးပါ။ အသားဖြူဖြူနှင့် လူချောကလေးတစ်ယောက်ဖြစ်ချင်းကြောင့်တစ်ကြောင်း၊ အမြဲတစေ ငေးငေးငိုင်ငိုင်၊ မှိုင်မှိုင်တွေတွေနေခြင်းကြောင့်တစ်ကြောင်း ကျွန်တော်သူ့အပေါ် စိတ်ဝင်စားမိရာမှ သူ့အကြောင်း သိလာခဲ့ရပါသည်။

လူကြီးတစ်ယောက်၏ ဖျားယောင်းသွေးဆောင်မှုကြောင့် လူ့အဖွဲ့အစည်းတွင် အဆိုးဆုံး၊ အရက်စက်ဆုံးနှင့် အယုတ်မာဆုံးသောပြစ်မှုကို သူကျူးလွန်ခဲ့မိခြင်းဖြစ်သည်ဟု လူမှုရေးသမားတစ်ဦးဖြစ်သော ကျွန်တော်က ကောက်ချက်ချခဲ့ပါသည်။ လူကြီးများ၏ မသိနားမလည်မှု၊ အတ္တကြီးမှုနှင့် မိုက်မဲမှုများကြောင့် ကလေးသူငယ်ပေါင်းများစွာ ဒုက္ခရောက်လျက် ရှိနေကြသည်။ အလေးအနက်ထား၍ စဉ်းစားဆင်ခြင်သင့်ပြီဟု ထင်ပါသည်။

ကျွန်တော်သည် မောင်ချစ်ပိုအား ပျော်အောင်ထားခဲ့သည်။ သူ့ဘဝ နောက်ကြောင်းကို မေ့မေ့ပျောက်ပျောက်ဖြစ်ပြီး သူ့ပတ်ဝန်းကျင်နှင့် အဆင်ပြေပြေနေတတ်သွားအောင် ကြိုးပမ်းခဲ့ရာ အထိုက်အလျောက်တော့ အောင်မြင်မှုရခဲ့ပါသည်။

မောင်ချစ်ပိုသည် အပြင်လောကသို့ ပြန်လည်ရောက်ရှိသွားသည့်အခါတွင်လည်း အဆင်ပြေစွာ နေထိုင်သွားခဲ့ပါသည်။ အခြေခံပညာရေး အထက်တန်းစာမေးပွဲကို (ခ) အဆင့်မှအောင်မြင်ပြီး အလုပ်ရုံတစ်ခုတွင် ဝင်ရောက်လုပ်ကိုင်နေခဲ့သည်။ သူ့မိခင်ကလည်း နောက်ထပ်အိမ်ထောင် မပြုတော့ပါ။ သူသည် သူ့အမေ၊ သူ့အစ်မလတ် လင်မယားနှင့်အတူနေထိုင်ကာ ဘဝခရီးကို ဆက်လျှောက်နေသည်။ အခုလောက်ဆိုလျှင်တော့

| | | |
|---|---|---|
| **ကျွန်တော့်အမည်** | – | ချစ်ပို |
| **အသက်** | – | ၁၃ နှစ် |
| **ပညာအရည်အချင်း** | – | ပဥ္စမတန်း |
| **အဖ** | – | ကိုလွန်းမောင် |
| **အမိ** | – | မမြမြ |
| **ပြစ်မှု** | – | ပုဒ်မ ၃၀၂ လူသတ်မှု |

(၂)

ဆယ့်သုံးနှစ်သားက လူသတ်သည်ဆိုတော့ လူတိုင်းက အံ့သြကြသည်။ ကျွန်တော့်ကို တရားရုံးထုတ်သည့်နေ့က လာကြည့်သူတွေ များလှပါသည်။ မြင်ရသူတိုင်းလိုလိုက ကျွန်တော့်ကိုကြည့်၍ စုတ်တသပ်သပ် ဖြစ်နေကြသည်။

"ဖြစ်မှ ဖြစ်ရလေဟယ်" ဟုရေရွတ်ကာ ရင်ဘတ်စည်တီးဖြစ်ကြသည်။ တချို့ကတော့ "ဟုတ်မှ ဟုတ်ရဲ့လားကွာ" ဟု ဆိုမြည်ကာ သံသယဝင်ကြသည်။

သူတို့တစ်တွေ အခုလောက်ဖြစ်မည်ဆိုကလည်း ဖြစ်လောက်သည်။



လူသတ်တရားခံဖြစ်သော ကျွန်တော်သည် ၁၃ နှစ်ပင် မပြည့်သေးပါ။ ၁၃ နှစ်ပြည့်ဖို့ သုံးလကျော်ကျော် လိုပါသေးသည်။ သို့တစေလည်း ကျွန်တော်လူသတ်ခဲ့မိသည်မှာ အမှန်ပါ။

တကယ်တော့ ကျွန်တော် လူမသတ်ရဲပါ။ သတ်လိုစိတ်နှင့် ဆန္ဒလည်း မရှိခဲ့ပါ။ လူသတ်မည်ဟု ကြိုတင်ကြံစည်ခြင်းလည်းမရှိခဲ့ပါ။ သို့ပါလျက်နှင့်ပင် ကျွန်တော်လူသတ်ခဲ့မိပါ၏။

ဘယ်သူ့ကို သတ်တာလဲ။

ဘာ့ကြောင့် သတ်တာလဲ။

ဘယ်နေရာမှာ သတ်တာလဲ။

ဘယ်လို သတ်တာလဲ။

ထိုမေးခွန်းများသည် လူတိုင်းက စိတ်ဝင်စားကြသည့် မေးခွန်းများဖြစ်ပါသည်။ မေးလည်း မေးလေ့ရှိကြပါသည်။ ကျွန်တော်မဖြေချင်၍ မဖြေခဲ့ပါ။

အခုတော့ ဖြေမှဖြစ်တော့မည်ဟု ထင်သဖြင့် ဖြေရပါတော့မည်။

*

(၃)

### ဘယ်သူ့ကို သတ်တာလဲ

ဤမေးခွန်းကို လွယ်လွယ်နှင့်ဖြေလို့ ရပါသည်။

ကျွန်တော်သည် ကျွန်တော့်ပထွေး ကိုထိန်လင်းကို သတ်ခဲ့ခြင်းဖြစ်ပါသည်။

ဘာ့ကြောင့်သတ်တာလဲ။ ဘယ်နေရာမှာ သတ်တာလဲ။ ဘယ်လိုသတ်တာလဲ။ ထိုမေးခွန်းများကျတော့ လွယ်လွယ်ဖြေလို့ မရပါ။ ကျွန်တော့်အနေဖြင့် အကြောင်းရှိ၍ သတ်ခဲ့ခြင်းဖြစ်ရာ ထိုအကြောင်းများကို ရှင်းအောင်ပြောပြမှ ဖြစ်ပါမည်။

ကျွန်တော့်အဖေ ကိုလွန်းမောင်မှာ စစ်သားလူထွက်၊ စက်ပြင်အဆင့် ၂ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့တွင် အလုပ်လုပ်ပါသည်။ သူ့လ

စာဘယ်လောက်ရသည်ကို ကျွန်တော်မသိပါ။ ကျွန်တော်သိသည်မှာ အဖေသည် အလွန်ဖဲရိုက်သူဖြစ်ပါသည်။ ဖဲရိုက်သည်ဆိုရာ၌ ပေါ့သေးသေးရိုက်ခြင်းမဟုတ်ပါ။ ထမင်းမေ့၊ ဟင်းမေ့၊ မိန်းမနှင့် သားသမီးများကိုပါ မေ့အောင်ရိုက်သူဖြစ်ပါသည်။

အဖေရသည့်လစာမှာ အမေသုံးရသည်မရှိပါ။ သူ့ဖဲကြွေးများသည် သူ့လည်ပင်းအထိ ရောက်နေပြီဟု အမေက မကြာခဏ ပြောဖူးပါသည်။ လစာထုတ်သည့်နေ့ဆိုလျှင် အဖေပျောက်သွားပါတော့သည်။ တစ်ခါတစ်ရံ ဆယ့်လေးငါးရက်မျှကြာ၍ တစ်ခါတစ်ရံ လေးငါးခြောက်ရက် ကြာပါသည်။ ပြန်လာလျှင်လည်း လူရုပ်မပေါ်အောင် စုတ်ပြတ်လာပါသည်။ ပြီးတော့ ကောင်းကောင်းနေသည်မဟုတ်ပါ။ အမေ့ထံမှ ရသမျှတောင်းယူပြီး ပြန်ထွက်သွားတတ်ပါသည်။

လောကတွင် ဖဲသမားမိန်းမဖြစ်ရလေခြင်းမှာလည်း ကံဆိုးမိုးမှောင်ကျခြင်းတစ်မျိုးပင်ဖြစ်သည်ဟု ကျွန်တော်ထင်ပါသည်။ ကျွန်တော့်အမေသည် အဖေ့လစာကို မစားရသဖြင့် သူ့ဘာသာသူ အဝတ်ဟောင်းရောင်းသည့်အလုပ်ကို လုပ်စားရပါသည်။ သာကေတမြို့၊ ( ) ရပ်ကွက်ဈေးတွင် ဆိုင်ကလေး ဖွင့်ထားပါသည်။

အဖေနှင့် အမေသည် ဖဲကိစ္စကြောင့် လုံးဝအဆင်မပြေပါ။ အမြဲတမ်းတကျီကျီ၊ တကျက်ကျက်ဖြစ်ကြလွန်းသဖြင့် အိမ်ရှေ့မှ အိမ်နောက်မချမ်းသာဖြစ်ကာ ကျွန်တော်တို့ မောင်နှမသုံးယောက် စိတ်ဆင်းရဲလှပါသည်။

ကျွန်တော်တို့မောင်နှမသုံးယောက်တွင် ကျွန်တော်သည် အငယ်ဆုံးဖြစ်၍ အစ်မအကြီးဆုံး ဝင်းဝင်းမြက အသက် ၁၉ နှစ်၊ အစ်မလတ် သင်းသင်းလှက ၁၆ နှစ်ဖြစ်ပါသည်။

ကျွန်တော့်အဖေ လုပ်နေပုံမှာ သည်းမခံချင်စရာကောင်းလှပါသည်။ ဖဲဝိုင်းနောက် တကောက်ကောက်လိုက်နေခြင်းဖြစ်၍ အမေ့ဘက်က သည်းမခံနိုင်လောက်အောင်ဖြစ်ကာ တစ်ရက်တွင် လင်မယားချင်း အကြီးအကျယ်ရန်ဖြစ်ပြီး ကွဲကြပါတော့သည်။ အဖေ ဘယ်မှာသွားနေသည်ကို ကျွန်တော်တို့အတိအကျ မသိပါ။ တောင်ဥက္ကလာပရှိ သူ့သူငယ်ချင်းတစ်ယောက်ထံ၌ ကပ်နေသလိုလို ကြားရပါသည်။ နောက်အိမ်ထောင်လည်း



မပြုဟု သိရပါသည်။ ဖဲအရိုက်ကတော့ လျှော့လိမ့်မည်မထင်ပါ။

အဖေသည် အရက်မသောက်တတ်သော်လည်း ဖဲကြောင့်ဒုက္ခရောက်နေသည့် 'ဖဲဒုက္ခသည်တစ်ဦး' ဟု ဆိုရလိမ့်မည် ထင်ပါသည်။

*

(၄)

အဖေ အိမ်မှဆင်းသွားပြီးနောက် ခြောက်လကျော် ခုနစ်လနီးပါးခန့်အကြာတွင် အမေသည် နောက်အိမ်ထောင်ပြုခဲ့သည်။ ဘယ်နေရာမှာ ဘယ်လိုဆုံမိပြီး ညားလာကြသည်ကို မသိပါ။ အိမ်ပေါ်ရောက်လာမှ မင်းအမေ့လင်ဟု ကျွန်တော်တို့ သိခဲ့ရခြင်းဖြစ်၏။

ကျွန်တော်တို့၏ပထွေး ကိုထိန်လင်းသည် ဒလသင်္ဘောကျင်းမှာ အလုပ်လုပ်၍ လူပျိုကြီးလိုလို၊ မုဆိုးဖိုလိုလို၊ တစ်ခုလပ်လိုလိုနှင့် မရေမရာ ရှိလွန်းလှသည့်လူ ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ ရုပ်ရည်သနားကမားရှိသောအမေသည် လင်ကံကောင်းပါ။ အဖေနှင့်နေရတုန်းကတော့ အဖေကဖဲသမားမို့ အမြဲစိတ်ဆင်းရဲခဲ့ရ၏။ အခုရလာသည့်လင် ကိုထိန်လင်းကျတော့ အရက်သမားမို့ တစ်မျိုး စိတ်ဆင်းရဲရပြန်သည်။

ညားစတုန်းက မခုတ်တတ်သည့်ကြောင်သဖွယ် ငြိမ်ငြိမ်ဝပ်ဝပ်၊ ဗိုဗို ပြားပြား နေထိုင်ခဲ့သော ကိုထိန်လင်းသည် သုံးလေးလခန့်အကြာတွင် စာတိရုပ်ပေါ်လာသည်။ ညနေ သူ့အလုပ်မှပြန်လာလျှင် ကျွန်တော်တို့ ပထွေး မူးလာပြီ။

ပထွေး၏ညဉ့်မှာ အရက်မူးလာလျှင် အေးအေးမနေတတ်ပါ။ နီးရာနိုင်ရာလူကို ရန်စပြီး ရန်ဖြစ်ချင်သည်။ အမေနှင့်ပထွေး ရန်ဖြစ်ပြီဆိုလျှင် ပထွေးသည် အမေ့ကို ဆဲလား ဆိုလား၊ ရိုက်လားပုတ်လား လုပ်လေ့ရှိသည်။ ပထွေးကြောင့် ကျွန်တော်တို့ မောင်နှမသုံးယောက်သည် အိမ်ရှေ့မှ အိမ်နောက်မချမ်းသာအဖြစ်မျိုးနှင့် ကြုံရပြန်လေပြီ။

ဤကြားထဲမှာပင် အိမ်ထောင်သက် အတော်ကလေးရလာသည့်အခါ ပထွေးသည် ပထွေးပီပီ ပထွေးညဉ့်၊ ပထွေးအကျင့်များ ပြလာသည်။ လူ

မလစ်နှင့် လစ်သည်နှင့်တစ်ပြိုင်နက် ကျွန်တော့်အစ်မအကြီးဆုံး ဝင်းဝင်းမြအား ရိသဲ့သဲ့ လုပ်လာသည်။ အစ်မလတ်ကျတော့ ထိပ်ပုတ်ခေါင်းပုတ်လုပ်ကာ ရင်းနှီးအောင်ပြုလာသည်။

ကျွန်တော့်အစ်မ ဝင်းဝင်းမြသည် အလွန်လိမ္မာပါးနပ်သူဖြစ်ရာ အမေ့အား ဖွင့်ဟပြောသည်။ အမေ့အစ်မအရင်းကြီးတော် ဒေါ်လှလှကိုလည်း အကြောင်းစုံပြောပြသည်။ ကြီးတော်လှကလည်း ကြာကြာမဆိုင်းပါ။ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးတွင် သင်္ဘောသားလုပ်နေသည့်သူ့ယောက်ျား၏ တူဝမ်းကွဲကိုလှဦးဆိုသူနှင့် အမြန်ဆုံးနေရာချထားပေးလိုက်လေသည်။

အစ်မကို နေရာချထားရန် စီစဉ်ကြသည့်အခါ ပထွေးက မူးမူးရူးရူးနှင့် သူသဘောမတူဟု ဆိုလာပါသေးသည်။ ကျွန်တော့်ကြီးတော်က "ဟဲ့....အကောင်၊ နင်နဲ့ဘာမှမဆိုင်ဘူး။ ဒီကိစ္စမှာ နင်ပါစရာမလိုဘူး" ဟု တင်းတင်းမာမာပြောခါမှ ငြိမ်သွားသည်။ ပထွေးသည် မဟုတ်မခံတတ်သော ဆတ်ဆတ်ကြဲသမား ကြီးတော်လှကိုတော့ လန့်သည်။

လက်ထပ်ပြီးလျှင်ပြီးချင်း ကြီးတော်လှ စီစဉ်ထားသည့်အတိုင်း ကျွန်တော့်အစ်မကြီးသည် ကိုလှဦးနေထိုင်ရာ ဒလမြို့သို့ လိုက်သွားသည်။ ကိုလှဦးမှာ ဒလတွင် သူ့မိဘများနှင့် အတူတူနေသူဖြစ်ပါသည်။

အစ်မကြီးအဖို့တော့ လှောင်ချိုင့်တွင်းမှ လွတ်မြောက်သွားသည့်ငှက်ငယ်ပမာ ရှိရှာပေလိမ့်မည်။ ကိုယ်စိတ်နှစ်ပါး မလွတ်မလပ်နှင့် ဒုက္ခရောက်၍ ကျန်ရစ်ခဲ့သူများကတော့ ကျွန်တော်နှင့် ကျွန်တော့်အစ်မလတ် သင်းသင်းလှ။

တစ်လင်မကောင်း၍ တစ်လင်ပြောင်းခဲ့သော အမေ့ဘဝသည် အကောင်း ဖြစ်မလာပါ။ ကျွန်တော့်အဖေ ဖဲသမားနှင့်တုန်းကလို တပူပူတဆူဆူပင်ဖြစ်နေသည်။ အဖေ့တုန်းကတော့ အဖေက ရိုက်ခဲပါသည်။ သူတောင်းသည့် ငွေမရလျှင် ခုနစ်အိမ်ကြား၊ ရှစ်အိမ်ကြား အော်ဆဲနေတတ်သော်လည်း ထိုးကြိတ်ရိုက်နှက်ခြင်းတော့ မပြုပါ။

ပထွေးနှင့်ကျတော့ ဆဲလည်းဆဲ၊ ရိုက်လည်းရိုက်သဖြင့် အနေခက်လှပါသည်။ ရန်မဖြစ်သောညဟူ၍လည်း တစ်ညမှမရှိပါ။ ညစဉ်ညတိုင်း



ဆဲကြဆိုကြ၊ ရိုက်ကြနှက်ကြ၊ လုံးထွေးသတ်ပုတ်ကြနှင့် ရင်တမမ နေကြရပါသည်။ ကျွန်တော်တို့မောင်နှမအဖို့ စိတ်လည်းဆင်းရဲ၊ ရှက်လည်းရှက်ဖြစ်နေရသဖြင့် သာယာပျော်ရွှင်မှုဟူ၍ လုံးဝမရှိတော့ပါ။

အိမ်တွင် အိပ်ခန်းနှစ်ခန်းရှိရာ တစ်ခန်းတွင် အမေနှင့်ပထွေးအိပ်၍ ကျန်တစ်ခန်းတွင် ကျွန်တော်တို့မောင်နှမ အိပ်ကြသည်။ ကျွန်တော်တို့မောင်နှမသည် ခြင်ထောင်ကိုယ်စီနှင့် တစ်ယောက်တစ်နေရာစီ ခွဲအိပ်ကြခြင်းဖြစ်သည်။ တစ်ညမှာတော့ ပထွေးသည် အစ်မလတ်သင်းသင်းလှ၏ ခြင်ထောင်ထဲသို့ ဝင်လာသဖြင့် အစ်မလတ်က အလန့်တကြားထ၍အော်သည်။

ပထွေးသည် ပထမတော့ အစ်မလတ်၏ပါးစပ်ကို လက်တစ်ဖက်ဖြင့် ပိတ်ရန်ကြိုးစားသော်လည်း အစ်မလတ်က အတင်းရုန်းကန်နေသဖြင့် ထွက်ပြေးပါသည်။ အမေကမေးတော့ "သေးထပေါက်ပြီး အခန်းမှားဝင်မိတာပါ" ဟု ပထွေးက ဆင်ခြေပေးပါသည်။

ဤကိစ္စမှာတော့ အမေက ပြတ်သားသည်။ ပထွေးအား အပြင်းအထန်ပုတ်ခတ်ဆဲဆိုပြီးပြောရာမှ နှစ်ယောက်သား အကြီးအကျယ်ရန်ဖြစ်ကာ ရိုက်ကြနှက်ကြ၊ သတ်ကြပုတ်ကြသည်။ ဒီတစ်ကြိမ်တွင် အမေက ပြန်သတ်နေသဖြင့် ဗလုံးဗထွေးဖြစ်ကာ တစ်အိမ်လုံး ဝုန်းဒိုင်းကြဲနေသည်။ အိမ်နီးနားချင်းတချို့ရောက်လာပြီး ဖျန်ဖြေချိန်အထိ ရန်ပွဲကမပြီးပါ။

"ခွေးလောက်မှ သစ္စာမရှိတဲ့ကောင်၊ နင့်လို လူယုတ်မာမျိုးနဲ့ ငါ ပေါင်းနိုင်ဘူး။ နင် အခုချက်ချင်း ငါ့အိမ်ပေါ်ကဆင်း" ဟု အမေက အော်သည်။ "ဘာပြုလို့ ဆင်းရမှာလဲ။ မဆင်းဘူး" ဟု ပထွေးက ပြန်အော်သည်။

ရန်ဖြစ်စဉ်က ပထွေးက ဘာနှင့်ရိုက်လိုက်သည်မသိ။ အမေ့ခေါင်းပေါက်သွားသဖြင့် သွေးတွေစီးကျနေသည်။ ဆေးရုံသွားဖို့ ဝိုင်းပြောကြသော်လည်း အမေက နားမထောင်ပါ။ တချို့ကဝိုင်းပြီး ဆေးထည့်ပေးကြပါသည်။ ကျွန်တော်တို့နှင့်ရင်းနှီးနေသော အိမ်နားနီးချင်းကိုအောင်ဒင်ဆိုသူက အကြောင်းစုံသိသွားသည့်အခါ မခံမရပ်နိုင်ဖြစ်ကာ ဝင်ပြောပါသည်။

"ဘာလဲဗျ ခင်ဗျားဟာက၊ မပေါင်းနိုင်လို့ ကွာပေးပါပြောတော့လည်း မရဘူး။ အိမ်ပေါ်ကဆင်းဆိုတော့လည်း မဆင်းဘူး။ နေတော့လည်း ကောင်းကောင်းမနေဘူး။ မူးမူးရူးရူးနဲ့ ရိုက်လားနှက်လားလည်း လုပ်သေးတယ်။ မဟုတ်တယုတ်လည်း ကြံသေးတယ်"

ပထွေးက မခံမရပ်နိုင်ဖြစ်သည်။ "အောင်မယ်....ဟေ့ကောင် အောင်ဒင်၊ မင်းနဲ့ဘာဆိုင်လို့ ဝင်ပြောရတာလဲ။ ငါ့ပိုက်ဆံနဲ့ငါ အရက်သောက်ပြီး ငါ့မယား ငါရိုက်တာ ဘာဖြစ်လဲ။ ငါ့အိမ်ထဲ ငါကြံချင်တာကြံမယ်၊ လုပ်ချင်တာလုပ်မယ်။ "....ိး ဖြစ်လား၊ ငါ့......မသား"

"ဟေ့ကောင် ခွေးသား၊ ငမူး ထစမ်း။ လာ....ရဲရင်အောက်ဆင်း၊ အောင်ဒင့်အကြောင်း ပြလိုက်မယ်"

ပြောပြောဆိုဆို ကိုအောင်ဒင်သည် အိမ်ပေါ်မှဆင်းပြေးပြီး သူ့အိမ်မှ ဓားကြီးတစ်ချောင်းယူ၍ အိမ်ရှေ့သို့ရောက်လာသည်။ ပါးစပ်မှလည်း အော်ကြီးဟစ်ကျယ် ဆဲဆိုကြိမ်းမောင်းပြီး ပထွေးကို စိန်ခေါ်နေသည်။

ပထွေးကလည်း အောက်ဆင်းမည်ဟု တကဲကဲလုပ်နေသဖြင့် ဘေးလူများက ဝိုင်းဆွဲထားကြသည်။ အတန်ကြာတော့ ဘယ်သူတွေက ဆွဲခေါ်သွားမှန်းမသိ။ လမ်းမပေါ်မှ ကိုအောင်ဒင်၏ ဆဲဆိုသံများ ပျောက်သွားသည်။

လူကြီးတချို့က ပထွေးကို ချော့မော့ပြီးခေါ်သွားသဖြင့် ထိုညက ပထွေးအိမ်ပြန်ရောက်မလာပါ။ သို့သော်လည်း နောက်နေ့မနက်ကျတော့ ပြန်ရောက်လာသည်။ ပြန်လာမည်ကို သိနေသောအမေသည် သူ့အဝတ်အစားများကို အိမ်ပြင်၌ချပေးထားပြီး တံခါးကိုအတွင်းမှ သော့ပိတ်ထားသည်။

ပထမတော့ ပထွေးသည် ယုတ်ယုတ်မာမာဆဲကာ သောင်းကျန်းနေသေးသော်လည်း ခဏကြာတော့ သူ့အဝတ်ထုပ်ကို ဆွဲယူပြီးထွက်သွားသည်။ နေ့ခင်းကျတော့ ရပ်ကွက်လူကြီးနှစ်ယောက်နှင့်အတူ ပြန်ရောက်လာသည်။ အမေက ကွာရှင်းစာလုပ်ပြီး လက်မှတ်ထိုးပေးဖို့ ပြောသည်။ ပထွေးက လုံးဝမထိုးနိုင်ဘူးဟု ငြင်းဆန်သည်။ လူကြီးများက ဒီတစ်ကြိမ်သည်းခံကြဖို့ ဖျောင်းဖျသော်လည်း အမေကလက်မခံ။



ပထွေး ထွက်သွားပြန်လေသည်။

ဒီတစ်ကြိမ်မှာတော့ သူသည် ချက်ချင်းပြန်မလာပါ။ ဆယ်ရက်လောက်ကြာမှ ပြန်လာခြင်းဖြစ်၏။ သူနှင့် ရန်ဖြစ်ခဲ့ဖူးသော လက်သမားဆရာကိုအောင်ဒင်နှင့် အတူတူပြန်လာကြခြင်းဖြစ်၍ အမေရောကျွန်တော်တို့ပါ အံ့ဩမိခဲ့ကြသည်။ ထုံးစံအတိုင်း ပထွေးကတော့ မူးလာသည်။ ကိုအောင်ဒင်ကတော့ မမူးပါ။ သို့သော်လည်း နည်းနည်းပါးပါးတော့ သောက်လာဟန်ရှိပါသည်။

"ဟေ့...မြမြ၊ နင့်ကို ကွာစာလက်မှတ်ထိုးပေးမယ်။ နင် ငါ့ကို ငွေငါးရာပေးမလား"

အမေက ရုတ်တရက် အဖြေမပေးပါ။

"ဘာလဲဟ....ငါ့ကို နင် မကွာနိုင်ဘူးမဟုတ်လား။ ဟား....ဟား....ဟား။ ထိန်လင်းကို စွဲနေပြီပေါ့လေ။ မရဘူးဟေ့....ဒီတစ်ခါတော့ မရဘူး။ နင် မကွာချင်လည်း ငါက နင့်လိုကောင်မမျိုးကို လုံးဝမပေါင်းနိုင်တော့ဘူး.....ဟဲ....ဟဲ.....ဟဲ"

အမေက ဒေါပွသွားသည်။

"အံမယ်....ငါကလား မကွာချင်ရမှာ။ နင့်လိုကောင်မျိုးကို ငါက တစ်သက်လုံး မပေါင်းဘူးသိလား။ နင်တောင်းတဲ့ ငွေမပြည့်လို့ စဉ်းစားနေတာကွဲ"

"အမယ်လေး....ငွေမပြည့်တာများ အခုဘယ်လောက်ရှိသလဲ။ ရှိသလောက်သာ ပေးလိုက်။ ကျန်တာကို ရက်ချိန်းနဲ့ပေး၊ မဟုတ်ဘူးလား အောင်ဒင်ရာ"

ကိုအောင်ဒင်က အမေ့ကို မျက်စိတစ်ဖက်မှိတ်ပြပြီး "အေးလေ....ဟုတ်တာပေါ့။ မမြမြဆီမှာ အခုဘယ်လောက်ရှိသလဲ၊ ရှိသလောက် ပေးလိုက်ပေါ့။ ကျန်တာကို ဘယ်နေ့ဘယ်ရက်လာယူလို့ ချိန်းလိုက်ပေါ့" ဟု ဝင်ပြောပါသည်။

အမေက သဘောတူတော့ လူကြီးတချို့ကို ခေါ်သည်။ အများရှေ့မှာပင် ငွေ ၃၅၀ ပေးလိုက်ပြီး ကွာရှင်းစာ လက်မှတ်ရေးထိုးကြသည်။ ကျန်ငွေကို ရက်ချိန်းပေးလိုက်ပါသည်။

ပထွေးသည် ငွေကိုယူ၍ မူးမူးရူးရူးနှင့် ပြန်သွားသည်။ ကိုအောင်ဒင်အား ဇွတ်အတင်းခေါ်နေသေးသော်လည်း မလိုက်ပါ။ သူ့အိမ်သူ ပြန်သွားပါသည်။

တစ်မီးတော့ဖြင့် အေးသွားပြီဟုတွေးကာ ကျွန်တော်တို့အားလုံး စိတ်အေးသွားကြပါသည်။

*

(၅)

ကျန်ငွေ ၁၅၀ ကျပ်ကို ပထွေးလာမယူမီ တစ်ရက်အလိုတွင် လမ်းထိပ်၌ ကိုအောင်ဒင်နှင့် ကျွန်တော်ဆုံမိသည်။ သူက ဈေးဘက်မှအပြန် ကျွန်တော်က ဈေးဘက်သို့အသွား ဆုံမိကြခြင်းဖြစ်၏။

"ဟေး....ချစ်ပို၊ မင်း ရုပ်ရှင်လိုက်မလား"

"အခု သွားမှာလား"

"အခုပေါ့ကွာ၊ လိုက်ခဲ့လေကွာ။ မင့်ကို ပြောစရာတစ်ခုလည်း ရှိတယ်ကွ"

ကျွန်တော် အိမ်ပြန်ပြောဖို့ပင် မစဉ်းစားတော့ဘဲ လိုက်သွားပါသည်။ ဘာသဘောရယ်လို့တော့ ကျွန်တော်မသိပါ။ ဘတ်စ်ကားပေါ်တွင် ကိုအောင်ဒင်က ကျွန်တော့်ပထွေး မကောင်းပုံများကို ပြောသွားပါသည်။ "မင့်ပထွေးကောင်ကို မင်း သောက်မြင်မကတ်ဘူးလား။ မင်း သူ့ကို သတ်ပစ်ချင်စိတ်ကော မပေါ်ဘူးလား။ အမေကိုလည်း ယူသေး၊ အစ်မကိုလည်း မတော်မရာ ကြံသေး။ ဒီခွေးမသားကို ငါတောင် သတ်ချင်တယ်ဟေ့ သိလား" ဟုလည်း ပြောသည်။

ကျွန်တော်ကလည်း ငြိမ်မနေနိုင်ပါ။ "ဒီကောင်ကြီးကို ကျွန်တော် အရမ်းကို မုန်းတာပဲဗျာ။ ကြည့်လို့ကို မရဘူး။ သတ်လို့သာရရင် အခုချက်ချင်းကိုသတ်ချင်တယ်။ အမေဆိုရင် အမြဲအရိုက်ခံရတာဗျာ။ ကျွန်တော့်အစ်မ သင်းသင်းလှလည်း ကံကောင်းလို့၊ ဒီကောင်ကြီးက စော်ကားမလို့" ဟု ပြန်ပြောမိသည်။

ရုပ်ရှင်ရုံထဲရောက်တော့လည်း ကိုအောင်ဒင်က ပထွေးအကျင့်ယုတ်



ကြောင်း ဆက်ပြောနေသည်။ အပြန်တွင်လည်း ပထွေးမကောင်းကြောင်းများကိုသာ ပြောလာနေသည်။

"မနက်ဖြန်ကျရင် မင့်ပထွေး ကျန်တဲ့ငွေ လာယူလိမ့်မယ်ကွ။ ညနေပိုင်းလာမှာ။ ငါ့ကိုလည်း အရက်တိုက်မယ်လို့ပြောထားတယ်။ ရုပ်ရှင်လည်း ကြည့်မယ်တဲ့။ မင်းလိုက်ခဲ့ပါလား။"

"ဟာဗျာ ကျွန်တော်တော့ ဒီကောင်ကြီးနဲ့ မလိုက်ချင်ဘူး"

"ငါပါနေတာပဲကွ၊ ငါက မင့်ကိုခေါ်တာ အကြောင်းရှိတယ်။ မင်းသာလိုက်ခဲ့ ဘာမှမဖြစ်စေရဘူး။ ဒီကောင်ကို ငါဆုံးမဖို့ စီစဉ်ထားတယ်။ မင်းအမေဆီက မတရားယူထားတဲ့ငွေကိုလည်း တို့က ပြန်ယူပေးမယ်"

ကျွန်တော်လိုက်မည်ဟု ပြောလိုက်ပါသည်။

နောက်တစ်နေ့ညနေတွင် ကျွန်တော့်ပထွေးသည် ကိုအောင်ဒင်နှင့်အတူရောက်လာပြီး အမေ့ထံမှ ကျန်ငွေကိုယူသည်။ ပြီးတော့ အရက်ပုန်းဆိုင်သို့ သွားကြသည်။ မနေ့ကပြောထားသည့် ကိုအောင်ဒင်က မျက်ရိပ်မျက်ခြည်ပြသဖြင့် ကျွန်တော်ပါသွားသည်ကို အမေနှင့်အစ်မတို့ မသိကြပါ။

လမ်းခုလတ်တွင် ပထွေးက "ဒီကောင်လေးက ဘယ်လိုက်မှာလဲ" ဟု မေးပါသေးသည်။ ကိုအောင်ဒင်က "ကျုပ်ခေါ်လာတာပါဗျ။ ကောင်လေးကို ခေါက်ဆွဲလေးဘာလေး ကျွေး၊ ရုပ်ရှင်လေးဘာလေးလည်း ပြ၊ ဒါမှ ခင်ဗျားစီစဉ်ထားတဲ့အတိုင်းဖြစ်မှာပေါ့" ဟု ပြန်ပြောသည်။ ပြီးတော့ ကိုအောင်ဒင်က ပထွေး၏နားတွင်ကပ်၍ တီးတိုးတီးတိုးပြောနေပါသည်။ ပထွေးက သွားဖြဲကာ ခေါင်းညိတ်သည်။

"ခေါက်ဆွဲတော့ကျွေးမယ်ကွာ၊ ရုပ်ရှင်တော့ ငါလည်းမကြည့်ချင်လို့ မပြဘူး"

အရက်ပုန်းဆိုင်တွင် သူတို့အရက်သောက်ကြသည်။ ကျွန်တော်က သူတို့မှာထားသည့် ဝက်အူချောင်းကြော်၊ ဝက်ခေါင်းသုပ်နှင့် ကြက်ရိုးသုပ်များကိုစားသည်။ ပထွေးနှင့် ကိုအောင..င်တို့ကတော့ စကားတွေအများကြီးပြောကြသည်။ ပထွေးက သူမိန်းမတွေထည်လဲနှင့် ယူခဲ့သည့်အကြောင်း၊ မိန်းမတွေက သူ့ကိုသဘောကျကြောင်း၊ သူကြံလျှင်ဘယ်

မိန်းမကမှ မငြင်းကြောင်း စသည်များကို ယုတ်တီးယုတ်မာစကားလုံးများဖြင့် ပြောပြနေပါသည်။

ထို့နောက် ကျွန်တော့်အစ်မနှစ်ယောက်ကို သူစိတ်ပါလက်ပါကြံလျှင် ရနိုင်ကြောင်း၊ သူရှေ့လောကြီးသွားလို့ အခုလိုဖြစ်ရခြင်းဖြစ်ကြောင်း၊ ကျွန်တော့်အစ်မများမှာ လင်ဆာနေသော အရွယ်များဖြစ်သဖြင့် လိမ်မာပါးနပ်စွာကြံလျှင် ရနိုင်ကြောင်း စသည်များကိုလည်း အားမနာလျှာမကျိုး ပြောနေသည်။

ကျွန်တော်ထပြန်မည်လုပ်သော်လည်း ကိုအောင်ဒင်က မျက်စိမှိတ်ပြပြီး ဆွဲထားသဖြင့် မပြန်ဖြစ်တော့ပါ။ ဘာ့ကြောင့်ရယ်တော့မသိ၊ ကိုအောင်ဒင်ရှေ့မှ အရက်ဖန်ခွက်ကိုယူ၍ ကျွန်တော်မော့ချလိုက်ပါသည်။ ပထွေးကမမြင်ပါ။ ကိုအောင်ဒင်က နောက်ထပ်ထည့်ပေးပြီး "နည်းနည်းလောက်ထပ်ချပါဦး" ဟုပြောသည်။ ကျွန်တော် ထပ်မော့လိုက်ပါသည်။

အရက်ဆိုင်မှ အရက်တစ်လုံးထပ်ဝယ်ပြီး ထွက်လာတော့ ဆယ့်နှစ်နာရီထိုးပြီဟု သိရသည်။ ကျွန်တော့်ခေါင်းမှာ မူးနောက်နေသည်။ သတိလက်လွတ်ဖြစ်သော်လည်း ဘယ်ဆီကို လျှောက်သွားနေမှန်းမသိပါ။

နောက်ဆုံးတွင် ကျွန်တော်တို့သည် အ.ထ.က ကျောင်းကြီး၏ နောက်ဘက်ရှိ လယ်ကွက်ထဲ ရောက်သွားကြသည်။ ပထွေးကတော့ အတော်မူးနေပြီး ဘာကိုမှ ရေရာစွာ သိပုံမပေါ်။ ကိုအောင်ဒင်ခေါ်ရာသို့ စွတ်ရွတ်ပြီးလိုက်လာခဲ့ခြင်းဖြစ်ဟန်တူပါသည်။

"ဒီမယ်ဟေ့ အောင်ဒင်၊ ငွေကျန်သေးတယ်။ မိန်းမသွားရှာပြီးခေါ်ခဲ့"

"အေးပါ ခေါ်ပေးပါမယ်"

"ဟိုမသာလေးကို ပြန်လွှတ်လိုက်ကွာ၊ အလကား ဇာတ်ရှုပ်တယ်"

"အေးပါ ပြတ်လွှတ်မှာပေါ့"

လယ်ကွင်းထဲရောက်တော့ တစ်နေရာမှာထိုင်ပြီး ထပ်သောက်ကြပြန်သည်။ ကိုအောင်ဒင်က ကျွန်တော့်ပထွေးကိုသာ များများတိုက်ပါသည်။ နောက်တော့ ကျွန်တော့်ပထွေးက လှဲအိပ်လိုက်ပါသည်။ အိပ်မပျော်သေးသော်လည်း သူ့ခေါင်းသူ ထူနိုင်ဟန်မတူပါ။ ပါးစပ်မှလည်း ဘာတွေပြောနေမှန်းမသိ။ သဲသဲကွဲကွဲမကြားရပါ။



ကိုအောင်ဒင်က အရက်တစ်ခွက်ထပ်တိုက်သဖြင့် ကျွန်တော်သောက်လိုက်ပါသည်။ ကျွန်တော်တစ်ကိုယ်လုံးမှာ ထူပူလျက်ရှိပါပြီ။

"ဟေး ချစ်ပို မင်းစောစောက ကြားတယ်မဟုတ်လား။ မင်းအစ်မတွေအကြောင်း ပြောနေတာလေ။ ဘယ်လောက်ယုတ်မာတဲ့ကောင်လဲ၊ တို့နှစ်ယောက် ချမယ်ကွာ"

ကျွန်တော်ကလည်း "ချမယ်လေဗျာ၊ ဘာနဲ့ချမလဲ ကျွန်တော်တုတ်လိုက်ရှာလိုက်ဦးမယ်" ဟုပြောရာ ကိုအောင်ဒင်က သူ့ပုဆိုးကြားမှဓားတစ်လက်ထုတ်ပြပါသည်။

"ဒီမှာမြင်တယ်မဟုတ်လား။ ဒီဟာအကောင်းဆုံးပဲ၊ ရော့ဒီဓားနဲ့ထိုးကွာ"

"ခင်ဗျား အရင်ထိုးဗျာ၊ ကျွန်တော်မထိုးရဲဘူး"

"ထိုးပါကွာ ဘာကြောက်စရာရှိလဲ။ ထိုးလိုက်၊ ရော့ မင်းထိုးပြီးတော့ ငါထိုးမယ်"

ကျွန်တော့်လက်ထဲ ဓားရောက်လာပါသည်။ ကျွန်တော်ဘာမျှစဉ်းစားမနေတော့ပါ။ ပထွေးကိုထိန်လင်း၏ရင်ဘတ်ကို ဓားနှင့်တစ်ချက်ထိုးလိုက်ပါသည်။

ပထွေးကိုထိန်လင်း၏ပါးစပ်မှ အင့်ခနဲ မြည်သံထွက်လာပါသည်။ အော်တော့ မအော်နိုင်ပါ။ ဝူးဝူးဝါးဝါးနှင့် မပီမသ အသံများသာ ထွက်လာပါသည်။

"ဟေ့ချစ်ပို တစ်ချက်ထပ်ထိုးလိုက်ဦး၊ တစ်ချက်ထပ်ထိုးလိုက်" ဟုပြောသဖြင့် နောက်တစ်ချက် ထပ်ထိုးလိုက်ပြန်ပါသည်။

ကျွန်တော်က ဘယ်နှစ်ချက်ထိုး၍ ကိုအောင်ဒင်က ဘယ်နှစ်ချက်ထိုးသည်ကို ကျွန်တော်မမှတ်မိတော့ပါ။

ကိုအောင်ဒင်က လက်ဆွဲပြီးခေါ်လာ၍သာ ကျွန်တော်လိုက်လာရသည်။ ကျွန်တော့်ခြေထောက်နှင့်မြေကြီး ငါ့ာည်ဟု မထင်ပါ။ ကြောက်လွန်း၍ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်လျက်ရှိပါသည်။

ဘာမှမပြောဘဲ ခပ်တည်တည်၊ ခပ်အေးအေးနေရန် ကိုအောင်ဒင်က အတန်တန်မှာလိုက်သော်လည်း ကျွန်တော်မနေနိုင်ပါ။ အိမ်ရောက်လျှင်

ရောက်ချင်း အမေ့ကိုဖက်၍ မရပ်မနားငိုနေမိပါတော့သည်။

ဤမျှဆိုလျှင် ကျွန်တော့်ပထွေး ကိုထိန်လင်းအား ကျွန်တော်....

ဘာကြောင့်သတ်ခဲ့သည်.....

ဘယ်နေရာမှာသတ်ခဲ့သည်......

ဘယ်လိုသတ်ခဲ့သည်.......

စသည်များကို ရှင်းပြီဟုထင်ပါသည်။

ကျွန်တော် ထိုညက လူသတ်မှုကျူးလွန်ခဲ့ပြီး နောက်တစ်နေ့မနက်မှာပင် အဖမ်းခံရပါသည်။ ကိုအောင်ဒင်ကိုပါ ဖမ်းပါသည်။

ဤလူသတ်မှုအတွက် ကိုအောင်ဒင်က ထောင်ဆယ်နှစ်ကျပါသည်။

ကျွန်တော်က အသက် ၁၉ နှစ်ပြည့်သည့် အချိန်ကာလအထိ သရက်ဘော်စတယ်တွင် နေရပါမည်။

အမှန်တော့ ကျွန်တော်လူမသတ်ရဲပါ။ လူသတ်ရဲသည့် သတ္တိမျိုး၊ လူသတ်ရဲလောက်အောင် ရက်စက်ယုတ်မာသည့်စိတ်မျိုး ကျွန်တော်တွင် မရှိပါ။ လူတစ်ယောက်ကို သတ်မည်ဟုကြိုတင်၍ ကြံစည်စိတ်ကူးခြင်းလည်း မပြုခဲ့ဖူးပါ။

သို့ပါသော်လည်း.....

ကျွန်တော် လူသတ်ခဲ့မိပါသည်။

❑

# လာရာလမ်းကိုလွှမ်းမိပါရဲ့

လူမှုသိပ္ပံပညာကို သင်ယူ၍ လူမှုရေးလုပ်ငန်းများကို နှစ်ပေါင်းအတန်ကြာမျှ လုပ်ခဲ့ရဖူးသော ကျွန်တော်သည် လူမှုဒုက္ခသည်မျိုးစုံနှင့် ဆုံမိခဲ့ရသည်။ ဆုံမိသည့်အခါများတွင်လည်း သူတို့ပြဿနာများကို ဖြေရှင်းပေးနိုင်ရေးအတွက် (Social Case Work) ခေါ် လူမှုရေးမှတ်တမ်းအလုပ်ကို လုပ်ရပါသည်။ ယင်းအလုပ်ပေါ်အခြေခံ၍ လူမှုဒုက္ခသည် ပြဿနာအတွက် အဖြေထုတ်ရသည်။ ထိုအလုပ်ကို လုပ်ရင်းနှင့်ပင် လူမှုဒုက္ခသည်မျိုးစုံ၏ ဇာတ်လမ်းများသည် ကျွန်တော့်ထံတွင် အများအပြား ရှိလာခဲ့လေသည်။ ယခု 'လာရာလမ်း လွှမ်းမိပါရဲ့' မှ ဇာတ်ကောင် ကိုမောင်မောင် (နာမည်ရင်းမဟုတ်) သည် အမှန်တကယ်ရှိခဲ့သည်။ ယနေ့အထိ အသက်ရှင်နေလိမ့်ဦးမည်ဟု ထင်ပါသည်။ အကယ်၍ သူမရှိတော့သည့်တိုင်အောင် သူ့ဇနီးတော့ ရှိလိမ့်ဦးမည်ဟု ထင်သည်။ သူတို့လင်မယားမှာ ကံမကောင်း အကြောင်းမလှ၍ 'လူမှုဒုက္ခသည်များ' ဖြစ်နေကြရသော်လည်း စိတ်နေသဘောထားကတော့ ကောင်းကြသည်။

စာအလွန်ဖတ်သော ကိုမောင်မောင်သည် ဆင်ခြင်တုံတရား ရှိသည်။ ဘာလုပ်လုပ် အဆစ်အပိုင်းကျကျတွေးပြီးမှ လုပ်တတ်လေ့သော အလေ့အထရှိသည်။ ကျွန်တော်နှင့် ပထမဆုံးအကြိမ် ဆုံမိကြစဉ်က ရောဂါသည် မဟုတ်သော သူ့တပည့်တစ်ဦးအား စားသောက်ဆိုင်တစ်ဆိုင်သို့ ကျွန်တော့်အား ခေါ်သွားပြီး ထမင်းကျွေးရန် စီစဉ်ထားသည်။ ကျွန်တော်က ကျွန်တော်စားချင်သော အစားအစာကို သွားဝယ်ခိုင်းပြီး သူနှင့်အတူတူ လက်ဆုံစားခဲ့သည်။ သူသည် ကျွန်တော်လုပ်ပုံကိုကြည့်ကာ အလွန်စိတ်ချမ်းသာသွားပုံရပါသည်။

'လာရာလမ်း လွမ်းမိပါရဲ့' သည် တကယ့်အဖြစ်အမှန်ဇာတ်လမ်းဖြစ်၏။ တချို့ကတော့ ဇာတ်လမ်းကို ယုံချင်မှ ယုံကြပေလိမ့်မည်။ မယုံသူများအတွက်တော့ 'မယုံလျှင် ပုံပြင်မှတ်' ဟုသာ ပြောပါလိမ့်မည်။ တစ်ခုတော့ ဝန်ခံလိုပါသည်။ ဤဇာတ်လမ်းကို ရေးရာ၌ ဖြစ်ရပ်မှန်အပေါ် အခြေခံ၍ မိမိ၏ စိတ်ကူးယဉ်မှုအနည်းငယ်မျှရောစပ်ကာ ဖန်တီးမှုပြုလုပ်ထားခြင်းဖြစ်ပါသည်။

ကျွန်တော့်ဇာတ်ကောင်၏ မေတ္တာ၊ စေတနာနှင့် မွန်မြတ်သော ရည်မှန်းချက်သည် များစွာထိရောက်အောင်မြင်ခဲ့ပါသည်။ ယင်းအောင်မြင်မှုအတွက် ကျွန်တော်သည်များစွာ ကြည်နူးချမ်းမြေ့ခြင်း ဖြစ်ခဲ့ရပါ၏။

*

အမှန်တော့ ကျုပ်ဟာ လူဆိုးလူမိုက်တစ်ယောက်မဟုတ်ပါဘူး။ တေတေပေပေနဲ့ ခပ်ကြမ်းကြမ်း၊ ခင်ရမ်းရမ်း ပေါက်လွှတ်ပဲစားနေလာခဲ့တဲ့ လူစားလည်း မဟုတ်ဘူး။ အရက်သောက်၊ ဖဲရိုက်၊ မိန်းမလိုက်နေတဲ့ လူရှုပ်လူပွေအမျိုးအစားထဲကလည်း မဟုတ်ပါဘူး။ ကျုပ်ဟာ ကိုယ့်ကိုယ်ကိုယ် လူလိမ်မာ၊ သူတော်ကောင်းတစ်ယောက်ပါလို့ ရဲရဲဝံ့ဝံ့ မပြောနိုင်ပေမဲ့ လူဆိုးလူမိုက်တစ်ယောက်မဟုတ်ဘူးဆိုတာကိုတော့ ယုံပါ။ ဒါပေမဲ့ ခက်တာတစ်ခုက ကျုပ်ဟာ အခြေအနေအရ ဒုစရိုက်အလုပ်တစ်ခုကိုလုပ်ခဲ့ရဖူးလေတော့ ကျုပ်ဘာတွေပဲပြောပြော ကျုပ်ရဲ့စကားတွေဟာ အရာရောက်ချင်မှရောက်ပေလိမ့်မပေါ့။



ကျုပ်ဟာ 'အညာသား' ပါ။ မကွေးတိုင်းထဲက မြို့တစ်မြို့မှာ မွေးဖွားကြီးပြင်းလာခဲ့ရတဲ့လူပါ။ ကျုပ်မိဘတွေရဲ့ မျိုးရိုးဇာတိကို ကြည့်မယ်ဆိုရင်လည်း လူဆိုးသူခိုး ဒုစရိုက်သမားမျိုးနွယ်တွေ မဟုတ်ကြပါဘူး။ နည်းနည်းပါးပါး အကျင့်စာရိတ္တပျက်ပြားဆိုးသွမ်းတဲ့လူတော့ တစ်ဦးစနှစ်ဦးစပါချင်လည်း ပါပေလိမ့်မပေါ့။ ဒါပေမဲ့ စာဖွဲ့လောက်အောင် ဆိုးတဲ့ လူတွေမရှိခဲ့ပါဘူး။ တကယ်တော့လည်း လောကကြီးမှာ ဘယ်အမျိုးမှ အကောင်းတွေချည်း စုနေတာမရှိပါဘူး။ လူကောင်းရှိသလို လူဆိုးလည်း ရှိစမြဲပါ။

ကျုပ်မိဘတွေဟာ ကျုပ်တို့မြို့နယ်ထဲက ကျေးရွာတစ်ရွာမှာ မွေးဖွားကြီးပြင်းပြီး ယာသမားအလုပ်နဲ့ ထမင်းတစ်လုပ်ရှာစားခဲ့ကြတဲ့ လူရိုးလူကောင်းတွေပါ။ လျှာအရိုးမရှိတိုင်း လိမ်ညာဝါဖြန်းပြီး ယာသမားတွေရဲ့ မျက်ခုံးမွေးတွေပေါ်အတင်းအဓမ္မတက်ပြီး စကြိုလျှောက်စားတတ်တဲ့ လူစားတွေလည်း မဟုတ်ကြပါဘူး။ တကယ်တော့ သူတို့ဟာ 'ရိုးလည်းရိုး အလည်းအ' မို့ လူလည်တွေ လုပ်သမျှကို လည်စင်းခံနေခဲ့ရတဲ့ လူတန်းစားပါ။

ဒါပေမဲ့ ရိုးတယ်၊ အတယ်လို့ဆိုရုံနဲ့ သူတို့ကို အထင်သေးလို့ကတော့ မရဘူးဗျ။ သူတို့မှာ လက်တွေ့ဘဝက ပေးထားတဲ့ 'အသိ' တွေဟာ အများကြီးရှိတယ်။ အားနာလို့၊ ကြောက်လို့သာ မပြောတာ၊ သူတို့ရင်ထဲမှာ မျိုသိပ်ထားရတဲ့ စကားတွေကတော့ အများကြီးပဲ။

တစ်ခါတုန်းက ကျုပ်တို့အဖေက ပြောဖူးတယ်။ 'အဘတို့နယ်ထဲမှာ ဓားပြသောင်းကျန်းမှုတွေပေါ်လာတော့ အဘက သိပ်ပြီး စိတ်မပူခဲ့ဘူး။ ကိုယ့်လူမျိုး အချင်းချင်းတွေပဲလေ၊ ငါတို့ကြားက လူတွေအပေါ်မှာတော့ ရက်စက်ကြမယ် မထင်ပါဘူးလို့ တွေးမိခဲ့တယ်။ ဒါပေမဲ့ လူကလေးရယ်၊ တို့လူမျိုးတွေက ကိုယ့်အချင်းချင်းအပေါ်မှာလည်း ရက်စက်တာပဲကွယ်။ အဲဒီရက်စက်ယုတ်မာမှုတွေကြောင့်လည်း အဘတို့လင်မယားဟာ ရွာကိုစွန့်ပြီး ဒီမြို့ပေါ်ရောက်လာရတာပေါ့ကွာ' တဲ့။

ကျုပ်အဖေဟာ မြို့ပေါ်ရောက်တော့ ပထမဆုံး ရေထမ်းတယ်။ အမေကဈေးထဲမှာ ဟင်းသီးဟင်းရွက်ကလေးတွေရောင်းတယ်။ လင်မယားနှစ်ယောက်ကောင်းကောင်းစားလောက်ရုံမကဘူး စုလို့ဆောင်းလို့ရသေးသ

တဲ့။ နောက်ကျတော့ အဖေ့ကို ခင်မင်နေတဲ့ လူတချို့ရဲ့ ကူညီမှုကြောင့် အဖေဟာ ရုံးတစ်ရုံးမှာ အစောင့်အလုပ်ရခဲ့တယ်။ ဒါပေမဲ့ အဖေဟာ သူ ပထမဆုံးလုပ်ခဲ့တဲ့ ရေထမ်းအလုပ်ကို မစွန့်နိုင်ခဲ့ဘူး။ အမေကလည်း ဈေးရောင်းတာ ရောင်းမြဲပဲ။

ကျုပ်ကို မြို့ပေါ်ရောက်မှ မွေးတာမို့ ကျုပ်ဟာ တောသူနဲ့ တောသားက မွေးတဲ့ မြို့သားတစ်ယောက်ဖြစ်လာခဲ့တယ်။ ကျုပ်အဖေက ရုံးတက်ရုံးဆင်းလုပ်နေတဲ့ လူတွေကိုကြည့်ပြီး တော်တော်အားကျတယ်။ ကျုပ်ကို ကျောင်းထားပြီး စာကြိုးစားဖို့ အမြဲတိုက်တွန်းတယ်။ ကျုပ်ကလည်း အဖေ့လိုပဲ ရုံးအလုပ်လုပ်နေတဲ့ ဝန်ထမ်းတွေကိုကြည့်ပြီး သိပ်အားကျတယ်။ ဒါကြောင့်မို့ ကျုပ်စာကို ကြိုးစားခဲ့တယ်။ ကြိုးစားရကျိုးတော့ နပ်ပါတယ်။ ကျုပ်အနေနဲ့ ဟိုခေတ်က SLC လို့ခေါ်တဲ့ ကျောင်းထွက်လက်မှတ်ရ စာမေးပွဲကို အောင်ခဲ့တယ်။ အဲဒီခေတ်တုန်းက အဲဒီစာမေးပွဲဟာ ပညာရေးဌာနရဲ့ အဆင့်အမြင့်ဆုံး အစိုးရစစ် စာမေးပွဲဗျ။ SLC အောင်ရင် အလုပ်ဝင်လုပ်လို့ရတယ်။

ဘာပဲဖြစ်ဖြစ် ကျုပ်အဖေနဲ့အမေအဖို့တော့ ဂုဏ်ယူစရာကြီးတစ်ခုပေါ့။ အောင်စာရင်းထွက်စက ကျုပ်ကိုခေါ်ပြီး ရှာပြန်ကြသေးတယ်။ ဆွေမျိုးပြပြပြီး ကြွားရတာ အမောပဲ။ အဲဒီခေတ်တုန်းက အဲ့ဒီစာမေးပွဲအောင်ဖို့ဆိုတာကလည်း လွယ်မှမလွယ်တာ။ ကျောင်းသားနှစ်ဆယ်လောက် ဝင်ဖြေပါမှ အောင်ချက်က ငါးယောက်ခြောက်ယောက်ထက် မပိုဘူး။ အဲဒီတော့ လူငယ်တစ်ယောက်ဖြစ်တဲ့ ကျုပ်အဖို့လည်း နည်းနည်းပါးပါးတော့ ဘဝင်ကိုင်ခဲ့မိတာ အမှန်ပဲ။

*

လူ့ဘဝဟာ ချစ်စရာ၊ မြတ်နိုးစရာကောင်းတယ်လို့ ထင်ရပေမဲ့ တကယ်တမ်းကျတော့ မုန်းစရာ၊ ရွံ့စရာ၊ စက်ဆုပ်စရာကောင်းတယ်လို့ ကျုပ်ကတော့ ထင်တယ်။ အဲဒါဟာ ကျုပ်ရဲ့ လက်တွေ့ဘဝထဲက ရလာတဲ့ အသိပါ။ 'ဘဝအမြင်' တစ်ခုလို့ဆိုရင်လည်း မှားမယ် မထင်ပါဘူး။ ကျုပ်လိုကောင်ရဲ့ ပါးစပ်က ဒီစကားကြားရတော့ ခင်ဗျားတို့အနေနဲ့ ရယ်ချင်လည်း



ရယ်ကြလိမ့်မယ်။ နှာခေါင်းရှုံ့ချင်လည်း ရှုံ့ကြလိမ့်မယ်။ ရပါတယ်။ ရယ်ချင်ရယ်၊ ရှုံ့ချင်ရှုံ့ပေါ့။

လောကကြီးမှာ စာဖတ်တဲ့ကောင်ဟာ စာမဖတ်တဲ့ကောင်တွေထက်တော့ သာတာအမှန်ပဲ။ ကျုပ်ကတော့ ဆယ်တန်းကျောင်းသားဘဝကတည်းက စာဖတ်လာတဲ့ကောင်ဆိုတော့ စာရဲ့တန်ဖိုးကို သိပ်သိတယ်။ အဲဒီအသိကြောင့်လည်း ကျုပ်ကျင်လည်နေခဲ့ရတဲ့လောကထဲမှာ ကိုယ့်ဘဝကိုယ်တခြားလူတွေထက်သာအောင် တည်ဆောက်နိုင်ခဲ့တာပေါ့ဗျာ။ တစ်ခုတော့ရှိတယ်။ ကောင်းတာ မကောင်းတာကတော့ သူ့အကြောင်းနဲ့သူပေါ့။

ကျုပ် ဆယ်တန်းအောင်တော့ ကျုပ်မှာ ရွေးစရာလမ်းနှစ်လမ်းပေါ်လာတယ်။ တစ်လမ်းက ကိုယ့်မြို့မှာတင် ကိုယ်အခြေစိုက်ပြီး အလုပ်လုပ်မလား။ ဒါမှမဟုတ် ရန်ကုန်ကိုပြောင်းရမယ့် အစိုးရအရာရှိ ဦးကြည်ခင်နဲ့ ရန်ကုန်ကို လိုက်သွားပြီး အလုပ်လုပ်ရင်း တက္ကသိုလ်ဝင်ခွင့်စာမေးပွဲဖြေမလား။

ကျုပ်ကရန်ကုန်ကို လိုက်ချင်တယ်။ အဖေကလည်း သဘောတူတယ်။ အမေကတော့ မိခင်တစ်ယောက် သဘာဝအတိုင်း မသွားစေချင်ဘူး။ နောက်ဆုံးမှာ နှစ်မဲတစ်မဲဖြစ်နေတော့ ကျုပ်ရန်ကုန်ကို လိုက်လာခဲ့တယ်။ ဦးကြည်ခင်က လူပျိုကြီး။ ကျုပ်အဖေကို သိပ်ခင်တယ်။ ဒါကြောင့်မို့လည်း ကျုပ်ရဲ့ကောင်းရာကောင်းကျိုးကို ကြည့်ပြီး ရန်ကုန်ကို ခေါ်လာခဲ့တာပဲ။

ရန်ကုန်ရောက်တော့ ဦးကြည်ခင်က အိမ်ငှားနေတယ်။ နှစ်ထပ်အိမ်အပေါ်ထပ်မှာ ဆရာတပည့်နှစ်ယောက်တည်း နေရတာဆိုတော့ အနေမဆင်းရဲဘူး။ ဦးကြည်ခင်က အလုပ်သွင်းပေးလို့ သူ့ဌာနမှာပဲ စာရေးအလုပ်ကို ကျုပ်ရတယ်။ ဟိုခေတ်က အောက်တန်းစာရေးလစာဟာ တစ်လမှ ၁၂၆ ကျပ်ပဲရတယ်။ ဒါပေမဲ့ စားလို့သောက်လို့ အဆင်ပြေတယ်။ ဒီကြားထဲမှာ စာရေးနေရေးကို ဦးကြည်ခင်က တာဝန်ယူတော့ ကျုပ်အဖို့ပိုပြီး ဟန်ကျတာပေါ့။

ကျုပ်တက္ကသိုလ်ဝင်စာမေးပွဲကို ၂ နှစ်ဖြေခဲ့ပါတယ်။ ဒီစာမေးပွဲမှာတော့ ကံမလိုက်ဘူး။ ကျုပ်ကြိုးစားပြီးဖြေပေမဲ့ မအောင်ဘူး။ သုံးနှစ်ထဲရောက်တော့ ကျုပ်စိတ်ပျက်သွားပြီ။ မဖြေတော့ဘူး၊ အဲဒီသုံးနှစ်အတွင်းမှာ ကျုပ်

အမေနဲ့ အဖေဆီ အလည်တစ်ခေါက်ပြန်လာသေးတယ်။ အဖေကတော့ ကျန်းမာပါတယ်။ အမေကတော့ သိပ်ပြီးမမာရှာဘူး။ အမေ့အခြေအနေက အဆိုးကြီးတော့လည်း မဟုတ်ဘူးလို့ ပြောနိုင်နေတော့ ကျုပ်သိပ်ပြီး စိတ်မပူခဲ့ဘူး။

ဒါပေမဲ့ဗျာ ကျုပ်ရန်ကုန်ကိုပြန်ရောက်ပြီး လေးလကျော်ငါးလလောက်နေတော့ အမေဆုံးပြီဆိုတဲ့ သတင်းရောက်လာတာပဲ။ စဉ်းစားလိုက်ရင်တော့ ကျုပ်ရန်ကုန်မှာအလုပ်ရတဲ့အချိန်ကစပြီး အမေနဲ့အဖေကိုတော့ ပြန်ပြီးထောက်ပံ့သမှုပြုနိုင်ခဲ့ပါတယ်။ ကျုပ်ရဲ့ လုပ်စာကလေးကို အမေစားသွားရပါသေးတယ်။

အမေဆုံးပြီးတဲ့နောက် တစ်နှစ်ကျော်၊ နှစ်နှစ်ကျော်နီးပါးအတွင်းမှာ ကျုပ်ရဲ့ဘဝဟာ အပြောင်းအလဲတွေရှိလာတယ်။ ပထမဆုံးပြောင်းလဲမှုကတော့ ကျုပ်အပေါ်မှာ ဦးလေးသားချင်းတစ်ယောက်လို ကူညီပံ့ပိုးပေးနေတဲ့ ဦးကြည်ခင်ဟာ စစ်ကိုင်းဘက်ကို ပြောင်းရွှေ့သွားခဲ့ရပါတယ်။ ကျွန်တော့်အပေါ်မှာ သံယောဇဉ်ကြီးရှာတဲ့ ဦးကြည်ခင်ဟာ သူမပြောင်းရွှေ့ခင်မှာပဲ ကျွန်တော့်ကို တူမဝမ်းကွဲတစ်ယောက်နဲ့ နေရာချထားပေးဖို့ စီစဉ်ခဲ့ပါတယ်။

သူ့တူမက မလှကြည်တဲ့။ သူ့အစ်မတစ်ဝမ်းကွဲက မွေးတာ။ သူ့အစ်မက မုဆိုးမပါ။ ယောကျ်ားဆုံးပြီးကတည်းက နောက်အိမ်ထောင်မပြုဘဲ သမီးနှစ်ယောက်၊ သားတစ်ယောက်နဲ့အတူ လုပ်ကိုင်စားသောက်နေတာပါ။ ကျုပ်နဲ့ မလှကြည်ကလည်း ရန်ကုန်ရောက်ကတည်းက သိကျွမ်းခင်မင်လာတာဆိုတော့ လူချင်း မစိမ်းပါဘူး။

ဦးကြည်ခင်ဟာ ကျုပ်နဲ့ သူ့တူမကို ပေးစားဖို့ ရန်ကုန်ရောက်ပြီး တစ်နှစ်ကျော်ကျော်လောက်ကတည်းက ကျုပ်ကို အသိပေးခဲ့တာပါ။ မိန်းကလေးဘက်ကိုလည်း စောစောကတည်းက ကြိုပြီး အသိပေးထားပုံပေါ်ပါတယ်။ ဘာအလုပ်ကိုပဲ လုပ်လုပ် စေ့စပ်သေချာတဲ့ ဦးကြည်ခင်ဟာ သူရန်ကုန်က မထွက်ခင် ကျုပ်နဲ့မလှကြည်ကို တရားရုံးတစ်ရုံးမှာ သူကိုယ်တိုင်လိုက်ပြီး လက်ထပ်ပေးခဲ့ပါတယ်။ လူကြီးမိဘတွေက စီစဉ်ပေးလို့ ယူခဲ့ကြရတာလို့ ဆိုရပေမဲ့ ကျုပ်ဟာ မလှကြည်ကို ချစ်ခဲ့ပါတယ်။ မလှကြည်က



လည်း ကျုပ်အပေါ်မှာ အမြတ်တနိုးရှိတယ်လို့ ယူဆရပါတယ်။ ဘာပဲဖြစ်ဖြစ်ပေါ့လေ။ ကျုပ်ဘဝဟာ အဆင်ကိုချောနေတာပါပဲ။ ကန်ရေသောက်မြက်ခြောက်စားတွေလို့ အပြောခံနေရတဲ့ ပူလောင်လောင်ဒေသက ကျုပ်လိုလူတစ်ယောက်အဖို့တော့ လူ့ဘဝဟာ ချစ်စရာပါ၊ မြတ်နိုးစရာပါ၊ တွယ်တာစရာပဲ၊ သိပ်ကောင်းပါတယ်။ တစ်ခါတလေများ ကိုယ့်အကြောင်းကိုယ်တွေးပြီး 'ငါ့လိုလူ ဇမ္ဗူမှာရှိရဲ့လား' လို့တောင် တွေးမိခဲ့ပါတယ်။

*

ကျုပ်နဲ့ မလှကြည်ရဲ့ အိမ်ထောင်သည်ခရီးဟာ သက်တမ်း လေးနှစ်ကျော် ငါးနှစ်အထိ အဆင်ပြေခဲ့ပါတယ်။ ဒီကာလအတွင်းမှာ သားသမီးမရလို့ နှစ်ဦးစလုံး ဘဝင်မကျသလိုလို ဖြစ်တာတစ်ခုကလွဲပြီး တခြားဘာပြဿနာမှ မရှိခဲ့ပါဘူး။ ယောက္ခမအိမ်မှာနေရတယ်ဆိုပေမဲ့ ကျုပ်မျက်နှာမငယ်ခဲ့ရပါဘူး။ ကျုပ်ရဲ့ ယောက္ခမဒေါ်တင်မေနဲ့မရီး မမြရီတို့က ကျုပ်ကိုလူရိုးလူအေးတစ်ယောက်အဖြစ်နဲ့ အရေးပေးကြပါတယ်။

ဒါပေမဲ့ဗျာ၊ လူတစ်ယောက်ရဲ့ဘဝဟာ အတော့်ကို မရေမရာရှိလှပါတယ်။ ကံကြမ္မာအတက်အကျနဲ့ အဆိုးအကောင်းတွေ အမြဲလိုလိုရှိနေတာဆိုတော့ လူ့ဘဝဟာ လုံခြုံမှု မရှိလှပါဘူး။ အဖြစ်က ဒီလိုပါ။ ကျုပ်တို့အိမ်ထောင်သက် ငါးနှစ်ကျော်လို့ ခြောက်နှစ်အတွင်းဝင်ချိန်မှာ ကြမ္မာဆိုးဟာ ရောက်လာပါတယ်။ တခြားတော့ မဟုတ်ပါဘူး။ ကျုပ်ရဲ့ ညာဘက်ပခုံးနောက်နားမှာ ပေါ်နေတဲ့ အကွက်တစ်ကွက်နဲ့ ဘယ်ဘက်လက်မောင်းအတွင်းဘက်မှာပေါ်နေတဲ့ အကွက်တစ်ကွက်ကြောင့်ပါ။

တွေ့စတုန်းကတော့ ကျုပ်သိပ်ပြီး ဂရုမစိုက်ခဲ့ဘူး၊ ပွေးပေါက်တာလို့ ထင်ခဲ့မိတာနဲ့ မလှကြည်ကိုတောင်မှ ခေါ်ပြမိသေးတယ်။ သူကလည်း အသေအချာကြည့်ပြီး 'ပွေးတွေပါအစ်ကိုရဲ့၊ ပွေးဆေးဝယ်လိမ်းလိုက်ရင် ကောင်းသွားမှာပါ' လို့ ပြောခဲ့သေးတယ်။ ကျုပ်ကလည်း သူထင်သလို ထင်ထားခဲ့တာဆိုတော့ ပွေးဆေးဝယ်လိမ်းတယ်။ ဒါပေမဲ့ အကွက်တွေက ပျောက်မသွားဘူး။

ဒီအတောအတွင်းမှာ ကျုပ်ဟာ အရင်ကနဲ့ မတူဘူး။ နေရထိုင်ရတာ

တစ်မျိုးကြီးဖြစ်နေတယ်။ လူက နေမကောင်းသလိုလို၊ အားအင်ဆုတ်ယုတ်နေသလိုလို ဖြစ်ဖြစ်နေတယ်။ အကွက်တွေကလည်း အခုထက်ထိ မပျောက်သေးဘူး။ ကျုပ်စိတ်ထဲမှာ တအုံ့နွေးနွေးနဲ့ စိတ်အေးအေးထားလို့ကို မရဘူး။ ဒါနဲ့ပဲ တစ်ရက်မှာ ရုံးကခွင့်ယူပြီး အပြင်ဆေးခန်းတစ်ခန်းကို ရောက်သွားတယ်။

ပထမတော့ ဆရာဝန်က အားဆေးထိုးဖို့၊ စားဖို့ပြောတယ်။ ကျုပ်က ကိုယ်ပေါ်က အကွက်ကလေးတွေအကြောင်း ပြောပြတော့ သူ့မျက်နှာထားက တစ်မျိုးဖြစ်သွားတယ်။ ချက်ချင်းပဲ ကျုပ်ကို အင်္ကျီချွတ်ပေးပြီး အကွက်တွေကို စမ်းသပ်ကြည့်တယ်။ နည်းအမျိုးမျိုးနဲ့ ထိုးဆွကြည့်ပြီး ကျုပ်ကို 'နာသလား' လို့မေးတယ်။ နာမှမနာတာကျုပ်ကလည်း 'မနာဘူး' ပေါ့။

ဆရာဝန်က ကျုပ်ကို ပထမဦးဆုံး မေးတဲ့မေးခွန်းကတော့ 'ခင်ဗျားတို့မျိုးရိုးထဲမှာ အနာကြီးရောဂါသည်ရှိသလား' တဲ့။ အထူးသဖြင့် ခင်ဗျားရဲ့ အမေ၊ အဖေနဲ့ ညီအစ်ကိုမောင်နှမအရင်းတွေဆီမှာ ကိုယ်ရေပြားရောဂါသည်ရှိသလားတဲ့။

ကျုပ်အံ့အားလည်း သင့်သွားတယ်။ သိပ်ပြီးတော့လည်း တုန်လှုပ်သွားတယ်။ ကြောက်တဲ့လန့်တဲ့စိတ်က သိပ်ပြီး ပြင်းထန်လွန်းတော့ ရုတ်တရက် ချက်ချင်းအဖြေမပေးနိုင်ဘူး။ ပါးစပ်အဟောင်းသားနဲ့ သူ့ကိုကြည့်နေမိတယ်။

'ကျွန်တော်မေးတဲ့ မေးခွန်းကို နားလည်ရဲ့လား။ အနာကြီးရောဂါသည်ဆိုတာကို သိတယ်မဟုတ်လား၊ ဟိုဗျာ ကုဋ္ဌနူနာ'

ဆရာဝန်ရဲ့ စကားမဆုံးခင် ကျုပ်က –

'ကျွန်တော်နားလည်ပါတယ် ဒေါက်တာ၊ ကျွန်တော်သိပါတယ်။ ဒါပေမဲ့ ဟို ဟို ဟိုဒင်းက၊ ကျွန် ကျွန်တော့်မိဘတွေမှာ မရှိဘူးခင်ဗျ' လို့ ဖြေလိုက်မိတယ်။

ဆရာဝန်က နောက်ထပ်မေးခွန်းတွေ တသီကြီးမေးပါသေးတယ်။ လူပျိုလူလွတ်ဘဝတုန်းက မကောင်းတဲ့မိန်းမနဲ့ အဆက်အဆံရှိခဲ့ဖူးသလားဆိုတဲ့ မေးခွန်းမျိုးလည်း ပါပါတယ်။ သွေးစစ်ခဲ့ဖူးသလားဆိုတဲ့ မေးခွန်းတွေလည်း ပါပါတယ်။ နောက်ဆုံးမှာတော့ သူက ကိုယ်ရေပြားရောဂါသည်



ဌာနကိုသွားပြီး အစစ်ဆေးခံဖို့ တိုက်တွန်းပါတယ်။

ကျုပ်က ဒယီးဒယိုင်နဲ့ ဆရာဝန်ရဲ့ အခန်းထဲက ထွက်လာခဲ့ပါတယ်။ တစ်ကိုယ်လုံးလည်း တုန်ယင်နေပါတယ်။ ထွက်လိုက်တဲ့ခြေးကလည်း နည်းနည်းနောနောမဟုတ်ဘူး။ ရေချိုးထားသလားတောင် ထင်ရပါတယ်။ ကြောက်လိုက်တာလည်း အလွန်ပါပဲ။ ကျုပ် ဘယ်သွားလို့ သွားမှန်းလည်း မသိဘူး။ ကျွီခနဲ အုပ်လိုက်တဲ့ ကားဘရိတ်သံနဲ့ လူတွေ အော်သံကြားတော့ သတိပြန်ဝင်လာတယ်။ ကျုပ်က ဗိုလ်ချုပ်လမ်းမကြီးရဲ့ အလယ်မှာ။ ဘတ်စ်ကားကြီးတစ်စီးက ကျုပ်နဲ့နှစ်ပေလောက်အကွာမှာ ဘေးတိုက်ကြီးရပ်လို့။

ကျုပ်ဟာ ဒရောသောပါးနဲ့ လမ်းဖြတ်ကူးခဲ့တယ်။ 'ကြဲတောရောက်ချင်တယ် ထင်တယ်။ မင်းမသာပေါ်တာ အကြောင်းမဟုတ်ဘူး။ ကြားကလူတွေ ကံကောင်းလို့ ဒုက္ခမရောက်တာ' ဆိုတဲ့ ဘတ်စ်ကားဒရိုင်ဘာရဲ့ ဆဲဆိုကြိမ်းမောင်းသံတွေဟာ ကျုပ်နောက်က လိုက်လာနေကြတယ်။

ကျုပ်ဘယ်တွေ လျှောက်သွားနေမိလဲ မသိဘူး။ ရွှေတိဂုံနဲ့ ဆူးလေဘုရားပေါ်လည်း ရောက်တယ်။ ကမ်းနားဘက်မှာလည်း အကြာကြီးထိုင်နေမိတယ်။ တိရစ္ဆာန်ရုံထဲလည်း ရောက်တယ်။ အင်းလျားဘက်လည်း ရောက်သွားသေးတယ်။ ကျုပ်ရဲ့ နှလုံးခုန်သံကလည်း မြန်လိုက်တာ အလွန်ပဲ။ ကြောက်လိုက်တာကလည်း တရားလွန်ပဲ။

'သိပ်တော့လည်း စိတ်မဆင်းရဲပါနဲ့၊ အခုခေတ်မှာ အစွမ်းထက်တဲ့ဆေးတွေ ပေါ်နေပါပြီ။ ကြိုတင်ပြီးကုရင် ခင်ဗျားရောဂါဟာ သက်သာမှာပါ။ စိတ်အားမကျအောင်နေဖို့ကတော့ အရေးအကြီးဆုံးပဲကိုမောင်မောင်'

ဆရာဝန်က နောက်ဆုံးပြောလိုက်တဲ့စကားပါ။ ဒီစကားကိုပဲ ကျုပ်ထပ်တလဲလဲ ကြားနေမိပါတယ်။ ကိုယ့်မျက်စိထဲမှာလည်း အနာကြီးရောဂါသည်တွေရဲ့ မျက်နှာတွေ၊ ခြေထောက်တွေနဲ့ လက်တွေကိုပဲ မြင်ယောင်နေမိပါတယ်။

ကျုပ် ဘာလုပ်ရမလဲ။

ကျုပ် ဘာလုပ်ရမလဲ။

ကျုပ် ဘာလုပ်ရမလဲ။

အဲဒီနေ့ ကျုပ်အိမ်ပြန်ရောက်တော့ ည ရှစ်နာရီခွဲနေပြီ။ နောက်မကျစဖူး နောက်ကျလို့ တစ်အိမ်လုံးက စိတ်ပူပြီး တမျှော်မျှော်ဖြစ်နေကြတယ်။ ဒီကြားထဲ ကျုပ်မျက်နှာထားက မှုမမှန်တော့ ကျုပ်မိန်းမခမျာ ပျာယာကိုခတ်နေတာပဲ။

'အစ်ကို ဘာဖြစ်လို့လဲ၊ နေမကောင်းဘူးလား'

'ကောင်းပါတယ်ကွာ'

'ဒါဆို ဘာဖြစ်လို့လဲ၊ မျက်နှာက တစ်ခုခုဖြစ်နေသလိုပဲ'

'မဖြစ်ပါဘူးကွာ၊ နည်းနည်း အလုပ်ပင်ပန်းသွားလို့ပါ'

'ဒီလိုဆိုရင်လည်း အစ်ကိုရေချိုးလိုက်၊ အလှထမင်းသွားခူးလိုက်မယ်'

မလှကြည်အခန်းထဲက ထွက်သွားတော့ ကျုပ်ဟာ တစ်ခဏတာ ငိုင်နေမိသေးတယ်။ နောက်ကျတော့ လောလောဆယ် ဟန်မပျက်နေသွားဦးမှဖြစ်မယ်လို့ ကျုပ်ဆုံးဖြတ်လိုက်တယ်။ ဒါပေမဲ့ဗျာ ကျုပ်ဟာ ကိုယ့်စိတ်ကိုယ် မနိုင်ပါလား။ အဲဒီညက တစ်ညလုံးအိပ်မပျော်ဘူး။ မလှကြည်မသိအောင် ကျိတ်ပြီး မျက်ရည်ကျရတဲ့အကြိမ်ပေါင်းလည်း မရေမတွက်နိုင်ပါဘူး။

ကျုပ်ဟာ မကြာခင် အနာကြီးရောဂါသည်ဖြစ်ရတော့မယ့်လူလို့ အနိုင်အမာဆုံးဖြတ်လိုက်ပါတယ်။ ကျုပ်အနေနဲ့ ဘယ်ဆေးခန်း၊ ဘယ်ဆေးရုံကိုပဲ သွားသွား၊ ဒီရောဂါသည်ဘဝက မလွတ်မြောက်နိုင်တော့ပါဘူး။ ဒါဆိုရင် ရှင်းနေပါတယ်။ ကျုပ်ဘဝဟာ ပျက်တော့မှာပါ။ ကျုပ် ဘာလုပ်ရမလဲ။ ကျုပ်မှာ အလွန်ချစ်၊ အလွန်တွယ်တာနေတဲ့ မလှကြည်တစ်ယောက်ကြောင့်သောကပင်လယ်ဝေနေခဲ့ရပါတယ်။

ကျုပ်ဘယ်လိုလုပ်ရင် ကောင်းမလဲ။ အဖြစ်မှန်ကို မလှကြည်သိအောင်ပြောပြလိုက်ရင် ကောင်းမလား။ ဒါဟာ ပထမဆုံး ကျုပ်စဉ်းစားမိတဲ့ အချက်ပါ။ ဒုတိယအချက်ကတော့ ဒီကိစ္စကို တစ်စွန်းတစ်စမှ အသိမပေးဘဲ မလှကြည်ကိုစွန့်ပစ်ပြီး ဘဝသစ်ကို စရမှာလား။ တတိယအချက်ကတော့ ကျုပ်ကိုယ်ကျုပ် သတ်သေမလား။

ကျုပ်မျက်စိထဲမှာ ကျုပ်မြင်ဖူးတွေ့ဖူးခဲ့တဲ့ အနာကြီးရောဂါသည်တွေကို မြင်ယောင်နေမိတယ်။



ဒီလူတွေ ဘာပြုလို့ သတ်မသေကြတာလဲ။ ဒီရောဂါဖြစ်လို့ သတ်သေမယ်ဆိုရင် ဒီလောကကြီးမှာ အနာကြီးရောဂါသည်တွေကို တွေ့ရပါတော့မလား။ အမှန်တော့ ရောဂါဖြစ်တာက ဖြစ်တာပဲ။ ရောဂါဖြစ်လို့ တိရစ္ဆာန်ဖြစ်သွားတာမှ မဟုတ်တာ။ လူ့ဘဝထဲမှာ လူတစ်ယောက်အဖြစ်နဲ့ကတော့ ရှင်သန်ရပ်တည်နေဆဲပဲ မဟုတ်လား။ ဒီတော့ကာ ကျုပ်အနေနဲ့ သတ်သေဖို့ကတော့ စာရင်းထဲ မထည့်တော့ဘူး။

ကျုပ် ပထမဆုံး လုပ်တာကတော့ မလှကြည်ကိုခေါ်ပြီး အဖေ့ဆီအလည်သွားတယ်။ အဖေဟာ အသက် ၇၁ နှစ်ရှိနေပြီ။ မြို့စွန်ရပ်ကွက်ထဲက ပျဉ်ထောင်အိမ်လေးမှာ တစ်ယောက်တည်းနေတယ်။ အိမ်ဝင်းထဲမှာလည်း သူစိုက်ထားတဲ့ ပန်းပင်တွေ၊ သရက်ပင်တွေနဲ့ ပြည့်နေတာပဲ။ 'အဖေက ကိုယ့်ဘာသာကိုယ် ချက်စားသလား' လို့ ချွေးမကမေးတော့ 'ဒါပေါ့ မိန်းကလေးရဲ့၊ အဘက သန်သန်မာမာ ရှိနေသေးတာပဲ' တဲ့။

ကျုပ်တို့လင်မယား အဖေ့ဆီမှာ သီတင်းတစ်ပတ်နေခဲ့တယ်။ နေခဲ့တဲ့ရက်အတွင်းမှာ အဖေ မရိပ်မိအောင် လှည့်ပတ်မေးလို့ကျုပ်လိုချင်တဲ့ အဖြေရခဲ့တယ်။ ကျုပ်တို့မျိုးရိုးထဲမှာ အနာကြီးရောဂါသည်တစ်ယောက်မှ မရှိဘူးတဲ့။ ဒီလိုဆိုရင် ငါ့မှာ ဘာပြုလို့ ဒီရောဂါဖြစ်ရတာလဲလို့ မတွေးဘဲ မနေနိုင်ဘူး။ ကိုယ့်အဖြစ်ကိုယ် ယူကျုံးမရဖြစ်လွန်းလို့ အဖေနဲ့ မလှကြည်တို့ကွယ်မှာသွားပြီး မငိုဘဲမနေနိုင်ခဲ့ဘူး။ ကျုပ်ရဲ့ ဘဝအကျိုးပေးဟာ ဆိုးလှချည်ကလား။ အတိတ်ကာလ တစ်ဘဝတုန်းက ငါဘာတွေများလုပ်ခဲ့မိလို့ပါလိမ့်။

ကျုပ်တို့လင်မယားဟာ မကွေးကနေပြီး စစ်ကိုင်းက ဦးလေးဦးကြည်ခင်ဆီ ရောက်သွားတယ်။ နှစ်ဦးနှစ်ဖက် စိတ်ချမ်းသာအောင် ကျုပ်က ဘယ်လိုပဲဟန်ဆောင်ထားပေမဲ့ ဦးကြည်ခင်ကတော့ ကျွန်တော်တို့ကို နားမလည်နိုင်တဲ့မျက်နှာထားနဲ့ ကြည့်ကြည့်နေတတ်ပါတယ်။ 'ဟေ့ကောင် မောင်မောင်ခင်း ဘာဖြစ်နေလဲ၊ နေကောင်းရဲ့လား။ ငိုင်တိငိုင်တိုင်နဲ့' လို့ မေးတတ်ပါတယ်။ ဘာပဲဖြစ်ဖြစ် သုံးရက်နေခဲ့တဲ့အတွင်းမှာ ကျုပ်ရဲ့ ဟန်ဆောင်မှုဟာအောင်မြင်ခဲ့ပါတယ်။

ကျုပ်တို့ပြန်တဲ့နေ့မှာ ဦးကြည်ခင်ဟာ မန္တလေးဘူတာကြီးအထိ လိုက်ပို့နှုတ်ဆက်ပါတယ်။ ကျုပ်တို့လင်မယားက ထိုင်ပြီးကန်တော့ကြတော့ သူက

'သာစုကွယ်၊ သာစု၊ သာစု။ မင်းတို့လင်မယားအိုအောင်မင်းအောင်ပေါင်းကြပါစေ' လို့ ဆုပေးတယ်။ ကျုပ်မျက်ရည်တွေ ဘူတာပလက်ဖောင်းပေါ်ကို တပေါက်ပေါက်ကျနေလို့ ဘေးလူတွေမမြင်အောင် သုတ်ခဲ့ရပါသေးတယ်။

*

အစ်ကို ချစ်ရပါသော ကြည်လေး

အစ်ကိုဖွင့်မပြောရက်လောက်အောင် ဆိုးဝါးတဲ့ အဖြစ်တစ်ခုကြောင့် အိမ်က အပြီးအပိုင် ထွက်ခွာသွားခဲ့ပါတယ်။ အစ်ကိုဘယ်အရပ် ဘယ်ဒေသကို ရောက်မယ်ဆိုတာ မသိပါဘူး။ အစ်ကို့ကို လိုက်မရှာပါနဲ့၊ ရှာလို့လည်း တွေ့မှာ မဟုတ်ပါဘူး။

အစ်ကိုဘာကြောင့် အခုလိုထွက်သွားရတယ်ဆိုတာ တစ်နေ့ကျရင်တော့ ကြည်လေးကို အစ်ကိုအသိပေးမှာပါ။ အခုလိုထွက်သွားရခြင်းဟာ ကြည်လေးကို ချစ်လွန်းလို့ဆိုတာတော့ ယုံပါ။

အကယ်၍ ကြည်လေးအနေနဲ့ နောက်ထပ်အိမ်ထောင်ပြုဖို့ အကြောင်းပေါ်ရင် လွတ်လွတ်ကင်းကင်း လုပ်နိုင်ဖို့အတွက် ကွာရှင်းပြတ်စဲစာ၊ စာချုပ်တွေ ထုတ်ပေးခဲ့ပါတယ်။

အစ်ကိုနဲ့ကြည်လေးတို့ ဆက်ပြီး လက်တွဲသွားလို့ မဖြစ်နိုင်တဲ့ ပြဿနာဆိုးကြီးတစ်ခုကြောင့် အခုလိုထွက်သွားရတယ်ဆိုတာ ယုံပါကွယ်။ အစ်ကိုတို့ စုဆောင်းထားတဲ့ ငွေထဲက တစ်ဝက်ယူသွားတာကိုခွင့်လွှတ်ပါအကြည်။

ကြည်လေးကို သိပ်ချစ်တဲ့
မောင်မောင်

ရန်ကုန်ပြန်ရောက်ပြီး တစ်လခွဲပြည့်တဲ့နေ့မှာပဲ ကျုပ်အလွန်ချစ်တဲ့ မိန်းမအတွက် အဲဒီစာကိုရေးခဲ့ပြီး အိမ်ကအပြီးအပြတ် ထွက်လာခဲ့ပါတယ်။ ကျုပ်အဖြစ်ကို အမှန်အတိုင်း ဖွင့်မပြောချင်ဘူးဗျ။ ပြောလိုက်ရင် ပြဿနာတွေ အများကြီးပေါ်လာမှာ သေချာတယ်။

'သောဏ္ဍိသေနမင်းကြီးနဲ့ သမ္ဗူလ' ဆိုတာက ဇာတ်တော်ထဲမှာသာရှိတာ။ ပြီးတော့ သူတို့က တကယ့်ပါရမီရှင် အရှင့်အမာတွေ၊ ကျုပ်တို့နဲ့ နှိုင်းပြီး အလုပ်လုပ်လို့ ရနိုင်စရာမရှိပါဘူး။ ကိုယ်ရေပြားရောဂါသည်တစ်



ယောက်ရဲ့ဇနီးအဖြစ်နဲ့ မလှကြည်ရဲ့ဘဝကို မပျက်စီးစေချင်ဘူး။ လူဆိုတာ အသိုင်းအဝိုင်းပတ်ဝန်းကျင်နဲ့ နေကြရတာ။ မလှကြည်က ကြည်ဖြူတယ်ဆိုဦးတော့ သူ့အမေ၊ သူ့အစ်မ၊ သူ့မောင်နဲ့ ဆွေမျိုးဉာတိအပေါင်းအသင်းတွေက ရှိသေးတယ်မဟုတ်လား။

ခြေတွေ၊ လက်တွေက တို၊ မျက်နှာက ထူအမ်းအမ်းနဲ့ မလှမပဖြစ်နေတဲ့ လူတစ်ယောက်ကို အတူတူပေါင်းသင်းနေထိုင်ရမယ်ဆိုကာ ကျုပ်မြင့်တွေးလို့ကို မရဘူး။ အမှန်အတိုင်းပြောရရင် တွေးတောင် မတွေးဝံ့ဘူး။ သူ့ကို ကျုပ်တကယ်ချစ်ရင် ဘာကြောင့် သူ့ဘဝကို နစ်မွန်းအောင် လုပ်တော့မလဲ။ အနစ်နာခံစရာရှိရင် ကိုယ်ကပဲခံပေါ့။

ကျုပ်အိမ်က ထွက်လာတော့ စိတ်ပြေလက်ပျောက်သဘောနဲ့ မန္တလေး မနော်ရမ်ဘက်က ကိုယ်ရေပြားရောဂါသည်စခန်းကို ရောက်သွားတယ်။ ဘာဝန်ခံ သီလရှင်ကြီးတွေဆီမှာ သုံးလေးလလောက် နေခွင့်ပြုဖို့ မေတ္တာရပ်ခံပြီး နေခဲ့တယ်။ ကိုယ်ရေပြားရောဂါသည်တွေရဲ့ အခြေအနေကို လေ့လာခဲ့တယ်။ ကျုပ်ထက် အဆပေါင်းများစွာ ဆိုးပြီး ရောဂါဒဏ်ကို အဆပေါင်းများစွာ အပြင်းအထန်ခံနေရတဲ့လူတွေကို မြင်ရတွေ့ရပါတယ်။

ကျုပ်အဖို့တော့ သူတို့ကိုကြည့်ပြီး သနားလည်း သနားမိတယ်။ စိတ်လည်း ပျက်မိတယ်။ ပြီးတော့ ပြင်သစ်သီလရှင် (စစ္စတာ) တွေရဲ့ စေတနာမေတ္တာနဲ့ကရုဏာကို ကျုပ်ဖြင့်ရင်သပ်ရှုမောအံ့သြခဲ့ရပါတယ်။ ပြည်တွေ၊ သွေးတွေ တစိုစိုနဲ့ ကြောက်ခမန်းလိလိဖြစ်နေတဲ့ အနာရောဂါကြီးတွေကို မရွံမရှာ၊ မစက်မဆုပ်ဘဲ မကြောက်မရွံ့ကိုင်တွယ်ကုသပေးနေကြတဲ့ သူတို့ရဲ့ စိတ်အားဟာ ကြံ့ခိုင်လွန်းလှပါတယ်ဗျာ။

ကျုပ်တို့လူမျိုးမှာကတော့ ဒီအလုပ်မျိုးလုပ်နေကြတဲ့ စေတနာရှင်၊ ကရုဏာရှင်တွေအပေါ်မှာ ချီးမွမ်းဖို့ဆိုတာ ဝေလာဝေးရော။ ကဲ့ရဲ့ချင်ကြ၊ နှာခေါင်းရှုံ့ချင်ကြတယ်။ သူတို့အလုပ်တွေကို အဆက်မပြတ်လုပ်နေနိုင်အောင် ငွေကြေးတတ်အားသရွေ့ လှူဖို့တန်းဖို့ကျတော့လည်း နှမြောတွန့်တိုတတ်ကြတယ်။ ဘယ်သူတွေက ဘာပဲပြောပြော၊ ဘယ်လိုပဲထင်ထင် ကျုပ်ကတော့ သူတို့ရဲ့ မွန်မြတ်တဲ့စိတ်ဓာတ်ကို မချီးကျူးဘဲ မနေနိုင်ခဲ့ပါဘူး။

ကျုပ်ဒီစခန်းမှာပဲ အခြေစိုက်ပြီး ဘဝတစ်ခုကို တည်ဆောက်သွားနိုင်မလားလို့ အကြိမ်ကြိမ် အထပ်ထပ် စဉ်းစားခဲ့ပါတယ်။ မရပါဘူးဗျာ။ ကျုပ်စိတ်ဟာ အခုချိန်ထိ လေလွင့်နေတုန်းပဲ။ ပြီးတော့ ဒီစခန်းရောက်ခါမှ ကျုပ်မျက်နှာဟာ ထူအမ်းအမ်းဖြစ်နေပြီ။ နားရွက်တွေကလည်း နီရဲပြီး ထူလာနေတယ်။ ရောဂါရဲ့ သတ္တိက ပေါ်လွင်လာနေပြီ။

ကျုပ်မှာ စွဲကပ်နေတဲ့ အနာကြီးရောဂါထက် ပိုပြီးဆိုးနေတာက 'စိတ်ရောဂါ' ပဲ။ ကျုပ်စိတ်ဟာ အရင်ကလို မတည်ငြိမ်တော့ဘူး။ 'လာလမ်းကို လွမ်းတဲ့စိတ်' က မပျောက်သေးပါလား။ ဒီစိတ်ဖိစီးလေလေ ကျုပ်စိတ်က မတည်ငြိမ်လေ။ ကျုပ်စိတ်မတည်ငြိမ်လေလေ ကျုပ်ဘဝဟာ မတည်ငြိမ်လေပဲပေါ့။

ကျုပ်ရန်ကုန်ကိုပဲ ပြန်ချင်တယ်။ မလှကြည်နဲ့ ဝေးဝေးနေရတာထက် နီးနီးနေရတာက ကျုပ်အတွက် ပိုကောင်းမယ်လို့ ထင်မိတယ်။ ကျုပ်အနေနဲ့ လောကသစ်ထဲမှာ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ဘဝသစ်တစ်ခု တည်ဆောက်ကြည့်ရင် ဘယ်လိုနေမလဲ။ တကယ်လို့များပေါ့လေ ကျုပ်ရဲ့ရောဂါ အခြေအနေဟာ ဆေးဝါးကုသမှုကြောင့် တခြားလူတွေလို တအားကြီး ဆိုးမလာဘူးဆိုရင်ကော မလှကြည်နဲ့ ပြန်ပြီး ဆက်သွယ်လို့ရမလား။

ဒီစခန်းကိုရောက်မှ လူချင်း ခင်မင်ရင်းနှီးလာတဲ့ လူတစ်ယောက်ရှိတယ်။ သူ့နာမည်က ကိုသာထူးတဲ့။ ရန်ကုန်မှာ ခုနစ်နှစ်ကျော်၊ ရှစ်နှစ် နီးပါး ကျက်စားခဲ့ဖူးတဲ့ ရောဂါသည်တစ်ယောက်ပေါ့။ ကျုပ်အတွေးနဲ့ စိတ်ကူးကို ပြောပြတော့ သူက ဖြစ်နိုင်တဲ့ အလားအလာရှိတယ်လို့ပြောပြီး ကျုပ်ကိုအားပေးတယ်။

'ဒီမယ်ကိုမောင်မောင်၊ ခင်ဗျားတို့ ကျုပ်တို့ဘဝက ကိုယ်ဖြစ်စေချင်သလို ဖြစ်မလာတဲ့ ဘဝတွေဗျ။ သူဖြစ်ချင်သလို ဖြစ်လာတဲ့ဘဝမှာ ကျုပ်တို့က အလိုက်သင့်မျောလိုက်မှ ဖြစ်မှာ။ ကိုယ်ဖြစ်ချင်သလို ဖြစ်မလာလို့ ဆိုင်ပြီး ငိုနေရင် ကိုယ်ပဲ အလူးအလိမ့်ခံရမှာ။ ခင်ဗျားက ကျုပ်ထက် ပညာပိုတတ်တော့ ပိုပြီး သိမှာပါဆရာကိုမောင်မောင်ရယ်။ လောကမှာ ငွေရှိရင် ခင်ဗျား လုပ်ချင်တာ လုပ်လို့ရပါတယ်။ ရောဂါသက်သာအောင် ကောင်းကောင်းဆေးကုလို့ရမယ်။ ခင်ဗျားမယားဟောင်းကို ပြန်ပေါင်းချင်



သလား၊ ပေါင်းလို့ရမယ်။ မပေါင်းချင်လို့ အသစ်လိုချင်တယ်ဆိုရင်တော့ သိပ်ရတာပေါ့ဗျာ။ ကျုပ်က ရှာပေးဖို့ အကွက်ကောင်းတွေ အများကြီးရှိတယ်။ ခင်ဗျားသာ နေရာယူတတ်ရင် ဘုရင်တစ်ဆူ ဖြစ်လာနိုင်တယ်ဗျာ။ သိလား'

ကိုသာထူးရဲ့စကားတွေဟာ ကျုပ်အဖို့ စဉ်းစားစရာတွေပါ။ ကျုပ်စိတ်ထဲမှာကလည်း ကိုယ့်ဘဝကိုယ်စိတ်နာနေတော့ ကျုပ်အနေနဲ့ လောကကြီးကို ကန့်လန့်ပဲတိုက်ချင်တယ်။ သူလုပ်သမျှကို ကျုပ်က ဘာပြုလို့ လည်စင်းခံပေးရမှာလဲ၊ သူတိုက်ကိုယ်တိုက်ပေါ့။ နောက်ဆုံးတစ်နေ့မှာ ကျုပ်ရှုံးသွားတော့ကော ဘာဖြစ်လဲ။ အခုလည်းပဲ ကျုပ်ဟာ အရှုံးသမားတစ်ယောက်ဖြစ်နေတာပဲ မဟုတ်လား။

အဲဒီနေ့က ညနေခင်းကျတော့ ကျုပ်နဲ့ ကိုသာထူးဟာ ကိုယ်ရေပြားရောဂါသည်တစ်ယောက်ရဲ့ အရက်ပုန်းဆိုင်ကိုသွားပြီး ကိုယ်ရေပြားရောဂါသည်တွေချက်တဲ့ အရက်ကို ကိုယ်ရေပြားရောဂါသည်တွေကြော်တဲ့ ဝက်အူချောင်းနဲ့ သောက်ကြတယ်။ ကျုပ်အဖို့ 'ပထမဆုံး အရက်သောက်ခြင်း'ပဲ။ အရက်ကို မော့လိုက်တိုင်း မလှကြည်ရဲ့ မျက်နှာဟာ ကျုပ်ရဲ့ စိတ်အာရုံမှာ လာလာပြီး ထင်ဟပ်နေတယ်။

ကိုသာထူးကတော့ စကားကို အဆက်မပြတ်ပြောနေတယ်။ သူ့စကားတွေကို နားထောင်ပြီး မဲ့တဲ့အခါမဲ့၊ ပြုံးတဲ့အခါပြုံး၊ ရယ်တဲ့အခါ ရယ်နေပေမဲ့ ကျုပ်နှလုံးသားက ငိုနေတာပါ။ ကျုပ်ငိုနေတာကို ဘယ်သူမှမမြင်အောင်၊ မသိအောင် ငိုတတ်တဲ့အကျင့်ဟာ ကျုပ်မှာရနေပြီမဟုတ်လား။

*

ရန်ကုန်ပြန်ရောက်တော့ ကျုပ်ဟာ ကိုသာထူးနဲ့ တိုင်ပင်ပြီး မော်ဘီဘက်က သူ့မိတ်ဆွေ ကိုကြီးစိန်အိမ်မှာ နေကြတယ်။ အိမ်ဆိုပေမဲ့ တဲစုတ်ဘဲပုတ်သာသာပါဗျာ။ ကျုပ်တော်တော်စိတ်ဆင်းရဲခဲ့ရပါတယ်။ ရောက်စဘစ်ပတ်လောက်တော့ မြေကြီးပေါ် ဖျာကြမ်းခ[illegible]ပြီး အိပ်ရတာ။ ကျုပ်ရင်ထဲမှာ မချိဘူး။ မလှကြည်နဲ့ နေခဲ့ရတဲ့ဘဝကို တမ်းတမ်းတတ တသသဖြစ်မိတယ်။

သူ ငါ့ကို ရှာခိုင်းနေမှာပဲ၊ မျက်ရည်နဲ့ မျက်ခွက် ဖြစ်နေမှာကတော့ သေချာတယ်။ ဘာပြုလို့ အခုလို ထွက်သွားရတာလဲလို့ သိချင်ရှာမှာပဲ။ ငါ စာတစ်စောင်လောက်ရေးလိုက်ရင် ကောင်းမလား၊ ရေးတော့ ဘာထူးလာမှာလဲ။ အိုကွာ သူနဲ့ငါက 'ဘဝခြား'နေပြီပဲ။ ဘာပြုလို့ နှစ်ဦးစလုံး စိတ်ဆင်းရဲအောင် လုပ်နေတော့မှာလဲ။

အဲသလိုနဲ့ပဲ ကျလုလုမျက်ရည်ကို မကျအောင် ထိန်းရတယ်။ ကိုသာထူးက ကျုပ်ထက်အသက်ကြီးပြီး အတွေ့အကြုံများတဲ့လူဆိုတော့ ကျုပ်မျက်နှာရိပ် မျက်နှာကဲကို ကြည့်ပြီး လုပ်သင့်တာမှန်သမျှ လုပ်ပေးပါတယ်။ 'ခင်ဗျား ရေရှည်ဖျာနဲ့ အိပ်နိုင်မှာ မဟုတ်ဘူး'ဆိုပြီး ဝါးကွပ်ပျစ်တစ်လုံး ရှာလာပါသေးတယ်။

ကျုပ်ရဲ့လက်ကျန်ငွေကို တွက်ကြည့်လိုက်တော့ လက်ထဲမှာ ၇၀၀ဝိ/ ကျန်သေးတယ်။ လက်စွပ်တစ်ကွင်းနဲ့ ရွှေဆွဲကြိုးတစ်ကုံးလုပ်ထားတာလည်း ရှိသေးတယ်။ အနည်းဆုံး ငွေတစ်သောင်းလောက် ရင်းနှီးနိုင်တဲ့ အနေအထားမှာ ရှိတယ်။ အဲဒီအချိန်က ငွေတစ်သောင်းရဲ့ တန်ဖိုးဟာ အလွန်ကြီးတာပဲ။ လုပ်ငန်းတစ်ခုခုလုပ်ရင် ကောင်းကောင်းကြီး ရင်းနှီးလို့ ရတဲ့ငွေဗျ။ ကိုသာထူးဆိုတာက ကျုပ်ရဲ့ လူယုံပါ။ ဒါပေမဲ့ ဘယ်လောက်ပဲ အတွေ့အကြုံများတဲ့လူဖြစ်ဖြစ် သူပြောတိုင်း မလုပ်မိအောင်တော့ ကျုပ်သတိထားတယ်။

ငွေကြေးအပေးအယူမှာလည်း ကျုပ်က မတော်မတရားမလုပ်ဘူး။ သူ့ဘက်ကိုယ့်ဘက်ကြည့်ပြီး မှန်ကန်အောင်၊ မျှတအောင် လုပ်ပေးတယ်။ အဲဒီတော့ ကျုပ်အပေါ် လေးစားကြည်ညိုလာကြတယ်။

တစ်နှစ်လောက်ကြာတော့ ကျုပ်လက်ထဲမှာ ငွေအတော်များများ ပိုင်လာပြီ။ လုပ်ငန်းအခြေအနေကို လေ့လာပြီး နောက်ထပ် နှစ်နှစ်လောက်ဆက်လုပ်လိုက်တော့ ကျုပ်လက်ထဲမှာ ငွေသိန်းဂဏန်းအထိ ရှိလာတယ်။

အခုဆိုရင် ကျုပ်လက်ထဲမှာ ငွေကလည်း မနည်းတော့ဘူး။ အိမ်တစ်လုံးလည်း ပိုင်နေပြီ။ ကျုပ်က ဆေးကိုလည်း မှန်မှန်သုံးနေတော့ ရောဂါက တိုးမလာဘူး။ ဒါပေမဲ့ဗျာ မျက်နှာရယ်၊ လက်ချောင်းတွေရယ်၊ ခြေထောက်တွေရယ် အဲဒီနေရာတွေကတော့ ကျုပ်ဟာ ကိုယ်ရေပြားရောဂါ



သည်တစ်ယောက်ဖြစ်ကြောင်း အပီအပြင် ထောက်ခံနေကြတယ်။

မော်ဘီမှာ နေထိုင်ခဲ့ရတဲ့ ငါးနှစ်တာကာလအတွင်းမှာ ကျုပ်ဟာ ကျုပ်ဇနီး မလှကြည်ဆီကို ရောက်ခဲ့ပါတယ်။ မှောင်ရီပျိုးစအချိန်မျိုးမှာ သူမသိအောင် အဝေးကလှမ်းကြည့်ရတာပါ။ အရင်ကထက်တောင်မှလှလာဝလာနေပါတယ်။ မျက်နှာကတော့ ခပ်ညှိုးညှိုးလို့ ထင်ရတာပဲ။ ဒါပေမဲ့ သူလည်းပဲ သူ့စိတ်သူဖြေပြီး ကိုယ့်ဘဝကိုယ် ပျော်အောင်နေတဲ့ လူတစ်ယောက်လို့ ဆိုရမှာပါ။ စုံစမ်းကြည့်လိုက်တော့ အခုအချိန်ထိ သူအိမ်ထောင်မပြုသေးဘူးတဲ့။

ခြောက်နှစ်ပြည့်ခါနီးကျတော့ ကျုပ်ဟာ မော်ဘီအိမ်မှာ ကိုသာထူးကိုထားခဲ့ပြီး သုသာန်ထဲ ပြောင်းလာခဲ့တယ်။ မလှကြည်နဲ့ နီးနီးကပ်ကပ်နေချင်တာလည်းတစ်ကြောင်း၊ လုပ်ငန်းသစ်တွေတိုးချဲ့ပြီး ငွေများများ ရအောင်ရှာချင်တာကတစ်ကြောင်း၊ အဲဒီအကြောင်းတွေကြောင့် ရွှေ့လာရတာပါ။ မော်ဘီက လုပ်ငန်းတွေကိုတော့ ကိုသာထူးကို လွှဲပေးထားလိုက်တယ်။ ကျုပ်အပေါ်မှာ သစ္စာရှိနေစေဖို့အတွက် လုပ်ငန်းကရတဲ့ အမြတ်တစ်ဝက်ကို ယူခွင့်ပေးလိုက်တယ်။ လူဆိုတာ မျှမျှတတလုပ်ရင် ကျေနပ်ကြတာများပါတယ်။

ကျုပ်ဝယ်လိုက်တဲ့အိမ်က နှစ်ထပ်အိမ်။ ပျဉ်ထောင်ပျဉ်ခင်း၊ ပျဉ်ကာသွပ်မိုးအိမ်ကြီးပါ။ ထုံးစံအတိုင်း ကျုပ်ရဲ့လူ ကိုသာထူးရှာပေးတာပေါ့။ ဒီအိမ်ရောက်တော့မှ ကျုပ်ဟာ စာအများကြီးဖတ်နိုင်ခဲ့တယ်။ လုပ်ငန်းတွေလည်း အတော်များများ တိုးချဲ့ခဲ့တယ်။ ပစ္စည်းတွေ ဝယ်တယ်။ ပြန်ရောင်းတယ်။ ဆိုက်ကား ခြောက်စီးထောင်ထားတယ်။ အိမ်မှာ ကုန်မာကုန်ခြောက်ဆိုင်ဖွင့်ထားတယ်။ ငွေတိုးချေးတယ်။ နေ့ပြန်တိုးပေးတယ်။

ကျုပ်နဲ့လက်တွဲပြီး လုပ်နေတဲ့လူတွေထဲမှာ ရောဂါသည်တွေလည်း ပါတယ်။ ရောဂါသည်မဟုတ်ဘဲ အပြင်လူတွေလည်း ပါတယ်။ ကျုပ်အိမ်မှာလည်း လုပ်ငန်းအားလုံးအတွက် ယုံကြည်စိတ်ချရတဲ့ လူငှားအလုပ်သမား သုံးယောက်နဲ့ မိန်းမကြီးတစ်ယောက်ရှိတယ်။

ကျုပ်စိတ်ဟာ အရင်တုန်းကလို ပျော့ပျောင်းညင်သာမှု မရှိတော့ဘူး။ ချစ်လက်ဖော်ရွေမှုလည်း မရှိတော့ဘူး။ ဘယ်သူနဲ့ပဲ ဆက်ဆံဆက်ဆံ

ဘည်တည်တင်းတင်းပဲ ဆက်ဆံတယ်။ စကားလည်း တိုတိုပြတ်ပြတ်ပဲ ပြောတယ်။ ဒါကြောင့် ထင်ပါရဲ့၊ ကျုပ်နဲ့ ဆက်ဆံနေရတဲ့ လူတွေဟာ ကျုပ်ကို လေးစားကြပေမဲ့ ကြောက်တဲ့လန့်တဲ့ သဘောတွေ ရှိလာတယ်။

ဒီနှစ်ဒီကာလတွေအတွင်းမှာ ကျုပ်ဟာ ကျုပ်အဖေကို ဘယ်တော့မှ မေ့မသွားခဲ့ပါဘူး။ အဖေဟာ ကျုပ်ဘဝကို ပြုစုပျိုးထောင်ပေးခဲ့တဲ့ ကျေးဇူးရှင်ပါ။ နောက်ပိုင်း အနာကြီးရောဂါ စွဲကပ်လို့ဘဝပျက်ရတာက သူ့ကြောင့်မှမဟုတ်တာ။ ဒါကြောင့်မို့လည်း ကျုပ်ဟာ အဖေ့ဆီ ငွေမှန်မှန်ပို့ပေးဖို့ ကိုသာထူးကို တာဝန်ပေးခဲ့ပါတယ်။ ကိုသာထူးကလည်း ကျုပ်ကို ခြေရာမခံမိအောင် စေ့စေ့စပ်စပ်နဲ့ ကျုပ်ခိုင်းတဲ့အတိုင်း လုပ်ပေးပါတယ်။

အဖေနဲ့ပတ်သက်လို့ ကျုပ်သိနေတာကတော့ အဖေဟာ ကျန်းမာလျက်ပဲ။ ကျုပ်ဆီကရတဲ့ငွေကို သူ့ချွေးမဆီသွားပို့တယ်လို့တောင် ကျုပ်ပြန်သိရတယ်။ အဲဒီအခေါက်က အဖေဟာ သူစုဆောင်းထားတဲ့ငွေတစ်သောင်းခွဲလောက်ကို ချွေးမလက်ထဲထည့်ခဲ့သတဲ့။

ဒီသတင်းကြောင့် ကျုပ်မှာ ဝမ်းသာကြည်နူးခဲ့ရပါတယ်။ ဝမ်းသာသလောက် ဝမ်းလည်းနည်းခဲ့ရပါတယ်။ ကြေကွဲဆွေးမြည့်မှုကြောင့် မျက်ရည်မဆည်နိုင်တဲ့အထိ ဖြစ်ခဲ့ရပါတယ်။ အဖေက သူ့ဆီရောက်သွားတဲ့ 'ကြားခံလူ'ကို 'ကျုပ်သားမသေသေးဘူးဆိုတာ အဘစိတ်ထဲက အလိုလိုသိနေပါတယ်။ သူ့မိန်းမကို အလွန်ချစ်တဲ့ကောင်ပါ။ အဲသလောက် ချစ်ပါလျက်နဲ့ အိမ်က ထွက်သွားတာ အကြောင်းရှိလို့ နေမှာပေါ့။ ကျုပ်ချွေးမကလည်း အခုထက်ထိ အိမ်ထောင်မပြုသေးဘူး။ လုံမလေးက တော်ရှာပါတယ်ကွယ်'လို့ ရင်ဖွင့်သတဲ့။

ကျုပ်ချက်ချင်းပဲ အစီအစဉ်တစ်ခုလုပ်ပြီး ကိုသာထူးနဲ့ သူ့လူယုံအဖော်တစ်ယောက်ကို ကျုပ်အဖေဆီလွှတ်လိုက်တယ်။ ကိုသာထူးလက်ထဲမှာ ငွေတစ်သိန်းပါသွားတယ်။ သူက ဘေးကပါလာတဲ့အဖော်အနေနဲ့ ကျုပ်အဘပြောသမျှကို နားထောင်တယ်။

'အေးကွယ်၊ မသေခင်ကလေးမှာ သားကိုတော့ တွေ့ချင်သပေါ့။ ဒါပေမဲ့ သူမဖြစ်နိုင်ဘူးဆိုရင်လည်း အဘက တွေ့ဖို့မကြိုးစားပါဘူး။ လုံမလေးကိုလည်း ကျုပ်သားနဲ့ ပတ်သက်လို့ ဘာမှမစုံစမ်းဖို့ ကတိတောင်းပေးထားပါ



မယ်။ ဒီငွေနဲ့ ရင်းနှီးစားဖို့လည်း အဘမှာခဲ့ပါမယ်။ ပြီးတော့လည်း ကျုပ်သားကို ပြောလိုက်ပါ။ ကျုပ်သေရင် အခုကျုပ်နေတဲ့ အိမ်နဲ့မြေကို ကာလပေါက်ဈေးသင့်ပြီး ရွာက ဘုန်းကြီးကို လှူဖို့ ကျုပ်စီစဉ်ထားပြီးပြီ။ ရတဲ့ငွေကို ကျောင်းဆောက်ဖို့လည်း မှာထားပြီးပါပြီ။ ကျုပ်သားကို သာခု ခေါ်ဖို့ ပြောလိုက်ပါ'

ဒီစကားတွေဟာ ကျုပ်အဖေ နောက်ဆုံးပြောသွားတဲ့ စကားတွေပါ။ ဒီစကားတွေကို ကျုပ်ရဲ့ လူယုံကိုသာထူးကိုယ်တိုင် ကြားခဲ့ရတာပါ။ ကျုပ်ပို့ပေးလိုက်တဲ့ ငွေကိုလည်း ရက်ပိုင်းအတွင်းမှာပဲ အဖေကိုယ်တိုင် ရန်ကုန်ဆင်းလာပြီး မလှကြည်လက်ထဲထည့်သွားတယ်လို့ ပြန်သိခဲ့ရပါတယ်။

နောက်ငါးလလောက်နေတော့ ကျုပ်အဖေ ဆုံးပြီလို့သိရပါတယ်။ အိမ်မှာ အကောင်းသားနေရာက ရုတ်တရက် အဖျားဝင်ပြီးဆုံးတာတဲ့။ ဘာပဲဖြစ်ဖြစ်လေ၊ အဖေဟာ အသက် ၇၉ နှစ်ဆိုတော့ သေပျော်ပါပြီ။ ကျုပ်မျက်ရည်မကျခဲ့ပါဘူး။ 'အဖေကောင်းရာ သုဂတိလားပါစေ၊ ရောက်လေရာဘဝမှာ လူကောင်းသူကောင်းတွေကြားမှာ မနေနိုင်တဲ့ ကျုပ်လိုဘဝမျိုး မရောက်ပါစေနဲ့လို့ ဆုတောင်းမိပါတယ်။

*

'ဆရာကိုမောင်မောင်ကို ကျုပ်က မိကျောင်းမင်းရေကင်းပြတာတော့ မဟုတ်ပါဘူး။ ကျုပ်အနေနဲ့ လိုအပ်နေပြီထင်လို့ ဒီစကားပြောရတာပါ။ ခင်ဗျားမှာ ကူဖော်လောင်ဖက်မယားတစ်ယောက်ရှိဖို့တော့ လိုအပ်တာ အမှန်ပဲ။ အရင်အိမ်ထောင်ကိုလည်း လုံးဝဒုက္ခမပေးချင်ဘူးဆိုတော့ ပြန်ပေါင်းမှာမဟုတ်ဘူးလို့ ကျုပ်ယူဆတယ်။ ဒီတော့ကာ ဆရာကိုမောင်မောင်နဲ့ ဘဝတူတစ်ယောက်နဲ့ အိမ်ထောင်ပြုလိုက်စေချင်တယ်'

ကျုပ်အဖေဆုံးပြီး နှစ်လလောက်မှာ ကျုပ်လူကိုသာထူးက ဒီစကားပြောလာတယ်။ ကျုပ်ကတော့ မတုန်မလှုပ်ပါ။ ကျုပ်ငြိမ်နေတော့ သူက ဆက်ပြောတယ်။

'ကလေးမလေးတစ်ယောက် ကျုပ်တွေ့ထားတယ်။ ခင်ဗျားနဲ့ကိုက်မယ်လို့ထင်တယ်။ နာမည်က မခင်မွေးတဲ့။ အသက်က ၂၅ နှစ်ကျော်ရှိပြီး

မိဘတွေက ဆင်းရဲရှာတယ်။ ကောင်မလေးက လိမ်မာတယ်။ အေးတယ်။ ရောဂါဖြစ်တာလည်း မကြာသေးဘူး။ ခင်ဗျားထားသလိုနေမယ့် အစားထဲကမို့ ကျုပ်က တိုက်တွန်းတာပါဗျာ'

ကိုသာထူးပေးတဲ့အကြံကို ၁၅ ရက်လောက်စဉ်းစားအပြီးမှာ ကျုပ်လက်ခံလိုက်ပါတယ်။ ကျုပ်ရဲ့ ဇာတ်ကြောင်းနဲ့ ကျုပ်သဘောထားအပြင် ကျုပ်လိုချင်တဲ့ပုံစံကို ကိုသာထူးကတစ်ဆင့် အသိပေးလိုက်ပါတယ်။ ကျုပ်လိုလားတဲ့အတိုင်း ဖြစ်မယ်ဆိုရင် မခင်မွေးကို ကျုပ်ယူမယ်လို့ အပြတ်ပြောလိုက်ပါတယ်။

ကျုပ်ဘဝဟာ တခြားဘက်မှာ ကံမကောင်းသလိုဖြစ်ခဲ့ရပေမဲ့ အိမ်ထောင်ကံကတော့ အတော့်ကို ကောင်းပါတယ်။ ပထမအိမ်ထောင်တုန်းကလည်း မလှကြည်ဟာ ကျုပ်စိတ်တိုင်းကျပဲ၊ အခု မခင်မွေးနဲ့ကျတော့ လည်း ကျုပ်စိတ်တိုင်းကျပါပဲ။ မခင်မွေးနဲ့ ရခါမှ ကျုပ်ဘဝမှာ ထူးခြား တဲ့ အပြောင်းအလဲကလေးတွေ ရှိလာတယ်။ ကျုပ်ရဲ့ လုပ်ငန်းတွေထဲက အရက်ပုန်းရောင်းတာ၊ ဆေးခြောက်နဲ့ တခြားမူးယစ်ဆေးဝါးရောင်းတာ၊ ခိုးရာပါပစ္စည်းဝယ်တာတွေကို ကျုပ်မလုပ်တော့ဘဲ လုံးဝ ဖြတ်ပစ်လိုက်တယ်။

မခင်မွေးဟာ မော်ဘီမြို့နယ်ထဲက ရွာမှာ မွေးဖွားကြီးပြင်းခဲ့ရတဲ့ တောသူမပါ။ အင်မတန်မှ နားအေးပါးအေးနေတတ်တာဟာ သူရဲ့ အကောင်းဆုံး အရည်အချင်းတစ်ခုလို့ ကျုပ်ကတော့ သတ်မှတ်တယ်။ အမှန်တော့ ကျုပ်ရဲ့ ဒုစရိုက်မှုတစ်ခုခုကြောင့် ကျုပ်ဒုက္ခရောက်ရင် သူပါ ဘဝပျက်ရမှာ မဟုတ်လား။ ကျုပ်ကြောင့် ကျုပ်မိန်းမဘဝပျက်သွားတာမျိုးတော့ ကျုပ်အဖြစ်မခံနိုင်ဘူး။

မခင်မွေးရောက်လာမှ ကျုပ်ဘဝသာယာစိုပြည်လာတာတော့ အမှန်ပဲ။ စားရေးသောက်ရေး၊ နေရေးထိုင်ရေးတွေမှာသာ အဆင်ပြေတာမဟုတ်ဘူး။ ကျုပ်လုပ်ငန်းတွေကိုပါ မျက်နှာလွှဲရတဲ့အတွက် ကျုပ်မှာ 'အား' သိပ်တက်လာခဲ့ရတယ်။

သူနဲ့ကျုပ် အိမ်ထောင်သက်နှစ်နှစ်ကျော် သုံးနှစ်အတွင်းရောက်တော့ မခင်မွေးမှာ ကိုယ်ဝန်ရှိလာတယ်လေ။ ကျုပ်လေ အတိုင်းအဆ မသိနိုင်



လောက်အောင် ဝမ်းသာဝမ်းနည်း ဖြစ်ခဲ့ရပါတယ်။ သားသမီးမရလို့ သောက များခဲ့ရတဲ့ ကျုပ်အဖို့တော့ သားသမီးရတော့မယ်ဆိုတာကို သိလိုက်ရတော့ ဝမ်းသာရတာပေါ့။ ဒါပေမဲ့ မွေးလာမယ့်ကလေးရဲ့ မိဘနှစ်ပါးက ဘာတွေလဲဆိုတာ သိလိုက်ရင်တော့ ဒီကလေးဘဝဟာ စိတ်ချမ်းမြေ့စရာ ရှိနိုင်ပါတော့မလား။

ကျုပ်ဆိုတဲ့ကောင်က ရေရှည်ကို တွေးတတ်တဲ့ လူစားဗျ။ ပြီးတော့ စိတ်ကူးကလည်း ယဉ်တတ်တယ်မဟုတ်လား။ ကျုပ်တို့က မွေးလာတဲ့ ကလေးဟာ သိတတ်တဲ့ အရွယ်ရောက်လာပြီဆိုပါတော့၊ သူ့မိခင်နဲ့ဖခင်ဟာ ကိုယ်ရေပြားရောဂါသည်တွေဆိုတာ သိလိုက်ရင် ဘယ်လိုနေရှာမလဲ။ သူဟာ ကျုပ်တို့ အသိုင်းအဝိုင်းကြားမှာပဲ ကြီးပြင်းလာရမှာ။ ဒါဆိုရင် သူ့ဘဝဟာ ပျက်ပြီပေါ့။ တစ်ချိန်က ကျုပ်ခေါင်းထဲကို ဝင်လာခဲ့ဖူးတဲ့ ခေးခွန်းဟာ ပြန်ရောက်လာတယ်။

ကျုပ် ဘာလုပ်ရမလဲ။

ကျုပ် ဘာလုပ်ရမလဲ။

ကျုပ် ဘာလုပ်ရမလဲ။

*

'မခင်မွေးရဲ့ကိုယ်ဝန်က သုံးလကျော်လောက်ရှိနေပြီ။ ခင်ဗျားပြောသလို ဖျက်ချဖို့ဆိုတာ လုံးဝမဖြစ်နိုင်ဘူး။ တရားဥပဒေကလည်း ခွင့်ပြုတဲ့ကိစ္စမဟုတ်ဘူး ကိုမောင်မောင်'

ကျုပ်နဲ့သိကျွမ်းရင်းနှီးနေတဲ့ ဒေါက်တာမင်းဆွေရဲ့ စကားပါ။ 'ဒီပုံအတိုင်းဆိုရင် ဒီကလေးကို မွေးရမှာပဲပေါ့'လို့ ကျုပ်က ပြန်ပြောတော့ သူက ခေါင်းညိတ်တယ်။ 'ဒါပေါ့၊ မွေးရတော့မှာပေါ့။ ဖြစ်လာပြီဟာပဲ၊ ရင်ဆိုင်ရတော့မှာပေါ့'လို့ သူက ပြောတယ်။ ခေါင်းငိုက်စိုက်ကျနေတဲ့ ကျုပ်ကိုကြည့်ပြီး သူစိတ်မကောင်းဘူး။ ကျုပ်မိန်းမ မခင်မွေးကတော့ ဆရာဝန်ကိုတစ်လှည့် ကျုပ်ကိုတစ်လှည့် ဘာမှမသိ နားမလည်တဲ့ မျက်နှာထားတဲ့ ကြည့်နေရှာတယ်။

'ခင်ဗျားရဲ့ သဘောထားနဲ့ စေတနာကို ကျွန်တော် နားလည်ပါတယ်

ကိုမောင်မောင်၊ ဒါပေမဲ့ ခင်ဗျားဖြစ်စေချင်သလို လက်တွေ့လုပ်ဖို့ကျတော့ ခက်တယ်။ ကျွန်တော် စဉ်းစားမိတဲ့ နည်းတစ်နည်းတော့ ရှိတယ်။ ဒီနည်းကလည်း ခင်ဗျားတို့ဘက်က လုပ်နိုင်'

'ဘယ်လိုနည်းလဲ ဒေါက်တာ'

'ဒီလိုဗျာ၊ အနာကြီးရောဂါသည်တွေက မွေးဖွားလာတဲ့ ကလေးတွေမှာ ဒီရောဂါပါမလာဘူး။ မွေးလာပြီးတဲ့နောက် ရောဂါသည်တွေနဲ့ လက်ပွန်းတတီး အကြာကြီးနေမှ ရောဂါက ကူးသွားတာ။ အဲဒီတော့ ကလေးကို ရောဂါမရှိတဲ့သူတွေရဲ့ လက်ထဲ ပေးပစ်လိုက်ရင် ဒီကလေးနောင်ရေးဟာ စိတ်အေးရဖို့ ရှိတယ်။ တစ်ချက်ရှိတာက မိဘက အနာခံဖို့ပဲ။ ဘယ်မိဘမဆို ကိုယ့်သားသမီးကို ကိုယ့်မျက်စိအောက်မှာပဲ ထားချင်ကြတယ်မဟုတ်လား။ အဲဒီတော့ မပေးကြဘူး။ မပေးတော့ ကလေးကြီးလာရင် ဘာဖြစ်သွားမလဲ၊ အဖြေက အဲဒါပဲ'

အဲဒီနေ့၊ အဲဒီရက်၊ အဲဒီညကစပြီး စားမဝင် အိပ်မပျော်တဲ့ ရောဂါဒဏ်ကို ခံရတော့တာပဲ။ ကျုပ်ရင်ထဲမှာ ရှေ့ရေးကိုတွေးပြီး ဗလောင်ဆူနေတယ်။ ကိုယ်ဝန်ကို အပြင်လက်သည်တွေနဲ့ ဖျက်ချပစ်ရင် ကောင်းမလား။ အဲသလိုကျတော့လည်း ကျုပ် မလုပ်ရက်ဘူး။ မလုပ်ရဲဘူး။ ဒါဆိုရင် မွေးလိုက်တော့ မွေးလာတဲ့အခါ ဒီအတိုင်းထားလိုက်မလား။ မဖြစ်နိုင်ဘူး လုံးဝမဖြစ်နိုင်ဘူး။ ကျုပ်ကလေးအနာကြီးရောဂါသည်ဘဝ အရောက်မခံနိုင် ဘူး။

ဒီလိုဆိုရင် ဆရာဝန်ပြောသလို သူတစ်ပါးလက်ထဲ ပေးပစ်မလား။ ဟာ ဒါလည်း မပေးနိုင်ဘူး။ ကလေးကို မွေးတဲ့မိခင်ခမျာ ပိုပြီးခံစားရမှာပေါ့။ မဖြစ်နိုင်တဲ့ကိစ္စပဲ။ ငါကရော ငါ့ကလေးကို ပေးနိုင်မလား။

ကျုပ်စိတ်တွေ နောက်ကျိနေတယ်။ အရက်ကို ဖိသောက်တယ်။ အရင်က ညနေခင်း ထမင်းမစားခင် သုံးပက်လောက်သောက်တာ။ အခုတော့ ပုလင်းဝက်၊ တစ်ပုလင်း။ မူးမူးနဲ့ အိပ်ပျော်သွားပေမဲ့ လန့်နိုးလာတော့ ပြန်အိပ်လို့မရတော့ဘူး။ အဲဒီတော့ ထပ်သောက်။ တစ်ခါတလေ မခင်မွေးကို အမိပ္ပာယ်မရှိ အော်လား ငေါက်လား လုပ်လားလုပ်ရဲ့။ ဒီလိုနဲ့ပဲ အချိန်တွေ ကုန်လာတော့ ကိုယ့်စိတ်ကိုယ်ပြန်ပြီး ထိန်းလာနိုင်ပြန်တယ်။

အဲသလိုနဲ့ပဲ ကျုပ်မိန်းမ မခင်မွေး ကလေးမီးဖွားတယ်။ သမီးကလေး



ဗျ။ သောကြာသမီး၊ သီလား၊ ချစ်စရာကောင်းလိုက်တာ အလွန်ပဲ။ တကယ့်တစ်တုံးတစ်ခဲကြီးပါဗျာ။ ကျုပ်ဖြင့်လေ ဝမ်းသာလိုက်တာ အလွန်ပဲ။ ထိုင်လိုက်ထလိုက် သမီးလေးကို သွားသွားကြည့်လိုက်။

'မမွေး၊ မင်းနေကောင်းရဲ့လားဟင်' လို့ မေးလိုက်နဲ့။ ကြာလာတော့ မမွေးက ရယ်တယ်။ 'ကျွန်မကို အစ်ကိုကြီးမေးတာ ခြောက်ခါရှိပြီ'လို့ ပြောတယ်။

ကျုပ်က သမီးလေးရဲ့နာမည်ကို 'နွေး'လို့ ပေးလိုက်တယ်။ သမီးလေးကို ကြည့်ပြီး ကျုပ်ရင်ထဲမှာ နွေးနွေးထွေးထွေးရှိလွန်းလို့ 'နွေး'လို့ ပေးတာပါ။ ကျုပ်က စာသမား၊ ကဗျာသမားဆိုတော့ သိပ်ကို စိတ်ကူးယဉ်တတ်တဲ့ကောင်မဟုတ်လား။ ဒါပေမဲ့ ကျုပ်ရဲ့စိတ်ကူးယဉ်မှုတွေကို လက်တွေ့ဘဝနဲ့ ချိန်ထိုးကြည့်လိုက်တော့ သမီးလေးဘဝနဲ့ ကျုပ်ရဲ့ဘဝဟာ ပေါင်းစပ်လို့ မလွယ်ပါလားဗျာ။

သမီးလေးအတွက် ကျုပ်ရင်ထဲမှာ ဘယ်လောက်အထိ အပြင်းအထန် ခံစားနေရတယ်ဆိုတာ ကျုပ်မပြောပြတော့ပါဘူး။ တိုတိုနဲ့ လိုရင်းကိုပြောရမယ်ဆိုရင် သမီးလေးမွေးပြီး သုံးလအကြာမှာ ကျုပ်ဟာ ဒေါက်တာမင်းဆွေနဲ့ထပ်ပြီး ဆွေးနွေးတယ်။ ကျုပ်စဉ်းစားထားတဲ့ အစီအစဉ်ကို ပြောပြတော့ သူသိပ်သဘောကျတယ်။

'ခင်ဗျားလည်း အတော့်ကို ပိန်သွားတယ်။ စိတ်ကို သိပ်ပြီး အပင်ပန်း မခံပါနဲ့။ လူ့ဘဝဆိုတာ ဒီလိုပါပဲ။ ခင်ဗျားလည်း စာတွေဖတ်နေတာပဲ၊ နားလည်မှာပေါ့'တဲ့။

ပြီးတော့ သူက ပြောတယ်။

'ဒီကိစ္စမှာ အရေးအကြီးဆုံးလူက မခင်မွေးပဲ။ သူက မိခင်ဆိုတော့ သူနားလည်လက်ခံဖို့က အဓိကပဲတဲ့။ သူနားဝင်အောင် ပြောပြပါ'တဲ့။

ကျုပ်ရဲ့ပြဿနာကို ထုံးစံအတိုင်း ကိုသာထူးနဲ့ဝိုင်ပင်တယ်။ ကျုပ်လုပ်ချင်တဲ့ပုံစံကို အသိပေးတယ်။

သူကလည်း ကျုပ်ရဲ့ အစီအစဉ်ကို သဘောကျတယ်။ သူကိုယ်တိုင်ကျုပ်နဲ့ အတူတူ မခင်မွေးကိုကူပြီး နားချပေးဖို့ပါ တာဝန်ယူတယ်။ တစ်ရက်မှာတော့ ကျုပ်နဲ့ကိုသာထူးဟာ မခင်မွေးကို အကြောင်းစုံပြောပြီး

သမီးလေးကို ရာသက်ပန်ခွဲလိုက်ကြဖို့ နားချကြတယ်။

မိခင်ဆိုတာ ကိုယ်မွေးထားတဲ့ သားသမီးကို သူစိမ်းတစ်ရံဆံ လက်ထဲ ဘယ်ပေးချင်ပါ့မလဲ။ နှလုံးသွေးရပ်မတတ် ခံစားရပေမှာပေါ့။ ဒါပေမဲ့ ကျုပ်က ရှင်းပြတဲ့စကားကျတော့လည်း သူလက်မခံလို့ မဖြစ်ဘူး။

'မင်း စဉ်းစားကြည့်ပါ။ အစ်ကိုကြီးတို့ကို လူတွေက ဘယ်လိုမြင်ကြလဲ။ ရောဂါသည်တွေလို့ပဲ မြင်ကြတယ်။ ဒီရောဂါကြောင့်ပဲ အစ်ကိုကြီးတို့မှာ ဘယ်လောက်ပဲ ငွေတွေရှိရှိ လူကောင်းသူကောင်းတွေကြားမှာ တန်းတူရည်တူနေလို့ရသလား'

မခင်မွေးက ခေါင်းခါတယ်။

'အေး၊ အစ်ကိုကြီးပြောတာ အဲဒါပဲ။ အစ်ကိုကြီးတို့ သမီးလေးကို ဒီရောဂါအဖြစ်ခံမလား၊ လူကောင်းသူကောင်းဘဝနဲ့ လူ့လောကထဲမှာ လှလှပပ တင့်တင့်တယ်တယ် နေသွားနိုင်အောင် လုပ်ပေးမလား။ အစ်ကိုကြီးတို့ ရွေးရမှာ အဲဒီနှစ်လမ်းပဲ မမွေး'

'သမီးလေးကို မင်းလည်း ချစ်တယ်။ အစ်ကိုကြီးလည်း ချစ်တယ်။ တကယ်ချစ်တယ်ဆိုရင် အတ္တကြီးနေလို့ မဖြစ်တော့ဘူး။ ကိုယ်တကယ်ချစ်တဲ့လူအတွက် အနစ်နာခံရမှာပဲ။ လူ့လောကမှာ ဘယ်ကိစ္စမျိုးမဆို အချိန်က စကားပြောတာပါ။ မမွေးရယ် ကြာတော့လည်း မေ့သွားကြတာပါပဲ'

မျက်ရည်လည်ရွဲဖြစ်နေတဲ့ မခင်မွေးဟာ သူ့ခြေမကို ငုံ့ကြည့်ပြီး လက်ညှိုးနဲ့ပွတ်နေတယ်။ 'ဘယ်သူ့ဆီ ပေးမှာလဲ' လို့ မေးတယ်။ ကိုသာထူးက ကျုပ်ကို ဖျတ်ခနဲလှမ်းကြည့်ပြီး 'မလှကြည်ဆီပို့မှာ' လို့ ဝင်ဖြေတယ်။

'သူက လက်ခံမှာလား'

'နားလည်အောင် ပြောပြရင် လက်ခံမယ်လို့ ထင်ပါတယ်ဟာ'

'ကျွန်မ မိဘတွေဆီ ပို့ထားရင်မရဘူးလား'

'မဖြစ်ဘူး မမွေး'

သူတို့က အသက်တွေကြီးကုန်ပြီ။ ပြီးတော့ သူတို့ဆီမှာဆိုရင် မင်းတို့ ငါတို့နဲ့ အနေဝေးကြမှာ မဟုတ်ဘူး၊ အနေမဝေးလို့ကတော့ သမီးလေးဘဝဟာ စိတ်မချရဘူး'

'ညီမတို့နဲ့ တစ်ခါတလေ တွေ့ချင်ရင်ကော ရမလား'



'ဟာ ဒါလောက်တော့ ဖြစ်ရမှာပေါ့၊ ငါ တာဝန်ယူပေးပါ့မယ်'

'အစ်ကိုကြီး တစ်ခုတော့ ပြောထားချင်တယ်။ တစ်ခါတလေ တွေ့ရတဲ့အခါမှာသမီးအဖြစ်နဲ့တော့မဟုတ်ဘူး၊ ကိုယ့်တူမလေးလို တွေ့ရမှာ၊ သမီးလေးရဲ့ အမေအဖြစ်နဲ့တော့ မသင့်ဘူး'

'ညီမ နားလည်ပါတယ်'

*

ကျုပ်မှာ မလှကြည်အတွက် စာရှည်ကြီးတစ်စောင်ရေးတယ်။ ကျုပ်ရဲ့ဇာတ်ကြောင်းကို တစ်လုံးတစ်ပါဒမှ မချန်တော့ဘဲ ရင်ဖွင့်ပြလိုက်တယ်။ ပြီးတော့ ဒေါက်တာမင်းဆွေကို အကြောင်းစုံဖွင့်ပြောပြီး ဒီကိစ္စကို တာဝန်ယူပေးဖို့ မေတ္တာရပ်ခံတယ်။ သဘောကောင်းရှာပါတယ်။ သူကိုယ်တိုင် မလှကြည်နဲ့ သွားတွေ့တယ်။ ကျုပ်ကိုယ်စား အားလုံး ရှင်းပြပေးတယ်။

သူ့ဆန္ဒအရ မလှကြည်ဟာ ချက်ချင်းပဲ ကျုပ်ဆီကို ရောက်လာတယ်။ ကျုပ်ကို ကြည့်ပြီး ဝမ်းနည်းပက်လက်ငိုတယ်။ မမွေးကိုလည်း တရင်းတနှီးဆက်ဆံတယ်။ သမီးလေးကိုလည်း ချီပိုးကြည့်တယ်။

'သမီးလေးက မမွေးနဲ့တူလို့ အသားဖြူတယ်၊ ရုပ်ကျတော့ အစ်ကိုနဲ့ တူတယ်နော်' လို့ ပြောတယ်။

နောက်ဆယ်ရက်လောက်ကြာတော့ မလှကြည်တစ်ခေါက်လာတယ်။ သူ့အစ်မ မမြရီလည်း ပါလာတယ်။ မမြရီကတော့ အခုအချိန်ထိ အိမ်ထောင်မပြုသေးဘူး၊ ကျုပ်ကိုကြည့်ပြီး မျက်ရည်ကျရှာသေးတယ်။

ကျုပ်သမီးလေး 'နွေး' ဟာ ကျုပ်တို့နဲ့အတူ ကိုးလကျော် ဆယ်လနီးပါးနေသွားခဲ့ပါတယ်။ ချစ်စရာကောင်းလိုက်တာ အလွန်ပါပဲ။ အဲဒီနောက်တော့ သူဟာ ပတ်ဝန်းကျင်သစ်ထဲကို ရောက်သွားပါတယ်။ ခွဲခြားဆိုတော့ သူ့အမေခမျာမှာ မျက်ရည်နဲ့မျက်ခွက်ဆိုတာမျိုးဖြစ်ခဲ့ရပါတယ်။

သမီးလေးကို မလှကြည်လက်ထဲ စာချုပ်စာတမ်းနဲ့ လွှဲပေးတဲ့အခါမှာ သူ့အတွက်ရော မလှကြည်အတွက်ပါ အတော်လေးများတဲ့ ငွေကို တရားဝင် ရေ့နေတစ်ယောက် အကူအညီနဲ့ လွှဲပေးလိုက်ပါတယ်။ ကျုပ်တို့လင်မယားက သုသာန်ထဲကအိမ်ကိုရောင်းပြီး မခင်မွေးတို့ရွာကို ရွှေ့ခဲ့ကြပါ

တယ်။ ရွာအပြင်မှာ မြေကွက်တစ်ကွက်ဝယ်တယ်။ အိမ်ကောင်းကောင်း ဆောက်လိုက်တယ်။ ကိုသာထူး အကူအညီနဲ့ လုပ်ငန်းတချို့ကို မော်ဘီဘက် ရွှေ့လိုက်တယ်။ ဘာကြောင့်လဲဆိုတော့ မမွေးတို့ရွာက မြို့နဲ့သိပ် မဝေးတော့ကျုပ်တို့ကိုယ်တိုင် ဦးစီးလို့ရတယ် မဟုတ်လား။

သမီးလေးနဲ့တော့ တစ်လတစ်ကြိမ် မှန်မှန်တွေ့ရပါတယ်။ ကျုပ်က တော့ ကျုပ်တို့နဲ့ သမီးလေးရဲ့ဘဝကို ဥပေက္ခာပြုထားလိုက်ပါပြီ။ ဒါမှ လည်း ကျုပ်ရင်ထဲက ခံစားမှုဟာ သက်သာရာရတော့မပေါ့။

ကျုပ်ဘဝမှာ သင်ခန်းစာတစ်ခုတော့ ရခဲ့ပါတယ်။ လောကမှာ တကယ် ချစ်ရင် ကိုယ်ချစ်တဲ့ လူရဲ့ကောင်းရာကောင်းကျိုးအတွက် ကိုယ်က အနစ် နာခံရမှာပေါ့။ လက်တွေ့ကျတော့ အနစ်နာမခံဘဲ 'ချစ်လှချည်ရဲ့' လို့ အော်နေတာဟာ တကယ်တော့ ကိုယ့် 'အတ္တ' ကို ဖော်ပြနေတာပါ။

ကျုပ်လိုလူတစ်ယောက်ရဲ့ ပါးစပ်က ဒီစကားမျိုးကြားရတော့ 'ခွေး ပါးစပ်က နတ်စကားထွက်တယ်' လို့ ပြောကြလိမ့်မယ် ထင်ပါရဲ့ဗျာ။ အရေးကြီးတာက စကားထွက်လာတဲ့ ပါးစပ်ဟာ ဂုဏ်သိက္ခာကင်းမဲ့လောက် အောင် ပုပ်စော်နံမသွားဖို့က အဓိကပါ။

'ကိုမောင်မောင်ရေ ဟိုတုန်းက ဝဋ်နာကံနာလို့ သဘောထားခဲ့ရတဲ့ သည်လိုရောဂါမျိုးဟာ ဒီနေ့အချိန်မှာ ကြောက်စရာမရှိတော့ပါဘူး။ အလွန် အစွမ်းထက်တဲ့ ဆေးဝါးတွေရှိနေပါပြီ။ ရောဂါဖြစ်စမှာသာ စနစ်တကျ ကုသ၊ ဆေးမှန်မှန်စားခဲ့ရင် ခင်ဗျားဟာ ဒီဘဝကို ရောက်မှာ မဟုတ်ဘူး' ဒေါက်တာမင်းဆွေပြောတဲ့ စကားကို ပြန်သတိရတိုင်း နောင်တရခဲ့မိပါ တယ်။ အကြောက်တရားက စဉ်းစားဉာဏ်ကို ဖျက်ဆီးလိုက်တာပါ။ အင်း ဘာတွေဖြစ်နေဖြစ်နေ ကျုပ်အဖို့တော့ ကိုယ်လျှောက်လာခဲ့ရတဲ့ ဘဝခရီးကို ပြန်လှည့်ကြည့်မိတဲ့အခါတိုင်း 'လာရာလမ်းကို လွမ်းတသသ ဖြစ်နေမိတာကတော့ အမှန်ပဲ။

❑

# ကြမ္မာရဟတ်

၁၉၅၇–၁၉၅၈ ခုနှစ်အတွင်းက ရှမ်းသာခရိုင်အတွင်း 'ကလေးသူငယ် အက်ဥပဒေ (၁၉၅၃) သည် အာဏာသက်ရောက်ခြင်းမရှိသေး၊ ထိုကာလ တွင် အသက် ၁၆ နှစ်ပင်မပြည့်သေးသော သူငယ်တစ်ယောက်သည် ရာဇ ဝတ်မှုတစ်ခုကို ကျူးလွန်ခဲ့သည်။ အမှုမှာ အမှုကြီးဖြစ်၏။ တရားဥပဒေရှု ထောင့် တစ်ခုတည်းက မကြည့်ဘဲ လူမှုရေးရှုထောင့်မှကြည့်မည်ဆိုပါက ပြစ်မှုကျူးလွန်သူအား ထိုက်သင့်သော ညှာတာထောက်ထားမှုကို ပေးရမည် ဖြစ်၏။

သို့သော်လည်း ပြစ်မှုကျူးလွန်သူအား ညှာတာထောက်ထားနိုင်သည့် အခြေအနေမရှိဖြစ်နေသည်။ ၁၉၅၃ ခုနှစ် ကလေး သူငယ်အက်ဥပဒေက လည်း အာဏာမတည်သေး၊ အင်္ဂလိပ်အစိုးရခေတ် ပြုလုပ်ထားခဲ့သည့် The Young Offenders Act ခေါ် သက်ငယ်ပြစ်မှုကျူးလွန်သူများ အက်ဥပဒေ ကိုလည်း သုံး၍မရ။

ထိုစဉ်က ကျွန်တော်သည် ကိုယ်တိုင်တွေ့ဆုံစကားပြောခဲ့ဖူးသည့် မသေချာ

နိုင်ငံ သက်ငယ်အကျဉ်းထောင်တစ်ခုအတွင်းမှ မလေးရှားနိုင်ငံသား တရုတ်လူငယ်တစ်ယောက်ကို သတိရမိခဲ့၏။ ထိုကလေးသည် ဆယ်တန်းကျောင်းသားဖြစ်သည်။ မိန်းကလေးကိစ္စနှင့်ပတ်သက်၍ သူ့ဖခင်ပစ္စတိုကိုယူသွားပြီး သူ့သူငယ်ချင်းအား သေနတ်နှင့်ပစ်သတ်ခဲ့ရာမှ ထောင်ဒဏ်ကျခံနေရခြင်းဖြစ်သည်။ သူ့အားလူမှုရေးဌာန၏ ပညာရေးဌာနနှင့် အကျဉ်းဌာနတို့၏ ကူညီစောင့်ရှောက်မှုကြောင့် ထောင်ထဲတွင် ကောင်းစွာနေထိုင်ခွင့်ရသည်။ ဆယ်တန်းဖြေခွင့်ရသည်။ ထောင်မှလွတ်သည့်အခါ အဆင်သင့်ဖြစ်နေနိုင်ရေးအတွက် စာပေလေ့လာခွင့်ပေးထားသည်။ ကျွန်တော်နှင့် တစ်နာရီနီးပါးခန့် စကားပြောခဲ့ရာ အလွန်နောင်တရနေသည့် လူငယ်တစ်ဦးဖြစ်နေသည်ကို တွေ့ခဲ့ရပါသည်။

ရှခင်းသာခရိုင်တွင် ကျွန်တော်ကြုံခဲ့ရသည့် အမှုအတွက် ကျွန်တော်သည် ခရိုင်ဝန်ထံ ချဉ်းကပ်ခဲ့ရသည်။ ခရိုင်ဝန်မှာ တခြားခရိုင်ဝန်များနှင့်မတူ လူကောင်းစိတ်တိုဖြစ်သည်။ အမှန်ကို ကြိုက်သူလည်းဖြစ်၏။ ဤသူငယ်ကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးပြောပြသည့်အခါ သူသဘောပေါက်သည်။ လက်ခံသည်၊ သူ ကိုယ်တိုင် ပါဝင်ကူညီခဲ့သည်။

ခရိုင်ဝန်၊ ခရိုင်စက်ရှင်တရားသူကြီးနှင့် ကျွန်တော်တို့သည် ခေါင်းချင်းဆိုင်၍ ဆွေးနွေးခဲ့ကြသည်။ ဤသူငယ်ပေါ်တွင် မည်သို့မည်ပုံ ကူညီစောင့်ရှောက်ရမည်ကို စဉ်းစားခဲ့ကြသည်။ အလွန်မွန်မြတ်သည့် ဘာသာတရားကိုပိုင်ဆိုင်ထားသော်လည်း လူမှုရေးကိစ္စရပ်များတွင် အသိနည်းခြင်းနှင့်အတွေ့အကြုံနည်းခြင်းတို့ကြောင့် ကျွန်တော်တို့သုံးဦး (အထူးသဖြင့် ခရိုင်ဝန်နှင့် ကျွန်တော်) သည် ဘေးမှအရာရှိအများစု၏ ပြစ်တင်ဝေဖန်ခြင်း၊ သရော်ခြင်းနှင့် လှောင်ပြောင်ခြင်းကို ခံခဲ့ကြရလေသည်။

သို့သော်လည်း ကျွန်တော်တို့၏ အားထုတ်မှုသည် အချည်းနှီးတော့မဖြစ်ခဲ့ပါ။ တည်ရှိနေသော ဥပဒေများကို အသုံးပြု၍ ပြစ်မှုကျူးလွန်သောသူငယ်အား သက်ညှာသောအပြစ်ဒဏ်ကို ချမှတ်နိုင်ခဲ့ကြပါသည်။ အကယ်၍များ ထိုသူငယ်သည် အသက်ထင်ရှားရှိနေသေးပါက အခုလောက်ဆိုလျှင် အသက်သည် ၅၀ ကျော်လောက်ရှိနေပေပြီဟု ထင်ပါ၏။

*



(၁)

ရှခင်းသာသည် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသတွင် ခရိုင်မြို့တစ်မြို့ဖြစ်သဖြင့် ထင်ရှားကျော်ကြားပြီး လူသိများသော မြို့တစ်မြို့ဖြစ်သည်။ အပူပိုင်းဒေသတွင်း၌တည်ရှိသဖြင့် ရာသီဥတုသည် ပူပြင်းခြောက်သွေ့သည်။ ဆောင်းရာသီဆိုလျှင် အလွန်အေးပြီးနွေဥတုကျလျှင် အလွန်ပူပြင်းသည်။ မိုးအလွန်နည်းသောမြို့ဖြစ်လေသည်။

အချို့သောခရိုင်မြို့များသည် တည်ရာနေရာ အချက်အချာကျသဖြင့် ခရိုင်မြို့အဖြစ်သတ်မှတ်ထားသော်လည်း ခရိုင်မြို့နှင့်မတူပေ။ လူနေထူထပ်ခြင်းလည်း မရှိ၊ ဖွံ့ဖြိုးတိုးတက်ခြင်းလည်း မရှိဖြစ်ကာစည်ကားခြင်းကင်းမဲ့နေတတ်သည်။ အလွန်တိတ်ဆိတ်ခြောက်သွေ့နေသဖြင့် ပျင်းရိငြီးငွေ့စရာကောင်းသော မြို့တစ်မြို့အဖြစ် လူသိများလာတတ်သည်။ ရှခင်းသာသည် ထိုအမျိုးအစားတွင် စာရင်းဝင်သောမြို့မဟုတ်ပေ။

ရှခင်းသာသည် ရန်ကုန်နှင့် မိုင်နှစ်ရာကျော်ခန့်ဝေးပြီး မန္တလေးနှင့်မိုင်တစ်ရာကျော်ခန့်ဝေးသော မြို့ဖြစ်သည်။ ရန်ကုန်–မန္တလေး မော်တော်ကားလမ်းနှင့် မီးရထားလမ်းသည် မြို့၏အလယ်ခန့်မှ ဖြတ်သွားသည်။ ၁၉၄၈ ခုနှစ်ခန့်က ရှခင်းသာမြို့ လူဦးရေသည် ၈၀၀၀ ကျော်ခန့်ရှိသည်။ မြို့နယ်အတွင်း၌ ကျေးရွာပေါင်းနှစ်ရာကျော် သုံးရာနီးပါးခန့်ရှိရာ ထိုကျေးရွာအများစုသည် မိုးကိုအမှီပြု၍ လယ်ယာစိုက်ပျိုးကြသည်။ အချို့ကျေးရွာများတွင် အစိုးရဆည်မြောင်းဌာနမှ တည်ဆောက်ပေးထားသောရေကန်ကြီးများရှိသည်။ ထိုရေကန်ကြီးများ၏ ပတ်ဝန်းကျင်ရှိရွာများသည်ကန်ရေကိုအမှီပြုကာ ဆန်စပါးစိုက်ပျိုးကြသည်။ မြို့နယ်တွင်းရှိ ထိုကျေးရွာများမှ ဆန်စပါး၊ ပဲအမျိုးမျိုးနှင့် ငရုတ်သီးစသော သီးနှံများအပြင် ဝါအနည်းငယ်ထွက်သည်။

ရှခင်းသာမြို့နယ်အတွင်းမှ ထွက်ရှိသမျှသီးနှံများသည် တစ်မြို့နယ်လုံးအတွက် ဖူလုံရုံမျှမက ပိုလျှံသည်။ ထို့ကြောင့်လည်း ရှခင်းသာခရိုင်အတွင်းရှိ အခြားမြို့နယ် သုံးမြို့နယ်မှ လူများသည် ရှခင်းသာ မြို့နယ်မှထွက်သော သီးနှံများအပေါ်တွင် လိုအပ်သ၍ အမှီပြုကြရသည်။ ဤအချက်သည်လည်း ရှခင်းသာမြို့အား စီးပွားရေးလုပ်ငန်းနယ်ပယ်တွင်

အချက်အချာဖြစ်လာအောင် တွန်းအားပေးနေသည့်အချက်ပင်ဖြစ်သည်။

ရှခင်းသာဈေးသည် မြို့အလယ်တွင် တည်ရှိ၍ အလွန်ကြီးမားကျယ်ဝန်းသော ဈေးကြီးဖြစ်၏။ အင်္ဂလိပ်ခေတ်ကတည်းက စနစ်တကျတည်ဆောက်ခဲ့သော ဈေး၊ ဈေးကြီးဖြစ်သည်။ အထည်ရုံနှင့် အလှကုန်ပစ္စည်းရုံသည် တသီးတခြား တည်ရှိသည်။ သားတန်းငါးတန်းများမှာလည်း သူ့ရုံနှင့်သူဖြစ်သည်။ 'နွားပွဲ' ဟု လူအများက ခေါ်နေကြသော 'နွားဈေး' မှာ ဈေးကြီး၏မြောက်ဘက် တစ်လမ်းကျော်၌ တည်ရှိသည်။ ပင်မဈေးကြီး၏ ပတ်ပတ်လည်တွင် ပွဲရုံများတည်ရှိသည်။

ရှခင်းသာ၏ 'ဈေးကြီးနေ့' သည် ငါးရက်တစ်ဈေးဖြစ်သည်။ မြို့နယ်အတွင်းရှိ ကျေးရွာများမှ လူများသည် 'ဈေးဖိတ်နေ့' (အကြိုနေ့) နေ့ခင်းကတည်းက နွားလှည်းများနှင့်တစ်မျိုး၊ ခြေကျင်တစ်ဖုံရောက်လာကြသည်။ နွားရောင်းရန်၊ ဝယ်ရန်နှင့် အလဲအလှယ်လုပ်ရန် လာကြသူများသည် ကိုယ့်နွားကိုယ်မောင်း၍ ခြေကျင်လာကြခြင်းဖြစ်၏။ ဈေးအနီးပွဲရုံများတွင် ဆန်နှင့်ပဲအမျိုးမျိုးလာရောင်းသည့် လှည်းများသည် အစုလိုက် အပြုံလိုက်။

ဈေးဖိတ်နေ့ဆိုလျှင် နေ့ခင်းကတည်းက လူတွေပျားပန်းခပ်မျှ သွားလာ လှုပ်ရှားနေကြပြီဖြစ်သည်။ လက်ဖက်ရည်ဆိုင်၊ ခေါက်ဆွဲဆိုင်၊ ထမင်းဆိုင်၊ အသုပ်ဆိုင်၊ အမိန့်ရထန်းရည်ဆိုင်နှင့် လိုင်စင်ရအရက်ဆိုင်များတွင် ရပ်နီးရပ်ဝေးမှ ရောက်လာကြသည့် လူများဖြင့် တိုးမပေါက်အောင် စည်ကားလျက်ရှိသည်။

မြို့ပေါ်တွင် ရုပ်ရှင်ရုံနှစ်ရုံမျှရှိရာ ဈေးဖိတ်နေ့ညဆိုလျှင် နှစ်ရုံစလုံးရှိ ရုပ်ရှင်ကြည့်ပရိသတ်များဖြင့် လျှံထွက်နေတတ်သည်။ ထိုနေ့ထိုရက်များတွင် ရုံတင်သည့်ကားများမှာလည်း တောပရိသတ်၏အသည်းစွဲ မင်းသားရွှေဘ၏ ကားများသာဖြစ်သည်။ ဈေးမြောက်ဘက်ကွင်းလယ်မှ ဇာတ်ရုံတွင် ပွဲဝင်နေသည်နှင့် ကြုံကြိုက်ပါကလည်း ထိုဇာတ်ရုံ၏ ဈေးဖိတ်နေ့ညမြင်ကွင်းသည် ဖျာနှင့်လက်မှတ်စောစောစီးစီးကုန်ကာ ရုံလျှံနေခြင်းဖြစ်သည်။

အမှန်တော့ ရှခင်းသာမြို့အတွက် ဈေးဖိတ်နေ့ညသည် အလွန်အရေးပါအရာရောက်သောညဖြစ်၏။ ထိုညသည် ရှခင်းသာမြို့ပေါ်မှ စီးပွားရေး



သမားများအဖို့ အကျိုးအမြတ် အများအပြားရနေကြသည်မဟုတ်ပါလား။

*

(၂)

ရှခင်းသာမြို့၏ အရှေ့မြောက်ဘက်ဆယ်မိုင်ခန့်အကွာတွင် 'သာယာကုန်းရွာ' ရှိသည်။ သာယာကုန်းသည် အိမ်ခြေ ၉၀၀ ကျော် ၁၀၀၀ နီးပါးခန့်ရှိသော ရွာကြီးတစ်ရွာဖြစ်၏။ ရှေးလူကြီးသူမများ၏ အဆိုအရ ရွာအရှေ့ဘက်ရှိ ခပ်ပြေပြေမြင့်တက်နေသော ကုန်းကလေးကို အစွဲပြု၍ သာယာကုန်းရွာဟု အမည်ပေးခဲ့ခြင်းဖြစ်သည်ဟု ပြောကြသည်။ ရှေးအခါ ရွာတည်စကထိုကုန်းကလေးပေါ်၌ ဘာမှမရှိသော်လည်း နောက်လူများ လက်ထက်တွင် ထိုကုန်းပေါ်မှာ ထုံးဖြူဖွေးဖွေးနှင့် စေတီကလေးတစ်ဆူ ရှိလာခဲ့သည်။ ထို့နောက် နှစ်စဉ်ပြာသိုလရောက်တိုင်း ကျင်းပလေ့ရှိသော ဘုရားပွဲကို အကြောင်းပြု၍ ဈေးပ်လေးခုသည် ပေါ်ပေါက်လာခဲ့ရလေသည်။

သာယာကုန်းရွာသူရွာသားများသည် လယ်သမားယာသမားများဖြစ်သည်။ ရွာပတ်ပတ်လည်တွင် သူတို့၏လယ်ယာမြေများတည်ရှိသည်။ ရွာတောင်ဘက်ရှိ သာယာကုန်းကန်ကြီးသည် သူတို့၏အသက်ဖြစ်သည်။ သူတို့သည် ဤကန်တွင်းမှရေနှင့်မိုးကို အမှီပြု၍ အသက်မွေးမြူကြရခြင်းဖြစ်သည်။ ဤကန်သည် ရှေ့နှစ်ပေါင်းများစွာကတည်းက တာတမံတုပ်၍တည်ဆောက်ထားခဲ့ခြင်းဖြစ်သည်။ မြန်မာဘုရင်များလက်ထက်ကတည်းကတည်ရှိခဲ့သော ဤကန်ကို အင်္ဂလိပ်တို့က ပြုပြင်တည်ဆောက်လာခဲ့သဖြင့်ကန်၏ အခြေအနေသည် တိုးတက်သည်ထက် တိုးတက်လာခဲ့သည်။

သာယာကုန်းရွာသားများသည် ကန်ရေကို အမှီပြုကာ ဆန်စပါးကို အဓိကထား၍ စိုက်ပျိုးကြသည်။ နှမ်း၊ မြေပဲ၊ ကုလားပဲ၊ ပဲစင်းငုံ၊ ပဲဝါလေးနှင့် ပဲနီလေးစသည့် သီးနှံများကိုလည်း စိုက်ပျိုးကြသည်။ ခရမ်းသီး၊ ခရမ်းချဉ်သီး၊ ရှားပြောင်းဖူးစသော ရာသီအလိုက် ဈေးကောင်းရနိုင်သည့် အခြားသီးနှံမျိုးစုံကိုလည်း အချိန်အခါလိုက်၍ စိုက်ပျိုးကြသည်။ ကန်ရေကျချိန်ဆောင်းဦးပေါက်တွင် ကန်တွင်းမြေများပေါ်၌ ကြက်သွန်နီများ စိုက်ပျိုးလေ့ရှိ၏။

သာယာကုန်းရွာသည် စီးပွားရေးတွင် အဆင်ပြေသော ရွာတစ်ရွာ ဖြစ်၏။ ထို့ကြောင့်လည်း ရွာထဲတွင် အိမ်ကြီးအိမ်ကောင်းများကိုသာ အများအပြားမြင်ရသည်။ သာယာကုန်း၏ အရှေ့တောင်ဘက်တွင် ကုက္ကိုကုန်းရွာရှိ၍ အနောက်ဘက်တွင် ဆီးတောရွာရှိသည်။ တောင်ဘက်စူးစူးတွင် ငရုတ်စိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးသော လက်ပံပင်ရွာနှင့် သဖန်းကုန်းရွာများရှိသည်။ မြောက်ဘက်တွင် ချောင်းခွရွာရှိသည်။ ထိုရွာများထဲတွင် ငရုတ်သီးဖြင့် စီးပွားရေးအဆင်ပြေနေသော လက်ပံပင်ရွာနှင့် သဖန်းကုန်းရွာများမှ တစ်ပါး အခြားရွာများသည် သာယာကုန်းရွာသားများကိုမီနိုင်သည့် အနေအထားမရှိချေ။

မည်သည့် လူ့အဖွဲ့အစည်းတွင်မဆို စီးပွားရေးပြေလည်သူနှင့် မပြေလည်သူဟူ၍ နှစ်မျိုးနှစ်စားရှိကြစမြဲဖြစ်၏။ သာယာကုန်းရွာတွင်လည်း လူများစုသည် စီးပွားရေး ပြေလည်ကြသော်လည်း မပြေလည်သော လူနည်းစုသည်လည်း ရှိနေသည်။ အများအားဖြင့် မပြေလည်ကြသူများမှာ လယ်ပိုင်ယာပိုင်မရှိ၍ လယ်သူရင်းငှားလုပ်ကိုင်စားကြရသူများဖြစ်သည်။

သာယာကုန်းရွာတွင် မြေပိုင်ရှင်လူချမ်းသာသုံးဦးရှိသည့်အနက်ဦးဘိုးမင်းသည် အချမ်းသာဆုံးဖြစ်သည်။ သူသည် လယ်မြေယာမြေ ဧကအများအပြားကို ပိုင်ဆိုင်သူဖြစ်သည်။ ရွာ၏အရှေ့ဖျားရှိ ကျွန်းသစ်များဖြင့် ဆောက်လုပ်ထားသော သူ့အိမ်ကြီးကို အဝေးကပင် မြင်နိုင်သည်။ အိမ်ကြီးမှာ နှစ်ဆောင်ပြိုင် နှစ်ထပ်အိမ်ကြီးဖြစ်၍ ခြံဝင်းကြီးမှာလည်း အကျယ်ကြီးဖြစ်၏။ သူ့ခြံဝင်းထဲတွင် သားအကြီးဆုံး ကိုဖေအတွက် အိမ်တစ်လုံး၊ သားအလတ်ကိုငွေအတွက် အိမ်တစ်လုံးဆောက်ပေးထားသည်။

သူ့ခြံဝင်းကြီးထဲတွင် စပါးကျီလေးလုံးရှိသည်။ ဆီဆုံက နှစ်လုံးရှိ၍ နွားတင်းကုပ်က သုံးလုံးရှိသည်။ သူသည် သူပိုင်လယ်မြေများကို လယ်သူရင်းငှားများနှင့် စိုက်ပျိုးသည်။ အငှားချခြင်းလည်း ပြုသည်။ သူ့ရွာထဲ၌သာမက ရွာနီးချုပ်စပ်ရွာများမှ လယ်သမားယာသမားများကိုလည်း 'စပါးပေး၊ နှမ်းပေး၊ ပဲပေး' စသော ငွေတိုးပေးသည့်အလုပ်ကိုလည်း လုပ်သည်။ လယ်ပေါင်ခံ၊ ယာပေါင်ခံအလုပ်များကိုလည်း လုပ်သည်။ ယင်းကဲ့သို့ လုပ်ငန်းမျိုးစုံကို လုပ်နေသည့်အတွက်ကြောင့်လည်း သူသည် သာယာကုန်းရွာ



ထဲ၌ ပြိုင်ဘက်မရှိလောက်အောင် ချမ်းသာကြွယ်ဝလာခြင်း ဖြစ်လေသည်။

သာယာကုန်းရွာတွင် အဆင်းရဲဆုံး လူတစ်ဦးရှိသည်။ သူ့နာမည်မှာ ဦးငွေရဖြစ်သည်။ သူ့မိဘများက သူ့အား ဘာကြောင့် 'ငွေရ' ဟူသော နာမည်ကို ပေးခဲ့ကြသည်မသိ။ သူ့ဘဝနှင့် သူ့အဖြစ်သည် 'ငွေရ' ဟူသော နာမည်နှင့် လုံးဝမလိုက်။ သူ့အနေဖြင့် ငွေကိုလုံးဝမရဘဲနေသည်တော့ မဟုတ်။ အလုပ်လုပ်သဖြင့် ရသင့်သလောက်တော့ရသည်။ သို့သော်လည်း သူ့လက်ထဲတွင် ဘယ်တော့မှ အဖတ်မတင်။

ဦးငွေရသည် မောင်ငွေရဘဝ ကတည်းက အရက်ကြိုက်သူဖြစ်သည်။ ကြက်ကလည်း အလွန်တိုက်သည်။ 'ကက်' ဆွဲလည်းဝါသနာကြီးသည်။ ထိုသုံးမျိုးသည် သူ့အတွက် သူ့ဘာသာသူဖော်ထားသည့် 'မွဲဆေး' များဖြစ်သည်ဟု လူအများက ပြောစမှတ်ပြုခဲ့ကြ၏။ သူ့တွင် လယ်မရှိ၊ ယာမရှိ၊ အိမ်ဆောက်ပြီး နေစရာမြေပိုင်ပင်မရှိ။ ပေပေတေတေနှင့် ဖြစ်သလိုနေတတ်သော ဦးငွေရသည် ရွာအပြင်ဘက်ရှိ စပါးတလင်းလုပ်သော မြေထောင့်၌ ပိုင်ရှင်ဦးချစ်၏ ခွင့်ပြုချက်ဖြင့် မြေစိုက်တဲတစ်တဲ ဆောက်၍ နေသည်။

ဦးငွေရသည် အလွန်အရုပ်ဆိုးသူဖြစ်သည်။ အသားအရောင်မှာ ကတ္တရာစေးက 'အဘ' ခေါ်ရလောက်အောင် မည်းကြုတ်ကြုတ်ဖြစ်သည်။ မျက်စိပေါက် ကျဉ်းရသည့်အထဲတွင် နှာခေါင်းကပြားပြီး ထိပ်ဘက်တွင် ပွနေသည်။ ပါးစပ်ပြဲပြဲတွင် သွားအနည်းငယ်ခေါနေပြန်သည့်အခါ ပို၍ အရုပ်ဆိုးအောင် ဖန်တီးထားသလိုဖြစ်နေသည်။ ရွာမှကာလသားများက သူ့အား 'သရဲ' ဟုခေါ်ကြသည်။ သူ့ရှေ့တွင် ပြောင်ပြောင်တင်းတင်း ခေါ်ရဲကြသည် မဟုတ်၊ ကွယ်ရာမှနေ၍ ခေါ်ကြခြင်းဖြစ်သည်။

ဦးငွေရသည် လူဆိုးလူမိုက် တစ်ယောက်မဟုတ်။ ခိုးဆိုးတိုက်ခိုက်တတ်သော အလေ့အထလည်းမရှိ။ သူသည် မြေပိုင်ရှင်ဦးပုကြီးထံတွင် လယ်သူရင်းငှားလုပ်သည်။ အလုပ်ကိုတော့ စွဲစွဲမြဲမြဲ လုပ်သည်။ သို့သော်လည်း သူ့အား ဇော်ကားမော်ကားလုပ်သည်ဟု ထင်လျှင်တော့ ရိုက်ရဲနှက်ရဲ ခုတ်ရဲထစ်ရဲသူဖြစ်သဖြင့် တစ်ရွာလုံးက 'ရှိန်' ကြသည်။

ဦးငွေရ၏ဇနီး ဒေါ်သံစုံမှာ သူ့လိုပင် အလွန်ပင် ရုပ်ဆိုးသူဖြစ်၏။ ဒေါ်သံစုံဟူသောနာမည်သည် အလွန်ထူးဆန်းသောနာမည်ဟု အချို့က ထင်

ခဲ့သည်။ တကယ်တော့ ဒေါ်သံစုံသည် သာယာကုန်းရွာမှလူအများက ခနောက်ကုန်း' ဟု ခေါ်လေ့ရှိသော မကွေးမြို့နယ်ဧရာဝတီမြစ်အနောက် ာက်ကမ်းဒေသအတွင်းရှိ ရွာတစ်ရွာမှ ရောက်လာသူဖြစ်သည်။ သူတို့နယ် ၌င် လုပ်ကိုင်စားသောက်ရသည်မှာ ဆင်းရဲကျပ်တည်းလွန်းသဖြင့် သူ့ဖခင် းလွန်းနှင့် သာယာကုန်းရွာသို့နှစ်စဉ်လယ်သူရင်းငှား လာလုပ်ရာမှဦးငွေရနှင့် ခကြောင်းပါခဲ့ခြင်းဖြစ်သည်။

ဒေါ်သံစုံသည် ငယ်စဉ်က သေးသေးဖြစ်သော်လည်း အသက်ကြီးလာ ာည့်အခါ ဝဖိုင့်ဖိုင့်ဖြစ်လာသည်။ အသားအရောင်က မည်းသည်။ မျက်လုံး ပြူးပြူး၊ နှာခေါင်းတိုတုတ်တုတ်တွင် ကျောက်ပေါက်မာသက်သက်နှင့် ဖြစ် ာည်။ ကွမ်းအမြဲ စားသဖြင့် သွားတွေနီရဲရဲ၊ ဆံပင်က နီကြန်ကြန် ဖြစ်ရ ာည့်အထဲ ဘယ်တော့မှ ဆီမလိမ်းသဖြင့် ပြောင်းဖူးမွေးတွေနှင့် တူသည်။

ဦးငွေရနှင့် ဒေါ်သံစုံတို့သည် တစ်ဦးတည်းသောသားရှိသည်။ သူတို့ စ်ယောက်က မွေးလာသောသားသည် အဘယ်မှာလျှင် လူချောလူလှဖြစ် င်ပါမည်နည်း၊ ဦးငွေရသည် သူ့သားကို အလွန်ချစ်သည်။ သို့သော်လည်း သူ့အချစ်ကို အပြင်သို့ ထုတ်ဖော်၍မပြ။ ကျေးရွာသားတို့၏ ဓလေ့ထုံးစံ ခတိုင်း သူ့သားကို ကြိမ်းသင့်သည့်အခါ ကြိမ်း၍ဆဲသင့်သည့်အခါ ဆဲ ာည်။ ရိုက်သင့်သည့်အခါတွင်လည်း မညှာမတာရိုက်တတ်သည်။ ထို့ ကြောင့်လည်း သူ့သားဘဒင်သည် သူ့အဖေ ဦးငွေရကို အလွန်ကြောက် ာည်။ ဦးငွေရက မျက်စောင်းတစ်ချက်ခဲရုံမျှဖြင့် တုတ်တုတ်မျှ မလှုပ်ဝံ့ အောင် ငြိမ်ကုပ်သွားတတ်လေသည်။

*

(၃)

ဦးငွေရသည် ဘုန်းကြီးကျောင်းထွက်ဖြစ်၏။ ပရိတ်ကြီးမကုန်ခင် ကျောင်းထွက်ခဲ့ရသူဖြစ်သည်။ ဆင်းရဲသောမိဘများကြောင့် စောစောစီးစီး ကျောင်းထွက်ခဲ့ရခြင်းဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ဦးငွေရသည် သူ့သား ဘဒင်ကို ကျောင်းထားသင့်သည်။ သို့သော်လည်း ဘယ်လို စိတ်ကူးပေါက် သည်မသိ၊ သူ့သားဘဒင်ကို ကျောင်းမထား။ ဘဒင်အား ကျောင်းထား



ရမည့်အစား ခပ်ငယ်ငယ်ကတည်းက သူ့လယ်ပိုင်ရှင် ဦးပုကြီး၏နွားများ ကို ကျောင်းခိုင်းခဲ့သည်။

ဘဒင်သည် စာမတတ်၊ ပေမတတ် နွားကျောင်းသားဘဝဖြင့် ကြီး ပြင်းလာခဲ့ရသူဖြစ်၏။ သို့သော်လည်း သူ့တွင် ဖြတ်ထိုးဉာဏ်ကတော့ရှိ သည်။ ဘဒင်သည် သူ့အဖေလို မျက်စိပေါက်မကျဉ်း၊ သူ့အမေလို မျက် လုံးပြူးသည်။ အရပ်အမောင်းကျတော့ သူ့အဖေလို ထောင်ထောင်မောင်း မောင်း။ သူ့အဖေကဲ့သို့ပင် စကားအလွန်နည်းသည်။ 'ခေါင်းညိတ်' နှင့် 'ခေါင်းခါ' လုပ်ရုံမျှတစ်ပါး စကားများများပြောလေ့မရှိ။ 'စကားမှ ပြော တတ်ပါလေစ' ဟုပင် ထင်ရသည်။

ငယ်စဉ်က သူ့သူငယ်ချင်းများက သူ့အား 'ဘုတ်ထိုင်း' ဟု ခေါ်ကြ သည်။ 'ဘုတ်ထိုင်း' ဆိုသည်မှာ ဉာဏ်ရည်ဉာဏ်သွေးမရှိသူများကို ခေါ် ခြင်းဖြစ်သည်။ ယနေ့ခေတ်စကားနှင့်ဆိုပါက 'ငတုံး' ဟု ခေါ်ခြင်းဖြစ်သည်။ ထို့ပြင်လည်း သူငယ်ချင်းတချို့က သူ့အား 'လူချောပွတ်ခံ တာတေလန်' ဟု အမည်ပေးကြသည်။ ဘဒင်သည် သူ့အား ဘယ်လိုပဲခေါ်ခေါ်၊ ဘယ်လိုပဲ စစ စိတ်မဆိုးတတ်။ သို့သော် သူ့အား ထိထိနိုက်နိုက် ဖြစ်အောင် လုပ်မိသည့် အခါတွင်မူကား ဘဒင်၏တုံ့ပြန်မှုသည် ကြောက်စရာကောင်းသည်ဟု ပြော ကြသည်။ ထိပ်ပေါက်ခေါင်းကွဲဖြစ်သည်အထိ လုပ်တတ်သည်ဟု ဆိုကြ သည်။

ဒုတိယ ကမ္ဘာစစ်ကြီးစတင် ဖြစ်ပွားချိန်တွင် ဘဒင်၏မိခင်ဒေါ်သံစုံ ကွယ်လွန်သည်။ ဗိုက်ထဲက အောင့်သည်၊ အောင့်သည်ဟု အော်ဟစ် ညည်းညူရင်း ဘဒင်၏လက်ပေါ်၌ အသက်ပျောက်သွားခဲ့ခြင်းဖြစ်၏။ ဦးငွေရသည် အိမ်တွင်မရှိ၊ သဖန်းကုန်းရွာ ကြက်ပွဲတွင်ရောက်နေသည်။ ဘဒင်သည် သူ့အမေအလောင်းကို သူ့ဘာသာသူ ရေချိုးပေးသည်။ အဝတ် အစား လဲဖယ်ပေးသည်။ ခေါင်းမှဆံပင်ကို အိမ်တွင်ရှိသည့် နှမ်းဆီထည့် ကာ သပ်သပ်ရပ်ရပ် ဖီးပေးသည်။ တဲအတွင်းရှိ တစ်လုံးတည်းသော ဝါးကွပ်ပျစ်ပေါ်၌ ဖျာကြမ်းတစ်ချပ်ခင်းကာ သူ့အမေအလောင်းကိုကြည့် ကောင်းအောင် ပြင်၍ နေရာချထားသည်။ အားလုံးပြီးစီးသွားသည့်အခါ သူ့အမေဘေးနား၌ ထိုင်နေသည်။ တစ်ဆင့်စကားတစ်ဆင့်ကြား၍ ရောက်

လာကြသော ရွာသူရွာသားများသည် သူ့အမေမျက်နှာကို စိုက်ကြည့်ကာ မျက်ရည်တွေစီးကျနေသော ဘဒင်ကို တွေ့ကြရလေသည်။

ထိုအချိန်မှစ၍ ဘဒင်သည် ယခင်ကထက်ပို၍ စကားနည်းသွားသည်။ အလွန်ပြုံးခဲရယ်ခဲလှသော ဘဒင့်မျက်နှာသည် အမြဲတစေတွေတွေငေးငေးနှင့် မှုန်မှုန်မှိုင်းမှိုင်းဖြစ်သွားသည်။ ဂျပန်များ ဝင်လာချိန်တွင် ဘဒင်သည် သူ့အဖေနှင့်တွဲကာ လယ်လုပ်ငန်းခွင်၌ အလုပ်လုပ်သည်။ ဒေါ်သံစုံမရှိကတည်းက သူ့အပေါ်၌ ကြင်နာမှုကို ပို၍ပြလာခဲ့သော ဖခင်အပေါ်၌ လည်းများစွာ ရိုသေလေးစားသည်။ ချစ်လည်းချစ်သည်။ သူ့ဖခင်အားအလုပ်ပင်ပင်ပန်းပန်း မလုပ်စေရ။ တပင်တပန်း လုပ်ရမည့် အလုပ်မှန်သမျှကို သူတစ်ယောက်တည်း ဒိုင်ခံလုပ်သည်။

ဂျပန်ခေတ် နှစ်နှစ်နီးပါးမျှအကြာ တစ်ရက်တွင် ဆီးတောရွာမှ နာမည်ကြီးလူမိုက်ပေါက်စဆိုသူသည် ဦးငွေရထံ ရောက်လာသည်။ တဲရှေ့မှ ရပ်ကာ 'ဗျို့ ဦးငွေရ၊ လက်ပံပင်ရွာ ကြက်ပွဲတုန်းက ခင်ဗျားယူသွားတဲ့ ငွေ လာတောင်းတာ' ဟု အော်သည်။ ထမင်းစားပြီးစ တစ်အောင့်တစ်နားမှေးရန် ဝါးကွပ်ပျစ်တွင် လှဲနေသော ဦးငွေရသည် ငေါက်ခနဲထထိုင်ကာ တဲအပြင်သို့ ထွက်သွားသည်။

'ဟာ ပေါက်စ၊ လာလေကွာ၊ တဲထဲ ဝင်ထိုင်ပါဦး'

ဟု ဦးငွေရက ခေါ်သည်။

'ကျုပ် မထိုင်တော့ဘူး။ ကျုပ် ငွေလိုချင်လို့ လာတာ ဘယ်တော့ပေးမှာလဲ'

'အေးကွာ၊ ငါလည်း အခုတစ်လော အသုံးကျပ်နေတယ်။ အဲဒီတော့'

ဦးငွေရစကားမဆုံးမီ ပေါက်စက ကြားဖြတ်ပြောသည်။

'ခင်ဗျား အသုံးကျပ်တာတွေ ဘာတွေ ကျုပ် နားမလည်ဘူးဗျာ၊ ကျုပ်ငွေကို အခုလိုချင်တယ်'

ဦးငွေရ 'တင်း' ခနဲဖြစ်သွားသည်။

'မာလှချည်လားပေါက်စရ။ အခုလိုချင်တယ် ဆိုပေမဲ့ ငါက အခုမှ မပေးနိုင်တာ၊ ဘယ်လို လုပ်မှာလဲ'

ဟုပြောသည်။



'ဘာဗျ၊ ဘယ်လိုလုပ်ရမလဲ ဟုတ်လား။ ကျုပ်ကတော့ ဒီလိုပဲ လုပ်မယ်ဗျာ'

ပြောပြောဆိုဆို ပေါက်စသည် ခါးကြားမှ ဓားမြှောင်ကို ထုတ်ကာ ဦးငွေရအား ထိုးသည်။ နှစ်ချက်သုံးချက်မျှ ထိုးအပြီးတွင် ထွက်ပြေးသည်။ အငိုက်မိခံလိုက်ရသည့် ဦးငွေရသည် သွေးရူးသွေးတန်းဖြင့် ပေါက်စနောက်သို့လိုက်ရင်း လမ်းခုလတ်တွင် လဲကျသွားသည်။

လယ်ပိုင်ရှင်ဦးပုကြီးအိမ်၌ နွားစာစဉ်းနေသော ဘဒင်သည် သတင်းကြားလျှင်ကြားချင်း တဲဆီသို့ ကဆုန်စိုင်း၍ ပြေးလာခဲ့သည်။ နွားစာစဉ်းနေသောဓားမကိုပင် ချမထားခဲ့၊ သူ့အဖေအား ပွေ့ချီလိုက်သည့်အခါ မျက်လုံးတစ်ချက် ဖွင့်ကြည့်သည်။ အာလေးလျှာလေးအသံဖြင့် စကားနှစ်လုံး ရေရွတ်သည်။

'ပေါက်စ၊ ပေါက်စ'

ဘဒင်သည် ဆီးတောရွာသို့ ဒုန်းစိုင်းသည်။ ဆီးတောရွာသည် သာယာကုန်းရွာနှင့် အနီးဆုံးရွာဖြစ်၏။ နှစ်မိုင်ခန့်မျှသာ ဝေးသည်။ သူရောက်သွားသည့်အခါ ပေါက်စကို အဆင်သင့်တွေ့သည်။ သူ့လက်ထဲမှ နွားစာစဉ်းသောဓားမဖြင့် အတင်းဝင်ခုတ်သည်။ ပေါက်စသေပြီဟု သိခါမှပင် ရွာထဲမှပြန်ထွက်သည်။ သူ့နောက်မှ ဓားတွေလှံတွေနှင့် ညာသံပေး၍ လိုက်လာကြသည့် ဆီးတောရွာသားတချို့ကို သူဂရုမစိုက်၊ ကြောက်လည်း မကြောက်။

သာယာကုန်းရွာသို့ရောက်သည့်အခါ သူကြီးဦးဘိုးညဏ်ထံ တန်းသွားသည်။ သူ့လက်ထဲက ဓားကိုအပ်သည်။ အဖြစ်အပျက်ကို ခန့်မှန်းမိနေသော သူကြီးက သူ့ကို ထိပ်တုံးခတ်သည်။

'မင်းဘာမှမပြောနဲ့ ငြိမ်ငြိမ်နေ၊ ဟိုရွာသားတွေ လိုက်လာတယ် မဟုတ်လား'

ဟု မေးသည်။ ဘဒင်က ခေါင်းညိတ်သည်။

ပြဿနာက ရှင်းသည်။ ဆီးတောရွာသူကြီးဦးဘိုးချွန်သည် သာယာကုန်းရွာသူကြီး ဦးဘိုးညဏ်အား အလွန်ရိုသေလေးစားသူဖြစ်သည်။ ဦးဘိုးညဏ်၏ဩဇာကို ပယ်လှန်ဝံ့သူမဟုတ်။ အကြောင်းစုံသိသည့်အခါ

ထွေထွေထူးထူး ဘာမှမပြော။ အမှန်တော့ ပေါက်စသည် ဆီးတောရွာ၌ လူမှန်းများသူတစ်ဦး မဟုတ်ပါလော။ သူတို့အနေဖြင့် ပေါက်စမရှိတော့သည့်အတွက် ဝမ်းပင်သာနေကြသေး၏။ ဂျပန်ခေတ်ဖြစ်သဖြင့် အမှုသည် ရှုခင်းသာမြို့အထိ မရောက်။ ဘဒင်၏အမှုသည် ရွာမှာပင် ပြီးပြတ်သွားခဲ့လေ၏။

*

(၄)

သာယာကုန်းရွာတစ်ရွာလုံးက ဘဒင်အဖြစ်ကို သနားကြသည်။ ဦးငွေရ အလောင်းမြေကျဖို့အတွက် ဝိုင်းဝန်းကူညီကြသည်။ ရက်လည် ဆွမ်းကျွေးဖို့လည်း အားလုံးကပင် တာဝန်ယူစီစဉ်ကြသည်။ သို့သော်လည်း ဘာ့ကြောင့်ရယ်ဟုမသိ၊ ရက်လည်ဆွမ်းမကျွေးမီနှစ်ရက်အလိုတွင် ဘဒင်တစ်ယောက် ရွာမှ ပျောက်သွားသည်။

တစ်ရွာလုံး အထူးအဆန်းဖြစ်နေသည်။ ကိုယ့်အဖေအတွက် ဆွမ်းကပ်အမျှပေးရမည့်ကိစ္စကို မလုပ်ဘဲ ထွက်သွားသည်မှာ စိတ်ဝင်စားစရာဖြစ်နေသည်။ တချို့က ဆီးတောရွာမှ ပေါက်စ၏ညီအစ်ကိုများက ချောင်းသတ်၍ သေသလား။ ထိုကဲ့သို့ သေပါကလည်း အလောင်းကိုတော့ တွေ့ရမည်။ အခုအဖြစ်က အလောင်းကိုလည်း ရှာမတွေ့၊ အလောင်းကို ဖျောက်ဖျက်ပစ်ကြလေသလား။

သာယာကုန်းသူကြီးဦးဘိုးညဏ်သည် ဆီးတောရွာသူကြီးထံ သွား၍ စုံစမ်းထောက်လှမ်းသည်။ သို့သော်လည်းအဖြေကမထွက်။ တချို့က ဘဒင်သည် စိတ်ရှုးပေါက်ကာ ခြေဦးတည့်ရာသို့ ထွက်သွားခြင်းဖြစ်မည်ဟု ပြောကြသည်။ တချို့ကတော့ ထိုအချိန်က အရှေ့ဘက် တောင်ခြေတစ်လျှောက်၌ ကျက်စားကာ လုယက်တိုက်ခိုက်နေသည့် မဲလုံးခေါင်းဆောင်သည့် ဓားပြဂိုဏ်းထဲဝင်သွားသည်ဟု ထင်ကြသည်။ သို့သော်လည်း ထိုအထင်မှန်သည်ဟု ပြောနိုင်လောက်သည့် အထောက်အထားဟူ၍ ဘာတစ်ခုမှ မကြားရ။

မဲလုံးဓားပြဂိုဏ်းသည် လူ ၇၀ နီးပါးခန့်ရှိသဖြင့် ခေတ်အမြင်အရ



အင်အားကြီးသော ဂိုဏ်းတစ်ဂိုဏ်းဖြစ်သည်။ ရက်စက်ယုတ်မာသော ဂိုဏ်းအဖြစ် နာမည်ဆိုးရှိသဖြင့်လည်း လူတိုင်းက ကြောက်ရွံ့စက်ဆုပ်ကြသည်။ ဂိုဏ်းတွင် အင်္ဂလိပ်တို့ ကျန်ခဲ့သော နှစ်လုံးပြူးသေနတ် အတော်များများရှိသည်ဟုလည်း သတင်းကထွက်နေသည်။ သို့သော်လည်း မဲလုံးတို့အုပ်စုသည် တောင်ခြေတစ်လျှောက်ရှိ ရွာများသာအဝင်များသည်။ တောင်ခြေနှင့်အလှမ်းဝေးသောရွာများဆီသို့ လာရောက်လေ့မရှိ။

သာယာကုန်းရွာသည် ဘဒင်သာ မဲလုံးဂိုဏ်းထဲရောက်သွားပါက မိမိတို့ရွာမှ လူချမ်းသာများအား ဓားပြတိုက်ရန် လက်ထောက်ချမည်ကို စိုးရိမ်ကြသည်။ ထို့ကြောင့်လည်း ဘဒင်၏သတင်းကို အမြဲတစေနားစွင့်ကြသည်။ ဘဒင်တစ်ယောက်မဲလုံးဂိုဏ်းထဲ တကယ်ရောက်နေသလား။ ဘဒင်သည် စာမတတ်ပေမတတ် လူငယ်တစ်ဦးဖြစ်၏။ ပြီးတော့ စကားအလွန်နည်းပြီး မြုံစိစိနိုင်လွန်းလှသဖြင့် ယုံကြည်စိတ်ချ၍ မဖြစ်ဟု ယူဆနေကြသည် မဟုတ်ပါလား။

လေးငါးလအကြာတွင် တောင်ခြေရွာများဆီမှ ထင်းရောင်းလာကြသော လှည်းသမားများသည် ဘဒင်သတင်းကို သယ်ဆောင်လာကြသည်။ သူတို့အဆိုအရ ဘဒင်သည် မဲလုံးဂိုဏ်းထဲ ရောက်နေပြီ။ ဂိုဏ်းခေါင်းဆောင်မဲလုံး၏ ညာလက်ရုံးလိုပင် ဖြစ်နေပြီ။

'ခင်ဗျားတို့ရွာသားဆိုတာ သေချာပါတယ်ဗျ။ သူကိုယ်တိုင်ကပြောတာပဲ၊ လူပုံကတော့ 'သရဲ' နဲ့ တယ်တူသဗျာ'

ဟု ထင်းလှည်းသမားတစ်ဦးက ပြောသည်။

ထိုစကားများကို ကြားပြီးကတည်းက သာယာကုန်းမှ လူချမ်းသာများသည် ကိုယ့်အိမ်တွင်ကိုယ် မအိပ်ရဲ၊ ညစဉ် တစ်အိမ်မှ တစ်အိမ်ကူးပြောင်းပြီး ပုန်းအိပ်နေကြရ၏။ မဲလုံးနှင့် ဘဒင်တို့ဘယ်ညများ ဝင်လာမလဲဟူသော ကြောက်စိတ်ဖြင့် ရင်တထိတ်ထိတ်နေကြရသည်။ (သို့သော်လည်း သူတို့မျှော်လင့်နေကြသူများ ပေါ်မလာဘဲ မခေါ်ဘဲနှင့် ရောက်လာသည့် ဧည့်သည်များ ရောက်လာသဖြင့် တစ်ရွာလုံး ကသောင်းကနင်းဖြစ်ကုန်သည်။

အချိန်မှာ ဂျပန်တို့ဘက်မှ အရေးနိမ့်နေချိန်ဖြစ်၏။ တစ်ရက်တွင် ဂျပန်

တစ်တပ်ရွာထဲသို့ဝင်လာသည်။ အချို့က ရွာထဲရှိ အိမ်ကြီးအိမ်ကောင်းများ များ၌ နေရာယူကြ၍ အချို့က ဘုန်းကြီးကျောင်းထဲရှိ ဇရပ်များ၌ နေရာယူကြသည်။ ရွာသူရွာသားများက ကိုယ့်အကြောက်နှင့်ကိုယ် ရွာပြင်ထွက်၍ ဖြစ်သလိုနေကြရသည်။ ညနေခင်းနှင့်ညဘက်တွင် ဂျပန်စစ်သားများသည် ရွှေခင်းသာမြို့ဘက်သို့ စစ်ထွက်ကြသည်။ အမြောက်သံ၊ ဗုံးသံများကို ညလုံးပေါက် ကြားနေကြရ၏။ ဝင်းခနဲလက်ခနဲ ထွက်လာနေသော အလင်းရောင်များကိုလည်း တစ်ညလုံး မြင်တွေ့ကြရ၏။ ရက်နှစ်ဆယ်ခန့်ကျော်သည့်အခါ ရွာထဲ၌တပ်စွဲထားသော ဂျပန်တပ်သား အကြွင်းအကျန်များသည် ကြက်ပျောက်ငှက်ပျောက်ဖြစ်ကုန်သည်။ ဘယ်အချိန်က ဘယ်လိုနည်းဖြင့် ထွက်သွားသည်ကိုပင် မသိလိုက်ကြ။

'ဂျပန်တွေ ပြေးကုန်ပြီ' ဟူသော သတင်းသည် တောမီးလောင်သည့်နှယ် ပျံ့နှံ့လာသည်။ မကြာခင် အင်္ဂလိပ်တပ်တွေ ဝင်လာတော့မှာ သေချာသွားပြီ။ ထိုအချိန်တွင် ဘဒင်လက်ချက်ဖြင့် မဲလုံးသေပြီဟူသောသတင်းသည် သာယာကုန်းရွာသို့ ရောက်လာသည်။ တစ်ရွာလုံး အံ့ဩကုန်ကြသည်။ ဘယ်လိုဖြစ်တာပါလိမ့်၊ မဲလုံးလိုလူကို ဘဒင်ကသတ်တယ်ဆိုတာ ဖြစ်နိုင်ပါ့မလား။ သတင်းကတော့ မဲလုံး မူးမူးရူးရူးနှင့် အိပ်ပျော်နေခိုက်တွင် ဘဒင်က သေနတ်နှင့် ပစ်သတ်သွားသည်ဟု ဆိုသည်။

မဲလုံးတပည့်တွေက ဘဒင်ကို ဘာမှမလုပ်ကြဘူးလား။ ဓားပြဂိုဏ်း ပြိုကွဲသွားပြီဟုလည်း တချို့က ပြောကြသည်။ တချို့ကတော့ ဓားပြဂိုဏ်းကို ဘဒင်က ခေါင်းဆောင်နေသည်ဟု ပြောကြသည်။ ဘဒင်နှင့်ပတ်သက်၍ ကြားသိရသမျှ သတင်းများသည် အမျိုးမျိုးအဖုံဖုံဖြစ်နေသဖြင့် ဘယ်ဟာကို ယုံရမည်မသိ။

ဤသို့ဖြင့်ပင် အင်္ဂလိပ်တို့ ပြန်လည်ရောက်ရှိလာသည်။ မြို့ရွာများ၏ အခြေအနေသည်လည်း ပြန်လည်အေးဆေးကာ တည်ငြိမ်လာသည်။ ရွှေခင်းသာမြို့သည်လည်း ယခင်တစ်ခေတ်က အနေအထားသို့ပြန်လည်ဆိုက်ရောက်လာသည်။ စစ်ကြီး မဖြစ်မီကထက်ပင် စည်ကားလာသည်ဟု လူအများကပြောကြသည်။ ထိုအခါမှပင်သာယာကုန်းရွာသူရွာသားများသည် နှစ်နှစ်ကျော် သုံးနှစ်နီးပါးမျှ ပျောက်သွားသော သူတို့ရွာသားဘဒင်အကြောင်းကို



အသေအချာသိလာကြရလေ၏။

*

(၅)

'အဘကိုပြောရဦးမယ်၊ ကျုပ်ဒီနေ့မြို့မှာ ဘယ်သူနဲ့တွေ့ခဲ့တယ်ထင်သလဲ' ဟု ရွှေခင်းသာဈေးသို့ ပဲစင်းငုံသွားပို့ခဲ့သော ကိုကျော်အေးက သူ့အဖေ ကိုသာမြတ်အား ပြောပြသည်။

'ဘယ်သူနဲ့ တွေ့ခဲ့လို့လဲ' ဟု ဦးသာမြတ်က ပြောင်းဖူးဖက်ဆေးလိပ်ကို ဖွာနေရာမှ ပြန်မေးသည်။

'ဘယ်သူရှိရမလဲ၊ ဘဒင်ပေါ့။ လူပုံကတော့ တစ်သွေးတမွေးဖြစ်ပြီး ပြောင်ရောင်နေတယ်ဗျ သိလား။ ကျုပ်ဖြင့် အံ့လို့မဆုံးဘူး၊ သူက ဈေးအရှေ့ဘက် လမ်းမတန်းက စေတနာပွဲရုံမှာ ရောက်နေတာ'

'သူက ပွဲရုံမှာ အလုပ်သမားလား'

'မဟုတ်ဘူး အဘရ၊ သူက ပိုင်ရှင်ဦးဘရင်ရဲ့ ကိုယ်စားလှယ်ကျနေတာပဲ။ စားပွဲတစ်လုံးနဲ့ထိုင်နေတယ်။ ကျုပ်ဖြင့်အံ့လို့မဆုံးတော့ဘူး။ အလုပ်သမားတွေကလည်း သူ့ကို ကြောက်ကြတယ်ဗျို့'

ဦးသာမြတ်သည် ဆေးလိပ်ကို တစ်နေရာ၌ချထားလိုက်ပြီး ခေါင်းတညိတ်ညိတ်လုပ်နေသည်။ သူသည်လည်း သူ့သားလိုပင် ဘဒင်အဖြစ်ကို အံ့ဩနေပုံရ၏။ အမှန်တော့ ဦးဘရင်သည် ရွှေခင်းသာမြို့၏ မျက်နှာဖုံးတစ်ဦးဖြစ်၏။ ဘဒင်လို ဓားပြဂိုဏ်းသားတစ်ဦးနှင့် ဘယ်လိုများ အဆက်အစပ်ရှိကြပါလိမ့်ဟူသောအချက်မှာ ဘဝင်မကျစရာဖြစ်နေသည်။

'မင်းကို ဘဒင်က မမှတ်မိဘူးလား'

"ဟာ ဘယ်မမှတ်မိဘဲ နေပါ့မလဲ အဘရာ။ ကျုပ်နဲ့သူက အတူတူကစားပြီး ကြီးလာရတဲ့ကောင်တွေပဲဟာ။ သူက ကျုပ်ကိုမြင်တော့ ထလာပြီး နှုတ်ဆက်တယ်။ 'ဟေ့ကောင် ကျော်အေး၊ မင်းပဲလာပို့တာလား' တဲ့။ ပဲတွေချအပြီးမှာ သူကပဲ ငွေချေတာဗျ။ ပြီးတော့ ကျုပ်ကို ဈေးထဲက ရွှေဗမာအချိုရည် (လက်ဖက်ရည်ဆိုင်) အထိ ခေါ်သွားပြီး အချိုရည်တိုက်တယ်။

လက်ဖက်ရည်ဆိုင်တွင် သူနှင့်ဘဒင်တို့ ပြောခဲ့သည့်စကားများကို ဘကြီးအေးက ဖောက်သည်ချသည်။ သူ့ဘက်က ဘဒင်၏အနေအထားကို ဂရုစိုက်ကာ စကားများများမပြောဝံ့၊ သူအကဲခတ်လို့ရသလောက်ဆိုပါက ဘဒင်သည် ယခင်ကလောက် စကားမနည်း။ ဘဒင်က ရွာကလူတွေ အကြောင်း မေးသည်။ သူက 'ခင်ဗျားကော ရွာပြန်မလာတော့ဘူးလား' ဟု မေးသည့်အခါ 'တစ်နေ့နေ့တော့ ပြန်လာမှာပေါ့ကွာ' ဟု အဖြေပေးလိုက်ကြောင်း ပြောပြသည်။

ရွာသားတွေအဖို့ ဘဒင်အကြောင်းသည် ပြောစရာအကောင်းဆုံး ပတင်းတစ်ခုဖြစ်နေသည်။ ဘဒင်အကြောင်းတွင် စဉ်းစားစရာများနှင့် တွေးစရာများက အများကြီးရှိနေသည်။ ဘယ်သူတွေ ဘယ်လိုပဲတွေးတွေး၊ အမှန်ကို သိနိုင်ဖို့မလွယ်၊ အမှန်ကတော့ ဘဒင်အကြောင်းအသိဆုံးလူမှာ ဘဒင်တစ်ဦးတည်းသာ ရှိသည်မဟုတ်ပါလား။

တကယ်တော့ ဘဒင်သည် အလွန်ပါးစပ်ငြိမ်သူဖြစ်သည်။ ဘေးလူများ၏အမြင် သူသည် ထုံတုံတုံ ထိုင်းတိုင်းတိုင်းလူစားဖြစ်သည်။ ဉာဏ်ရည်ဉာဏ်သွေးဟူ၍ တစ်စက်ကလေးမှ မရှိသူတစ်ဦးထင်ရ၏။ သို့သော်လည်း သူသည် သူ့အတွေးနှင့်သူ နေသူဖြစ်သည်။ သူ့စိတ်ကူးနှင့်သူ နေသူဖြစ်သည်။ သူ့စိတ်ကူးကို ဘေးလူများက ဘယ်လိုနည်းနှင့်မျှ မသိနိုင်၊ တစ်ချိန်ကတော့ အပေါင်းအသင်းများနှင့် စကားစမြည်ပြောကြသည့်အခါ ကြုံကြိုက်လာတိုင်း 'ရေမှာလည်း အဆံနဲ့ လူမှာလည်း အကြံနဲ့ပေါ့ကွ' ဟူသော ကျေးရွာသားတို့သုံးလေ့သုံးထရှိသည့်စကားကို မကြာခဏ ပြောလေ့ရှိသည်။

ဖခင်အတွက် ရက်လည်ဆွမ်းပင်မသွပ်ဘဲ ရွာမှ ထွက်ခွာလာခဲ့သည့် ဘဒင်သည် သာယာကုန်းရွာ၏အရှေ့မြောက်စူးစူး မိုင် ၂၀ ခန့်အကွာရှိ မင်းကုန်းရွာသို့ ရောက်သွားခဲ့၏။ မင်းကုန်းသည် တောင်ခြေရွာဖြစ်၏။ မင်းကုန်းအရှေ့ဘက် တောင်ပေါ်ခရီးတိုင်းသွားပါက သုံးလေးရက်နှင့် ရှမ်းပြည်နယ်ထဲသို့ ရောက်နိုင်သည်။ ဘဒင်သည် မင်းကုန်းရွာ ဘုန်းကြီးကျောင်း၌ နှစ်လမျှ အိပ်ခဲ့သည်။ ထိုမှတစ်ဆင့် အိုင်ကြီးရွာသို့ ရောက်သည်။

ဘဒင်သည် အိုင်ကြီးရွာ၌ နှစ်လကျော် သုံးလနီးပါးမျှ ခိုနားခဲ့သည်။ ထိုရွာ၌နေသည့်ကာလအတွင်း သူသည် သစ်သမားဦးထောင်ဘိုထံ၌ သစ်ဝင်



ခွဲသည်၊ ဦးထောင်ဘို၏ သစ်လုပ်ငန်းမှာ အင်္ဂလိပ်ခေတ်ကတည်းက ခိုးလုပ်ရသော လုပ်ငန်းဖြစ်၍ တောင်ခြေအနီးရှိ တောထဲ၌သာ သစ်များကို ခွဲရသည်။

သစ်ခွဲအလုပ်မှာ အလွန်ပင်ပန်းလှ၏။ အကျယ်ငါးပေ ခြောက်ပေခန့်ရှိပြီး အနက်ရှစ်ပေကျော်ကျော် ကိုးပေနီးပါးခန့် အနက်ရှိသည့် ကျင်းကြီးထဲ၌ သစ်ခွဲကြရခြင်းဖြစ်သည်။ ကျင်းကြီး၏ အပေါ်ဘက်တွင် သစ်လုံးကြီးများကို တန်းစီချထားသည်။ ခွဲရမည့်သစ်လုံးကို ထိုသစ်လုံးကြီးများပေါ် အလိုက်သင့်တင်ကာ ကျင်းပေါ်မှ တစ်ယောက်၊ ကျင်းထဲမှ တစ်ယောက် မတ်တတ်ရပ်၍ သစ်ခွဲလွှကြီးများထိုးခွဲကြရခြင်းဖြစ်၏။ လူနှစ်ယောက်၏အားဖြင့် ဟန်ချက်ညီညီ လွှကိုအပေါ်အောက် ထိုးဆွဲကာ ခွဲကြရခြင်းဖြစ်လေသည်။

ဦးထောင်ဘိုသည် မုဆိုးတစ်ဦးဖြစ်သည်။ ဇနီးဆုံးပြီးကတည်းက သမီးသုံးယောက်ကို ကျွေးမွေးစောင့်ရှောက်လာခဲ့သူဖြစ်သည်။ သစ်လုပ်ငန်းကြောင့် စီးပွားရေးအခြေအနေကောင်းသူဖြစ်သည်။ အိုင်ကြီးရွာတွင် သူသည် သြဇာရှိသူတစ်ဦးဖြစ်ရုံမျှမက ငယ်စဉ်က လက်မြန်ခြေမြန်ရိုက်ရဲခုတ်ရဲသူဖြစ်သဖြင့် တစ်ရွာလုံး၏ ကြောက်ရွံ့မှုကို ရရှိနေသူဖြစ်သည်။

ဦးထောင်ဘို၏ သမီးသုံးယောက်တွင် ဘဒင်နှင့်အခင်ဆုံးမှာ အငယ်ဆုံးသမီး မြရီဖြစ်၏။ မြရီသည် အသက် ၁၄ နှစ်ကျော်မျှသာ ရှိသေးသည်။ ဆံတောက်ကြီးတဖားဖားနှင့် ချစ်စရာကောင်းသော အရွယ်ဖြစ်၏။ တစ်ကောင်ကြွက်လိုနေထိုင်ခဲ့ရသောဘဒင်သည် ဤကလေးမလေး အပေါ်၌ သူ့နှမလေးအရင်းလို သံယောဇဉ် တွယ်ခဲ့မိသည်။

အားလပ်ချိန်ဆိုလျှင် မြရီသည် သူ့ထံ ရောက်လာတတ်သည်။ အိမ်ဝင်းတစ်ဝင်းတည်း ကိုယ့်တဲနှင့်ကိုယ်နေကြရသောအလုပ်သမား (၇) ဦးထဲ၌ မြရီအခင်ဆုံးသူသည် ဘဒင်သာဖြစ်သည်။ တစ်ခါတစ်ရံတွင် ဘဒင်သည် ဤကလေးအတွက် ရွှံ့ရုပ်ကလေးတွေ လုပ်ပြီးယူလာတတ်သည်။ နေပူလှမ်းပြီး မီးအပူပေးထားသော နွား၊ ကျွဲ၊ ဆင်၊ မင်းသမီးစသော ရွှံ့ရုပ်ကလေးများသည် မြရီအဖို့တော့ တကယ့်အဖိုးထိုက်အဖိုးတန်ကစားစရာများဖြစ်လေသည်။

ဦးထောင်ဘိုမိသားစုနှင့်ဘဒင်တို့ အတူတူနေခဲ့ကြရသည်မှာ သိပ်ပြီး

ကြာသည်မဟုတ်။ သို့သော်လည်း မြရီကို အကြောင်းပြု၍ သံယောဇဉ် ကြီးခဲ့ကြ၏။ သူ့အကြံနှင့်သူ ဤဒေသသို့ရောက်လာခဲ့သောဘဒင်သည် မကြာခင်မှာပင် မည်သူ့ကိုမျှအသိမပေးဘဲ ဦးထောင်ဘိုတို့အိမ်မှ ပျောက်ကွယ်သွားခဲ့ပြန်လေ၏။

ထို့နောက်တော့ဘဒင်သည် သူကြံစည်စိတ်ကူးထားခဲ့သည့်အတိုင်း မဲလုံး၏ဓားပြဂိုဏ်းတွင် ဂိုဏ်းသားတစ်ဦးဖြစ်လာခဲ့သည်။ တကယ်တော့ ဘဒင်သည် သူ့မိဘများ၏ ဆင်းရဲခြင်းကို ဦးဘိုးမင်းတို့လို လူချမ်းသာများ၏ ဘဝနှင့် နှိုင်းယှဉ်ကြည့်ခဲ့မိသူဖြစ်၏။ သူသည် သူ့ရွာထဲမှ ဦးဘိုးမင်းတို့၊ ဦးပုကြီးတို့လို ချမ်းသာချင်လှသည်။ ချမ်းသာအောင် သူဘာလုပ်ရပါမည်နည်း။

စာမတတ်ပေမတတ် ဘဒင်သည် သူဉာဏ်မီသလို စဉ်းစားကာ ဆုံးဖြတ်ချက်ကို ချသည်။ လက်တွေ့အကောင်အထည်ဖော်သည်။ သူသည် အလွယ်လမ်းကို ရွေးလာခဲ့ခြင်းဖြစ်သည်။ သူနားလည်ထားသည့် ဓားပြဆိုသည်မှာ သူတစ်ပါးထံမှ ပစ္စည်းများကို လက်နက်ပြကာ အဓမ္မလုယူခြင်းသာဖြစ်သည်။ တစ်ခါတစ်ရံ ပစ္စည်းရှင်က ခုခံသဖြင့် သတ်ရဖြတ်ရသည်မှတစ်ပါး လက်လွတ်စပယ်သတ်ရသည်မဟုတ်။

သို့သော်လည်း သူဓားပြဘဝရောက်လာသည့်အခါ အထင်နှင့်အမြင် လွဲနေသည်။ သူတို့ဂိုဏ်းခေါင်းဆောင်မဲလုံးသည် စည်းကမ်းကလနား မထား၊ သူသတ်ချင်လျှင် သတ်သည်။ သူဆန္ဒရှိလျှင် မိန်းကလေးတွေကို ဗလက္ကာရပြုသည်။ အများက ငတုံးငအဟု အထင်ခံနေရသောဘဒင်သည် လုံလောက်သော အကြောင်းမရှိဘဲ လက်နက်အားကိုးဖြင့်သတ်ခြင်းကို မကြိုက်၊ မိန်းကလေးများအား မတော်မတရားပြုခြင်းကို သူစက်ဆုပ်သည်။

ဂိုဏ်းထဲတွင် အသက်အငယ်ဆုံးဖြစ်သော ဘဒင်သည် မဲလုံး၏ မျက်နှာသာပေးခြင်းကို ခံရသူဖြစ်သည်။ ဘဒင်သည် စိတ်ထဲက မဲလုံးအား မနှစ်သက်သော်လည်း အလိုက်သင့်နေမှဖြစ်မည်ဟု နားလည်သည်။ နားလည်မှုနှင့်နေလျက်ရှိသည့်ကြားမှပင် တစ်ရက်တွင် သူသည် မဲလုံးနှင့် ထိပ်တိုက်ဖြစ်ခဲ့ရသည်။



ထိုနေ့က မဲလုံးက သူ့အား အရက်သောက်ခိုင်းသည်။ သူက မသောက်ချင်ဘူးဟု ငြင်းသည်။

'နေစမ်းပါဦး ညီလေးက ဘာပြုလို့ မသောက်ချင်ရတာလဲ' ဟု ပြန်မေးသည်။ 'ကျုပ်အဖေက အရက်သောက်လွန်ပြီး သေသွားတာ၊ အဲဒီကတည်းက ကျုပ် အရက်ကိုမုန်းသွားတယ်' ဟု ဖြေသည်။ စိတ်ကောင်းဝင်နေချိန်မို့လား မသိ။ မဲလုံးက တဟားဟား အော်ရယ်ကာ သူ့အား ခွင့်လွှတ်ခဲ့သည်။

ထိုညက ဘဒင်သည် တစ်ညလုံးနီးပါးမျှ အိပ်မပျော်၊ သူ့ရှေ့ရေးကို တွေးကာ စိတ်မအေးဖြစ်သည်။ သူနှင့်မဲလုံးသည် တစ်နေ့နေ့တစ်ချိန်ချိန်တွင် ပြဿနာဖြစ်လိမ့်မည်ဟု ထင်နေမိသည်။ သူ့အထင်သည် မလွဲပေ။ သူမျှော်လင့်ထားသည့် တစ်နေ့နေ့ တစ်ချိန်ချိန်သည် အချိန်တန်လာသည်နှင့် တစ်ပြိုင်နက် ဆိုက်ရောက်လာလေသည်။

*

## (၆)

လူတို့၏ကံကြမ္မာသည် တစ်ခါတစ်ရံတွင် မယုံကြည်နိုင်လောက်အောင် အဆန်းတကြယ်ဖြစ်တတ်သည်။ ထိုဖြစ်ရပ်မျိုးနှင့် ကြုံရသည့်အခါ အချို့သောလူများက ထိုတိုက်ဆိုင်မှုများသည် တစ်ခါတစ်ရံတွင် ဝမ်းနည်းစရာကောင်းသည်။ တစ်ခါတစ်ရံတွင် နာကြည်းစရာကောင်း၍ တစ်ခါတစ်ရံကျတော့ ဒေါသဖြစ်စရာ ကောင်းသည်။

ဘဒင်သည် သူကြားလိုက်သောသတင်းနှင့်ပတ်သက်၍ သူ့နားသူပင် မယုံကြည်နိုင်သလို ဖြစ်သွားသည်။ 'ဟုတ်မှ ဟုတ်ရဲ့လားကိုစာကြီးရာ' ဟု သူက မောပန်းနွမ်းကျင်နေသောလေသံဖြင့် ပြန်ပြောမိသည်။

'ဟုတ်တယ်ကွ၊ ငါ့ကို သေသေချာချာ ခေါ်ပြောလိုက်တာ။ ဘာလဲ၊ မင်းက ငါပြောတာ မယုံလို့လား'

ဘဒင်သည် သူ့ရှေ့ရှိ ထင်းမီးဖိုထဲမှ မီးတောက်မီးလျှံများကိုကြည့်ကာ တွေဝေငေးမောလျက်ရှိသည်။ ည၏ တိတ်ဆိတ်မှုကြောင့် တဖျောက်ဖျောက်ကျနေသော နှင်းပေါက်သံများကို အပီအပြင် ကြားနေရ၏။ ညည်း

ကျက်သော မိုးကောင်းကင်ထက်မှ ကြယ်ရောင်များသည် တလက်လက်။

'ဟင်း--'

ကိုစာကြီးက ဘဒင်၏သက်ပြင်းချသံကြောင့် ဖျတ်ခနဲ လှည့်ကြည့်သည်။ 'မင်းက ဘာစိတ်ညစ်ရတာလဲ' ဟု မေးသည်။ ဘဒင်က ချက်ချင်း ပြန်မဖြေ။ အတန်ကြာမှ သူ့ခေါင်းကို တဖြစ်ဖြစ်ကုတ်လိုက်ရင်း 'အင်း ကျုပ်တော့ ခက်တာပဲဗျာ' ဟု ညည်းလိုက်သည်။

'ဘာခက်တာလဲကွ၊ ပြောစမ်းပါဦး'

ဘဒင်သည် ပြောသင့် မသင့် တစ်ခဏမျှ ချိန်ဆနေသည်။ ထို့နောက်တော့ သူမတတ်နိုင်တော့။ အဖြစ်မှန်ကို ပြောပြသည်။ မနက်ဖြန်ည ဓားပြသွားတိုက်မည့် အိုင်ကြီးရွာသားဦးထောင်ဘိုမှာ မိမိနှင့်သိကျွမ်းခဲ့သူဖြစ်ကြောင်းမှအစ သစ်ခွဲအလုပ်သမားဘဝဖြင့် နှစ်လသုံးလမျှ နေခဲ့ဖူးကြောင်း ဖွင့်ပြောလိုက်သည်။ ကိုစာကြီးက ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေသည်။

'ဒါဆိုရင်တော့ မင်းလိုက်လို့ မဖြစ်ဘူးထင်တယ်'

ဟု ကိုစာကြီးက ပြောသည်။

ဘဒင်ကလည်း-

'ဟုတ်တယ်ဗျာ၊ ကျုပ်လည်း မလိုက်ချင်ဘူး။ ဆရာကြီးကိုပြောလို့ရပါ့မလား မသိဘူး' ဟု ညည်းသည်။

'ပြောကြည့်ပေါ့ကွာ၊ မင်းကိုတော့ ငြင်းမယ်မထင်ပါဘူး'

နောက်တစ်နေ့ မနက်တွင် ဘဒင်သည် ဦးမဲလုံးနှင့်သွားတွေ့သည်။ အကြောင်းစုံပြောပြသည်။ သူ့အား စခန်းစောင့်အဖြစ် ထားခဲ့ပါဟုလည်း တောင်းပန်သည်။ စိတ်ကောင်းဝင်နေချိန်ဖြစ်၍လား မသိ။ ဘဒင်အား စခန်း၌ ထားခဲ့ရန် သဘောတူသည်။ ထိုနေ့နေ့ခင်းဘက်တွင် မဲလုံးတို့ အုပ်စုသည် အိုင်ကြီးရွာမှ ဦးထောင်ဘိုတို့အိမ်ဓားပြတိုက်ရန် ထွက်ခွာသွား ကြလေ၏။

ထိုနေ့တစ်နေ့လုံးနှင့် တစ်ညလုံး ဘဒင်သည် အိမ်မြောင်အမြီးပြတ်လို ဈာပ်ဈာပ်ခါလျက်ရှိ၏။ 'အေးအေးဆေးဆေး ဖြစ်ပါစေ၊ ဦးထောင်ဘိုတို့ မိသားစု ဘာမှအန္တရာယ်မဖြစ်ပါစေနဲ့' ဟု ဆုတောင်းရသည်မှာ အမော။ သူသည် တစ်ညလုံးမအိပ်၊ သူနှင့်အတူ စခန်းစောင့်ချနေသည့် တိုးကြီး။



မောင်လှိုင်၊ ကိုနီတို့နှင့်လည်း ကြာကြာထိုင်၍ စကားမပြောနိုင်။

ညပိုင်းတွင် သူတို့လေးယောက်သည် မီးလှုံရင်း ဆတ်သားခြောက်ကို ရေနွေးကြမ်းနှင့်အမြည်းလုပ်၍ စားနေကြသည်။ အလွန်နှုတ်ဆိတ်နေသော ဘဒင်ကိုကြည့်ကာ တိုးကြီးက 'ဟကောင်ဘဒင် ငြိမ်လှချည်လား၊ စကားလေးဘာလေး ပြောပါဦး' ဟုပင် ပြောယူရသည်။ 'နည်းနည်းနေမကောင်းသလိုဖြစ်နေတယ်ဗျာ' ဟု ပြန်ပြောကာ စောင်ကိုခြုံ၍ မီးဖိုဘေး၌ ကွေးနေသည်။

'အခုလောက်ဆို ဓားပြကတော့ တိုက်နေပြီ။ အဆင်မှပြေကြပါ့မလား။ ဦးထောင်ဘိုကလည်း လူကြမ်းကြီး၊ အလွယ်တကူ အလျှော့မပေးဘဲ ခုခံနေမှဖြင့် ဒုက္ခပဲ။ သမီးနှစ်ယောက်က အပျိုအရွယ်တွေ၊ ဦးမဲလုံးက စော်ကားမော်ကားလုပ်ရင် ဘယ့်နှယ်လုပ်ကြမလဲ။ နှမလေး မြရီကတော့ ကလေးပဲ၊ ဘာမှ ဖြစ်မယ်မထင်ပါဘူး'

ဘဒင်၏ဦးခေါင်းသည် ချာချာလည်လျက်ရှိ၏။ တစ်ခါတစ်ရံတွင် အခုချက်ချင်းထပြီး အိုင်ကြီးရွာသို့ ကဆုန်စိုင်း၍ ပြေးသွားချင်စိတ်ဖြစ်ပေါ်လာသည်။ 'ဒုက္ခပါပဲ၊ တစ်ခုခုများဖြစ်သွားမှဖြင့် ဘယ်လိုလုပ်ကြမလဲ' ဟူသော အတွေးသည် သူ့စိတ်ကို ဒုက္ခအပေးဆုံးဖြစ်သည်။ အထူးသဖြင့် နှမလေးလို ချစ်ခင်တွယ်တာခဲ့ရသောမြရီကို သတိရလိုက်သည့်အခါတိုင်း သူ့စိတ်သည် ဆောက်တည်ရာမရဖြစ်ရသည်။

မနက်အရုဏ်တက်ခါနီးတွင် မဲလုံးတို့လူစု ပြန်ရောက်လာသည်။ မြင်ရသည့်အခြေအနေကတော့ လုံးဝမကောင်း။ လူ ၁၆ ယောက်အနက် နှစ်ယောက်တွင် ဓားဒဏ်ရာများ ရလာသည်။ ရွှေကြူးဆိုသည့် ဂိုဏ်းသားတစ်ယောက်မှာ လှံနှင့်အထိုးခံရပြီး ကျကျန်ရစ်ခဲ့သည်။ ဓားဒဏ်ရာ အများအပြားရလာသည့် တစ်ယောက်မှာ လမ်းတွင် သေသွားသဖြင့် ပစ်ထားခဲ့ရသည်။

အိမ်ရှင်ဦးထောင်ဘိုက ဓားပြများအား ဆီးကြို၍ ခုခံသည်။ သမီးအကြီးတစ်ယောက်ကပါ သူ့အဖေနှင့် ခုခံသည်။ ဤသို့ဖြင့် ဒေါသကြီးလွှင် လုပ်ချင်ရာလုပ်တတ်သော မဲလုံးက တစ်မိသားစုလုံးကို သတ်ပစ်ခဲ့သည်။ သစ်ခွဲအလုပ်သမားများနှင့် ရွာသားများကပါ အတင်းဝိုင်းလိုက်သဖြင့် တော

များသည် တရကြမ်းဆုတ်ခွာလာခဲ့ရသည်။

ဘဒင်အဖို့တော့ ဆောက်တည်ရာမရနိုင်လောက်အောင်ပင် ဖြစ်ရသည်။ ဘစ်မိသားစုလုံးကို သတ်ပစ်ခဲ့သည်ဆိုတော့ မြရီတစ်ယောက်လွတ်ရာ သမ်းမရှိ။ ထိုအဖြစ်ကိုတွေးမိလိုက်တိုင်း မျက်ရည်ကျလုနီးနီးဖြစ်လာသဖြင့် ဘဒင်သည် သူ့ကိုယ်သူ မနည်းကြီး ထိန်းနေရ၏။ ထိုနေ့ညနေပိုင်းကျတော့ သူသည် ကိုစာကြီးအား လက်ကုတ်၍ ခေါ်သွားပြီး သူသိလိုတာကိုမေးရသည်။

'အေးကွာ၊ ပြောရတာလည်း မကောင်းပါဘူး။ အငယ်ဆုံးကောင်မလေးကို မင်းဆရာကြီးကိုယ်တိုင် သေနတ်နဲ့ပစ်သတ်ခဲ့တာကွ။ တစ်ယောက်မှ အရှင်မထားရဘူးဆိုပြီး လုပ်တာ၊ ဒီတစ်ခါတော့ဖြင့် ငါတောင် တော်တော်ကို စိတ်ကုန်သွားတယ် ဘဒင်ရာ'

ဘဒင်အဖို့တော့ ပြင်းထန်သောစိတ်ဝေဒနာကို ခံစားရသည်။ ညအိပ်ရာဝင်သည့်အခါ သူလုပ်ပေးထားသော ရွှံ့ရုပ်ကလေးများဖြင့် ကစားနေသော မြရီကို မြင်ယောင်ကာ မျက်ရည်ကျခဲ့ရ၏။ 'ဦးဘဒင်ကြီးက အရုပ်ဆိုးပေမဲ့ သဘောကောင်းတယ်အဘာရဲ့' ဟု မြရီအသံကို ပြန်လည်ကြားယောင်နေမိလေသည်။

နောက်နှစ်လခန့်အတွင်း ပတ်ဝန်းကျင်၌ ဖြစ်ပွားနေသော စစ်အရှိန်သည် အဆပေါင်းများစွာ ပြင်းထန်လာသည်။ ဂျပန်စစ်တပ်များသည် တောင်ခြေဘက်မှ ဖြတ်၍ ဆုတ်ခွာသွားနေကြပြီ။ တစ်ညချမ်းတွင် မဲလုံး၏ စားပြစခန်းအတွင်းမှ နှစ်လုံးပြူးသေနတ်သံနှစ်ချက်ထွက်လာသည်။ ဘဒင်က အရက်မူးပြီး အိပ်ပျော်နေသော မဲလုံးအား ပစ်သတ်လိုက်သည့် သေနတ်သံများပေတည်း။

စာမတတ်သောဘဒင်သည် ဖြတ်ထိုးဉာဏ်ကျတော့ ကောင်းသည်။ မဲလုံးအား သတ်ရာ၌ ဂိုဏ်းထဲတွင် အသက်အကြီးဆုံးနှင့် ဩဇာအညောင်းဆုံး ကိုစာကြီးကို အသုံးချခဲ့သည်။ ထိုညက ညစဉ်ဦးမဲလုံး၏ သစ်သားခုတင်အောက်၌ စုထောင်ထားရသော သေနတ်များကို ကိုစာကြီးက သိမ်းပေးထားသည်။ ဘဒင်က လုပ်စရာရှိတာကို လုပ်သည်။ ကိစ္စပြီးသွားသည့်အခါ ကျန်လူစိကို ကိုစာကြီးက နားချပြီး တိုက်ယူရရှိထားသမျှကို တစ်



ပုံစီအညီအမျှခွဲပေးပြီး ကိုယ့်အရပ်ကိုယ်ပြန်ကြရန် တိုက်တွန်းသည်။ ထိုအစီအစဉ်မှာ ဘဒင်က ချမှတ်ပေးထားသော အစီအစဉ်ပေတည်း။

ထို့နောက်တွင်မူ ဘဒင်နှင့် ကိုစာကြီးတို့သည် သေနတ်ခုနစ်လက်ကို တောတွင်းတစ်နေရာ၌ ဝှက်ထားခဲ့ပြီး ကိုယ့်လမ်းကိုယ်သွားကြသည်။ ကိုစာကြီးက သူ့ဇာတိ မင်းကုန်းရွာသို့ ပြန်သည်။ ဘဒင်ကမူ

ဘဒင်သည် ရှုခင်းသာမြို့မှ စစ်ပြေးအဖြစ်နှင့် ညောင်ပင်သာရွာ၌ ခိုနေသော ဦးဘရင်ထံသို့ သူ့နည်းသူ့ဟန်ဖြင့် ရောက်သွားသည်။ သူ့ဇာတ်လမ်းကိုကြားအပြီး ဦးဘရင်က သူ့အားလက်ခံသည်။ ဤသို့ဖြင့် ဦးဘရင်သည် ဘဒင်၏ ကယ်တယ်ရှင်ဖြစ်သွားခဲ့ရလေ၏။

*

(၇)

သာယာကုန်းရွာသား ဖျော်အေးက ဘဒင်အား 'ခင်ဗျားကော ရွာကို ပြန်မလာတော့ဘူးလား' ဟု မေးခဲ့စဉ်က ဘဒင်က 'တစ်နေ့တော့ ပြန်လာမှာပေါ့ကွာ' ဟု အဖြေပေးခဲ့၏။ သူ့အဖြေပေးခဲ့သည့်အတိုင်းပင် ဘဒင်သည် သာယာကုန်းရွာသို့ ပြန်ရောက်လာသည်။ သူသည် ယခင်ကလို 'တောသား' ဘဒင်မဟုတ်၊ မြို့သားတစ်ဝက် တောသားတစ်ဝက်ရောနေသည့် 'တောမြို့သားဘဒင်' ဖြစ်လာသည်။

ဘဒင်သည် ရွာကို ရောက်လျှင်ရောက်ချင်း ရွာသူကြီးဦးဘိုးညဏ်နှင့် တွေ့သည်။ စကားစမြည်ပြောသည်။ ပြီးတော့ သူတို့မိသားစု နေထိုင်ခဲ့သည့် ဦးချစ်၏ စပါးတလင်းကို သွားသည်။ ထို့နောက် သူ့သူငယ်ချင်း ကျော်အေးကို လာခေါ်ပြီး စပါးတလင်းမြေရှင်ဦးချစ်ထံသွား၍ စပါးတလင်းမြေကို ဝယ်သည်။ ဦးချစ်ကလည်း ပေါက်ဈေးထက် ပို၍ရခြင်းနှင့် တစ်ရွာတည်းသား ဖြစ်နေခြင်း စသည်တို့ကြောင့် ချက်ချင်းပင် ရောင်းလိုက်သည်။

ဘဒင်က ချက်ချင်း ငွေချေသည်။ သူနှင့်လိုက်လာသော ကျော်အေးကို ငွေ ၁၀၀ ပေးသည်။ ကျော်အေးသည် ဘဒင်အား မိုးမမြင်လေမမြင် အထင်ကြီးသွားခဲ့၏။ ဘဒင်ကလည်း ကျော်အေးအား သူ့လူယုံအဖြစ် လက်သပ်မွေး

သည်။

ဘဒင်သည် စပါးတလင်းပေါ်၌ ပျဉ်ထောင်၊ပျဉ်ခင်း၊ပျဉ်ကာ၊သွပ်မိုးအိမ်ကြီးတစ်လုံး ဆောက်သည်။ နှစ်ထပ်အိမ်ကြီးဖြစ်၍ တစ်ရွာလုံးက အထင်ကြီးစရာလူတစ်ယောက်ဖြစ်လာသည်။ တဖြည်းဖြည်းနှင့်ဘဒင်သည် သူကြီးဦးဘိုးညဏ်ကပါ လေးစားရသည့်သူဖြစ်လာသည်။ သူကြီးက လေးစားရသည့်ပုဂ္ဂိုလ်သည် တစ်ရွာလုံးက လေးစားရသည့်ပုဂ္ဂိုလ်ဖြစ်လာတတ်သည်မှာ မြန်မာကျေးရွာများ၏ အစဉ်အလာတစ်ရပ်ဖြစ်သည်မဟုတ်ပါလော။

မြန်မာ့ကျေးရွာသားများသည် မြန်မာနိုင်ငံလူဦးရေတွင် ၈၀ ရာခိုင်နှုန်းရှိ၏။ မြန်မာနိုင်ငံ၏ စီးပွားရေးကို ပံ့ပိုးပေးနေသူများဖြစ်၏။ နယ်ချဲ့ဗြိတိသျှအစိုးရသည် ယင်းအချက်ကို ကောင်းစွာသိသည်။ ထို့ကြောင့် လည်း မြန်မာကျေးရွာသားများအပေါ် အုပ်ချုပ်ရာ၌ 'အိပ်နေသောခွေးကို မနှိုးနှင့်' ဟူသော မူဝါဒကို ကျင့်သုံးခဲ့ကြလေသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် ဦးဆောင်လာသည့် မြန်မာခေါင်းဆောင်များသည် သဘောသဘာဝကို လုံးဝနားမလည်ကြချေ။ မြန်မာလယ်သမားယာသမားများ၏အခြေအနေကို တိုးတက်မြင့်မားအောင် လုပ်ပေးရေးထက် ကိုယ်စိတ်နှစ်ပါး ဆင်းရဲအောင် လုပ်ရေးကိုသာ ရှေ့တန်းတင်ခဲ့ကြ၏။ ဤအတွက်ကြောင့်လည်း လယ်သမားတို့၏ဘဝသည် မတိုးတက်ရုံမျှမက မကျေနပ်မှုများနှင့်သာ ရုန်းကန်လှုပ်ရှားခဲ့ရ၏။ အကယ်၍ သူတို့၏မကျေနပ်ချက်များကို ရင်ဖွင့်ခွင့်ရခဲ့ပါမူ တော်ပါသေး၏။ ယခုမူကား အကြောက်တရား၏ဖိစီးမှုကြောင့် ထုတ်ဖော်ခွင့်ကို မရခဲ့ကြချေ။

ဘဒင်သည် စာမတတ်သည့် တောသားတစ်ယောက်ဖြစ်၏။ ထို့ကြောင့်လည်း အများနည်းတူပင် တောသားတို့၏သဘောသဘာဝကို နားမလည်။ နားလည်အောင်လည်း မကြိုးစား။ ရှေးခေတ်ကရှိခဲ့သည့် မင်းစိတ်စိုးစိတ် တစ်နည်းအားဖြင့် 'ရာဇစိတ်' ဖြင့်သာ အရာရာကို ရှုမြင်သုံးသပ်သည်။ ထို့ကြောင့်လည်း 'သူပြောသမျှ အားလုံးနားထောင်ရမည်၊ သူခိုင်းသမျှ အကုန်လုပ်ရမည်' ဟူသော မူဝါဒကို လက်ကိုင်ထားသည်။ သူသည် သာယာကုန်းရွာနှင့် ပတ်ဝန်းကျင်ရှိရွာများအပေါ်တွင် မြို့စား



ကြီးတစ်ယောက်က ရှုမြင်သလိုသာ ရှုမြင်သုံးသပ်သည်။ ယင်းအချက်သည် ဘဒင်အတွက်သာမက သာယာကုန်းရွာတည်ရာနယ်မြေဒေသ တစ်ခုလုံးအတွက် အမှောင်ထုကြီး ကျရောက်စေသည့် အချက်တစ်ချက်ပေတည်း။

သာယာကုန်းရွာသို့ ပြန်လည်ရောက်ရှိလာသော ဘဒင်သည် လေးငါးလခန့်အကြာတွင် အိမ်ထောင်ကျသည်။ ဦးသာမြတ်၏ သမီးလတ် ကျော့အေး၏နှမ ထွေးကြည်နှင့်ဖြစ်သည်။ အိမ်တွင်အဝင်အထွက်များပြီး အဆက်အဆံများလာရာမှ အကြောင်းဆက်မိကြခြင်းဖြစ်သည်။ ထိုအချိန်တွင် ဘဒင်၏ အခြေအနေသည် ဖြည်းဖြည်းချင်းမြင့်မားလာနေသည်။ ရှိထားသည့်ငွေနှင့် ငွေတိုးပေးခြင်း၊ လယ်ယာအပေါင်ခံခြင်း၊ စပါးပေး နှမ်းပေး ငွေချေးခြင်း၊ အရောင်းအဝယ်လုပ်ခြင်း စသည်တို့ကြောင့် သူသည် လူချမ်းသာတစ်ယောက် ဖြစ်လာခဲ့လေပြီ။

ဓားပြဂိုဏ်းသားတစ်ဦးဖြစ်ခဲ့ခြင်း၊ ငွေကြေးချမ်းသာခြင်း၊ မြို့ပေါ်မှ လူရတတ်များနှင့် အဆက်အသွယ်ရှိခြင်း စသည်တို့ကြောင့် သာယာကုန်းရွာသားများသည် ဘဒင်အား ကြောက်ရွံ့ကြသည်။ ကြောက်မိလျှင် အသေကြောက်၍ ရဲမိလျှင် အသေရဲတတ်သော မြန်မာ့ကျေးရွာသားတို့၏ အကျင့်စရိုက်သည် ကိုယ့်လည်ပင်းကိုယ်ကြိုးကွင်းစွပ်ပြီး ခုန်ချသည့်လူနှင့် တူလှချေသည်။

ဗိုလ်ချုပ်အောင်ဆန်းတို့ လုပ်ကြံခံခဲ့ရပြီးနောက် လွတ်လပ်ရေးရခါနီး အချိန်ကာလတွင် အချို့မြို့ရွာများ၌ ဆူပူသောင်းကျန်းမှုများရှိလာသည်။ ထိုအုပ်စုထဲတွင် ရှခင်းသာခရိုင်သည်လည်း ပါဝင်လာခဲ့၏။ ဝါဒချင်းမတူသော နိုင်ငံရေးလှုပ်ရှားမှုများသည် ရှိလာခဲ့သည်။ အချို့က လက်နက် ကိုင်၍ ဆူပူလှုပ်ရှားရန် တာစူနေကြပြီဖြစ်၏။

ထိုအချိန်၊ ထိုအခြေအနေတွင် နယ်မြေ၏ အမတ်တစ်ယောက်ဖြစ်နေသော ရှခင်းသာမြို့မှ စေတနာပွဲရုံပိုင်ရှင် ဦးဘရင်သည် ရွေးကောက်ပွဲလုပ်တိုင်း သူအမတ်အဖြစ် အရွေးခံရသော နယ်မြေဒေသအတွင်း၌ သူ့ဩဇာတည်မြဲရေးတို့အတွက် တပည့်လူမိုက်မွေးသော စနစ်သည် ပေါ်ပေါက်လာခဲ့သည်။ ဤသို့ဖြင့် သူနှင့်မကင်းရာ မကင်းကြောင်းဖြစ်ခဲ့သော ဘဒင်သည် သူ၏ ညာလက်ရုံးတစ်ဆူဖြစ်လာခဲ့ရလေသည်။

(၈)

ဘဒင်သည် ပထမဆုံး မဲလုံးစားပြဂိုဏ်းတွင် လက်တွဲခဲ့ရသည့် ကိုစာကြီးနှင့် ဆက်သွယ်သည်။ ယခင်က ကိုစာကြီးနှင့် တိုင်ပင်ပြီး ဝှက်ထားခဲ့သော သေနတ်များကို သူ့အိမ်သို့သယ်ယူခဲ့သည်။ မဲလုံးစားပြဂိုဏ်းထဲမှ လူဟောင်းများဖြစ်သည့် တိုးကြီး၊ မောင်နီနှင့် မောင်လှိုတို့ကိုလည်း သူ့ထံသို့အပြီးအပိုင် ခေါ်ယူထားလိုက်သည်။ ဤသို့ဖြင့် ဘဒင်၏ ကျေးရွာလုံခြုံရေးတပ်ဖွဲ့ဟု အမည်ပေးထားသော အဖွဲ့သည် အတော်ကြီး အင်အားတောင့်တင်းသည့် အဖွဲ့တစ်ဖွဲ့ဖြစ်လာခဲ့လေ၏။

လုံခြုံရေးတပ်ဖွဲ့၏ ခေါင်းဆောင်ဖြစ်သော ဘဒင်၏ ဩဇာအာဏာသည် သာယာကုန်းရွာနှင့် ပတ်ဝန်းကျင်ရွာများအပေါ်၌ များစွာ လွှမ်းမိုးလာသည်။ ဤဒေသတစ်ဝိုက်တွင် ဘဒင်သည် မြို့စားကြီးတစ်ဦးသဖွယ် မင်းမူလာနိုင်ခဲ့၏။ ယင်းအခြေအနေတွင် ဘဒင်၏ ဩဇာအာဏာပိုမို၍ကြီးထွားလာစေမည့် ဖြစ်ရပ်တစ်ခုသည် မမျှော်လင့်ဘဲနှင့် ပေါ်ပေါက်လာခဲ့လေသည်။

ထိုအချိန်က မင်းကုန်းရွာတွင် အခြေစိုက်၍ လှုပ်ရှားနေသော စိုးလင်းဆိုသူခေါင်းဆောင်သည့် ရဲဘော်ဖြူတစ်ဖွဲ့သည် သာယာကုန်းရွာနှင့် ပတ်ဝန်းကျင်အထိ ထိပါးတိုက်ခိုက်လျက်ရှိသည်။ စိုးလင်းသည် သူ့နည်းသူ့ဟန်ဖြင့် လူရည်လည်သူတစ်ဦးဖြစ်၏။ လက်နက်အင်အား မည်မျှအထိရှိနေသည်ကို မသိရသဖြင့် ဘဒင်၏အဖွဲ့အား မဟာမိတ်အဖြစ် ဆက်ဆံသည်။ အဆင်ပြေလျှင် သူတို့အဖွဲ့နှင့် ပူးပေါင်းရန်အထိဘဒင်အား နားချစည်းရုံးလျက်ရှိသည်။

စာမတတ်သော်လည်း အလွန်ရည်လည်သည့်ဘဒင်က ရဲဘော်ဖြူခေါင်းဆောင်အား ခိုင်းသမျှလုပ်ကိုင်ပေးပြီး ကြိုးရှည်ရှည်နှင့် လှန်ထားခဲ့သည်။ သာယာကုန်းရွာတစ်ဝိုက်မှ ဆက်ကြေးကို မှန်မှန်ကောက်ခံပေးနေခြင်းသည် ရဲဘော်ဖြူခေါင်းဆောင်အတွက် ယုံကြည်စရာဖြစ်လျက်ရှိလေသည်။

နေ့တစ်နေ့၏ ညနေပိုင်းတွင်ဖြစ်သည်။ ရဲဘော်ဖြူစိုးလင်းသည် ဘဒင်ထံ ရောက်လာသည်။ ဘဒင်က ဧည့်ခံကျွေးမွေးသော အစားအသောက်များကို စားသောက်ပြီး ကောက်ခံပေးထားသည့် ဆက်ကြေးများကိုယူ၍



ပြန်သွားသည်။ မင်းကုန်းရွာနှင့် အိုင်ကြီးရွာကြားတွင် တည်ရှိသော သစ်ပုပ်ပင်ရွာ၏ အရှေ့မြောက်ဘက်တွင် ချောင်းကြီးတစ်ချောင်းရှိသည်။ အလွန်မြင့်မားသည့် ချောက်ကမ်းပါးကြီးများ ကာရံထားသည့် ချောင်းဖြစ်၏။ စိုးလင်းနှင့်အဖွဲ့သည် ရေတိမ်ချောင်းကို ဖြတ်ကူးပြီး တစ်ဖက်ကမ်းပါး ပေါ်အတက်တွင် လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့၏ ညှပ်ပူးညှပ်ပိတ်တိုက်ခိုက် ခြင်းကို ခံကြရလေ၏။

တိုက်ခိုက်သည့်အဖွဲ့မှာ ဘဒင်၏အဖွဲ့ဖြစ်သည်။ ဘဒင်ကိုယ်စား ကိုစာကြီးက ခေါင်းဆောင်ကာ တိုက်ခိုက်ခဲ့ခြင်းဖြစ်၏။ အသက်ရှင်လျက်ကျန်ရစ်ခဲ့သည့်လူများကိုလည်း ဘဒင်ပေးလိုက်သည့်အမိန့်အတိုင်း တစ်ယောက်မကျန် သတ်ဖြတ်ပစ်ခဲ့သည်။

ထိုအချိန်မှစ၍ ဘဒင်၏ တန်ခိုးဩဇာသည် တစ်ရှိန်ထိုးကြီးမားသွားခဲ့သည်။ သူ့ဩဇာအာဏာသည် ရေးဘုရင်ခေတ်က မြို့စားတစ်ယောက်လိုနှုံးရှလာသည်။ တစ်နယ်လုံးက အလွန်ကြောက်ရွံ့ရိုသေခန့်ညားရသည့်လူတစ်ယောက် ဖြစ်လာသည်။ သူ့အား လက်သပ်မွေးထားခဲ့သော ရွှေခင်းသာမြို့မှအမတ် ဦးဘရင်အဖို့တော့ မွေးရကျိုးနပ်သည့်အကျော်အမော်တပည့်ကြီးတစ်ဦးဖြစ်လာခဲ့သည်။

ထိုအချိန်တွင် ကျေးရွာလုံခြုံရေးအဖွဲ့ခေါင်းဆောင်ဦးဘဒင်နှင့် ခေါ်ထွေးကြည်တို့သည် တစ်ရွာလုံးက ရိုသေခန့်ညားရသည့် 'စုံတွဲ' ဖြစ်လာသည်။ ငွေကြေးလည်း အများအပြား ချမ်းသာနေပြီ။ လယ်တွေယာတွေအတော်များများကိုလည်း ပိုင်ဆိုင်နေပြီ။ သာယာကုန်းရွာသို့ တစ်လလျှင်တစ် ခေါက်မှန်မှန် အလည်လာလေ့ရှိသောအမတ် ဦးဘရင်၏ အကြံပြုချက် နှင့်ကူညီစောင့်ရှောက်မှုအရ မိဘများ၏ လက်ထက်ကတည်းက ဘဒင်နေထိုင်ခဲ့သည့် တလင်းပြင်ပေါ်၌ တိုက်ခံအိမ်ကြီးတစ်လုံး ဆောက်လုပ်ထားပြီးပြီ။ ပြီးတော့ သူတို့တွင် 'ကျော်ထက်နှင့် ကျော်သက်' အမည်ရှိသားနှစ်ယောက်ပင် ရှိနေကြလေပြီ။

*

## ဒုတိယပိုင်း

### (၉)

သာယာကုန်းရွာ၏ အရှေ့မြောက်ဘက်ရွာအဝင်ဝတွင် နှစ်ထပ်ခံအိမ်ကြီး တစ်လုံးရှိသည်။ အောက်ထပ်အပြင်ဘက်တွင် ဆေးအဝါရောင်သုတ်ထားပြီး အတွင်းဘက်တွင် အစိမ်းနုရောင်သုတ်ထားသည်။ အပေါ်ထပ်သို့တက်သည့် ဧည့်ခန်းအပြင်အဆင်သည် တခမ်းတနားရှိလွန်းလှ၏။ ဧည့်ခန်းအပြင်အဆင်သည် တောမဆန်၊ မြို့ဆန်နေသည်။

အိမ်ကြီး၏ လေးဖက်လေးတန်ကို အုတ်တံတိုင်းကာထားသည်။ အိမ်ဝင်ပေါက်တံခါးကြီးသည် သံတံခါးဖြစ်၏။ အိမ်ဝင်းအနောက်ဘက်အဝင်တွင် သစ်သားအိမ်ကလေးတစ်လုံးရှိသည်။ ထိုအိမ်ကလေးများနှင့် တစ်ဆက်တည်းဆောက်ထားသည့် စပါးကျီမှာ ပျဉ်ကတိုးသားများဖြင့် တည်ဆောက်ထားခြင်းဖြစ်၍ ခိုင်မာတောင့်တင်းလှချေသည်။

တစ်ရွာလုံးတွင် အဆင်းရဲဆုံးသော မိဘများမှ ပေါက်ဖွားလာခဲ့သည့် တစ်ဦးတည်းသောသား ဘဒင်သည် အခုလို တိုက်ခံအိမ်ကြီးနှင့် တခမ်းတနားနေရလိမ့်မည်ဟု လုံးဝအိပ်မက်မက်ခဲ့သည်မဟုတ်ပေ။ သို့သော်လည်း ယခုအခါတွင်မူ သူ့အိမ်သည် သာယာကုန်းတစ်ရွာလုံးတွင် အကြီးဆုံးနှင့် အထည်ဝါဆုံးဖြစ်နေသည်။ ကျေးရွာကာကွယ်ရေးအဖွဲ့ခေါင်းဆောင်တစ်ယောက်ဖြစ်နေခြင်းကြောင့်လည်း သာယာကုန်းရွာ၌သာမက ပတ်ဝန်းကျင်တစ်ခွင်လုံး၌ တန်ခိုးအရှိန်အဝါကြီးသော လူတစ်ယောက်ဘဝသို့ ရောက်နေခဲ့လေပြီ။

ခပ်ရိုင်းရိုင်းပြောရမည်ဆိုပါက ဘဒင်သည် အဆံရှိသူမဟုတ်။ သို့သော်ကံနှင့်ဉာဏ်ကတော့ရှိသည်။ စာမတတ်ပေမတတ် လူတစ်ဦးဖြစ်သဖြင့် သူသည် မဲလုံးစားပြဂိုဏ်းတွင် ဂိုဏ်းသားတစ်ဦးဖြစ်ခဲ့သည့်အားလျော်စွာ လူဆိုးစာရင်းဝင်ဖြစ်ခဲ့ရ၏။ ထိုအမည်းစက်သည် သူ့ဘဝတစ်လျှောက်လုံး ဘယ်သောအခါမှ ပျောက်ပျက်သွားလိမ့်မည်မဟုတ်ပေ။

နောက်ခံ သူ့ဆရာဦးဘရင်သည် တစ်ခရိုင်လုံးတွင် စိုးမိုးခြယ်လှယ်နိုင်စွမ်းရှိသူဖြစ်ရုံမျှမက တပည့်မွေးရာ၌လည်း တော်သူဖြစ်၏။ တစ်ခရိုင်လုံးတွင် သူ့လက်စွဲတော်သုံးဦးမျှရှိရာ ဘဒင်သည် ညာလက်ရုံးနေရာ၌ ရောက်နေသူဖြစ်လေသည်။



ယခုဘဒင်နေသော တိုက်ခံအိမ်သည် သူ့ဆရာ၏အကြံဉာဏ်နှင့် အစီအမံဖြစ်သည်။ အိမ်ကိုအုတ်တံတိုင်းကာဖို့၊ တပည့်အချို့ကို မိမိ၏ အိမ်ဝင်းအတွင်း၌ နီးနီးနားနားထားဖို့စသည်များမှာ ဦးဘရင်၏ အကြံဉာဏ်များဖြစ်သည်။ ဘဒင်၏ အိမ်ဝင်းအတွင်း၌ အိမ်ငယ်လေးလုံးရှိရာ တစ်လုံးတွင် ကိုစာကြီးနေသည်။ ဒုတိယအလုံးတွင် သူ့ယောက်ဖကျော်အေး နေသည်။ ကျန်နှစ်လုံးတွင် လူပျိုလူလွတ်များဖြစ်သည့် တိုးကြီး၊ မောင်နီ၊ မောင်လှိုနှင့် စံနက်တို့ နေထိုင်ကြလေသည်။

အမှန်တော့ ဘဒင်သည် ကိုစာကြီးအား ညာလက်ရုံးအဖြစ် သတ်မှတ်ခဲ့စဉ်က ကူညီခဲ့သူဖြစ်၏။ ဓားပြတိုက်ထားသည့်ပစ္စည်းများကို ခွဲဝေယူရာ၌လည်း မဲလုံးထံမှ ရသမျှကို တရားမျှတစွာ တစ်ယောက်တစ်ဝက်စီခွဲဝေယူခဲ့သည်။ ကျန်ပစ္စည်းများကို ဂိုဏ်းသားများအား ခွဲဝေပေးသည့်အခါတွင်လည်း သူတို့နှစ်ယောက်သည် တစ်ယောက်တစ်စုစီမျှရခဲ့ကြသည် ဖြစ်ရာ မဲလုံးထံမှ ရသမျှနှင့် ပေါင်းလိုက်ပါက သူတို့သည် ဝေစုအများဆုံးရသူများ ဖြစ်လာခဲ့ကြလေသည်။

ဘဒင်၏ အနေအစားသည် ဟိုတုန်းကနှင့် ခြားနားခြင်းမရှိပေ။ ယခင်ကနှင့်စာလျှင် စကားအနည်းငယ် ပိုပြောသည်မှတစ်ပါး အခြားအပြုအမူ၊ အနေအထိုင်များသည် ပုံစံပြောင်းမသွားချေ။ သူသည် အရုပ်ဆိုးရသည့်အထဲ မျက်နှာထားက ဆိုးလှ၏။ သူ ရယ်သည်၊ ပြုံးသည်ကို သိပ်ပြီး မမြင်ရ။ ရွာသူရွာသားများကတော့ နောက်ကွယ်မှနေ၍ 'သရဲကြီး' ဟု ခေါ်ကြသည်။

ဘဒင်၏ယောက်ဖဖြစ်လာသော ကျော်အေးသည် ယခင်ကလိုပင် လယ်ယာလုပ်ငန်းကိုလုပ်နေသော်လည်း ဘဒင်ခိုင်းသမျှကိုလည်း လုပ်ပေးရသည်။ အမှန်တော့ ကျော်အေးသည် ဘဒင်လိုမဟုတ်။ ရိုးရိုးအေးအေးနေတတ်သော တောသားလယ်သမားတစ်ဦးမျှသာဖြစ်သဖြင့် ဘဒင်၏ဉာဏ်ရည်ဉာဏ်သွေးမျိုး မရှိချေ။ တစ်နေ့တခြား လူလည်လူပါးဖြစ်လာနေသော ဘဒင်ကလည်း ကျော်အေး၏အထာကို သိသည်။ သူ့လုပ်ငန်းတွင် ကျော်အေးကို သူ့နေရာနှင့်သူ အသုံးချလေ့ရှိ၏။

ယခင်က 'ဟော့ကောင်ဘဒင်'ဟု ခေါ်လေ့ရှိသော သူကြီးဦးဘိုးညဏ်သည် ဘဒင်အား 'ကိုဘဒင်'ဟု ပြောင်းခေါ်သည်။ ဘဒင်ကလည်း ဦးဘိုးညဏ်အား အပေါ်စီးနှင့် မဆက်ဆံ။ တလေးတစားပင် ဆက်ဆံသည်။

ကိုဘဒင်၏ဇနီး မထွေးကြည်မှာ အသားညိုစိမ့်စိမ့်နှင့် မိန်းမချောတစ်ဦးဖြစ်သည်။ ကျော်အေးနှင့် အထက်အောက်ဖြစ်၍ သူက အကြီးဖြစ်၏။ တောသူဖြစ်သဖြင့် ရိုးရိုးအေးအေးသမားတစ်ဦးပင် ဖြစ်သည်။ အမှန်အတိုင်းပြောရလျှင် သူသည် ကိုဘဒင်အား ချစ်လှကြိုက်လှသည်မဟုတ်။ အိမ်တွင် အဝင်အထွက်များပြီး အနေနီးစပ်၍သာ တစ်ယောက်ကိုတစ်ယောက် ခင်တွယ်ခဲ့ကြရခြင်း ဖြစ်၏။ သူသည် ဘဒင်၏ နေပုံထိုင်ပုံကို သဘောကျသော်လည်း တချို့သော လုပ်ပုံကိုင်ပုံများကိုမူကား မကြိုက်ပေ။ သို့သော်လည်း တောသူပီပီဝင်ရောက်စွက်ဖက်ခြင်း မပြု၊ ကိုဘဒင်ကလည်း ဝင်ရောက်စွက်ဖက်ခြင်းကို လက်မခံ။

သူတို့တွင် သားနှစ်ယောက်ရှိ၍ သားအကြီးမှာ ကျော်ထက်၊ သားအငယ်မှာ ကျော်သက်။ အကြီးကောင်ကျော်ထက်သည် သူ့အဖေကိုဘဒင်နှင့် ဆင်သော်လည်း အငယ်ကောင်မှာ သူ့အမေနှင့် ဆင်သည်။ အသားလည်း ပိုဖြူရုံမျှမက စိတ်နေစိတ်ထားလည်း ပိုမို၍ နူးညံ့ပျော့ပျောင်းသည်။ ကျော်ထက်မှာ စိတ်နေစိတ်ထားကြမ်းတမ်းရိုင်းစိုင်းသည်။ ရက်စက်ကြမ်းကြုတ်သောသဘောလည်း ရှိ၏။ ညီအစ်ကိုနှစ်ယောက်၏ စိတ်နေသဘောထားသည် တောင်နှင့်မြောက်ပမာ ကွာခြားနေသည်ကို မိခင်မထွေးကြည်ကကောင်းစွာ ရိပ်မိခဲ့လေသည်။

ငယ်စဉ်က စာပေ သင်ကြားခွင့် မရခဲ့သော ကိုဘဒင်သည် သူ့သားများကို ရွှေခင်းသာမြို့သို့ ပို့၍ ကျောင်းထားသည်။ သူ့ဆရာဦးဘရင်၏ အိမ်မှနေ၍ ကျောင်းတက်စေခြင်းဖြစ်၏။ ကျော်ထက်က စာတွင် စိတ်မဝင်စားသော်လည်း ကျော်သက်က စိတ်ဝင်စားသည်။ ပေါင်းသင်းဆက်ဆံရာတွင်လည်း ကျော်သက် ပြေပြစ်သလို ကျော်ထက်က ပြေပြစ်ခြင်းမရှိ။ ကျော်ထက်အား ကျောင်းသားများက ရန်လိုသည့် ကျောင်းသားတစ်ယောက်အဖြစ်မြင်ကြသည်။ ဤသည်မှာ ကျော်ထက်နှင့်ကျော်သက် ညီအစ်ကိုတို့၏ခြားနားမှုများပေတည်း။



(၁၀)

'ကိုဘဒင်၊ ဘာလုပ်ချင်လို့ခေါ်တာလဲ'

ကိုစာကြီးက လင်ပန်းထဲမှ ရေနွေးကြမ်းပန်းကန်ကို လှမ်းယူကာ တစ်ရှုတ်မျှသောက်လိုက်ပြီး မေးသည်။ ကိုဘဒင်က ချက်ချင်းအဖြေမပေးသေးဘဲ သူ့အကျင့်အတိုင်း ဒူးနှစ်လုံးကိုလှုပ်ရင်း မေးစေ့ကို လက်မဖြင့်ပွတ်နေသည်။ ဘေးနား၌ ထိုင်နေသည့် ကျော်အေးကတော့ ဘာမှမဝင်မပြော။

'ကျုပ် တစ်ခုလုပ်မလားလို့'

'အင်း။ ဘာလုပ်မှာလဲ'

'ကျုပ်တို့ရွာအတွက် အမိန့်တစ်ခု ထုတ်မလားလို့'

'ဘာအမိန့်လဲ'

'အရက် မသောက်ရ၊ အရက်မချက်ရ၊ အရက် မရောင်းရ၊ ဘိန်း မရှူရ၊ ဘိန်းမစားရ၊ ဘိန်း မရောင်းရ။ ဖဲမရိုက်ရ၊ ကာက်မဆွဲရ၊ ဂျင် မထိုးရ၊ ကြက်နွားမတိုက်ရ၊ ပစ္စည်းမခိုးရ၊ မိန်းကလေးတွေကို မတော်မတရားမပြုရစတဲ့ ဟာတွေပေါ့ဗျာ'

'အင်း ကောင်းသားပဲ၊ မဆိုးပါဘူး'

'စာကို ကျော်အေးက ရေး၊ စာထဲမှာ မလိုက်နာတဲ့လူ အပြစ်ပေးခံရမယ်လို့ထည့်ရေး။ ပြီးတော့ အောက်ဆုံးက ဘဒင်လို့ ငါ့နာမည်တပ်လိုက်'

ကျော်အေးက 'ဟုတ်ကဲ့'ဟု ပြောကာ ခေါင်းညိတ်သည်။ ရက်အနည်းငယ်မျှအတွင်း 'ဘဒင်'ဟု အမည်တပ်ထားသော စာရွက်များသည် ရွာတိုင်းမှသူကြီးများ လက်တွင်းသို့ ရောက်လာသည်။ ခဲတံနှင့်ရေးထားသော ဤအမိန့် စာရွက်ကြောင့် တစ်နယ်လုံးလှုပ်ရှားသွားသည်။

နယ်သူနယ်သားများအဖို့ ဘဒင်သည် အထင်ကြီးစရာ လူတစ်ယောက်မဟုတ်ပေ။ တစ်ချိန်က သူရင်းငှားတစ်ယောက်မျှသာ ဖြစ်လေ၏။

'ကကြီးပုတ်လောက်ရေး ပြလို့တောင်မှ အဲဒါဘာကြီးလဲလို့ မေးမယ့်ကောင်က အမိန့်တွေ ဘာတွေ ထုတ်နေပါပေါ့လားကွာ' ဟု တချို့ကပြောကြသည်။ တချို့ကတော့–

'အရက်မသောက်ရဆိုတဲ့အထဲမှာ ထန်းရည်ကော ပါသလားကွာ'ဟု

ခရုရွှတ်ကြ၏။

'ဟေ့ကောင်ကျော်အေး၊ မင်းယောက်ဖအမိန့်ထဲမှာ ထန်းရည်တော့ မပါဘူးနော်၊ မေးကြည့်ပေးပါဦးကွာ'

ဟု သူငယ်ချင်းဖြစ်သူ မောင်နက်က ပြောသည်။

ကျော်အေးက ခေါင်းကို ဖြစ်ဖြစ်မည်အောင်ကုတ်ကာ–

'ငါလည်း မပြောတတ်ပါဘူးကွာ။ မေးကြည့်ပေးပါ့မယ်' ဟု ပြန်ပြောသည်။

မည်သို့ပင်ဖြစ်စေ၊ ဘဒင်အမိန့်၏ နောက်ဆက်တွဲဖြစ်ရပ်များကား များလှ၏။ သူ ချမှတ်ထားသည့် တားမြစ်ချက်များကို ဖောက်ဖျက်သူများသည် ပထမဦးစွာ ကြိမ်ဒဏ်အချက် ၃၀ အရိုက်ခံရသည်။ တချို့ကျတော့ တစ်နေ့တာ နေလှန်းခံရသည်။ အကျီချွတ်ခိုင်းပြီး ပုဆိုးကို ခါးတောင်းကျိုက်ခိုင်းကာ နေဘက်လှည့်၍ သစ်ပင်တွင် ကြိုးနှင့်တုပ်ထားခြင်း ဖြစ်လေသည်။

ဒုတိယအကြိမ် ချိုးဖောက်ပါမူကား–လက်သို့မဟုတ် ခြေတစ်ဖက်ကျိုးသည်အထိ အရိုက်ခံရသည်။ ပထမတွင် အပြစ်ဒဏ်ခတ်သည့်အလုပ်ကို ကိုဘဒင်ကိုယ်တိုင် ရှာစဉ်လှည့်၍ လုပ်သည်။ နောက်ပိုင်းကျတော့ တိုးကြီးနှင့်အဖွဲ့ကို စေလွှတ်ပြီး လုပ်ခိုင်းသည်။ တစ်ခါတစ်ရံတွင် ခြေလွန်လက်လွန် လုပ်မိခဲ့သည်များလည်း ရှိသည်။ ခြေလွန်လက်လွန်ဟုဆိုရာ၌ အချို့မှာ လူစဉ်မမီ ဖြစ်သွားသည်အထိ အရိုက်ခံရခြင်း ဖြစ်သည်။

မကျေနပ်၍ ရှခင်းသာအထိသွားပြီး တိုင်ကြားပါက တိုင်ကြားသူသည် ပျောက်သွားတတ်သည်။ လူရော အသက်ပါ ပျောက်သွားခြင်းဖြစ်၏။ အကယ်၍ ပျောက်ဆုံးသွားသူအား လိုက်လံရှာဖွေပါက ရှာဖွေသူမှန်သမျှ ဒုက္ခနှင့် ကြုံကြရသည်။ မည်သူ့လက်ချက်ဖြစ်သည်ကို သိနေကြသော်လည်း ဘယ်သူကမှ အမည်နာမထုတ်ဖော်မပြောရဲ။ ဤသို့ဖြင့် ကိုဘဒင်သည် တစ်နယ်လုံးတွင် ကြောက်မက်ဖွယ်အကောင်းဆုံး လူတစ်ဦး ဖြစ်လာခဲ့လေပြီ။

ရှခင်းသာမှ သူ့ဆရာဦးဘရင်သည် သူ့တပည့်ကျော် ဘဒင်ကို အကြောင်းမကြားဘဲ၊ မသိဘဲနေသည်မဟုတ်။ ဘဒင်လုပ်သမျှကို ကြားနေ၊ သိနေသည်။ သို့တစေလည်း သူသည် ပြောင်ပြောင်တင်းတင်း မတားနိုင်၊



မတားရဲ။ အကယ်၍ တားမြစ်ခဲ့ပါက သူ့စကားကို ဘဒင်က နားထောင်လျှင် ကောင်းပါ၏။ နားမထောင်ဘဲ ထော်လော်ကန့်လန့်လုပ်ခဲ့ပါမူ သူသာလျှင် နာဖို့အကြောင်းတွေက ရှိနေသည်မဟုတ်ပါလား။

*

(၁၁)

'ငါ့သမီး ထွေးကြည်မတစ်ယောက်လည်း ပိန်လှချည်လားဟယ်၊ ညည်း ဘာဖြစ်နေတာလဲ'

အမေဖြစ်သူဒေါ်ခက သူ့သမီးအား ခြေဆုံးခေါင်းဆုံးကြည့်ပြီး စိတ်မကောင်းဖြစ်သည့်လေသံဖြင့် မေးသည်။ ထွေးကြည်မက ချက်ချင်းအဖြေမပေးဘဲ သက်ပြင်းတစ်ချက်ချသည်။

'သားအမိချင်းပဲ ထွေးကြည်ရယ်။ ညည်းမှာ စိတ်ညစ်စိတ်ရှုပ်စရာရှိရင် အမေ့ကို ဖွင့်ပြောပေါ့၊ အမေတတ်နိုင်တာရှိရင်လည်း ကူညီတန် ကူညီရတာပေါ့'

ထွေးကြည်သည် စဉ်းစားချိန်ဆလျက် ရှိသည်။ အတန်ကြာမှ

'အိမ်ကလူကိစ္စပါ အမေရယ်'

ဟု ပြောသည်။

'ကိုဘဒင် လုပ်နေတာတွေကို ကျွန်မ မကြိုက်ဘူးအမေ'

ဒေါ်ခသည် ခေါင်းတညိတ်ညိတ်လုပ်နေသည်။

'အမေတို့လည်း သိတယ်သမီး၊ တို့လည်း သဘောမကျဘူး။ ညည်းအဖေကဆိုရင် ခဏခဏပြောတယ်။ သူ့သားကျော်အေးကိုတောင် ဘဒင်နဲ့ ကင်းအောင်နေဖို့ ပြောနေတယ်'

ထွေးကြည်က ခေါင်းယမ်းသည်။

'မဖြစ်နိုင်ဘူးအမေ။ ကျော်အေးက အခုမှ ခွာလို့ရမယ်မထင်တော့ဘူး။ ခွာရင် သူ့ကို ရန်ပြုတော့မှာပဲ'

'ခက်တာပဲဟယ်၊ ညည်းကကော မပြောဘူးလား။ လင်နဲ့မယားဆိုတော့ ပြောလို့ ရချင်ရမှာပေါ့၊ ညည်းပြောကြည့်ပါလား'

'ကျွန်မပြောကြည့်ပြီးပြီအမေ။ မရဘူး။ ဒါငါ့အလုပ် နင့်အလုပ်မဟုတ်

ဘူးလို့ ပြောတယ်။ သူလုပ်နေတာတွေကို ကြည့်ပြီး ကျွန်မတစ်ရက်မှ စိတ်မချမ်းသာဘူး။ သူ့ကိုလည်း စိတ်ပျက်လာတယ်။ ကြောက်လည်း ကြောက်လာတယ်။'

ဒေါ်ခသည် သူ့သမီးကို ကြည့်ကာ များစွာ စိတ်မောလျက်ရှိသည်။ အမှန်အတိုင်း ဝန်ခံရမည်ဆိုပါက ဒေါ်ခသည် သူ့သမီးအား ဘဒင်နှင့် သဘောတူခဲ့သည်မဟုတ်ပေ၊ သူသာလျှင် မဟုတ်။ သူ့ယောကျ်ားဦးသာ မြတ်ကလည်း သဘောမတူခဲ့။ တစ်ချိန်က 'ဓားပြ' ဖြစ်ခဲ့ဖူးသည်ဟူသော အသိကြောင့်ဖြစ်၏။ သို့သော်လည်း ဖြစ်သွားသည့်အခါ ကံကိုပုံ၍ စိတ်ဖြေခဲ့ကြသည်။ ဘဒင်အား ယခင်ကလို ဆိုးလိမ့်မည်ဟုလည်း မတွက်ခဲ့။ ယခုသော်မူ ဘဒင်သည် ဖြည်းဖြည်းချင်း အစွယ်ထွက်လာသည့် ဘီလူး တစ်ကောင်နှင့် တူလာလျက်ရှိလေပြီ။

ဘဒင်ဆိုးပုံမှာ တစ်မျိုးဖြစ်၏။ အရက်မကြိုက်၊ ဖဲမရိုက်၊ မိန်းမဝါ သနာမရှိ။ သို့သော်လည်း ငွေကြေးမက်သည်။ ချမ်းသာသည်ထက် ချမ်းသာကြွယ်ဝလိုသော လောဘကြီးလွန်းသည်။ သူဉာဏ်မီသလောက်တွေး ပြီး သူကောင်းသည် ထင်ရာကို လုပ်ချင်တတ်သော ဉာဉ်ရှိသည်။ အကယ်၍ သူလုပ်နေသည်များကို ပိတ်ပင်ဟန့်တားလာပါက ထိုသူများအား ရန်ပြု သည်၊ ရန်ပြုရာ၌လည်း အသိဉာဏ် အလွန်နည်းသည့် 'ဒုံးတိုက်' ဖြစ်သဖြင့် လူအများက ကြောက်ရွံ့ခဲ့ငြားအောင် အသေအကျေ လုပ်တတ်လေသည်။

သူ့စိတ်ကူးနှင့် သူ့အလုပ်ကို လုပ်ရာ၌ သူကိုယ်တိုင်လုပ်သည်က နည်း၍ သူမွေးထားသည့် ကိုစာကြီးမှတစ်ဆင့် တိုးကြီး၊ မောင်နီ၊ မောင်လှိုနှင့် ငနက် တို့အား အသုံးချတတ်သည်။ သူခိုင်းခဲ့သည့် ကိစ္စပေါ်သွားပါကလည်း သူ့လူ အား အစွမ်းကုန် အကာအကွယ်ပေးလေ့ရှိ၏။ သူ့လူများကလည်း ယခင်က ထက် ဇက်ရဲလက်ရဲဖြစ်ဖြစ်လာသည်။ တစ်ခါတစ်ရံတွင် ကိုဘဒင်ကိုပင် အကျိုးအကြောင်းမပြောတော့ဘဲ သူတို့နည်း သူတို့ဟန်နှင့် ရှင်းပစ်လေ့ရှိ သည်။ သတင်းကြား၍ မေးမြန်းသည့်အခါကျမှ–

'ဒီကောင်က ဆရာကြီးကို ပခုံးချင်းတိုက်မလို့ လုပ်နေတဲ့ကောင် ဆရာ ကြီးရဲ့၊ ဒါ့ကြောင့် ရှင်းပစ်တာ'

ဟု အကြောင်းပြကြသည်။



မထွေးကြည်သည် မိန်းမဖြစ်၍ မိန်းမတွေးသာ တွေးကာ သောက ကြီးနေ၏။ ကိုဘဒင်လုပ်သမျှသည် သူ့အဖို့ ပူပန်စရာတွေချည်းသာဖြစ်နေ သည်။ ဤကြားထဲ ကိုဘဒင်၏လက်ချက်ဖြင့် ဒုက္ခရောက်ရသူများမှာ တစ်နယ်တည်းသားချင်းတွေဖြစ်၍ မျက်နှာပူရ၏။ သူသာလျှင်မဟုတ်၊ သူ့မောင်ကျော်အေးမှာလည်း မျက်နှာပူရသူဖြစ်သည်။

ပထမတော့ကျော်အေးသည် ဘဒင်၏အလုပ်များကို လုပ်ပေးရသည့် အတွက် အလွန်ကျေနပ်သာယာခဲ့သည်။ သို့သော်လည်း သူသည် လက် ရဲဇက်ရဲ လုပ်တတ်သူမဟုတ်သဖြင့် အခက်အခဲများစွာတွေ့ရ၏။ သူတွင် ရိုက်ရဲနှက်ရဲ ခုတ်ရဲထစ်ရဲသည့် အရည်အချင်းက လုံးဝမရှိ။ ထိုအားနည်း ချက်ကြောင့် သူသည် ဘဒင်အတွက် တန်ဖိုးမရှိသည့် လူတစ်ယောက်ဖြစ် နေသည်။

သို့သော်လည်း ဘဒင်သည် ကျော်အေးအား တစ်နည်းတစ်ဖုံအသုံး ချသည်။ သူ့လုပ်ငန်းများတွင် စာရင်းအင်းမှတ်ခိုင်းသည်။ စာရေးစရာ အလုပ်ပေါ်လာလျှင် ခေါ်ခိုင်းသည်။ တစ်ခါတစ်ရံကျတော့လည်း မလွှဲ သာမရှောင်သာသဖြင့် တိုးကြီးတို့အဖွဲ့နှင့်လိုက်ခိုင်းရသည်များရှိတတ်သည်။ တစ်ကြိမ်တွင်မူ

'အမယ်လေးဗျ၊ ကျုပ်နောက် မလုပ်တော့ပါဘူးဗျ'

အော်သူမှာ ကန်ဦးရွာသား ထွန်းတင်ဖြစ်သည်။ သူ့အား ဝါးဆစ်တုတ် ရှည်ကြီးဖြင့် လွဲ၍လွဲ၍ ရိုက်နေသူမှာ တိုးကြီး။ ကျဲရိုက်နွားရိုက်ရိုက်နေ ခြင်းဖြစ်၍ ဘေးမှကြည့်နေသူများအနေဖြင့် ကြည့်ရက်စရာမရှိ။ မြင်ရက် စရာမရှိ။

'ကျွန်မတောင်းပန်ပါတယ် တော် ထပ်မရိုက်ပါနဲ့တော့။ ကျွန်မယောကျ်ား သေပါတော့မယ်၊ ကယ်ကြပါဦး အရပ်ကတို့'

ဘေးမှ အော်ဟစ်နေသူမှာ ထွန်းတင်၏မိန်းမ မလှဆင့်ဖြစ်သည်။ နောက်ဆုံး တွင် အတင်းပြေးဝင်လာပြီး တိုးကြီး၏လက်ကို ဆွဲသည်။

'ဟဲ့ကောင်မ ငါ့ကိုမဆွဲနဲ့၊ နင်ပါအသက်ထွက်သွားချင်သလား'

ဟု တိုးကြီးအော်ကာ အတင်းရုန်းသည်။ တိုးကြီးသည် လက်ထဲမှ ဘုတ်ကို လွှတ်ပေးလိုက်သည်။ မလှဆင့်သည် အရှိန်နှင့်အားလွန်ပြီး ထော်

လက်လန်လဲသည်။

တိုးကြီးက မလှဆင့်အား ခြေထောက်နှင့် ကျုံးကျုံးကန်သည်။ ဆံပင်ကို စုဆွဲထူကာ ပါးနှစ်ဖက်ကို ဘယ်ပြန်ညာပြန်ရိုက်သည်။

'ဟေ့လူ ကိုတိုးကြီး၊ ခင်ဗျား ဘယ်လိုလုပ်နေတာလဲ။ တော်တော့ဗျာ'

ဟု အော်ဟစ်ကာ ကျော်အေးက အတင်းဝင်ဖက်သည်။ ကျော်အေးအပေါ်သို့ ပြောင်းသွားသည်။ ကျော်အေး၏ မျက်ခွက်ကို လက်သီးနှင့်ထိုးသည်။ ပထမသုံးလေးချက်အထိတွင် ပြန်မလုပ်သော်လည်း ဖင်ထိုင်လဲချသွားသည့်အခါတွင် ကျုံး၍ထကာ တိုးကြီးအားပြန်ထိုးသည်။ သူတို့နှစ်ယောက် ရန်ပွဲကို မောင်နီ၊ မောင်လှိုနှင့် စံနက်တို့က အတင်းဝင်၊ အတင်းဖျင်ကြရ၏။

ထိုကိစ္စသည် ကိုစာကြီးမှတစ်ဆင့် ကိုဘဒင်ထံရောက်သွားသည်။

'ထွန်းတင်တို့လင်မယားက ကျုပ်တို့နဲ့ခင်နေတာဗျ။ ကန်ဦးရွာနဲ့ ကျုပ်တို့ရွာကလည်း နှစ်ရွာတစ်ရွာနေတာ၊ ဒီလောက်အထိ လုပ်ဖို့ဘယ်ကောင်းမလဲ။ ဒါကြောင့် ကျုပ်ကဝင်ပြောတာ။ ပြီးတော့ သူက ထွန်းတင်မိန်းမကို မတရားရိုက်နေတော့ ကောင်းပါ့မလားဗျာ'

ဟု ကျော်အေးက မျက်ရည်တွေ အရွဲသားဖြင့် ရှင်းပြသည်။

ကျော်အေးမျက်ရည်ကျသည်မှာ သတ္တိကြောင့်၍မဟုတ်၊ တိုးကြီးလုပ်ပုံများကို မတရားဟုယူဆကာ မခံချင်လွန်း၍ဖြစ်သည်။ မျက်ရည်ဆိုသည်မှာ ဝမ်းနည်းလျှင်လည်းကျတတ်၍ ဒေါသကြီးလွန်းလျှင်လည်း ကျတတ်သည်မဟုတ်ပါလား။ ကိုဘဒင်ကတော့ သူ့အကျင့်အတိုင်း ဒူးနှစ်လုံးကို လူပ်ယမ်း၍ မေးစိကိုပွတ်ကာ နားထောင်နေသည်။

'နောက်ကိုလည်း ဘယ်တော့မှ ကျော်အေးကိုခေါ်မသွားနဲ့။ ဟိုအကောင်ကျော်အေးကလည်း လုံးဝမလိုက်နဲ့။ နောင်ကို ကိုယ့်အချင်းချင်း ရန်ဖြစ်ရင်နှစ်ကောင်စလုံး သတ်ပစ်မယ်'

ဤစကားသည် ကိုဘဒင်၏ဆုံးဖြတ်ချက်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေထိုနေ့မှစ၍ တိုးကြီးနှင့် ကျော်အေးသည် ရန်သူများဖြစ်သွားကြသည်။ မတည့်သူချင်း အတူနေဖို့ဆိုသည်မှာ မဖြစ်နိုင်။ ဤသို့ဖြင့် ကျော်အေးတို့မိသားစုသည် သူ့ဖခင်ဦးသာမြတ်ထံသို့ ပြန်ရောက်သွားခဲ့လေ၏။



(၁၂)

နွေမှသည်မိုး၊ မိုးမှသည် ဆောင်း၊ ရာသီတွေ ပြောင်းပြောင်းလာခဲ့သည်။ ရွှေခင်းသာမြို့ပေါ်ရှိ အစိုးရအထက်တန်းကျောင်း၌ ပညာသင်ကြားနေကြသည့် ကျော်ထက်နှင့် ကျော်သက်တို့ ညီအစ်ကို၏ ဘဝများသည်လည်း သိသိသာသာကြီး ပြောင်းလဲသွားသည်။ ကျောင်းနေစက တစ်တန်းကြီးတစ်တန်းငယ် ဖြစ်နေခဲ့ကြသော ညီအစ်ကိုသည် ငါးတန်းအရောက်တွင် တစ်တန်းတည်း အတူတူဖြစ်သွားသည်။ ထိုနှစ်တွင် ညီကျော်သက်က လေးတန်းအောင်၍ ငါးတန်းတက်လာသည်။ အစ်ကိုကျော်ထက်က ငါးတန်းကျ၍ ငါးတန်းမှာပင် နေရသည်။

နှစ်စဉ် နွေရာသီရောက်တိုင်း ရွာသို့ ပြန်လာလေ့ရှိသော ညီအစ်ကိုသည် တပူးတွဲတွဲနေကြသည် မဟုတ်။ ကိုယ့်ဝါသနာနှင့်ကိုယ် တစ်မျိုးတစ်ဘာသာစီနေကြသူများ ဖြစ်၏။ အကြီးကောင်ကျော်ထက်သည် ရွာပြန်ရောက်သည်နှင့် တစ်ပြိုင်နက် တိုးကြီးတို့လူစုနှင့်သာ တွဲသည်။ တိုးကြီးတို့သွားရာ နောက်သို့ တကောက်ကောက်လိုက်သည်။ ကျော်သက်တော့ သူ့အမေနားမှ သိပ်မခွာ။ အဘိုးအဘွားအိမ်သွားလည်လိုက်၊ ရွာထဲမှ သူငယ်ချင်းများထံ သွားလည်လိုက်၊ သူငယ်စဉ်က ပညာသင်ခဲ့သည့် ဘုန်းကြီးကျောင်းသွားလည်လိုက်နှင့်သာ အချိန်ကုန်သည်၊ နေထိုင်ပုံချင်းက လုံးဝမတူ။ ကျော်ထက်က ခပ်ကြမ်းကြမ်း၊ ခပ်ရိုင်းရိုင်း။ ကျော်သက်က ခပ်အေးအေးနှင့် သိမ်သိမ်မွေ့မွေ့။

မည်သို့ပင်ဖြစ်စေ၊ ကျော်ထက်သည် ရှစ်တန်းအထိတော့ သူ့ညီအားအမီလိုက်နိုင်ခဲ့သည်။ ရှစ်တန်းစာမေးပွဲတွင်မူ ကျကုန်ရစ်ခဲ့သည်။ ထိုနှစ်တွင် သူသည် သူ့အဖေ၏ ဆန္ဒကို ဆန့်ကျင်၍ ကျောင်းမှ ထွက်သည်။ ထိုစဉ်က အဖေကိုဘဒင်နှင့် သားကျော်ထက်တို့လည်း ကြောက်မက်ဖွယ်ကောင်းလောက်အောင် ပဋိပက္ခဖြစ်ခဲ့ကြသည်။ ဤပွဲတွင် ကိုဘဒင်ဘက်က အလျှော့ပေးသွားသည်ဟု ဆိုရမည်ဖြစ်၏။ သူ့သားအကြီးဆုံး ကျောင်းမနေသည်ကို ဘာမှမပြော။ သူ့တပည့်များနှင့် တပူးတွဲတွဲနေသည်ကိုလည်း တားမြစ်ခြင်းမပြု။

ကျော်ထက်သည် အသက်ငယ်ငယ်နှင့် မကောင်းမှုဒုစရိုက်တွင် ဇွဲ

လျော့သူဖြစ်သည်။ အကျိုးပေးသူလည်း ဖြစ်၏။ သူသည် တိုးကြီးတို့နှင့် တွဲ၍ သူ့အဖေလုပ်ငန်းတွင် ကိုယ်ထိလက်ရောက်ပါဝင်ခဲ့သည်။ ဖခင်၏ အမွေကို သူက ဆက်ခံဖို့ ကြိုးစားနေသည်ဟုပင် လူအများက ပြောစမှတ် ပြုလာကြသည်။

သို့သော်လည်း ကျော်ထက်သည် သူ့အဖေနှင့် အကျင့်စရိုက်မတူပေ။ သူ့အဖေက အရက်မုန်းသည်။ သူက အရက်ကြိုက်သည်။ သူ့အဖေက မိန်းမဝါသနာမပါ၊ သူက ဝါသနာကြီးသည်။ မတူညီသော ထိုစရိုက်နှစ်ခု ကြောင့် အဖေနှင့်သားသည် တရင်းတနှီးမရှိကြတော့ဘဲ အမြဲတမ်းလိုလို တပူပူတဆူဆူ ဖြစ်နေခဲ့ရာမှ နောက်ဆုံးတွင် သားအဖချင်း မျက်နှာချင်း မဆိုင်နိုင်တော့သည့်ဘဝသို့ ဆိုက်ရောက်သွားခဲ့လေ၏။

ကိုဘဒင်သည် သားအကြီးနှင့်သာ အဆင်မပြေဖြစ်သည်မဟုတ်။ သားငယ်နှင့်ပါအဆင်မပြေခြင်းဖြစ်သည်။ ကျောင်းပိတ်၍ ရွာပြန်ရောက်လာ တိုင်း ကျော်သက်သည် သူ့အဖေသတင်းများကိုကြားရသည်။ အကောင်း သတင်းများ မဟုတ်။ မကောင်းသတင်းများချည်းသာဖြစ်၏။ ဘယ်အချိန်က ဘယ်သူ့ကို ရိုက်သတ်ခဲ့သည်။ ဘယ်တုန်းက ဘယ်သူ့ကို ရက်ရက်စက်စက် ညှဉ်းပန်းခဲ့သည်။ ဘယ်နေ့ ဘယ်ရက်က ဘယ်သူ့ထံမှ ဆက်ကြေးငွေ ဘယ်လောက်တောင်းခဲ့သည်။ စသည် စသည်များ ဖြစ်လေသည်။

'မင့်အဖေ သရဲကြီးက မဟန်ပါဘူးကွာ။ တို့ရွာသားတွေကို နှိပ်စက် တယ်ကွ။ မင်း ပြောရဲရင် ပြောစမ်းပါဦးကွာ'

ဟု ကျော်သက်၏ကျောင်းနေဖက် သာထူးက ပြောသည်။

'ဘယ်လိုနှိပ်စက်တာလဲကွာ၊ မင်းတို့ ဘယ်လိုခံနေကြရလို့လဲ' ဟု ကျော်သက်က ပြန်မေးသည်။

'ဟာကွာ၊ နှိပ်စက်တာကတော့ မျိုးစုံပဲ။ သူက သူ့တပည့်တွေနဲ့ လွှတ် ထားတာကွ။ သူက ပြောတယ်၊ အရက် မသောက်ရဘူးတဲ့။ ကောင်းပါ တယ်ကွာ။ ဒါပေမဲ့ သောက်တတ်တဲ့လူနဲ့ကျတော့ ခက်ကုန်ပါရော။ သူက ခေါ်ပြီး ရိုက်တယ်ကွ။ နေပူလှန်းတယ်ကွာ။ ရိုက်တာကတော့ ရိုက်ပေါ့ ကွာ။ ဒါပေမဲ့ သူက ကိုယ်လက်အင်္ဂါချို့ယွင်းအောင် ရိုက်တာကွ၊ ဒါကျ တော့ မကောင်းဘူးပေါ့ကွာ'



ကျော်သက်က သက်ပြင်းချသည်။

'ဒီလောက်တောင်ပဲလားကွာ၊ မင်းပြောနေတာတွေဟာ ဟုတ်မှဟုတ်ရဲ့ လား'

'ဟုတ်သမှ သိပ်ဟုတ်တာပေါ့ ကျော်သက်ရာ။ ဟုတ်လွန်းလို့ ဟုတ်။ ဟုတ် ဟုတ်နဲ့တောင် မြည်နေပါသေးတယ်မောင်ရာ'

သာထူးက တံတွေးကို ထွီခနဲ ထွေးထုတ်လိုက်သည်။ 'ဒါတင်မကာ သေးဘူးကွ။ မင့်အဖေက သူ့ကို အာခံတယ်လို့ကြားရင် အဲဒီလူကို သတ် ပစ်တယ်ကွ။ တစ်ခါတလေ သူကိုယ်တိုင်လုပ်တာ၊ အများအားဖြင့်တော့ တိုးကြီးဆိုတဲ့ သူ့တပည့်နဲ့ သတ်ခိုင်းတာ'

ကျော်သက်အဖို့ စကားများသည် စဉ်းစားစရာများ ဖြစ်ခဲ့ရ၏။ သူ ကြားခဲ့သောသတင်းများ မှန်၊ မမှန်ကို သူ့ဦးလေးကျော်အေးအား မေး သည်။

'ဟာ ဟေ့ကောင်၊ မင်း ဘာတွေ လာမေးနေတာလဲ။ အဲဒါတွေ မင်းနဲ့ မဆိုင်ဘူး၊ မင်းက ကလေးပဲ ကလေးလိုနေစမ်း' ဟု ကျော်အေးက ဒေါသ တကြီးနှင့် မာန်လားမဲလားလုပ်သည်။

ကျော်သက်သည် သူ့အဘွားနှင့် အဘိုးထံကပ်မေးသည်။ ထိုအခါကျ တော့လည်း အကြောင်းစုံကို သိလာရ၏။ အထူးသဖြင့် အဘွားက တိုးတိုး တိတ်တိတ်ကြိတ်ကာ သူသိထားသမျှအားလုံးကို ပြောပြသည်။ ကျော်သက် သည် အသက်သာ ငယ်သေးသော်လည်း အသိဉာဏ် ဗဟုသုတဖက်တွင် အဖေနှင့် အမေထက်သာလွန်နေသူဖြစ်၏။ သူကြားရသည့် သတင်းများ အတွက် စိတ်ထိခိုက်ရ၏။ သူ့အမေကိုလည်း သူ မမေးရက်။ သူ့အမေ ကို သနားခြင်းကြောင့် ဖြစ်လေသည်။

ထိုအချိန်မှစ၍ ကျော်သက်သည် သူ့အဖေနှင့် ခပ်ကင်းကင်းဖြစ်လာ ခဲ့သည်။ ယခင်ကလို သိပ်ပြီး တရောတနှောမနေ။ နဂိုကတည်းက တစ် ယောက်တည်း မြုံစိစိနေတတ်သောကိုဘဒင်ကတော့ သူ့သားကျော်သက် အချိုးပြောင်းနေသည်ကို သတိမထားမိ။ ကျော်သက်ကလည်း သူ့အဖေ သတိထားမိလောက်အောင်မနေ။ မည်သို့ပင်ဖြစ်စေ ရှစ်တန်းကျောင်းသား တစ်ယောက်ဖြစ်သော၊ စာအလွန်ဖတ်သော ကျော်သက်အဖို့တော့ သူ့အဖေ ၏ လုပ်ရပ်များသည် ဘဝင်မကျစရာ ဖြစ်နေခဲ့ရလေပြီ။

(၁၃)

အညာဒေသ၏ ဆောင်းလေသည် အေးမြလွန်းလှချေသည်။ မထွေးကြည်သည် အိပ်ရာထက်၌ စောင်ခြုံပြီး ကွေးနေသော်လည်း အိပ်၍မပျော်သေး။ သူ့သားကြီးကျော်ထက် ပြန်ရောက်မလာသေးခြင်းနှင့် ရာသီဥတုက အေးလွန်းခြင်း စသည်တို့ကြောင့် အိပ်မပျော်သေးခြင်းဖြစ်၏။ သူ့ဘေးတွင် ကိုဘဒင်လည်း မရှိ။ ဘယ်အချိန်က ထသွားသည်မသိ။ အိပ်ရာတစ်ခုလုံး အေးစက်နေသည်ကို ကြည့်ရုံမျှဖြင့် လုံးဝမအိပ်သေးဟု ယူဆရ၏။ သူတို့လင်မယားသည် ဤအိမ်ဆောက်ပြီးကတည်းက အပေါ်ထပ်တွင်မအိပ်။ ညရေးညတာ အဆင်းအတက်ခက်သည်ဟုဆိုကာ အောက်ထပ်မှာပင် အိပ်ကြသည်။ အပေါ်ထပ်အခန်းနှစ်ခန်းသည် သားနှစ်ယောက် တစ်ယောက်တစ်ခန်း ယူထားခဲ့ကြသည်မှာ ကြာပြီ။

အပြင်ဘက်ဧည့်ခန်းထဲမှ ကုလားထိုင်ဆွဲသံကို ကြားရသည်။ ချောင်းဟန့်သံကိုလည်း ကြားရ၏။ အသံမှာ ကိုစာကြီး၏ အသံဖြစ်သည်။ ထို့နောက်တော့ စကားပြောသံများ ကြားရသည်။ အသံမှာ မတိုးမကျယ်ဖြစ်သည်။ တစ်ချီတစ်ချီတွင် သဲကွဲစွာ ကြားရသော်လည်း တစ်ခါတစ်ရံတွင် မပီမသ။

'ကျုပ်သူ့ကို ခိုင်းလာတာ များပြီ။ ကျုပ်အတွက် လုပ်ပေးရတာ သိပ်များလာတော့ တစ်နေ့ကျရင် ကျုပ်ကို အာခံလာမှာ စိုးရိမ်ရတယ်'

အသံမှာ ကိုဘဒင်၏အသံ။

သူဆိုတာ ဘယ်သူပါလိမ့်။ တိုးကြီးများ ဖြစ်လေမလား။ အင်း သူပဲဖြစ်ဖို့ရှိတာပဲ စသည်ဖြင့် မထွေးကြည် တွေးမိသည်။

'ကောင်းပါ့မလား'

'ကောင်းပါ့မလားဆိုတာ စဉ်းစားနေလို့ မဖြစ်ဘူး။ ကျုပ်က ခင်ဗျားကို ခိုင်းတယ်၊ ခင်ဗျားက သူ့ကို ခိုင်းတယ်။ တကယ်လို့ သူက အကုန်ဖော်ကောင်လုပ်ရင် ဘယ်သူတွေ ထိမလဲ'

ကိုစာကြီး ငြိမ်နေသည်။ မထွေးကြည်သည် ဘာဆက်ပြောမလဲဟူသော သိလိုစောဖြင့် တစ်ကိုယ်လုံးတောင့်တင်းနေသည်။ သူသည် အားစိုက်ကာ နားစွင့်လျက် ရှိသည်။



'အင်း၊ ဒုက္ခပဲ'

'မဒုက္ခနဲ့လေ၊ ခင်ဗျားနဲ့ကျုပ်နဲ့က တစ်သက်လုံး တွဲသွားရမှာ။ အဲဒါကို စဉ်းစားမှပေါ့ဗျ'

ကိုဘဒင်၏အသံမှာ စိတ်မရှည်တော့သလို ဖြစ်လာသည်။ ကိုစာကြီး၏ သက်ပြင်းချသံကိုပင် ကြားလိုက်ရ၏။ အတန်ကြာမျှ ငြိမ်ဆိတ်နေပြန်သည်။

'ခင်ဗျားက ဘာ့ကြောင့် ဒီလောက် စဉ်းစားနေရတာလဲ ကိုစာကြီးရဲ့။ ကျုပ်က အကုန်လုံးစဉ်းစားပြီးမှ ဒီကိစ္စကို စီစဉ်တာ။ ဘာလဲ ခင်ဗျားက မကြိုက်ဘူးလား'

ဟု ကိုဘဒင်က မေးသည်။

'ဟာ မဟုတ်ပါဘူး ကိုဘဒင်ရာ။ ကျုပ်က ဒီကောင်ကို တွဲလာတာကြာပြီ မဟုတ်လား၊ ဒါ့ကြောင့်–'

'ဘာလဲခင်ဗျား သဘောမတူဘူးလား'

'ဟာ မဟုတ်ပါဘူး၊ တူတူရမှာပေါ့ဗျာ။ တူပါတယ်၊ တူပါတယ်'

မထွေးကြည့်ရင်သည် တဒိတ်ဒိတ်ခုန်နေသည်။ သူသည် လက်ဝါးတစ်ဖက်ဖြင့် သူ့ရင်ဘတ်ကို ဖိထားသည်။ အိပ်ရာပေါ်မှ ဆင်းလိုသော်လည်း မဆင်းရဲ၊ နေရာပြင်လိုသော်လည်း မပြင်ရဲ။ အတန်ကြာသော် ကိုစာကြီးနှုတ်ဆက်သံကို ကြားရသည်။ ပြီးတော့ တံခါးပိတ်သံ။

ခဏနေတော့ကိုဘဒင်အခန်းထဲဝင်လာသည်။ မထွေးကြည်မအိပ်သေးသည်ကို သိဟန်မတူ၊ သူသည် အိပ်ရာပေါ် လှဲလိုက်သည်။ မကြာမီ ကိုဘဒင်ထံမှ ဟောက်သံများ ကြားရလေပြီ။

*

(၁၄)

'အမေ ကိုတိုးကြီးကို ဘယ်လိုလုပ်လိုက်တာလဲ'

ကျော်ထက်၏အသံသည် မတိုးမကျယ် ဖြစ်သည်၊ မျက်နှာထားကတော့ တင်းလှ၏။ ကိုဘဒင်က မျက်ခနဲ မော့ကြည့်သည်။ နားမလည်သည့် မျက်နှာထားဖြင့် သူ့သားအား မော့ကြည့်သည်။ အတန်ကြာမှ–

'မင်း ဘာတွေလာပြောနေတာလဲ'

ဟု ပြန်မေးသည်။

'ဘာပြောရမှာလဲ။ အဖေ ကိုတိုးကြီးကို သတ်ခိုင်းတယ်မဟုတ်လား။ ကိုယ့်အတွက် ဒီလောက် လုပ်ပေးလာခဲ့တဲ့ တပည့်တစ်ယောက်ကို အခုလို ရက်ရက်စက်စက် လုပ်တာ ဘယ်ကောင်းမလဲဗျ'

ကိုဘဒင်၏ မျက်နှာသည် တင်းမာသွားသည်။ ကျော်ထက်၏ မျက်နှာကို စူးစူးရဲရဲကြည့်သည်။ အစိမ်းလိုက် ဝါးစားတော့မလားဟုပင် ထင်ရ၏။ သူသည် ထိုင်နေရာမှ ဖြည်းဖြည်းချင်း ထရပ်သည်။

'နေစမ်းပါဦး၊ မင်းက ဘာကောင်လဲ။ လူကဖြင့် လက်မလောက်ပဲ ရှိသေးတယ်၊ စကားကြီး စကားကျယ်တွေ လာပြောနေတယ်။ ငါ့အလုပ် ငါလုပ်နေတာကွ၊ မင်းနဲ့ဘာဆိုင်လို့လဲ'

ဟု အံကြိတ်၍ ပြောသည်။

'ကိုယ့်အလုပ် ကိုယ်လုပ်တာ ဆိုပေမဲ့ ခင်ဗျား ဒီလိုလုပ်တာတော့ မကောင်းဘူး။ အခုဆိုရင် ဘယ်လောက်ဆိုးသလဲ။ အလောင်းတောင် ရှာလို့မရဘူး'

ကိုဘဒင်၏လက်သီးသည် ကျော်ထက်၏မျက်နှာပေါ်သို့ တည့်တည့်ကြီး ကျလာသည်။ ကျော်ထက်သည် ဝုန်းခနဲပစ်လဲသည်။ နှာခေါင်းနှင့်ပါးစပ်မှ သွေးများယိုကျလာသည်။ ကိုဘဒင်၏ခြေထောက်တစ်ဖက်သည် အပေါ်သို့ မြောက်သွားသည်။ ကျော်ထက်၏ မျက်နှာကို နောက်တစ်ချက် ဖနောင့်နှင့် ပေါက်သည်။

'အမယ်လေး လာကြပါဦး'

မထွေးကြည်၏ အော်သံဖြစ်၏။ မီးဖိုချောင်ထဲမှ ပြေးထွက်လာသော မထွေးကြည်သည် ကိုဘဒင်ကို အတင်းဝင်ဆွဲသည်။ တစ်ခဏအတွင်းမှာပင် ကိုစာကြီးနှင့် မောင်လှိုင်တို့ ရောက်လာသည်။ ကိုဘဒင်အား အတင်းဝင်ဆွဲ၍ကာ ဖျောင်းဖျကြသည်။ ကျော်ထက်ကို အတင်းဆွဲ၍ အိမ်အပြင်သို့ ထုတ်သွားကြသည်။

အသက်ကြီးပြီး အတွေ့အကြုံများသော ကိုစာကြီးသည် ကျော်ထက်အား နားလည်အောင်၊ နားဝင်အောင် တိုးတိုးတိတ်တိတ်ကြိတ်၍ ရှင်းပြသည်။ ဆုံးမစကားပြောသည်။ ကျော်ထက်ကလည်း နားလည်သဘောပေါက်လက်ခံသွားသည်။ ဤသို့ဖြင့် သားအဖနှစ်ဦး၏ ပဋိပက္ခသည် ကြီးမား၍ မလာတော့ဘဲ ပြေငြိမ်းသွားသည်။ သို့သော်လည်း တစ်ဦးနှင့်တစ်ဦးကြားတွင် အတင်အကျကတော့ ရှိသွားခဲ့လေပြီ။



ကျော်ထက်သည် ဒုစရိုက် အကျိုးပေးသူဖြစ်၏။ သူသည် တိုးကြီး၏နေရာကို ဆက်ခံနိုင်အောင် အားထုတ်သည်။ သူ၏ အားထုတ်မှုသည် အောင်မြင်သည်ဟု ဆိုရမည်။ မကြာခင်မှာပင် သူသည် တိုးကြီးရှိစဉ်က လုပ်ခဲ့သောအလုပ်များကို လုပ်လာသည်။ တစ်ခါတစ်ရံကျတော့လည်း ကိုဘဒင် မသိ၊ သူကောင်းသည်ထင်သလို သူ့သဘောသူ့ဆန္ဒနှင့် လုပ်ခဲ့ခြင်းဖြစ်၏။ ကောင်းလျှင်အကြောင်းမဟုတ်သော်လည်း မကောင်းသည့်အခါတွင်မူကား ခေါင်းခံရသူမှာ ကိုဘဒင်ဖြစ်၏။

ကျော်ထက်နှင့်ပတ်သက်၍ ကိုဘဒင် ရင်ဆိုင်နေရသည့်အကြီးမားဆုံးပြဿနာမှာ 'အရက်'ဖြစ်သည်။ ကိုဘဒင်သည် အရက်ကို မုန်းသူဖြစ်သော်လည်း သူ့သား ကျော်ထက်က အရက်ကို ကြိုက်သည်။ ကျော်ထက်သည် သူ့အဖေမသိအောင် ရွာထဲတွင် အရက်ချက် ခိုင်းသည်။ တိတ်တိတ်ပုန်းသောက်သည်။ ဘယ်လိုပင် တိတ်တိတ်ပုန်းလုပ်ကြသည်ဟုဆိုစေကာမူ ဤကိစ္စမျိုးမှာ လျှို့ဝှက်ထား၍ရသည်မဟုတ်၊ အချိန်တန်လာတော့ ကိုဘဒင်၏နားသို့ ရောက်လာသည်။

'ဟေ့ကောင် ကျော်ထက်၊ မင်းဘိုးတောကို အရက်ချက်ခိုင်းပြီး သောက်နေတယ် ပြောတယ်၊ ဟုတ်သလား'

တစ်ရက်တွင် ကိုဘဒင်က သူ့သားအားမေးသည်။ ပထမတော့ ကျော်ထက်က မဖြေ။ ခေါင်းငုံ့ကာ ရေငုံနှုတ်ပိတ်လုပ်နေသည်။ နောက်တစ်ကြိမ်ထပ်မေးမှ အဖြေပေးသည်။

'ဟုတ်တယ် အဖေ'

'ငါက အရက်မချက်ရဘူး၊ မသောက်ရဘူးလို့ ပိတ်ထားတာ မင်းမသိဘူးလား'

ကျော်ထက်က အဖြေမပေး။

'မင်းကို ငါမေးနေတယ်၊ မကြားဘူးလား'

ဟုကိုဘဒင် ထပ်မေးသည်။

'ကြားပါတယ်'

'ကြားရင် ငါမေးတာကို ဖြေလကွာ'

'သိပါတယ်'

'သိရင် မင်းဘာကြောင့် လုပ်တာလဲ၊ ငါ့ကို အာခံတာလား'

'မဟုတ်ပါဘူး'

'ဒါဆိုရင် ရပ်တန်းကရပ်။ မရပ်ရင် မင်းကို ငါသတ်မိလိမ့်မယ်'

ကိုဘဒင်၏အသံမှာ တကယ် လုပ်မည့်လေသံပါသည်။ ကျော်ထက်သည် ကျောထဲတွင် စိမ့်ခနဲ ဖြစ်သွားသည်။ သူ့အနေဖြင့် သူ့အဖေ့စကားကို နားထောင်ပြီး ခေါင်းညိတ်ရုံမျှတစ်ပါး အခြားမရှိပြီ။ သို့သော်လည်း စိတ်ထဲကတော့ လုံးဝမကျေနပ်။

ကျော်ထက်သည် ထိုနေ့မှစ၍ အရက်ကို ရွာတွင် မသောက်၊ ကန့်ဦးရွာမှ အောင်ထွန်းအား တိတ်တိတ်ပုန်း အရက်ချက်ခိုင်းပြီး သောက်သည်။ သူ့အရက်အလွန်အကျွံသောက်သည့်နေ့ဆိုလျှင် အိမ်ပြန်မအိပ်။ သူ့အတွက် အရက်ချက် တာဝန်ယူထားသူ ကန့်ဦးရွာသားအောင်ထွန်းအိမ်၌ပင် အိပ်သည်။ ဤသို့သော ခြေမငြိမ်မှုများသည် ကျော်ထက်အား နောက်ထပ်ချောက်တစ်ခုထဲသို့ကျရန် ထောင်ချောက်တစ်ခု ချထားခြင်းပေတည်း။

အမှန်တော့ ကျော်ထက်သည် အရက်မူးလျှင် ပြဿနာကို မီးထွန်းပြီး ရှာလေ့ရှိသူဖြစ်၏။ ထို့ကြောင့်လည်း ဆရာကြီး ဘဒင်၏မျက်နှာ ဖြင့် ကျော်ထက်အား 'သခင်လေး' အဖြစ် ခံစားနေကြရသော မောင်နီ၊ မောင်လှိုင်၊ စံနစ်နှင့် လူသစ် အုန်းမောင်တို့မှာ ကျော်ထက်အရက်မူးသည့် အခါတိုင်း စိတ်ညစ်၊ စိတ်ရှုပ်ကြရလေသည်။

တစ်ညတွင် ကျော်ထက်သည် ထုံးစံအတိုင်း အောင်ထွန်းတို့အိမ်ဘက် စားကျက်ကျသည်။ မောင်နီက–

'ဒီည မသောက်ပါနဲ့တော့ကွာ။ ဆရာကြီးက ညအိပ်တာ မကြိုက်ဘူးလို့ ပြောထားတယ် ညီလေးရ'

ဟု ဖျောင်းဖျသည်။

'ဟာ၊ ဘာဆရာကြီးလဲ။ နွားဓားသင်းတဲ့ ဆရာကြီးလား။ ကျုပ်ဘာသာ



ကျုပ်သောက်တာ သူနဲ့ဘာဆိုင်လဲ။ ကျုပ် အိပ်ချင်ရာ အိပ်တော့ သူ့အပူလား၊ ကျုပ်ကို သူငယ်တော် အရုပ်ကလေးထင်နေသလား'

ဟု ကျော်ထက်က ပြန်ပြောသည်။

'ခက်တာပဲ ညီလေးရာ။ မင့်အဖေက တို့ကို ဆော်မှာကွ၊ မင်းလည်း သိသားနဲ့'

'ဒါကတော့ ခင်ဗျားတို့ကို ဆော်တာပဲ၊ ကျုပ်ကို ဆော်တာမှ မဟုတ်တာ။ ကျုပ်နဲ့ ဘာဆိုင်တုန်း။ ဟား–ဟား–ဟား–'

ထိုညက သူတို့အုပ်စုသည် အောင်ထွန်းတို့အိမ်၌ အိပ်ကြသည်။ ညသန်းခေါင်ကျော်ခန့်တွင် အောင်ထွန်း၏ နှမခင်သန်း၏အော်သံကို ကြားကြရသည်။

'ကယ်ကြပါဦး၊ ကျွန်မကို မတရားကြံနေပါတယ်'

ဟူသော အော်သံဖြစ်၏။ လူအများ ရောက်သွားသည့်အခါ ခင်သန်းအား လက်သီးနှင့် ထိုးနေသော ကျော်ထက်ကိုတွေ့သဖြင့် အတင်းဝင်ဆွဲကြရလေသည်။

'မင်း ဘယ်လိုလုပ်တာလဲ ညီလေးရာ၊ တော်တော်ဆိုးတာပဲ' ဟု မောင်နီက ကျော်ထက်အား ခင်သန်းအခန်းထဲမှ ဆွဲထုတ်လာရင်းပြောသည်။

'ဆိုးတော့ ဘာဖြစ်သလဲကွာ၊ ငါ–––'

ကျော်ထက်က မောင်နီအား လက်သီးနှင့်ထိုးသည်၊ အလစ်ခံရခြင်းဖြစ်၍ မောင်နီလဲကျသွားသည်၊ မောင်နီသည် ချက်ချင်းပြန်ထကာ ကျော်ထက်အား မနားတမ်း ပြန်ထိုးသည်။ ထို့နောက် သူ့လူများအား ခေါ်၍ ကျော်ထက်ကို လက်ပြန်ကြိုးတုပ်ပြီး ညတွင်းချင်း ရွာသို့ပြန်ခေါ်လာသည်။

မုဒိမ်းကျင့်ခံရသော ခင်သန်း၏မိဘများနှင့် အောင်ထွန်းအား မောင်နီက–

'ဘယ်သူမှ မသိပါစေနဲ့။ ဒီကောင်ကို သူ့အဖေဆီ ပို့ဦးမယ်၊ ခင်ဗျားတို့ ကျေနပ်အောင် ကျုပ်ပေးပါမယ်'

ဟု တောင်းပန်ခဲ့သည်။ အိမ်ပြန်ရောက်၍ ကိုဘဒင်ရှေ့မှောက်ရောက်သည့်အခါ ကျော်ထက်သည် ခေါင်းငိုက်စိုက်ကျကာ ယုန်သူငယ်ဖြစ်သွားခဲ့လေပြီ။

'ဒီကောင်ကို ဘယ်သူကြိုးနဲ့ တုပ်သလဲ။ မျက်နှာတွေလည်း ဖူးရောင်နေတာပဲ၊ မင်းတို့ ဝိုင်းထိုးထားကြတာလား'

ကိုဘဒင်သည် အေးအေးဆေးဆေးပင်ဖြစ်သည်။ သူ့ဝသီအတိုင်း ဒူးနှစ်လုံးကိုလှုပ်ကာ မေးစေ့ကို လက်နှင့်ပွတ်၍ သူ့သားကို စိုက်ကြည့်နေသည်။ ကိုဘဒင်အား အသေအလဲကြောက်သည့် မထွေးကြည်သည် ခပ်လှမ်းလှမ်းမှရပ်ကာ ရင်တထိတ်ထိတ်ဖြစ်နေသည်။

'မင့်ကို နောက်ဆုံးအကြိမ် သတိပေးလိုက်မယ်။ အရက်မသောက်နဲ့၊ မိန်းကလေးတွေကို မစော်ကားနဲ့။ ငါအမုန်းဆုံးနဲ့ အရှုံဆုံး အလုပ်တွေကို မင်းလုပ်ချင်ရင် အိမ်မှာ မနေနဲ့။ အိမ်မှာနေရင် ငါ ပြောတဲ့အတိုင်းနေ'

'ဟေ့ မောင်နီ။ နောက်တစ်ခါ ဒါမျိုးလုပ်ရင် ဒီကောင်ကို အရှင်မထားနဲ့၊ သတ်ပစ်လိုက်။ အလောင်းကို ချက်ချင်း မြေမြှုပ်ပစ်၊ အိမ်ကို ယူမလာရဘူး။ ငါပြောတာကြားလား'

'ဟုတ်ကဲ့ပါ။ ဆရာကြီး'

'မင်းတို့အထဲမှာ ဘယ်သူက သူ့ကို ခေါင်းဆောင်တင်ထားသလဲ။ မတင်နဲ့။ ဒီနေ့ကစပြီး မင်းတို့အဖွဲ့ခေါင်းဆောင်ဟာ မောင်နီဖြစ်ရမယ်၊ အားလုံး ကြားကြလား'

'ဟုတ်ကဲ့ပါ ဆရာကြီး'

ကျော်ထက်၏ မုဒိမ်းမှုပြဿနာမှာ ကိုဘဒင်၏ အရှိန်အဝါကြီးမားခြင်း၊ ထိခိုက်နာကျင်မှုအတွက် ဆေးဖိုးဝါးခပေးခြင်းနှင့် ကြေးသတ်သတ်ပေးခြင်း စသည်တို့ကြောင့် ပြေအေးသွားခဲ့ရ၏။ သို့တစေလည်း ကာယကံရှင်မိန်းကလေးအဖို့ကား တစ်သက်တာလုံး နာလန်မထူနိုင်လောက်အောင် ဘဝပျက်ခဲ့ရလေပြီ။

*

## (၁၅)

'မင်း ဒီနှစ်ကိုးတန်းအောင်ရင် လာမယ့်နှစ်မှာ ၁၀ တန်းရောက်မယ်၊ ၁၀ တန်းဆိုရင် တက္ကသိုလ်ဝင်စာမေးပွဲဖြေရမယ်ဟုတ်လား'

ယခုနှစ် နွေကျောင်းပိတ်ရက်တွင် ကျော်သက်သည် ဦးဘရင်မိသားစုနှင့် မန္တလေးသို့ ဘုရားဖူးလိုက်ရန် စီစဉ်ထားသည်။ သို့သော်လည်း ရွာမှ ရောက်လာလျက်ရှိသည့် သူ့အစ်ကို၏သတင်းများကြောင့် မလိုက်ဖြစ်တော့ဘဲ ရွာသို့ ပြန်ရောက်လာသည်။ သူသည် ဖခင်၏ မေးခွန်းကို ခေါင်းညိတ်၍ အဖြေပေးသည်။

'အေး မင်းစာကြိုးစားကွာ၊ ဆယ်တန်းအောင်ရင် မင့်ကို တက္ကသိုလ်ကျောင်း ဆက်ထားမယ်။ နားလည်လား'

'ဟုတ်ကဲ့'

'အေး။ မင့်ဟိုအကောင် ခြေရာတော့ မနင်းနဲ့၊ ခွေး ဖြစ်သွားမယ် သိလား'

'ဟုတ်ကဲ့'

ကျော်ထက်က သူ့ညီအား မျက်စောင်းထိုးကြည့်သည်၊ ကျော်သက်ကတော့ သက်ပြင်းချသည်။ မထွေးကြည်ကတော့ သားနှစ်ယောက်ကိုကြည့်ကာ စိတ်မအေးဖြစ်သည်။ ကိုဘဒင်ကတော့ သူပြောချင်တာ ပြောအပြီးတွင် အိပ်ခန်းထဲ ဝင်သွားသည်။

သူ့အစ်ကိုနှင့်ပတ်သက်၍ကြားရသမျှ သတင်းများသည် ကျော်သက်အတွက် စိတ်ချမ်းသာစရာ တစ်စက်မျှမရှိ၊ ဤကြားထဲ ကျော်ထက်၏ မုဒိမ်းမှုသတင်းကို ကြားလိုက်ရသည့်အခါ ရွာထဲမှာပင် မျက်နှာမပြရဲလောက်အောင် ရှက်စိတ်ဝင်ခဲ့သည်။ သူသည် အဘိုးအိမ်နှင့် သူငယ်ချင်းတချို့၏ အိမ်ကိုရောက်သော်လည်း ရွာတောင်ပိုင်းမှ ကိုထိုက်ကြီးတို့ အိမ်ကိုမူ လုံးဝ ခြေဦးမလှည့်။ ကိုထိုက်ကြီးတွင် သမီးချောနှစ်ယောက်ရှိရာ အငယ်မ မိဝါသည် သူတစ်ဖက်သတ်ချစ်နေခဲ့သည့် မိန်းကလေးတစ်ယောက် မဟုတ်ပါလား။

မိဝါသည် ကျော်သက်နှင့် အသက်မတိမ်းမယိမ်း။ သူ့ထက် တစ်နှစ်ကျော်ခန့်ငယ်သည်။ ရွာသူတို့ ထုံးစံအတိုင်း အုပ်လုံးပင်မသိမ်းသေးသည့် အရွယ်။ တစ်ခါတုန်းက ကျော်သက်က–

'ငါကြီးလာရင် နင့်ကို ယူမယ်'

ဟု ပြောသည်။

'အံမာ ဘယ်သူက နင့်ကိုယူမယ်လို့ ပြောသေးလို့လဲ'

'နင်အခုမပြောလည်း ငါကနင့်ကို ကြိုက်ပါတယ်လို့ ပြောတဲ့အခါကျ

ရင် ပြောရမှာပေါ့ဟ'

'အံမယ်၊ နင်က ကြောလှချည်လားကျော်သက်ရဲ့၊ ဟော့ဒီမှာ မြင်လား အဝတ်ဖွပ်တုတ်၊ ရိုက်ခွဲလိုက်လို့ ခေါင်းကွဲပြီး သေသွားမယ်'

'နင် ရိုက်ရက်ရင် ရိုက်စမ်းပါ မိဝါရယ်၊ နင် သတ်ရက်ရင် ငါက သေဖို့ အသင့်ပဲ'

မိဝါက အဝတ်ဖွပ်တုတ်ကို ချထားပြီး ဘေးနားမှ ရွှံ့များကို လက်နှင့် ကော်ယူပြီး ကျော်သက်အား ပေါက်သည်။ သူတို့နှစ်ယောက်သည် ဤမျှ လောက်အထိ ပြောမနာ ဆိုမနာနေခဲ့ကြသော သူငယ်ချင်းတွေ ဖြစ်သည်။ သူ ကျောင်းပိတ်၍ ပြန်လာတိုင်း မိဝါထံကို အရင်ဆုံး ရောက်သည်။ နောက် တော့ ကျောင်းမဖွင့်မချင်း တစ်နေ့တစ်ခေါက် မှန်မှန်ရောက်သည်။ အခု တော့–

တစ်နေ့တွင် မိဝါနှင့် သူ့အစ်မခင်မိတို့ ကျော်သက်ထံ ရောက်လာကြ သည်။

'ဟဲ့၊ ကျော်သက်။ ရွာပြန်ရောက်တာ ရှစ်ရက်ကြီးများတောင်ရှိနေပြီ၊ နင်က ဘာပြုလို့ အိမ်ကို ပေါ်မလာတာလဲ။ ပြောစမ်းပါဦး'

ဟု ခင်မိက ရန်တွေ့သည်။

'ကျွန်တော် ဟိုဟို မအားလို့ မခင်မိရ'

'အံမယ်၊ နင်က ဘာတွေများ လုပ်နေရလို့ မအားတာလဲ။ ပြောစမ်းပါဦး'

'အလကား လျှောက်ပြောနေတာပါအစ်မရာ သူ ကျုပ်တို့ဆီ မလာ ချင်လို့နေတာပါ၊ မေးမနေစမ်းပါနဲ့'

ဟု မိဝါက ဝင်၍ ရန်ထောင်သည်။

'မဟုတ်ပါဘူး မိဝါရာ။ ငါ တကယ် မအားတာပါ။ အဖေ့လယ်စာရင်း တွေ ပြန်ကြည့်ပေးနေရတယ်ဟ'

ထိုအခိုက်မှာပင် သူတို့အနီးသို့ ကျော်ထက် ရောက်လာသည်။ ခင်မိ ကို စပ်ဖြည်းဖြည်းနှင့် ကြည့်နေရာမှ ကျော်သက်ဘက် လှည့်၍ မျက်စိ မှိတ်ပြသည်။ မိဝါအား ခြေဆုံးခေါင်းဆုံး ကြည့်သည်။

'ဟာ ဒီကောင်မလေးကမှ တကယ် ချစ်စရာကောင်းတာပါလား။ ခင်မိ တို့ သွားပြီ ညီမကို မမိတော့ဘူး'



ဟု အော်ကြီးဟစ်ကျယ် ပြောသည်။

ခင်မိရော မိဝါပါ မျက်နှာပျက်သွားကြသည်။ ကျော်သက်ကလည်း အားတုံ့အားနာဖြစ်ကာ ဘာပြောရမှန်းမသိ။ ခင်မိတို့က–

'ကဲ–သွားမယ်။ ကျော်သက်။ နင်အိမ်ကို လာလည်ဦး။ အဖေက တောင် မေးနေတယ်'

ဟု ပြောကာ ထွက်သွားကြသည်။ သူသည် ယောင်တောင်တောင် ကြောင်တက်တက် ဖြစ်ပြီး ကျန်ရစ်ခဲ့လေ၏။

*

## (၁၆)

ကျော်သက်အဖို့ ဒီနှစ်နွေ ရွာပြန်လာရသည်မှာ ပျော်စရာမရှိသလို ဖြစ်နေသည်။ သူ့အစ်ကိုနှင့်အဖေကလည်း မတည့်။ မကြာခဏ တကျက် ကျက် ဖြစ်နေကြသည်။ အမေကတော့ ကြားမှနေ၍ ဖာရထေးရလွန်းသဖြင့် ကိုယ်စိတ်နှစ်ပါးပင်ပန်းကာ ပိန်ချုံးလျက် ရှိသည်။

အဘိုးရော၊ အဘွားပါ သူတို့အိမ်သို့ မလာသည်မှာ ကြာပြီဟု သိရ၏။ အဘိုးသည် သူ့အဖေနှင့် သူ့ဦးလေးကိုကျော်အေးကလည်း အိမ်ကို မလာ။ သူ့အဖေနှင့်လည်း ကြည်ကြည်ညှိလက္ခဏာမရှိ။

'မင့်အစ်ကို ကျော်ထက်ဆိုတဲ့ ကောင်က လူပါးဝော်ဝော်ဝတယ်၊ လူကဖြင့် မလောက်လေးမလောက်စားနဲ့ငါ့ကိုလာပြီး ခြေရာတိုင်းလို့ ဘယ် မရလဲကွာ'

ဟု သူ့ဦးလေးက ကျော်သက်အား ရင်ဖွင့်သည်။

ကျော်သက်က–

'ဦးလေးကိုဘာလုပ်လို့လဲ'

ဟု မေးသည်။

'ဒီအကောင် မှုဒိမ်းမှုဖြစ်တုန်းက ငါက သူ့ကိုဆုံးမစကားပြောတယ်၊ အဲဒါကို သူက–

'ခင်ဗျားကျုပ်ကို ဆရာလုပ်စရာ မလိုပါဘူးဗျာ'

လို့ ပြန်ပြောတယ်။

'ခင်ဗျားကကောဘယ်လောက် များကောင်းတဲ့ လူမို့လဲ'တဲ့။ အဲဒီတုန်းက ငါ့သူ့ကို အသေလုပ်မလို့၊ မင့်အမေက အတင်းဝင်တားနေလို့'

ကျော်အေးက ခံပြင်းလွန်းသောစိတ်ဖြင့် တက်ခေါက်သည်။ 'ဦးလေးက အဖေ့ကို မတိုင်ဘူးလား'

ဟု ကျော်သက်က မေးသည်။

'မတိုင်ဖြစ်ပါဘူး။ တို့ဖြစ်ကြတုန်းက အိမ်မှာ သူမရှိဘူးကွ၊ ခရီးဝေးသွားနေတယ်။ ပြန်လာရင် တိုင်မယ်လို့ စိတ်ကူးထားတာ မင့်အမေက ပိတ်တာနဲ့ မတိုင်ဖြစ်တော့ဘူး'

သူသိကြားရသမျှ အားလုံးသည် ကျော်သက်အဖို့ စိတ်မချမ်းသာစရာတွေချည်းသာဖြစ်၏ ။ တစ်ကြိမ်တွင် သူ့အဘိုးဦးသာမြတ်က–

'ငါ့မြေး စိတ်မဆင်းရဲနဲ့။ ဒါတွေက ဘယ်သူမပြု မိမိမှု ခေါ်တယ်။ မင့်အဖေ လုပ်ခဲ့တာတွေကြောင့် တို့တစ်နယ်လုံးစိတ်မချမ်းသာခဲ့ကြရဘူး မဟုတ်လား။ အခုအချိန်ကျလာတော့ မင့်အဖေမှာ ဝဋ်လည်တော့တာပဲ၊ အခု သူ့သားကိုသူ လုံးဝမနိုင်ဘူး။ သားသမီးဆိုတော့လည်း သတ်ပစ်မယ်လို့ ကြိမ်းတာ၊ တကယ် လက်တွေ့ကျတော့ ဘယ်နည်းနဲ့မှ မလုပ်နိုင်ဘူးပေါ့'

'ငါ့မြေး အကြီးကောင်ကလည်း ဆိုးလိုက်တာမှ တာတေလန်နေတာပဲ။ ဒီအကောင်က ငယ်ငယ်ပဲရှိသေးတယ် လူသုံးယောက်ထက်မနည်း သတ်ဖူးနေပြီ။ မုဒိမ်းမှုဆိုတာလည်း မနည်းတော့ဘူး။ တို့ရွာထဲကတင် နှစ်ယောက်ရှိပြီ။ လျော်လိုက်ရတဲ့ ငွေဆိုတာ သောက်သောက်လဲပေါ့ကွာ'

'မင့်အဖေကို မုန်းနေကြတဲ့ လူတွေက သူ့သားကြောင့် တိုးပြီး မုန်းလာကြတယ်၊ ရွံလာကြတယ်၊ စက်ဆုပ်လာကြတယ်၊ အောနလုံးနာလာကြတယ်။ စာမတတ်ပေမတတ်နဲ့ လူမိုက်တက်လုပ်တော့ ခံရတာပဲ။ မင့်အဖေဟာ ဝဋ်ကြွေးဆင်နေရတာ။ အေး အဲဒီအထဲမှာ ငါ့သမီးထွေးကြည်က အဆစ်ပါနေရတယ်၊ ဟောအခု ငါ့မြေးကပါ ဝင်ပါနေရပြီ။ ကိုယ့်စိတ်ကိုသ်ဖြေပေါ့ မြေးရယ်။ အချိန်ကျလာတော့လည်း ပွဲက ဇာတ်သိမ်းသွားမှာပါ'

စသည်ဖြင့် ရှင်းပြခဲ့ဖူးသည်။



ကျော်သက်အဖို့ အိမ်၌ စိတ်မချမ်းမြေ့ခြင်းကို အကြောင်းပြု၍ မိဝါတို့အိမ်၌သာ အနေများလာသည်။ မိဝါနှင့်မိဝါတို့ အိမ်သည် သူ့အတွက် 'ကြည်နူးရိပ်' ဖြစ်နေရ၏။ တစ်ညတွင် ကျော်သက်သည် ခင်မိတို့ညီအစ်မနှင့် အိမ်ရှေ့ဝါးကွပ်ပျစ်ပေါ်၌ ထိုင်ကာ စကားပြောနေကြသည်။ သူတို့အိမ်မှ အဖြစ်များကို ပြောပြကာ မျက်ရည်ကျနေသော ကျော်သက်ကိုကြည့်ကာ မခင်မိရော မိဝါပါ စိတ်ထိခိုက်ကြရသည်။

'သိပ်ပြီးတော့လည်း စိတ်မကောင်းမဖြစ်ပါနဲ့ ငါ့မောင်ရယ်။ လူတွေဟာ ဒီလိုပါပဲ၊ အခု ဆိုးနေပေမဲ့ တစ်နေ့ကျ ကောင်းချင်ကောင်းလာတတ်ပါတယ်'

ဟု မခင်မိက လူကြီးလေသံဖြင့် ပြောသည်။

ကျော်သက်က ခေါင်းခါသည်။

'ကျွန်တော်တော့ မထင်ဘူး။ အစ်ကိုကျော်ထက်ကြည့်ရတာ တစ်နေ့တခြား ပိုဆိုးလာတယ်၊ အဖေနဲ့ကတော့ ရန်သူလိုပါပဲဗျာ'

'အဲသလိုလည်း မဟုတ်ပါဘူးငါ့မောင်ရယ်၊ လူဟာ ကောင်းချိန်တန်ရင် ကောင်းလာတတ်ပါတယ်'

'မဟုတ်ဘူး အစ်မ၊ အဲသလို ပြောလို့မရဘူး။ ပုံသေတွက်လို့မရတဲ့ လူတွေ အများကြီးပဲ၊ တချို့ လူတွေဆိုရင် သေတဲ့အထိ မိုက်သွားတာတွေ တွေ့ဖူးကြားဖူးတယ်။'

'ဟုတ်တော့လည်း ဟုတ်တာပဲနော်'

ဟု မိဝါက ဝင်ပြောသည်။

'ဟိုး ကန်ဦးရွာက ဦးပေတာဆိုရင် အသက်ထွက်ခါနီးအထိ လူမိုက်အကြံကြံတုန်းပဲလို့ အဖေပြောဖူးတယ်'

ထိုအခိုက်လမ်းပေါ်မှ သီချင်းဆိုသံကြားရသည်။ 'မိဝါလေးကို ချစ်လိုက်ပါတဲ့ အာရုံ--ဟုံ--ဥုံ ဥုံ'

ကျော်ထက်၏အသံဖြစ်ပြီး အားလုံးတုန်လှုပ်သွားကြသည်။ 'ပုစွန်ဆိတ်ကလေး ဘယ်လိုငယ်၊ ပင်လယ်ကူးတော့ တတ်သေးတယ်' ဟူသောအော်သံကို ကြားကြရပြန်သည်။

'ဟော့ကောင် ကျော်သက်၊ မင်း မှိုင်းမိနေပြီ။ တောသူမတွေ ဘာလုပ်

ဖို့လဲဟ။ မြို့ပေါ်မှာ မင်းနဲ့တန်တဲ့ အမျိုးသမီးတွေ အများကြီးပါကွာ၊ ဘာကြောင့်များ မင်းက ဒါလောက်စွဲနေရတာလဲဟ။ မိဝါဆိုတဲ့ ကောင်မလေးကို ငါယူမယ်၊ ငါယူမယ်၊ ငါပဲ ယူမယ်'

ကျော်ထက်သည် သူ့လူနှစ်ယောက်နှင့်အတူ အိမ်ဝင်းထဲဝင်လာသည်။

သူ့နောက်လိုက်များမှာ စံနက်နှင့် အုန်းမောင်၊ နှစ်ဦးစလုံးက ကျော်ထက်ကို ဝိုင်းဆွဲနေကြသည်။

'ငါထင်တဲ့အတိုင်းပဲ၊ ငါ့ညီလေး ဒီကောင်မတွေဆီကို ရောက်နေတာပါလား ဟား....ဟား....ဟား'

ကျော်သက်သည် ဝါးကွပ်ပျစ်ပေါ်၌ ထိုင်နေရာမှ ထရပ်သည်။ မင်းအိမ်ပြန်ရင် ကောင်းမယ်၊ ကျော်ထက်၊ ငါ့ဘာသာငါ အေးအေးနေတာကို လိုက်ပြီး မနှောင့်ယှက်ပါနဲ့'

ဟု ပြောသည်။

'ဩော်၊ မင်းက နှောင့်ယှက်တယ်လို့ ထင်နေသလား။ မဟုတ်ရပါဘူးကွာ။ ငါကလေ ဟိုမှာ မြင်လား၊ အဲဒီဆံရစ်ကလေးနဲ့ ကောင်မလေးကို ချစ်လွန်းလို့ပါကွာ'

ကျော်ထက်နှင့်ကျော်သက်တို့၏ ထိုးပွဲကြိတ်ပွဲသည် အစပြုသည်။ မူးနေသောကျော်ထက်သည် ကျော်သက်ကို ယှဉ်၍မရ။ ဤပွဲသည် ကျော်သက်က အသာစီးဖြင့် ပွဲရပ်သွားခဲ့၏။ စံနက်နှင့် အုန်းမောင်တို့က ဝင်ဆွဲကာ ကျော်ထက်ကို ပြန်ခေါ်သွားကြသည်။ ဤပွဲသည် ဤမျှနှင့် အဆုံးသတ်သွားလျှင် မည်မျှ ကောင်းပါမည်နည်း။

*

(၁၇)

'မင်း အိမ်မှာ မနေသင့်တော့ဘူး။ အိမ်မှာ ဆက်နေရင် ငါမင်းကို သတ်မိတော့မယ်'

ကိုဘခင်သည် စကားအလွန် နည်းသူဖြစ်သည်။ တိုတိုနှင့် လိုရင်းကိုသာ ပြောတတ်သူဖြစ်၏။ သူ့နှုတ်မှ ဤစကားကြားရသည့်အခါ ကျော်ထက်က အရူးတစ်ယောက်သဖွယ် အော်ဟစ်ပြီးရယ်သည်။



'ဟား၊ ဟား၊ ဟား၊ ဟား ကျုပ်ကို နှင်ထုတ်နေသကိုး။ ငါ မင်းကို သတ်မိလိမ့်မယ်တဲ့။ သတ်ရဲရင် သတ်လိုက်ပေါ့၊ ကျုပ်ကတော့ ဘယ်တော့မှ ဒီအိမ်က မထွက်ဘူး'

'ဘာပြောတယ်ကွ'

ကိုဘခင်၏အသံမှာ ကြောက်စရာကောင်းလှ၏။ ဘေးမှ ရပ်ကြည့်နေသော မထွေးကြည်၊ ကျော်သက်နှင့် မောင်နီတို့လူစုမှာ တုန်လှုပ်သွားသော်လည်း ကျော်ထက်ကတော့ ဖြုံပုံမရ။

'+++++++++ +++++++++ ++++++++ ++++++++++'

'ဟဲ့သား ကျော်ထက်၊ အဖေကို အဲသလို မပြောနဲ့လေ။ နင် မြေမျိုလိမ့်မယ်'

'ကျုပ်ကိုလား မြေမျိုမှာ၊ ဘယ်တော့မှ မမျိုဘူး။ မျိုမှာက +++++ +++++++++ ++++++++++ +++++++++ +++++++ +++++++ ++++ ++++++++++ ++++++ ++++++++++ + + + ++++++ သူက ကျုပ်ကိုများ အိမ်က ထွက်သွားတဲ့။ ကျုပ်ထွက်သွားလို့ကတော့ ဗျာ၊ သူပဲ ထောင်ထဲရောက်သွားမယ်။ ရာဇဝတ်မှုတွေကို ကျုပ်က အကုန်ဖော်မှာ။ နားလည်လား'

'++ ငါ သတ်မိလိမ့်မယ်တဲ့။ ခဏခဏ ခြိမ်းခြောက်မနေနဲ့၊ သတ်ရဲရင် အခုသတ်၊ လာ အခုသတ်--'

ကျော်ထက်သည် အရူးတစ်ယောက်နှင့်တူနေသည်။ သူ့အင်္ကျီကိုဆုတ်ဖြဲကာ ကိုဘခင်ဘက်လှည့်၍ ရင်ကော့ပေးသည်။ 'သတ်လေ၊ သတ်ပါတော့လား'

မောင်နီတို့လူစုက ကျော်ထက်အား ဝိုင်းဆွဲရန်ကြိုးစားသည်၊ ကျော်ထက်က အဆွဲမခံ။ အားလုံးကို ဆီး၍ လက်သီးနှင့်ထိုးသည်။ ကုလားထိုင်နှင့် ကောက်ရိုက်သည်။ တံခါးပိတ်မင်းတုပ်ကို ပြေးယူပြီး တအားကုန်လွှဲ၍လွှဲ၍ရိုက်သည်။ ကျော်သက်က သူ့အစ်ကိုအား ပြေးဖက်သည်။ 'ခွေးမသား၊ နင့်ကိုပါသတ်မယ်' ဟုအော်ကာ ကျော်သက်အား ဆောင့်တွန်းသည်။ ဖင်ထိုင်လျက် လဲကျနေသော ကျော်သက်၏ ဦးခေါင်းကို လက်ထဲမှ တံခါးပိတ်မင်းတုပ်နှင့် ရိုက်သည်။ ကျော်သက်က တိမ်းရှောင်လိုက်သဖြင့် ပခုံးကို

တစ်ချက်ရိုက်မိသည်။

ကျော်သက်သည် လဲနေရာမှ လူးထဲထကာ အိပ်ခန်းထဲသို့ ပြေးဝင်သည်။ သူ့အဖေ ခေါင်းအုံးအောက်မှ ခြောက်လုံးပြူးကို ဆွဲယူသည်။ သေနတ်များကို ကျင်လည်စွာ ကိုင်တွယ်တတ်နေသော ကျော်သက်သည် ခြောက်လုံးပြူးထဲ၌ ကျည်ဆံရှိမရှိ ကြည့်သည်။ ကျည်ဆံတွေ အပြည့်ရှိနေသည်။ သူသည် အပြင်သို့ အပြေးအလွှားပြန်ထွက်လာသည်။ သူ့အဖေအား နောက်မှလိုက်၍ ဓားနှင့်ခုတ်ရန် အားထုတ်နေသော ကျော်ထက်ကို လှမ်းမြင်သည်။

'ဟေ့ကောင် ကျော်ထက်၊ မင်း အဖေ့ကို မလုပ်နဲ့။ ရပ်လိုက်၊ ငါပစ်လိုက်မယ်----နော်၊ ငါ တကယ်ပစ်မှာနော်'

ကျော်သက်၏အော်သံကြားသောအခါ ကျော်ထက်က လှည့်ကြည့်သည်။ တစ်ခဏမျှ တန့်ခနဲရပ်ကာ ကျော်သက်ကို စူးစူးရဲရဲကြည့်သည်။ လက်ထဲမှဓားကိုမြှောက်ကာ ကျော်သက်ထံသို့ ပြေးလာသည်။

'ဒိုင်း'

ကျော်ထက်သည် ဟပ်ထိုးဟပ်ထိုးဖြစ်ကာ လဲကျသွားသည်။

'ဒိုင်း-----ဒိုင်း'

နောက်ထပ်နှစ်ချက်ထပ်ပစ်သည်။ ပထမဆုံးတစ်ချက်သည် ရင်ဝကိုမှန်သည်။ ဒုတိယနှစ်ချက်သည် ကျောကိုထိသည်။ ကျော်သက်၏ သေနတ်ထဲမှ နောက်ထပ် ကျည်ဆံသုံးတောင့် ထပ်ထွက်လာသည်။ လည်ကုပ်တစ်ချက်၊ ကျောနှစ်ချက်ထပ်၍ ထိမှန်သည်။

ဒူးနှစ်ဖက်ထောက်ပြီး ခပ်ကုန်းကုန်းဖြစ်နေသော ကျော်ထက်သည် ဘေးတစ်ဖက်သို့ စောင်းလျက် လဲကျသွားသည်။ အားလုံးမှင်တက်မိသလိုဖြစ်ကာ ကျော်သက်၏အလောင်းကို ငေးကြည့်နေကြသည်။

*

## (၁၈)

ကျော်သက်၏လူသတ်မှုကို ရှုခင်းသာခရိုင် စက်ရှင်တရားသူကြီးရုံးမှ စစ်ဆေးခဲ့၏။ ကျော်သက် သက်သာရာရရှိရေးအတွက် ကျော်သက်၏



ရှေ့နေ ဦးတင်လတ်နှင့် မိတ်ဆွေများသည် သက်သေအများအပြားကို ခေါ်ယူတင်ပြခဲ့ကြသည်။ ၁၉၅၅ ခုနှစ် ကလေးသူငယ်အက်ဥပဒေအာဏာ မတည်သေးခြင်းနှင့် မသေမချင်း ပစ်သတ်ခဲ့သည်ဟူသော အယူအဆရှိခြင်း စသည်တို့ကြောင့် ကျော်သက်၏ အမှုသည် စိတ်ဝင်စားသူ များပြားခဲ့သည်။

စီရင်ချက်ချမည့်နေ့တွင် တစ်ရုံးလုံး၌ လူပြည့်လျက်ရှိသည်။ စက်ရှင်တရားသူကြီး၏ ရှေ့ဝက်ခြံအတွင်း၌ လက်ထိပ်တန်းလန်းဖြင့် ထိုင်နေသောကျော်သက်သည် သူ့ရှေ့တည့်တည့်ကိုသာ တွေဝေငေးမောလျက်ရှိ၏။ မလှမ်းမကမ်းခုံတန်းများပေါ်၌ ထိုင်နေကြသော ကိုဘဒင်နှင့် မထွေးကြည်တို့သည် သူတို့သားကို မျှော်ကြည့်နေကြသည်။ နှစ်ဦးစလုံး ပိန်ချုံးနေကြသည်။ အထူးသဖြင့် တုတ်တုတ်ခိုင်ခိုင်ဗလကောင်းကောင်း ကိုဘဒင်မှာ အရိုးပေါ်အရေတင်ဖြစ်လျက် ရှိလေသည်။

အမှုစစ်နေစဉ်ကာလအတွင်း ရုံးချိန်တိုင်း ပါလာလျက်ရှိသူတစ်ဦးမှာ 'မိဝါ' ဖြစ်၏။ ယခုအခါတွင် ကိုဘဒင်၏ တောင်းပန်မှုကြောင့် ကိုထိုက်ကြီးက သူ့သမီး မိဝါအား ကိုဘဒင်တို့ လင်မယား၏ ကူဖော်လောင်ဖက်အဖြစ် နေထိုင်ခွင့်ပြုထားခဲ့သည်ဖြစ်ရာ မိဝါသည် သူတို့အတွက် မွေးစားသမီးတစ်ဦးသဖွယ် ဖြစ်နေခဲ့လေပြီ။

သူ့သားငယ်ကျော်သက်က သံယောဇဉ်တွယ်နေသည်ကို သိကတည်းက မထွေးကြည်သည် မိဝါအား သမီးတစ်ယောက်လိုသဘောထားခဲ့၏။ ငယ်စဉ်ကတည်းက မိခင်ဆုံးသွားသဖြင့် အမေငတ်ခဲ့ရသောမိဝါသည် ကိုဘဒင်နှင့်မထွေးကြည်တို့ကြားမှထိုင်ကာ ကျော်သက်ဆီသို့ လည်တဆန့်ဆန့်ဖြစ်လျက်ရှိသည်။

တရားသူကြီးက အမှု၏စီရင်ချက်ကို စတင်ဖတ်ကြားချိန်တွင် မှုန်းလွဲနှစ်နာရီတိတိမျှရှိနေပြီဖြစ်၏။ တရားရုံးထဲတွင် တရားသူကြီး၏ အသံမှတစ်ပါး အခြားဘာသံကိုမှ မကြားရ။

"ဤအမှုတွင် လူသတ်မှုကို ကျူးလွန်ခဲ့သူတရားခံမောင်ကျော်သက်သည် အသက်ဆယ့်ခြောက်နှစ်ပင်မပြည့်သေးပေ။ အကယ်၍သာ ဤခရိုင်အတွင်း၌ ကလေးသူငယ်အက်ဥပဒေသည် အာဏာတည်ရှိ

ခဲ့ပါက တရားခံသည် ယင်းဥပဒေပါ ပြဋ္ဌာန်းချက်များ၏ အကျိုးကို အပြည့်အဝ ရရှိခံစားနိုင်ဖွယ်ရာရှိ၏။ ထို့ကြောင့်လည်း ဤအမိန့်ကို ချမှတ်ရာ၌ တရားခံဘက်မှ ရသင့်ရထိုက်ပါလျက်နှင့် မရရှိခဲ့သော ထိုအချက်ကို အဓိကထား၍ စဉ်းစားဆင်ခြင်ခဲ့ပေသည်။

ဤအမှုတွင် သေသူသည် တရားခံ၏ အစ်ကိုရင်းဖြစ်၍ အချင်းဖြစ်ပွားစဉ်က ဖခင်အား ဓားနှင့်ခုတ်ရန် အားထုတ်နေခြင်းဖြစ်ရာ တရားခံက ဖခင်အား မထိခိုက်မိစေရန် ဝင်ရောက်ကာ ကာကွယ်ခုခံခြင်းဖြစ်သည်ကို သက်သေအများ၏ ထွက်ချက်အရ သိသာထင်ရှားနေပေသည်။ ဤအချက်မှာလည်း တရားခံအတွက် အမိန့်ချမှတ်ရာ၌ ထည့်သွင်းစဉ်းစားကြရမည့်အဓိကအချက်တစ်ချက်ဖြစ်နေပေသည်။

'သို့သော်လည်း ယခုပြစ်မှုကိုကျူးလွန်ခဲ့သူသည် သေသူအားခုခံကာကွယ်ရာ၌ ခြောက်လုံးပြူးသေနတ်ဖြင့် ခြောက်ချက်တိတိမျှ ပစ်ခတ်ခဲ့ခြင်းဖြစ်သည်ဟု ယူဆနိုင်သည်မှာ ယုံမှားသံသယဖြစ်ဖွယ်ရာမရှိ ပေ။

'ဤအမှုတွင် တရားခံပြသက်သေများ၏ ထွက်ဆိုချက်အရ တရားခံမောင်ကျော်သက်သည် ပညာတွင် တော်ခြင်း၊ ကျောင်းတွင်းမှာရော ကျောင်းပြင်၌ပင် အကျင့်စာရိတ္တကောင်းမွန်ခြင်းရှိသည်ကို တွေ့ရှိရုံမျှမက ယခင်ကလည်း ရာဇဝတ်ပြစ်မှုတစ်စုံတစ်ရာကို ကျူးလွန်ခြင်း မရှိခဲ့ပေ။

'ထို့ပြင်လည်း တရားခံပြသက်သေများနှင့် ဖခင်ဖြစ်သူ ဦးဘဒင်၏ ထွက်ဆိုချက်များအရ သေသူမောင်ကျော်ထက်သည် ဆိုဆုံးမ၍မရနိုင်လောက်အောင် ဆိုးသွမ်းသူ တစ်ဦးဖြစ်သည်မှာ ထင်ရှားနေပေသည်။ ၎င်းသည် မသေမီက ရာဇဝတ်ပြစ်မှုထိုက်သောအမှုနှစ်မှုကို ကျူးလွန်ခဲ့သဖြင့် ကာယကံရှင်များကျေနပ်သည်အထိများစွာငွေကြေးအကုန်အကျခံ၍ မိဘများက ဆောင်ရွက်ပေးခဲ့ရသည်ကိုလည်း ဤအမှုတွင် ထည့်သွင်းဆင်ခြင်ခြင်းပြုခဲ့ရပေသည်။

'သို့သော်လည်း သေသူအား မသေမချင်း ပစ်ခတ်သတ်ဖြတ်ခဲ့ခြင်းမှာ တရားခံ၏ လုပ်ရပ်အပေါ်၌ ခွင့်လွှတ်ရန် သင့် မသင့် စဉ်းစားဆင်ခြင်ဖွယ်ရာ အချက်တစ်ချက်ဖြစ်လျက်ရှိပေသည်။ 'သို့ဖြစ်သည့်



အားလျော်စွာ ဤအမှုတွင် ပြစ်မှုကျူးလွန်သူတရားခံမောင်ကျော်သက်အား အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၇ နှစ်ကျခံစေဟု **အမိန့်ချမှတ်**လိုက်သည်။ ထိုအပြစ်ဒဏ်မှ ချုပ်ရက်များကို ထုတ်နုတ်ခွင့်ပြုရန်လည်း ခံစားခွင့်ပေးလိုက်သည်။

တရားသူကြီးသည် စီရင်ချက် အမိန့်စာရွက်ကို စားပွဲပေါ်သို့ ချထားလိုက်ပြီး ကျော်သက်အား တစ်ချက်မျှ စူးစူးစိုက်စိုက်ကြည့်နေသည်။ ထို့နောက် ဦးခေါင်းကို တစ်ချက်မျှဆတ်ကာ တရားခွင်မှဆင်းသွားလေသည်။

ကျော်သက်အား အချုပ်ထောင်ကားပေါ်သို့ မတင်မီ ၁၅ မိနစ်ခန့်ကြာမျှ မိဘများနှင့် တွေ့ခွင့်ရခဲ့၏။ ထိုကာလအတွင်း သူသည် သူ့လိုအင်ဆန္ဒကို ထုတ်ဖော်ပြောပြသွားခဲ့သည်။

'အမေနဲ့အဖေကို ကျွန်တော်တစ်ခုမှာခဲ့ပါရစေ။ ကျွန်တော်ထောင်ထဲမှာ ကောင်းကောင်းနေပါ့မယ်။ ထောင်ကလွတ်လို့ ရွာပြန်ရောက်ရင်တော့ ကျွန်တော့်ကို မိဝါနဲ့လက်ထပ်ခွင့်ပေးပါ။ ပြီးတော့ ဟို---အဖေ အသက်ကြီးပါပြီ၊ မကောင်းတဲ့အလုပ်တွေ မလုပ်ပါနဲ့တော့'

ကျော်သက်စကားကို ကြားသည့်အခါ ချုံးပွဲချ၍ ရှိုက်ကြီးတငင် ငိုကြွေးခဲ့သူမှာ ကိုဘဒင်ဖြစ်သည်။ ကိုဘဒင်သည် အချိန်အတန်ကြာမျှ စကားမပြောနိုင်၊ နောက်ဆုံးကျမှ ငိုသံပါကြီးဖြင့် စကားတစ်ခွန်းပြောသည်။

'အဖေနောက်ကို မကောင်းတာတွေ မလုပ်တော့ပါဘူး ငါ့သားရယ်'

❑